**Chin National Journal**

2020 December

# cift rk(;)cbm;*me,f

'Dfbv 2020

**Photo**

Salai Pa Bawi
Salai Peter
&
Stephen Kan Tat

**Editor**

Khin Mg Ley

**Copies : 1000**

**Publish by;**


Information & Publicity
Department

**Chin National Front**


**Layout & Design** - Khin Mg Ley

**Cover Photo** - Kenedy foothill

**Contact**


- cnfinfo88@gmail.com
- bhmaunglay@gmail.com

- +91 6909494194
www.cnfhqr.org


gift cdo:wy0Dowif;FSifh &m:a&;XmerS
wif;FSpfudkxkwf0onf

# rmwdm


၁။ မိတ်ဆက်

၂။ အယ်ဒီတာ့အာဘော်

၃။ ထုတ်ပြန်ကြေညာချက်နှင့် သတင်းထုတ်ပြန်ချက်များ ---------------- ၁

၄။ ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌ Pu Zing Cung မှ ၃၂ နှစ်မြောက် ချင်းတော်လှန်ရေးနေ့တွင်
ပြောကြားသော မိန့်ခွန်း ---------------- ၆

၅။ ကဗျာ

(၁) သွေးစွန်းခဲ့သော ဖေဖော်ဝါရီ (၂၀) ရက်တမ်းခြင်း (Uk Lian Thang) ---------------- ၉

(၂) ငြိမ်းချမ်းရေး (ကိုင်စီးပါသွေး) ---------------- ၁၀

(၃) ဒါဒို့ပြည် (မိုး) ---------------- ၁၁

(၄) ချစ်သော မေမေ့ထံသို့ (လိုမ်) ---------------- ၁၂

(၅) အားလုံးအတွက်ပါ (ဆလိုင်းဝါလ်ချာ) ---------------- ၁၃

(၆) အမိမြေအတွက် မောင်စစ်သည် (ဆလိုင်းခေသူ-ချင်းမင်းသားချော) ---------------- ၁၃

(၇) မပြောရဲဘူး (ဆလိုင်းဖွေးအိုင်) ---------------- ၁၄

(၈) ပေးဆပ်သူတို့၏ နလုံးသား (ဘာမထီမောပီ) ---------------- ၁၅

(၉) ဆုတောင်း (စတင်ဗင်းကန့်သတ်) ---------------- ၁၆

(၁၀) အချစ်ဆုံးရဲဘော်များ (ချိုးပါလိန်း-ကန်ပက်လက်) ---------------- ၁၆

(၁၁) စုံညီလက်တွဲ ငြိမ်းချမ်းရေးဆီသို့ (ဆလိုင်းထန်ဆန်း) ---------------- ၁၇

(၁၂) အောင်လံလွှင့်ထူ ချင်းလူငယ်များ (ဆလိုင်းဘွေလျန်) ---------------- ၁၈

(၁၃) တိုက်ပွဲပျော် (ဇလပ်နီ) ---------------- ၁၈

(၁၄) သမိုင်းကပြောတဲ့ စကား (ဆလိုင်းယက်ဆဏ်-လဲမ်ရို) ---------------- ၁၉

(၁၅) တောင်ပေါ်ထိပ်က တောင်ဇလပ်ပန်း (ဆလိုင်းယက်ဆဏ်-လဲမ်ရို) ---------------- ၁၉

(၁၆) ပေးဆပ်မှု ရှင်သန်ခြင်း (ဆလိုင်းမိုင်ပ) ---------------- ၂၀

(၁၇) ပိုင်ရှင်မဲ့ ကျည်ဆံ (ဆလိုင်းသန်းဝင်း) ---------------- ၂၁

(၁၈) တော်လှန်ရေး ကျောပိုးအိတ် (မြကဗျာ) ---------------- ၂၂

၆။ ဆောင်းပါး

(၁) ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်နိုင်သည့် တစ်ခုတည်းသော နည်းလမ်း (ဆလိုင်းယောမာန်) ---------------- ၂၅

(၂) နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နှစ်ဖက်သဘောတူ
စာချုပ်များ (Salai Ram Kulh Cung) ---------------- ၂၈

(၃) စစ်မှန်သော ပြည်ထောင်စု ဖြစ်နိုင်ပါစေ (Salai Kyaw Aung) ---------------- ၃၆

(၄) ဘာသာရေးကို ကင်းရှင်းသည့် ဝါဒ (Tam Kui) ---------------- ၃၈

(၅) ကောင်းမွန်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုမှ တည်တံ့သော
ဖွံ့ဖြိုးတိုးတက်မှုဆီသို့ (Dr. K. Chha Nge) ----------------- ၄၃

(၆) ချင်းအဖွဲ့အစည်းတည်ဆောက်ခြင်းမှ ချင်းလူမျိုးပြန်လည်
တည်ဆောက်ခြင်း (Salai Duh Hu Thang) ----------------- ၄၆

(၇) အောက်ချင်းငှက်နှင့်အတူ ပျံသန်းခြင်း (Salai Siang Lian Uk) ----------------- ၄၈

(၈) တပ်မတော်မူဝါဒနှင့် အနာဂတ်ပြည်ထောင်စုတပ်မတော် တည်ဆောက်ရေး (Khin Mg Ley) ----------------- ၅၄

(၉) တွေဝေနေသူများ သတိ (Uk Lian Thang) ----------------- ၅၉

(၁၀) ချင်းကို ချင်းတို့ သိဘို့လိုသည် (Min Maw Kun) ----------------- ၆၅

(၁၁) မြန်မာနိုင်ငံသို့ ချင်းလူမျိုးများ ပျံ့နှံ့နေထိုင်ပုံ (ဆလိုင်းချင်းဖြူ) ----------------- ၆၈

(၁၂) ၁၉၄၈ ခုနှစ်မတိုင်မီ ချင်းတောင်တန်း အခြေအနေ (Salai Ram Dawt Sang) ----------------- ၇၂

(၁၃) ချင်းအမျိုးသားနေ့ အနှစ်သာရနှင့် အမျိုးသားသင်္ကေတ (Dr. Lian H. Sakhong) ----------------- ၈၃

(၁၄) တော်လှန်ရေး၏ အင်္ဂါရာ (၄) ချက် (Salai Deirel) ----------------- ၉၆

(၁၅) ဒိုင်မျိုးနွယ်စု ဓလေ့ထုံးစံ တစေ့တစောင်း (ဆလိုင်းပေန်း-ဒိုင်ခေသူ) ----------------- ၁၀၀

(၁၆) ပါလီမန်စနစ် အစိုးရနှင့် သမ္မတစနစ် အစိုးရအား နှိုင်းယှဉ်လေ့လာခြင်း (Lalramlawma) ----------------- ၁၀၂

(၁၇) ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး (ဆလိုင်းဆိုင်းမွန်) ----------------- ၁၁၀

(၁၈) တောင်ကိုးရီးယားနိုင်ငံရေးနှင့် လူငယ်ပါဝင်မှုကို လေ့လာခြင်း (Salai Chan Bik Ceu) ----------------- ၁၁၃

(၁၉) ဒေသဆိုင်ရာ နိုင်ငံရေးပါတီများရှိရန်နှင့် အားကောင်းရန် လိုအပ်ခြင်း (Pu Thomas Thang Nou) -------------- ၁၁၆

(၂၀) ငြိမ်းချမ်းရေး ဂယ်ကွေ့များ (Salai Ram Kulh Cung) ----------------- ၁၁၉

(၂၁) ရပ်နားမဖြစ်သော အောက်ချင်းငှက်တောင်ပံများ (ခင်မောင်လေး) ----------------- ၁၂၉

(၂၂) သားအိမ်ရောဂါနှင့် အမျိုးသမီး ကျန်းမာရေး (Salai Maipa) ----------------- ၁၃၅

(၂၃) အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ (K. Bie Naw) ----------------- ၁၃၇

(၂၄) ကိုယ်မကျန်းမာလည်း စိတ်ကျန်းမာဘို့လိုသည် (ဆလိုင်းသိန်းရွှေ) ----------------- ၁၄၄

## မိတ်ဆက်

အခြေအနေ၊ အကြောင်းအမျိုးမျိုးကြောင့် အချိန်တာကြာ ရပ်တန့်ခဲ့တဲ့ ချင်းအမျိုးသားဂျာနယ်ကို ယခုလို ပြန်လည်ထုတ်ဝေနိုင်တဲ့အတွက် ဝမ်းသာမိပါတယ်။

ဂျာနယ်ဖြစ်မြောက်ရေးအတွက် ကာတွန်း၊ ကဗျာနဲ့ ဆောင်းပါးအားဖြင့် သော်လည်းကောင်း၊ အကြံဉာဏ်အားဖြင့်သော်လည်းကောင်း၊ စာမူရရှိနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ ဝိုင်းဝန်းကူညီပေးကြသူများနဲ့ အဖက်ဖက်က ပံ့ပိုးသူများအပေါ် အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဤစာမျက်နှာမှ ပြောကြားလိုပါတယ်။

ချင်းအမျိုးသားရေးစိတ်ဓါတ် နိုးကြားရှင်သန်ရေးအတွက် သတင်း၊ မီဒီယာနဲ့ လူမှုကွန်ယက်များဟာ အရေးကြီးသလို မိမိတို့ရဲ့ အမြင်၊ ခံစားချက်များနဲ့ လက်ရှိ မြန်မာ့နိုင်ငံအခြေအနေ၊ ဖြစ်စဉ်များကို ပုံနှိပ်စာအုပ်များဖြင့် ပြည်သူများထံ ဖြန့်ချိခြင်းအားဖြင့် အကျိုးဖြစ်ပြီး တန်ဖိုးရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဤဂျာနယ်မှာ ချင်းအမျိုးသားတပ်ဦးရဲ့ သတင်းထုတ်ပြန်ချက်၊ ထုတ်ပြန်ကြေညာချက်များနဲ့ ဦးတည်ချက်အပေါ် မူတည်ပြီး စာမူရှင်များရဲ့ အမြင်မျိုးမျိုးကို ထည့်သွင်းထားသလို၊ ကဏ္ဍစုံ ထည့်သွင်းနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဂျာနယ်ကို တစ်နှစ်တစ်ကြိမ် ထုတ်ဝေသွားမှာဖြစ်တဲ့အတွက် စာမူရှင်များနဲ့ စာဖတ်သူများအနေနဲ့ ပုံမှန် ထုတ်ဝေနိုင်ရေးအတွက် စာမူအားဖြင့်ဖြစ်စေ၊ ဖြန့်ချိ ဖတ်ရှုခြင်းအားဖြင့် ဖြစ်စေ ဆက်ဆက် အားပေးကြပါလို့ တဆက်တည်း ဖိတ်ကြားအပ်ပါတယ်။

ကျေးဇူးတင်လျက်

**အယ်ဒီတာ**
**ချင်းအမျိုးသားဂျာနယ်**

■ ■ ■ ■

# အယ်ဒီတာ့ အာဘော်

ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ နှစ်စဉ် ထုတ်ဝေလျက်ရှိသော ချင်းအမျိုးသားဂျာနယ်ကို အကြောင်းအမျိုးမျိုးကြောင့် ကာလ အခိုက်အတန့်တခုအတွင်း ဆက်လက်ထုတ်ဝေနိုင်ခြင်း မရှိခဲ့ချေ။ သို့သော် သတ္တမအကြိမ်ညီလာခံ သက်တမ်း၊ ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးက သတင်းနှင့် ပြန်ကြားရေးဌာနကို တပ်ဦး၏ ဌာနကြီးတခုအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ဗဟိုအလုပ်မှုဆောင်ကော်မတီက ချမှတ်ခဲ့သည်။ ထိုရှေ့လုပ်ငန်းစဉ်တခုအနေဖြင့် ချင်းအမျိုးသားဂျာနယ်ကို ယခုကဲ့သို့ ပြန်လည်ထုတ်ဝေနိုင်ခဲ့ခြင်း ဖြစ်သည်။

သတ္တမအကြိမ် ညီလာခံက ယနေ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်း နှင့် NCA လုပ်ငန်းစဉ်အပေါ် ပြန်လည်သုံး သပ်ကြည့်ရာ လက်ရှိ NLD အစိုးရသည် NCA လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုတွင် အားနည်းနေကြောင်း သုံးသပ်ထားသည်။ ထို့ကြောင့် အသစ်တက်လာမည့် အစိုးရအနေဖြင့် စတုတ္ထအကြိမ် ပင်လုံညီလာခံ ရလဒ်ပါ ၂၀၂၀ အလွန် အဆင့်လိုက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို ပိုမို အာရုံစိုက်ပြီး အကောင်အထည်ဖော်သင့်သည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော

- ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့် (Self-determination) ပြန်လည်ရရှိရေး
- ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိပြီးနိုင်ငံရေးအရ တန်းတူမှုရှိသော အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံ ပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး

- ဒီမိုကရေစီစနစ် တည်ဆောက်ရေး ပန်းတိုင် ရောက်ရှိနိုင်ရေးအတွက် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု ( NCA) ဖြင့် ဖော်ဆောင်သွားရန်နှင့် ထိုသို့ဖော်ဆောင်ရာတွင် စစ်ရေးနှင့် နိုင်ငံရေးကို ဟန်ချက်ညီညီ လုပ်ဆောင်သွားရန်နှင့် ရည်ရွယ်ချက်တူညီသော နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို လက်တွဲဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ချင်းအမျိုးသမီးနှင့် ချင်းလူငယ်များ ပါဝင်မှုကို မြှင့်တင်ပြီး ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်ရေး ဆောင်ရွက်ရန်၊ ချမှတ်ထားသည်။

ထို့အပြင် ယနေ့ ချင်းလူမျိုးများနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးအပေါ် သုံးသပ်ကြည့်ရာ ချင်းအမျိုးသားများ၏ အမျိုးသားအဆောက်အအုံနှင့် အမျိုးသားလုံခြုံရေးသည် အရေးပေါ် အနေအထားတွင် ရောက်ရှိနေပြီဖြစ်သည်။ ချင်းအမျိုးသားတပ်ဦး အနေဖြင့် အမျိုးသားတည်ဆောက်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ချင်းအမျိုးသားတရပ်လုံးပါဝင်သောပြည်သူ့တော်လှန်ရေးကို ဆက်လက်ဖော်ဆောင်ပြီး NCA လမ်းကြောင်းအပေါ် အခိုင်အမာ ဆက်လက် ရပ်တည်သွားမည်ဖြစ်သည်။

□□□□

CHIN NATIONAL FRONT
General Headquarters
Chinland
Website: chinland.org Email: cnf.headquarters@gmail.com

# ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ် ညီလာခံ ထုတ်ပြန်ကြေညာချက်

၁။ ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ် ညီလာခံကို ၂၀၂၀ ခုနှစ်၊ မတ်လ (၁၆) ရက်မှ (၁၉) ရက်အထိ ဝိတိုရိယ ဗဟိုဌာနချုပ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ချင်းအမျိုးသားတပ်ဦး/တပ်မတော် ကိုယ်စားလှယ်နှင့် လေ့လာသူ စုစုပေါင်း (၁၅၁) ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

၂။ ညီလာခံတွင် ဆဋ္ဌမအကြိမ် ညီလာခံသက်တမ်းမှ လုပ်ငန်းအစီရင်ခံစာများအပေါ် တင်ပြအတည်ပြုခြင်းနှင့် လက်ရှိ အစိုးရ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတကာ နိုင်ငံရေးအခင်းအကျင်းတို့အပေါ် သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

၃။ သတ္တမအကြိမ် ညီလာခံက တပ်ဦး၏ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် -

(က) ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) ပြန်လည်ရရှိရေး၊

(ခ) ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိပြီး နိုင်ငံရေး တန်းတူမှုရှိသော အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး၊

(ဂ) ဒီမိုကရေစီစနစ်တည်ဆောက်ရေး ဟူ၍ ချမှတ်သည်။

၄။ ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်အဖြစ် -

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ အစည်းအဝေးများ၏ အစုအဖွဲ့အသီးသီးတွင် ပါဝင်ကြသော ချင်းအမျိုးသားများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ၂၁ ရာစု ပင်လုံ အစည်းအဝေးသို့ တင်သွင်းမည့် အဆိုပြုလွှာများနှင့်ပတ်သက်ပြီး ချင်းအမျိုးသားများ၏ နိုင်ငံရေး ဘုံသဘောထားရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပြည်သူလူထုထံသို့ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေးနှင့် အဆိုပြုချက်များ ရယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ လက်ရှိ မြန်မာ့တပ်မတော်နှင့် Arakan Army (AA) အကြား ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခသည် ချင်းအမျိုးသားများအပေါ် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းများ ရှိနေခြင်းကြောင့် ချင်းအမျိုးသားများအတွက် အရေးပေါ်အခြေအနေ ရောက်နေပြီဟု မှတ်ယူသည်။ ထို့ကြောင့် မြန်မာ့တပ်မတော်နှင့် AA အနေဖြင့် ချင်းအမျိုးသားပိုင်နက်နယ်မြေ အတွင်း တိုက်ပွဲများ ချက်ချင်းရပ်တန့်ရန်နှင့် AA အနေဖြင့် ချင်းပြည်နယ်နှင့် ချင်းလူမျိုးများ နေထိုင်ရာဒေသများတွင် စစ်ရေးအရ အခြေချလှုပ်ရှားနေထိုင်ခြင်း လုံးဝမပြုရန် အလေးအနက် တောင်းဆိုသည်။

၆။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ချင်းလူမျိုးများ နေထိုင်ရာဒေသများတွင် တိုက်ပွဲများကြောင့် လူမှုဒုက္ခအတိ ခံစားနေကြရသော ဒေသခံချင်းပြည်သူများအတွက် လိုအပ်သော လူမှုကူညီထောက်ပံ့မှုများနှင့် ပြန်လည်နေရာချထားနိုင်ရေးကို ချင်းပြည်နယ်အစိုးရ၊ ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားများ၊ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆက်လက်တာဝန်ယူ ဆောင်ရွက်ပေးကြရန်နှင့် ဖော်ပြပါ လုပ်ငန်းစဉ်များကို ချင်းအမျိုးသားတပ်ဦးမှ နည်းလမ်းပေါင်းစုံအသုံးပြုပြီး ကမကထပြု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ်ညီလာခံသက်တမ်းအတွင်း တပ်ဦးကို ဦးဆောင်မည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် လက်ထောက်အထွေထွေအတွင်းရေးမှူးများကို အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်းသည်။

| | | |
|---|---|---|
| (၁) Pu Zing Cung | - | ဥက္ကဋ္ဌ |
| (၂) Pu Thang Ning Kee | - | ဒုတိယဥက္ကဋ္ဌ ၁ |
| (၃) Dr. Lian Hmung Sakhong | - | ဒုတိယဥက္ကဋ္ဌ ၂ |
| (၄) Dr. Sui Khar | - | ဒုတိယဥက္ကဋ္ဌ ၃ |
| (၅) Salai Thla Hei | - | အထွေထွေအတွင်းရေးမှူး |
| (၆) Salai Ram Kulh Cung | - | လက်ထောက်အထွေထွေအတွင်းရေးမှူး ၁ |
| (၇) Salai Htet Ni | - | လက်ထောက်အထွေထွေအတွင်းရေးမှူး ၂ |
| (၈) Pu HC. Ral Hnin | - | လက်ထောက်အထွေထွေအတွင်းရေးမှူး ၃ |

**သတ္တမအကြိမ်ညီလာခံ**
**၂၀၂၀ ခုနှစ်၊ မတ်လ (၁၉) ရက်**

ဆက်သွယ်ရန်-

Salai Thla Hei
အထွေထွေအတွင်းရေးမှူး၊ ချင်းအမျိုးသားတပ်ဦး
ဖုန်း +၉၅ ၉၇၉ ၅၇၅ ၄၄၃၅
+၉၅ ၉၄၅ ၂၀၅ ၄၄၈၈

Chin National Front – General Headquarters, Chinland

CHIN NATIONAL FRONT
General Headquarters
Chinland
Website: chinland.org
Email: cnf.headquarters@gmail.com

# (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့သည် ချင်းအမျိုးသားများ၏ သမိုင်းမော်ကွန်းဝင် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ မင်္ဂလာရက်မြတ်ပင်ဖြစ်သည်။ ချင်းအမျိုးသားနေ့သည် ဘိုးဘွားစဉ်ဆက် ကျင့်သုံးလာခဲ့သော တိုက်သူကြီးအုပ်ချုပ်ရေး (Chieftainship) စနစ်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ် အုတ်မြစ်ချပေးခဲ့သည့်အပြင် ချင်းအမျိုးသားတို့၏ စည်းလုံးညီညွတ်မှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို ပြသနိုင်ခဲ့သည့် အနှစ်သာရ ပြည့်ဝသော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

ချင်းအမျိုးသားများသည် မိမိတို့၏ အမျိုးသားကံကြမ္မာကို အချုပ်အနှောင်မရှိ စီမံအုပ်ချုပ်လာခဲ့ကြသည့် သီးခြား လွတ်လပ်သော လူမျိုးတစ်မျိုးဖြစ်ပေရာ ယနေ့အထိ ကမ္ဘာ့အလယ်တွင် အမျိုးသားဂုဏ်အင်လက္ခဏာများ၊ အမျိုးသား ဂုဏ်အင်္ဂါရပ်များ ရှင်သန်ရပ်တည်နေနိုင်ခြင်းသည် အမျိုးသားနိုင်ငံရေးစိတ်ဓါတ် နိုးကြားမှု၊ မျိုးချစ်စိတ်ဓါတ် ပြင်းပျမှု၊ အမျိုးကို ချစ်မြတ်နိုးခြင်းနှင့် သစ္စာရှိခြင်းတို့ကြောင့်သာဖြစ်သဖြင့် ယင်းအမျိုးသားရေး အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် မြန်မာ့နိုင်ငံရေးပြဿနာကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုရလဒ်များဖြင့် အဖြေရှာရန် သံန္နိဋ္ဌာန်ချထားသည်နှင့်အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေလျက် ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အလို့ငှာ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို ဆက်လက် အကောင်အထည်ဖော်နိုင်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဖက်ဒရယ်အခြေခံမူများ ပေါ်ထွက်လာနိုင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းနိုင်ရေးအတွက် ချင်းအမျိုးသားများအပါအဝင် ဘဝတူ ညီနောင်တိုင်းရင်းသားလူမျိုးများနှင့် အတူလက်တွဲ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နှစ်စဉ် ဖေဖေါ်ဝါရီ (၂၀) တွင် ကျရောက်သော ချင်းအမျိုးသားနေ့သည် မိမိတို့ ချင်းအမျိုးသားဂုဏ်အင်္ဂါလက္ခဏာများ၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် စည်းလုံးညီညွတ်မှု၊ အမျိုးသားစိတ်ဓါတ်ပြင်းပျမှု၊ နိုင်ငံရေးအတွေးအခေါ်ကျယ်ပြန့်မှုတို့ကို ပြသသော နေ့ရက်ပင်ဖြစ်သည်။ သို့ပါ၍ အများပြည်သူဆန္ဒကို အခြေခံသော ဒီမိုကရေစီစနစ် စတင် သန္ဓေတည်သည့် ချင်းအမျိုးသားနေ့အား ထိန်းသိမ်းစောင့်ရှောက်ယင်း ချင်းလဲန်နှင့် ကမ္ဘာတဝှမ်းရှိ ချင်းအမျိုးသားတရပ်လုံးက အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ပါဝင်ဆင်နွဲကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
Website: chinland.org
Email: cnf.headquarters@gmail.com

## KNU/KNLA (PC) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဌေးမောင် ကွယ်လွန်ခြင်း ဝမ်းနည်းသဝဏ်လွှာ

၂၀၂၀ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် ကရင်ငြိမ်းချမ်းရေးကောင်စီ KNU/KNLA(PC) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဌေးမောင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစု၊ ၎င်းဦးဆောင်နေသော မိခင် အဖွဲ့အစည်းအပါအဝင် ကရင်ပြည်သူပြည်သားများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ကရင်အမျိုးသားများ၏ အမျိုးသားရပိုင်ခွင့် အခွင့်အရေးများ ပြန်လည်ရရှိရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလတွင် ကရင့်အမျိုးသားခေါင်းဆောင်တစ်ဦး ဖြစ်သည့် ဗိုလ်ချုပ်ကြီး စောဌေးမောင် ကွယ်လွန်သွားခြင်းသည် ကရင်လူမျိုးနှင့် KNU/KNLA(PC) သာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် မဟာ ဆုံးရှုံးမှုကြီးပင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီး၏ ခိုင်မာသည့် အမျိုးသား နိုင်ငံရေး ခံယူချက် ၊ ရပ်တည်ချက် နှင့် အမျိုးသားရေး စိတ်စေတနာထားရှိမှု၊ အခက်အခဲ စိန်ခေါ်မှုများစွာကြားမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပေးဆပ်ခဲ့မှုအပေါ် ချင်းအမျိုးသားတပ်ဦးက ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ဝမ်းနည်းသဝဏ်လွှာ ပေးပို့လိုက်ရသည်။

ကရင်ငြိမ်းချမ်းရေးကောင်စီ ခေါင်းဆောင်ကြီး ကောင်းရာသုဂတိသို့ လားပါစေ။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

၂၀၂၀ ခုနှစ်၊ မေလ (၅) ရက်

Chin National Front General Headquarters, Chinland

# CHIN NATIONAL FRONT
## General Headquarters
## Chinland

Website: chinland.org Email: cnf.headquarters@gmail.com

### ချင်းအမျိုးသားတပ်ဦး၏
### ၂၀၂၀ အထွေထွေရွေးကောက်ပွဲဆိုင်ရာ သတင်း ထုတ်ပြန်ချက်

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ( ၀၇) ရက်နေ့

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ တတိယအကြိမ် လွှတ်တော် သက်တမ်းအတွင်း နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့် အစိုးရ ပေါ်ပေါက်ရေးအတွက် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အပေါ် ကြိုဆိုသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို ဒီမိုကရေစီကျင့်စဉ်နှင့် အညီ လွတ်လပ်၍ သန့်ရှင်းပြီး တရားမျှတစွာ ကျင်းပကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ ချင်းအမျိုးသားတပ်ဦးသည် ကိုယ်ပိုင်ပြဌာန်းခွင့်၊ အမျိုးသားတန်းတူရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝ ရှိသည့် ဖက်ဒရေဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးမှု လမ်းကြောင်းမှ ကြိုးပမ်းဆောင်ရွက်နေသည်နှင့် အညီ ကိုယ်ပိုင်ပြဌာန်းခွင့်၊ အမျိုးသားတန်းတူရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝ ရှိသည့် ဖက်ဒရေဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ရည်ရွယ် လုပ်ဆောင်နေသည့် မည်သည့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်နှင့် မဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် ပါတ်သက်၍ တချို့သော နိုင်ငံရေးပါတီများနှင့် ပုဂ္ဂိုလ်များသည် ချင်းအမျိုးသားတပ်ဦး၏ စာတမ်းများ၊ သဘောထားများကို ထပ်ဆင့် ကူးယူပြောဆိုရေးသားပြီး ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် လိုရာဆွဲ အသုံးချနေကြောင်း ကြားသိရသည်။ သို့ပါ၍ ချင်းအမျိုးသားတပ်ဦးမှ တရားဝင်ထုတ်ပြန်ထားသော စာတမ်းများ၊ သဘောထားများအား ခွင့်ပြုချက်မရှိပဲ ၂၀၂၀ ရွေးကောက်ပွဲအတွက် ထပ်ဆင့် ကူးယူ ပြောဆို ရေးသား ဖြန့်ချိ အသုံးချခြင်း မပြုကြရန် အသိပေးအပ်ပါသည်။

၄။ ယနေ့သည် ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်သော Covid - 19 ဖြစ်ပွားနေသည့်ကာလ ဖြစ်သည်နှင့် အညီ ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ အရွေးခံမည့်ပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော Covid -19 ဆိုင်ရာ လမ်းညွှန်ချက်အတိုင်း တိတိကျကျ လိုက်နာကြပါရန် နှင့် ချင်းအမျိုးသားတပ်ဦး၏ အခြေချနယ်မြေအတွင်း မဲဆွယ်စည်းရုံးရေးပြုလုပ်မည်ဆိုပါက ချင်းအမျိုးသားတပ်ဦးထံ ကြိုတင်ခွင့်ပြုချက် ရယူခြင်းဖြင့် ချိတ်ဆက် ဆောင်ရွက်သွားကြရန် တိုက်တွန်း အပ်ပါသည်။

**သတင်းနှင့် ပြန်ကြားရေးဌာန**
**[illegible] ဗဟိုဌာနချုပ်**

ဆက်သွယ်ရန် -

Salai Htet Ni

Ph: +916909 751 721, +9594 0114 7974

# ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ Pu Zing Cung ၏ (၃၂) မြောက် ချင်းတော်လှန်ရေးနေ့တွင် ပြောကြားသော မိန့်ခွန်း



## နှုတ်ခွန်းဆက်

၂၀၂၀ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့မှာ ကျရောက်တဲ့ (၃၂) နှစ်မြောက် တော်လှန်ရေးနေ့မှာ ကျွန်တော့အနေနဲ့ ယခုလို မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် အထူးပဲဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ တော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားကြတဲ့ အာဇာနည်ရဲဘော်၊ ရဲမေ အပေါင်းတို့အား ဦးညွှတ်အလေးပြုပါတယ်။

## တော်လှန်ရေးစတင်ခြင်း

ချင်းအမျိုးသားတပ်ဦးဟာ ချင်းအမျိုးသားတို့ရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးနဲ့ အမျိုးသားပြည်နယ်များကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးကို ၁၉၈၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့မှာ စတင်ခဲ့ပါတယ်။ အဲဒီနေ့ရက်ကို "ချင်းတော်လှန်ရေးနေ့" အဖြစ် သတ်မှတ်ခဲ့ပြီး ယခုဆိုရင် (၃၂) နှစ်သို့ပင် တိုင်လာပြီဖြစ်ပါတယ်။ ဒီကာလအတွင်း ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင်များ၊ ချင်းအမျိုးသားတပ်မတော်သားများ၊ ချင်းအမျိုးသားများနဲ့ ချင်းပြည်သူတို့ရဲ့ အမျိုးသားရေးအတွက် မဆုတ်မနစ် ကြိုးပမ်းမှု၊ အနစ်နာခံမှု၊ မျိုးချစ်စိတ်ဓါတ်ထက်သန်မှုနဲ့ အသက်ကို ပဓါနမထားဘဲ စွန့်လွှတ်စွန့်စားမှုတို့ကြောင့် ချင်းအမျိုးသားတော်လှန်ရေးဟာ အရှိန်အဟုန်နဲ့ ရှေ့သို့ ချီတက်နေပြီ ဖြစ်ပါတယ်။ ချင်းအမျိုးသားတပ်ဦးဟာ ချင်းပြည်သူများရဲ့ အကျိုးစီးပွားအတွက် ချင်းပြည်သူများကိုယ်တိုင် ပါဝင်ဆင်နွှဲတဲ့ ပြည်သူ့တော်လှန်ရေး လမ်းစဉ်ကို ကိုင်စွဲထားတာဖြစ်တဲ့အတွက် ချင်းအမျိုးသားများ၊ ချင်းပြည်သူများနဲ့အတူ တော်လှန်တိုက်ပွဲဝင်လျက်ရှိနေတာ ဖြစ်ပါတယ်။

## ချင်းအမျိုးသားတို့၏ သမိုင်းအကျဉ်း

ချင်းလူမျိုးများဟာ ကိုယ့်မင်းကိုယ့်ချင်းနဲ့ မိမိတို့နယ်မြေကို အုပ်ချုပ်တဲ့ လူမျိုး ဖြစ်ပါတယ်။ "ချင်း" တို့ရဲ့နယ်မြေဟာ ဗြိတိသျှလက်အောက် မကျရောက်မီ အချိန်အထိ မည်သည့်လူမျိုးလက်အောက်ကိုမှ မကျရောက်ခဲ့ဖူးပါဘူး။

၁၈၇၁-၁၈၉၅ ကာလများမှာ အင်္ဂလိပ်နဲ့ စစ်ပွဲအကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး သူ့ကျွန်မခံလိုတဲ့ ချင်းအမျိုးသားများအနေနဲ့ ရရာလက်နက်စွဲကိုင်ကာ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြပါတယ်။ ၁၈၉၅ ခုနှစ်ကစပြီး ချင်းတို့နယ်မြေဟာ အင်္ဂလိပ် လက်အောက်သို့ ကျရောက်သွားခဲ့ပြီး လွတ်လပ်မှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လက်လွှတ် ဆုံးရှုံးခဲ့ရပါတယ်။ အင်္ဂလိပ်တွေက "၁၈၉၆ ချင်းတောင်တန်းအက်ဥပဒေ" နဲ့ စတင် အုပ်ချုပ်ခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးတဲ့နောက် အင်္ဂလိပ်လက်အောက်ကို ကျရောက်ခဲ့တဲ့ ကိုလိုနီနိုင်ငံများရဲ့ လွတ်လပ်ရေးပြန်လည်ရရှိရေးဟာ သေချာသလောက် ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်က ချင်းအမျိုးသားခေါင်းဆောင်ကြီးများဟာ ချင်းလဲန်အား သီးခြားလွတ်လပ်ရေး ရယူနိုင်တဲ့ အခွင့်အလမ်းရှိခဲ့ပေမဲ့ ကချင်၊ ရှမ်း၊ ဗမာလူမျိုးများနဲ့အတူ လွတ်လပ်ရေး အတူတကွ

ရယူရန် ဆုံးဖြတ်ခဲ့တဲ့အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ "ပင်လုံစာချုပ်" ချုပ်ဆိုခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့ကြပါတယ်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ၁၈၉၆ ချင်းတောင်တန်း အက်ဥပဒေ (The Chin Hills Regulation 1896) နဲ့ သီးခြား အုပ်ချုပ်ခဲ့တဲ့ ချင်းတောင်တန်းဒေသ၊ ကချင်တောင်တန်းဒေသ အက်ဥပဒေ (The Kachin Hill Tribes Regulation) နဲ့ သီးခြားအုပ်ချုပ်ခဲ့တဲ့ ကချင်တောင်တန်းဒေသ၊ ပြည်ထောင်စု ရှမ်းပြည်အက်ဥပဒေ (Federated Shan State) နဲ့ သီးခြား အုပ်ချုပ်ခဲ့တဲ့ ပြည်ထောင်စုရှမ်းပြည်နဲ့ The Government of Burma-1935 အရ အုပ်ချုပ်ခဲ့တဲ့ ဗမာနယ်မြေများနဲ့ ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ပါတယ်။

ဒီပြည်ထောင်စုတည်ဆောက်ပုံကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ ချင်းအမျိုးသားတပ်ဦး (CNF) တို့အကြား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်မှာအတိအလင်းဖော်ပြထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့မှာ ချုပ်ဆိုတဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မှာ ထပ်လောင်း အသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်းနဲ့ ထပ်ဆင့်အတည်ပြုခြင်းများ ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့မှာ ပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော်ကလည်းပဲ တခဲနက် အတည်ပြုပြီးဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ မေလ (၂၄) မှ(၂၉) ရက်နေ့များမှာ ပြုလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေး သဘောတူညီချက်မှာ ပါတဲ့ ဖက်ဒရယ်စနစ် အခြေခံရမည့်မူတွင် "တိုင်းရင်းလူမျိုးတိုင်း နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိရမယ်။ နိုင်ငံတော်ကို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမယ်" လို့ သဘောတူ ချမှတ်ခဲ့ကြပါတယ်။ ဒီသဘောတူညီချက်ဟာ နှစ်ပေါင်း (၇၀) ကျော်ကြာ ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ် ချုပ်ငြိမ်းရေးအတွက် သော့ချက် ဖြစ်ပါတယ်။ ပင်လုံစာချုပ် အကောင်အထည်ဖော်ရာလည်းရောက်မှာ ဖြစ်ပါတယ်။

ချင်းအမျိုးသားများအနေနဲ့ ပင်လုံစာချုပ်အရသော်လည်းကောင်း၊ NCA စာချုပ်နဲ့ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၁) အရ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ် တည်ဆောက်ရာမှာ အခြေခံရမယ့် အရေးကြီးတဲ့ အချက်တွေကို အခိုင်အမာ ချမှတ်ထားပြီးဖြစ်ပါတယ်။ ချင်းအမျိုးသားတပ်ဦး (CNF) အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဧပြီလကနေ အောက်တိုဘာလကုန်အထိ ချင်းပြည်နယ်နဲ့ ချင်းအမျိုးသားများနေထိုင်တဲ့ တိုင်းဒေသကြီးများမှာ ချင်းပြည်သူများနဲ့ ချင်းအမျိုးသားများထံ ဆန္ဒသဘောထားများ ကောက်ခံမှု ပြုလုပ်ခဲ့ပါတယ်။ အဲဒီစစ်တမ်းအရ ချင်းပြည်သူများရဲ့ ၈၆.၅၀% က ပြည်ထောင်စုမြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ချင်ကြပါတယ်။ ထိုသို့တည်ဆောက်ရာမှာ ချင်းပြည်သူ ၉၂.၃၈% က ပြည်နယ်များမှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ သီးသန့်ရှိရမှာဖြစ်ပြီး ၉၀.၂၀% က ဗဟိုအစိုးရရဲ့အာဏာကို ကန့်သတ်ကာ ကျန်အာဏာများကို ပြည်နယ်သို့ ကျင့်သုံးခွင့်ပြုရန် သဘောထား ပေးခဲ့ကြပါတယ်။ ၉၅.၈၃% သော ချင်းပြည်သူများက ပြည်ထောင်စုတပ်မတော်ဟာ အရပ်သားအုပ်ချုပ်မှုအောက်မှာ ထားရှိရမယ်လို့ သဘောထား ပေးခဲ့ကြပါတယ်။ မိမိတို့ ဒေသကို မိမိတို့ ကိုယ်တိုင် စီမံခန့်ခွဲအုပ်ချုပ်ရေးကို ချင်းပြည်သူများ လိုလားကြတာဖြစ်ပါတယ်။

**ချင်းအမျိုးသားများ၏ ဂုဏ်အင်လက္ခဏာများ ထိန်းသိမ်းရေး**

သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံအား တန်းတူညီမျှမှု ရှိတဲ့ဖက်ဒရယ်ပြည်ထောင်စုနဲ့မတည်ဆောက်နိုင်သရွေ့၊ တိုင်းရင်းသားလူမျိုးများအနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရှိသရွေ့၊ စစ်မှန်သော ဒီမိုကရေစီစနစ် မတည်ဆောက်သရွေ့ ချင်းလူမျိုးများရဲ့ သီးခြား ဂုဏ်အင်လက္ခဏာများဖြစ်တဲ့ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများ ကာလရှည်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း တိမ်ကောပပျောက်သွားမှာ ဖြစ်ပါတယ်။ NCA အခြေခံမူများမှာ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံ အသိအမှတ်ပြုလျက် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတရပ်ကို နိုင်ငံသားအားလုံးက စုပေါင်းဖော်ဆောင်ရန်" ဟု ပါရှိသည့်အပြင်

၂၀၁၇ ခုနှစ်၊ မေလတွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေး၏ နိုင်ငံရေးကဏ္ဍ မူ၀ါဒ သဘောတူညီချက်တွင် "တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့်ရှိရမည်" လို့ ပါရှိတဲ့အတိုင်း အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ ချင်းလူမျိုးများရဲ့ ရပ်တည်ရှင်သန်နိုင်ရေးနဲ့ အခြေခံအခွင့်အရေးများ အပြည့်အ၀ ပြန်လည်ရရှိနိုင်ရေးတို့အပြင် မိမိတို့ ပိုင်နက်နယ်မြေအတွင်း ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အ၀ရရှိနိုင်ရေးဟာ ချင်းလူမျိုးတို့ရဲ့ အမျိုးသားရေးတာ၀န်တရပ် ဖြစ်ပါတယ်။

### အမျိုးသားစည်းလုံးညီညွတ်ရေး

ချင်းအမျိုးသားတရပ်လုံးရဲ့ စည်းလုံးညီညွတ်ရေးဟာ အထူး လိုအပ်နေသော အချိန်အခါ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မိမိတို့ဟာ ချင်းလူမျိုးများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြတဲ့ အချိန်အခါ ဖြစ်လို့ပါပဲ။ အဲဒါကြောင့် သတ္တမအကြိမ် ချင်းအမျိုးသားတပ်ဦး ပါတီညီလာခံမှာ သတ္တမအကြိမ် ညီလာခံသက်တမ်းအတွင်း ကိုင်စွဲမယ့် Slogan အဖြစ် "ချင်း အချင်းချင်း စည်းလုံးညီညွတ်ကြလော့" လို့ သတ်မှတ်ခဲ့ကြတာ ဖြစ်ပါတယ်။ ချင်းအမျိုးသား စည်းလုံးညီညွတ်မှုဟာ ချင်းအမျိုးသားတို့ရဲ့ "အင်အား" ဖြစ်ပါတယ်။ မိမိတို့ ညီညွတ်ကြရင် ကြီးမားတဲ့ အပြောင်းအလဲများ ပြုလုပ်နိုင်ကြတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ချင်းအမျိုးသားများ၊ ချင်းပြည်သူများရဲ့ စည်းလုံးညီညွတ်မှုနဲ့ အမျိုးသားရေးနိုးကြားတက်ကြွမှုတို့ကြောင့် ၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့မှာ ချင်းအမျိုးသားညီလာခံကြီးကျင်းပကာ ချင်းအမျိုးသားများရဲ့ ဂုဏ်ထူးဝိသေသကို ဖော်ကျူးတဲ့ "ချင်းအမျိုးသားနေ့" သတ်မှတ်နိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ် ဟားခါးမြို့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံမှာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာမှာ လိုအပ်တဲ့ အခြေခံလမ်းညွှန်မှုများ ချမှတ်ပြီး ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းရေးနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သော ဖက်ဒရယ်စနစ်နဲ့ ဒီမိုကရေစီစနစ်များအဖြစ် ပြင်ဆင်မှုများပြုလုပ်ဖို့ သဘောတူခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်၀ါရီလ (၂၇) မှ မတ်လ (၁) ရက်နေ့အထိ ထန်တလန်မြို့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ချင်းအမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲမှာ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများနဲ့ ပတ်သက်တဲ့ သဘောထားအမြင် စုစည်းမှုများကိုလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါတွေအားလုံး လုပ်ဆောင်နိုင်တာဟာ ချင်းပြည်သူများနဲ့ ချင်းအမျိုးသားများရဲ့ တာ၀န်သိစိတ်၊ မျိုးချစ်စိတ်ထက်သန်ကြတဲ့အတွက် ဖြစ်ပါတယ်။

### နိဂုံး

ချင်းလူမျိုးများဟာ လွတ်လပ်မှုကို မြတ်နိုးတဲ့လူမျိုး ဖြစ်ပါတယ်။ လွတ်လပ်မှုအတွက် တိုက်ပွဲတွေ ဆင်နွှဲခဲ့ကြပါတယ်။ အင်္ဂလိပ်တွေကိုလည်း တော်လှန်ခဲ့ကြသလို လူမျိုးကြီး၀ါဒနဲ့ စစ်အာဏာရှင်စနစ်ကိုလည်း တော်လှန်ခဲ့ကြပါတယ်။ ဖိနှိပ်မှုအတွက် ချင်းလူမျိုးများဟာ အသက်၊ သွေး၊ ချွေးတွေ စတေးပြီးခဲ့ကြသလို နောင်လာမယ့် အနာဂတ်မှာလည်းပဲ စတေးဖို့ အသင့်ဖြစ်နေကြရမှာ ဖြစ်ပါတယ်။ ဒီအချိန်ဟာ မိမိတို့လူမျိုးအတွက် အရေးကြီးတဲ့ ကာလဖြစ်သလို အဆုံးအဖြတ်ပေးမယ့်ကာလလည်း ဖြစ်ပါတယ်။ ချင်းလူမျိုးများအနေနဲ့ သူတပါးရဲ့ အုပ်ချုပ်မှုအောက်မှာ သက်တောင့်သက်သာနေပြီး ချင်းလူမျိုးဖြစ်မှုကို အဆုံးရှုံးခံမှာလား၊ ကမ္ဘာတည်သရွေ့ ချင်းအမျိုးသားများ ရှင်သန်ရပ်တည်ရေးအတွက် စည်းစည်းလုံးလုံးနဲ့ အတူတကွ ရပ်တည်ကြမှာလား၊ ရွေးချယ်ရမယ့်အချိန်ဟာ ဒီကနေ့ ဒီအချိန်ပဲ ဖြစ်ပါတယ်။ မိမိတို့ ချစ်မြတ်နိုးတဲ့ လူမျိုး၊ မိမိတို့ တန်ဖိုးထားတဲ့ နယ်မြေအတွက် အတူတကွ ခိုင်ခိုင်မာမာ ချီတက်ကြရအောင်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

Pu Zing Cung
ဥက္ကဋ္ဌ၊ ချင်းအမျိုးသားတပ်ဦး
ဝိတိုရိယစခန်း
သက္ကရာဇ် ၂၀၂၀ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့

# ao;pe;caom

## azazmOj& (20) &u wrjci;

□ တင်းတင်းကိုက်ထားတဲ့
ငါ့ရဲ့နှုတ်ခမ်းဟာ
ဖြန်းကနဲ ကွဲထွက်
သွေးအစက်စက် စီးလိမ့်လာတယ်။

□ ငါအံကြိတ်ပြီး
လက်သီးကို တင်းတင်းဆုတ်ရင်း
တောက် ခေါက်သံနဲ့အတူ
တခုခုအတွက် ဆုံးဖြတ်ချက်ချလိုက်တယ်။

□ ဒေါက်တာဇီရော်၊ ဂျုံး
ငယင် ဖန်ထရှိုင်း၊ ချေဂွေဗားရပ်.. စသော
မျိုးချစ်ဇာနည် ထောင်သောင်းတို့နှင့်အတူ
ရဲဘော်ရဲသွေးဟာ နီရဲခဲ့တယ်။

□ အမျိုးကိုချစ်တဲ့ အာဇာနည်အနှစ်ဟာ
ဘယ်ခေတ်မှာမဆို
နပိုျစိမ်းလန်းနေမှာပဲ မုချယုံတယ်။

□ ဘယ်သူတွေ ငြင်းနိုင်မလဲ
စီးဆင်းခဲ့တဲ့ ရဲဘော်တို့ရဲ့ သွေးတွေအကြောင်း
သင်းတို့တတွေက ရဲဘော်ရဲ့ ဂုဏ်အထူးထူးကို
ဖော်ကျူးဖို့ ငြင်းဆန်ကြတယ်။

□ ရဲဘော်တို့.. မင်းရဲ့
နီရဲတဲ့ သွေးစက်တွေပေါ်မှာ
ငါ့ရဲ့ဖြူရော်နေတဲ့ မျက်ရည်နဲ့
သူရသတ္တိမဲ့စွာ
ရဲဘော်ရဲ့ ဂုဏ်အခန်းခန်းကို
ညစ်နွမ်းအောင် ငါမလုပ်ဘူးဆိုတာ ယုံပါ။

□ ရဲဘော်.. မင်း.. အမျိုးအတွက်
သမိုင်းပေးတာဝန် ကျေခဲ့ပြီ
မင်းသမိုင်းဟာ သိပ်လှတာပဲ။

□ ငါအော်ဟစ်ပြီး
မင်းကို အသိပေးပါရစေ
မင်းသွေးအစက်စက်နဲ့ ခင်းပေးခဲ့တဲ့
ဒီလမ်းပေါ်ကနေ
ငါ.. ချင်းပြည်သူတွေနဲ့အတူ
လိုက်လျှောက်လာတယ်...ဆိုတာ

□□□



၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီ (၂၀) ရက် ချင်းအမျိုးသားနေ့တွင်
သူချစ်မြတ်နိုးသော တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေး
ကျဆုံးခဲ့သော
Salai Tin Lian Tluang အား ဤကဗျာဖြင့်
ဂုဏ်ပြုဦးညွတ်အပ်ပါသည်။

**Uk Lian Thang (L)**

# ငြိမ်းချမ်းရေး




- လူသားနဲ့ ငြိမ်းချမ်းရေး
  အနစ်နဲ့ အကာ
  ဝေခွဲမရ ဖြစ်တည်ခြင်း။

- ရာဇဝင် ဘီးတပတ်
  လူ့သမိုင်း တစခန်းသစ်
  နေမဝင်အင်ပါယာ ညဦးနက်ခဲ့ပြီ။



- မိုင်တိုဆစ်မိုင် အိုဆစ်သတ္တနိယာမလို
  အမျိုးသားနိုင်ငံသစ်တွေ
  ပေါက်ဖွားလာသည့် အဖြစ်
  ငြိမ်းချမ်းရေး အောင်ပွဲလား။

- မနုဿလောက အကျော်အမော်
  အလက်စန္ဒားအစ
  ဟစ်တလာ၊ နပိုလီယန်
  စစ်သူကြီးအဆုံး
  နွှဲခဲ့စစ်ပွဲ
  ငြိမ်းချမ်းရေး ရည်သန်သတဲ့လား။

- အစ္စရေး ပါလက်စတိုင်းစစ်
  တောင်မြောက် ကိုးရီးယားစစ်
  မြန်မာပြည်တွင်းစစ်
  စသည့်..စသည့် မဆုံးတဲ့စစ်
  အဘယ့်အတွက်နည်း။

- တခါတလေ
  တစားပွဲမှာ မျက်နှာချင်းဆိုင်
  လက်မထောင် ငြိမ်းချမ်းရေးတေး
  အပြိုင်ကြဲကြ။

- တခါတလေ
  တောမက မြို့အနဲ့ ဒိုင်းနမိုက်စစ်ခင်းကြ။

- သြော်...
  ငြိမ်းချမ်းရေးအတွက် စစ်ဖြစ်တာလား
  စစ်ကြောင့် ငြိမ်းချမ်းရေးပျက်တာလား
  နိဂုံး မရှိလေခြင်း။

- အချိန်တွေသာ ကုန်လွန်ခဲ့
  ငြိမ်းချမ်းရေးပေါ်လာနိုး
  ငြိမ်းချမ်းရေးစေတမန် (UN)
  ဝိညာဉ်မဲ့။

- နောင်ရာစုနှစ် သန်းချီလျှင်
  ငြိမ်းချမ်းရေး ထုံးတမ်းစကား
  ရှေးဟောင်းပြတိုက်
  တတောင့်တကွေ့မှာ
  ကျောက်ဖြစ်ရုပ်ကြွင်းတောင်
  ထိန်ကျန်ဦးမလား

  အိုးမြတ်စွာ ဘုရား...

**ကိုင်စီးပါဘွေး**



# ဒို့ - ဒို့ပြည်

အမျိုးမတော် ဓလေ့ခြားလို့
သူ့ရိုးရာ ကိုယ်မဆိုင်
ဘိုးဘွားအမွေ လုယူနင်းခြေလို့
မင်းမဲ့ အာဏာရူးတွေ။

ပရိယာယ်ကတထောင် မာယာကတသိန်း
ကလိမ်ညာဏ် အဖုံဖုံသုံးလို့ရယ်
ဒို့ချင်းကို ကျွန်ပြုခဲ့
ဒို့ရိုးရာဓလေ့ကို ဖျက်။

ဒို့စကားကို ဒို့မေ့သွားအောင်
ဒို့စာကို ဒို့မရေးတတ်အောင်
နည်းစုံလမ်းစုံ ဖျောက်ဖျက်ခဲ့တယ်။

သူတို့စာ တမိုက်ထက်ပို
ပြောလိုက်တော့အမှန် လုပ်ပြန်ရင်လျှောက်တလွဲနဲ့
ပင်လုံတုန်းက ဖက်ဒရယ်တဲ့
ပလင်ပေါ်ရောက်တော့ အခါခါလိမ်။

ခွဲထွက်ခွင့်ကျည်ဆံနဲ့ အာဏာကိုသိမ်း
သောင်းကျန်းသူ စကားလုံးနဲ့
သွေးချောင်းစီးခဲ့တယ်။

၈၈ မှာ ထပ်သိမ်းပြန်
အာဏာကို မမြင်ဖူး၊ မူးယစ်လို့ထင်
လူ့သိက္ခာ မဲ့လေတော့
ငါ့လေ့ ငါ့ထိုး၊ အဟုတ်ကြီးသာထင်
ထင်သာထင် နိုင်ငံတကာမေ့လို့
ကမ္ဘာကရှုံ့လှတဲ့ လူမျိုးကြီးဝါဒီ။

ဒီချင်းပြည် ဒို့ပြည်ကွယ့်
ဒီချင်းစာ ဒို့စာကွယ့်
ဒို့ပြည်ကို ဒို့အုပ်ချုပ်မယ်
ဒို့ကြမ္မာ ဒို့ဖန်တီးဖို့
ဒို့ပြည်ကို ကာကွယ်ဖို့
ဒို့လူငယ် ထကြလော့
ဒို့လူငယ် အားထုတ်လော့။



ဒို့မြေကို ဒို့ချစ်မှ
ဒို့ပြည်ကို ဒို့ထိန်းသိမ်းနိုင်မှ
ဒို့အမျိုး ဘဝအေးချမ်းမယ်
အလိမ်မမိအောင်
ဒို့လူငယ် သတိပြုကွယ်။

လေလုံးက ဖွံ့ဖြိုးရေး
ကိုယ့်ပြည်ကို ကိုယ်ရောင်းလို့
ဒို့ပြည် မွဲရပြီ။

ဒို့မြေ ဒို့ပိုင်ဖို့
ဒို့အမျိုး ဒို့ကာကွယ်ဖို့
နီးထလော့ ဒို့ချင်းတွေ
အောက်ချင်းလို သစ္စာနဲ့
ကြိုးစားမယ်ဟော့ ကြိုးစားကြစို့။

လာကြလေ ဆလိုင်းတို့ရယ်
လာကြလေ မိုင်တို့ရယ်

ဒို့တာဝန် ကိုယ်ထမ်းဖို့
ဒို့တတွေ သွေးစည်းမှ
တည်ဆောက်နိုင်မယ် ဒို့ချင်းလဲန်ကို

စားခါနီး လက်နိုက်လို့
ထမင်းပွဲဝင်ရင်ဖြင့် ရှက်စရာ
လက်ပိုက်ကာ ကြည့်မနေနှင့်။

လုပ်နိုင်တဲ့လက် လျှောက်နိုင်တဲ့ခြေ
မြင်နိုင်တဲ့ မျက်လုံး
ကြားနိုင်တဲ့ နားနစ်ဖက်နဲ့
ခံစားနိုင်တဲ့ နလုံးရှိရင်ဖြစ် -

လာခဲ့ပါ၊ ဝင်ခဲ့ပါ
ညီညာထကြွ အတူလက်တွဲလို့
ထမ်းကြပါစို့၊ လှမ်းကြပါစို့
အနာဂတ်ဆီသို့ ....

# cpfom ararkbk

အဖော်လည်းဝေးလို့
မိဘလည်း စွန့်ခဲ့

ဘဝဆိုတာ
ကိုယ့်ဆန္ဒနဲ့ စီမံလို့ရတဲ့အရာ
မဟုတ်လေတော့
ပညာမကုံလုံလို့ ဘဝမချမ်းသာလည်း
ငါကျေနပ်ပါတယ်။



သွေးနဲ့ခင်းတဲ့ ခရီး
ချွေးနဲ့ လျှောက်ရတဲ့ လမ်း
ငါချီတက်မယ်
အဆုံးထိတိုင်အောင်။

ငါပြုခဲ့တဲ့ ကတိ
ငါဆိုတဲ့ သစ္စာ
တည်ပါစေ၊ မြဲပါစေ
အမိမြေအတွက် ရှေ့ဆက်လျှောက်မယ့်
မေမေမချစ်တဲ့ ချစ်သမီး။

✍ လှိုမ်



# t rejr t wGf armippon

☝ တောတောင်စိုမြိုင် ချောင်းရေယာဉ်သို့
ချိန်ခါ ရာသီမရွေး
မောင်စစ်သည်ကား
ဘဝမြှုပ်နှံလျက်...

☝ ဘေးရန်မကင်း တုန်ခါစိတ်ဖို
တစုတစည်း ခဲဘွယ်ဘောဇဉ်
ရှားပါးလေစွ လမ်းကြောင်းခရီးဝယ်။

☝ သို့သော်ငြားလည်း
မောင်စစ်သည်ကား
ရင့်ကျက်မှုကို ရယူ
မယိမ်းမယိုင် မဆုတ်စတမ်း
ရှေ့ချီတက်ဖို့ တွေးကြံနေဆဲ
အောင်ပန်းပွင့်ကို ဆွတ်ခူးနိုင်ရေး
အမြဲတစေ နှလုံးသွင်းလျက်
ချီတက်အမိန့် ဝမ်းပန်းတသာ
ခံယူလျက်ပါ။

အမျိုးချစ်တဲ့ မောင်စစ်သည်....

**ဆလိုင်းဇေသူ (ချင်းမင်းသားရော)**



# tm;vkH;twGuf

✡ ကွာဟချက် ကျဉ်းမြောင်းသွားအောင်
စီးပွားလူမှု ညီစေဟု
စုပေါင်းဆောင်ရွက် အားလုံးအတွက်ပါ။

✡ ဝေးလံသီခေါင် တောတောင်အနှံ့
မြေပြန့်မှသည် နယ်စပ်ဆီသို့
တူညီတသား မကွာခြားဖို့
ကြိုးစားထမ်းရွက် အားလုံးအတွက်ပါ။

✡ အမြင်ကြည်စွာ စေတနာဖြင့်
ရင်မှာပြည်သူ အတူတူဟု
ခံယူပြတ်သား စည်းမခြားပဲ
ညီဘွားနောင်ရင်း သွေးသားချင်းမို့
ဝိုင်းဝန်းဆောင်ရွက် အားလုံးအတွက်ပါ။

✡ ကိုယ့်အားကိုယ်ကိုး စိတ်ဓါတ်မျိုးဖြင့်
ဆတိုးတန်ပိုး ထမ်းရွက်ကိုယ်စီ
ခေတ်မီနိုင်ငံ ဖြစ်စေရေးဌာ
ဟန်ချက်ညီညီ ရှင်သန်ထမ်းရွက်
အားလုံးအတွက်ပါ။

*****

ဆလိုင်း မိုင်ပဝါလ်ချာ
ဗဟိုစစ်ဌာနချုပ်

# r ajym&Jbl;



မင်းနဲ့ကျမှ
ငါးရုံ့ပြာလူး ကုန်းပေါ်တင်သို့
လူးလွန့်ခံစား

မချိတင်ကဲ နှစ်သိမ့်သူမဲ့
ငါ့ဘက်က ကူသူမရှိ
အမှန်တရားကတော့
မားမားမတ်မတ် ရပ်နေတယ်လေ။

ငါ့အသက်ကို ပြန်သွင်းဖို့
ဘယ့်အတွက် မင်းပျက်ကွက်
ငါ့အချစ်ကို လိုချင်မှန်းလည်း
သိနေပေမဲ့
ကန္တာရလမ်းကြမ်းထဲ
မင်းကို ခေါ်မသွားချင်ဘူး။

သာယာတဲ့ မင်းရဲ့ဘဝခရီးကို
ငါလေ မဖျက်ဆီးချင်ဘူး။

အဲ့ဒီမနက်..
မင်းရဲ့အပြုံး၊ မင်းရဲ့သံသယစကား
အမှန်တရားကို ဖော်ဆောင်နေမှန်း
ကိုယ် သိလေသမို့..

မင်းရှေ့မှာ ငါဟာ
အပြုံးနဲ့ ငိုခဲ့တယ်။

*****

❑ &abm az;ti

# ay;qyow \ Ev;om;

- ဝေဟင်ယံပေါ် အနာဂတ်များပြေးလွှားနေ
  တိမ်တိုက်များ တိုးဝှေ့ယှက်တွယ်
  စိတ်ကူးယဉ် အလင်းတန်းများဟာ
  မျိုးဆက်သစ်များကို ပုံရိပ်ဖော်ဆဲ။

- ကန္တရခရီးမှာ သဲသောင်ပြင်ကိုဦးတည်
  ဘယ်နေ့ တွင်းဟောင်းရေကြည် သောက်ရပ့ါ
  တွေ့သမျှချိုင့်ကို သစ်ရွက်ဆွေးဖယ်ကာ
  လက်ယက်တွင်းများ တတွင်းပြီးတတွင်း။

- အဖြူရောင်မှုန်ဝါးဝါး၊ ကယ်တင်ရှင်လေလား
  လက်လှမ်းပြတော့ သူချဉ်းကပ်ခါ
  ကိုကို..
  ရှင် ကျွန်မကို ဘယ်တော့လက်ထပ်မလဲတဲ့
  ကူဖော်လက်ဖက် အဖြစ်ပေ့ါလေ။

- တပူပေါ် နှစ်ပူဆင့်
  ခြောက်ကပ်နေတဲ့ ငါ့အာခေါင်
  ပူလောင်နေတဲ့ ငါ့နှလုံးသား
  ကားလိပ်ချကာ တရားရှာတော့
  ငါလုပ်စရာ ရှားသတဲ့လား။

- အမျိုးစစ်အမျိုးမှန် ချင်းလူမျိုးအတွက်
  အမှန်တရားကို မြဲမြဲစွဲကိုင်
  ငါ့အတွက်၊ ငါ့အနာဂတ်ကို ဘေးဖယ်
  ငါသည် အမျိုးအတွက်
  ဆက်ကပ်လုပ်ဆောင်တော့မည်။



******

(ဘာမထီမောပီ)

## ဆုတောင်း

- ကမ္ဘာကြီးကို အလှဆင်
  လူမျိုးပေါင်း စုံလင်
  စိတ်မထင် လှုပင်ဖျက်။

- စွမ်းထက် အနမြူကြောက်စရာ
  ဟီရိုရှီးမားမှာ
  နာဂါဆာကီရဲ့ ကြမ္မာဆိုး
  ဂျပန်ပြည်၏ မျက်ရည်မိုး။

- နာဇီ ဟစ်တလာ၏
  လူမျိုးသုတ်သင်မှု
  အရှေ့အလယ်ပိုင်းနဲ့
  တောင်တရုတ်ပင်လယ် ပြဿနာ
  ဂျီဟတ်၊ တောင်ကိုးရီးယားတို့ရဲ့ ကြုံးဝါးသံတွေ
  မြန်မာပြည်ရဲ့ စစ်ဘေးရှောင်အရေး
  အဆုံးမသတ်နိုင်သော ကမ္ဘာ့ပဋိပက္ခများ

  ဤဖြစ်ရပ်မျိုး ဒို့ချင်းလဲန်တွင်
  မဖြစ်ရလေအောင်၊ မကြုံရရေး
  တောင်းဆု ပန်သည်။

- စစ်ဘေးအန္တရာယ် ကင်းစင်လို့ဝေး
  ချင်းပြည် ငြိမ်းချမ်းရေးသို့
  တောင်းဆုချွေသည် "အဖဘုရား"။

**စတောင်မင်းကန့်သတ်**



## အချစ်ဆုံးရဲဘော်များ



ကိုယ့်မြေ၊ ကိုယ့်ချင်း၊ ကိုယ့်လူမျိုးအတွက်
ကိုယ့်သွေးကိုယ့်ချွေး ခန္ဓာကိုယ်အား
နမြောတသ ကင်းမဲ့စွာဖြင့်
စတေးလာခဲ့ ရဲဘော်တဲ့။

ဇာနည်ပေါက်ဖွား ချင်းလဲန်မြေမှာ
ရှောင်နီနဲ့ယှဉ် လွမ်းလာချိန်
ခြင်ယင်မှင်များ ဘယ်လိုများလည်း
အပြုံးမပျက် သတ္တိခဲနဲ့။

အိုလူ့ဘုံကမ္ဘာ ဤမြေမှာ
တန်ဘိုးဆိုတာ အလုပ်ကွယ်
အလုပ်ဆိုလည်း အမြင့်မြတ်ဆုံးက
ပေးဆပ်ရမည့် သွေးနဲ့တဲ့။

စားဖော်စားဖက် ရဲဘက်တွေနဲ့
တသွေးတသံ တမိန့်ကြားမှာ
မင်းသတင်းတွေ လေပြေကဆောင်
လေယူသိမ်းလို့
သမိုင်းမှာကွယ် တွင်ကျန်မယ်။

**ချိုးပါလမ်းနိုး**
**တန်မတ်ဗလတ်**


Publish by Information and Publicity Department. Chin National Front



တိုင်းရင်းသား ညီကိုမောင်နှမ
တူညီတဲ့ အနာဂတ်ဆီသို့
ဝိုင်းဝန်းကာ ကြိုးစား
အာရှအလယ်မှာ ဂုဏ်ဝင့်ထည်အောင်
လုပ်ဆောင်ကြစို့။

စည်းလုံးညီညွတ် အားဖြည့်ကြစို့
အစဉ်အမြဲ လက်တွဲညီစွာ
စောင့်ရှောက်ကြစို့
ကမ္ဘာ့အလယ် တင့်တင့်တည်အောင်
ရှေ့သို့ ချီစို့။

ဒေသအသီးသီး ပြည်နယ်ကြီးဟု
ခွဲပြီးမခြား
ဒို့သွေးသားတို့ ငါတို့ပြည်
ငြိမ်းချမ်းသာဖို့။

သူ့မှာတာဝန် ငါ့တာဝန်လို့
စေကျွန်ပိုင်းထား မခွဲခြားဘဲ
ဖွဲ့အားစိတ်တူ ဉာဏ်လည်းကူလို့
ဒို့အတူကြိုးစား
ငြိမ်းချမ်းရေးပန်းတိုင် လျှောက်ကာ သွားကြစို့။

ရွှေနိုင်ငံလို့ အမည်သွင်တဲ့ ပြည်ထောင်စုသား
ကချင်၊ ကယား၊ ကရင်၊ ချင်း၊
မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့

ချစ်ခင်စည်းလုံး ထင်းတစည်းပမာ
အခိုင်အမာရပ်လျက်
လက်တွဲစုံညီ တန်းတူရေးသို့
ရှေ့သို့ ချီကြစို့ကွယ်။

******

Salai Thang San

## အောင်ပွဲရှင် ချင်းလူငယ်များ

ခ၊ သ နှစ်ထောင့်လေး ရည်ဆောင်လှုပ်ရှား
တိုးပွားတည်ဆောက် ခရီးရောက်မည်
ဒို့ဖောက်သည့်လမ်း ကြမ်းတမ်းပါစေ
ရေဆန်ကိုလှော် အောင်ပွဲမျှော်သည်
တက်ညီကြိုးစား ချင်းလူငယ်များ။

ခရီးတထောက် အမှန်ရောက်ပြီ
တက်ညီလှော်ခတ် မရပ်မနားနှင့်
စွမ်းအားယူပါ ချင်းလူငယ်များ
ချင်းပြည်အတွက် ခရီးဆက်လော့
လက်လျှော့ကုန်သော် ရေစုန်မျှောလိမ့်။

နှစ်ဆယ့်တရာစု အတွင်းမှာပင်
ဦးတည်ရည်မှန်း ခရီးလမ်းတွင်
စုံစမ်းနှောင့်ယှက် သင်စိတ်ပျက်ရာ
ကြုံတွေ့ပါလည်း မလျှော့ဖွဲဖြင့်
အသင့်တာဝန် မခွဲခြားဘဲ
လက်တွဲမဖြုတ် အလုပ်ဝန်တာ
လွတ်မြောက်ရေးကို တင်းတင်းကိုင်ထား
တက်ညီလက်ညီ
ရှေ့သို့... ရှေ့သို့.... ချီကြမည်။

□□□□

ဆလိုင်းဘွေလျှန်






## တိုက်ပွဲပျော်

❶ လှိုူဆင်းခရီး နက်စောက်စမ်း
တောင်တက်ခရီး မတ်စောက်စမ်း
ဆူးငြောင့်ခလုတ် တားဆီးစမ်း
နီးနီးဝေးဝေး ဒီခရီးလမ်း
လုံးဝမဖြုံ လျှောက်ရဲတယ်
ဘာမထီဇာနည် နောက်မဆုတ်တမ်း
ငါသည် တိုက်ပွဲပျော်။

❷ တိုက်ရမည့်ရန် များပြားစမ်းစေ
လှန်ရမည့်စစ် ထုပြောစမ်းစေ
အန္တရာယ်ပေါင်းစုံ ဝိုင်းရံစမ်းစေ
လေ့ထီးသာကျန် အလံမလှဲတမ်း
ဖြိုမယ်တက်မယ် ပန်းတိုင်ထိ
သွေးသစ္စာကို အဓိဋ္ဌာန်ပြု
မျှော်မှန်းချက်သည် လက်တကမ်းမှာ
ငါသည် တိုက်ပွဲပျော်။

၀၀၀၀

*Zalat Ni*

# သမိုင်းကပြောတဲ့ စကား



ဗိုလ်ချုပ်အောင်ဆန်း ထားရှိခဲ့တဲ့
လွတ်လပ်ရေးဟာ တောင်ပေါ်မြေပြန့်
တန်းတူအခွင့်အရေး ရရှိဖို့ပါ..

သဘောထားတူညီ ညီနောင်များရဲ့
ပင်လုံစာချုပ် သမိုင်းဂတိကို
ဖောက်ဖျက်ချင်တာ ဘယ်သူတွေလဲ...

"ခံ" ပေါင်းများလို့ ဖက်ဒရယ်တောင်းတာ
ခွဲထွက်ဖို့မဟုတ်၊ သမိုင်းရှိခဲ့လို့
အချိန်တန်လို့ တောင်းတာပါ...

တိုင်းသူပြည်သားတွေ မျှော်လင့်နေတဲ့
နိုင်ငံရေးဟာ အာဏာရှင်စနစ်မျိုးမဟုတ်
စစ်မှန်တဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးပါ..။

မတိုက်ချင်တဲ့ ဒီတိုက်ပွဲဟာ
ကျေးဇူးရှင်တွေရဲ့ အကြွေးဆပ်ဖို့နဲ့
သမိုင်းကို ဖော်ထုတ်ဖို့ပါ..။

# awmiay:xyu awmiZvvyye;



သိကြာနဲ့သစ္စာ ယှဉ်တွဲတည်လို့
ချင်းပြည်နယ်အတွက် ဂုဏ်ဆောင်လို့နေ
ယနေ့တိုင်ပဲ ဇလပ်ပန်းရယ်။

တောင်ယံထဲမှာ ဒဏ်ပေါင်းခံလို့
ပန်းတကာ ကိုယ်စားပြုကာ
မားမားရပ်တည် ပွင့်လို့နေဆဲ။

ရာသီချိန်ဆို ရောင်စုံပန်းတွေ
ဖူးပွင့်ကြလို့ ကြွေချိန်မတန်ဘဲ
မုန်တိုင်းဒဏ်ကြောင့် ကြွေမှာ စိုးတယ်။

ဘဝကံကြောင့် အနေဝေးလည်း
တောင်ဇလပ်ပန်းရယ် မငိုပါနဲ့
နက်ဖြန်ဆိုတဲ့ နေ့ကို မျှော်ရင်း..

ပြန်လာခဲ့မယ် ပန်းစုံပွင့်တဲ့
ချင်းတို့ပျော်ရာ တောင်စခန်းဆီ
သူရယ်ငါရယ် စုံဆည်းဖို့ရာ။

ဆလိုင်း ယဲဆက် (သဲမီရို)



အာဏာရှင်ရဲ့ ရက်စက်မှုက
တပွင့်စီ ခြွေ
တရွက်စီ ခူးလို့
တခက်စီ ချိုးခဲ့။

ဘယ်လိုပင် ခြွေ
ဘယ်လိုပင် ခူးလို့
ဘယ်လိုပင် ချိုးပါလေ့စေ
ပင်စည်ကို သင်မချိုးနိုင်

အညွှန့်သစ်၊ ရွက်သစ်တွေပြန်ဝေ
ကိုင်းအခက်သစ်တွေ
ဖူးငုံသစ်တွေနဲ့
ပွင့်ပန်းတွေ ပြန်ပွင့်လို့

ပြန်လည်ရှင်သန်နိုင်တဲ့ သတ္တိတွေ
သူ့မှာရှိတယ်
မဆုံးရှုံးသေး... မရှုံးသေးပဘူး။

**ဆလိုင်းမိုင်ပ (စစ်ရုံးချုပ်)**

# ပိုင်ရှင်မဲ့ကျည်ဆံ

- "ဒိုင်း"... အသံတခုဟာ
  ပေါက်ကွဲပစ္စည်းတခုနဲ့အတူ၊ နှစ်ရှည်လများ
  လုပနေခဲ့တဲ့ တောင်ပေါ်ကျေးရွာလေးအပေါ်..
  နှစ်ပေါင်းများစွာ ပြုံးပန်းဝေနေခဲ့တဲ့
  ပတ်ဝန်းကျင်တခုအပေါ်
  ရုတ်တရက်ပေါက်ကွဲ ရောက်ရှိလာခဲ့တယ်။



- အဲ့ဒီနေ့ပေါ့
  အဲ့ဒီနေ့ ကျွန်တော့်ညီလေး
  စာရေးသတ်ပုံ လေ့ကျင့်နေခိုက်
  ကံကြမ္မာဟာ အဖေ့နာမည်
  ပီသစွာ ရေးနိုင်ဖို့
  အချိန်မပေးခဲ့တော့ဘူး။



- ကျွန်တော်နားလည်းတဲ့ စစ်ပွဲဆိုတဲ့
  မနက် မိုးအလင်းမှာ
  အဖေ မရှိတော့ဘူး
  အမေ မရှိတော့ဘူး။

- ညီလေးကိုယ်စား
  အဖေ့နာမည်လေး
  တောင်စွယ် သစ်ငုတ်တိုလေးမှာ
  သွေးနဲ့ ရေးခဲ့တယ်။

- ရေဒီယို ရုပ်မြင်သံကြားတွေမှာ
  လူသေအလောင်းတွေ၊ ခြေပြတ်လက်ပြတ်တွေ
  မိဘမဲ့သွားတဲ့ ကလေးတွေ
  တညလုံး တင်ဆက်
  ကျည်ဆံတွေမှာ ပိုင်ရှင် မရှိခဲ့ဘူး။

qvi; oe;0i;



# တော်လှန်ရေးကျောပိုးအိတ်



*တကိုယ်ရည် ဖြစ်ချင်မှုတွေဖြင့်*
*အစကတည်းက သေဆုံးသွားနှင့်ပါပြီ..*

❀ ကျွန်ုပ်ကိုယ်တိုင် မသိတဲ့လမ်းပေမဲ့
ပွက်ပွက်ဆူနေတဲ့ နလုံးသွေးဆွဲခေါ်ရာအတိုင်း
ခေါင်းမော့ရင်ကော့ပြီး ကျွန်ုပ်ကိုယ်တိုင်
လျှောက်ခဲ့တယ်ဆိုတာ
ဝန်ခံပါတယ်။

❀ ကျွန်ုပ်ရဲ့ ကျောပိုးအိတ်ထဲမှာ
ကျွန်ုပ်နဲ့ သစ္စာဆိုထားတဲ့ စစ်ဝတ်စုံ
ကျွန်ုပ် ရှာနေတဲ့ လွတ်လပ်မှုတခြင်း ရတနာ
ရှာမတွေ့ဘူးဆိုရင်
ကျွန်ုပ်ထုတ်သုံးထားလို့
ကုန်နေပြီလို့ မှတ်ပေးပါ။



❀ မတော်တဆ
ကျွန်ုပ် ခိုးခိုးကြည့်ဖြစ်တဲ့ ရက်ရှံ့နွေးထွေးတဲ့
မျက်ဝန်းတစုံရယ်
ပျင်းပျင်းရှိ သတိရနေမိတတ်တဲ့
တောင်ပေါ်မြေ လရောင်ညနဲ့
ခေါင်ရည်တေးအပိုင်းအစ တွေ့တယ်ဆိုရင်
ဘယ်လိုမှ မအောက်မေ့ပါနဲ့
ကျွန်ုပ်နဲ့အတူ သင်္ဂြိုလ်ပေးလိုက်ပါ။

❀ ကျွန်ုပ်က သူရဲကောင်းတယောက်
မဟုတ်ပါဘူး
ကျွန်ုပ်ဟာ
တော်လှန်ရေးတပ်သားတယောက် ဖြစ်တယ်။

*ချင်းတော်လှန်ရေးရဲဘော်အပေါင်းကို ဤကဗျာဖြင့်*
*အလေးပြုပါတယ်*

**မြကဗျာ (၁၉ နို ၂၀၂၀)**






CU KHA
PA CHUP..
VAPUAL

# ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်နိုင်သည့် တစ်ခုတည်းသော နည်းလမ်း



ဆလိုင်း [illegible]

မြန်မာနိုင်ငံသည် စစ်အာဏာရှင် အုပ်ချုပ်ရေးစနစ်မှ ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပကာ စစ်ဗိုလ်ချုပ်ဟောင်းများအုပ်ချုပ်သည့် ဒီမိုကရေစီသို့ကူးပြောင်းချီတက်လာခဲ့သည်။ သို့သော် စစ်မှန်သော ဒီမိုကရေစီကို ဖော်ဆောင်နိုင်ရန် အဟန့်အတားဖြစ်စေသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်းမပြုဘဲ အစိုးရသက်တမ်း ကုန်ဆုံးခဲ့သည်။ ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့ရာ ဒီမိုကရေစီပါတီဟု နာမည်ကောင်းရနေသည့် အတိုက်အခံပါတီဖြစ်သည့် NLD ပါတီက မဲအပြတ်အသတ် အနိုင်ရရှိခဲ့ပြီး၊ အရပ်သားအစိုးရအုပ်ချုပ်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိလာခဲ့သည်။ သို့သော်လည်း လူနည်းစုတိုင်းရင်းသားများ လိုလားသည့် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့်စစ်မှန်သော ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး အလှမ်းဝေးနေဆဲပင်ဖြစ်သည်။ အကြောင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းခဲ့သော်လည်း ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံခြင်းမရှိသဖြင့် အခြေခံဥပဒေပြင်ဆင်ရေး အရေးနိမ့်ခဲ့ပြီး၊ အစိုးရသက်တမ်းသာ ကုန်ဆုံးခဲ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပ (လွှတ်တော်ပြင်ပ) မှ ငြိမ်းချမ်းရေးလမ်းကြောင်း (NCA) မှတဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိုနည်းတူ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် NLD ပါတီကလည်း ၂၀၀၈ ဖွဲ့စည်းပုံအောက် (လွှတ်တော်တွင်း) ကနေ ကြိုးပမ်းခဲ့ကြသည်။ ပန်းတိုင်မှာ စစ်မှန်သော ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေးနှင့် ယင်းအတွက် အဟန့်အတားဖြစ်စေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးတို့ပင် ဖြစ်ပါသည်။ ထိုသို့ အဖက်ဖက်မှ ကြိုးပမ်းဆောင်ရွက်ရာတွင် လွှတ်တော်နိုင်ငံရေးကနေ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းမှုသည် ထိရောက်မှုမရှိဘဲ လမ်းကြောင်းဆုံးသည်ကို NLD အစိုးရလက်ထက်တွင် စိတ်မကောင်းစွာ တွေ့မြင်နေရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွှတ်တော်တွင်းမှ ပြင်ဆင်ရန် လုံးဝ မဖြစ်နိုင်ကြောင်း သက်သေပြခဲ့သည်။ NLD ပါတီကလည်း မပြင်ဆင်နိုင်ခဲ့သလို မည်သည့်ပါတီကမှ ပြင်ဆင်နိုင်လိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း (၁၂) အပိုဒ် ၄၃၆(က) အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကျော်မှသာ ပြင်ဆင်နိုင်မည်ဟု ပါရှိသည်။ထို့ကြောင့် နိုင်ငံရေးပါတီတစ်ခုက ၇၅ ရာခိုင်နှုန်း အနိုင်ရသော်လည်း တပ်မတော်သားတစ်ဦး၏ ထောက်ခံမဲမရလျှင် လုံးဝ ပြင်ဆင်နိုင်မည် မဟုတ်ပေ။ သို့တည်းမဟုတ် နိုင်ငံရေးပါတီများအားလုံးက ပြင်ဆင်ချင်သော်လည်း တပ်မတော်သားတစ်ဦးဦး၏ ထောက်ခံမဲ မပါလျှင် ပြင်ဆင်၍မရသော ခြေဥမျိုး ဖြစ်ပေသည်။ သို့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သို့ပြင်ဆင်နိုင်ကြမည်နည်း။ ယင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်နိုင်လျှင် တိုင်းရင်းသားများ လိုလားနေသော ဖက်ဒရယ်စနစ် မရနိုင်သလို မြန်မာနိုင်ငံအတွက် ဒီမိုကရေစီလည်း ဆိတ်သုဉ်းမြဲ

ဖြစ်နေမည်မှာ အားလုံးအသိပင်ဖြစ်သည်။

ပြည်ထောင်စုကြီးဆိုသည့် အိမ်တစ်လုံးမှာ အေးအတူပူအမျှ တန်းတူရေးဖြင့်သာ ရှေ့ဆက်နိုင်ကြမည်။ အိမ်တစ်အိမ်တည်ဆောက်လိုလျှင် ဖောင်ဒေးရှင်း ကောင်းဘို့ လိုအပ်သလိုတိုင်လုံးများကောင်း မွန်ကြံ့ခိုင်ရန်လည်း အရေးကြီးပါသည်။ ပြည်ထောင်စုကြီး တည်ဆောက်ရန်အတွက် ဗမာခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များက ပင်လုံစာချုပ်ဖြင့် ဖောင်ဒေးရှင်း အုတ်မြစ် ချပေးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့အလယ်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော်" ဖြစ်လာအောင် ချင်းနိုင်ငံ၊ ကချင်နိုင်ငံ၊ ရှမ်းနိုင်ငံနှင့် ဗမာနိုင်ငံတို့ စုပေါင်းတည်ထောင်ခြင်း ဖြစ်ပါသည်။ သို့သော်လည်းလွတ်လပ်ရေးရပြီးနောက်ပိုင်းဗမာခေါင်းဆောင်များက ပင်လုံစာချုပ်ကို ပစ်ပယ်ခဲ့ကြသည်။ ဗမာလူမျိုးကြီးဝါဒဖြင့် လူနည်းစု တိုင်းရင်းသားများအပေါ် လွှမ်းမိုးဆုပ်ကိုင်လာခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းပုံအရ အာဏာခွဲဝေခြင်း မရှိဘဲ ရန်ကုန်အစိုးရ (ဗဟို) မှ တိုက်ရိုက်အုပ်ချုပ်ခဲ့သည်။ လူမျိုးစုများအကြားနိုင်ငံရေးအရ တန်းတူခွင့်ရှိရန် ပင်လုံစာချုပ်ဖြင့် ကနဦးကပင်ကတိကဝတ် ပြုခဲ့ကြသည်။ သို့သော်လည်း ဗမာလူမျိုးကြီး၏လွှမ်းမိုးချုပ်ချယ်ခြင်းအားဖြင့် မိမိတို့ ချင်းလူမျိုးအပါအဝင် လူနည်းစုတိုင်းရင်းသားများ အောက်ကျနိမ့်ကျ ကျန်ရစ်ခဲ့ရသည်။ ၎င်းဆိုးကျိုးမှာ လူနည်းစုဖြစ်သော တိုင်းရင်းသားများအသီးသီးက မိမိအခွင့်အရေးများကို ပြန်လည်ရရှိရေးအတွက် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို ရွေးချယ်လာကြသည်။ သို့ဖြစ်၍မြန်မာ့နိုင်ငံရေးပြဿနာသည် လူမျိုးစုကြားတွင် နိုင်ငံရေးအရတန်းတူရေးမရှိသည့်ပြဿနာဖြစ်သည်။ ထို့ကြောင့်မြန်မာပြည်ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူမျိုးစုအကြား တန်းတူမှုမရှိလျှင် နိုင်ငံရေးပြဿနာ ရှိနေဦးမည်သာ ဖြစ်သည်။ ချင်းတိုင်းရင်းသား တစ်ယောက်အနေဖြင့် ချင်းလူမျိုးများ၏ရပိုင်ခွင့် မရရှိသေးသရွေ့ ချင်းလူမျိုးအရေးကိုသာ လုပ်ဆောင်ရန် အရေးကြီး လိုအပ်သည်။ ချင်းအရေးရရှိပြီးလျှင် ပြည်ထောင်စုကြီးလည်း အလိုလို ငြိမ်းချမ်းလာမည်။ ထိုနည်းတူတိုင်းရင်းသားများအားလုံးကြားတွင် နိုင်ငံရေးအရ တန်းတူညီမျှမှုရှိလျှင် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းလာမည်ဖြစ်သည်။ တိုင်းရင်းသားများ တန်းတူခွင့် မရရှိသေးသရွေ့ ပြည်ထောင်စုကြီးလည်း တည်ငြိမ်အေးချမ်းခြင်း မရှိ၊ ပူပင်သောကများနှင့်သာ ပြည့်နှက်နေဦးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ပြဿနာအရင်းအမြစ်မှာလူမျိုးစုများကြားနိုင်ငံရေးအရတန်းတူမှုမရှိခြင်းပင် ဖြစ်ပါသည်။ မြန်မာပြည် ဆင်းရဲခြင်းကြောင့်မဟုတ်သကဲ့သို့ စစ်အာဏာရှင်ကြောင့်လည်း မဟုတ်ခဲ့ပါ။ လွတ်လပ်ရေးရပြီးချိန် ၁၉၄၈ - ၁၉၆၂ စစ်အာဏာရှင်မတိုင်ခင်ကပင် ဗဟိုချုပ်ကိုင်မှု၊ လူမျိုးရေးအရ လွှမ်းမိုးမှုရှိခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းလိုလျှင် တိုင်းရင်းသားလူမျိုးစုများအားလုံး နိုင်ငံရေးအရ တန်းတူရေးစနစ်ကို ဦးဆုံး တည်ဆောက်ရန် လိုအပ်ပေသည်။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်၊ တည်ငြိမ်အေးချမ်းရန် ယင်းနိုင်ငံ၏ဖွဲ့စည်းပုံသည် အက္ခရာကျသည်။ မြန်မာနိုင်ငံ၏နိုင်ငံရေးပြဿနာကို ဖြေရှင်းရန်နှင့် နိုင်ငံတော်တိုးတက်ရန် အဟန့်အတားဖြစ်စေသည့် ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ရန် လိုအပ်သည်။ ယင်း ၂၀၀၈ ဖွဲ့စည်းပုံကို လွှတ်တော်နိုင်ငံရေးဖြင့် ပြင်ဆင်၍မရကြောင်းကို အထက်တွင် ဖော်ပြခဲ့သည်။ သို့သော်လည်း ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်နိုင်သောလမ်းကြောင်းတစ်ခုရှိသည်။ ယင်းမှာငြိမ်းချမ်းရေးဖြစ်စဉ်(NCA)လမ်းကြောင်းမှတဆင့် နိုင်ငံရေးဆွေးနွေးပွဲရလဒ်ဖြင့် ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးပင် ဖြစ်ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အခန်း (၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ အပိုဒ်(၂၂)(ဃ)တွင် "ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်" ဟု ပါရှိသည်။ သို့ဖြစ်၍ ယင်းလမ်းကြောင်းမှတဆင့် ပြည်ထောင်စုညီလာခံ နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်ဖြင့်သာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်နိုင်မည် ဖြစ်ပါသည်။ ဆက်လက်ပြီး NCA အခန်း(၁) အခြေခံမူများ အပိုဒ် (၁)(က)တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓါတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

များ အာမခံချက် အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေး ပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်” ဟု ပါရှိသည်။ ဤ အချက်ကို တိုင်းရင်းသားပြည်သူတရပ်လုံး သိရှိနားလည်ကြ ရန် အင်မတန် အရေးကြီးသည်။ တိုင်းရင်းသားများ လိုလားနေ သည့် နိုင်ငံရေးအနှစ်သာရဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ အစည်းများနှင့်အတူ တိုင်းရင်းသားပြည်သူတရပ်လုံး ပူးပေါင်း ပါဝင်ခြင်းအားဖြင့် ပိုပြီးကောင်းမွန်သည့် အင်အားတရပ် တည် ဆောက်သွားရန် အရေးကြီးသည်။ ထိုသို့ ပြည်သူလူထုတရပ် လုံး၏ ပူးပေါင်းပါဝင်ခြင်းအားဖြင့် နိုင်ငံရေးဆွေးနွေးပွဲမှာလည်း ရလဒ်ကောင်းများ ထွက်ပေါ်လာပြီး ၂၀၀၈ အခြေခံဥပဒေကို လည်း ပြင်ဆင်နိုင်မည်ဖြစ်သကဲ့သို့ ဖက်ဒရယ်ဒီမိုကရေစီပြည် ထောင်စုကိုလည်း တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထား သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် သာရှိပြီး ဖက်ဒရယ်စနစ်မရှိလျှင် လူနည်းစုတိုင်းရင်းသားများကို လူများစုဖြစ်သည့် ဗမာလူမျိုးများက လွှမ်းမိုးမှု ရှိလိမ့်မည်။ တနည်းပြောရလျှင် ဖက်ဒရယ်စနစ်မှာ လူနည်းစုများ၏ အခွင့် အရေးကို ကာကွယ်ထိန်းသိမ်းပေးသည့်စနစ်ဖြစ်ပြီး၊ ဒီမိုကရေစီ စနစ်မှာ လူများစု၏ဆန္ဒကို အလေးထား ဖော်ဆောင်ပေးသည့် စနစ်ဟု ဆိုနိုင်သည်။ သို့ဖြစ်ရာ ဗမာလူမျိုးများ ကြီးစိုးသည့် မြန်မာနိုင်ငံတွင်ဒီမိုကရေစီစနစ်ကိုသာအလေးပေးဖော်ဆောင် ခဲ့လျှင် လူနည်းစု တိုင်းရင်းသားများအတွက်မှာမူ ရင်လေးစရာ ပင် ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၂၀ အလွန် ဖက်ဒရယ်ဒီမိုကရေစီ ပြည် ထောင်စုကြီး တည်ဆောက်ရန်ပြင်ဆင်နေသည့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့်အတူ တိုင်း ရင်းသားပြည်သူတရပ်လုံး ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ငြိမ်း ချမ်းရေးဖြစ်စဉ် အောင်မြင်ပြီး ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ကာ တိုင်း ရင်းသားများလိုလားနေသည့် အမျိုးသားတန်းတူရေးနှင့် ကိုယ် ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ဆီသို့ တွဲလက်မြဲမြဲစွာဖြင့် ဆက်လက်ပြီး တိုက်ပွဲဝင်ကြရန် တင်ပြအပ်ပါသည်။

⇦ စာမျက်နှာ ၃၁ မှ

အစိုးရသစ်သည် NCA အကောင်အထည်ဖော်ဆောင်ရေး နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများ လက်မှတ်ရေးထိုးလာရေးဆိုင်ရာ ကိစ္စများနှင့်သာ လုံးပမ်းနေ သည်ကိုတွေ့ရသည်။ထို့ကြောင့်ပြည်နယ်အဆင့်၊ပြည်ထောင်စု အဆင့် အပစ်အခတ်ရပ်စဲရေးမှ သင်ခန်းစာယူစရာ တစ်ခုမှာ နိုင်ငံရေးသဘောတူညီချက် (Substance) များ ရရှိရေးသည် အရေးကြီးသကဲ့သို့ ယင်းသဘောတူညီချက်များကို အကောင် အထည် ဖော်ဆောင်နိုင်ရေးသည်လည်း အလွန် အရေးကြီး သည်ဟူသော အချက်ပင် ဖြစ်သည်။ အကယ်၍ ငြိမ်းချမ်းရေး ကို အထောက်အကူပြုသော လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုကို ပြည်သူလူထုမှ လက်တွေ့ ကျကျ ခံစားနိုင်မည် ဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) တွင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်(BCA)များကိုထပ်လောင်းအတည်ပြုထားသောကြောင့် ယင်း စာချုပ်များသည် တစ်ဖွဲ့ချင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆက်လက် ရှင်သန် အသက်ဝင်နေပါသည်။ NCA စာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယင်းစာချုပ်များကို လည်း ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် ယင်း စာချုပ်များတွင် ပါရှိသည့် ဆက်လက် ဆောင်ရွက်ဖွယ်ရာကိစ္စ ရပ်များကို မမေ့မလျော့ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

လူတွေကို ခေါင်းဆောင်ပါ။ စေ့ဆော်ပါ။ လူတွေကို
စီမံဖို့ မကြိုးစားပါနှင့်၊ ကြိုးကိုင်ဖို့ မစဉ်းစားပါနှင့်။
စာရင်းအင်းတွေကို စီမံခန့်ခွဲလို့ရတယ်။ လူတွေကို
ကျတော့ ဦးဆောင်မှုပေးရမှာ။

**Ross Perot**

# နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ



✍ Salai Ram Kulh Cung

USDP အစိုးရသည် ၂၀၁၁ - ၂၀၁၃ ခုနှစ်များအတွင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EAOs)နှင့်ပြည်နယ်အဆင့်၊ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းခဲ့ရာ EAO (၁၄) ဖွဲ့နှင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်နိုင်ခဲ့ပြီး ၎င်းတို့အနက် (၁၁) ဖွဲ့နှင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ပစ်ခတ်တိုက်ခိုက်မှုလျော့ချရေး ပြုလုပ်နိုင်ခဲ့သည်။ ဆိုရလျှင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်များ(Bilateral Cease-fire Agreement) များသည် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်ကို မြေစမ်းခရမ်းပျိုး စတင်ပေးလိုက်သည့် ပဏာမအဆင့် အပစ်အခတ်ရပ်စဲခြင်း ဖြစ်သည်။

## ၁။ EAO အဖွဲ့အစည်း အရေအတွက် သတ်မှတ်မှု

USDP အစိုးရသည် ၎င်းတို့၏ "မူ"အရ EAO (၁၆) ဖွဲ့ ကိုသာ အသိအမှတ်ပြုပြီး အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန်ကြိုးပမ်းခဲ့ပါသည်။ ရခိုင်အမျိုးသားကောင်စီ (ANC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) နှင့် ဝအမျိုးသားအဖွဲ့ချုပ် (WNO) တို့သည် အပစ်အခတ်ရပ်စဲရေးမလုပ်ဘဲ နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်နိုင်သည်ဟု ဆိုပါသည်။ ရခိုင်တပ်မတော် (AA)၊ မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) တို့နှင့် ပတ်သက်၍မူ "မူ" မကျဟု ဆိုပါသည်။ ထို့ကြောင့် USDP အစိုးရသည် EAO (၁၆) ဖွဲ့နှင့်သာ အပစ်အခတ်ရပ်စဲရေးကို ကြိုးပမ်းခဲ့သည်။

တတိယအကြိမ်မြောက် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EAO) ထိပ်သီးအစည်းအဝေး (ဒုတိယအကြိမ်မြောက် လိုင်ဇာညီလာခံ) ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်မှ (၂၉) ရက် အထိ လိုင်ဇာမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ညီလာခံ၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည့် အဖွဲ့အစည်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း "မူဝါဒ" ချမှတ်ခဲ့ပါသည်။

(က) လိုင်ဇာအစည်းအဝေး၌ လက်မှတ်ရေးထိုးသည့် အဖွဲ့ ဖြစ်ရမည်။
(ခ) အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည့်အဖွဲ့ ဖြစ်ရမည်။
(ဂ) လက်နက်ကိုင်အဖွဲ့အစည်း၌ ရှိသင့်သည့် အင်္ဂါရပ်များ အပြည့်အစုံ ရှိရမည်။
(ဃ) အစိုးရလက်အောက်ခံတပ်ဖွဲ့ မဖြစ်စေရ။
(င) မြန်မာနိုင်ငံအစိုးရမဟုတ်သည့် အခြားနိုင်ငံအစိုးရကို တော်လှန်သည့် လက်နက်ကိုင်တပ်ဖွဲ့ မဖြစ်ရ။

1 ၁။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ၂။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၃။ ချင်းအမျိုးသားတပ်ဦး (CNF) ၄။ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ၅။ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO) ၆။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၇။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) ၈။ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA PC) ၉။ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA) ၁၀။ မွန်ပြည်သစ်ပါတီ (NMSP) ၁၁။ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN) ၁၂။ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ၁၃။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) ၁၄။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၁၅။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ၁၆။ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)

ထို့ကြောင့် EAO အဖွဲ့အစည်းများက ဘုံလက်ခံထားသည့် အဖွဲ့အစည်း (၂၁) ဖွဲ့ ရှိသည်။ WNO သည် ဖျက်သိမ်းပြီးဖြစ်၍ (၂၀) ဖွဲ့ ကျန်ရှိပါသည်။ (EAO "မှ"အရဆိုလျှင် NSCN သည် နစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုထားသော်လည်း အခြားနိုင်ငံအစိုးရကို တော်လှန်နေသည့် အဖွဲ့အစည်းဖြစ်၍ အငြင်းပွားဖွယ် ဖြစ်ပါသည်။)

2 ၁။ ရခိုင်တပ်မတော် (AA) ၂။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ၃။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၄။ ရခိုင်အမျိုးသားကောင်စီ(ANC) ၅။ ချင်းအမျိုးသားတပ်ဦး (CNF) ၆။ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ၇။ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) ၈။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၉။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) ၁၀။ ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ၁၁။ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ၁၂။ မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ၁၃။ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA) ၁၄။ မွန်ပြည်သစ်ပါတီ (NMSP) ၁၅။ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN) ၁၆။ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၁၇။ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) ၁၈။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ၁၉။ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ၂၀။ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ၂၁။ ဝအမျိုးသားအဖွဲ့ချုပ် (WNO) - ဖျက်သိမ်းပြီး

## ၂။ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး

(၂.၁) ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးကို ပထမဦးဆုံးပြုလုပ်သည့် EAO အဖွဲ့အစည်းမှာ UWSP ဖြစ်သည် (၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)။ ၎င်းတို့၏ စာချုပ်တွင် တည်ရှိနေသည့် အပစ်အခတ်ရပ်စဲမှုကို ဆက်လက်ထိန်းသိမ်းရန်၊ ဆက်ဆံရေးရုံးများ ထူထောင်ရန်၊ နယ်မြေလွန် လက်နက်ကိုင်ဆောင် သွားလာမှုများအတွက် နှစ်ဖက်ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဆက်လက် ဆွေးနွေးရန်ဟူ၍ အချက် (၄) ချက်ကို သဘောတူခဲ့ကြသည်။

(၂.၂)ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးပြုလုပ်သည့် ဒုတိယမြောက် EAO အဖွဲ့အစည်းမှာ NDAA ဖြစ်သည် (၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)။ NDAA စာချုပ်သည် UWSP စာချုပ်၏ အချက်အလက်များနှင့် အတူတူပင် ဖြစ်သည်။ တောင်ကြီး၊လားရှိုးနှင့်ခိုလန်တို့တွင်ဆက်ဆံရေးရုံးများဖွင့်လှစ်မည်ဟု တိကျစွာ ဖော်ပြသည်။

(၂.၃) DKBA သည် တတိယမြောက် EAO အဖွဲ့အစည်းဖြစ်သည် (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)။ ၎င်းတို့၏ စာချုပ်တွင်အပစ်အခတ်ရပ်ဆိုင်းရန်၊ဆုံဆည်းမြိုင်ဝန်းကျင်တွင်အခြေပြုနေထိုင်ရန်၊ မြဝတီတွင် ဆက်ဆံရေးရုံး ဖွင့်လှစ်ရန်၊ နယ်မြေလွန် လက်နက်ကိုင်ဆောင် သွားလာမှုများအတွက် နှစ်ဖက်ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဆက်လက် ဆွေးနွေးရန်ဟူ၍ အချက် (၅) ချက်ကို သဘောတူခဲ့ကြသည်။

(၂.၄) RCSS သည် စတုတ္ထမြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၄) ချက်ပါရှိသည်။ နယ်မြေသတ်မှတ်မှုကို ပြည်ထောင်စုအဆင့်တွင် ဆွေးနွေးမည်ဟု ဆိုပါသည်။ ထို့ပြင် RCSS မှ တောင်းဆိုထားသည့် အပစ်အခတ်ရပ်စဲခြင်း၊ နိုင်ငံရေး ဆွေးနွေးခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဒေသ သတ်မှတ်ခြင်းနှင့် ပူးတွဲ၍ မူယစ်ဆေးဝါးတိုက်ဖျက်ခြင်းတို့ကို မူအားဖြင့် သဘောတူသည်ဟု ပါရှိသည်။ အထူးအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ စုစုပေါင်း အချက် (၈) ချက် သဘောတူညီမှု ရရှိခဲ့သည်။

(၂.၅) CNF သည် ပဉ္စမမြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၄) ချက်ပါရှိသည်။ နယ်မြေသတ်မှတ်ရေးကိစ္စ ပါဝင်သလို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စလည်းပါဝင်သည်။ထို့အပြင်လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ တပ်ဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားအရေးနှင့် ဒီမိုကရေစီအရေးတို့ကို အခြေခံ၍ ဆွေးနွေးခြင်း၊ ပြည်သူများနှင့် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ INGO လွတ်လပ်စွာ လုပ်ကိုင်ခွင့်၊ စီးပွားရေးအထူးဇုံထူထောင်ခြင်းနှင့်ဖွံ့ဖြိုးရေးကိစ္စများပါဝင်သည်ကိုတွေ့ရသည်။ စုစုပေါင်း အချက် (၉) ချက် သဘောတူညီမှု ရရှိခဲ့သည်။

(၂.၆) KNU သည် ဆဋ္ဌမမြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၅) ချက် ပါရှိသည်။ ထူးခြားချက်မှာ KNU သည် ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် ထပ်မံပြုလုပ်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကျင့်ဝတ် (Code of Conduct) နှင့် စောင့်ကြည့်ရေး (Monitoring) ကိစ္စ အပါအဝင် ယခင် သဘောတူညီခဲ့သည့် အချက် (၅) ချက်မှ (၄) ချက်ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးအဆင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအဆင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

(၂.၇) SSPP သည် သတ္တမမြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၅) ချက် ပါရှိသည်။ လက်ရှိနေရာများတွင် အခြေပြုရန်နှင့် တောင်ကြီး၊ လားရှိုး၊ ခိုလန်တို့တွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန် သဘောတူကြသည်။

(၂.၈) NMSP သည် အဋ္ဌမမြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၅) ချက် ပါရှိသည်။

(၂.၉) KNU/KNLA PC သည် နဝမမြောက် EAO အဖွဲ့အစည်းဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၅) ချက် ပါရှိသည်။ မဲလ၊ ထို့ကော်ကိုး တွင် အခြေပြုနေထိုင်ရန်နှင့် ဘားအံ၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မောတောင်၊ ကော့သောင်းတို့တွင် စီးပွားရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန် သဘောတူခဲ့ကြသည်။ ထို့အပြင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် တိုင်းရင်းသားများပြန်လည်အခြေချနေထိုင်ရေးကိုလည်း ထည့်သွင်းထားသည်ကို တွေ့ရသည်။

(၂.၁၀) KNPP သည် ဒသမမြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ မတ်လ ၇ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အပစ်အခတ်ရပ်ဆိုင်းရန်၊ ဆက်ဆံရေးရုံး ဖွင့်လှစ်ရန်နှင့် ဆက်လက်ဆွေးနွေးရန် ကိစ္စရပ်များ ပါဝင်သည်။ ထို့ပြင် အချက် (၂၀) ပါ KNPP ၏ စာတမ်းကို ပြည်ထောင်စုအဆင့်တွင် ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့ကြသည်။

(၂.၁၁) ALP သည် (၁၁) ဖွဲ့မြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဧပြီလ ၅ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၅) ချက် ပါရှိသည်။

(၂.၁၂) NSCN သည် (၁၂) ဖွဲ့မြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၅) ချက် ပါရှိသည်။

(၂.၁၃) PNLO သည် (၁၃) ဖွဲ့မြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၄) ချက် ပါရှိသည်။

ထို့ပြင် Code of Conduct ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သတင်းမီဒီယာ၊ တပ်ဖွဲ့ဝင်များ စားဝတ်နေရေး၊ ပြည်သူလူထု လုံခြုံရေးနှင့် အခြေခံစိုက်ပျိုးရေးကိစ္စများ တွေ့ရသည်။ စုစုပေါင်း အချက် (၈) ချက် သဘောတူညီချက် ရရှိခဲ့သည်။

(၂.၁၄) ABSDF သည် (၁၄) ဖွဲ့မြောက် EAO အဖွဲ့အစည်း ဖြစ်သည် (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)။ ၎င်းတို့၏ စာချုပ်တွင်လည်း အခြားစာချုပ်များနည်းတူ အချက် (၄) ချက် ပါရှိသည်။ ထို့ပြင် ABSDF မှ ပေးပို့ထားသည့် အချက် (၁၂) ချက်ပါ စာတမ်းကို ပြည်ထောင်စုအဆင့်တွင် ဆွေးနွေးရန် သဘောတူသည်။

## ၃။ အပစ်အခတ်ရပ်စဲခြင်းဖြင့် နိုင်ငံရေးအရွေ့ စတင်ခြင်း

UWSP၊ NDAA၊ DKBA၊ SSPP နှင့် KNU/KNLA PC အဖွဲ့အစည်းတို့သည် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးအဖွဲ့ (၁) နှင့်လည်းကောင်း၊ RCSS CNF ၊ KNU ၊ NMSP ၊ KNPP ၊ PNLO နှင့် ABSDF တို့သည် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးအဖွဲ့ (၂) နှင့်လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ALP သည် ရခိုင်ပြည်နယ် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း ဦးဆောင်သည့်အဖွဲ့နှင့်လည်းကောင်း၊ NSCN သည် နယ်စပ်ရေးရာဝန်ကြီးဌာနဗိုလ်မှူးကြီးကြည်နိုင်ဦးဆောင်သည့် အဖွဲ့နှင့်လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးသည် အပစ်အခတ် ရပ်ဆိုင်းကြမည်ဆိုသည့် အဆင့်သာဖြစ်ပြီး နိုင်ငံရေးအရွေ့ ဖြစ်ပေါ်လာအောင် တွေ့ဆုံဆွေးနွေးမှု စတင်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အချက်အလက်အားဖြင့်ဆိုလျှင် အနည်းငယ်သာ တွေ့ရပါသည်။ RCSS ၊ KNPP နှင့် ABSDF တို့က ပြည်ထောင်စု အဆင့်တွင်ဆွေးနွေးလိုသည်များကိုကြိုတင်၍ပေးပို့ထားသည် ကို တွေ့ရသည်။ သို့သော် နိုင်ငံရေးအရတော့ အနှစ်သာရ ရှိလှ သည်။ ဥပမာအားဖြင့် CNF ဆိုလျှင် ချင်းပြည်သူများက သောင်း သောင်းဖျဖျကြိုဆိုခဲ့ကြသည်။ ယင်းသည်နိုင်ငံရေးပြုပြင်ပြောင်း လဲမှုအတွက် ပြည်သူလူထု၏ နွေးထွေးပျူငှာစွာ ကြိုဆိုမှုနှင့် အားပေးထောက်ခံမှု ဖြစ်သည်။

အစိုးရက ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဟူ၍ သတ်မှတ်၍ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်သည်။ သို့သော် ABSDF သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ပြီး တိုင်းရင်းသားနယ်မြေများတွင် အခြေပြုသည့် ကျောင်းသား တပ်ဦး ဖြစ်သည်။ တဘက်တွင် KNU သည် ကရင်ပြည်နယ်ကို သာ အခြေခံခြင်းမဟုတ်ဘဲ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး စသည်တို့တွင်လည်း ပျံ့နှံ့နေပေသည်။ NSCN သည် လည်း စစ်ကိုင်းတိုင်းဒေသကြီးတွင် ပါဝင်နေသည်။

အစိုးရ အပစ်ရပ်လမ်းညွှန်ပါ ပြည်နယ်အဆင့် အချက် (၅) ချက်ကို စာချုပ်အများစုတွင် တွေ့ရသော်လည်း RCSS စာချုပ် တွင်(၈) ချက်၊ PNLO စာချုပ်တွင် (၈) ချက်၊ CNF စာချုပ်တွင် (၉) ချက် စသည်ဖြင့် ညှိနှိုင်းမှုများပြုလုပ်ထားသည်ကို တွေ့ရသည်။ ဤအဆင့်တွင် "ဖက်ဒရယ်၊" "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဟူသော စကားလုံးများကို အသုံးမပြုနိုင်သေးသောကြောင့် CNF က "ပြည်ထောင်စုအရေး၊" "တိုင်းရင်းသားအရေး" ဟု သုံးနှုန်းထား သည်။ Public Consultation ခွင့်ပြုခြင်းကို တွေ့ရသည်။ အချိန် ကာလအားဖြင့် ကြည့်ပါက ယုံကြည်မှု တည်ဆောက်နိုင်ရေး အတွက် ၂၀၁၁ မှ ၂၀၁၃ အထိ ကြာမြင့်ခဲ့သည်။ သို့နှင့်တိုင် KIO ၊ PSLF တို့နှင့် အပစ်အခတ်ရပ်စဲရေး မပြုလုပ်နိုင်ခဲ့ပေ။

## ၄။ KIO ၊ PSLF အပစ်အခတ်ရပ်စဲရေး

အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် KIO တို့သည် ၂၀၁၁ ခုနှစ်မှ စတင်၍ တွေ့ဆုံညှိနှိုင်းမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြသော် လည်း အပစ်အခတ်ရပ်စဲမှု မပြုလုပ်နိုင်ခဲ့ကြပါ။ KIO နှင့် UPWC တို့သည် ပြည်ထောင်စုအဆင့်ဟု ဆိုရမည့်အချက် (၇) ချက်ပါ ပဍိပက္ခလျှော့ချရေး သဘောတူညီချက်ကို ၂၀၁၃ ခုနှစ်၊ မေလ (၂၈-၃၀) ရက်များတွင် မြစ်ကြီးနားမြို့၌ ညှိနှိုင်းဆွေးနွေး ပြီး လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သဘောတူညီချက်တွင် ပစ်ခတ်တိုက်ခိုက်မှု လျှော့ချခြင်း၊ စောင့်ကြည့်ရေး၊ တပ်နေရာ ချထားမှုနှင့် IDP များအတွက် ပြန်လည်ထူထောင်ရေး စသည့် ကိစ္စရပ်များ ပါဝင်သည်။ အပစ်အခတ် ရပ်ဆိုင်းသည်ဟူသော သဘောတူညီချက် မပါရှိသည်မှ လွဲ၍ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်သဖွယ် ဖြစ်ပါသည်။

PSLF နှင့် UPWC တို့သည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက် နေ့တွင် မူဆယ်မြို့၌ ပြည်နယ်အဆင့်/ ပြည်ထောင်စုအဆင့်ဟု ဆိုရမည့် ကြိုတင်ညှိနှိုင်းဆွေးနွေးမှု ရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင်လည်း ရွှေလီမြို့၌ အလွတ် သဘော တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ သို့သော် နှစ်ဖက် လိုလားချက်များ၊ နိုင်ငံရေး အခြေအနေနှင့် စစ်ရေးအခြေအနေ များကြောင့် နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲမှု ပြုလုပ်နိုင် ခဲ့ခြင်း မရှိပါ။

## ၅။ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး

(၅.၁)ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေးသဘော တူစာချုပ်ကို ပထမဦးဆုံး လက်မှတ်ရေးထိုးသည့် အဖွဲ့သည် လည်း UWSP ပင် ဖြစ်သည်။ ပြည်ထောင်စုအဆင့် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက် နေ့တွင် လားရှိုးမြို့၌ပြုလုပ်ခဲ့သည်။ ပထမအကြိမ် အစည်းအဝေး တွင် အချက် (၈) ချက်ကို သဘောတူညီမှု ရရှိခဲ့သည်။ UWSP က နိုင်ငံတော်မှ ခွဲထွက်မည်မဟုတ်ကြောင်း အာမခံချက်ပေး သည့်အပြင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်

၎င်း၏စွမ်းရည်များကို လှူဒါန်းသွားမည်ဟု ဆိုပါသည်။ အဓိက အားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ စက်ရုံအလုပ်ရုံများ ပေါ်ထွန်းရေးနှင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ပါရှိသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူကြသည်။ ပြည်ထောင်စုအဆင့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ပန်ဆန်းမြို့၌ ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အချက် (၆) ချက်ကို သဘောတူညီနိုင်ခဲ့ကြသည်။ UWSP သည် လူမှုစီးပွားတိုးတက်ရေး ပညာရေး ကျန်းမာရေးကိစ္စများကိုပင် ထပ်လောင်း ဖော်ပြသည်။ သဘောတူညီချက် အမှတ်စဉ် (၅) တွင် UWSP နယ်မြေအတွင်းရှိမြို့နယ်များမှ ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်အဆင့်ဆင့်တွင် ပါဝင်ရေးနှင့်ပတ်သက်၍ ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဆိုပါသည်။ နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းရန် သဘောတူခဲ့ကြသည်။ UWSP နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) တို့သည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ကျိုင်းတုံမြို့၌ တွေ့ဆုံပြီး အချက် (၅) ချက်ပါ ထုတ်ပြန်ကြေညာချက်ကို ပူးတွဲ ထုတ်ပြန်ခဲ့သည်။

(၅.၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့် ဒုတိယအဖွဲ့အစည်းမှာလည်း NDAA ဖြစ်သည်။ ပြည်ထောင်စုအဆင့် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ကျိုင်းတုံမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ် အစည်းအဝေးတွင် အချက် (၇) ချက် သဘောတူညီမှု ရရှိခဲ့သည်။ NDAA စာချုပ်သည် UWSP စာချုပ်၏ အချက်အလက်များနှင့်အနှစ်သာရအားဖြင့်အတူတူပင်ဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းလားမြို့တွင် ဆက်ဆံရေးရုံးဖွင့်လှစ်ရန် သဘောတူခဲ့သည်။ ပြည်ထောင်စုအဆင့် ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် မိုင်းလားမြို့၌ ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ် အစည်းအဝေးတွင် အချက် (၆) ချက်ကို သဘောတူညီနိုင်ခဲ့ကြသည်။ UWSP စာချုပ်၏ အချက်အလက်များနှင့် အတူတူပင် ဖြစ်သည်။

(၅.၃) DKBA သည် တတိယမြောက် EAO အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ဖားအံမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အချက် (၆) ချက် သဘောတူညီမှု ရရှိခဲ့သည်။ ကရင်ပြည်နယ်ကို ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမျှ ခွဲမထွက်ရန် DKBA ကလည်း အာမခံချက်ပေးသည်ကို တွေ့ရသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်ရန်လည်း သဘောတူလိုက်သည်။ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး၊ စားဝတ်နေရေးနှင့် လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူကြသည်။ DKBA နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ကရင်ပြည်နယ်နှင့် မြိုင်ကြီးငူဒေသတွင် လက်နက်ကိုင်ပဋိပက္ခမဖြစ်ပွားစေရေး၊ လုံခြုံအေးချမ်းရေးအတွက် လုံခြုံရေးကိစ္စများကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅-၂၆) ရက်များတွင် ဖားအံမြို့၌ ဆွေးနွေးညှိနှိုင်းပြီး အချက် (၇) ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

(၅.၄) RCSS သည် စတုတ္ထမြောက် EAO အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုအဆင့် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် တောင်ကြီးမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ်အစည်းအဝေးတွင်အချက် (၁၁) ချက် သဘောတူညီမှုရရှိခဲ့သည်။ ဟိုမိန်းမြို့နယ်ခွဲနှင့် မုံးထမြို့နယ်ခွဲတို့အား RCSS ၏ ဌာနချုပ်နယ်မြေအဖြစ် သဘောတူနိုင်ခဲ့ကြသည်။ စီးပွားရေးရုံးနှင့် ဆက်ဆံရေးရုံးများဖွင့်လှစ်ရန် သဘောတူကြသည်။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန်လည်းကောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်ရန်လည်းကောင်း သဘောတူခဲ့သည်။ ပြည်ထောင်စုအဆင့်ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ကျိုင်းတုံမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ် အစည်းအဝေးတွင် အချက်ကြီး (၁၂) ချက်နှင့် အပိုဒ်ခွဲ (၆) ခု သဘောတူညီမှု ရရှိခဲ့ သည်။ RCSS တပ်ဖွဲ့ဝင်များနှင့် မိသားစုများ နေရာချထားရေးနှင့်ပတ်သက်၍အချက် (၆) ချက်ကို သဘောတူခဲ့ကြပြီး ၎င်းတို့၏ အသက်မွေးဝမ်း

ကျောင်းမှုအတွက် ရှမ်းပြည် မြို့ပေါင်း (၃၀) ကျော်တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ကိုသဘောတူခဲ့ကြသည်။ ထို့ပြင်ယင်ကျေးမှုမလေ့၊ ပရဟိတ၊ သတင်းနှင့် စာနယ်ဇင်း ထူထောင်ခွင့်၊ အကျဉ်းခံနေရသည့် RCSS တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး ကြီးကြပ်စောင့်ရှောက်ရေး၊ မတရားအသင်းမှ ပယ်ဖျက်ရေး၊ စီးပွားရေး၊ လူထုတွေ့ဆုံပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရေးကိစ္စများ ပါရှိသည်။

(၅.၅) SSPP သည် ပဉ္စမမြောက် EAO အဖွဲ့အစည်း ဖြစ်သည်။ ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့တွင် တောင်ကြီးမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အချက် (၅) ချက် သဘောတူညီမှု ရရှိခဲ့သည်။ ပင်လုံစိတ်ဓာတ်ကို အခြေခံ၍ ပူးပေါင်းဆောင်ရွက်ရန်၊ ဖွံ့ဖြိုးရေး၊ စားဝတ်နေရေး နှင့် လူမှုဘဝမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူကြသည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်ရန်လည်း ပါရှိသည်။

(၅.၆) NMSP သည် ဆဋ္ဌမမြောက် EAO အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုအဆင့် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့၌ပင် မော်လမြိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ် အစည်းအဝေးတွင် အချက်ကြီး (၄) ချက် နှင့် အပိုဒ်ခွဲ (၁၃) ခု သဘောတူညီမှု ရရှိခဲ့သည်။ အပစ်အခတ်ရပ်စဲပြီး (၄၅) ရက်အတွင်း နိုင်ငံရေးဆွေးနွေးပွဲ စတင်ရန်၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအထိ အဖွဲ့အစည်းအားလုံးနှင့် အပစ်ရပ်စဲနိုင်ခြင်းမရှိပါက အပစ်ရပ်အဖွဲ့အစည်းများနှင့်အစိုးရတို့နိုင်ငံရေးဆွေးနွေးပွဲစတင်ဖော်ဆောင်သွားရန် သဘောတူခဲ့သည်။ ဒေသ တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးတွဲညှိနှိုင်းဆောင်ရွက်ရန် ပါရှိသည်။ လူထု၊ နိုင်ငံရေးပါတီ၊ NGO၊ သတင်းဌာန၊ နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံခြင်း၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစသည့် အထွေထွေသဘောတူညီမှု (၁၀) ချက်ကိုလည်း တွေ့ရသည်။

(၅.၇) KNU သည် သတ္တမမြောက် EAO အဖွဲ့အစည်း ဖြစ်သည်။ ပြည်ထောင်စုအဆင့် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် ဖားအံမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ် အစည်းအဝေးတွင် အချက် (၁၁) ချက် သဘောတူညီမှု ရရှိခဲ့သည်။ ပြည်သူများ ကြောက်ရွံ့ခြင်းကင်းရေး၊ယုံကြည်မှုတည်ဆောက်ရေး၊သတင်းမီဒီယာ၊အကျဉ်းသားများလွှတ်ရေး၊ စောင့်ကြည့်ရေးနှင့် စိစစ်အတည်ပြုရေး စသည့်ကိစ္စရပ်များ ပါရှိသည်။ ပြည်ထောင်စုအဆင့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့တွင် ဖားအံမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ် အစည်းအဝေးတွင် ကြောက်ရွံ့ခြင်းကင်းသည့် ပြည်သူပြည်သားများအဖြစ် ဘဝရပ်တည်ရေးအာမခံရန်အတွက် တပ်ရွှေ့ပြောင်းရေးကိစ္စနှင့် နှစ်ဦးနှစ်ဖက် လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာကျင့်ဝတ်စည်းကမ်းများ (Ceasefire Code of Conduct) တို့ကို ဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက် (၄) ခု ချမှတ်နိုင်ခဲ့သည်။ အကျင့် (၃၄) ချက်ပါ Code of Conduct ကို မူအားဖြင့် သဘောတူခဲ့ကြသည်။

(၅.၈) CNF သည် အဋ္ဌမမြောက် EAO အဖွဲ့အစည်း ဖြစ်သည်။ ပြည်ထောင်စုအဆင့် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ မေလ (၇) ရက်နေ့တွင် ဟားခါးမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ် အစည်းအဝေးတွင် အချက် (၁၅) ချက် သဘောတူညီမှု ရရှိခဲ့သည်။ အပစ်အခတ်ရပ်စဲခြင်း၊ နယ်မြေသတ်မှတ်ခြင်း၊ ဆက်ဆံရေးရုံးများ၊ နိုင်ငံရေးဆွေးနွေးရာတွင်အခြေခံရမည့်မူဝါဒများ၊အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများ၊ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်ခြင်း၊ ပရဟိတအဖွဲ့များ၊ လူ့စွမ်းအားအရင်းအမြစ်၊ မူးယစ်ဆေးဝါး ပူးတွဲနှိမ်နင်းရေး၊ ပြည်ဝင်ခွင့် ဗီဇာ၊ ချင်းအမျိုးသားနေ့၊ CNF/CNA ဆိုင်ရာ ကိစ္စများ၊ အခြေခံအခွင့်အရေးများ၊ အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးနှင့် ပဋိပက္ခများ ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဟူ၍ အကြောင်းအရာ (၁၅) ခု ပါရှိသည်။ ပြည်ထောင်စုအဆင့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇-၉) ရက်များတွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ် အစည်းအဝေးတွင် အချက်ကြီး (၂၇) ချက်နှင့် အပိုဒ်ခွဲ (၆) ခု သဘောတူညီမှု ရရှိခဲ့သည်။ ချင်းအမျိုးသားရေးဆိုင်ရာ သဘောတူညီချက်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်၊ စစ်ဖက်ဆိုင်ရာသဘောတူညီချက်၊ ဖွံ့ဖြိုးရေး၊ လူမှုရေးနှင့်ယဉ်ကျေး

မှုစသည့် အကြောင်းအရာများ ပါရှိသည်။

(၅.၉) PNLO သည် နဝမမြောက် EAO အဖွဲ့အစည်း ဖြစ်သည်။ ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ မတ်လ (၃) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အချက်ကြီး (၁၀) ချက်နှင့် အပိုဒ်ခွဲ (၁၁) ခု သဘောတူညီမှု ရရှိခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရေးကိစ္စ၊ Code of Conduct ကိစ္စ၊ ဆက်ဆံရေးရုံး၊ စီးပွားရေးရုံးများကိစ္စ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားကိစ္စ၊ ကယ်ဆယ်ရေး၊ လူမှုရေး၊ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကဏ္ဍ၊ လူငယ်၊ အမျိုးသမီးနှင့် အလုပ်သမားကဏ္ဍ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကဏ္ဍနှင့် ဆွေးနွေးရေးမူတို့ ပါရှိသည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် UNFC တပ်ပေါင်းစုနှင့် တပေါင်းတစည်းတည်းဆွေးနွေးရန် PNLO ၏ တင်ပြချက်ကို မှတ်တမ်းတင်ထားသည်။

(၅.၁၀) KNPP သည် (၁၀) ဖွဲ့မြောက် EAO အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုအဆင့် ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဖွန်လ (၉) ရက်နေ့တွင် လွိုင်ကော်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ် အစည်းအဝေးတွင် အချက် (၁၄) ချက် သဘောတူညီမှု ရရှိခဲ့သည်။ တပ်စခန်းနှင့် လှုပ်ရှားဒေသများ သတ်မှတ်ခြင်း၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေး၊ IDP များ ပြန်လည်နေရာချထားရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စောင့်ကြည့်ရေး၊ စီးပွားရေး၊ အကျဉ်းသားများ လွတ်မြောက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစသည့်ကိစ္စရပ်များ ပါရှိသည်။ ကယားပြည်နယ်အတွင်း လေ့ကျင့်ရေးကျောင်း တည်ဆောက်ခြင်းနှင့် ရွာသစ်စီမံကိန်း ကိစ္စများကိုလည်း တွေ့ရသည်။ ပြည်ထောင်စုအဆင့် ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ ဖွန်လ (၂၀) ရက်နေ့တွင် လွိုင်ကော်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ် အစည်းအဝေးတွင် အချက်ကြီး (၈) ချက် နှင့် အပိုဒ်ခွဲ (၃) ခု သဘောတူညီမှု ရရှိခဲ့သည်။ ပထမအကြိမ်မှ အချက်အလက်များကို ဆက်လက်ဆွေးနွေးကြရာ ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေး ဖွဲ့စည်းမှုကိစ္စ၊ IDP များ ပြန်လည်နေရာချထားရေးအတွက် Pilot Project စသည်တို့ကိုသဘောတူနိုင်ခဲ့ကြသည်။ နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးနှင့် အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးလည်း ပါရှိသည်။ ပြည်ထောင်စုအဆင့် တတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်များတွင် လွိုင်ကော်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ တတိယအကြိမ် အစည်းအဝေးတွင် အချက်ကြီး (၇) ချက်နှင့် အပိုဒ်ခွဲ (၂) ခု သဘောတူညီမှု ရရှိခဲ့သည်။ ယခင် အချက်အလက်များအပေါ် ဆက်လက်ဆွေးနွေးကြရာ ကုန်သွယ်ရေးလမ်းကြောင်း လုံခြုံရေး၊ မြေမြှုပ်မိုင်းရှင်းလင်းရေး၊ စားဝတ်နေရေး၊ လျှပ်စီးမီးရရှိရေး စသည်တို့ကို သဘောတူခဲ့ကြသည်။

(၅.၁၁) ABSDF သည် (၁၁) ဖွဲ့ မြောက် EAO အဖွဲ့အစည်း ဖြစ်သည်။ ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အချက် (၁၃) ချက် သဘောတူညီမှု ရရှိခဲ့သည်။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး၊ စောင့်ကြည့်ရေး၊ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ ပါဝင်ရေး၊ အကျဉ်းသားများ လွတ်မြောက်ရေး၊ လူထုတွေ့ဆုံပွဲ၊ မတရားအသင်းမှ ပယ်ဖျက်ရေး၊ အမည်မည်းစာရင်းမှ ပယ်ဖျက်ရေး၊ NGO များနှင့် လုပ်ကိုင်ခွင့်၊ သတင်းဌာနာများနှင့် ဆောင်ရွက်ခွင့်၊ ဆက်ဆံရေးရုံး ဖွင့်လှစ်ရေး၊ Code of Conduct စသည်တို့ ပါရှိသည်။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ ကိစ္စရပ်များကို ဆက်လက် ဆွေးနွေးရန် သဘောတူခဲ့ကြသည်။

## ၆။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလမ်းကြောင်း ရှာဖွေခြင်း

EAO (၁၁) ဖွဲ့က ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲမှုကို ပြုလုပ်နိုင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ALP၊ KNU/KNLA PC နှင့် NSCN တို့သည် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲခြင်း မပြုလုပ်နိုင်ခဲ့ကြပေ။ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးမှုကို ABSDF ၊ DKBA ၊ PNLO ၊ NMSP နှင့် SSPP တို့က တစ်ကြိမ်စီ၊ CNF ၊ KNU ၊ NDAA ၊ RCSS နှင့် UWSP တို့က နှစ်ကြိမ်စီ၊ KNPP က သုံးကြိမ် ဟူ၍ အသီးသီး ပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးမှုအတွက် အစိုးရ၏

အပစ်ရပ်လမ်းညွှန်သည် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းအား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဘောင်ခတ် ထားပါသည်။ နိုင်ငံရေးပါတီ ထူထောင်ခြင်း (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံခြင်း)၊ တရားဥပဒေဘောင်ထဲ ဝင်ရောက်ခြင်းအတွက်သာ လမ်းဖွင့်ထားသည်။ UWSP နှင့် NDAA တို့၏ စာချုပ်များတွင် လမ်းညွှန် (၁) မှ (၄) အထိ တွေ့ရပြီး (၅) မှ (၈) အထိကို သွယ်ဝိုက်၍ဖော်ပြသည်။ သို့သော်အစိုးရလမ်းညွှန်မှုများကိုဋ်၎င်းတို့၏ ကိုယ်ပိုင်အယူအဆဖြင့် သဘောတူထားသည်ဟု ဆိုနိုင်သည်။ ယင်းစာချုပ်များကို လိုရာဆွဲ၍ အနက်ဖွင့်နိုင်ပေသည်။

DKBA စာချုပ်တွင်လည်း လမ်းညွှန် (၁) မှ (၄) ကို တွေ့ရသည်။ RCSS၊ PNLO နှင့် NMSP စာချုပ်များ တွင် လမ်းညွှန် (၃)၊ (၄) နှင့် ၎င်းတို့၏ အခြား အဆိုပြုချက်များကို တွေ့ရသည်။ SSPP စာချုပ်တွင် အပစ်ရပ် လမ်းညွှန် (၁) မှ (၄) အထိကို ၎င်းတို့၏ ကိုယ်ပိုင်အယူအဆဖြင့် သဘောတူထားသည်။ KNU ၊ KNPP နှင့် ABSDF တို့၏ စာချုပ်များတွင်တော့ အပစ်ရပ်လမ်းညွှန်မှုမှ တစ်ချက်မျှမပါရှိဘဲ ၎င်းတို့၏ အဆိုပြုချက်များကိုသာ တွေ့ရသည်။ CNF စာချုပ်တွင် အပစ်ရပ်လမ်းညွှန် (၁) မှ (၄) ကို ၎င်းတို့၏ ကိုယ်ပိုင်အယူအဆဖြင့် သဘောတူထားပြီး ၎င်းတို့၏ အခြား အဆိုပြုချက်များစွာကို တွေ့ရသည်။

ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကို ကြည့်ပါက တစ်နိုင်ငံလုံးအတိုင်းအတာ ဆောင်သည့် ကိစ္စများပါရှိသလို ဒေသအချို့နှင့် သက်ဆိုင်သော ကိစ္စများလည်း ပါရှိသည်။ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများ ပါရှိသလို လတ်တလော ဆောင်ရွက်ရမည့်ကိစ္စများလည်း ရှိသည်။ နစ်ဖက် စိုးရိမ်ချက်များ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ပြည်နယ်အဆင့်၊ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲခြင်းတွင် CNF သည် အချက်အလက်အများဆုံး (၅၁ ချက်) သဘောတူညီမှု ရရှိခဲ့သည်။ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ချင်းတောင်တန်းဒေသ၊ ကချင်တောင်တန်းဒေသ၊ ပြည်ထောင်စု ရှမ်းပြည်နှင့် The Government of Burma Act, 1935 အရ အုပ်ချုပ်ခဲ့သော နယ်မြေများကို ပင်လုံစာချုပ်အရ စုပေါင်း၍ ဖွဲ့စည်းတည်ထောင်သည့် ပြည်ထောင်စုဖြစ်သည်" ဟူသည့် သဘောတူညီချက်မျိုး ရရှိခဲ့ခြင်းသည် ကြီးမားသည့် နိုင်ငံရေးအယူအဆ အပြောင်းအလဲတရပ် ဖြစ်သည်။

အချုပ်ဆိုရလျှင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများက ပဏာမအဆင့် အပစ်အခတ်ရပ်စဲရေးကို အတိုင်းအတာတစ်ခုထိ ဖော်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာ ဆောင်သော အပစ်အခတ်ရပ်စဲခြင်းနှင့် ကျယ်ပြောသော ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် လိုအပ်သော အခြေခံများကို ပြင်ဆင်ပေးခဲ့သည်။ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု သဘောသဘာဝချင်း မတူညီမှုကြောင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များကိုလည်း ပုံစံအမျိုးမျိုးဖြင့် တွေ့ရသည်။ EAO အဖွဲ့အစည်းတစ်ခုချင်းစီကို တွေ့ဆုံဆွေးနွေးခြင်းသည် အစိုးရ၏မူ ဖြစ်သည်။ သို့သော် လက်တွေ့ ဆောင်ရွက်သည့်အခါ တစ်ဖွဲ့ချင်းကိစ္စများ ဆောင်ရွက်ရန်လိုအပ်သလို၊ စုပေါင်း၍ ဆောင်ရွက်ဖွယ်ရာများကိုလည်း ဆောင်ရွက်ရမည်ကို တွေ့လာရသည်။ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ၏ အဓိကအောင်မြင်မှုမှာ နိုင်ငံရေးအရွေ့ကို ဖော်ဆောင်နိုင်ခြင်းနှင့် အစိုးရ၏ ကနဦးလမ်းကြောင်းမှ နိုင်ငံရေးလမ်းကြောင်းသစ် (NCA လမ်းကြောင်း) ကို ရှာဖွေပေးနိုင်ခြင်း ဖြစ်သည်။

## ၇။ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ အကောင်အထည်ဖော်ခြင်း

အပစ်အခတ်ရပ်စဲရေး ပြုလုပ်နိုင်ခြင်းသည် ကောင်းမွန်သော တိုးတက်ဖြစ်ထွန်းမှု ဖြစ်သည်။ အကောင်အထည်ဖော်ဆောင်မှုတွင် အပစ်အခတ်ရပ်စဲခြင်း၊ ဆက်ဆံရေးရုံးများ ထူထောင်ခြင်း၊ လူထုတွေ့ဆုံပွဲနှင့် အမျိုးသားညီလာခံများ ကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ သို့သော် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကို တစ်ပိုင်းတစ်စ အကောင်အထည်ဖော် ဆောင်ရွက်ရာနေရာမှ NCA လမ်းကြောင်း ပေါ်ပေါက်လာသောကြောင့် NCA လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့ကြရသည်။ ထို့အပြင် အစိုးရ အပြောင်းအလဲကြောင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှု မရှိတော့ပေ။

⇨ စာမျက်နှာ (၂၉) သို့

# စစ်မှန်သော ပြည်ထောင်စု ဖြစ်ပါစေ




တရားမျှတမှုကို လူတိုင်း တန်ဖိုးထားကြသည်၊ လူတိုင်းကလည်း လိုလားကြသည်။ သို့သော် တရားမျှတမှုဆိုသည်ကို တစ်စုတစ်ဖွဲ့က အပိုင်ယူကြပြန်တော့လည်း သူတို့အတွက် တရားမျှတမှုက ပိုလျှံလျက်၊ တဖက် အုပ်စုအတွက်သည်ဖြင့် တော်ပြတ်သည့်အဖြစ်မျိုး ဖြစ်သွားပေသည်။ အုပ်စုကြီးက အုပ်စုငယ်ကို အနိုင်ယူခြင်းသည် တိရိစ္ဆာန်တို့၏ အလေ့အကျင့်တစ်ခုသာ ဖြစ်သည်။ ၎င်းကို လူ့အသိုင်းအဝိုင်းတွင် ကျင့်သုံးလာလျှင် ဤသည်မှာတိရိစ္ဆာန်ထက် အတွေးအခေါ်ညံ့ဖျင်းသည့်သဘောသက်ရောက်ပြီဟု မှတ်ယူနိုင်သည်။

နိုင်ငံရေးဟူသည် 'အာဏာ' ဖြစ်သည်ဟု နားလည်၍ ရသည်။ နိုင်ငံရေးပါတီ တည်ထောင်ခြင်း၊ နိုင်ငံရေးအရ ရသင့်ရထိုက်သည့် အခွင့်အရေး တောင်းခြင်းတို့သည် တနည်းပြောရလျှင် အာဏာအတွက် တိုက်ပွဲဝင်ခြင်းသာ ဖြစ်သည်။ ထိုအာဏာကို လိုလားခြင်းသည် အာဏာမျှတမှုတစ်ခု ရရှိနိုင်ရေးပင် ဖြစ်သည်။ အာဏာကို တစ်စုတစ်ဖွဲ့မှ အကုန်မချုပ်ကိုင်နိုင်ရန် အတွက် နည်းလမ်းမျိုးစုံဖြင့် တိုက်ပွဲဝင်ခြင်း ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် အာဏာအတွက် တိုက်ပွဲဝင်ပုံဝင်နည်း နှစ်မျိုးကို တွေ့ရှိနိုင်မည် ဖြစ်သည်။

(၁) အကြမ်းမဖက်သော နည်းလမ်း

(၂) အကြမ်းဖက် လက်နက်ကိုင်နည်းလမ်းဟူ၍ ဖြစ်သည်။

အာဏာကို ချုပ်ကိုင်သော အုပ်စုအနေဖြင့် ဖော်ပြထားသည့် အချက် (၂) ချက်နှင့် ရင်ဆိုင်ရလျှင် အကြမ်းမဖက်သည့် နည်းလမ်း အသုံးပြုသူများကို ဆူပူအုံကြွမှုကို ဖြစ်စေခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးမှုကို ပျက်ပြားစေသည့် လုပ်ရပ်ဟု နာမည်အမျိုးမျိုး သမုတ်နေကျပင် ဖြစ်သည်။ ထို့အတူ အကြမ်းဖက် လက်နက်ကိုင်အုပ်စုကိုလည်း သောင်းကျန်းသူ၊ သူပုန်၊ နိုင်ငံတော်ပုန်ကန်ခြင်း စသဖြင့် နိုင်ငံတော်တဝှမ်း မီတင်းနေထိုင်သည့် ပြည်သူများကို လှည့်ကွက်တစ်ခုအဖြစ် အသုံးပြုလျက်ရှိသည်။ နိုင်ငံသားဖြစ်ခြင်းသည် နိုင်ငံသားရပိုင်ခွင့် (တစ်နည်းပြောရလျှင် မွေးရာပါအခွင့်အရေး ရှိသူဖြစ်သည်)၊ လူမျိုးတစ်မျိုး၏ အမျိုးသားဂုဏ်အင်္ဂါရပ်နှင့် ပြည့်စုံသည့် အမျိုးသားအခွင့်အရေး ရပိုင်ခွင့်ရှိခြင်းဖြစ်သည်။ နိုင်ငံရေးစကားအားဖြင့် "အမျိုးသားတန်းတူရေး" ကို ဆိုလိုသည်။

လူမျိုးတစ်မျိုးသည် နိုင်ငံရေးအာဏာ အပြည့်အဝ ရရှိခြင်းနှင့် စာပေ၊ ယဉ်ကျေးမှုတို့ကို မူရင်းပိုင်ရှင် လူမျိုးတို့ကိုယ်တိုင် လွတ်လွတ်လပ်လပ် ကျင့်သုံးမြှင့်တင်ပိုင်ခွင့် ရရှိရေးတို့ ရှိရမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွင်းတွင် မတူကွဲပြားသည့် လူမျိုး၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ယုံကြည်ကိုးကွယ်မှု၊ စာပေတို့ကို လူမျိုးတစ်မျိုး သို့မဟုတ် အာဏာရရှိသည့် အုပ်စုတစ်စုမှ လွှမ်းမိုးလာလျှင် လူကြီးဝါဒလွှမ်းမိုးခြင်းသာမဟုတ်တော့ဘဲ အာဏာကို အလွဲသုံးစား၍ လူမျိုးတစ်မျိုး၏ ဂုဏ်အင်လက္ခဏာကို မေးမှိန်ပျောက်ကွယ်စေလိုသည့် လုပ်ရပ်လည်း ဖြစ်သည်။

မြန်မာ့နိုင်ငံရေးလောကတွင် နှစ်အတန်ကြာ လူထုနှလုံးသားနှင့် ပါးစပ်ဖျားတွင် ပျောက်ကွယ်လုဖြစ်သော စကားလုံးတစ်လုံးရှိသည်။ ဤသည်မှာ "ဖက်ဒရယ်"ဖြစ်သည်။ ဖက်ဒရယ်

ဟူသောစကားလုံးကို ပြောရန်နေနေသာသာ မစဉ်းစားရဲအောင် ဖန်တီးကြသည်။ ဖက်ဒရယ်သည် "ခွဲထွက်ရေး" ဖြစ်သည်ဟု ဝါဒဖြန့်နေကြသည်။ အမှန်စင်စစ်မှာ ဖက်ဒရယ် (Federal) ဟူသည် ပြည်နယ်အားလုံးကို စုဖွဲ့၍ ပြည်ထောင်စု တည်ထောင်ခြင်း၊ ဗဟိုနှင့် ပြည်နယ်ကြား နိုင်ငံရေးအာဏာ မျှတမှု ရှိရေးတို့ကို အချင်းချင်းဆွေးနွေး၍ သဘောတူညီမှုဖြင့် ကျင့်သုံးခြင်းနှင့် နှစ်ဦးနှစ်ဖက် နိုင်ငံရေးအရ သဘောတူညီမှုဖြင့် ပြည်ထောင်စုကို အတူတကွ ထူထောင်ခြင်းတို့ပင် ဖြစ်တယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင် ရှမ်းပြည်၊ ပင်လုံမြို့တွင် ချင်း၊ ကချင်၊ ရှမ်း၊ ဗမာ တို့သည် "ပင်လုံစာချုပ်" ဖြင့် နိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်ရန် သဘောတူခဲ့ကြသည်။ ထိုပင်လုံစာချုပ် ချုပ်ဆိုသည့် နေ့မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဟူသည် ပေါ်ပေါက်လာသည်။ တနည်းအားဖြင့် ဖက်ဒရယ်စနစ်ပင်ဖြစ်သည်။ ဤကာလမတိုင်ခင် နယ်ချဲ့ဗြိတိသျှတို့သည် ထိုလူမျိုးနှင့် ဒေသအသီးသီးကို သီးခြားစီ တိုက်ခိုက်သိမ်းပိုက်ပြီး၊ သီးခြားဥပဒေများဖြင့် သီးခြားစီ အုပ်ချုပ်ခဲ့သည်။ ကိုယ်ပိုင်နယ်မြေနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်သော လူမျိုးများဖြစ်ပြီး၊ သမိုင်းကြောင်း အခိုင်အမာရှိသည့် လူမျိုးများ ဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်တို့သည် အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံကို တန်းတူအခွင့်အာဏာရှိသော စနစ်ဖြင့် ထူထောင်ရန် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသော်လည်း နိုင်ငံရေးအာဏာကို ရယူခဲ့ကြသည့် ခေါင်းဆောင်များက ပြည်ထောင်စုဟူသော လေးနက်သည့်အဓိပ္ပါယ်ကို စာရွက်မှာသာ ချန်ထားခဲ့ပြီး လက်တွေ့တွင် တစ်ပြည်ထောင်စနစ်ဆီသို့ ဦးတည်မောင်းနှင်သည်မှာ နှစ်ပေါင်း (၇၀) ကျော်ပြီ ဖြစ်သည်။ ပြည်ထောင်စုစနစ်နှင့် ပတ်သက်၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြု လွှတ်တော်တွင် ပင်လုံစာချုပ်နှင့် ပတ်သက်၍ သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု ထူထောင်ခြင်းနှင့် သော်လည်းကောင်း အောက်ပါအတိုင်း ရှင်းလင်းခဲ့သည်။ "ပြည်ထောင်စုနိုင်ငံတော်လို့ ဆိုကတည်းက အခုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ Unitary Constitution လူမျိုးတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးမဟုတ်ဘဲနဲ့ လူမျိုးပေါင်းစုံ ပြည်ထောင်စုနိုင်ငံဆိုတဲ့ အဓိပ္ပါယ် သက်ရောက်ပါတယ်။" ဟု ဆိုခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တနည်းအားဖြင့် အပြောင်းအလဲ တစ်ခုဖြစ်လာခဲ့ရာ တိုင်းရင်းသားလူမျိုးများ မျှော်မှန်းခဲ့သော တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ဒီမိုကရေစီ ဖက်ဒရယ်အခွင့်အရေးဟူသည့် အပင်သည် လုံး၀ မရှင်သန်နိုင်တော့ဘဲ ပြည်တွင်းစစ်သို့ တဖြည်းဖြည်း ဆိုက်ရောက်လေသည်။

တက်လာသည့် အစိုးရအဆက်ဆက်သည် နိုင်ငံတော်၏ အမည်နာမကို အမျိုးမျိုးပြောင်း၍ အုပ်ချုပ်ခဲ့သည်။ လူမျိုးကြီးဝါဒ လွှမ်းမိုးနိုင်ရန် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် လည်းကောင်း၊ မြန်မာစာပေသင်ကြားခွင့် အပြည့်အ၀ပေးပြီး တိုင်းရင်းသားစာပေကို ပိတ်ပင်ခြင်း၊ ဗမာနိုင်ငံဟူသည်ကို မြန်မာနိုင်ငံဟူ၍ အမျိုးမျိုး ဖန်တီးခဲ့သည်။

လူမျိုးတစ်မျိုး၏ဂုဏ်အင်္ဂါရပ်ဆိုရာတွင် ယုံကြည်ကိုးကွယ်မှု၊ စာပေနှင့် မိမိတို့ လေးစားတန်ဖိုးထားသော ရိုးရာယဉ်ကျေးမှုစသည်တို့ကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ မြှင့်တင်ပိုင်ခွင့် အပြည့်အ၀နှင့် လွတ်လပ်စွာ ရရှိရမည်ဖြစ်သည်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံမျိုးတွင် ဘာသာတစ်ခုကိုသာ အခြေမခံသင့်ပေ။

၂၀၁၀ ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲမှ အစိုးရသစ်တက်လာသည့်အချိန်မှ စ၍ ပြည်ထောင်စု မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၊ တနည်းအားဖြင့် ဒီမိုကရေစီခြေလှမ်း စတင်ပြီဟု ဆိုနိုင်ပါမည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်ကို ဥပဒေပညာရှင်များက ထောက်ပြခဲ့ကြသကဲ့သို့ နိုင်ငံရေးလေ့လာသုံးသပ်သူများကလည်း ဝေဖန်ခဲ့ကြသည်။ ဒီမိုကရေစီအင်အားစုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ (NLD) အနေဖြင့်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို အကြိမ်ကြိမ် ကြိုးစားခဲ့သည်မှာ နိုင်ငံသူနိုင်ငံသားအားလုံး အသိပင် ဖြစ်ခဲ့သည်။ ယခုဆိုလျှင် ဒီမိုကရေစီအစိုးရသက်တမ်း (၂) ကြိမ်တိတိ၊ နှစ်အားဖြင့် (၁၀) နှစ် ရှိပြီဖြစ်သည်။ အရေးကြီး ဥပဒေပုဒ်မများကို ၂၀၂၀ ခုနှစ် အထိ ပြင်ဆင်၍ မရနိုင်သေးပါ။ လွှတ်တော်အတွင်းမှ ဥပဒေပြင်ဆင်နိုင်ရန် နိုင်ငံရေးပါတီခေါင်းဆောင်များ ဆက်လက်ကြိုးစားလျက်ပင် ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အင်

အားစုများအနေဖြင့် လွှတ်တော်ပြင်ပမှ ဥပဒေပြင်ဆင်ရန်နှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို ထူထောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာ့သမိုင်းတွင် ဗြိတိသျှကိုလိုနီ လက်အောက်သို့ နှစ် (၉၀) ကျော် ကျရောက်ခဲ့ပြီးနောက် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ နှစ်ပေါင်း (၇၀) ကျော် ရှည်လျားသောပြည်တွင်းစစ်ဖြစ်ပွားသည့် နိုင်ငံတစ်နိုင်ငံ အဖြစ်လည်း ကမ္ဘာ့အလယ်တွင် ထင်ရှားခဲ့သည်။ နိုင်ငံရေးပြဿနာကို စစ်မြေပြင်မှာသာ ဖြေရှင်းလာခဲ့ကြသည်။ ယခုအခါကျမှသာ နိုင်ငံ့ပဋိပက္ခကို စစ်မြေပြင်အစား နိုင်ငံရေးစားပွဲဝိုင်းပေါ်တွင် ဆွေးနွေးအဖြေရှာခွင့်ရရှိခြင်း ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် လူတစ်စု၊ ခေါင်းဆောင်တချို့၏ နိုင်ငံထူထောင်မှု စမ်းသပ်ခန်းတွင် နှစ်အတန်ကြာ ခံခဲ့ရသည်။ စမ်းသပ်ခံပေါင်း များလာလေလေ ကမ္ဘာ့အလယ်တွင် မျက်နှာငယ်လေလေဖြစ်ပြီး နောက်ဆုံးရလဒ်အဖြစ် ကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင် နိုင်ငံနှင့် လူမျိုးဘဝအဖြစ် ရပ်တည်ခဲ့ရသည်။

သို့ဖြစ်၍ တစ်စုတစ်ဖွဲ့၏ အကျိုးထက် တိုင်းသူပြည်သားအားလုံး ညီတူညီမျှ အကျိုးတူခံစားရေးကိုသာ အဓိက ရှေးရှုသင့်ပါသည်။ သို့မှသာ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးဆီသို့ ဦးတည်သွားနိုင်မည် ဖြစ်ပါသည်။

✍ *Salai Kyaw Aung*

# bmoa&;ui f&Sonf'

## 'Secularism'

✍ **Tam Kui**




အလယ်ခေတ် ရောက်လာသောအခါ ဥရောပနိုင်ငံများရှိ ဘုရင်များကို ခရစ်ယာန်ဘုန်းတော်ကြီး ပုပ်ရဟန်းမင်းကြီးက ဆီလူးပြီး ဘိသိက် ပေးရသည်။ ဘုရင်များကို ဘုရားသခင်ရွေးကောက်တော်မူသည် Divine Rights of Kingship ဟုယုံကြည်လက်ခံရာပုရဟန်းမင်းကြီး၏လုပ်ဆောင်ချက်သည်အလိုတော်အတိုင်းဖြစ်သည်ဟု အကြွင်းမဲ့ ယုံကြည်လက်ခံကြသည်။ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ ရှိကြသည်။ သို့ဖြစ်၍ ဥရောပသမိုင်း၌ ပုပ်ရဟန်းမင်းကြီးနှင့် ဘုရင်များအကြား အာဏာလွန်ဆွဲပွဲအကြီးအကျယ် အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့သည်။

အရှုပ်တော်ပုံများအနက် ဂျာမန်အင်ပါယာဘုရင် Henry-VI နှင့် Pope Gregary-VII တို့၏ အရှုပ်တော်ပုံသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး Pope Gregary-VII ဖြုတ်ချသည့်နောက်ပိုင်းတွင် ဘာသာရေးနှင့် နိုင်ငံရေးအကြားတွင် စည်းခြားလိုသည့်ဆန္ဒ ပြင်းပြလာခဲ့သည်။ ကာသိုလိပ်ဂိုဏ်းချုပ်ကြီးက အရာရာ စိုးမိုးခြယ်လှယ်မှုကို မကျေနပ်၊ မနှစ်မြို့ကြသော လူထုကြီးကို Martin Luther က ဦးဆောင်လာပြီး Protestant ဂိုဏ်းကို တည်ထောင်ခဲ့သည်။ Martin Luther ၏ လွတ်မြောက်ရေးကြွေးကြော်သံသည် ဥရောပတခွင်ကို လွှမ်းမိုးခဲ့သည်။

ဘာသာရေးဦးတည်ချက် များစွာရှိသည့်အနက်မှ အဓိက

အချက်မှာ ရုပ်နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ နစ်ပါးစလုံး တိုးတက်ဖွံ့ဖြိုး ရေးပင်ဖြစ်သည်။ လက်တွေ့ ကျင့်သုံးသည့်အခါ ချိန်ခွင်လျှာ မညီမျှမှုအမြဲဖြစ်ပွားလျက်ရှိသည်။ဘာသာတရားတိုင်းကလွတ် မြောက်မှုကို မြတ်နိုး တောင်းဆိုလေ့ရှိကြသည်။ ၎င်းအတွက် အသက်စတေးသည်အထိ တိုက်ပွဲဝင်ကြရသည်။ အာဇာနည်ရဲ ကောင်းများလည်း များစွာ ပေါ်ထွန်းလာခဲ့သည်။ သို့သော်လည်း ၎င်းတို့ ဂိုဏ်းဂဏအတွင်းတွင်မူ လွတ်လပ်မှုကို ၎င်းတို့ဆန္ဒ အတိုင်း ဘောင်ခတ် ကျင့်သုံးလာကြပြန်သည်။ ဝါဒ မတူကွဲပြား သူများ၏ အခွင့်အရေးကိုမူ ချိုးဖောက်ခဲ့ပြီး ပြည်နှင်ဒဏ်ပေး ခြင်းနှင့် အချို့သူများကို ကွပ်မျက်သည်အထိ ပြင်းထန်လာ သည်။ ဘာသာတရား (ဘုရား) ကို အမည်ခံအဖြစ် ပြုလုပ်လာ လျှင် အရာရာတိုင်းသည် တရားမျှတမှုရှိသည်ဟု လွဲမှားစွာ ယုံကြည်လေ့ရှိကြသည်။

ထိုကဲ့သို့သော အခြေအနေအောက်တွင် လူသားများက ဆုံးဖြတ်ချက် မချမှတ်နိုင်သည့်အချိန်၊ အကြီးအကဲနှင့် သာမန် အရပ်သားများ၊ ဆင်းရဲသူနှင့် ချမ်းသာသူ၊ ယုံကြည်သူနှင့်မယုံ ကြည်သူ၊ လူဖြူလူမဲ၊ လူမျိုးရေးမတူကွဲပြားမှုစသည့်များအကြား ခွဲခြားမှုမရှိသည့် စည်းမျဉ်းဥပဒေနှင့် လူသားများကို လူသား အဖြစ် အသိအမှတ်ပြုပြီး ၎င်းတို့အခွင့်အရေးနှင့် အခြေခံအခွင့် အရေး ရှင်သန်ခွင့်ကို ကာကွယ်ထိန်းသိမ်းပေးသည့် အစိုးရ တရပ်လိုအပ်ကြောင်းသိရှိလေ့ရှိသည်။ထိုကဲ့သို့အစိုးရအောက် ၌နေထိုင်လိုသော လူ့အဖွဲ့အစည်းများ၊ နယ်မြေတစ်ခု၌ စုရုံးနေ ထိုင်သူများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ခံယူချက် တန်ဖိုးတူညီသူများသည် အမျိုးသားတစ်ခုအဖြစ် စုစည်းရပ် တည်လာရသည်။ ၎င်းသည် Ethnic လူမျိုးနွယ်စုတစ်ခုအပေါ် အခြေခံ တည်ဆောက်ခြင်းမဟုတ်ဘဲ တန်းတူမှုတန်ဖိုးအပေါ် တွင် အခြေခံပြီး တိုင်းပြည်တစ်ခု၊ အမျိုးသားတရပ်အဖြစ် ရပ် တည်ခြင်း ဖြစ်သည်။

ဥရောပတခွင်ရှိ တိုင်းပြည်များသည် ဤနည်းလမ်းအရ Nations တိုင်းပြည်များ ဖြစ်လာကြသည်။ ဗြိတိသျှနိုင်ငံကိုကြည့် လျှင် ရှင်းသွားလေမည်။ ဤသို့ နိုင်ငံတော်များ ထွန်းကားလာ သည်နှင့်အမျှ တဘက်တွင်လည်း ဘာသာရေးကင်းရှင်းသည့် ဝါဒ Secularism အယူအဆ ပေါက်ဖွားလာသည်။ ဆိုလိုရင်းမှာ နိုင်ငံရေးအာဏာစက်နှင့် ဘာသာရေး ကင်းရှင်းရေးပင် ဖြစ် သည်။တနည်းအားဖြင့် ဘာသာရေး၌အစိုးရကဝင်မစွပ်ဖက်ရေး သို့တည်းမဟုတ် အစိုးရအာဏာစက်၌ ဘာသာရေး ဝင်မစွက် ရေး ဤနှစ်ခုအကြား ပြတ်သားစွာ စည်းခြားထားရေး ဖြစ်သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံ တော်တော်များများတွင် ဤမူဝါဒကို ပေါ်လစီအဖြစ် ချမှတ် ကျင့်သုံးနေကြပေပြီ။

သို့သော် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် နေရာဒေသနှင့် အခြေအ နေကိုလိုက်ပြီး အမျိုးမျိုး ကွဲပြားခြားနားကြသည်။ တချို့ကမူ အစိုးရများသည် ဘာသာတရားတိုင်းတွင် ခွဲခြားမှုမရှိဘဲ လွတ် လပ်စွာကိုးကွယ်ခွင့်ပေးပြီတကာလတန်းတူဆက်ဆံသင့်သည် ဟု ဆိုသည်။ Religion Freedom နှင့် ထပ်တူထပ်မျှဖြစ်သည်ဟု ယူဆရပေသည်။ အနောက်နိုင်ငံများကမူ ဘာသာတရားသည် လူတစ်ဦးချင်း/တသီးပုဂ္ဂလနှင့်သာ သက်ဆိုင်သည်ဟု ရိုးရှင်း စွာ မြင်ကြသည်။ ယုံကြည်သူနှင့် ၎င်းတို့ယုံကြည်သည့် ဘုရား သခင်အကြား ဆက်ဆံရေးမျှသာဖြစ် သည်ဟုဆိုကြသည်။ တချို့ကျပြန်တော့လည်း ဘုရားသခင် သို့မဟုတ် ဘာသာရေး နှင့် လုံးဝ ကင်းရှင်းသည့် အစိုးရဖွဲ့စည်းခြင်းဟု ဖွင့်ဆိုကြရာ ကွန်မြူနစ်အစိုးရသည်သာ ဘာသာရေးနှင့်လုံးဝကင်းရှင်းသည့် အစိုးရ Secular government အပီသဆုံးဟု ဝါကြွားလေ့ရှိပြန် သည်။

ဘာသာရေးကင်းရှင်းသည့် ဝါဒသည် အနောက်နိုင်ငံ ခရစ်ယာန်အသိုင်းအဝိုင်းအတွင်း၌ မြစ်ဖျားခံခဲ့သဖြင့် အနောက် တိုင်းနိုင်ငံ ခရစ်ယာန်ယဉ်ကျေးမှုနှင့် ကင်းရှင်းမှုမရှိလှပဟု ထင် မြင်ကြသည်။ အလယ်ခေတ် ဥရောပတခွင်တွင် ကာသိုလစ် ဂိုဏ်းတစ်ခုတည်း ရပ်တည်ခဲ့စဉ်ကာလက ဤဝါဒသည် မယုံ ကြည်သူများ၏ ပစ္စည်းကဲ့သို့ ယူဆသဖြင့် နှုတ်မှ ဖွင့်ဟပြောဆို လျှင်ပင် ဘာသာရေးသစ္စာဖောက်အဖြစ် ကင်ပွန်းတပ်ပြီး ကွပ် မျက်လေ့ရှိသည်။ ဤသို့ဖြင့် လူတော်တော်များများ အသက် စတေးခဲ့ကြသည်။ အီတလီပြည်သား သိပ္ပံပညာရှင် Galileo Galilei 1564-1642 ကိုပင် ယခင် Nicolas Capernieus ၏ နေမင်းသည် ကမ္ဘာကြီးကို ပတ်သည်မဟုတ်၊ ကမ္ဘာကသာ နေမင်းကို လှည့်သည် ဟူသောအဆိုကို ထောက်ခံပြောဆိုရုံ ဖြင့် ဘာသာရေးသြဝါဒနှင့် ဆန့်ကျင်သူ၊ ဘာသာရေး သစ္စာ ဖောက်သူအဖြစ် သတ်မှတ်ကာ ပြည်နှင်ဒဏ် ပေးခဲ့သည်။ ဘာသာရေးချုပ်ချယ်မှု ပြင်းထန်သည့်ကာလတွင် ဘာမဟုတ် သည့်အရေးကိစ္စ အသေးအဖွဲ့ကလေး တစ်ခုကြောင့်ပင် မီးရှို့

သတ်ဖြတ်သည်အထိ အပြစ်ပေးလေ့ရှိသည်။ ဓမ္မကျမ်းစာကို ဘုန်းတော်ကြီးနှင့် အထူး အခွင့်အရေးပေး ခြင်းခံရသူမှတပါး မည်သူမျှ လက်ဝယ်ပိုင်ဆိုင်ခွင့်မရှိ၊ အထက်ကဆိုသည့်အတိုင်း ဤချုပ်ချယ်မှုကြီးကို တွန်းလှန် ဖြေရှင်းနိုင်သူမှာ ဂျာမနီနိုင်ငံသား Martin Luther ဖြစ်သည်။ "တိုင်းပြည်အုပ်ချုပ်ရေးအာဏာသည် ဘုန်းတော်ကြီးများနှင့် မသက်ဆိုင်၊ အုပ်ချုပ်သူများ (နိုင်ငံသားများ) နှင့်သာ သက်ဆိုင်ပြီး၊ အချုပ်အခြာအာဏာသည် ပြည်သူလူထုအပေါ် တည်မှီသည်" ဟု ပြတ်သားစွာ လွတ်လပ်မှုကို ကြွေးကြော်ခဲ့သည်။ ၎င်း၏ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု စတင်ခဲ့သည့်အချိန်ကစပြီး လွတ်လပ်မှု လင်းရောင်ခြည်သည် အသွင်သဏ္ဌာန်သစ်ဖြင့် ကမ္ဘာကို နိုးထစေသည်။

ကမ္ဘာတဝှမ်းလုံး၌ နိုးထမှုနှင့် ပြုပြင်ပြောင်းလဲမှု အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ဘူးသည်။ အတွေးအခေါ်ဟောင်းများကို စွန့်ပစ်ပြီး အတွေးအခေါ်သစ်များ မျိုးစေ့ချ ပျိုးထောင်ခဲ့သည်။ Protestant ဂိုဏ်းသစ်ကြီး ပေါ်ထွန်းလာပြီးနောက် ပြည်သူလူထု၏ လွတ်လပ်မှု ပိုမို ကျယ်ပြန့်လာသည်။ အတွေးအခေါ်သစ်ဖြစ်သည့် လူထုဒီမိုကရေစီ၊ အမျိုးသားရေး နိုင်ငံတော်သစ်များ၊ ဘာသာရေးကင်းရှင်းသည့်ဝါဒ၊ တီထွင်ဆန်းသစ်မှု၊ စက်မှုတော်လှန်ရေး စသည်များ ပေါ်ထွန်းလာရန် လမ်းပွင့်သွားခဲ့သည်။ ဤအရာအားလုံးကို ရယူပိုင်ဆိုင်နိုင်ခဲ့သော ဥရောပနိုင်ငံများ အထူးသဖြင့် အင်္ဂလန်နိုင်ငံက နေမဝင် အင်ပါယာပိုင်ဆိုင်သည်အထိ တန်ခိုးသြဇာ ကြီးထွားလေသည်။

ဥရောပ ခရစ်ယာန်နိုင်ငံတို့သည် ဘာသာရေးကင်းရှင်းသည့်ဝါဒကို ချစ်မြတ်နိုးသည့်အပြင် ရှင်သန်ခြင်းအတွက် ကျင့်သုံးနေခြင်းကို ဘာသာရေးရှုထောင့်တစ်ခုတည်းမှ ကြည့်လျှင် အလွန်ပင် အံ့အားသင့်ပေသည်။ အကျယ်သဘောဖြင့် ခြုံ၍ကြည့်လျှင် မလုပ်မဖြစ်သော အနေအထား၌ရှိသည်ဟု ဆိုထိုက်ပေသည်။ ရိုးရှင်းစွာ ပြောမည်ဆိုလျှင် ခရစ်ယာန်ဘုန်းတော်ကြီးများ၏ အုပ်ချုပ်ရေးအာဏာ ဝင်ရောက် စွပ်ဖက်မှုရန်မှ ကာကွယ်တားဆီးရေးပင် ဖြစ်သည်။ ၎င်းလက်ထက်တွင် ခရစ်ယာန်ဘုန်းတော်ကြီးများ နိုင်ငံရေးအာဏာမှ ဖယ်ရှားရန် ကြိုးစားခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများက နှစ်စဉ်ပေးဆောင်လျက်ရှိသော အခွန်ဘဏ္ဍာငွေကို ရပ်စဲပစ်သည်။ သာသနာပိုင်နယ်မြေများကို သိမ်းယူပြီး ၎င်းကို ထောက်ခံသော ပြည်သူများသို့ မျှဝေပေးသည်။ ဘုန်းတော်ကြီးများ၏ တော်လှန်ပုန်ကန်မှုကိုလည်း ချုပ်ငြိမ်းသည်အထိ နှိမ်နင်းပြီး အခြားဘုန်းတော်ကြီးများကို ဘုရင်မ၏ ထိန်းချုပ်မှုအောက်၌ အပြီးအပိုင် သွတ်သွင်းပစ်လိုက်သည်။ ဤလှုပ်ရှားမှုကြောင့် ကမ္ဘာ့သမိုင်း၌ လောကီရေးရာနှင့် လောကုတ္တရာရေးရာ ကိစ္စနှစ်ခုအကြား စည်းခြားသည့် ဘာသာရေးကင်းရှင်းသည့်ဝါဒ ကျောက်တိုင်စိုက်ထူနိုင်ခဲ့သည်။

ဘာသာရေးကင်းရှင်းသည့်ဝါဒ စတင် ကျင့်သုံးလာသည့် အချိန်တွင် ဘာသာရေး၏ ချုပ်ချယ်မှု တဖြည်းဖြည်း လျော့ရဲလာပြီး အုပ်ချုပ်ရေးအာဏာ တဖြည်းဖြည်း ကြီးထွားလာသည်။ အုပ်ချုပ်ရေးနယ်မြေ ကျယ်ပြန့်လာသည့်အခါ နယ်ပယ်တစ်ခုအတွင်း ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကုန်သွယ်ရေး ပီပြင်စွာ တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် သွေးစည်းညီညွတ်မှု ဖြစ်ထွန်းစေသည်။

နောက်တဖန် ပြည်သူတွေ ပိုမိုလွတ်လပ်လာပြီး ပါလီမန်စနစ်ပေါ်ပေါက်လာသည်။ မင်းဆိုးမင်းညစ်များ အခန်းကဏ္ဍမှေးမှိန်လာသည်။ စက်မှုတော်လှန်ရေး၏ အကျိုးသက်ရောက်မှုကြောင့် ကုန်ထုတ်လုပ်မှု ပိုမိုအားကောင်းလာသည်။ စားဝတ်နေရေး အဆင်ပြေလာသည်။ နိုင်ငံရေးအခြေအနေလည်း ပြောင်းလဲလာသည်။ လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်ရှိပြီးနောက်ပိုင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ တိုးပွားလာသည်။ အင်္ဂလန်နိုင်ငံက ၎င်းကို အမိအရ အသုံးချပြီး နေမဝင်အင်ပါယာကြီး တည်ဆောက်နိုင်ခဲ့သည်။ တဖက်ကကြည့်လျှင် ဤအရာအားလုံး ဖြစ်ထွန်းစေသောအရာကား ဘာသာရေးကင်းရှင်းသည့်ဝါဒပင် ဖြစ်သည်။ နယ်ပယ်တစ်ခု၌ အခြေချနေထိုင်သူများအား စုရုံးသွေးစည်းစေသည်ဟု ယူဆကြပြီး တန်ဖိုးထားလာကြသည်။ အချို့ကမူ နိုင်ငံသားဘာသာရေး Civil Religion ဟုပင် တင်စားကြသည်။

ဥရောပ တတ်သိပညာရှင်များသည် ဘာသာရေးကင်းရှင်းသည့်ဝါဒကို တန်ဖိုးထားလာကြသည်။ အခြေချရာ အရပ်တိုင်းတွင် မျိုးစေ့ချပျိုးထောင်ပေးလေ့ရှိသည်။ အမေရိကန်နိုင်ငံသည် အအောင်မြင်ဆုံးနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံကလည်း လက်ခံကျင့်သုံးနေသည်။ အနောက်တိုင်းသားများ ပိုင်ဆိုင်သည့် အင်ပါယာတစ်ခုလုံး လွှမ်းမိုးလာခဲ့သည်။ လွတ်လပ်မှုနှင့် ဒွန်တွဲနေလေရာ လူမျိုးပေါင်းစုံနေထိုင်ပြီး ဘာသာတရားပေါင်းစုံ

ယုံကြည်ကိုးကွယ်သော တိုင်းသူပြည်သားများအတွက် ဤဝါဒသည် သွေးစည်းမှုကို အားကောင်းစေသဖြင့် အသိပညာရှင်များနှင့် ခေါင်းဆောင်များက အလွန်မြတ်နိုးကြသည်။ လူနည်းစုများနှင့် ဂိုဏ်းဂဏငယ်များအတွက် လူမျိုးကြီးများ၏ ဝါးမျိုမှုအန္တရာယ်မှ ကာကွယ်နိုင်သောမဟာတံတိုင်းသဖွယ်မှတ်ယူနေကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံကဲ့သို့ လူမျိုးပေါင်းစုံနေထိုင်သောတိုင်းပြည်အတွက်ဆီလျော်သည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူ၊ မူဆလင်နှင့် ရိုးရာနတ်ဘာသာစသည့် ဘာသာရေးဂိုဏ်းဂဏအားလုံးအတွက် တစ်ခုနှင့်တစ်ခုအကြား အတိမ်းအစောင်းမရှိ ထိန်းညှိပေးနိုင်သည့်ဝါဒ ဖြစ်သည်။

လူ့အကြိုက် နတ်မလိုက်နိုင် ဆိုသည့်အတိုင်း ဘာသာရေးကင်းရှင်းသည့်ဝါဒသည် လွတ်လပ်မှုနှင့် တန်းတူမှု (ဘာသာရေးအရ)ကို ပေးစွမ်းနိုင်သည့်အရာဟု မျှော်လင့်ကြသော်လည်း တချို့ကမူ လုံးဝဆန့်ကျင် ကန့်ကွက်ကြသည်။ ဆန့်ကျင်ရသည့် အကြောင်းအချက်များမှာ -

(၁) ခရစ်ယာန်ယဉ်ကျေးမှု ဓလေ့ထုံးတမ်း လွှမ်းမိုးသည့် အနောက်နိုင်ငံများက ဘာသာရေးကင်းရှင်းသည့် ဝါဒကို ခုတုံးလုပ်ပြီး နယ်ချဲ့နေကြသည်ဟု ခရစ်ယာန်မဟုတ်သူများက ယူဆကြသည်။ အမေရိကန်နိုင်ငံ တစ်ခုတည်းကပင် လွတ်လပ်မှုတရားကို ကြွေးကြော်အသုံးချလျက် ကမ္ဘာကြီးတစ်ခုလုံးကို နေ့စဉ်ရက်ဆက် ကျူးကျော်နေသည်။ အထူးသဖြင့် လူငယ်တို့၏ ဘဝကို အောက်ခြေလွတ်ပျက်စီးစေသည်ဟု ခရစ်ယာန် မဟုတ်သူများက ယူဆကြသဖြင့် ဆန့်ကျင်ကြသည်။

(၂) ဘာသာတရားတိုင်းသည် တဆူတည်းသော ဘုရားသခင်ကို ကိုးကွယ်ကြသည်ဟု ဆိုနိုင်ပေသည်။ သို့သော် သုံးပါးတစ်ဆူ၊ တစ်ပါးတစ်ဆူအပေါ်၌ အယူဝါဒ ကွဲလေသည်။ ဂျူးဘာသာနှင့် မူဆလင်ဘာသာဝင်တို့က တစ်ဆူတည်း (တစ်ပါးတစ်ဆူ) ရှိသည်ဟု ယုံကြည်လက်ခံကြကာ ဂျေဟောဝါနှင့် အာလဘုရားဟု အသီးသီးအမည်မှည့်ခေါ်ကြသည်။ ခရစ်ယာန်ဘာသာ၌မူ သုံးပါးတစ်ဆူ (ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်) ကို ယုံကြည်လက်ခံကြသည်။ ဟန္ဒူဘာသာ၌လည်း ဖန်ဆင်းရှင် Abrahma၊ ကွယ်ကာရှင် Vishnu နှင့် ဖျက်ဆီးရှင် Shiva ရှိသည်ဟု ယုံကြည်လက်ခံကြသည်။ Sikh ဘာသာက အမှန်တရား Truth ကို ကိုးစားသည်။ ဗုဒ္ဓဘာသာကမူ ၎င်းတို့ ယုံကြည်သည့်အရာ၌ဘုရားသခင်အလိုအလျောက်ကိန်းဝပ်တော်မူပြီဟု ယူဆဟန်တူသည်။ ဘုရားသခင်ကို အမည်နာမဖော်ကျူးလေ့မရှိကြ။ တစ်ဆူတစ်ပါးဘုရားကို ကိုးကွယ်ကြသော လူမျိုးများသည် မိမိတို့ဘာသာကို လူမျိုးအမည်နာမအဖြစ် လက်ကိုင် ကျင့်သုံးကြသည်။ ဂျူးဘာသာဝင်များက ဂျူးလူမျိုး၊ အစ္စလမ်ဘာသာဝင်များက မူဆလင်လူမျိုး (မူဆလင်)၊ Sikh ဘာသာဝင်များက Sikh လူမျိုးအဖြစ် ရပ်တည်လာကြပြီး ဘာသာရေးကင်းရှင်းသည့်ဝါဒကို ဆန့်ကျင်ကန့်ကွက်သည့် ဘာသာရေး အစွန်းရောက်ဝါဒီများ ဖြစ်ကြသည်။

(၃) ဘာသာရေးအစွန်းရောက် အကြမ်းဖက်သမားများသည် အနောက်နိုင်ငံများ မြတ်နိုးသော ဘာသာရေး ကင်းရှင်းသည့်ဝါဒအားဖြင့် လူ့ဘဝ ပြုပြင်ထိန်းသိမ်းရေးထက် ပျက်စီးယိုယွင်းမှု ပိုမိုဖြစ်စေသည်ဟု ယူဆကြသည်။ အနောက်နိုင်ငံများ၏ လျော့ရဲလှသော လူနေမှုဘဝ Lose Society သည် ဘာသာရေးအယူဝါဒ၏ သွန်သွင်မှုကင်းမဲ့သည့် ဤဝါဒကြောင့်ဖြစ်သည်ဟု ပြစ်တင်ဝေဖန်ကြသည်။

(၄) ဒုတိယကမ္ဘာစစ်အပြီး ပေါ်ထွက်လာသော နိုင်ငံတော်သစ်များက ဤမှုဝါဒကို ကျင့်သုံးခဲ့ကြသော်လည်း ယင်းတို့၏ နိုင်ငံရေးဦးတည်ချက် (နိုင်ငံရေးလွတ်လပ်မှုမြှင့်တင်ရေး၊ စီးပွားရေးမြှင့်တင်ရေး၊ လူမှုဖူလုံရေး) အတိုင်း လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်ရာမှာ ပြည်သူတို့၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းနိုင်စွမ်း မရှိခဲ့ပေ။

(၅) အဖွဲ့အစည်းများ၊ ဘာသာရေးဂိုဏ်းများနှင့် လူမျိုးများအကြား အချင်းဖြစ်ပွားလေ့ရှိသည့်အခါ ဘက်မလိုက်ဘဲ ဖြေရှင်းပေးသည့် နည်းလမ်းအပေါ် မကျေမနပ် ဖြစ်ကြသည်။ ဥပမာအဖြစ် သီရိလင်္ကာနိုင်ငံအကြောင်းလေ့လာကြစို့။ ဆင်ဟာလီလူမျိုးတို့သည် လူမျိုးစုဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ တဖက်တွင် တမီးလ်လူမျိုးတို့သည်လူနည်းစုဖြစ်လျက်ဟိန္ဒူ၊ခရစ်ယာန်၊မူဆလင်ဘာသာများကို ကိုးကွယ်ယုံကြည် သက်ဝင်ကြသည်။ တမီးလ်လူမျိုးတို့သည် နိုင်ငံမြောက်ပိုင်းတွင် နေထိုင်ကြ

ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုကြသည်။ ထိုအခါ ဆင်ဟာလီလူမျိုး ဗုဒ္ဓဘာသာဝင် ဘိက္ခုများက အဓိက အခန်းကဏ္ဍက ဦးဆောင်ပြီး အပြင်းအထန် နှိပ်ကွပ်ကြသည်။ ထို့အပြင် တမီးလ်လူမျိုးတို့၏ တောင်းဆိုချက်ကို ထောက်ခံခဲ့ကြသော နိုင်ငံရေး ခေါင်းဆောင်များကိုပင် အမျိုး၊ဘာသာ၊သာသနာကိုစော်ကားသူ/သစ္စာဖောက်သူများဟု ကင်ပွန်းတပ်ကာ အကြမ်းဖက်၍ ရှင်းလင်းသုတ်သင်ပစ်လေသည်။ မိမိတို့၏နိုင်ငံရေးအကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်ပြီး အခြေအနေနှင့် နေရာဒေသကို လိုက်၍ပုတ်သင်ညိုအရောင်ပြောင်းသကဲ့သို့လိုက်ပြောင်းသောသူများကို အမုန်တရား၏ ရန်သူ၊ နိုင်ငံရေးခေါင်းဆောင်မဖြစ်ထိုက်သူများဟုမှတ်ယူကြသည်။ ယင်းပုဂ္ဂိုလ်များကို မပြတ်မလပ်နှိပ်ကွပ်ကြရာ အသက်သွေးချောင်းစီး အတိဒုက္ခ ရောက်ကြရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောပြွန်းနေထိုင်ကြသည်။ ဘာသာအယူဝါဒ အမျိုးမျိုးကို ကိုးကွယ် ယုံကြည်ကြသည်။ ဘာသာစကားကွဲပေါင်းမြောက်များစွာ ပြောဆိုနေကြသည်။ ပန်းပေါင်းစုံဖူးပွင့်သည့် ပန်းဥယျာဉ်ကြီးနှင့် တူပါသည်။ လူဦးရေသန်းပေါင်း (၅၀) ကျော်အနက် ဗမာတိုင်းရင်းသားက လူများစုဖြစ်ပြီး ရာနှုန်းပြည့်နီးပါး ဗုဒ္ဓဘာသာကိုယုံကြည်သက်ဝင်ကြပေသည်။ အခြားတိုင်းရင်းသားလူမျိုးများသည် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိသည်။ လူမျိုးစုများစွာရှိသည်။ ဘာသာအယူဝါဒများစွာ ကိုးကွယ်ကြသည်။ ဘာသာစကား များစွာ ကွဲပြားသည်။

တချို့ပညာရှင်များနှင့် ဗုဒ္ဓဘာသာ ကိုင်းရှိုင်းသူများက ဗုဒ္ဓဘာသာသည် ဒီမိုကရေစီကျင့်စဉ်နှင့် တထပ်တည်းရှိသည်ဟု ဆိုလေ့ရှိကြသည်။ အလွန် ယုံရခက်ပါသည်။ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးတို့သည် ရှေးယခင် ဗမာမင်းများလက်ထက်ကစပြီး ယနေ့ထိတိုင် အမျိုး၊ ဘာသာ၊ သာသနာ သို့တည်းမဟုတ် ဗုဒ္ဓဘာသာ မြန်မာလူမျိုးမူဝါဒကို ချမှတ်ကာ စွဲမြဲစွာ ကျင့်သုံးနေသည်။ ဗမာပြည်တွင်း၌ဖြစ်ပေါ်သော အရှုပ်တော်ပုံသည် တချိန်က ဥရောပတွင် ဖြစ်ပျက်ခဲ့သောအရာနှင့် ပြောင်းပြန်ဖြစ်နေသည်။ ဦးနုသည် နိုင်ငံရေးစင်မြင့်ပေါ်တွင် ထိုင်ပါလျက် ခေတ်သစ်မြန်မာ့သမိုင်းဖြစ်စဉ်ကို ဥပက္ခာပြုလျက် ရှေးဟောင်းမူဝါဒကို အမည်တမျိုးဖြင့် ပြောင်းလဲပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ခဲ့သည်။ နိုင်ငံရေးနှင့် ဘာသာရေး ရောစပ်သည့်ဝါဒဖြစ်သည်။ များမကြာမီဒီမိုကရေစီပါလီမန်စနစ် ပျက်သုဉ်းသွားခဲ့၏။ အဖြေကောင်းရှင်း၏။ ဦးနုသည် ဗုဒ္ဓဘာသာ အစွန်းရောက်ဝါဒီ ဖြစ်သည်။ နောက်တဖန် နေဝင်း၊ စိန်လွင်၊ စောမောင်၊ ခင်ညွန့်၊ သန်းရွှေစသည်တို့သည် ဗုဒ္ဓဘာသာအစွန်းရောက် အကြမ်းဖက်သမား မည်ကြ၏။ ဗုဒ္ဓဘာသာ အစွန်းရောက် အကြမ်းဖက်သမားများ ဗမာမြေပေါ်ဝယ် ပေါ်ထွန်းလေပြီ။ သီရိလင်္ကာ ဗုဒ္ဓဘာသာ ဆင်ဟာလီလူမျိုးခေါင်းဆောင်များနှင့် တပုံစံတည်းဖြစ်ကြသည်။ ဗမာလူမျိုး စစ်အာဏာရှင်တို့၏ အမျိုးဘာသာ၊ သာသနာစစ်ကြောင့် ပြည်တွင်းစစ်မီး မငြိမ်းနိုင်တော့ပြီ။

ဤစစ်ပွဲကို ငြိမ်းသတ်နိုင်သည့် နည်းလမ်းတစ်ခုရှိသည်။ အောင်ဆန်းလို နိုင်ငံရေး အမြော်အမြင်ရှိပြီး ပြတ်သားသော ခေါင်းဆောင် လိုအပ်နေသည်။ အောင်ဆန်းက "စားဖားသမား တွေညီညွတ်တာ ကျွန်တော် မလိုချင်ဘူး၊ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး...အလောင်းဘုရားလက်ထက်ကနေမူဆလင်တွေရှိသည်။ ဘရင်ဂျီ..တွေရှိသည်၊ သူတို့အားလုံးဟာနိုင်ငံသားတွေပဲ..တိုင်းပြည်ကိုတိုင်းပြည်အရေးလိုတွက်စမ်းပါ။ တိုင်းပြည်တစ်ခုလုံးညီညွတ်ကြဖို့ လိုပါတယ်။ နိုင်ငံတော်ဘာသာကို ဗုဒ္ဓဘာသာ လုပ်ချင်လျှင်လည်း ဗုဒ္ဓဘာသာနိုင်ငံတော်လို့ ဆရာကြေညာစေ၊ ကျွန်တော်မပါဘူး" ဟုဆိုခဲ့သည်။ ဘာသာပေါင်းစုံတည်ရှိမှုကို အလေးမြတ်ထား အသိအမှတ်ပြုရုံတင်မက ဘာသာရေးကင်းရှင်းသည့် ဝါဒကိုလည်း လက်ခံ ကျင့်သုံးလိုသည့် ဆန္ဒအပြည့်ရှိကြောင်း မှန်းဆ၍ ရနိုင်ပေသည်။ သူ၏ ဝါဒသည် ကွန်မြူနစ်များကျင့်သုံးသည့် ဘာသာရေး ကင်းရှင်းသည့် ဝါဒနှင့် လွန်စွာ ခြားနားနေသည်။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက်၊ ကမ္ဘာတည်သရွေ့၊ သွေးစည်းညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရန်အလို့ငှာ စစ်အာဏာရှင်လူတစ်စုက ဘာမထီ၊ အမျိုးသားများ၏ "အမျိုး၊ ဘာသာ၊ သာသနာ၊ (ဗုဒ္ဓဘာသာဗမာလူမျိုး)" ဗုဒ္ဓဘာသာ အစွန်းရောက် အကြမ်းဖက်ဝါဒကို စွန့်လွှတ်ကြပြီး ပြည်တွင်းစစ် ရပ်ကြပါစို့ကွယ်။ ဘာသာရေးကင်းရှင်းသည့်ဝါဒအောက်တွင် အချင်းချင်းအကြား ခွဲခြားမှုမရှိဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြကုန်အံ့။

# ကောင်းမွန်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုမှ တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့

Salai K. Chha Nge



## ၁။ နိဒါန်း

ကျွန်တော် ဦးဆလိုင်းကေချာငယ်သည် ငဖိုင်ပီးကျေးရွာ၊ ထန်တလန်မြို့နယ်နေ အဘ ဦးရိုင်လိန်းနှင့် အမိ ဒေါ် ဒေါ်ဖိုင်တို့မှ ၁၉၈၆ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ပထဝီဝင် အထူးပြုဘာသာဖြင့် မုံရွာတက္ကသိုလ်မှ ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မဟာသိပ္ပံ (Ecology and Enviroment Studies) ကို အိန္ဒိယနိုင်ငံ Nalanda University မှ အောင်မြင် ပြီးမြောက်ခဲ့ပါသည်။ ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အထိ မြစ်ကြီးနားတက္ကသိုလ် ပထဝီဝင်ဌာနနှင့် ၂၀၁၄ မှ ၂၀၁၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနတို့တွင် နည်းပြနှင့် လက်ထောက်ကထိက တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ လက်ရှိအချိန်အထိ ဟားခါးတက္ကသိုလ် ပထဝီဝင်ဌာနတွင် ကထိကတာဝန်ကို ထမ်းဆောင်နေပါသည်။ ဤကဲ့သို့ ချင်းအမျိုးသားဂျာနယ်တွင် ဆောင်းပါးရေးခွင့်ရရှိသည့်အတွက် စီစဉ်ဦးဆောင်သူများနှင့် စာဖတ်သူများအပေါ် အထူး ကျေးဇူးတင်ရှိပါကြောင်း။ ဤဆောင်းပါးကို ကျွန်ုပ်တို့ ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အခြေအနေအပေါ် ပတ်ဝန်းကျင်ရှုထောင့်မှ စာရေးသူ၏ အမြင်နှင့် သုံးသပ်ချက်များကို အနည်းငယ် ရေးဖွဲ့ထားခြင်းဖြစ်ကြောင်း အထူးဖော်ပြလိုပါသည်။ ဤဆောင်းပါးကို ကျွန်တော်တို့ ပတ်ဝန်းကျင်၏ တန်ဖိုးကို ပိုမိုသိမြင်နားလည်ရန်နှင့် စီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

## ၂။ ပတ်ဝန်းကျင် ဖွဲ့စည်းတည်ဆောက်မှု

ကျွန်ုပ်တို့ ပတ်ဝန်းကျင်သည် မြေထု၊ ရေထု၊ လေထုနှင့် ဇီဝထု ဟူ၍ ထုကြီး (၄) ထုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ထုကြီး (၄) ထုတို့သည် လူသားတို့ အသက်ရှင်နေထိုင်နိုင်ရန်သာမက ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရန် မရှိမဖြစ် လိုအပ်နေသောအရာများသာ ဖြစ်ကြပါသည်။ တနည်းအားဖြင့် ပတ်ဝန်းကျင်သည် သက်ရှိသတ္တဝါများအတွက် အလွန်တန်ဖိုးကြီးလှသောအရာ ဖြစ်သည်။ ပတ်ဝန်းကျင်းဟုဆိုရာတွင် အနီးအနားဝန်းကျင်ကို ဆိုလုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်၏ တန်ဖိုးကို သိရှိနားလည်နိုင်ရန် ကျွန်ုပ်တို့ရှိနေသော တည်နေရာ သိရှိနားလည်ရန်လည်း အရေးကြီးလှပါသည်။ ကျွန်တော်တို့၏

တည်နေရာကို ပြောဆိုရာတွင် ကွဲပြားနိုင်သကဲ့သို့ ထည့်သွင်းစဉ်းစားရမည့် ပတ်ဝန်းကျင်အရေးကိစ္စလည်း ခြားနားနိုင်ပါသည်။ ဥပမာ- ကျွန်တော်သည် ချင်းပြည်နယ်တွင် ရှိနေပါသည်။ကျွန်တော်သည်မြန်မာနိုင်ငံတွင်ရှိနေပါသည်။ကျွန်တော်သည် အရှေ့တောင်အာရှတွင် ရှိနေပါသည်။ ကျွန်တော်သည် အာရှတိုက်တွင် ရှိနေပါသည်။ ကျွန်တော်သည် ကမ္ဘာပေါ်တွင် ရှိနေပါသည် စသဖြင့် ပြောဆိုနိုင်ပါသည်။ ၎င်းတို့ ပြောဆိုမှုနယ်ပယ်မတူညီမှုများကြောင့်ထည့်သွင်းစဉ်းစားရမည့်ပတ်ဝန်းကျင်အရေးကိစ္စရပ်များလည်း ခြားနားဆန်းကျယ်လှပါသည်။

## ၃။ ပတ်ဝန်းကျင်ပြဿနာ

လူနှင့် ပတ်ဝန်းကျင်ကြား အပြန်အလှန် အကျိုးသက်ရောက်မှုနှင့် ဆက်သွယ်မှုတို့သည် အကျိုးမပျက်နိုင်သော ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ဘဝရည်ရွယ်ချက် တစ်ခုလေး အောင်မြင်နိုင်ရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်အပေါ် ဘေးထွက်သက်ရောက်မှု များစွာဖြစ်ပေါ်စေပါသည်။ ပတ်ဝန်းကျင်ပေါ် ပြဿနာဖြစ်စေသော အချက်များအနက် လူဦးရေတုးတက်မှု၊ ရေရှည်တည်တံ့အောင် အရင်းအမြစ် သုံးစွဲမှု၊ ဆင်းရဲနွမ်းပါးမှု၊ ထုတ်ကုန်ထုတ်လုပ် ရောင်းချရာတွင် ပတ်ဝန်းကျင်၏ တန်ဖိုး ထည့်သွင်း မစဉ်းစားမှုနှင့် သဘာဝအပေါ် စီမံခန့်ခွဲမှု အသိပညာ မလုံလောက်မှုတို့သည် အဓိကအချက်ကြီးများ ဖြစ်ကြသည်ဟု G.Tyler Miller နှင့် Scotte Spoolman တို့က ဖော်ပြထားပါသည်။ ကျွန်တော်တို့ဒေသတွင် အထက်ဖော်ပြပါ အချက်များအနက် မည်သည့်အချက်သည် ထိပ်ဆုံးတွင် ရပ်တည်နေသနည်း၊ မည်ကဲ့သို့ စီစဉ် ဆောင်ရွက်မည်နည်း။ ဤအချက်သည် ပတ်ဝန်းကျင်ပြဿနာလျော့ချမှု စီစဉ်ဆောင်ရွက်ရန်နှင့် တည်တံ့သော ဖွံ့ဖြိုးမှုရရှိနိုင်ရန် စိတ်ဝင်စားစရာကောင်းသော အချက်များ ဖြစ်ကြပါသည်။

ဒေသ လူမှုစီးပွား၊ တိုးတက်ဖွံ့ဖြိုးမှု၊ နိုင်ငံ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု စသည်တို့သည် အရေးကြီးလှပါသည်။ ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့နိုင်ငံတွင် လူမှုစီးပွား တိုးတက်မှုအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အမဲလိုက်၊ ငါးဖမ်းလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းတို့သည် အဓိကကျသော အခန်းကဏ္ဍများလည်း ဖြစ်ပါသည်။ သို့သော် ၎င်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုများစွာ ဖြစ်ပေါ်စေသည်မှာ ထင်ရှားလှပါသည်။ ထို့ကြောင့် ၎င်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချနိုင်မည့် နည်းလမ်းနှင့် ကျင့်သုံးရမည့် အစီအစဉ်များကိုလည်း မဖြစ်မနေ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်လှပါသည်။ ထိုသို့ လုပ်ဆောင်မှသာ ပတ်ဝန်းကျင်ကပေးသော ဝန်ဆောင်မှုနှင့် တန်ဖိုးတို့ကို စီမံထိန်းသိမ်းရန်လည်း ဖြစ်ပါသည်။ ထို့အပြင် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

## ၄။ ပတ်ဝန်းကျင်၌ တန်ဖိုးရှိလက်ဆောင်များ

ပတ်ဝန်းကျင်နှင့် လူတို့၏ ဆက်နွယ်မှုနှင့် အပြန်အလှန် အကျိုးသက်ရောက်မှုများကြောင့် တန်ဖိုးကြီးလှသော အချင်းအရာများလည်း ဖြစ်ပေါ်လာပါသည်။ သို့သော် နေရာဒေသနှင့် ပတ်ဝန်းကျင်၊ လူမျိုး၊ ယုံကြည်မှုနှင့် အသိပညာ မတူညီမှုတို့ကြောင့် တန်ဖိုးရှိ အချင်းအရာများသည် တစ်နေရာနှင့် တစ်နေရာ ကွဲပြားခြားနားနိုင်ပါသည်။

ကျွန်တော်တို့ ချင်းပြည်နယ်တွင် လူမျိုးနွယ်စုများစွာ နေထိုင်ကြသည်။ နေရာဒေသ၊ လူမျိုးနွယ်စု၊ ပတ်ဝန်းကျင်၊ ယုံကြည်မှု၊ အသိပညာ၊ ပတ်ဝန်းကျင်တန်ဖိုး ထားရှိမှုနှင့် အသက်မွေးဝမ်းမှုတို့သည် မတူကွဲပြားနိုင်ပါသည်။ ကိုးကွယ်မှု မတူညီခြင်းကြောင့် ယုံကြည်မှု ကွဲပြားနိုင်သကဲ့သို့ ကွဲပြားသော ယုံကြည်မှုများကြောင့် လုပ်ဆောင်မှုလည်း ခြားနားနိုင်ပါသည်။ ထင်ရှားသည်က ခရစ်တော်မတိုင်ခင် ကျွန်ုပ်တို့ ချင်းတောင်တချို့တွင်မြစ်ကြီး၊တောင်ကြီး၊အပင်ကြီး၊အိုင်ကြီးစသည်တို့ကို ကိုးကွယ်ရာတစ်ဆူအဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ၎င်းတို့ရှိရာ နေရာဒေသတို့သည် ရှေးယခင်က ဒေသခံ ပြည်သူများ၏ သမိုင်းဝင်နေရာ၊ ယဉ်းကျေးမှုနေရာနှင့် ဘာသာရေးနေရာများသာ ဖြစ်ခဲ့ကြပါသည်။ သို့သော် ယခုကာလတွင် ၎င်းနေရာများသည် အကြောင်းကြောင်းကြောင့် ပျောက်ကွယ်လာပြီး သဘာဝတောရိုင်း သို့မဟုတ် ဒေသခံပြည်သူများနှင့် ဆက်သွယ်မှုမရှိခဲ့သော နေရာဒေသပမာ ထင်ရှားလာပါတော့သည်။ ယခုအချိန်တွင် ဤကဲ့သို့ ပျောက်ကွယ်နေပြီဖြစ်သော သို့မဟုတ် ပျောက်

ကွယ်လုနီးပါးဖြစ်နေသော ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ တန်ဖိုးရှိ အချင်းအရာများကို ပြန်လည်ဖော်ထုတ်ပြီး ထိန်းထိန်းသိမ်းသိမ်းထားရှိနိုင်ရန် အလွန်အင်မတန် လိုအပ်လှပါသည်။ ဤသို့ လုပ်ဆောင်ခြင်းသည် လူနှင့် ပတ်ဝန်းကျင်ကြား တန်ဖိုးရှိနေသော အကျိုးသက်ရောက်မှု သမိုင်းကြောင်းကို ပြန်လည်ကောက်ယူခြင်းဖြစ်ပြီး မျိုးဆက်သစ်များအတွက်လည်း များစွာ အထောက်အကူပြုလာနိုင်မည်ဟု ယူဆမိပါသည်။

## ၅။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု

ရေရှည်တည်တံ့သော ဖက်စုံဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် ထိရောက်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုသည် လွန်စွာ အရေးကြီးလှ၏။ ကျွန်ုပ်တို့ ချင်းပြည်နယ်တွင် ဒေသခံပြည်သူများ၏ ဝမ်းစာဖုံလုံမှု ရရှိနိုင်ရန်နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အမဲလိုက်၊ ငါးဖမ်းလုပ်ငန်းတို့သည် အလွန်အဓိကကျသော လုပ်ငန်းများ ဖြစ်နေပါသည်။ သို့သော် စီမံခန့်ခွဲမှုအားနည်းခြင်းကြောင့် တောတောင်ရေမြေ အရည်အသွေး ကျဆင်းလာပြီး ဇီဝမျိုးစေ့များ မျိုးသုန်းနီးပါးဖြစ်လာပါတော့သည်။ တောတောင်ရေမြေထိန်းသိမ်းမှုနှင့် အရည်အသွေးကျဆင်းလာပြီး ဇီဝမျိုးစေ့များ ထန်းသိမ်းမှုတို့သည် ကျွန်ုပ်တို့ မြန်မာနိုင်ငံကလည်း အားပေးပြီး ကမ္ဘာက စိတ်ဝင်စားသောအရာများလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ ချင်းတောင်တွင် အမဲလိုက် ငါးဖမ်းလုပ်ငန်းသည် ယခုချိန်အထိ အသားဈေးရောင်း ဈေးဝယ် လုပ်ငန်းကဲ့သို့ ဖြစ်လျက်နေပါသည်။ တနည်းအားဖြင့်ဆိုရလျှင် သဘာဝ တောတောင်မြေနှင့် ရေပြင်တို့သည် ဒေသခံပြည်သူများအတွက် အသားခံ့ပမာ တန်ဖိုးရှိလှပါသည်။ တောတောင်မြေနှင့် ရေပြင်အားလုံးတို့သည် နောက်နောင်ကာလများတွင် အသားခံ့များအဖြစ် မည်မျှအထိ ဆက်လက် ရပ်တည်ရဦးမည်နည်း။ ဤကဲ့သို့ ဆက်လက်ရပ်တည်နေမည်ဆိုလျှင် ဇီဝမျိုးစုံ မျိုးကွဲတို့ ပျောက်ကွယ်ပြီး မျိုးသုဉ်းကြတော့မည်လော။

အထူးအရေးကြီးသည်က အမဲလိုက် ငါးဖမ်းလုပ်ငန်းသည် ချင်းတောင်ဒေသတွင် တားမြစ်ပိတ်ပင် ရပ်တန့်ရန် အလွန်အရေးကြီးသော်လည်း လက်တွေ့တွင် စိန်ခေါ်မှုကြီးလှပြီး ခက်ခဲလှပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းလုပ်ငန်းသည် ဒေသခံပြည်သူများ၏ လူနေမှုပုံစံတစ်ခုအဖြစ် ယခုချိန်အထိ ရှိနေခြင်းကြောင့် ဖြစ်ပါတယ်။ သို့သော် ယခုအချိန်သည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲတို့ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်ထိန်းသိမ်းမှုတို့ကို မဖြစ်မနေ အလေးထားရမည့်အချိန် ဖြစ်လာပေသည်။ လက်တွေ့ဘဝတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း အလွန်လိုအပ်လှပါသည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းခြင်းမှ ကာကွယ်ထိန်းသိမ်းနိုင်ရန် "ကျေးရွာသဘာဝဘေးမဲ့တော" များကို ထားရှိ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ ဤကဲ့သို့ မိမိပတ်ဝန်းကျင် စီမံခန့်ခွဲမှုသည် ဇီဝမျိုးစုံမျိုးကွဲ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်မှုသာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို ရရှိနိုင်ရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

## နိဂုံး

ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ပျောက်ကွယ်နေပြီဖြစ်သော သို့မဟုတ် ပျောက်ကွယ်လုနီးပါးဖြစ်နေသော သမိုင်းဝင်နေရာ၊ ယဉ်ကျေးမှုနေရာနှင့် ဘာသာရေးနေရာတို့ကို ဖော်ထုတ်ကာ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဇီဝမျိုးစေ့ မျိုးသုဉ်းပျောက်ကွယ်ခြင်းတို့မှ ကာကွယ်ထိန်းသိမ်းခြင်းတို့သည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အလွန်အရေးကြီးလှပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းရှိမှသာလျှင် ကျွန်တော်တို့ ချင်းပြည်နယ်အတွက် မဖြစ်မနေ လိုအပ်လာသော ခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူပြုသွားနိုင်မည် ဖြစ်ပါသည်။

ဆလိုင်း ကေချာငယ်
ကထိက (ပထဝီဝင်ဌာန)
ဟားခါးတက္ကသိုလ်၊ ဟားခါးမြို့

■■■

# csif;ftzpGJUf;wnfaqmufa&; (Chin Constitutional Buiding)

## rS

# csif;vlrsdK;,dyefvnfwnfaqmufa&; (Chin Nation Building)



Salai Duh Hu Thang (Pa Hu)

ချင်းလူမျိုးများသည် သမိုင်းစဉ်ဆက် လေးစားကြည်ညို ဖွယ်ကောင်းသည့် ရိုးရာ၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုများ ဖြင့်နေထိုင်ခဲ့ကြပြီးမိမိရပ်ရွာ၊အုပ်စုနှင့်ဒေသအလိုက်လွတ်လပ် သောကိုယ့်စော်ဘွား(Ram Uk)၊သူကြီးများဖြင့်စီမံခန့်ခွဲအုပ်ချုပ် ခဲ့ကြပြီး မိမိလူမျိုးနှင့် အမျိုးသားအရေးအား လွတ်လပ်စွာ ရေ့ တန်းတင် ဆောင်ရွက်လာခဲ့သော လူမျိုးဖြစ်သည်။ မျိုးနွယ်စု များအကြား မတူကွဲပြားမှုကို အလေးထားလျက် ချင်းလူမျိုးများ သည် ချင်းဖြစ်တည်မှုအပေါ် သိမ်ငယ်ခြင်းမရှိပဲ ချင်းအမျိုးသား ဂုဏ်ကို ထိန်းသိမ်းခဲ့ကြသည်။

အင်္ဂလိပ်၊ ဂျပန် ကိုလိုနီခေတ်တွင်လည်း ချင်းအမျိုးသား များ၏ အမျိုးသားရေးအတွက် သတိရှိစွာ တော်လှန်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ခြင်းသည် ချင်းအမျိုးသားရေးစိတ်ဓါတ်၊ သူ့ကျွန်မခံလို သော စိတ်ဓါတ်၊ လူမျိုးတမျိုး၏ ဂုဏ်အင်္ဂါနှင့်အညီ တည်ရှိကြ သည်ဆိုသည့် စိတ်ဓါတ်ကို ပီပီပြင်ပြင် ပြသနိုင်ခဲ့ကြပြီး ဖြစ် သည်။

သို့သော် ဖေဖော်ဝါရီလ ၁၂ ရက် ၁၉၄၇ ခုနှစ်တွင် ချင်း၊ ကချင်၊ ရှမ်း၊ ဗမာနှင့်အတူ ပြည်ထောင်စုနိုင်ငံတော်ကို တည် ထောင်ရန်အတွက် ပင်လုံစာချုပ်ကို ကတိကဝတ်ပြု လက်မှတ် ရေးထိုးပြီး လွတ်လပ်ရေးကို အတူတကွ ရယူပြီးနောက်ပိုင်း ကံ အကြောင်းမလှခဲ့ပဲ အာဏာရှင်လက်အောက်သို့ နှစ်ပေါင်း ၇၀ ကျော် ကျရောက်ခဲ့ပြန်ပါသည်။ ချင်းလူမျိုးများသည် မဟာလူမျိုး ကြီးဝါဒီများ၏ လှုပသည့် ထောင်ချောက်မိခဲ့ရာ မိမိကိုယ်ကို အားကိုးချင်စိတ်၊ မျိုးချစ်စိတ်များ တဖြည်းဖြည်း ယိုယွင်းပျောက် ကွယ်ပြီး သူတပါးကို အထင်ကြီးစိတ်များ သန္ဓေတည်ခဲ့သည်။ ဤအရေးနှင့်ပတ်သက်ပြီး ပင်လုံကို အပြစ်တင်ရမည်လော သို့မဟုတ် ပြည်ထောင်စုအား အပြစ်တင်မည်လား၊ သို့မဟုတ် မိမိတို့ကိုယ်ကို မိမိတို့သာ အပြစ်တင် ကြမည်လော။

ဤသည်မှအစ ချင်းလူမျိုးအချင်းချင်း မတည့်သည့် စိတ် ဓါတ်၊ သွေးကွဲသည့်စိတ်ဓါတ်များ ပေါက်ဖွားလာခဲ့သည်။ ယခု ဆိုလျှင် ချင်းလူမျိုးများ၏ အမျိုးသားရေးစိတ်ဓါတ် တဖြည်း ဖြည်း တိမ်ကောလာသည်မှာ နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်သည်။ ဤသည်မှာ ချင်းလူမျိုးများအားလုံး လူမျိုးအပေါ် တာဝန်ပျက် ကွက်မှုက သက်သေပြနေပါသည်။

ချင်းလူမျိုးများ၏ မျိုးချစ်စိတ်ဓါတ်၊ ဂုဏ်သိက္ခာမှာ သူများ ပေးမှ ယူမည်၊ စားမည် ဆိုသည့် ငန်းငန်းတ ယူချင်စားချင်သည့် စိတ်ဓါတ်သာ အသွေးထဲအသားထဲ ဆွေးနေတော့သည်မှာ မျက်မြင်သက်သေပင် ဖြစ်သည်။ ထိုနည်းဂင်းပင် ချင်းအမျိုးသား နိုင်ငံရေးသည်လည်း တပါးသူကို ကျွန်ခံပြီး အခွင့်ထူးခံလိုသည့် နိုင်ငံရေး၊ လူမျိုးကို မိမိနှင့်ဆွေမျိုးများ ကောင်းစားရေးနှင့် အလဲ အလှယ် ပြုလုပ်လိုသည့် နိုင်ငံရေးမျှသာ ဖြစ်နေလေသည်။ တနည်းပြောရလျှင် ချင်းနိုင်ငံရေးနှင့် အမျိုးသားရေးတွင် နိုင်ငံရေးပြစ်တန်ဆာ (Political Prostitution) သမားများ ပေါ့ များလာကာ တပါးသူ၏အကြိုက်ကိုပြုမူလိုက်လုပ်ပြီး မိမိလူမျိုး အား မိမိအခွင့်အရေးနှင့် ရာထူးများဖြင့် ရောင်းစားနေကြသည်။

ဤအခြေအနေများအောက်တွင် ချင်းအမျိုးသားရေးစိတ်ဓါတ်သည် တစ်စစီ ကြိုးပြဲပျက်စီးနေပါသည်။

နှစ်ပေါင်း ၇၀ ကျော် ယိုယွင်းပျက်သုဉ်းလာသည့် ချင်းအမျိုးဂုဏ် (Chin Dignity) နှင့် ချင်းအမျိုးသားရေး (Chin Nationalism) ပြန်လည်ထူထောင်ရေးသည် လက်ရှိ ချင်းလူထုများ၏ အကြီးမားဆုံးသော တာဝန်တရပ်ပင် ဖြစ်သည်။ ချင်းလူမျိုးနှင့် အမျိုးသား ပြန်လည်တည်ဆောက်ရန် အဓိက အရေးကြီးဆုံးမှာ ခိုင်မာသည့် ချင်းအဖွဲ့အစည်း ( Strong Chin Institutional Building) ပြန်လည် တည်ဆောက်ခြင်းပင် ဖြစ်သည်။

မတူကွဲပြားသည့် မျိုးနွယ်စု၊ ဘာသာစကား၊ ပထဝီနယ်မြေအရနှင့် လမ်းပန်းဆက်သွယ်ရေးအရ မျိုးနွယ်စုများအကြား ဆက်သွယ်မှု ခက်ခဲလှသော ချင်းလူမျိုး ပြန်လည်တည်ဆောက်မည့် အရေးသည် Chin Institutional Building ၏ အခန်းကဏ္ဍတွင်အလွန်ပင် အရေးကြီးလှပါသည်။ ချင်းအဖွဲ့အစည်း (Institutions) ခိုင်မာပြီး လူမျိုးအတွက် သေချာစွာ လုပ်ငန်းဆောင်ရွက်နိုင်မှသာ ခိုင်မာတောင့်တင်းသည့် ချင်းအရေး (Chin Affairs) နှင့် ချင်းအမျိုးသားပြန်လည်ဆောက်ရေး (Chin Nation Building) ကို အောင်မြင်စွာ တည်ဆောက်နိုင်မည်ဖြစ်ပြီး အကျိုးလည်းဖြစ်မည် ဖြစ်သည်။

ထို့ကြောင့် ချင်းအဖွဲ့အစည်း (Institutions) ဖြစ်သည့် ချင်းအမျိုးသားတပ်ဦး၊ ချင်းနိုင်ငံရေးအဖွဲ့အစည်း၊ ချင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် မိမိတို့ ဖွဲ့စည်းတည်ဆောက်ထားသည့် အစိုးရနှင့် အဖွဲ့အစည်းတစ်ခုခု၏ ဩဇာအာဏာနှင့် ကင်းလွတ်သော ရပ်ကွက်နှင့် ရပ်ရွာအဖွဲ့အစည်းများ ခိုင်မာလာအောင် စနစ်တကျ တည်ဆောက်ရမည် ဖြစ်သည်။

ခိုင်မာသည့် ချင်းလူ့အဖွဲ့အစည်းတည်ဆောက်ခြင်းသည် ချင်းအမျိုးသားတိုင်း၏ အကြီးမားဆုံးသော တာဝန်ဖြစ်ပြီး မိမိချင်းအဖွဲ့အစည်းများအားထောက်ခံပံ့ပိုးအားပေးခြင်း၊အားနည်းချက်၊အားသာချက်များအားထောက်ပြအကြံပေးခြင်း၊မိမိတတ်နိုင်သည့် အခန်းကဏ္ဍများမှ တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တပါးလူမျိုးအား မှီခိုကျွန်ခံလိုသည့် စိတ်ဓါတ်အား အမြစ်ပြတ်ချေမှုန်းပြီး မိမိကိုယ်ကို အားကိုးလိုသော စိတ်ဓါတ် ပြန်လည်မွေးထုတ်ပေးခြင်းများအား လုပ်ဆောင်သွားရန် လိုအပ်သည်။

ဤကိစ္စသည် ဆုတောင်းနေရုံဖြင့် အလိုလို ဖြစ်လာနိုင်မည့်ကိစ္စ မဟုတ်သကဲ့သို့ တပါးလူမျိုးကို အားကိုးအားထားနေသရွေ့ ဤရောဂါများ သက်သာ ကျန်းမာလာမည်မဟုတ်သည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ ပိုမိုပျက်သုန်းလာမည်သာ ဖြစ်သည်။

အယုံအကြည် ကောင်းလွန်းပြီး အရာရာကို ဘုရားသခင်သာ အပ်နှံထားတတ်သည့် ချင်းမျိုးများအနေဖြင့် အမျိုးသားရေးအတွက် မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်သင့်သည်ကို လျစ်လျူရှုတတ်ကြခြင်းကြောင့် အနာရင့်ပြီး ဝေဒနာလည်း တာရှည် ခံစားကြရသည်။

၎င်းရောဂါအားအမြစ်ပြတ် ကုသရန် အထူးပင် လိုအပ်လှပါပြီ။ "မည်သူမပြု မိမိမှု" ဆိုသည့် စကားပုံအတိုင်း မိမိလုပ်ဆောင်ချက်များသည် တစ်နေ့နေ့ မိမိအား တန်ပြန်ရောင်ပြန်ဟပ်မည် ဖြစ်သည့်အတွက် မိမိအမျိုးသားရေး တည်ဆောက်ခြင်းသည်လည်း မိမိတို့က လက်တွေ့ လုပ်ဆောင်မှသာ အသီးအပွင့် ရရှိခံစားရမည် ဖြစ်သည်။

ထို့ကြောင့် ချင်းအမျိုးသား ပြန်လည်တည်ဆောက်ရေး (Chin Nation Building) သည် မူလပိုင်ရှင် (Original Owner) ဖြစ်သည့် ချင်းလူမျိုး အယောက်စီတိုင်း၏ တာဝန်ဖြစ်ပြီး အဓိကအလေးထား လုပ်ဆောင်ရမည့်တာဝန်မှာ ခိုင်မာတောင့်တင်းသော ချင်းအဖွဲ့အစည်းထူထောင်ခြင်း (Chin Institutional Building) ပင်ဖြစ်ပါသည်။

ချင်းအမျိုးသားရေးအတွက် ချင်းအမျိုးသားအားလုံး
နိုးထချိန် တန်ပြီး

# အောက်ချင်းငှက်နှင့်အတူ မျိုးသန်းခြင်း



Salai Siang Lian Cung

### (၁) အောက်ချင်းငှက် - တောဘုရင်၏ နိဒါန်း

အောက်ချင်းငှက် မျိုးစိတ် ၅၄ မျိုးရှိပါတယ်။ မျိုးစိတ် ၂၃ မျိုး ကတော့ အာဖရိကတိုက်မှာရှိကြပြီး မျိုးစိတ် ၃၁ မျိုးကတော့ အာရှတိုက်မှာ ရှိကြပါတယ်။ အခုထိ တွေ့ရှိရတဲ့ အောက်ချင်း ငှက် ကျောက်ဖြစ်ရုပ်ကြွင်းထဲမှာ အစောဆုံးကတော့ လွန်ခဲ့တဲ့ နှစ် ၁၅ သန်းလောက်က ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းလူမျိုးတွေရဲ့ အမျိုးသားအမှတ် သင်္ကေတ (National Symbol)၊ ပြည်နယ်ငှက် (State Bird)၊ အမျိုးသားငှက် (National Bird) ဖြစ်တဲ့ အောက်ချင်းငှက် အမျိုးအစားကတော့ Great Hornbill လို့ခေါ်တဲ့ အကြီးစား အောက်ချင်းငှက် ဖြစ်ပါတယ်။ Great Indian Hornbill သို့မဟုတ် Great Pied Hornbill လို့လည်း ခေါ်ကြတယ်။

Great Hornbill ကို တရုတ်၊ နီပေါ၊ အန္ဒိယ၊ အရှေ့တောင် အာရှ ကုန်းပြင်မြင့်၊ အင်ဒိုနီးရှားက စူမားတြားကျွန်းနဲ့ အန္ဒိယ အရှေ့မြောက်ပိုင်းဒေသတွေမှာ အဓိက တွေ့ရပါတယ်။ တောင် အာရှမှာတော့ Western Ghats က တောနက်အချို့နဲ့ ဟိမဝန္တာ တောင်တန်းတလျှောက်မှာတွေ့ရှိနိုင်ပြီး ဤနေရာမှသည် ထိုင်း၊ မြန်မာနိုင်ငံ၊ မလေးရှားနဲ့ စူမားတြားကျွန်းအထိ ပျံ့နှံ့ရောက်ရှိ ကြခြင်းဖြစ်ပါတယ်။ စင်္ကာပူမှာလည်း အနည်းငယ် တွေ့ရပါ တယ်။

နီပေါနိုင်ငံမှာတော့ Great Hornbill ကို homrai သို့မဟုတ် banrao လို့ ခေါ်ကြပါတယ်။ အဓိပ္ပာယ်ကတော့ "တောဘုရင်" ဖြစ်ပါတယ်။ Great Hornbill ဟာ အိန္ဒိယနိုင်ငံက Kerala နဲ့ Arunachal ပြည်နယ်တို့ရဲ့ ပြည်နယ်ငှက်လည်း ဖြစ်ပါတယ်။ မလေးရှားနိုင်ငံ၊ Sarawak ပြည်နယ်ကတော့ Rhinoceros hornbill ကို ပြည်နယ်ငှက်အဖြစ် သတ်မှတ်ထားပါတယ်။ Rhinoceros hornbill ဟာ မလေးရှားနိုင်ငံရဲ့ အမျိုးသားငှက် လည်း ဖြစ်ပါတယ်။

### (၂) အောက်ချင်းငှက် - အမျိုးသားငှက် မိတ်ဆက်

Great Hronbill ဟာ အများအားဖြင့် အသီးအနှံစားလေ့ရှိ ပေမဲ့ တစ်ခါတစ်ရံမှာ အခြားတိရစ္ဆာန် အကောင်ငယ်လေးတွေ ကိုလည်း စားတတ်ပါတယ်။ အကောင်ငယ်တွေကို ဖမ်းပြီး နောက် လေထဲသို့ မြောက်ပင့်ပြီး ပြန်ကျလာတဲ့အခါ ယူစား လိုက်ပါတယ်။ သူတို့ရဲ့ အဓိကအစာကတော့ ချင်းလူမျိုးတွေက လည်း အလွန်နှစ်သက်တဲ့ သဖန်းသီး ဖြစ်ပါတယ်။ Great Hornbillအပါအဝင် အောက်ချင်းငှက်တွေဟာ ရေမသောက်ကြ ပါဘူး။ သူတို့ရဲ့ အစားအစာကနေ လိုအပ်တဲ့ ရေဓါတ်ကို အလို အလျောက်ရကြပါတယ်။ သူတို့ဟာ တောနက်ထဲမှာ သစ်ပင် မျိုးစေ့များစွာကို သယ်ဆောင် ဖြန့်ချိပေးသူများလည်း ဖြစ်ကြပါ တယ်။

Great Hornbill တွေဟာ ပေ ၅၀၀၀ နှင့် အထက်မှာရှိတဲ့ တောနက်ကြီးများမှာ နေထိုင်ကြပါတယ်။ အသေးစား အောက်

ချင်းငှက်များနဲ့ မတူပဲ သူတို့ဟာ ကျယ်ပြန့်တဲ့ တောနက်ကြီးကို အမှီပြု နေထိုင်ကြပါတယ်။

Great Hornbill ဟာ ကြီးမားတဲ့ ငှက်တစ်မျိုးပါ။ ၉၅-၁၃၀ စင်တီမီတာ (၃၇-၅၁ လက်မ) အထိ ရှည်နိုင်ပြီး၊ အတောင်ပံဖြန့်တဲ့အခါ တောင်ပံတလျားက ၁၅၂ စင်တီမီတာ (၆၀ ပေ) အထိ ရှိနိုင်ပါတယ်။ အလေးချိန် ၂.၁၅ ကီလိုဂရမ် (၄.၇ ပေါင်) အထိ ရှိနိုင်ပါတယ်။ သက်တမ်းကြာရှည်တဲ့ ငှက်ဖြစ်ပြီး နှစ် ၅၀ နီးပါး အသက်ရှင်နိုင်ကြပါတယ်။ အာရှ အောက်ချင်းငှက်တွေထဲမှာ အလေးဆုံး (အရှည်ဆုံးတော့မဟုတ်) ဖြစ်ပါတယ်။ အမ တွေဟာ အထီးတွေထက် သေးငယ်ပြီး အထီးတွေလို မျက်လုံးအနီရောင်မဟုတ်ဘဲ အပြာရောင်သန်းတဲ့ ပြာလဲ့လဲ့ မျက်လုံး ရှိကြပါတယ်။

အောက်ချင်းငှက်တွေဟာ မျက်တောင်မွေးရှိတဲ့ တစ်မျိုးတည်းသော ငှက်အမျိုးအစား ဖြစ်ပါတယ်။ အခြား ငှက်တွေလိုပဲ အရောင်တွေကိုလည်း ကောင်းကောင်း ခွဲခြားနိုင်ပါတယ်။

အောက်ချင်းငှက်တွေရဲ့ အထင်ရှားဆုံး အစိတ်အပိုင်းကတော့ ကြီးမားတဲ့နှုတ်သီးပေါ်က တောက်ပတဲ့ အဝါရောင်နဲ့ Casque or Helmet တွေဖြစ်ပါတယ်။ အရှေ့တည့်တည့်ကနေ ကြည့်ရင် Casque ဟာ U ပုံသဏ္ဍာန် ရှိပါတယ်။ Casque ရဲ့ထိပ်က အလယ်မှာ ခွက်နေပြီး တစ်ဖက်တစ်ချက်မှာတော့ အရှေ့ဘက်ကိုညွှန်ပြနေတဲ့ အတန်းနှစ်ခု ရှိပါတယ်။ အဲဒီအတန်းနှစ်ခုကြောင့် Great Hornbill ကို လက်တင်လို Bicornis (ဦးချိုနှစ်ခုရှိသူ) လို့ မျိုးစိတ်အမည် ပေးထားကြခြင်း ဖြစ်ပါတယ်။ အမတွေမှာ Casque ရဲ့အနောက်ဘက်က အနီရောင်သန်းပေမဲ့ အထီးတွေမှာတော့ Casque ရဲ့အရှေ့ဘက် အောက်ပိုင်းနဲ့ အနောက်ဘက်ဟာ အနက်ရောင် ဖြစ်ပါတယ်။

Great Hornbill ရဲ့ Casque ဟာ အခေါင်းပေါက်ဖြစ်ပြီး အသုံးပြုသည့်နေရာမသိရှိရသေးပါ။ဒါပေမဲ့အထီးတွေကတော့ လေထဲမှာ ပျံသန်းရင်း Casque ချင်းဝှေ့ဖို့ အသုံးပြုတတ်ကြတယ်လို့ ဆိုပါတယ်။ အထီးတွေဟာ သူတို့ရဲ့ ဆီဖူးကနေ အဝါရောင် ဆီတစ်မျိုးကိုထုတ်ကာ အမွေးနဲ့ နှုတ်သီးများအား တောက်ပတဲ့အဝါရောင် ဖြစ်လာအောင် လိမ်းတတ်ကြပါတယ်။

Great Hornbill တွေရဲ့တောင်ပံခတ်သံဟာ အလွန်ကျယ်လောင်ပြီး အဝေးကနေတောင် ကြားလို့ရပါတယ်။ သူတို့ရဲ့အတောင်ပံခတ်သံဟာ ရေနွေးငွေ့ မီးရထားစက်ခေါင်း စက်နှိုးစအချိန်ရဲ့ အသံနဲ့ တူညီတယ်လို့ ဆိုကြပါတယ်။ တခါတလေမှာတော့ အလွန်မြင့်တဲ့ ကောင်းကင်ယံမှာ ပျံသန်းကြပါတယ်။

အခြားအောက်ချင်းငှက် အမျိုးအစားများလိုပဲ Great Hornbill ဟာ အထဲမှာ လေပြည့်နေတဲ့အရိုးများ ရှိကြပါတယ်။ တောင်ပံရိုးများရဲ့ ထိပ်ဖျားအထိ လေနဲ့ပြည့်နေတဲ့ အရိုးများရှိကြပါတယ်။

## (၂) အောက်ချင်းငှက် - ဒဏ္ဍာရီများ၏ အရှင်သခင်တစ်ပါး

မျိုးနွယ်စုများစွာက မြင့်မြတ်တဲ့ ငှက်အဖြစ် မှတ်ယူကြတဲ့ အောက်ချင်းငှက်တွေနဲ့ ပတ်သက်ပြီး ပုံပြင် ဒဏ္ဍာရီများစွာကို တွေ့ရှိနိုင်ပါတယ်။

ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံက ဘော်နီယိုကျွန်းမှာရှိတဲ့ တောင်ပေါ်လူမျိုးတွေကတော့ Rhinoceros hornbill တွေဟာ သေသူတွေရဲ့ ဝိညာဉ်ကို သယ်ဆောင်ပေးသူအဖြစ် ယုံကြည်ကြပါတယ်။ ဘော်နီယိုကျွန်းက Iban လူမျိုးတွေကလည်း Rhinoceros hornbill ကို စစ်နတ်ဘုရားအဖြစ် မှတ်ယူကြပါတယ်။ ဘော်နီယိုကျွန်း အနောက်ပိုင်းဒေသမှာဆိုရင် ငါးနှစ်သို့မဟုတ် ခုနစ်နှစ်မှာတစ်ကြိမ် အောက်ချင်းငှက်တွေကိုဂုဏ်ပြုတဲ့ပွဲ ကျင်းပလေ့ရှိပါတယ်။ အင်ဒိုနီးရှားအရှေ့ပိုင်း Sumba ကျွန်းမှာရှိတဲ့ လူမျိုးတွေအတွက်တော့ အောက်ချင်းငှက်တွေဟာ သစ္စာရှိခြင်းရဲ့ သင်္ကေတတွေပဲ ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ချင်းလူမျိုးတွေရဲ့ ယုံကြည်ချက်နဲ့ တူညီနေတာကို တွေ့ရပါတယ်။

ဘော်နီယိုကျွန်းမှာရှိကြတဲ့ Dayak, Iban, Kalani နဲ့ Punaniလူမျိုးတွေကအောက်ချင်းငှက်ကိုကိုးကွယ်ကြပါတယ်။ သူတို့က အောက်ချင်းငှက်တွေဟာ ဝိညာဉ်တွေရဲ့ စေတမန်များဖြစ်ကြပြီး ယောကျ်ားပီသမှု၊ ခွန်အားရှိမှုရဲ့ အမှတ်သင်္ကေတလည်းဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ အောက်ချင်းငှက်တောင်ပံမွေးနဲ့ နှုတ်သီးတွေကိုသုံးပြီး ဂုဏ်သိက္ခာကို ဖော်ပြတဲ့

အဆင်တန်ဆာအဖြစ် အသုံးပြုကြပါတယ်။ Dayak လူမျိုးတွေကတော့ လူသားရဲ့ ဝိညာဉ်ဟာ အနန္တတန်ခိုးရှင်နှစ်ပါးရဲ့ အမိန့်ကိုပဲ နာခံကြတယ်လို့ ယုံကြည်ကြပါတယ်။ တန်ခိုးရှင်တစ်ပါးကတော့ အောက်ချင်းငှက်ပုံသဏ္ဍာန်နဲ့ ကိုယ်ထင်ပြလေ့ရှိတဲ့ ကောင်းကင်ဖြစ်ပြီး၊ အခြား တန်ခိုးရှင်ကတော့ မြွေဆိုးနဲ့ ကိုယ်ထင်ပြတတ်တဲ့ မြေကြီးနဲ့ရေ ဖြစ်ပါတယ်။

Papua New Guinea က မျိုးနွယ်စုတစ်ချို့အတွက်တော့ အောက်ချင်းငှက်ဟာ ခွန်အားရဲ့ သင်္ကေတ၊ လင်မယားတို့ စံထားထိုက်တဲ့သူဖြစ်ပြီး၊ New Ireland နိုင်ငံမှာတော့ ဝိညာဉ်တွေကိုသေသူတွေရဲ့ကမ္ဘာသို့သယ်ဆောင်ပေးသူဖြစ်ပါတယ်။ Ivory Coast နိုင်ငံက Seunfo ဒဏ္ဍာရီမှာတော့ အောက်ချင်းငှက်ဟာ အစောဆုံးသက်ရှိ ၅ မျိုးထဲမှာပါဝင်ပြီး လူသားကမ္ဘာကို ဖန်ဆင်းသူဖြစ်ပါတယ်။ ဒါကြောင့် အောက်ချင်းငှက်ကို မျိုးပွားမှုရဲ့ သင်္ကေတအဖြစ် အသုံးပြုကြပါတယ်။

အကောင်ကြီးမားတဲ့ အောက်ချင်းငှက်တွေမှာ နှုတ်သီးနဲ့ helmet ဟာ ဆင်စွယ်လိုပဲ ကျစ်ကျစ်လစ်လစ် ဖြစ်ကြတာကြောင့် ရိုးရာဓလေ့ထုံးတမ်းတွေကို ရေးထွင်းလေ့ရှိကြပါတယ်။ တရုတ်ပြည်က မင်မင်းဆက်ခေတ်မှာဆိုရင် ဆင်စွယ်၊ ကျောက်စိမ်းနဲ့ ရွှေတို့ထက် အောက်ချင်းငှက်နှုတ်သီးတွေက ပိုတန်ဖိုးကြီးပါတယ်။

အဖရိကတိုက်က Senufu လူမျိုးတွေကလည်း ground hornbill တွေကို တန်ခိုးရှင်ဘုရားရဲ့ စေတမန် အဖြစ်လည်းကောင်း၊ မျိုးအောင်ခြင်းရဲ့သင်္ကေတအဖြစ်လည်းကောင်းမှတ်ယူကြပါတယ်။

အိန္ဒိယနိုင်ငံ Arunachal Pradesh ပြည်နယ်မှ ပုံပြင်တစ်ပုဒ်ကတော့ အိပ်ရာဝင်ပုံပြင်ပါ။ Great Hornbill က သူ့အမြီးကို ဘယ်သူ့ဆီကနေရသလဲဆိုတဲ့ပုံပြင်ပေါ့။ Great Hornbill မှာ အရင်က အမြီးမရှိဘူးတဲ့။ တစ်နေ့မှာတော့ ရေနတ်ဆိုးက ခေါ်ဆောင်သွားတဲ့ သူ့မိန်းမကို ရှာနေတဲ့ Tikhak မျိုးနွယ် ကျေးလက်သားတစ်ဦးကို Great Hornbill က ကူညီသတဲ့။ ထိုယောက်ျားက ကျေးဇူးတင်တဲ့အနေနဲ့ သူ့ ဒိုတီ (dhoti) ကို လက်ဆောင်အဖြစ် Great Hornbill အား ပေးလိုက်တယ်။ သူတို့မျိုးနွယ်ရဲ့ ဒိုတီဟာ အဖြူရောင်ရဲ့အလယ်မှာ အနက်ရောင် အစင်းရှိတဲ့ ချည်ထည်တစ်မျိုးပါ။ အဲဒါကို Great Hornbill က သူ့အမြီးအဖြစ် ယနေ့ထက်တိုင် အသုံးပြုပါတယ်တဲ့။ Great Hornbill ရဲ့ အမြီးကို ကြည့်ရင်တော့ အတော်လေးတူတာကို တွေ့ရမှာပါ။

Pacific Islands မှာတော့ အောက်ချင်းငှက်ဟာ မင်းသားဘဝကနေ ငှက်ဖြစ်လာတယ်လို့ ဒဏ္ဍာရီရှိပါတယ်။ နန်းတော်သို့မဟုတ် မိထွေးတော်ရဲ့ အိမ်တော်ကို ဖျက်ဆီးတဲ့ မင်းသားတစ်ပါးဖြစ်ပြီး ပြစ်ဒဏ်အဖြစ် ငှက်အသွင်ကို ပြောင်းပေးလိုက်ကြတာလို့ ဆိုပါတယ်။

## (၃) အောက်ချင်းငှက် - ကိုယ်ပိုင်နယ်မြေနဲ့ အတည်တကျ နေထိုင်သူ

အောက်ချင်းငှက်တွေဟာ နေရာဒေသတစ်ခုမှာ အတည်တကျ နေထိုင်တတ်တဲ့ ငှက်တွေဖြစ်ပါတယ်။ ရောက်ရာအရပ်မှာပဲ အိပ်တတ်တဲ့ ခြေသလုံးအိမ်တိုင်သမားမျိုး မဟုတ်ကြပါဘူး။ သူတို့ကိုယ်တိုင် သီးသန့် သတ်မှတ်ထားတဲ့ နယ်မြေမှာပဲ နေထိုင်ကြပါတယ်။ အစာရှာတဲ့အချိန်မှာ သတ်မှတ်နယ်မြေကို ကျော်တတ်တဲ့အချိန် အနည်းငယ်ရှိပေမဲ့ သူတို့ရဲ့နေရာကိုပဲ ပြန်လာကြပါတယ်။ သူတို့ဟာ နေဝင်ဆည်းဆာအချိန်မှာ အစာရှာထွက်ကြတဲ့ အဝေးတစ်နေရာကနေ ပုံမှန်ပြန်လာကြပါတယ်။ သူတို့မှာ ပုံမှန်အသုံးပြုတဲ့ လမ်းကြောင်းလည်း ရှိပါတယ်။

ထိုင်းနိုင်ငံမှာ တိုင်းတာချက်အရ Great Hornbill အထီးတွေရဲ့ ကိုယ်ပိုင်နယ်မြေဟာ သားပေါက်ရာသီမှာ ၃.၇ စတုရန်းကီလိုမီတာ ရှိပြီး၊ သားပေါက်ရာသီမဟုတ်တဲ့ အချိန်မှာတော့ ၁၄.၇ စတုရန်းကီလိုမီတာ ရှိပါတယ်။

## (၄) အောက်ချင်းငှက် - သစ္စာတရားနဲ့ စည်းလုံးခြင်းရဲ့သင်္ကေတ

အောက်ချင်းငှက်တွေဟာ ယေဘုယျအားဖြင့် တလင်တမယားစနစ်ကို ကျင့်သုံးတဲ့ ငှက်အမျိုးအစားများ ဖြစ်ပါတယ်။ ဒါဟာ တစ်ဦးအပေါ် တစ်ဦး သစ္စာရှိခြင်းရဲ့ ပြယုဂ်တစ်ခုဖြစ်ပါတယ်။ အင်ဒိုနီးရှားအရှေ့ပိုင်း ဆမ်ဘာကျွန်းမှာရှိတဲ့ လူမျိုးတွေကတော့ အောက်ချင်းငှက်ကို သစ္စာတရားရဲ့ သင်္ကေတအဖြစ် မှတ်

ယူကြပါတယ်။ ဒါဟာ ချင်းလူမျိုးတွေရဲ့ ယုံကြည်မှုနဲ့ တူညီနေတာကို တွေ့ရပါတယ်။ အောက်ချင်းငှက် အဖိုအမ တစ်စုံဟာ သူတို့ရဲ့ ကိုယ်ပိုင်နယ်မြေကို အတူတကွ ကာကွယ်ကြပါတယ်။ မျိုးစိတ်အနည်းငယ်ကတော့ သူတို့ရဲ့ နယ်မြေနဲ့ မျိုးပွားမှုကို ကာကွယ်ဖို့ အုပ်စုဖွဲ့ပြီး နေထိုင်ကြပါတယ်။ ဒါဟာ လိုအပ်တဲ့ အချိန်မှာစည်းလုံးတတ်ခြင်းရဲ့အရေးပါမှုကိုဖော်ညွှန်းတာပဲဖြစ်ပါတယ်။

Great Hornbill တွေကတော့ အများအားဖြင့် အုပ်စုတစ်ခုထဲမှာ အကောင်ရေသိပ်များများ မရှိတတ်ကြပါ။ ဒါပေမဲ့ တခါတရံမှာတော့ အကောင်ရေများစွာနဲ့ အုပ်စုဖွဲ့တတ်ကြပါတယ်။ သစ်သီးပင်တွေကိုလည်း အတူတကွ ချဉ်းကပ်ကာ စားသုံးကြပါတယ်။ မှတ်တမ်းထဲမှာတော့ Great Hornbill ကောင်ရေ ၁၅၀ ကနေ ၂၀၀ အထိပါတဲ့ အုပ်စုကို ဘူတန်နိုင်ငံ အရှေ့တောင်ပိုင်းမှာ တွေ့ဖူးကြပါတယ်။

## (၅) အောက်ချင်းငှက် - မိသားစုဘဝကို အမြော်အမြင်ရှိရှိ တည်ထောင်သူ

Great Hornbill တွေရဲ့ သားပေါက်ရာသီဟာ ဇန်နဝါရီလကနေ ဧပြီလအထိ ဖြစ်ပါတယ်။ သားပေါက်ရာသီ ရောက်လာတဲ့အခါ ကျယ်လောင်စွာ အော်မြည်ကြပါတယ်။ အထီးက တစက္ကန့်မှာ တစ်ကြိမ်နှုန်းဖြင့် 'ခေါ့ခ်' ဟု အော်မြည်ပြီး အမက ထိုအော်မြည်သံကိုတုန့်ပြန်ပါတယ်။ ထို့နောက် တွေ့ဆုံကြဖို့အော်သံပေးကြပြီး၊ တွေ့ဆုံတဲ့အချိန်မှာ ဟိန်းဟောက်သံပါတဲ့ အသံနဲ့ အော်မြည်ကြပါတယ်။

Great Hornbill တွေဟာ အသိုက်ဆောက်ရမည့်နေရာအတွက် လူသူမရောက်၊ မခုတ်ထွင်တဲ့ တောနက်ကြီးကို ပိုမိုနှစ်သက်ကြပါတယ်။ လုံးပတ်ကြီးမားရုံမက မြင့်မြင့်မားမား ထိုးထွက်နေတဲ့ နှစ်ရှည်ပင်ကြီးများကို အသိုက်ဆောက်ဖို့ ရွေးတတ်ကြပါတယ်။

ဒါကြောင့် အောက်ချင်းငှက်များဟာ ခိုင်ခန့်တဲ့ နေရာကို ရွေးလေ့ရှိကြပြီး၊ မဟာဆန်တဲ့ ငှက်အမျိုးအစားတစ်မျိုး ဖြစ်ကြတယ်လို့ ပြောလို့ရပါတယ်။

## (၆) အောက်ချင်းငှက်အမ - အမျိုးသမီးများရဲ့ ရဲစွမ်းသတ္တိနှင့် မိခင်ဘဝအတွက် သင်္ကေတ

အောက်ချင်းငှက်အထီးတွေဟာ အမတွေထက် အနည်းငယ် ပိုကြီးကြပါတယ်။ ဒါပေမဲ့ အောက်ချင်းငှက် အမ တွေဟာ ပိုမိုရဲရင့်ကြပါတယ်။ ဥပမာအားဖြင့် မြွေနဲ့ monitor lizard တွေကို အောက်ချင်းငှက်အထီးက တိုက်ခိုက်ဖို့ ရှောင်ရှားတတ်ပေမဲ့ အောက်ချင်းငှက် အမ တွေကတော့ ရင်ဆိုင်တိုက်ခိုက်ဖို့ ဝန်မလေးကြပါဘူး။ အောက်ချင်းငှက် အမတွေ ဥ-ဥနေချိန်မှာ သူ့ဥကိုစားဖို့ မြွေတစ်ကောင် တက်လာတယ်ဆိုရင်လည်း အသိုက်ထဲမှာရှိတဲ့အောက်ချင်းငှက်အမက သူ့နှုတ်သီးနဲ့ထိုးဆိတ်သတ်ဖြတ်လေ့ရှိပါတယ်။

အသိုက်ဆောက်ဖို့နေရာကိုလည်း အောက်ချင်းငှက်အမကပဲ သေသေချာချာ ရွေးလေ့ရှိပါတယ်။ နေသာထိုင်သာရှိမယ့်နေရာကို မရမက ရှာလေ့ရှိပါတယ်။ အသိုက်ဆောက်မယ့် သစ်ခေါင်း သို့မဟုတ် ကျောက်ဆောင် အက်ကြောင်းမှာ မီးခိုးခေါင်းတိုင်ပုံစံမျိုး အပေါက်ခေါင်းထပ်ရှိနေမှ သူရွေးပါတယ်။ ရန်သူရဲ့ တိုက်ခိုက်မှုခံရရင် ထွက်ပြေးလွတ်မြောက်နိုင်ဖို့ ဖြစ်ပါတယ်။ အသိုက်ဆောက်ဖို့ နေရာရွေးပြီးတဲ့အခါ အခြားအပေါက်ငယ်များအားလုံးကို ပိတ်လိုက်ပါတယ်။ ဒါဟာ မိမိသားသမီး မွေးဖွားမယ့်နေရာနဲ့ သားသမီးတွေရဲ့ လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်တတ်တဲ့ မိခင်ကောင်းရဲ့ စိတ်ဓါတ်ပဲ ဖြစ်ပါတယ်။

## (၇) အောက်ချင်းငှက်အထီး - စံပြ ဖခင်

အောက်ချင်းငှက်အမက အသိုက်ကိုပြင်ဆင်ပြီးတဲ့အခါမှာ အောက်ချင်းငှက်အထီးက သူ့တံတွေးတွေနဲ့ စိစွတ်အောင် လုပ်ထားတဲ့ မြေကြီးကို သယ်ဆောင်လာပါတယ်။ ပြီးတော့ ရွှံ့နံရံတစ်ခုကို အတူတကွ တည်ဆောက်ကြပါတယ်။ အထီးက အသိုက်ရဲ့အပြင်ဘက်ကို တာဝန်ယူပြီး အမက အတွင်းဘက်ကို တာဝန်ယူပါတယ်။ မိသားစုတစ်ခုကို တည်ဆောက်ဖို့ ဇနီးမောင်နှံ လက်တွဲညီညီ အလုပ်လုပ်ကြတာကို တွေ့နိုင်ပါတယ်။ အသိုက်ရဲ့ ဘေးဘက်ကနေ စပိတ်ကြပြီး အလယ်မှာတော့ အမအတွက် အစာယူဖို့နဲ့ ဆက်သွယ်နိုင်ဖို့အတွက် အပေါက်ငယ်လေးပဲ လုပ်ကြပါတယ်။ အသိုက်ဆောက်တာကို အမ ကပိုလုပ်

ပေမဲ့ လိုအပ်တဲ့ အစာရေစာနဲ့ အခြားအရာတွေကို အထီးက အမြဲထောက်ပံ့ပေးပါတယ်။ အသိုက်ကို ဆောက်ပြီးတဲ့အခါမှာတော့ အမ အတွက် အစားအစာနဲ့ လုံခြုံရေးအားလုံးကို အထီးကတာဝန်ယူပါတယ်။ အောက်ချင်းငှက်ပေါက်စလေးတွေအစာစားနိုင်တဲ့ အရွယ်ရောက်ချိန်မှာဆိုရင် ဖခင်အောက်ချင်းငှက်ဟာ တစ်နေ့မှာ အခေါက်ရေ ၇၀ လောက်အထိ အစာကို ရှာဖွေသယ်ဆောင်ပေးရပါတယ်။ တချို့ မှတ်တမ်းတွေမှာဆိုရင် တစ်နာရီမှာ ဆယ်ကြိမ်နှုန်းနဲ့ အစာကို ကျွေးတယ်လို့ ဆိုပါတယ်။

အမဟာ သားသမီးတွေနဲ့အတူ သုံးလမှငါးလအထိ အသိုက်ထဲမှာ နေရပါတယ်။ အဲဒီအချိန်တလျှောက်လုံးမှာ မိခင် အောက်ချင်းငှက်နဲ့ သားသမီးတွေဟာ အစာအတွက် ဖခင် အောက်ချင်းငှက်ကို လုံးလုံးလျားလျား မှီခိုရပါတယ်။ တခါတလေမှာ ဖခင်အောက်ချင်းငှက် သေဆုံးသွားခဲ့ရင် မိခင်အောက်ချင်းငှက်နဲ့ သားသမီးများအားလုံး အစာငတ် သေဆုံးတတ်ကြပါတယ်။

တချို့ စာရေးဆရာတွေကတော့ ဖခင်များနေ့ကို ဂုဏ်ပြုတဲ့ အရေးအသားအတွက် အောက်ချင်းငှက်အထီးကို ပုံဥပမာ အဖြစ် အသုံးပြုကြပါတယ်။ ဘုရားသခင်ရဲ့ လုပတဲ့ လက်ရာတော်အဖြစ်လည်း မှတ်ယူကြပါတယ်။

### (၈) အောက်ချင်းငှက် ဖနီးမောင်နံ - သားသမီးထိန်းကျောင်းခြင်းရဲ့ သင်္ကေတ

အောက်ချင်းငှက်တွေဟာ မိသားစုလိုက် နေထိုင်တတ်တဲ့ငှက်များ ဖြစ်ကြပါတယ်။ အစာစားတဲ့အခါမှာလည်း ကြီးစဉ်ငယ်လိုက် စားကြပါတယ်။ ကြီးသူကို ရိုသေတတ်တဲ့ ငှက်ပေါ့။

Great Hornbill အောက်ချင်းငှက် အမ ဟာ တစ်ကြိမ်မှာ ဉ တစ်လုံး သို့မဟုတ် နှစ်လုံးသာ ဉပါတယ်။ ဉပေါက်လာဖို့ ရက်ပေါင်း ၃၈-၄၀ လောက် ဝပ်ရပါတယ်။ အောက်ချင်းငှက်ပေါက်စလေးတွေကတော့ ရက် ၅၀ ကနေ ၉၀ ကြားအထိ ပိတ်ထားတဲ့အသိုက်ထဲမှာ နေကြပါတယ်။ ဒါဟာ သူတို့ရဲ့ လုံခြုံရေးအတွက် ဖြစ်ပါတယ်။ အောက်ချင်းငှက်ပေါက်စတွေဟာ အမွေးအမျှင် မရှိကြပါဘူး။ သူတို့အမွေးအမျှင် စပေါက်လာတဲ့အချိန်မှာတော့ အစာလည်း ပိုစားလာနိုင်ကြပါပြီ။ သူတို့ရဲ့ အစာလိုအပ်မှု တစ်နေ့တစ်ခြား ပိုများလာတဲ့အချိန်မှာ မိခင် အောက်ချင်းငှက်က အသိုက်နံရံကို ဖောက်ပါတယ်။ သားသမီးတွေအတွက် လိုအပ်တဲ့အစာကို ရှာရာမှာ ဖခင် အောက်ချင်းငှက်ကို ကူညီဖို့ လိုအပ်လာလို့ ဖြစ်ပါတယ်။

အောက်ချင်းငှက်ငယ်လေးများဟာ ရက် ၄၅ မှ ၈၀ ကြားမှာ သူတို့ရဲ့အသံ ပြောင်းလဲလာပါတယ်။ အဲဒီအချိန်မှာ ဖခင်နဲ့ မိခင် အောက်ချင်းငှက်တို့က အစာရှာပေးမှုကို ခဏရပ်ထားကြပါတယ်။ အသိုက်နံရံကို သူတို့ဘာသာ ဖောက်ထွက်နိုင်အောင် တမင်လုပ်ထားကြတာဖြစ်ပါတယ်။ ယေဘုယျအားဖြင့် အသိုက်နံရံမှာ အပေါက်ရှိအောင်ဖောက်ကာ ခေါင်းပြူထွက်ပြီး အပြင်လောကကို အရင်ဆုံး လေ့လာကြည့်ရှုကြပါတယ်။ ရက်အနည်းငယ်အထိ လေ့လာပြီးတဲ့အခါမှာ အပြင်လောကသို့ထွက်ဖို့ သတ္တိတွေ ရှိလာကြပါတယ်။ ဒါပေမဲ့ အပြင်ထွက်မယ်ဆိုရင် ပျံတတ်ဖို့ လိုအပ်ပါတယ်။ သူတို့က မပျံတတ်သေးပါဘူး။

အကောင်ငယ်များဟာ သူတို့ ပျံသန်းနိုင်မယ့် အချိန်ရောက်လာတဲ့အချိန်မှာ အသိုက်နံရံကိုဖောက်ဖို့ ကြိုးစားကြပါတယ်။ မိခင်နဲ့ ဖခင် အောက်ချင်းငှက်က စူးစူးရှရှ အော်မြည်ရင်း အားပေးကြပါတယ်။ အများအားဖြင့် ပိုသန်မာတဲ့ အကောင်ငယ်ဟာ အရင်ထွက်လာပြီး ခုန်ထွက်ကာ သစ်ကိုင်းပေါ်မှာ ဆင်းသက်လေ့ရှိပါတယ်။ နောက်ပိုင်းမှာတော့ မိဘတွေရဲ့ အဆက်မပြတ်အားပေးမှု၊ စေတနာဒေါသောနဲ့ စေခိုင်းမှုတွေကြောင့် ပျံတတ်လာကြပါတယ်။

အောက်ချင်းငှက် ပေါက်စလေးတွေမှာ casque ပါမယ့်အရိပ်အယောင် မရှိကြပါဘူး။ နှစ်နှစ်အရွယ်မှာ အရေးအကြောင်းစပေါ်လာပြီး သုံးနှစ်အရွယ်မှစကာ casque စတင်ကြီးထွားလာခြင်း ဖြစ်ပါတယ်။ အောက်ချင်းငှက်ငယ်တွေ ငါးနှစ်အရွယ်ရောက်မှသာ casque ကြီးထွားမှု ပြည့်စုံလာပါတယ်။ လူဆိုရင်တော့ မူကြို ဒါမှမဟုတ် သူငယ်တန်း တက်လို့ ရပြီပေါ့နော်။

☛

**(၉) အောက်ချင်းငှက် - စောင့်ရှောက်ဖို့ အထူးလိုအပ်တဲ့ အစိုးတန် ငှက်မျိုးစိတ်**

တစ်နေ့တစ်ခြား ကြီးထွားလာတဲ့ သစ်သားလိုအပ်ချက်များကြောင့် ကျွန်တော်တို့ဟာ အောက်ချင်းငှက်များ နေထိုင်ရာ တောနက်ကြီးများကို ခုတ်ထွင်လာကြပါတယ်။ အကျိုးဆက်အနေဖြင့် အောက်ချင်းငှက်များအတွက် နေထိုင်ကျက်စားရာ နေရာ ရှားပါးလာနေပြီး တစ်နှစ်ပြီးတစ်နှစ် အောက်ချင်းငှက်ကောင်ရေ ကျဆင်းလာပါတယ်။

အောက်ချင်းငှက် ရှားပါးလာမှုရဲ့ အဓိကအကြောင်းရင်း နောက်တစ်ခုကတော့ တောလိုက်ခြင်း ဖြစ်ပါတယ်။ ယဉ်ကျေးမှု အသုံးအဆောင်၊ အလှအပ၊ ယုံကြည်မှုဆိုင်ရာနဲ့ ဆေးဝါးပစ္စည်းများအဖြစ် အောက်ချင်းငှက်ရဲ့ ဦးခေါင်းနဲ့ အမွေးတွေကို အသုံးပြုမှုများကြောင့် ဝယ်လိုအား မြင့်မားလာနေတဲ့ အဆင့်ရောက်လာခဲ့ရာ တောလိုက်မုဆိုးများက နှစ်စဉ်နှစ်တိုင်း အောက်ချင်းငှက် အကောင်ရေများစွာကို သတ်ဖြတ်နေကြပါတယ်။

ဥပမာအားဖြင့် အောက်ချင်းငှက် နှုတ်သီးနဲ့ ဦးခေါင်းကို အဆောင်အဖြစ် အသုံးပြုမှု၊ အသားကို ဆေးဖက်ဝင်အဖြစ် ယုံကြည် စားသုံးမှုများဟာ မျိုးနွယ်စုများစွာကြားမှာ ပျံ့နှံ့နေပါတယ်။ အောက်ချင်းငှက်ငယ်များကိုပင် စားကောင်းသောက်ဖွယ်အနေနဲ့ သတ်ဖြတ်မှုများစွာ ရှိနေပါတယ်။ မျိုးနွယ်စုတချို့ကတော့ အောက်ချင်းငှက်ဦးခေါင်းကို အဆင်တန်ဆာအဖြစ် အသုံးပြုကြပါတယ်။ ကျွန်တော်တို့ ချင်းလူမျိုးတွေအတွက်လည်း အောက်ချင်းငှက်အမွေးဟာ ပွဲလမ်းသဘင်အတွက် အရေးတကြီး အသုံးပြုနေကြတယ်။ မျိုးစိတ် စောင့်ရှောက်ရေးအဖွဲ့တွေကတော့ အောက်ချင်းငှက်မွေး အသုံးပြုသူတွေကို ဖမ်းဆီးပြီး၊ မွေးမြူထားတဲ့ အောက်ချင်းငှက်မွေးများနဲ့ တတ်နိုင်သလောက် ထောက်ပံ့ပေးနေကြပါတယ်။

အောက်ချင်းငှက်ရဲ့ casque ကို ဆင်စွယ်နဲ့ ဆင်တူလို့ "ရွှေဆင်စွယ်" (golden ivory) ဟုလည်းကောင်း၊ ရွှေကျောက်စိမ်း (golden jade) ဟုလည်းကောင်း၊ "အနီရောင် ဆင်စွယ်" (red ivory) ဟုလည်းကောင်း အမျိုးမျိုး ခေါ်ကြပါတယ်။ ယနေ့ခေတ်မှာ အောက်ချင်းငှက်ဝယ်လိုအား အမြင့်ဆုံးဟာ တရုတ်ပြည်ဖြစ်ပြီး တစ်ဂရမ်ကို အမေရိကန်ဒေါ်လာ ၄- ၈ နှုန်းကနေ casque တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀ အထိ အရောင်းအဝယ် လုပ်ကြပါတယ်။ ကုန်သည်တွေက ဒေသခံမုဆိုးတွေဆီကနေ ၄ ဒေါ်လာမျှနဲ့ ဝယ်ယူကာ မှောင်ခိုဈေးကွက်မှာ အဆမတန် ဈေးတင်ရောင်းနေကြခြင်း ဖြစ်ပါတယ်။

မျိုးစိတ်ပျောက်ကွယ်မှုကို တားဆီးဖို့ ကြိုးပမ်းနေတဲ့ IUCN ရဲ့ Red List of Threatened Species (မျိုးတုံးဖို့ ခြိမ်းခြောက်ခံရတဲ့ မျိုးစိတ်စာရင်း) မှာ Great Hornbill ဟာ ခြိမ်းခြောက်ခံလုနီးပါးအဆင့် (near threatened) အထိ ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။

**ကျမ်းကိုးစာရင်း**

1. Mathrubhumi News Online
2. Wikipedia – Great Hornbill
3. Sunday Post, Online Edition of Nagaland's First & Foremost News Daily, November 6, 2016.
4. Facts and Details - Hornbills, Thier Nest-Building Behavior and Species in Asia – Online
5. Softpedia – 9 Things About Hornbills
6. Facts about Great Hornbill – Online
7. Ibanology blog, Hornbill, October 15, 2013
8. Mythology Dictionary – Online
9. Wikipedia – National Birds

b*¾me,f wif&;om;azmfjyxm;aom uAsm
uwef;ESifhqifyJr;om;rsm;oD;ol
wpfDifpD tjrift mabrf;om;zpfonf

a0zeft.ujcuf;ukdtfvS uqk uf
&Sdonf

t,fDW
cift rpbm;*me,f

# တပ်မတော်မူဝါဒနှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တည်ဆောက်ရေး



✍ Khin Mg Ley

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးအရ အဖြေရှာရမည့် နိုင်ငံရေးပြဿနာဖြစ်သည်ဟူသော မူကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုအစိုးရတို့ နှစ်ဖက် သဘောတူလက်ခံ၍ အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးပြီးနောက် အခန်းပေါင်း (၇) ခန်းနှင့် အပိုဒ်ပေါင်း (၃၃) ပိုဒ်ပါရှိသော "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်- NCA" ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် နိုင်ငံတော်အခမ်းအနားဖြင့် နိုင်ငံတကာအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ထိုး ချုပ်ဆိုခဲ့ကြသည်။

NCA ကို လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့်အညီ ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပလျက်ရှိသည်။ ထိုဆွေးနွေးပွဲများတွင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် အခြေခံရမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝသယံဇာတ စသည့် ကဏ္ဍ (၅) ခုဆိုင်ရာ အခြေခံမူများကို အဓိက ဆွေးနွေးခဲ့ကြသည်။ ယခုတွင် ကဏ္ဍ (၅) ခုမှ ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်း (၁) အဖြစ် သဘောတူညီချက် (၃၇) ချက်၊ အစိတ်အပိုင်း (၂) အဖြစ် သဘောတူညီချက် (၁၄) ချက်နှင့် အစိတ်အပိုင်း (၃) ပါ အပိုင်း (၁) NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်၊ အပိုင်း (၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်စသည့် သဘောတူညီချက် (၂၀) ချက် အပါအဝင် အပိုင်း (၂) ၂၀၂၀ အလွန်အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အကောင် အထည်ဖော်မှုများကို သဘောတူညီမှု ရရှိခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံအစည်းအဝေးကို စတုတ္ထအကြိမ်အထိ ကျင်းပသွားခဲ့ပြီးဖြစ်သော်လည်း အဓိကကျသည့် နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍများပါ ဖက်ဒရယ်အခြေခံမူနှင့် တစ်ခုတည်းသော ပြည် ထောင်စုတပ်မတော်တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများနှင့် ပတ်သက်ပြီး အစုအဖွဲ့များအကြားအခက်အခဲရှိလျက်ပင်ဖြစ်သည်။ ဤကဏ္ဍနှစ်ခုစလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့်အပြင် အရေးကြီး၍ အဓိကကျသော ကဏ္ဍများ ဖြစ်သကဲ့သို့ ရှေ့နောက်ညီရန်လည်း အထူးလိုအပ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ လုံခြုံရေးကဏ္ဍဆိုင်ရာ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ပြည်ထောင်စုတပ်မတော် တည်ဆောက်ရေးနှင့်ပတ်သက်သော တပ်မတော်၏ ရပ်တည်ချက်အပေါ် မိမိ၏အမြင်ကို အနည်းငယ် တင်ပြလိုပါသည်။

### ၁။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် တည်ဆောက်ရေး

#### (က) လက်ရှိကာကွယ်ရေး မူဝါဒ

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် တည်ဆောက်ရာတွင် တစ်ခုတည်းသော တပ်မတော် တည်ဆောက်ရေးကိုတပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့အကြား မူအရ သဘောတူညီခဲ့ကြသည်။ သို့သော် တစ်ခု

တည်းသောတပ်မတော်ကို မည်သည့် အခြေခံမူအောက်တွင် မည်သို့မည်ပုံ တည်ဆောက်မည်ဆိုသည့် အပိုင်းတွင် ဆွေးနွေး မရဘဲ ရပ်တန့်ခဲ့ပြီး အလွတ်သဘော ဆွေးနွေးမှုများကို တိုးမြှင့် ပြုလုပ်ရန် ချမှတ်ခဲ့ကြသည်။ ပို၍ ယုံကြည်မှု တည်ဆောက်လို သည့်သဘော ဖြစ်သည်။

တစ်ခုတည်းသော တပ်မတော် တည်ဆောက်ရေးသည် လူတိုင်းလက်ခံ၍ နိုင်ငံတိုင်းက ကျင့်သုံးသည့် Universal Truth ဖြစ်ပြီး မည်သည့်အခြေခံမူအောက်တွင် မည်သို့မည်ပုံ ဖွဲ့စည်းရမည်မှာ အဓိကဖြစ်သည်။

ပြည်ထောင်စုတပ်မတော်တစ်ခု၏ ဝိသေသမှာ ပြည်နယ် များက ထိုတပ်အားကိုးဖြင့် နိုင်ငံရေးပြဿနာကို ဖြေရှင်းရန်၊ မစွမ်းဆောင်နိုင်ရန်နှင့်ပြည်ထောင်စုအာဏာပိုင်များ၏အုပ်ချုပ် မှုမရှိဘဲ မည်သည့်အခါတွင်မျှ ထိုတပ်သည် နိုင်ငံရေးတွင် ဝင်ရောက် မစွက်ဖက်ရေးဖြစ်သည်။ ပြည်ထောင်စုတပ်မတော် သည် ပြည်ထောင်စုအစိုးရက အမိန့်ပေးမှသာ လှုပ်ရှားအသက် ဝင်ရမည်။စင်စစ်ဖက်ဒရယ်ပြည်ထောင်စုအတွင်းပြည်ထောင်စု တပ်မတော်ကို ပြည်နယ်များက သော်လည်းကောင်း၊ ပြည် ထောင်စုကသော်လည်းကောင်း နိုင်ငံရေးပြဿနာတွင် အသုံး မပြုနိုင်ခြင်းသည် ပြည်ထောင်စုတပ်မတော်၏ စံတရပ်ဖြစ် သည်။ ပြည်ထောင်စုတပ်မတော်ဖြစ်လျှင် ပြည်ထောင်စုအစိုးရ ၏ အမိန့်ပေးမှုကို နာခံရန်သာ ဖြစ်သည်။ ပြည်ထောင်စုအစိုးရ အနေဖြင့်မတရားသောအမိန့်ပေးနေပါလျှင်ပြည်နယ်အသီးသီး သည် ပြည်ထောင်စုရှိ ၎င်းတို့တပ်မတော်များကို ဗဟိုအစိုးရ၏ အမိန့်ကို မနာခံရန် တပြိုင်တည်း အမိန့်ပေးခြင်းဖြင့် ပြည်ထောင် စုက မတရားသော အမိန့်ပေးမှုကို ကာကွယ်နိုင်သည်ဟု နိုင်ငံ ရေးသိပ္ပံပညာရှင်များက ဆိုသည်။

အဓိကအားဖြင့် ပြည်ထောင်စုနိုင်ငံအတွင်းရှိ လက်နက် ကိုင်တပ်များကို သာမန်အချိန်တွင် ဖြန့်ကျဲထားပြီး၊ မည်သူ တစ်ဦး၊ လူတစ်စုကမျှ ထိုတပ်များကို အမိန့်ပေး ထိန်းချုပ်မှု အလွယ်တကူ မပြုလုပ်နိုင်ရန်နှင့် အလွဲသုံးစား မပြုနိုင်ရန် စီမံ ထားရသည်။ သာမန်အခြေအနေတွင် ထိုတပ်များကို နိုင်ငံရေး တွင် ဝင်ရောက် မစွက်ဖက်စေလို၍ ဖြစ်သည်။ ပြည်ထောင်စု တစ်ခုလုံးနှင့် ပတ်သက်သည့်ပြည်ပနိုင်ငံများနှင့်စစ်မက်ဖြစ်ပွား သောအခါတွင်သာ ပြည်ထောင်စုအစိုးရ၏ အမိန့်ပေးမှုအောက် တွင် ပြည်ထောင်စုနိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်း ဆောင်ရန်ဖြစ်သည်။

ပြည်ထောင်စုနိုင်ငံသည် ပြည်ထောင်စုနှင့် အဖွဲ့ဝင်များ အကြား အာဏာခွဲဝေကျင့်သုံးသော စနစ်ဖြစ်ရာ စစ်တပ်ကို နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခွင့် ပြုထားပါက စစ်တပ်၏ ဗဟိုဦးစီးချုပ်ကိုင်မှုကြောင့် အာဏာခွဲဝေရေးကို ထိခိုက်စေနိုင် သည်။ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံများတွင် စစ်တပ်ကို နိုင်ငံရေးနယ်ပယ်မှ ကင်းလွတ်နေစေရန် အထူး စီမံချက်အရ ပြုလုပ်ကြသည်။

ပြည်ထောင်စုဖြင့် ဖွဲ့စည်းသောနိုင်ငံများတွင် လက်နက် ကိုင်တပ်များကို ပြည်ထောင်စုအစိုးရ ထိန်းချုပ်မှုအောက်တွင် ရှိသော တပ်များနှင့် ပြည်ထောင်စုအဖွဲ့ဝင်များ ထိန်းချုပ်မှု အောက်တွင်ရှိသော တပ်များဟူ၍ နှစ်မျိုးထားလေ့ရှိသည်။ ဥပမာ- ကြည်း၊ ရေ၊ လေ တပ်များကို ပြည်ထောင်စုအစိုးရ၏ လေ့ကျင့်မှု၊ ထိန်းချုပ်မှုအောက်တွင် ထားရှိကြပြီး၊ ပြည်ထောင်စု အဖွဲ့ဝင်များ၏ ထိန်းချုပ်မှုအောက်တွင် ရဲတပ်ဖွဲ့များ၊ နယ်ခြား စောင့်တပ်များ၊ လုံခြုံရေးတပ်များစသဖြင့် ထားလေ့ရှိကြသည်။

ပြည်ထောင်စု၏ ထိန်းချုပ်မှုအောက်တွင်ရှိသော တပ်များ ကို လူဦးရေအချိုးအစားအရ စေလွှတ်သော အရေအတွက်များ ဖြင့် ဖွဲ့စည်းသည် သို့မဟုတ် ပြည်ထောင်စုဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဖွဲ့စည်းထားကြသည်။

## (၈) လက်ရှိ မြန်မာ့တပ်မတော် ဖွဲ့စည်းမှု

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)ပုဒ်မ၂၀(ခ၊ဂ၊ဃ) နှင့် အခန်း (၇) ပုဒ်မ (၃၃၈) တို့အရ နိုင်ငံတော်အတွင်းရှိ တပ်မတော်ကြည်း၊ရေ၊လေနှင့်လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို ကာကွယ်ရေးဦးစီးချုပ်က ချုပ်ကိုင်ထားသည်။ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့်လုံခြုံရေးတပ်ဖွဲ့များအားလုံးကိုကာကွယ်ရေးဝန်ကြီး ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်တွင် ခွဲဝေထားရှိသော်လည်း ကာကွယ်ရေးဦးစီး ချုပ်က တိုက်ရိုက် ချုပ်ကိုင်ထားသည်။ နယ်ခြားစောင့်တပ်များ ကိုလည်း နယ်စပ်လုံခြုံရေးဝန်ကြီးဌာနက ကာကွယ်ရေးဦးစီး ချုပ်၏ အမိန့်ဖြင့် တိုက်ရိုက် ချုပ်ကိုင်ထားပြီး၊ သက်ဆိုင်ရာ

ပြည်နယ်အစိုးရက နယ်စပ်ရေးရာဝန်ကြီး၏ ခွင့်ပြုချက်မရှိဘဲ တစုံတရာ လုပ်ပိုင်ခွင့် မရှိပေ။

နိုင်ငံတော်၏ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ဘာသာရေးနှင့် လူမျိုးရေးအရခွဲခြားမှုရှိသည့်အပြင် တိုင်းရင်းသားလူမျိုးများ၏ တန်းတူအခွင့်အရေးကို ပိတ်ပင်ခံထားရသည်။ ဤသည်မှာ ဗမာနှင့် တိုင်းရင်းသားလူမျိုးများအကြား တန်းတူအခွင့်အရေးမရှိခြင်းကို ထင်ရှားစေသည်။

## (ဂ) နိုင်ငံတော် လုံခြုံရေး

မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခသည် နှစ်ပေါင်း (၇၀)ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်နှင့်အညီငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်လည်း အလွန်နက်ရှိုင်းပြီး အပေါ်ယံနမ်းဖြူးရုံလောက်ဖြင့် ရှေ့ဆက်ရမည့် အရေးမဟုတ်ပေ။ အဓိကနှင့် အခြေခံကျသော အကြောင်းအရာများကို ဆွေးနွေး အဖြေရှာနိုင်မှသာ ခရီးရောက်မည်ဖြစ်သည်။

နောက်ဆုံးကျင်းပပြုလုပ်သောပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အရေးကြီးကဏ္ဍများဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍအနက် လုံခြုံရေးကဏ္ဍတွင် သဘောတူညီချက် တစုံတရာ မရရှိနိုင်ခဲ့ပေ။ အဓိကအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တပ်မတော်အကြားနားလည်မှုအကွဲအလွဲများကြောင့် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ၏ လိုလားချက်ကို ဥပက္ခာပြု၍ အာဏာကို မတရားရယူပြီး ခေတ်အဆက်ဆက် အုပ်ချုပ်လာခဲ့သော တပ်မတော်အစိုးရ အဆက်ဆက်သည် အမှန်တရားကို မသိကျိုးကျွန်ပြုပြီး သပ်သျို၊ သွေးခွဲ၊ အမြစ်ဖြတ်နည်းမျိုးစုံဖြင့် အုပ်ချုပ်လာခဲ့သည်နှင့်အညီ တပ်မတော်အနေဖြင့် ပြုပြင်ပြောင်းလဲရေးထက် ၂၀၀၈ ဖွဲ့စည်းပုံကို အခြေခံ၍ သဘောထားကြီးစွာ အနိုင်ယူရေးကို ဦးတည်နေသည်ဟု မြင်နိုင်ပါသည်။

တပ်မတော်၏ မူမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းနိုင်ရေးသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားပါကလက်နက်ဖြုတ်သိမ်း၍ နိုင်ငံရေးဆွေးနွေးမှု ပြုလုပ်ရန် ဖြစ်သည်။ ဤမူနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အနာဂတ်ပြည်ထောင်စုတပ်မတော် တည်ဆောက်ရေးဆိုင်ရာ သဘောထားမူဝါဒမှာ တခြားစီပင် ဖြစ်သည်။

ဤတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တပ်မတော်၏ အခန်းကဏ္ဍကို အကျယ်တဝင့် ထည့်သွင်းရခြင်းနှင့် ခေတ်အဆက်ဆက် ကျင့်သုံးလာခဲ့သောတပ်မတော်၏မူများကိုအနည်းငယ် တင်ပြလိုပါသည်။

## (၁) ဖြတ်လေးဖြတ် နည်းဗျူဟာ

တော်လှန်ရေးကောင်စီက ၁၉၆၅ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အောက်ပါ ဖြတ်လေးဖြတ်နည်းဗျူဟာကို အသုံးချပြီး တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများကို နယ်စပ်ဒေသကို မောင်းထုတ်နိုင်ခဲ့သည်။

(၁) ရိက္ခာ ဖြတ်တောက်ခြင်း
(၂) ဘဏ္ဍာငွေ ဖြတ်တောက်ခြင်း
(၃) သတင်းနှင့် ဆက်သွယ်ရေး ဖြတ်တောက်ခြင်း
(၄) လူထုနှင့် အဆက်အသွယ်ဖြတ်ခြင်း တို့ဖြစ်သည်။

ပြည်သူလူထုကိုသောင်းကျန်းသူများနှင့်ဆက်သွယ်သည်ဟုဆိုကာ ပေါ်တာဆွဲ၊ ဖမ်းဆီး၊ ထောင်ချ၊ မုဒိမ်းကျင့်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ရွာပေါင်းများစွာကိုလည်း ဖျက်ဆီးခဲ့ပါသည်။ တိုင်းရင်းသားတော်လှန်ရေးသမားများက မိမိတို့၏ ပြည်သူများကို စာနာထောက်ထား၍ တိုက်ပွဲတွင် အသာစီး မရနိုင်ခဲ့ကြဘဲ ပြည်သူ၊ ရပ်ရွာနှင့်ဝေးသော တောစွန်တောင်ဖျား နယ်စပ်ဒေသများကို တိမ်းရှောင်သွားခဲ့ကြသည်။ သို့သော် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကြောင့်ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘွဲ့ကို ရရှိခဲ့ပြီးနောက် နယ်စပ်ဒေသများတွင် မှောင်ခိုစီးပွားရေးအားကောင်းလာသဖြင့် ဖြတ်လေးဖြတ် နည်းဗျူဟာသည် နေဝင်း၏ ဆိုရှယ်လစ်ဝါဒ၊ တပ်မတော် သက်ဆိုးရှည်ရေးဝါဒကြောင့် မအောင်မမြင် ဖြစ်သွားခဲ့ရသည်။

## (၂) လိုက်နာရန် (၁၀) ချက်

ရှစ်လေးလုံး အရေးတော်ပုံကို ဖြိုခွဲပြီး အာဏာရလာသည့်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) သည် ဖြတ်လေးဖြတ်ကို အရောင်ဆိုးပြီး အပြတ်တိုက်နိုင်ရန်အတွက် တစ်ဖွဲ့ချင်းဖြိုသည့်နည်းကို ကျင့်သုံးလာခဲ့သည်။ အပစ်အခတ် ရပ်စဲရေးနှင့် ၎င်းဖြစ်စဉ်ကို အချိန်ဆွဲထားနိုင်ပါက တော်လှန်ရေး စိတ်ဓါတ် မှေးမှိန်သွားမည်ဟု ယူဆ၍ ဖြတ် (၁၀) ဖြတ်ကို လိုက်နာရန် အချက် (၁၀) ချက်ဟု အောက်ပါအတိုင်းပြောင်းလဲ ချမှတ်၍ ချုပ်ချယ်ခဲ့သည်။

(၁) သတ်မှတ်နယ်မြေအတွင်းတွင်သာ နေထိုင်ရန်။
(၂) အင်အားတိုးချဲ့ခြင်း မပြုလုပ်ရန်။
(၃) ဆက်ကြေး၊ အကောက်အခွန်များ မကောက်ခံရန်။
(၄) ပြည်သူလူထုထံ ရိက္ခာ၊ သီးနှံ၊ ပစ္စည်းများ မကောက်ခံရန်
(၅) နိုင်ငံတော်အုပ်ချုပ်ရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြု ရန်။
(၆) မြေပေါ်နိုင်ငံရေးပါတီများနှင့် မဆက်သွယ်ရန်။
(၇) မတရားအသင်းအဖွဲ့များနှင့် မဆက်သွယ်ရန်။
(၈) ထောက်လှမ်းရေးခွင့်ပြုချက် မယူဘဲ အခြားငြိမ်းချမ်းရေး အဖွဲ့များနှင့် မဆက်သွယ်ရန်။
(၉) မြို့တွင်းသို့ သွားလာရာတွင် လက်နက်၊ ကြိုးကြပ် ကန့်သတ်ပစ္စည်းများ မယူဆောင်ရန်။
(၁၀) မြို့တွင်းသို့သွားလာရာတွင်ထောက်လှမ်းရေးကိုကြိုတင် အကြောင်းကြားရန်။

၎င်း(၁၀)ချက်တွင်ဖြတ်လေးဖြတ်ပါဝင်နေသကဲ့သို့၎င်းတို့ သဘောမကျသည့် ဒီမိုကရေစီအင်အားစုများနှင့် အခြား ပြည်တွင်းပြည်ပအင်အားစုများ၊ ကျောင်းသားအင်အားစုများ၊ ပြည်သူနှင့် အဆက်အသွယ် ဖြတ်ထားခြင်းပင် ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် စစ်အာဏာရှင်တို့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ဟု ပြောင်းလဲသည့်အခါတွင်လည်း ၎င်းအချက် (၁၀) ချက်ကိုသာ ဆက်လက် ကျင့်သုံးခဲ့ပါသည်။

သို့သော် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်ရေးအတွက် လက်ရှိဖွဲ့စည်းပုံ ဖြစ်ပေါ်လာရေးကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ရာ လမ်းပြမြေပုံ (၇) ဆင့်ကို တီထွင်ပြီးနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မူတစ်မျိုး ချမှတ်ခဲ့ သည်။

**(၃) သဘောတူညီချက် (၁၄) ချက်**

တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း များစွာကို အပစ်အခတ် ရပ်နိုင်အောင် စည်းရုံးနိုင်ခဲ့ပြီး အာဏာ ပါဝါဖြင့် ပြည့်စုံလှပါသည်ဆိုသော အပစ်ရပ်ရေးဗိသုကာ ဝန်ကြီး ချုပ် ခင်ညွှန့်ကို ၂၀၀၄ တွင် ဖြုတ်ချလိုက်သည်။ ၎င်းနောက် ယခင်မူများကို အနည်းငယ်ပြောင်းလဲပြီး သဘောတူညီချက်မူ အဖြစ် အောက်ပါအတိုင်း ချမှတ်ခဲ့ပြန်ပါသည်။

(၁) အစိုးရနှင့် ဆန့်ကျင်သောအဖွဲ့များနှင့် မဆက်သွယ်ရ။
(၂) လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ် စွန့်လွှတ်ရမည်။
(၃) အင်းအား မတိုးချဲ့ရ၊ လူသစ်မစုဆောင်းရ။
(၄) စစ်သင်တန်း မပေးရ၊ စစ်ရေးလေ့ကျင့်မှု မပြုလုပ်ရ။
(၅) လူ၊ လက်နက်၊ ဖွဲ့စည်းပုံစာရင်း အသေးစိတ်ပေးရမည်။
(၆) ဆက်ကြေး မကောက်ရ။
(၇) အစိုးရကွပ်ကဲမှုဖြင့် သွားလာရမည်။
(၈) သတ်မှတ်နယ်မြေပြင်ပသို့ သွားလာလျှင် တပ်ကို သတင်း ပို့ပြီး လက်နက်မဲ့ သွားလာရမည်။
(၉) နိုင်ငံရေးပါတီများနှင့် ကင်းရှင်းစွာ နေရမည်။
(၁၀) အစိုးရ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးအပိုင်း များတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။
(၁၁) နယ်မြေဖြန့်ကျဲ သတ်မှတ်ခြင်းမပြုဘဲ ဖွံ့ဖြိုးရေးလုပ်လို သည့် နေရာများကို သတ်မှတ်ပေးရမည်။
(၁၂) နေထိုင်စားသောက်ရေးအတွက် နိုင်ငံတော်က ကူညီပံ့ပိုး မည်။
(၁၃) နိုင်ငံတော်ဦးဆောင်မှုအောက်တွင် ဒေသခံ ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမည်။
(၁၄) နိုင်ငံတော်၏ မူးယစ်ဆေးတိုက်ဖျက်ရေး လုပ်ငန်းများကို အထောက်အကူပြုရမည်။

၎င်း(၁၄)ချက်ကိုလိုက်နာရန်မဟုတ်ဘဲသဘောတူညီချက် ဟု ပြောင်းလဲသုံးနှုန်းထားသည်။ ၎င်းအခြေခံမူများတွင် တော် လှန်ရေးဂုဏ်သိက္ခာကို ထိပါးစေသောအချက်များ ပါဝင်နေ သည်ကို တွေ့ရမည် ဖြစ်သည်။

**(၄) ငြိမ်းချမ်းရေးမူ (၆) ချက်**

၂၀၀၈ ခုနှစ်တွင် တပ်မတော်အစိုးရ တရားဝင် ဖြစ်လာနိုင်ရေးအတွက် အဖက်ဖက်မှ ကာကွယ်ပေးထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကာ ၂၀၁၀ ခုနှစ်တွင် ၎င်းတို့ စိတ်တိုင်းကျ အစိုးရတရပ် တက်လာပြီးနောက် နိုင်ငံရေးဆွေးနွေးခွင့်ရှိသော ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို နိုင်ငံတော်အစိုးရက ထုတ်ပြန်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ အရှိန်ကောင်းလာသည်နှင့်အမျှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၃ ခုနှစ်တွင် အောက်ပါ တပ်မတော်၏ ငြိမ်းချမ်းရေးအခြေခံမူ (၆) ချက်ကို အပစ်အခတ်ရပ်စဲပါက လိုက်နာရမည်ဟုထုတ်ပြန်လိုက်ပါသည်။ ဤမူများသည်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အဟန့်အတားတစ်ခုကဲ့သို့ ဖြစ်လာသည်ကို တွေ့ရသည်။

(၁) ထာဝရငြိမ်းချမ်းရေး ရယူရန် အမှန်တကယ် ဆန္ဒရှိရန်။
(၂) သဘောတူစာချုပ်များ၌ ကတိတည်ရန်။
(၃) ငြိမ်းချမ်းရေးသဘောတူညီချက်များကို အမြတ်မထုတ်ရန်
(၄) ဒေသခံပြည်သူများအပေါ် ဝန်ထုတ်ဝန်ပိုး မဖြစ်ရန်။
(၅) နိုင်ငံတော်ကထုတ်ပြန်သည့် တည်ဆဲဥပဒေများကို တိတိကျကျ လိုက်နာရန်။
(၆) ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီ အနှစ်သာရများကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီကို လျှောက်လှမ်းရာတွင် လိုက်ပါဆောင်ရွက်ရန်။

ဤအခြေခံမူ (၆) ချက်ကို သေချာ ဆန်းစစ်မည်ဆိုပါက တစ်ဖက်သတ် ကန့်သတ်မှုများအပြင် တပ်မတော်ခေတ်အဆက်ဆက် အစဉ်တစိုက် ကျင့်သုံးလာခဲ့သော မူများကို အခြေခံ၍ စစ်အစိုးရမှ တရားဝင်အစိုးရ ဖြစ်လာစေရေးအတွက် ရေးဆွဲပြဋ္ဌာန်းထားသော ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်(လက်ရှိတပ်မတော်လက်အောက်) အတွင်းသို့ သွတ်သွင်းလိုသည့် သဘောပင် ဖြစ်သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စတွင် Red Line ပြထားခြင်း ဖြစ်သည်။

ထို့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၆(စ) အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်။" ဟူ၍ ပြဋ္ဌာန်းထားသည်။ ထို့အပြင် တပ်မတော်ကို အကာအကွယ်ပြုထားသော ဤအခြေခံဥပဒေကို အသက်ပေးကာကွယ်ရေးကိုလည်း ထပ်ဆင့် တာဝန်ပေးပြဋ္ဌာန်းပေးထားပါသည်။

သို့ဖြစ်ပါ၍ လက်ရှိ ကျင်းပပြုလုပ်နေသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ညှိနှိုင်းဆွေးနွေးနေသည့် ကဏ္ဍ (၅) ခုဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ သဘောတူညီချက်များသည် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံမူများဖြစ်သဖြင့် တပ်မတော်၏ အခန်းကဏ္ဍကို ထိပါးလာနိုင်မည့် မည်သည့်အချက်များကိုမဆို တပ်မတော်အနေဖြင့် ဖက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ကန့်ကွက်နေဦးမည်သာဖြစ်သည်။

မည်သို့ပင်ဆိုစေ ၂၀၀၈ဖွဲ့စည်းပုံကိုပြင်ဆင်ရာတွင်ဖြစ်စေ၊ ပယ်ဖျက်ရာတွင်ဖြစ်စေ၊ ဖြည့်စွက်ရာတွင်ဖြစ်စေ ပြုလုပ်နိုင်ရေးသည် NCA လမ်းကြောင်းအရသာ ဖြစ်နိုင်ပါသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်သည် ရပ်တန့်၍ မဖြစ်ပေ။

ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံး အရပ်သားအုပ်ချုပ်မှုအောက်တွင် ထားရှိရေး၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရေးတို့ဟူသည်မှာ ဒီကရေစီစနစ်၏ အနှစ်သာရပင်ဖြစ်သည်။

ထို့ကြောင့် အနာဂတ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေးသည် ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို လက်ခံ၍ ပြည်ထောင်စု မပြိုကွဲစေလိုသော တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရ၊ လွှတ်တော်နှင့် ဒီမိုကရေစီဖက်တော်သားများအားလုံးတို့၏ တာဝန်တရပ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။



ဘုပ်လျှံထန်း

ဒီကနေ့ ကျွန်တော်တို့ဟာ အစဉ်အလာကောင်းတဲ့ ချင်းသမိုင်းကို ထွင်ထုရေးသားတဲ့အခါမှာ အာဇာနည်စိတ်ဓါတ်၊ အာဇာနည်သွေးများနဲ့သာ ရိုးသားစွာဆောင်ရွက်နေရမှာဖြစ်တဲ့အတွက် ကိုယ့်လူမျိုးများရဲ့ သမိုင်းအတွက် ကိုယ့်ကိုယ်ကို လိပ်ပြာသန့်ဖို့ လိုပါတယ်။ ကိုယ့်လူမျိုးရဲ့သမိုင်းကိုရေးဖို့ ဘယ်သူ့မျက်နှာကိုမှ သွားထောက်နေစရာ မလိုသလို ကိုယ့်လူမျိုးရဲ့ သမိုင်းကို လိမ်လည်ပြီး ရေးသားချင်လို့လည်း မရဘူးဆိုတာ သိကြဖို့လိုပါတယ်။ မနေ့ကသမိုင်းဖတ်တဲ့သူဟာဒီကနေ့သမိုင်းရေးသူဖြစ်နိုင်သလို မနက်ဖြန်ဆို သမိုင်းဖန်တီးသူလည်းဖြစ်ချင်ဖြစ်နိုင်တာပဲ။ အဓိကကတော့ ကိုယ်ဟာသမိုင်းဖန်တီးသူဖြစ်ဖို့ လိုပါတယ်။ အေ..အဲ့ဒီသမိုင်းဖန်တီးသူဖြစ်ဖို့လွယ်လွယ်နဲ့တော့ မရဘူး၊ အသက်၊ သွေး၊ ချွေးများစွာကို မြေမှာခသင့်ရင် ခဖို့ လိုပါလိမ့်မယ်။

အဲဒီသမိုင်းအတွက် ခြင်ထောင်ထဲကနေ လက်သီးလက်မောင်းထုတ်ပြလို့ မရဘူး။ ဒီနေရာမှာ လူတစ်ဦးတစ်ယောက်ရဲ့ သမိုင်းကို မဆိုလိုချင်သေးဘူး၊ ချင်းမျိုးနွယ်စုကြီးသမိုင်းကို ကြည့်ကြရအောင်၊ အဲဒီမှာ ကိုယ်ဟာ ကိုယ့်လူမျိုးအတွက် ဘယ်အခြေအနေမှာရောက်နေပြီလဲဆိုတာ သိမှာမဟုတ်လား။ တချို့က ဝ မရှိဘဲ ဝိ လုပ်ချင်နေကြတာ သိပ်ခက်တယ်။

တရုတ်ပြည်ကနေ တိဗက်ကို ဖြတ်၊ ဟူးကောင်းချိုင့်ဝှမ်းမှ ချင်းတွင်းတလျှောက် နေထိုင်လာပြီး ဒီနယ်မြေကို အခြေချလာကြတဲ့ ကျွန်တော်တို့ ချင်းလူမျိုးတွေရဲ့သမိုင်းကို ပြန်မကြည့်လို့မရဘူး။ အဲဒီအချိန်ကတည်းက အခုထိ တယောက်တပေါက် စိတ်ဓါတ်များစွာ ရှိခဲ့ကြတာကို တွေ့ရသလို တနယ်နှင့်တနယ် တိုက်ကြခိုက်ကြတဲ့အဖြစ်တွေကို တွေ့ရမှာပဲ။ စည်းလုံးမှုအပိုင်းမှာအားနည်းချက်များစွာတွေ့ရတယ်။ သမိုင်းစာရေးဆရာတချို့ကတော့ ချင်းလူမျိုးတွေဟာ သတ္တိရှိသူတွေ မဟုတ်ကြဘူး၊ မလိုမ့်တပတ်နဲ့ ကိုယ်ကျိုးရှာသူတွေ (cunning) ဖြစ်တယ်.. စသည်ဖြင့် ရေးသားထားကြတာကိုလည်း များစွာ တွေ့ရတယ်။ ဒါဟာ ဟိုးလွန်ခဲ့ပြီးတဲ့ သမိုင်းကို သုံးသပ်ရေးသားကြတာမို့ထားလိုက်ပါတော့။ ဒီလိုဆိုရင် ယခုခေတ် (တချို့ကတော့ ကွန်ပျူတာခေတ်၊ အနုမြူခေတ်..စသည်ဖြင့်တင်စားကြတာပဲ) အခြေအနေမှာရော ကိုယ်ဟာ အမျိုးသားရေးစိတ်ဓါတ် နိုးကြားမှု ဘယ်အတိုင်းအတာကို ရောက်နေပြီလဲဆိုတာ ပြန်လည်သုံးသပ်သင့်ပြီ။ အရာရာ တိုးတက်ဖို့ဆိုတာ မျိုးချစ်စိတ်ပေါ်မှာမူတည်တယ်မဟုတ်လား။ အထက်မှာ ဆိုခဲ့တဲ့အတိုင်း မင်းတို့ငါတို့ရဲ့ စိတ်ထားတွေဟာ ခေတ်တွေသာ ရေစီးသလို စီးဆင်းနေပါစေရဲ့ ပြောင်းလဲခြင်းနတ္ထိ မဖြစ်နေရင် ခက်မယ်။

ခက်တာက ခေတ်အခြေအနေ တိုးတက်စပြုလာပြီဆိုတဲ့အချိန်ရောက်လာတော့ ကိုယ့်ချင်းလူမျိုးတွေကလည်း သူ့ကျွန်ဖြစ်သွားရ၊ ဘာအလုပ်ခံရနဲ့ ဖြစ်နေပြန်ရော၊ အဲ့ဒီအချုပ်အနှောင်ကျွန်ဘဝကနေ လွတ်မြောက်ဖို့ရန်အတွက် ကြိုးစားပါရဲ့ နှစ်ပေါင်းများစွာ မလူးနိုင်မလွန့်နိုင်နဲ့ နေခဲ့ကြရတဲ့ဘဝမှာ

စိတ်ဓါတ်တွေဟာ ကုတင်ပေါ်မှာ လှဲနေတဲ့ နာတာရှည်လူမမာကြီးလိုဖြစ်ခဲ့ရတဲ့ ချင်းပြည်သူများအဖို့ ဒီအခြေအနေကနေ ချက်ချင်း ရုန်းထနိုင်ဖို့၊ ပြောင်းလဲနိုင်ဖို့ဆိုတာ စိတ်တောင်မကူး ရဲကြတော့ဘူး၊ ရဲဆေးတင်ပြီး နဲနဲလေးလူးထပြီး ပြင်ဖို့ရန် စဉ်းစားသူတွေကလည်း စိတ်ကူးယဉ်ဆန်ဆန်နဲ့ ဖြတ်လမ်းနည်းကိုပဲ ရှာကြတော့တယ်။ အောင်မြင်မှုတိုင်းနဲ့ အနုပညာမှာ ဖြတ်လမ်းမရှိဘူးဆိုတာ ကြားဘူးကြမယ် ထင်ပါရဲ့။

ကျွန်တော်တို့ ချင်းလူမျိုးအများစုရဲ့စိတ်ထဲမှာ အဖြစ်များတာက အခုရေတွင်းတူး ခုရေကြည်သောက်ချင်နေကြတာ ခက်တယ်။ ဒါဟာ လက်ရှိ ဝမ်းရေးနဲ့လည်းဆိုင်တော့ ဆိုင်ပါရဲ့။ ဒီစိတ်ဓါတ်တွေ၊ အချောင်ရချင်တဲ့ စိတ်ဓါတ်တွေဟာ ဒီနေ့ ချင်းလူမျိုးတွေရဲ့စိတ်ထဲမှာ လုံးဝ ပပျောက်ဖို့ဟာ ပထမအရေးကြီးဆုံးပဲ။ ချင်းလူမျိုးတွေရဲ့ ရေရှည် တိုးတက်သာယာရေး၊ စည်းလုံးရေးတွေအတွက် ဒီအမျိုးသားတော်လှန်ရေးကြီးက အာမခံချက်ပေးတယ်ဆိုတာ သိဖို့အရေးကြီးတယ်။ ဤခရီးနီးသလားဆိုပြီး လမ်းခုလပ်မှာ တွေဝေနေတဲ့သူတွေကလည်း ခုမှ တာထွက်စပဲရှိသေးတယ်။ ဒါဟာ တာတိုပြေးပွဲလည်းမဟုတ်၊ တကယ့်ကိုပဲ ဖွဲ၊ လုံ့လတွေအပြည့်နဲ့ သွေး၊ ချွေးတွေကိုရင်းပြီး မရပ်မနားခြေကုန်သုတ်ရမယ့် မာရသွန်ပြေးပွဲကြီးဆိုတာ သိကြတော့ ခြေလှမ်း မလှမ်းချင်ကြတော့ဘူး၊ နောက်ဆုံးတော့ အခြေအမြစ်မရှိတဲ့ နဝတရဲ့ငြိမ်းချမ်းရေးတာတိုကိုပဲ ရွေးချင်လာကြတဲ့အထိပါပဲ။ ဒီစိတ်ဓါတ်တွေဟာ နှစ်ပေါင်းများစွာ လူမျိုးကြီးဝါဒီတွေရဲ့ ပျိုးလာခဲ့ကြတဲ့ စိတ်ဓါတ်ကင်ဆာရဲ့ အသီးအပွင့်တွေပဲ၊ ဒီခရီးရဲ့လမ်းဆုံးမှာ အောင်ပွဲရှိတယ်ဆိုတာ သိကြပေမဲ့ ပြည့်အရေးထက်ဝမ်းရေးခက်ဆိုသလို လောလောဆယ် ပျော်နိုင်ဖို့အရေး၊ လောလောဆယ် နေနိုင်ဖို့အရေးတွေကြောင့် ရေရှည်အတွက်တင်းထားတဲ့ စိတ်ဓါတ်တွေဟာ လျော့ရဲရဲ ဖြစ်ခဲ့ကြရတယ်။ ဒီတော့ ရှင်းနေတာပဲ၊ ဘယ်လမ်းရွေးမလဲ၊ ရေတိုအတွက်လား၊ ရေရှည်အတွက်လား၊ ခက်တာက ဘယ်လမ်းရွေးမလဲလို့ မေးပြန်ရင် အချင်းချင်း အတင်းငြင်းခုံရင်း မထနိုင်၊ ဖရိုဖရဲ ဖြစ်ကြပြန်ရော၊ အဲဒီလို ငြင်းတုန်းမေးတုန်း ဖြစ်နေကြတဲ့အချိန်မှာ အဘတို့က ခြေလှမ်းသွက်သွက်နဲ့ ဘယ်ရောက်နေပြီလဲ တောင် မသိကြတော့ဘူး။ ဟုတ်ပြီ ကဲ့.. အမျိုးသားရေးအတွက်ဆိုပြီး စချီလာကြပါရဲ့၊ ကျွန်တော်တို့ လူမျိုးတွေကလည်း ညီသလား ဟေ့ဆိုပြန်တော့ ညီသလားမမေးနဲ့၊ ညီလို့ မရ၊ တစ်ယောက်တပေါက်၊ အမျိုးသားရေးကို ဝမ်းရေးဖြေရှင်းဖို့များ လုပ်စားကြသလားမသိ၊ နောက်ဆုံးတော့ ဘာပဲဖြစ်ဖြစ်ဆိုပြီး ဆုတ်ဆုတ်ပြဲပြဲ နာခေါင်းသွေးယိုမည့်အစားဆိုပြီး အချင်းချင်းအကြား စည်းလုံးရေးကိုတည်ဆောက်ဖို့အနုနည်းရော၊အကြမ်းနည်းရောသုံးရတော့တယ်။ ငြိုငြင်တာလေးတွေ၊ နာခေါင်းရှုံ့တာလေးတွေတော့ ရှိတာပဲ။ ဒါဟာ အမျိုးသားရေးပဲ၊ ပွဲသွားတာမှမဟုတ်ဘဲ။

ချင်းအမျိုးသားတော်လှန်ရေးကြီးဟာလည်း နှစ်ကြိမ်တိုင်တိုင် ပြိုယိုင်ခဲ့ရာ အခုဆိုရင် တတိယအကြိမ်အဖြစ် မျိုးချစ်စိတ်တစ်ခုကို အရင်းပြုပြီး ရုန်းရင်းကန်ရင်း အတိုက်အခံအမျိုးမျိုးကြားမှ ဖုန်တလူးလူးကြားကနေ တိုက်ပွဲဝင်လာခဲ့တာ ဆယ်စုနှစ်ပင်ပြည့်တော့မည်။ ဘယ်အထိ ခရီးဆက်ရဦးမလဲဆိုတာတော့ ကိုယ့်ကိုယ်ကို မမေးချင်တော့ပါဘူး။ နှစ်ပေါင်းများစွာ လူမျိုးကြီးဝါဒီတွေရဲ့ကျွန်ပြုမှုကို တော်လှန်အန်တုဖို့ နှစ်ပေါင်း ၁၀ နှစ်၊ အနှစ် ၂၀ မကြာရင် ကံကောင်းလို့ပေါ့။ နှစ်ပေါင်း ၃၀ ကျော်လာခဲ့ကြလို့ ဒီနေ့အထိ တိဗက်လူမျိုးတွေ ကိုယ့်အိမ်ကို မပြန်နိုင်ကြသေးတာတော့ အတုယူဖို့ ကောင်းပါရဲ့။ ထွက်လာရာလမ်းကို မျက်နှာမူဖို့ လမ်းစတောင် မဖော်ကြသေးဘူးဆိုကြတဲ့ အဖိနှိပ်ခံ၊ အနိမ့်ခံ အာဖရိက လူမည်းတွေ ဆယ်စုနှစ်သုံးစု ရောက်ခါနီးမှ လွတ်မြောက်လာကြတာ ချင်းလူမျိုးတွေအတွက် အားကျအတုယူဖို့ ကောင်းပါရဲ့။ ဒါဟာ ပုံပြင်မဟုတ်ဘူး၊ မျက်မြင်ကိုယ်တွေ့၊ ကိုယ့်အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ လူမျိုးများစွာကို အတုယူရမယ်၊ ကောင်းတဲ့အရာသာပဲ။ အဲ့.. တစ်ခုတော့ရှိတယ်။ သူလုပ်လို့ ကိုယ်က လိုက်လုပ်တာတော့ မဖြစ်သင့်ဘူး။ ကိုယ့်လူမျိုးတွေရဲ့ သမိုင်းပေးတာဝန်အပေါ်မှာ အဓိက ဖြစ်သင့်ပါတယ်။

အမျိုးသားတော်လှန်ရေးကြီးကို ပြည်သူ့တော်လှန်ရေးကြီးဆီသို့ အားလုံး ပါဝင်လာနိုင်အောင် အားပေး တွဲခေါ်စည်းရုံးရင်း တိုက်ရဲသူတွေအတွက် အောင်ပွဲဟာ မဝေးတော့ဘူးဆိုတာ တတွတ်တွတ်နဲ့ နေ့မအားညမနား ပြောတုန်းပဲရှိတယ်။ သားလေးတို့ အလင်းဝင်ပါတော့ ခုဆိုရင် အရင်လိုမဟုတ်တော့ဘူး၊ ကျောင်းတွေ၊ ကတ္တရာလမ်းကြီးတွေ၊ လျှပ်စစ်မီးနဲ့ ဘာနဲ့ ..ဆိုပြီး လာပြောသူကပြော၊ သားလေးတို့အလင်းဝင်ပါတော့၊ ကချင်၊ ကရင်လူမျိုးတွေကတောင် နှစ် ၅-၆ ဆယ် တိုက်လာကြလို့ မနိုင်ကြတော့တာကို သားတို့အင်အားနဲ့ မဖြစ်နိုင်ဘူးလို့

ကျွန်စိတ်ဓါတ်ခေါ်မလား၊ ဘာမှန်းတောင်မသိတော့တဲ့ စကားတွေထွက်လာတာ အံ့သြမိပါရဲ့၊ အမှန်စင်စစ်မှာတော့ လှုပ်ရှားတိုက်ပွဲဝင်နေခြင်းကပဲ အောင်မြင်မှု သေးသေးလေးတွေပါ။ အောင်မြင်မှုလေးတွေ ကြီးထွားလာတဲ့အခါ အောင်ပွဲကြီးကို ရကြမှာမဟုတ်လား။

ချင်းလူမျိုးတွေရဲ့ ပထဝီနိုင်ငံရေး (Geopolitics) ကိုကြည့်ရရင် အရှေ့ဖက်ကို ကြည့်လိုက်စမ်းပါ။ ကမ္ဘာ့လူဦးရေအများဆုံးဖြစ်တဲ့ တရုတ်တွေ၊ ပြီးတော့ လူမျိုးကြီးဝါဒကိုလက်ကိုင်ထားပြီး ခေတ်အဆက်ဆက် နယ်ချဲ့တတ်တဲ့ ဗမာ၊ အနောက်ဖက်ကိုကြည့် ကမ္ဘာမှာ ဒုတိယလူဦးရေအများဆုံး ကုလားတွေ၊ ပြီးတော့ အနောက်တောင်ဖက်ကိုကြည့် သူတို့နိုင်ငံမှာတောင် မဆန့်တော့ဘဲ နယ်ခြားမြေခြားအထိတောင် ကျူးကျော်နေထိုင်နေတဲ့ ဘင်္ဂလီတွေ၊ အဲဒီ လူမျိုးကြီးတွေကြားမှာ တရုတ်ပြည် ပီကင်းမြို့ပေါ်က ဆေးရုံမှာအိပ်နေတဲ့ လူနာဦးရေလောက်တောင်မရှိတဲ့ ငါတို့ ချင်းလူမျိုးတွေအဖို့ ခေတ္တ တွေဝေနေတုန်းမပြောနဲ့၊ သိနေရင်း တန်းလန်းနဲ့တောင် နိုင်ငံမပြောနဲ့၊ လူမျိုးတောင် ပျောက်သွားမယ်။ ဒါကြောင့် ငါတို့ဟာ စစ်ပွဲတစ်ခုကိုဆင်နွှဲရပါလျက်နဲ့ ဒါဟာ သမိုင်းပေးတာဝန်တင် မဟုတ်ဘူး၊ နည်းမျိုးစုံနဲ့ စားပွဲပေါ်မှာရော၊ လမ်းပေါ်မှာရော တောင်းဆိုလာကြလို့ မရတော့တဲ့ အဆုံးဆင်နွှဲရတာပါ။ ဒါတောင်မနည်းခုခံနိုင်မှ၊ မနည်းကာကွယ်နိုင်မှ တော်ကာကျလာမှာ၊ ဒီကနေ့ ငါတို့တိုက်ပွဲဝင်နေကြတာဟာ ကျောင်းအတွက်မဟုတ်၊ ဘော်လုံးကွင်းအတွက်မဟုတ်၊ ကတ္တရာလမ်းတွေ၊ ဆေးရုံတွေအတွက် မဟုတ်၊ တဒင်္ဂဖွံ့ဖြိုးရေးအတွက် မဟုတ်ဘူး၊ ကျူးကျော်စစ် (Offensive war) လည်း မဟုတ်သလို၊ ခုခံစစ် (Defensive war) သာဖြစ်တယ်။ ဒါဟာ သမိုင်းပေးတာဝန်ပဲ။ ကိုယ့်သမိုင်း၊ ကိုယ့်တာဝန်ကို မသိသရွေ့တော့ ဒီစကားတွေဟာ ထွက်လာရဦးမှာပဲ။ ဒီစိတ်ဓါတ်တွေ ရှိနေသမျှကာလပတ်လုံး၊ မင်းတို့ ပြောပြောနေတဲ့ ဒီမိုကရေစီမကလို့ ဘာကြီးပဲရရ၊ ဘယ်အစိုးရပဲ တက်တက် သွေးမြေကျမှုများဦးမှာပဲ၊ အရှင်းဆုံး ပြောပြရရင်တော့ ဒီအမျိုးသားတော်လှန်ရေးဟာ ခရီးဆက်ရဦးမှာပဲ။ ချင်းလူမျိုးတို့တိုက်ရမယ့်အရာဟာ ဒီမိုကရေစီပဲ မထင်နဲ့၊ လွတ်လပ်ခြင်းကိုပါ အရတိုက်ယူရမှာ၊ အမည်ကအဓိကမဟုတ်ဘူး။ လက်တွေ့ကျင့်သုံးခြင်းကအဓိကပဲ၊ ၁၉၄၈ မှာ မင်းနဲ့ငါ လွတ်လပ်ရေးရခဲ့တာပဲ။ အခုကြည့်လေ.. ဘယ်မှာလဲ လွတ်လပ်ခြင်း။ အဲ့ဒီ လွတ်လပ်ခြင်းကို အရတိုက်ယူနိုင်ဖို့အတွက် လက်နက်ကိုပဲ သွားအားကိုးလို့မရတာတော့ အားလုံးအသိပဲလေ။ ဒီနေ့ ငါတို့လိုချင်တဲ့တိုက်ဖို့ အဓိကလက်နက်ဟာ ချင်းလူမျိုးတွေစည်းလုံးဖို့ လိုပါတယ်။ ငါတို့ လူမျိုးတွေရဲ့ အကောင်းဆုံးနဲ့ အလိုအပ်ဆုံး နိုင်ငံရေးဟာ စည်းလုံးခြင်းပဲ။

ဒါမှ ဒီတော်လှန်ရေးကြီးကို လူမျိုးကြီးဝါဒီက ဆောက်ပေးထားတဲ့ ဘူတာမှာ နားလို့မဖြစ်ဘူးဆိုတာကို သိလာမှာ၊ ငါတို့ဟာ အခြေအနေတွေ ထူးထူး မထူးထူး၊ ပြောင်းပြောင်း၊ မပြောင်းပြောင်း၊ ခဏတရပ် တွေဝေလို့မဖြစ်ဘူးဆိုတာ သိဖို့လည်းလိုပါတယ်။ လက်ရှိအခေါ် မြန်မာပြည် ပြည်တွင်းစစ်ရဲ့ အဓိကပြဿနာဖြစ်တဲ့ နိုင်ငံရေးပြဿနာကို စားပွဲပေါ်မှာမဖြေရှင်းချင်ဘဲ ဟိုလှည့်ဟိုပြောင်းနဲ့လုပ်နေကြတဲ့ အစဉ်အလာကိုလည်း ကြုံခဲ့ကြဘူးပြီ။ ဒီအချိုးကို မပြင်သမျှကာလပတ်လုံး ငါတို့ရဲ့ ဒီအမျိုးသားတော်လှန်ရေး ရထားကြီးဟာလည်း အရှိန်မြင့်လို့ ခုတ်မောင်းရဦးမှာပဲ။ ငါတို့လူမျိုးတွေ နဝတ ငြိမ်းချမ်းရေးအတုအယောင်ပွဲမှာ ပါဝင် မပတ်သက်ခြင်းဟာ အမျိုးသားရေးကို အဆုံးရှုံး မခံနိုင်တဲ့အတွက်ကြောင့်ပါ။

လူမျိုးကြီးဝါဒီတွေရဲ့ မဟုတ်ကဟုတ်က ဝါဒဖြန့်မှုတွေကို အဟုတ်မှတ်လို့ ဟိုရွာတစ်မျိုး၊ ဒီရွာတစ်မျိုး ရှူး (Shoe) နဲ့စွတ် (Suit) နဲ့ နက်တိုင် (Necktie) နဲ့ သူရဲကောင်းလုပ်ရမယ့် အချိန်မဟုတ်ဘူး။ ဒီတော်လှန်ရေးဟာ ချင်းလဲန်မှာ အခြေစိုက်ခဲ့သလို ဒီတော်လှန်ရေးဟာ ချင်းပြည်သူအတွင်းမှာရှိတယ်။ ကိုယ့်လူမျိုးတွေ အခြေအနေကို ကောင်းကောင်းမသိဘဲ အသံကျယ်ကျယ်နဲ့ အော်နေသူဟာ တဖက်ရန်သူအတွက်တော့ အင်အားတစ်ခုပေါ့။ ကိုယ့်လူမျိုးအနေနဲ့တော့ အရူးပဲ၊ ခေတ်စကားနဲ့ ပြောရရင် ငကြောင်ပဲ။ ဒီအမျိုးသားတော်လှန်ရေးဟာ Modify လုပ်လို့မရဘူး။ ဥပမာ ပေးရရင်ပေါ့။ နိုင်ငံရေး Campaign လုပ်တဲ့နေရာမှာ မိမိပါတီရဲ့ မူဝါဒလမ်းစဉ်၊ ရည်ရွယ်ချက်တွေကို ပြည်သူတွေက သဘောပေါက်နားလည်ပြီး လက်ခံလာအောင် အရင်စည်းရုံးရမယ်တဲ့၊ တကယ်လို့များ အဲ့ဒီလမ်းစဉ်ကို ပြည်သူတွေကလက်မခံနိုင်ခဲ့ရင် အဲ့ဒီပါတီရဲ့ မူဝါဒလမ်းစဉ်ကိုပြောင်းလဲပြင်ဆင်မှု Modify လုပ်ရပါလိမ့်မယ်။ ပါတီတွေရဲ့ အဓိကအရေးကြီးဆုံးက အာဏာလိုချင်လို့ နိုင်ငံရေးလုပ်ရခြင်း မဟုတ်လား။

ခုဟာက မဟုတ်ဘူး၊ ဒီတော်လှန်ရေးရှိလို့ ဖြစ်လာတဲ့

အကျိုးဆက် အနည်းငယ်ကို မခံနိုင်တော့ဘူး၊ ဘာဘူး၊ ညာလေးနဲ့ ဘုမသိဘမသိ၊ ဒီတော်လှန်ရေးကြီးကို သူတို့ဟာသူတို့ Modify လုပ်ဖို့ ပြင်ကြဆင်ကြ၊ ဘုမသိဘမသိ ပေးလိုက်ကြတဲ့ အလှူတွေ၊ ဘုန်းကြီးကတောင် အကျိုးအကြောင်းကောင်းကောင်းမသိဘဲ ကောင်းချီးပေးလို့မကောင်းဘူး၊ မသာအခေါင်းလုပ်စားတဲ့ မိသားစုကို စီးပွားရေးတိုးတက်လာအောင် ကောင်းချီးပေးတာဟာ လူအများကြီးသေဖို့ ကောင်းချီးပေးတာနဲ့ အတူတူပဲ။ အလှူဆိုတာပေးတိုင်း ကောင်းတာမဟုတ်၊ ဒီအလှူတွေဟာ ကိုယ်လည်ပင်းကို ညှစ်သတ်မယ့်အလှူဆိုတာ သိထား။ လူမျိုးကြီးဝါဒီတွေကို အဆင်းမှာ ဘေးတပ်ပေးတာနဲ့ အတူတူပဲ၊ လူမျိုးကြီးဝါဒီတွေ ကမ္ဘာမှာ အသံကျယ်ကျယ်နဲ့ အော်နေတာကို လက်ခံတဲ့သူတွေဟာ ချင်းလူမျိုးများ လွတ်မြောက်ရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြတဲ့သူတွေကို စော်ကားရာရောက်တယ်၊ အသိအမှတ်မပြုရာလည်း မည်တယ်။ ဒီလိုပြောလိုက်ရင် ပြောတဲ့သူ (စာရေးသူ) ကိုတကယ့်စစ်ဝါဒီလိုလို၊ သူတို့ပြောနေတဲ့ လမ်းမှားသောလူငယ်၊ သောင်းကျန်းသူလို့တော့ သွားမထင်ကြနဲ့နော်၊ တကယ်ဆိုရင် ငါတို့ဟာ ကမ္ဘာမှာ အိမ်ကို အပြန်ချင်ဆုံးနဲ့ ငြိမ်းချမ်းရေးကို အတမ်းတဆုံး သူတွေပါ။

ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ထား၊ Wrong is Right ကို အမြင့်မြတ်ဆုံး အရင်းခံလူမျိုးရေးပေါ်လစီအဖြစ် လက်ကိုင်ကြတဲ့ သူတွေအပေါ် ငါတို့ချင်းလူမျိုးတွေကလည်း နက်နက်ရှိုင်းရှိုင်းသုံးသပ်ပြီး ပေါ်လစီတစ်ခုကို လက်ခံရမှာဖြစ်တယ်။ တကယ်ဆိုရင် Wrong is Right ပေါ်လစီဆိုတာ ရှင်းနေတာပဲ။ ငါမှားနေပေမဲ့ မှန်တယ်ဆိုတဲ့ ပေါ်လစီပဲ။ ငါ့ဗမာလူမျိုးတွေအတွက် ငါ့စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတွေ၊ ငါ့ကိုယ်ကျိုးတွေအတွက် ကောင်းမယ်ဆိုရင် ဘယ်လူမျိုး၊ ဘယ်တိုင်းရင်းသားတွေရဲ့ စာပေ၊ ရိုးရာဓလေ့ထုံးတမ်းတွေ၊ ယဉ်ကျေးမှု၊ ဘာသာအယူအဆတွေကို ဘယ်လိုပဲ ဖျက်ဆီးဖျက်ဆီး ဒီလုပ်ရပ်တွေဟာ မှားတဲ့လုပ် ရပ်တွေဖြစ်ပေမဲ့ ငါ့လူမျိုးအတွက် လုပ်သင့်တယ်၊ မှန်တယ်ဆိုတဲ့ စိတ်ထားပေါ်လစီကို လက်ကိုင်ထားသူတွေအပေါ် ငါတို့ကလည်း ဟာမူရာဘီကိုဥပဒေ ကဲ့သို့သော An eye for an eye/ a tooth for a tooth ဆိုတဲ့ ကိုယ့်မျက်လုံးတဖက်ဖောက်ရင် သူ့မျက်လုံးတဖက်ကိုလည်းကောင်း၊ ကိုယ့်သွားတစ်ချောင်းချိုးရင် သူ့ သွားတစ်ချောင်းဆိုတဲ့ စိတ်ဓါတ်တွေကို အမျိုးသားရေးမှာ ရှင်သန်စေသင့်ပြီပဲ။ ဓါးမကြီးနဲ့သူကို လက်သီးနဲ့ ခုခံလို့ကတော့ ဘယ်ရမလဲ၊ အရှုံးလို့တောင် အခေါ်ခံရဦးမယ်။ ဓါးဓါးချင်းချင်း လှံလှံချင်းပဲ ဖြစ်သင့်တယ်။ ဒါမှလည်း တရားနည်းလမ်းကျမှာ၊ မဟာဗမာလူမျိုးကြီးဝါဒီ စစ်အာဏာရှင်တွေဟာ သူတို့ရဲ့ ပေါ်လစီဖြစ်တဲ့ အခြားလူမျိုးတွေကို ဝါးမြိုရေးလုပ်ရပ်တွေကို ဒီကနေ့ ချင်းပြည်မှာ ကျယ်ကျယ်ပြန့်ပြန့် သုံးလာကြပြီပဲ။ သူတို့ရဲ့ အစီအစဉ်ရှိရှိနဲ့ အကောင်အထည်ဖော်နေတဲ့ ကိစ္စကို ငါတို့ အလျှော့ပေးလို့ကတော့ သူတို့အကြိုက် ဖိတိုက်နေမှာပဲ။

မင်းတို့ ငါတို့ရဲ့ ရန်သူဟာ ဘယ်သူလဲ၊ မင်းရှေ့မှာ သေနတ်ကြီးတကားကားနဲ့ ရပ်နေတဲ့ စစ်သားပဲ သွားမထင်နဲ့ဦး၊ သူတို့ အယောက်တစ်ထောင်ထက် မင်းကြည့်နေတဲ့ ဗမာရုပ်ရှင်ကားတွေ၊ ဘုံဆိုင်တွေ၊ ပြက္ခဒိန်ပိုစတာတွေ၊ ဗမာသီချင်းတွေ... (အများကြီးပဲ ရေးရင် ကုန်မှာမဟုတ်ဘူး) ဟာ မင်းနဲ့ငါရဲ့ ဒီကနေ့ အဓိက ရန်သူဖြစ်နေပြီဆိုတာကို သိရဲ့လား၊ သိတယ်ဆိုရင် ဒီရန်သူတွေ ချင်းယဉ်ကျေးမှုအတွင်း စိမ့်ဝင်မလာနိုင်အောင် ဘယ်လို ခုခံကာကွယ်ဖို့ရော စဉ်းစားဖူးလား။ စဉ်းစားတာကိုရော အကောင်အထည်ဖော်ဖူးလား၊ စိတ်ပျက်ပျက်နဲ့ ငြီးငြူနေတာဟာ အရှုံးပေးခြင်းပဲ။ ဒီရန်သူကြီးတွေက ခုဆိုရင် ချင်းစကားပြောရမှာကို ရှက်သလိုလိုနဲ့ ယောင်သေးတယ်။ ဂေါ်ရခါးသီးတစ်လုံးထက် ချင်းမတစ်ယောက် ပိုလှယ်တယ်ဆိုတာ မနာဘူးလား၊ တလွဲဆံပင်ကောင်းတဲ့သူတွေ။

နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေးလို့ နာမည် လှလှလေးတပ်ပြီး ရွာမပြောနဲ့ ရွာအမည်တောင်မရှိကြတော့တဲ့ ကဘော်ဒေသက ချင်းရွာများရဲ့အဖြစ်ကို "စုပ်"သပ်ရုံ "တောက်"ခေါက်ရုံမှအပ မင်းတို့ ငါတို့ ဘာလုပ်နိုင်လို့လဲ။

မနှစ် ၁၉၉၇ တုန်းက ချင်းလူမျိုးတို့က နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ကြတဲ့ ချင်းအမျိုးသားများရဲ့ နေ့ထူးနေ့မြတ် "ချင်းအမျိုးသားနေ့" ဟာ ဘာနေ့ဖြစ်သွားလဲ။ ဘာပွဲကြီးနဲ့တူသွားသလဲ၊ အမျိုးသားနေ့ပွဲတိုင်း တပျော်တပါး ကကြရင်း တီးခဲ့ဖူးကြတဲ့ ချင်းရိုးရာတူရိယာတွေအစား ချင်းလူမျိုးတွေက အမည်တောင်မခေါ်တတ်တဲ့ ပတ္တလားကြီးက အစားထိုးလာတာကိုရော ဘယ်လို ခံစားမိသေးလဲ၊ ချင်းအမျိုးသားနေ့ကို အနှစ်သာရလုံးဝ မတူတဲ့ ချင်းပြည်နယ်နေ့လို့ အမည်ပြောင်းပေးတာကို

မခံနိုင်ဘူးဆိုပြီး ပဝတ ကို တခါသွားပြောကြပါရဲ့၊ ပဝတဥက္ကဋ္ဌ ဦးအုန်းသွင်က တခါလေးဟောက်လိုက်လို့ အမြီးကောက်ပြီး ပြန်လာကြတာ ဘာသတ္တိလဲ၊ အဟောက်ခံရလို့ တပ်ခေါက်တဲ့ တော်လှန်ရေးဟာ ဘာတော်လှန်မှုလဲ၊ ချင်းအမျိုးသားနေ့မှာ တပျော်တပါးအတူစားခဲ့ဘူးကြတဲ့ချင်းရိုးရာအစားအစာတွေကို မချက်ရ၊ မပြုတ်ရဟု တချက်လွှတ်အမိန့်နဲ့ တားပြီး စားဘူး သလားမမေးနဲ့ မြင်တောင်မမြင်ဘူးကြတဲ့ ထမင်းနဲကြီးက မျက်နှာပန်းလှလှနဲ့ နေရာလုသွားတာကိုရော ဘယ်လိုခံစားကြ ရမလဲ၊ ဘာပွဲလဲ၊ ဘယ်လူမျိုးတွေရဲ့ ပွဲလဲ၊ ခွဲခြားမှာတောင် ခတ်ခက်ခဲ၊ ကျောင်းသားပွဲတော်မှာလည်း ဒီအတိုင်းပဲဖြစ်ဦး မှာ။ ဒီက ဟောက်လေ၊ အမြီးကောက်လေ ဟိုကရဲလေ ဖိကိုက် လေဖြစ်မှာပဲ။ ချောင်အပိတ်ခံရတဲ့ခွေးတောင် နောက်ဆုံးတော့ အမြီးကုတ်နေပေမဲ့ ပြန်ကိုက်တတ်တာပဲ။

ငါတို့ဟာ ဘာတွေလဲ ဘာလို့ ငြိမ်ခံနေရတာလဲ၊ ဒီလိုသာ ခရီးဆက်ကြရင် လက်ဝဲသုန္ဒရအမတ်ကြီးဆိုသလို ဒီလူမျိုးကြီး တွေရဲ့အနိမ်ခံ၊အဖိနှိပ်ခံဘဝမှာနေရတာထက်တော့သေသော် မှတိအော်ကောင်း၏လို့ ဆိုကြရင် ကောင်းဦးမယ်။ ဒီသတ္တိ၊ ဒီမျိုးချစ်စိတ်မျိုးဖြင့် အစဉ်အလာကောင်းတဲ့ ချင်းသမိုင်းဆိုတာ ရေး၍မရ၊ ဖန်တီးလို့မရ။

ပြောရင်တန်းလန်း၊ ဆိုရင်တန်းလန်းပဲ ရှိသေးတယ်။ မိအေ ကျော်ဒွေးတော်လွမ်းနေကြတဲ့ သူတွေကလည်း တပုံတခေါင်း၊ လူမျိုးခြား ဗမာတွေနဲ့ တွဲနိုင်မှ၊ ချစ်နိုင်မှ၊ ညားနိုင်မှ၊ ဂုဏ်ရှိ သယောင်ယောင်၊ ကိုယ့်လူမျိုးတွေရဲ့ ဂုဏ်သိက္ခာတချက် နွမ်း စေမှ အားရသလိုလို၊ ကိုယ့်ကိုယ်ကို အားကိုးရမည့် အရင်းခံ စိတ်ဓါတ်တွေကဘယ်ရောင်လို့ဘယ်ပျောက်သွားကြလဲမသိရ။ သူတို့ရဲ့ ခေါက်ဆွဲတစ်ပွဲ၊ အိတ်ဆောင်ထဲ ရွက်ကြီးနစ်ရွက်သုံး ရွက်လောက်ထည့်နိုင်ဖို့ လူမျိုးကို ရောင်းစားဝံ့ကြတဲ့လူတွေ၊ ကိုယ့်အမျိုးကိုရောင်းစားပြီး ဝမ်းတထွာဖြည့်နိုင်မှ အိပ်ပျော်စား ဝင်သလိုလို၊ ကိုယ့်အမျိုးသားအချင်းချင်းအကြား ဒီလိုဖြစ်နေ တာလေးတွေကိုကြည့်ပြီး လက်ခုပ်လက်ဝါးတီးလို့ တောမီး လောင်တောကြောင် လက်ခမောင်းခတ်၊ မနောခွဲနေတဲ့သူတွေ ကလည်း ပြုံးလို့ပျော်လို့။ ဒါတွေ..ဒါတွေအားလုံးကို မြင်ယောင် တွေးတော့ရင်း ရင်နာလွန်းလို့ ကိုယ့်နံဘေးက သစ်ပင်ကိုထိုး ခဲ့မိတာ လက်သီးတွေလည်း နာဖန်များခဲ့ပြီ။ ဒီတော်လှန်ရေး ကြီး တစ်နေ့ ပြီးဆုံးချိန်မှာ ဒီအမျိုးသစ္စာဖောက်တွေနဲ့ ထမင်း အတူလက်ဆုံစားလို့မဖြစ်နိုင်သလိုအတူယှဉ်တွဲလို့လည်းမဖြစ် နိုင်ဘူး။ ဒီလူတွေကို ဆုံးမရမှ သူတို့ကြောင့် ကျဆုံးသွားတဲ့ မျိုး ချစ်ရဲဘော်တွေအတွက် ကျေနပ်နိုင်မယ်။ ဒီအဖြစ်တွေကို မဖြေ ရှင်းနိုင်သရွေ့ကျွန်တော်ဘယ်တော့မှအိမ်မပြန်ဘူးလို့စိတ်ပိုင်း ဖြတ်ခဲ့တာပဲ။ ဒီကြားထဲ လူမျိုးကြီးဝါဒီတွေက အမျိုးသားစည်း လုံးရေးကို သွေဖီစေရန် နိုင်ငံခြားသွားခွင့်ပြုပြီး စေတနာလေး၊ ဘာလေးနဲ့ နာမည်ကောင်းခံလို့ တို့ချင်းလူမျိုးတွေကလည်း မရှိမဲ့ရှိမဲ့ ငွေတွေနဲ့ ဟိုလူ့ဆီထပ်ချေး၊ ဒီလူ့ဆီယူနဲ့ သွားလိုက်ကြ တဲ့ ချင်းလူငယ်တွေ၊ တောရွာတွေမှာကြည့်လိုက်ရင် လူငယ်လူ လတ်ပိုင်းတွေ မတွေ့ရတော့ဘူး။ သူတို့ ဟိုရောက်တော့ လည်း သောင်တင်ရေမကျ အများဆုံးကတော့ မအူမလည်နဲ့ အရင်ကခရီးဆိုလို့ ကလေးမြို့တောင် ရောက်ဖူးကြတာမဟုတ်၊ အတိုးနဲ့အရင်းဆပ်နိုင်သူက ခပ်ရှားရှား၊ ချွေးချွေးတာတာနဲ့စု ဆောင်းထားတဲ့သူတွေက အနည်းအကျဉ်း၊ အောက်ခြေလွတ် ပြီးဘဝပျက်သူက ခပ်များများ၊ ထောင်ကျ၊ ပြန်ပို့နဲ့ သံသရာလည် နေကြတာပဲ။

Passport ကိုလုပ်ပေးရင် ဟိုမှာလည်း အလုပ်ရှာပေးပါ လား၊ ထောင်ကျရင် မသိကျိုးကျွံပြု၊ အခွန်ကျပြန်တော့ အဆ မတန်ကောက်၊ ဘာသဘောလဲ၊ အိမ်မှာကျန်ခဲ့တဲ့ မိသားစုက လည်း ဟိုကငွေ မပို့နိုင်လို့ ဒီမှာ အကြွေးရှင်တွေနဲ့ ဝိုင်းကြီးပတ် လည် ဒုဝေဝေ၊ ရောင်ကြ၊ ရာကြ ဖြစ်ကြတာတွေကလည်း မျက်မြင်ကိုယ်တွေ့၊ ဗမာစကားပုံ ပြည်ပျက်တုန်းဥစ္စာရှာဆိုတာ ချင်းလူမျိုးတွေအဖို့ကတော့ ပြည်ပျက်တော့ ဘဝပျက်ဆိုတဲ့ စကားပုံတောင် ပေါ်လာရတော့တယ်။

အဲ့ဒီလိုမိသားစုများဟာပြည့်အရေးမပြောနဲ့ရပ်၊ရွာအရေး၌ တောင် မပါနိုင်ကြဘူး၊ ကိုယ့်မိသားစုပြဿနာနဲ့ကိုယ် အဲ့ဒီ အဖြစ်အပျက် ပြဿနာတွေကြားထဲမှာ ဘယ်လိုလုပ်ပြီး တိုင်း ပြည်ချစ်စိတ်၊ လူမျိုးချစ်စိတ်ဆိုတာ ဝင်ကိန်းအောင်းနိုင်မှာလဲ။ ကိုယ်တော်ချောတွေက ပြောလိုက်ကြသေးတယ်။ ငါတို့ ဒီနိုင်ငံ မှာအလုပ်လုပ်သလို ချင်းပြည်မှာ တို့ဌာနေမှာလုပ်ရင် ဒီထက် ငွေရဦးမယ်တဲ့။ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ၊ အလုပ်လုပ်ရင် ငွေရမှာပေါ့။ ဒါပေမဲ့ ငါတို့နိုင်ငံမှာ လုပ်စရာမှ မရှိဘဲ၊ ငါတို့ ချင်း တွေကလည်း ဒီပြဿနာတွေရဲ့အရင်းခံဟာ ဘယ်သူလဲ၊ ဒီ

သွေးစုပ်မှုကို အရင်တိုက်ထုတ်ရမယ်ဆိုတာ သိထားကြရင် ဒီလို ဖြစ်ကြမှာမဟုတ်ဘူး။ ပြဿနာတစ်ခုရဲ့ ရင်းမြစ် (Root of causes) ကို မလေ့လာတတ်သေးသရွေ့ ငါတို့ဟာ သူ့ကျွန်ဖြစ်နေရဦးမည်သာ။ ငါတို့ လူမျိုးတွေဟာ အများအားဖြင့် ကိုယ့်မြေ၊ ကိုယ့်ရွာထက် တပါးမြေ၊ ရပ်ခြားရွာခြားကို အထင်ကြီးတတ်တဲ့ စိတ်ဓါတ်အရင်းခံရှိကြတာ ဘယ်သူမှ ငြင်းနိုင်ကြမယ်မထင်ဘူး။ ဒါဟာ ဝမ်းရေးပြဿနာကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါရဲ့။ ဒါပေမဲ့အများစုက သူတို့နိုင်ငံကိုမကိုးကွယ်ရုံတမယ် သူတို့နိုင်ငံသေမှ၊ ခေါင်းချမှ ဂုဏ်သရေရှိသယောင်ယောင် မှတ်ထားကြ၊ ချင်းမှန်ရင် ချင်းမြေမှာ ခေါင်းချရမှာ၊ မင်းရဲ့ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေကို ငါတို့ချင်းလဲန်ရဲ့ တောတောင်၊ သစ်ပင်တွေ၊ ချောင်းတွေက ခံစားနိုင်ကြပါစေ။ ဟိုကနေ အမြဲတမ်းတနေတယ်။ Moral Support ပေးနေမယ်ဆိုတာ လက်တွေ့မှာတော့ ထိရောက်တာ ခပ်နည်းနည်း။

ဒီလိုနဲ့ ချင်းလဲန်ရဲ့ အနာဂတ်အတွက် အသက်ပေါင်းများစွာကို စတေးပြီး တိုက်ပွဲဝင်ရင် ဘာစားမလဲ? သေလိုက်ပါတော့။ ငါတို့လူမျိုးတွေ ဒီလိုအလို့ပဲ ဒီလောက်အလိမ်ခံ၊ အဖိနှပ်ခံရတာ၊ နည်းတောင်နည်းသေးတယ်။ 'လွတ်လပ်ရေးရရင် လွတ်လပ်ခြင်းရဲ့အသီးအပွင့်ကို စားမှာပေါ့။' ဒါကိုတော့မပေးဘဲ သိဖို့ ကောင်းကြပါရဲ့၊ လွတ်လပ်ခြင်းသည် စားလို့ မကုန်တဲ့။

ချင်းတောရွာလေးတွေမှာ အဓိကအားကိုးကြတာက BBC ကနေ သတင်းထူးလေးပါလာရင် သူတို့အတွေးမှာ အောင်ပွဲဟာ လက်တကမ်းသာ လိုတော့သလိုလို၊ တစ်ယောက်နဲ့တစ်ယောက် တတွတ်တွတ် ပြောကြရင်း အလုပ်ဆင်းဖို့တောင် မေ့ကုန်ကြတဲ့အထိပါပဲ။ ဒါတွေဟာ တရားကျစရာ ကောင်းပါတယ်လေ။ စိတ်ပျက်စရာတော့ မဟုတ်ပါဘူး။ သူတို့တတွေအတွက် ဒီတော်လှန်မှုတွေရှိလာလို့ လောလောဆယ် အကျိုးခံစားနေကြတာက စစ်တပ်ရဲ့ အနှိပ်စက်ခံ ထောင်ချ၊ ပေါ်တာထမ်းခြင်းတွေပဲ မဟုတ်လား၊ ပြည်သူတွေကို စည်းရုံးသိမ်းသွင်းရင်း သဘောကျအားတက်လာလို့ ထလုပ်မယ်ဆိုကြပြန်တော့လည်း နှစ်ပေါင်းများစွာ ခံစားလာခဲ့ရတဲ့ အကြောက်တရားကြီးကို ကျောမှာလွယ်လို့ အလုပ်သဘောက စိတ်ပျက်စရာတွေနဲ့ကြုံရတာက ခပ်များများ၊ ထိုင်နေတာထက်တော့ ရပ်တာကပိုပြီး အလုပ်သဘော ဆောင်ပါတယ်လေဆိုပြီး ကိုယ့်ကိုယ်ကိုအားပေးခဲ့တာလည်း အကြိမ်မနည်းတော့ပါဘူး၊ တချို့ကျပြန်တော့လည်းနိုးလိုက်တဲ့အမျိုးသားစိတ်ဓါတ်တွေ၊ဗမာလူမျိုးကြီးဝါဒီတွေကို တိုက်ဖို့ဆိုရင် လက်သီးလက်မောင်းတတန်းတန်းနဲ့ အခုချမယ် ဘာလုပ်မယ်နဲ့၊ ဒီလိုလူတွေ ကျပြန်တော့လည်း ခြေလှမ်းညီစေဖို့ မနည်းထိန်းရပြန်တယ်။ တခါတလေမှာဆိုရင် အားတွေက ထားစရာမရှိလောက်အောင် တက်ခဲ့ရတာပါပဲ။

ဘာပဲဖြစ်ဖြစ်လေ နောက်ဆုံးတော့ ရှုပ်ထွေးလှတဲ့ ယနေ့အခေါ် မြန်မာပြည်တွင်းစစ်မှာ ကိုယ့်ချင်းလူမျိုးတွေကလည်း ဒီအရေးကြီးအချိန်မှာ ဘယ်အခန်းဘယ်ကဏ္ဍကနေ ကပြရမလဲဆိုတာ ဆုံးဖြတ်သင့်ပါပြီ။ အချောင်ခို စိတ်ဓါတ်တွေ၊ သူရဲဘောကြောင်တဲ့ စိတ်ဓါတ်တွေ၊ မြေပေါ်အာဏာနိုင်ငံရေး၊ ငွေနိုင်ငံရေး၊ နာမည်ကျော်ဇောလိုတဲ့ စိတ်ဓါတ်တွေကိုဖျောက်ပြီး ချင်းအမျိုးတို့ရဲ့ ဇာတိသွေးဇာတိမာန်ကို ပြဖို့ အချိန်တန်ပေပြီ။ ဒီကနေ့ ချင်းလူမျိုးတို့ရဲ့ စည်းလုံးမှုကို ပြိုကွဲစေတဲ့ အဓိကအကြောင်းရင်းတွေ ဤသွေးမြေကျမှုရဲ့အရင်းအမြစ်ကို ကောင်းစွာသုံးသပ်ပြီးမိမိတို့ချင်းလူမျိုးတွေအပေါ် မင်းသားမလုပ်ရတိုင်း ပတ်မကြီးကိုပဲဖောက်ဖို့ အကွက်ကောင်းချောင်းနေတဲ့ ငတေလိုကောင်တွေကို မျက်ခြေမပြတ် လေ့လာပြီး သတ္တိရှိရှိနဲ့ တော်လှန်ပစ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ချင်းလူမျိုးတွေ တသက်လုံး အခြေခံ အားနည်းလာခဲ့ရတာတွေဟာ မဟာဗမာလူမျိုးကြီးဝါဒီတွေရဲ့ အညွန့်ချိုးခံခဲ့တာကြောင့် ဖြစ်တယ်ဆိုတာ သိရှိနားလည်ပြီး ချင်းအမျိုးသားရေး ရေရှည်တိုက်ပွဲအတွက် အားသစ်တွေ မွေးကြဖို့ လိုပါပြီ။

ဖူးပင်စိုက်လို့ ဖရုံမသီးတတ်သလို ဖူးစားချင်ရင် ဖူးပင်ကိုသာ စိုက်ရပါလိမ့်မယ်။ ကိုယ့်ချင်းလူမျိုးများ သမိုင်းကျောင်းကောင်းဖို့အတွက် ကောင်းတဲ့သမိုင်းကြောင်းကို ဖန်တီးလိုပါတယ်။ ချင်းလူမျိုးတွေရဲ့ ရသင့်ရထိုက်တာတွေကို မရမချင်းတော့ ချင်းလူမျိုးများအနာဂတ်အတွက် ဆက်လက် တော်လှန်တိုက်ပွဲဝင်နေဦးမည်သာ။ ဒါဟာ တရားသောစစ်ကို ဆင်နွဲနေခြင်းဖြစ်ပါတယ်။ ခေတ္တခဏ နားလို့မဖြစ်ဘူး။ တွေဝေနေသူတွေရှိနေသရွေ့ ဒီကျွန်ပြုခံမှုဟာ ကြာရှည်နေဦးမှာပါပဲဆိုတာ....။

**အမျိုးသားရေးအတွက် အသက်ပေးလှူသွားသော**

**Maj. Uk Lian Thang အား လေးစားသောအားဖြင့် (အယ်ဒီတာ)**

၀၀၀၀၀

# c,ifukd;csif;wdkUodkY vdkonf



"မြန်မာကို ကမ္ဘာကသိဖို့ လိုသည်၊ ကမ္ဘာကို မြန်မာက သိဖို့လိုသည်" စသဖြင့် အဓိပ္ပါယ်ဖွင့်ဆို ရေးသားကြသည်ကို ဖတ်ရှုခဲ့ဖူးသည်။

"မြန်မာကို မြန်မာတို့ သိဖို့လိုသည်" ဟူသော စကားရပ်ကိုမူ အပြောအဆို အရေးအသားနည်းပါးလှပါသည်။ "စင်စစ်အားဖြင့် မြန်မာတို့သိဖို့က ပို၍ အရင်းမူလ ပဓါနကျသည်ဟု ဆိုချင်ပါ၏" ဟူ၍ ဆရာကြီး ဦးလေးမြိုင်က အမိန့်ရှိခဲ့ဖူးသည်။စသည်တို့ကို ဖတ်၍ "ချင်းကို ချင်းတို့ သိဖို့လိုသည်" အကြောင်းကို ရေးသားလိုစိတ် ပေါ်ပေါက်ခဲ့ပါသည်။

ကျွန်တော်တို့သည် ဟိုနိုင်ငံ၊ ဒီနိုင်ငံအကြောင်း၊ ပုဂ္ဂိုလ်ကျော်ကြီးများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ နိုင်ငံရေး၊ အမျိုးသားရေးတို့ကို အားကြိုးမာန်တက် ကြိုးပမ်းသင်ကြားပို့ချကြသော်လည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ထုံးတမ်းစဉ်လာ၊ ရိုးရာဓလေ့စရိုက်နှင့် အမျိုးသားရေးစသည်တို့ကို စနစ်တကျ လေ့လာသင်ပြသည်ကို မတွေ့မိပါ။

ထို့ကြောင့်ကိုယ့်အကြောင်းကိုယ်မသိဘဲတိုက်ပွဲကို ဆင်နွှဲနေကြသည်ကို တွေ့ရ၊ မြင်ရ၊ ကြားသိရသောအခါ ကိုယ့်လူမျိုးကို ကိုယ့်လူမျိုးတို့ မသိကြသူများလားဟူ၍ သံဝေဂ ရမိပါသည်။

ရောမမြို့ကြီးသည် အလွန်ကျယ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော် ၃၀၀၀ လောက်ကစ၍တည်ခဲ့သည်။ မြို့ကြီးအလွန်ခမ်းနားသည်။ တစ်မြို့တည်းတွင် လူဦးရေ ၈၀၀၀၀၀ လောက်နေသည်။ ကလကတ္တားမြို့သည် အလွန်ကျယ်ပြန့်သည်။ စင်္ကာပူမြို့သည် အလွန်သာယာလှပသည် စသဖြင့် အဝေးက မြို့ကြီးပြကြီးများအကြောင်းကို လေ့လေ့လာလာ၊ မှတ်မှတ်သားသား ဂရုတစိုက် ကွက်စိပ်ချ၍ ပြောတတ်သူ ပြောနိုင်သူများ အလွန်ပေါများသော်လည်း တို့ပြည်နယ်နှင့် ပလက်ဝမြို့ကလေးအကြောင်း ပြောစမ်းကွာဟု ဆိုသောအခါ ပါးစပ်ဟနေသူများကိုသာ တွေ့ရများနေသည်။

ထိုသို့လည်း ဆရာကြီးဇေယျ၏ အဆိုအမိန့်သြဝါဒသည် ကျွန်တော်တို့ ယနေ့ခေတ် လူငယ်၊ လူကြီးများ အထူးသတိထားသင့်သော အကြောင်းအရာတရပ် ဖြစ်ပေသည်။

မြန်မာနိုင်ငံသား ခေတ်ပညာတတ်တစ်ဦး၏ အဖြစ်အပျက်ကို ပြောပြချင်ပါသည်။ ဂျပန်နိုင်ငံတွေင် ပညာသင်ယူနေသူဖြစ်၏။ သူ၏ ချစ်သူသည် ဂျပန်သူလေးပင်ဖြစ်သည်။ သူတို့ ချစ်ကြိုက်ရည်ငံနေကြသည်ကို မိန့်ကလေး၏ ဖခင်သိသောအခါ တစ်နေ့ လူငယ်လေးကိုခေါ်၍ တွေ့ပါသည်။ လူငယ်လေးသည် ယောက္ခမခေါ်တွေ့မည်ကို ကြိုသိ၍ ဂျပန်နိုင်ငံ၊ ဂျပန်လူမျိုးအကြောင်းစုံ လေ့လာခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် သူ့ယောက္ခမ၏ မေးမြန်းချက်အားလုံးကို ဖြေဆိုနိုင်သည်။ သို့ဖြင့် "ကဲ.. ဟုတ်ပြီ၊ မင်းက ငါတို့ရဲ့ နိုင်ငံ၊ လူမျိုးဘာသာစကား၊ ယဉ်းကျေးမှုအားလုံးကို သိရှိပြီးဖြစ်တယ်။ မင်းတော်ပါပေတယ်" ဟု ပြောပြီး မြန်မာနိုင်ငံ၊ မြန်မာလူမျိုးအကြောင်းကို မေးလေ၏။ ထိုအခါ ကောင်လေးမှာ ပါးစပ်အဟောင်းသားဖြင့် မဖြေနိုင်ဘဲ ဖြစ်နေလေသည်။ ယောက္ခမလောင်းက အောနလုံးနာ၍ "သူတစ်ပါးနိုင်ငံ၊ သူတပါးလူမျိုးကို အထင်ကြီး၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို

အထင်သေးသူ၊ သူတပါးအကြောင်းကိုသာသိပြီး ကိုယ့်အကြောင်းကိုယ်မသိသူကို ငါ့သမီးနဲ့ မပေးစားနိုင်ဘူး”ဟုပြောခဲ့ဖူးကြောင်း သိရှိမှတ်သားရပါသည်။

ချင်းပြည်နယ်ပလက်ဝမြို့ ကခူမီး(ချင်း)လူမျိုး၊ ခေတ်ပညာတတ်လူငယ်တစ်ဦးသည် “အင်တာဗျူး” တစ်ခုတွင် ကိုယ့်လူမျိုး၏စကားကို ပြောနိုင်းရာ အခြားလူမျိုး၏ စကားဖြင့် မပြောတတ်ဟု ဖြေခဲ့ကြောင်း အမှန်တကယ် ကြားသိရသည်။ အထက်အရာရှိကလည်း အဲဒီလူငယ်လေးကို အလုပ်ခန့်ချင်မည်လား၊ စဉ်းစားကြည့်ပါ။ တကယ်ရင်နာစရာ ကောင်းလှပါသည်။

ဤအဖြစ်အပျက်နှစ်ခုကို အချုပ်တွေးကြည့်လျှင် မြန်မာခေတ် လူငယ်လေးဟာ ဂျပန်နိုင်ငံ၊ ဂျပန်လူမျိုးအကြောင်းသိရှိနဲ့ အခြားလူမျိုး ဖြစ်မလာပါဘူး။ သူတို့နှစ်ဦး ရလဒ်ကတော့ အခြားလူမျိုးက အထင်သေးသလို ကိုယ့်လူမျိုးကလည်း ရှုတ်ချမှုသာလျှင် ဖြစ်ပေသည်။ အမျိုးသားအမြင်ဖြင့်ကြည့်လျှင် အမျိုးထဲတွင် သူတို့နှစ်ဦးသည် သေပြီးသောသူသာ ဖြစ်သလို အခြားအမျိုးသားအနေဖြင့်ကြည့်လျှင် အရူးအပေါ့သာ ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာကို မြန်မာကသိဖို့ လိုသလို ချင်းကို ချင်းတို့ကသိဖို့လိုသည် မဟုတ်ပါလော။ အထူးသဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို အထင်သေးတတ်သော ခေတ်ပညာတတ်လူငယ်များ စဉ်းစားစရာပင်။

ယနေ့ နှစ်ဆယ့်တစ်ရာစုတွင် သိပ္ပံနှင့် နည်းပညာတို့ တိုးတက်ဖြစ်ထွန်းလာမှုတို့ကြောင့် လူသားတို့ ကမ္ဘာကြီးသည် ရွာတစ်ရွာသဖွယ် ဖြစ်လာတော့ ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကို အားလုံးနှင့်အဆင်ပြေအောင်နေတတ်သည်။ သဘောထားကြီးသည်။ စိတ်ဓါတ်မြင့်မြတ်သည်ဟု ထင်နေကြသည်။ အဲဒါကို ဂုဏ်ယူနေကြသည်။ နိုင်ငံကြီးသား၊ ကမ္ဘာ့အဆင့် စိတ်ဓါတ်ရှိသည်ဟုပင် ဘဝင် လေဟပ်နေဦးမည်။ ကမ္ဘာသားအဖြစ် အတူနေထိုင်ပြီး အားလုံးကို နားလည်ပေးသည်မှာ ကောင်းပါသည်။ သို့သော် ကျွန်တော်သိတာ ပြောရဦးမည်။ “နားလည်ပေးတယ်” ဆိုတာ နှစ်မျိုးရှိသည်။ ပထမ တမျိုးမှာ ဘာတစ်ခုမှမသိလို့ ဘာမှမပြော၊ ပြောသမျှခေါင်းညိတ်နားလည်ပေးတာနှင့် နောက်တမျိုးမှာ အားလုံးကိုသိပြီး နားလည်ပေးတာဖြစ်သည်။ ရှင်းရှင်းပြောရလျှင် ကျွန်တော်တို့သည် ကိုယ့်အကြောင်း၊ သူ့အကြောင်း အားလုံးကို သိ၍ နားလည်ပေးခြင်းမျိုးမဟုတ်ဘဲ ဘာတစ်ခုကိုမျှမသိ စုံလုံးကန်း နားလည်ပေးခြင်းမျိုး ဖြစ်နေသည်။

ကျွန်တော် ပုံပြင်တစ်ပုဒ် ပြောပြမည်။ တောအုပ်တခုတွင် ခြင်္သေ့တစ်ကောင်း မင်းမူနေ၏။ အဆိုပါတောထဲတွင် ဆိတ်အုပ်စုတစ်စုလည်းရှိသတဲ့။ အဲဒီ ဆိတ်အုပ်စုတွင် ထူးထူးခြားခြား ခြင်္သေ့တစ်ကောင် ရှိလေသည်။ ခြင်္သေ့လေးသည် ပေါက်စကတည်းက ဆိတ်အုပ်စုနှင့် အတူနေခဲ့သည်။ ဆိတ်မ၏ နို့ရည်ကိုစို့ပြီး ကြီးပြင်းခဲ့ရသည်။ ဆိတ်တွေလို မြက်စားသည်။ သို့ပေမဲ့ ဘယ်လိုမှ အံဝင်ခွင်ကျမဖြစ်ဘဲ ရှိနေလေသည်။ တစ်နေ့ အစာရှာထွက်ရင်း ခြင်္သေ့မင်းအုပ်စုနှင့် ပက်ပင်းတိုးမိသည်။ ထိုအခါ သူ့အမေ ဆိတ်မတို့သည် ကြောက်လန့်ကာ ထွက်ပြေးကြတော့သည်။ ခြင်္သေ့လေးသည် သူ့အမေ ဆိတ်ကဲ့သို့ အော်မြည်ပြီး ထွက်ပြေး၏။

ထိုအဖြစ်အပျက်ကို ခြင်္သေ့မင်းက မြင်တွေ့သောအခါ အလွန်အံ့ဩသွားသည်။ “မင်းမျိုးမင်းနွယ်ဖြစ်ပါလျက် ကိုယ့်အမျိုးကိုယ်မသိဘဲ ဆိတ်ကဲ့သို့ ပြုမူကျင့်ကြံနေသော ထိုခြင်္သေ့လေးကို ရအောင်ဖမ်းလာခဲ့” ဟု အမိန့်တော် ချလိုက်လေသည်။ အမိန့်တော်အတိုင်း ခြင်္သေ့လေးကို ဖမ်းခေါ်လာခဲ့သည်။ ထိုအခါ ခြင်္သေ့မင်းက ခြင်္သေ့လေးအား ဆုံးမလေသည်။ “မင်းဟာ ဆိတ်မျိုးမဟုတ်ဘူး၊ ခြင်္သေ့မင်းမျိုးဖြစ်တယ်၊ မြက်စားရတဲ့ အမျိုးမဟုတ်ဘူး၊အရှင်လတ်လတ်အသားကိုမှစားတဲ့အမျိုး၊ကြောက်လန့်ပြေးရတဲ့ အမျိုးမဟုတ်ဘူး၊ ဒီတောမှာ အုပ်ချုပ်ရတဲ့ အမျိုးကွာ” ဟု ဆုံးမပြီး ဟိန်းဟောက်ပြသည်။ ထိုအတိုင်း ဟိန်းဟောက်ပုံကအစ သင်ပေးခဲ့သည်။ “မှတ်ထား မင်းဟာ မင်းမျိုးမင်းနွယ်ဆိုတာ အသွေးထဲ၊ အသားထဲ၊ နှလုံးသားထဲ မြဲမြဲမှတ်ထား၊ ကိုယ့်အမျိုးကိုယ်မသိလို့ ဆုံးရှုံးနေတာ” လို့ ဆုံးမလိုက်သတဲ့။

နောက်ဆုံး ခြင်္သေ့လေးသည် ခြင်္သေ့မင်းအတိုင်းဖြစ်လာခဲ့သည်။ တစ်နေ့၌ သူ့အမေ ဆိတ်မအုပ်စုနှင့် ပြန်တွေ့ခဲ့ရာ ဆိတ်လို အော်မြည်ကာ နှုတ်ဆက်၏။ အရင်ကအတိုင်း ချစ်ခင်ရင်းနှီးစွာ နေထိုင်ကြလေသည်။ ဆိတ်ကို သားကောင်၊ ရန်သူလို သဘောမထားဘဲ အားလုံးကို နားလည်လွတ်ငြိမ်းခွင့် ပေးလိုက်တယ်။ သို့သော် မိမိဟာ ဆိတ်မဟုတ်၊ ခြင်္သေ့မင်းဖြစ်ကြောင်း

ကို လုံးဝ သဘောပေါက် သိရှိပြီးဖြစ်ပါတယ်။ ပုံပြင်ဟာ ဒီလောက်ပင် ဖြစ်ပါသည်။

ဤပုံပြင်၏ ဆိုလိုရင်းမှာ ခြသေ့်လေးဟာ ကိုယ့်အမျိုး ကိုယ်မသိတဲ့အတွက်ကြောင့် ဆိတ်လိုပြုမူကျင့်ကြံတယ်။ မိမိရဲ့ ဖြစ်ခြင်း၊ မိမိရဲ့ ဇစ်မြစ်ကိုမသိဘဲ သူတပါးနောက်လိုက်နေမိတယ်။ ကျွန်တော်တို့ လူမျိုးသည်လည်း ဤအတိုင်းပင်ဖြစ်နေသည်။ ဤသည်မှာ မျက်ကန်း၍ ဘာမှမသိ နားမလည်ခြင်းသာဖြစ်သည်။ ထို့နောက် ခြသေ့်မင်းနှင့်တွေ့ပြီး မိမိသည် မင်းမျိုးဖြစ်သည့်အကြောင်းကို သိရှိရသည်။ ထိုအခါ ဆိတ်အုပ်စုကို ကြီးနိုင်ငယ်ညှင်းမှု မပြုလုပ်ဘဲ ငြိမ်းချမ်းစွာနှင့် နားလည်ပေးသည်။ ဤသည်မှာ ကိုယ့်အကြောင်း၊ သူ့အကြောင်းသိပြီး အားလုံးကို နားလည်ပေးသည့်အဆင့် ဖြစ်ပါသည်။ ကျွန်တော်တို့အမျိုးကိုလည်း ဤကဲ့သို့ ဖြစ်စေချင်ပါသည်။ ကိုယ့်အမျိုးကိုယ်သိပြီး အားလုံးကို နားလည်ပေးသည့်အဆင့် ဖြစ်သင့်ပါသည်။

ချင်းဖြစ်လျှင် ချင်းပြည်နယ်၊ မြို့တော်၊ မြို့ရွာအကြောင်း၊ ချင်းလူမျိုးအကြောင်း၊ ပညာရေး၊ စာပေ၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့စသည်များကိုတန်ဖိုးထား လေ့လာမှတ်သားရမည် ဖြစ်ပါသည်။ ကိုယ့်အဆင့်ကိုယ်သိမှ ကိုယ်က ဘယ်အဆင့် ရောက်နေပြီဟူသည်ကို သိရမည်ဖြစ်သည်။ ကိုယ် ဘယ်ခရီးရောက်နေပြီကို မသိလျှင် ဘယ်ကစ၍ သွားရမည်ကို မသိနိုင်ပါ။ သုညအဆင့်ရောက်နေလည်း ကိုယ်ရောက်နေသည့်နေရာသိလျှင် တစ်နေ့ထက်တစ်နေ့ တဆင့်ပြီး တဆင့် တက်လှမ်း၍ရသည်။ ချင်းကို ချင်းတို့သိပါ။

ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ ထူးခြားဆန်းကြယ်သော ရိဒ်ရေကန်အကြောင်း၊ ပလက်ဝမြို့နယ်ရှိ ကီမိုတောင်မှ ကန်ပက်လက်မြို့နယ်ရှိ ဝိတိုရိယတောင်အထိ၊ မြစ်မှာ ယပန်း (ကုလားတန်မြစ်) မှမဏိပူရမြစ်အထိ၊ ရေတံခွန်မှာ သင်းသေရေတံခွန်မှ ဘုံတလာရေတံခွန်အထိ၊ တန်ဖိုးထားသောအရာများမှာ နွားနောက်မှ အောက်ချင်ငှက်အထိ၊ သဇင်ပန်းမှ တောင်ဇလပ်ပန်းအထိ လေ့လာသိရှိရမည်ဖြစ်သည်။ မြောက်ပိုင်းသား၊ တောင်ပိုင်းသားအားလုံး၏ ဘုံ (ချင်း) ဟု ဖော်ကျူးရင်း အလှည့်ကျစနစ်ကို သင်ပေးနေသော ရိုးရာခေါင်းရေးအိုးကိုလည်း မမေ့သင့်ပါ။ ပြာရည်နှင့် ဝါးကျည်ထောက်ကိုလည်း ချန်လှပ်ထားခဲ့၍ မရနိုင်ပါ။

ထိုစိတ်မှတဆင့် ကိုယ့်မြေ၊ ကိုယ့်ရေကို ချစ်ခင်မြတ်နိုးတတ်သည့် စိတ်ကောင်းစိတ်မြတ်များ ဝင်ရောက်လာမည်ဖြစ်ပါသည်။ ကိုယ့်လူမျိုး၏ လွတ်လပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခေါင်းဆောင်သော ရှေ့လူကြီးများ၏ ကျေးဇူးတရားကို တန်ဖိုးထားဖို့ လိုပါသည်။ ချင်းကို ချင်းတို့သိခြင်းဖြင့် ကိုယ့်တိုင်းပြည်ကိုလည်း သိရာ ရောက်ပါလိမ့်မည်။

ထိုမှတဆင့် ရာဇဝင် (သမိုင်း) သိရုံသာမဟုတ်၊ ရာဇဝင် (သမိုင်း) ကို ဖန်တီးရေး၊ ပညာရေးကို သိရုံသာမဟုတ် ကောင်းအောင် ဖန်တီးနိုင်ရေး၊ လောကအကြောင်းကို နားလည်စေရုံသာမဟုတ် နဂိုထက်ကောင်းသော လောကကို ဖန်တီးနိုင်ရေးကို ပြုပြင်ပြောင်းလဲရပါမည်။ သူများက ခြေတစ်လှမ်းလှမ်းလျှင် တို့က လေး-ငါးလှမ်း ဆက်လှမ်းရပါမည်။ ပထမချင်းကို ချင်းတို့ကသိ၊ ထပ်ဆင့် ကမ္ဘာသိအောင်လည်း ကြိုးစားရပါမည် မဟုတ်ပါလော။

ဤအသိအမြင်ဖြင့် ကျွန်တော်တို့အားလုံး လက်တွဲကာ ရှေ့ဆက်ကြရအောင်။

✍ မောင်မော်ကွန်း (ပလက်ဝ)

၀၀၀၀၀

**ဒီကနေ့ ငါတို့တိုက်ပွဲဝင်နေကြတာဟာ**
**ကျောင်းအတွက်မဟုတ်၊ ဘော်လုံးကွင်းအတွက်**
**မဟုတ်၊ ကတ္တရာလမ်းတွေ၊ ဆေးရုံတွေအတွက်**
**မဟုတ်၊ တအင်ဖွံ့ဖြိုးရေးအတွက် မဟုတ်ဘူး။**
**ကျူးကျော်စစ် (Offensive war) လည်းမဟုတ်သလို၊**
**ခုခံစစ် (Defensive war) သာဖြစ်တယ်။**
**ဒါဟာ သမိုင်းပေးတာဝန်ပဲ။**

***Maj. Uk Lian Thang***

# ref mEdkbkc i fv r/drm; yEBaxbykH

🖎 q v i;c i;jzL (y v u 0)




ယနေ့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားအမျိုးသား (၈) မျိုးနှင့်မျိုးနွယ်စုစုစုပေါင်း(၁၃၅)ရှိသည်ဟုသာမန်အားဖြင့်မှတ်ယူရမည်ဖြစ်သော်လည်း၊ အသေးစိတ်တွင်မူ ထိုထက်မက အဆပေါင်းများစွာ တွေ့ရှိနိုင်မည် ဖြစ်သည်။ ချင်းလူမျိုး မျိုးနွယ်စုများကိုလည်း (၅၃) ဟု ဖော်ပြထားသော်လည်း၊ ထိုထက်မက ရှိနိုင်မည် ဖြစ်သည်။

ဤအကြောင်းနှင့်ပတ်သက်၍ စာရေးသူအနေဖြင့် ဆွေးနွေးချက်ဆောင်းပါးတစ်ပုဒ်ကိုယမန်နှစ်၊ဧပြီလထုတ်ချင်းအမျိုးသားရေးရာစာစောင်တွင် ရေးသားခဲ့ပြီးဖြစ်သည်။ ၎င်းကို မပြန်လှန်တော့ဘဲမြန်မာနိုင်ငံအရပ်ရပ်သို့ချင်းလူမျိုးများပျံ့နှံ့နေထိုင်ပုံကို လက်လှမ်းမီသမျှ တင်ပြသွားပါမည်။ ခြွင်းချက်တစ်ခုမှာ သုတေသီများ၏ အယူအဆချင်း မတူညီကြသည်ကို စာဖတ်ပရိသတ်များ သိပြီးဖြစ်၍ စာရေးသူ၏ ဖော်ပြချက်များအပေါ် ဝေဖန်စရာ အနည်းနှင့်အများ တွေ့ရှိရမည်သာ။ ဥပမာ-ပါမောက္ခ G.H. Luce နှင့် F.K. Lehman တို့နေဖြင့် ချင်းလူမျိုးတို့အား မြန်မာနိုင်ငံအလယ်ပိုင်းမှ ချင်းတွင်းမြစ်အတိုင်း ဆန်တက်ပြီး၊ အနောက်ဖက်တောင်တန်းသို့ တက်ရောက် အခြေချကြမည်ဟု ယူဆကြသည်။

သို့ရာတွင် ၎င်းအဆိုအား လက်ခံရန် မလွယ်ကူလှချေ။ အကြောင်းမှာ Sir A. Mackenzie ၏ 'North-East Frontier of India' စာမျက်နှာ- ၈၁ တွင် 'ဟူးကောင်းလွင်ပြင် အထက်တွင် ချင်းရွာဟောင်းနေရာရှိကြောင်း' ကိုလည်းကောင်း၊ G.E. Fryer ၏ One the Kyeng People of Sandoway, Araka J.A.S.B, 1875, Part- I ဆောင်းပါးပါ သံတွဲခရိုင်ရှိ ချင်းများက 'ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းလာကြကြောင်း' အဆိုကို ထောက်၍လည်းကောင်း၊ မြောက်မြားစွာသော အချက်အလက်များအရ သော်လည်းကောင်း၊ လူကြီးသူမများ၏ နုတ်သမိုင်းများအရလည်းကောင်း၊ မြောက်ဖက် ဆွမ္မရာတောင်တန်းမှ တောင်ဖက် နဂရေအငူ အနီးထိ၊ အရှေ့ဖက် ပဲခူးရိုးမမှ အနောက်ဖက် ဘင်္ဂလားပင်လယ်ကမ်းခြေအထိ လှည့်လည်ရွှေ့ပြောင်းနေထိုင်ကြကြောင်း ဖော်ပြချက်များရှိနေ၍ ထိုအဆိုအမိန့်များကိုသာ လက်ခံစရာအဖြစ် မှတ်ယူရပါမည်။

၁၉၃၁ သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမြေပြန့်ဒေသရှိ ချင်းလူဦးရေကို အောက်ပါအတိုင်း တွေ့ရှိပါသည်။

| | |
|---|---|
| (၁) သရက်ခရိုင် | ၂၂,၈၀၃ |
| (၂) မင်းဘူးခရိုင် | ၂၀,၉၆၁ |
| (၃) မကွေးခရိုင် (အဓိက နတ်မောက်ခရိုင် မပါ) | ၂,၃၄၈ |
| (၄) ပခုက္ကူခရိုင် | ၂၂,၁၄၉ |
| (၅) ပြည်ခရိုင် (အဓိက ပဲခူးခရိုင်နှင့် တောင်ငူခရိုင် မပါ) | ၁၃,၉၅၁ |
| (၆) စစ်တွေခရိုင် | ၂၉,၅၁၅ |
| (၇) ကျောက်ဖြူခရိုင် | ၁၇,၉၃၅ |
| (၈) သံတွဲခရိုင် | ၈,၄၂၅ |
| **စုစုပေါင်း** | **၁၃၈,၉၈၇** |

အထက်ပါစာရင်းတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ချင်းများ၊ ပခုက္ကူတောင်တန်းရှိ ချင်းများ၊ ရခိုင်တောင်တန်းရှိ ချင်းများ၊ ချင်းတောင်တန်းနှင့် အထက်ချင်းတွင်းခရိုင်ရှိ ချင်းများစာရင်း

မပါရှိပါ။

| | |
|---|---|
| - ထိုစဉ်က ချင်းတောင်တန်းတွင် | ၈၅,၄၈၈ |
| - ရခိုင်တောင်တန်းတွင် | ၂၀,၆၈၂ |
| - ယောတွင်း(ပခုက္ကူတောင်တန်း) တွင် | ၁၈,၁၀၀ |
| - အထက်ချင်းတွင်းခရိုင်တွင် | ၁၆,၀၈၈ |

စုစုပေါင်း ၁၄၀,၃၅၈ မျှ ရှိနေနှင့်ပြီး ဖြစ်သည်။ ထို့အပြင် -

| | |
|---|---|
| - ပဲခူးခရိုင်တွင် | ၂၇,၅၄၉ |
| - တောင်ငူခရိုင်တွင် | ၂၇,၄၄၃ |
| - မန္တလေး ခရိုင်တွင် | ၆,၃၃၆ |
| - ရမည်းသင်းခရိုင်တွင် | ၇,၄၇၄ |
| - ကျောက်ဆည်ခရိုင်တွင် | ၅,၆၄၉ |
| - ပုသိမ်ခရိုင် | ၂,၉၉၀ |
| - ဖျာပုံ | ၂၇,၇၄၅ |
| - မအူပင် | ၂၄,၅၅၅ |
| - သာဝတီခရိုင် | ၉,၈၀၀ |
| - ဟင်္သာတ ခရိုင် | ၃၁,၈၆၉ |
| - မြောင်းမြခရိုင် | ၁၁,၈၀၄ |
| - ရွှေလောင်း-ပန်းတနော်ခရိုင် | ၉,၈၈၉ |
| **စုစုပေါင်း** | **၁၉၄,၁၄၃** |

ဤမျှသော စာရင်းကိုလည်း အထက်ပါ ၁၉၃၁ သန်းခေါင်စာရင်း အစီရင်ခံစာတွင် မတွေ့ရပါ။ အထက်ပါချင်း လူဦးရေစာရင်း ကိန်းဂဏန်းများကို ပြန်ပေါင်းလိုက်လျှင် ၄၇၂,၅၈၈ ရှိနေသည်ကို တွေ့ရပါမည်။ မည်သို့ပင်ဖြစ်စေ ၁၉၃၁ မှသည် ၂၀၁၄ ခုနှစ်ထိ နှစ်ပေါင်း ၁၀၀ နီးပါးကာလတွင် အနည်းဆုံး ချင်းလူဦးရေသည် ၁၀ ဆထက်မနည်း တိုးပွားမည်သာဖြစ်၍ ယခုအချိန်တွင် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ချင်းလူဦးရေသည် ၄၇,၂၅,၈၈၀ ထက်မနည်း ၅ သန်းမျှ ရှိနိုင်ပြီ ဖြစ်သည်။

၁၉၃၁ ခုနှစ်သည် မြန်မာပြည်အား ဗြိတိသျှ-အိန္ဒိယမှ မခွဲထုတ်မီကာလဖြစ်ပြီး လူသူအရောက်အပေါက် နည်းသောချောင်ကျသည့်ဒေသ အများအပြား ရှိနေသေးရာ စာရင်းမကောက်ရသည့် နေရာများမှ ချင်းလူဦးရေများလည်း ကျန်ရစ်မည်ဖြစ်သည်။ ၎င်းဒေသများမှ စာရင်းမကောက်လိုက်ရသည့် ချင်းများကို ထိုစဉ်ကာလ ခန့်မှန်းခြေအရ အနည်းဆုံး ၃၀,၀၀၀ ခန့် ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်လျှင် ချင်းတို့သည် ၁၉၃၀ ကာလတွင် ၅၀၀,၀၀၀ ထက်မနည်းနိုင်ပေ။ ယခုတွင် ၅ သန်းထက်မနည်း ရှိချေတော့မည် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ချင်းများအနက် လူသိနည်းသော ဆွေမျိုးစုအချို့ကို တင်ပြသွားပါမည်။

ချင်းပြည်နယ်ဟာခါးခရိုင်နှင့်မတူပီ၊ပလက်ဝ၊မင်းတပ်နယ်တို့ ထိစပ်ရာဒေသတွင် ဝေလောင်း၊ တမန်း၊ ဖိုလမ်နိုင်၊ မရာ၊ တအော/တအို့၊ ပွါလ်နမ် ( ခူမီး အခေါ် ပေါ်မ်နောင်)၊ ခေါင်တူ၊ ခေါင်စို၊ အနူး၊ မယာ၊ ဆီတူး၊ ဝါကောင်း၊ လိုင်ဇို၊ ခမင်း/ခမန်း၊ ကျင်ဒွေး စသည်များလည်း ရှိပါသေးသည်။

ပခုက္ကူတောင်တန်းတွင် ချင်းပုတ်၊ ချင်းပုန်း၊ ချင်းမဲ၊ ယင်ဒူး၊ တောင်သား၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် နယ်စပ်ဒေသများရှိ ချင်းများ- ကောက်ကဒန်း၊ ပို၊ မုံယင်၊ ကို၊ ကယင်/ကျင်၊ စစ်တူ၊ လိုင်ဒူ၊ မတု၊ ခမိ၊

တဖန်မြေပြန့်နေ အရှိုချင်းများ အခြေအနေကို တင်ပြပါဦးမည်။အရှိုချင်းအားဆွေမျိုးစု(၃၆)စု၊ပြောဆိုသုံးစွဲသောဒေသိယဘာသာစကားကွဲ အုပ်စု (၄)ခု ရှိရာ ၎င်းတို့မှာ ကောင်းတူ၊ စွန်းတူ၊ လိုင်းတူ၊ စိုင်ဘောင် ဟူ၍ဖြစ်သည်။ ၎င်းတို့ နေထိုင်ရာဒေသိယဘာသာကဲ အသီးသီးတို့ နေထိုင်ရာဒေသတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကောင်းတူတို့သည် မင်းဘူးခရိုင် စေတုတ္တရာ၊ ငဖဲ၊ မင်းတုန်း၊ မင်းဘူး၊ မင်းလှ၊ မကွေး၊ မြင်းခြံ၊ နွားထိုးကြီး၊ ရေနံချောင်း၊ ရေနံချတ်၊ ပခုက္ကူ စလင်း စသည်များ
(၂) စွန်းတူတို့မှာ မြေပုံ၊ အမ်း၊ မင်းပြား၊ တောင်ကုတ်၊ ငွ၊ ကျိန်တလီ၊ စစ်တွေ၊ ပေါက်တော၊ မန္တလေး၊ ကျောက်ဆည်၊ ရမည်းသင်း၊ နတ်မောက်၊ မိတ္ထီလာ၊ မြင်းခြံ၊ လယ်ဝေး စသည်များ
(၃) လိုင်းတူများမှာ ရမ်းဗြဲ၊ မာန်အောင်၊ ကျိန်တလီ၊ လေးမျက်နှာ၊တောင်ကုတ်၊မြန်အောင်၊ဟင်္သာတ၊ပုသိမ်၊ပန်းတနော်၊

မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ တိုက်ကြီး၊ မှော်ဘီ၊ ရန်ကုန် စသည်များ

(၄) စိုင်ဘောင်များမှာ ဝ၊ သံတွဲ၊ ကျောက်ဖြူ၊ အောင်လံ (အာလံ)၊ သရက်၊ တောင်တွင်းကြီး၊ ပြည်၊ ကြံခင်း၊ ပန်းတောင်း၊ ပျဉ်းမနား၊ လယ်ဝေး၊ တောင်ငူ၊ ရန်ကုန်စသည် များ

အထက်ပါစာရင်းများနှင့် လူဦးရေစာရင်းကိန်းဂဏန်းများသည် တိကျမှန်ကန်သည်ဟု မဆိုနိုင်ပါ၊ ခန့်မှန်းခြေများသာ ဖြစ်နိုင်သည်။ လက်လှမ်းမီရာ စာရွက်စာတမ်းများ၊ လေ့လာရေးမှတ်တမ်းများ၊ စာနယ်ဇင်းများမှ တကူးတက လေ့လာစုဆောင်းရာမှ ကောက်နုတ်တင်ပြချက်များသာ ဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ထုတ်ပြန်ချက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လူဦးရေစာရင်းများကိုသာ ထုတ်ပြန်ပေးပြီး၊ တိုင်းရင်းသားလူမျိုးစုကြီးများ၏ လူဦးရေစာရင်းကို နိုင်ငံတော်အစိုးရမှ မထုတ်ပြန်ဝံ့ခဲ့သည်ကို စာဖတ်ပရိသတ်များ ရိပ်မိပြီး ဖြစ်ပါလိမ့်မည်။

ငါတို့က ချင်းမဟုတ်၊ ကူကီး၊ ခူမီး၊ ဇိုမီး၊ မီဇိုး၊ မြို၊ နာဂ စသည်ဖြင့် ဝိဝါဒ မကွဲသင့်ပြီ။ ချင်းလူမျိုး တစ်မျိုးတည်းသာ ရှိသည်ကို တသွေးတသံတည်းဖြင့် လက်ခံ၊ ခံယူသင့်ကြပေပြီ။ သို့ဆိုလျှင် သူတပါး၏ လေးစား၊ ခန့်ညားရှိသေမှုကိုလည်း ခံရမည်။၊ နိုင်ငံရေးနယ်ပယ်တွင်လည်း ပိုမိုအရေးပါ တွင်ကျယ်လာနိုင်မည် ဖြစ်ပေသည်။ လူ့သဘာဝအရ အရည်အချင်းထက် အရေအတွက်ကို ရှေ့တန်းတင်တတ်ကြစမြဲ ဖြစ်၍ ချင်းလူဦးရေကို တိကျစွာ ဖော်ထုတ်နိုင်ဖို့ စစ်တမ်းကောက်ယူရန် အချိန်တန်နေပြီ ဖြစ်သည်။ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးအစည်းအရုံးများ၊ ဘာသာရေးနှင့် သာသနာပြု အဖွဲ့အစည်းများအသီးသီးမှ ပါဝင်ပြီး၊ ဖော်ဆောင်မည်ဆိုလျှင် ပိုမိုခရီးရောက်နိုင်ပေလိမ့်မည် ဖြစ်သည်။

စာရေးသူ လေ့လာမှတ်သားခဲ့ဖူးသည့် မှတ်တမ်းတစ်ခုတွင် မြန်မာနိုင်ငံတွင် မြန်မာက ၂၀%၊ ရှမ်းက ၁၀%၊ ကရင်က ၁၀%၊ ရခိုင်က ၅%၊ မွန်က ၂%၊ ချင်းက ၁% ဟု ဖော်ပြထားသည်ကို တွေ့ခဲ့ဖူးသည်။ မကြာသေးမီက နိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိန့်ခွန်းတွင် တိုင်းရင်းသားများ ဒေသအသီးသီး၌ မြန်မာဦးရေက လွှမ်းမိုးနေကြောင်းပါရှိနေရာ၊ စာရေးသူအနေဖြင့် တဖက်စောင်းနင်းကျလှသည်ဟု ခံစားမိသည်။ အဆိုပါ မိန့်ခွန်းသည် လူမျိုးကြီးဝါဒကို အမြဲထာဝရ ကြိုးကိုင်သွားမည့် နိမိတ်ဖျာဒိတ်ပင် ဖြစ်ချေပြီ။ သို့ဆိုလျှင် 'ဗမာ တောင်ပေါ်ရောက်၊ ချင်းမြစ်ရေသောက်' ဟူသော တဘောင်အတိုင်း ချင်းတို့သည် မိမိတို့ မွေးရပ်ဒေသကို စွန့်ခွာပြီး၊ သူတပါးတို့၏ ဝါးမြိုခြင်းခံရန် မြစ်ကမ်းနားရှိရာ အောက်မြေအောက်ရပ်၊ မြေပြန့်ဒေသများသို့ ရွှေ့ပြောင်း နေထိုင်ကြတော့မည်လော။

ထိုအခါ၌မူ ချင်းတောင်၊ ချင်းပြည်နယ်ဟူသည် စာတွင်သာ ထင်ကျန်ရစ်ပြီး ချင်းလူမျိုးကိုကား တွေ့ရတော့မည် မဟုတ်ဘဲ 'ချင်းက ကုန်ကြမ်း၊ ဗမာကကုန်ချော' ဟူသော ပြင်သစ်စာရေးဆရာ V.C. Scott O'Connor ၏ သုံးသပ်ချက်စကားသည် အမှန်ဇကန် ဖြစ်လာပေတော့မည်။

---

**Sources:**


1. Census of India, 1931 Vol. XI, Part.I A Report by I. J. Bennison by Capt. J. H. Green
2. A note on the Indigenous Races of Burma ( Rangoon, Government Printing Press, 1931), 198
3. The Silken East by V. C. Scott O'Connor


၀၀၀၀၀

csi;trsK;om;*sme,yg umwe;? uAsm?
aqmi;yg;rsm;on pma&;olwp0;csi;p\
oabmxm;tjrirsm;omjzpNy;
csi;trsK;om;wyO;\ tjritmabmrsm;
r[walumi;Ei

a0zetBujyKvonrsm;&ygu atmuyg
vypmrsm;o tcsera&; quo ,Eiyg
alumi; azmjy tyygon/

- cnfinfo88@gmail.com
- bhmaunglay@gmail.com

Editor

# 1948 ခုနှစ် မတိုင်မီ

csi;awwmiwe;a'o tajctae



ဆောင်း ဂျော်ဇော်ဒေါ်ဆောင်း

ချင်းတို့သည် မွန်ဂိုလွိုက် အနွယ်ဝင်များဖြစ်သည်။ မည်သည့်အချိန်ကစ၍ မြန်မာနိုင်ငံအတွင်းသို့ စတင် ဝင်ရောက်လာသည်ကို တိကျစွာ မသိရှိနိုင်သော်လည်း ပုဂံခေတ်တွင် ချင်းလူမျိုးများ တည်ရှိပြီးဖြစ်ကြောင်း ထင်ရှားနေပြီ။ ၁၈၅၅ ခုနှစ် အင်းဝ မြို့တော်သို့ အင်္ဂလိပ် သံတမန်ကြီး၏ အတွင်းဝန်အဖြစ် လိုက်ပါဆောင်ရွက်ခဲ့သော ကပ္ပတိန်ယူလီက "ချင်းနှင့် လူရှိုင်း လူမျိုးများသည် အင်ဒိုချိုင်းနားအနွယ်ဝင်များ ဖြစ်ကြပြီး ကူကီး-ချင်း များဖြစ်ကြောင်း သိရှိရသည်" ဟု ရေးသားထားပါသည်။

ကမ္ဘာ့မှတ်တိုင်များ ပထမတွဲတွင် သက်တို့သည် ဧရာဝတီနှင့် ချင်းတွင်းမြစ် မြောက်ပိုင်းဒေသတို့၌ အခြေစိုက်နေထိုင်ကြပြီးနောက် ချင်းလူမျိုးများ ဖြစ်လာကြသည်ဟု ဖော်ပြထားသည်။ မုံရွာမြို့ ပတ်ဝန်းကျင်နှင့် ဧရာဝတီမြစ်ဝှမ်းတလျှောက်တွင် သက်လူမျိုးများ အတည်တကျ နေထိုင်ကြပြီး တကောင်းမြို့ကို ဗဟိုပြုလျက်ရှိသည်။ သက်လူမျိုးတို့သည် ယနေ့ထိတိုင် ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ ကန်တူ၊ ကသာ၊ မြစ်ကြီးနားမြို့နယ်တို့တွင် နေထိုင်လျက် ရှိကြပါသည်။

ချင်းလူမျိုးများသည် မြန်မာပြည်အတွင်းသို့ အေဒီ (၄၀၀-၈၀၀) အကြားတွင် ဝင်ရောက်သည်ဟု ပါမောက္ခ ဂျီအိတ်ချ်လုစ် ကရေးသားထားပါသည်။ သူတို့နေထိုင်ရာဒေသမှ ချင်းတွင်းမြစ် ပတ်ဝန်းကျင်၊ မုံရွာမြို့ အထက်တလျှောက် ဖြစ်ပါသည်။

ဗိုလ်မှူးဘရင်က မြန်မာနိုင်ငံတော်သမိုင်း စာမျက်နှာ (၂၃) တွင် "မြန်မာနိုင်ငံအနောက်ဖက် နယ်နိမိတ်ဖြစ်သော အနောက်ရိုးမတောင်တန်းတလျှောက်တွင် မြောက်ဖက်ရှိ စုံမရတောင်တန်းမှစ၍ တောင်ဖက် နာဂ ရေအငူအထိ၊ အရှေ့ဖက်သို့လားသော် မြစ်သာမြစ်မှ အနောက်ဖက် ဘင်္ဂလားပင်လယ်အော်အထိ ဒေသတစ်ခုလုံးတွင် ချင်းအစုဝင် ဘာသာစကားများကို ပြောသော လူမျိုးများကို အနှံ့အပြား တွေ့နိုင်သည်။ ပခုက္ကူ၊ သရက်၊ ပြည်ခရိုင် မြေပြန့်ဒေသတို့တွင်လည်း ချင်းလူမျိုးအချို့ကို တွေ့ရသေးသည်" ဟု ရေးသားဖော်ပြထားပါသည်။

စီစီလွှစ် (C.C.Lewis) ရေးသားသော The Tribe of Burma ၁၈၉၀ စာအုပ်တွင် "ချင်းတို့သည် ရှေးပဝေသဏီကစ၍ အာရှတိုက်အလယ်ဗဟို ကုန်းပြင်မြင့်ဒေသတွင် နေထိုင်ကြရာမှ တောင်ဖက်သို့ ဆင်းသက်လာကြပြီး ဧရာဝတီမြစ်မှ ဗြဟ္မပုတ္တရမြစ်ဝှမ်းများတွင် ရောက်ရှိနေထိုင်ကြသည်။ ထိုမှတဆင့် တောင်ဖက်သို့ ရွှေ့ပြောင်းလာရင်း မြန်မာနိုင်ငံ၏ အနောက်ဖက်ရှိ တောင်တန်းများအလိုက်ဆင်းသက်လာခဲ့ရာ ဘင်္ဂလားပင်လယ်အော်နှင့် ထိုးထွက်နေသော တောင်ဖက်စွန်း တောင်တန်းများအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြသည်" ဟူ၍လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏အမြင်နှင့် ခံယူချက်စာအုပ်တွင် "ချင်းတို့သည် သံလွင်မြစ်နှင့် ဗြဟ္မပုတ္တရမြစ်အကြားရှိ ရေခဲဖုံးလွှမ်းသော တောင်တန်းများကို ကွေ့ရှောင်ရင်း အနောက်ဖက်ဆီသို့လှည့်ကာ အာသံပြည်ဖက်မှလှည့်၍ မြန်မာပြည်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ချင်းတို့သည် ပထမဆုံး ဝင်ရောက်ခဲ့ခြင်းဖြစ်ရာ ချင်းတွင်းမြစ်ဖျားဒေသမှ တောင်ဖက် ဘင်္ဂလားပင်လယ်အော်ကမ်းခြေအထိ ရောက်လာသော အနောက်ရိုးမတောင်တန်းများကို နေရာယူခဲ့ကြ

သည်” ဟူ၍လည်းကောင်း ရေးသားထားပါသည်။ The Burma Census of 1891 တွင် “ချင်းတို့သည် တောင်ပေါ်နေ မျိုးနွယ်စု များဖြစ်ပြီးတိဗက်-မြန်မာပင်မဘာသာစကားကြီး၏ဒေသသင္ဘာ ရဘာသာစကားမျိုးစုံကို ပြော၍ မိမိတို့အမည်ကို အမျိုးမျိုး မှည့်ခေါ်ကြသူများ ဖြစ်သည်။ မဏိပူရနယ်၊ ကူကီးတို့သည်လည်းကောင်း၊ ဘင်္ဂလားနှင့် အာသံနယ်များတွင် နေထိုင်ကြသော လူရှိုင်းတို့သည်လည်းကောင်း၊ချင်းတို့သည်လည်းကောင်း၊ယခု တိဗက်နိုင်ငံဟု ခေါ်ထားသောဒေသတွင် ရှေးပဝေသဏီက နေထိုင်ခဲ့ကြပြီး ယင်းတို့အားလုံးသည် တစ်မျိုးနွယ်တည်းမှ ပေါက်ဖွားလာကြသည်ဟူသော အယူအဆကို များများလက်ခံနိုင်ဖွယ်ရှိသည်။ ယင်းတို့၏ အုပ်ချုပ်မှုဖွဲ့စည်းပုံ၊ တောင်ယာစိုက်ပျိုးနည်း၊ ဓလေ့ထုံးစံများ၊ အမူအရာ အသွင်အပြင်များ၊ ယုံကြည်ကိုးကွယ်မှု စွဲလန်းမှုများအားလုံးတို့၏ တူညီမှုတို့က ယင်းတို့အားလုံးသည် တစ်မျိုးနွယ်တည်းဖြစ်သည်ဟု သာဓကပြလျက်ရှိသည်” ဟူ၍လည်းကောင်း၊ Burma Hand Book (Simla) 1944 တွင် “တိဗက်-မြန်မာမျိုးနွယ်စုသည် သုံးစုခွဲ၍ လမ်းကြောင်းသုံးကြောင်းဖြင့် တောင်ဖက်သို့ ဆင်းလာခဲ့ရာ ရောဝတီ မြစ်ဖျားခံရာ အရပ်ဒေသများမှ ဖြတ်ကျော်လာကြသည်။ ထိုဒေသမှ ချင်းအမျိုးတို့သည် အနောက်ဖက်တောင်တန်းများသို့ တက်လာခဲ့ကြသည်။ ဆင်းသက်လာသော အစုသုံးစုအနက် အများဆုံးအစုတွင် မြန်မာနှင့် ရှေးမြန်မာများ ပါဝင်သည်။ တောင်ဖက်သို့ ဆက်၍ ဆင်းလာကြရင်း လမ်းခရီးတလျှောက်တွင် အချို့အတည်တကျ စွဲမြဲနေရစ်ကြရာမှ မြန်မာပြည်မြောက်ပိုင်းနေ မျိုးနွယ်စုများ ဖြစ်သွားကြသည်။ ရခိုင်ရိုးမတောင်တန်း၌ နေထိုင်ကြသော ချင်း၊ ဒိုင်းနက်၊ မြို တောင်သားခမီးတို့သည်လည်း တိဗက်-မြန်မာအုပ်စုဝင်များ ဖြစ်ကြသည်။ ချင်း၊ ကချင်နှင့် မျိုးနွယ်ချင်းဆက်စပ်သော နာဂတို့သည် မြန်မာနိုင်ငံ အနောက်မြောက်တောင်တန်းများ၊ ဟူကောင်းတောင်ကြားနှင့် ချင်းတွင်းမြစ် အနောက်ဖက်တွင် နေထိုင်ကြသည်” ဟူ၍လည်း ရေးသားဖော်ပြထားလေသည်။

ချင်းလူမျိုးများ ချင်းတွင်းမြစ်တလျှောက်တွင် နေထိုင်လျက်ရှိသော မြန်မာလူမျိုးများနှင့် သက်လူမျိုးများ၊ ကဒူး၊ မွန်၊ ရှမ်း လူမျိုးများသည် အချင်းချင်း ရန်ဖြစ်တိုက်ခိုက်ခဲ့ကြသည်။ (၁၅) ရာစုနောက်ပိုင်းတွင် ရှမ်းလူမျိုးများနှင့် အင်းဝမြန်မာမင်းဆက်များ စစ်ပွဲခင်း၍ ချင်းတွင်းတဝိုက် အေးချမ်းသာယာရေးကိုလည်း ထိပါးနှောင့်ယှက်လာသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးကို ခုံမင်နှစ်သက်သည့် ချင်းလူမျိုးများသည် ချင်းတွင်းပတ်ဝန်းကျင်မှ အနောက်ဖက်သို့ ရွှေ့ပြောင်းနေထိုင်ကြကာ ကလေးမြို့ ပတ်ဝန်းကျင်တွင် အခြေချနေထိုင်ကြလေသည်။

ထိုအချိန်တွင် ကလေးစော်ဘွားသည် ကလေးမြို့ပတ်လည်ကို ရန်သူများတားဆီးရန် အုတ်တံတိုင်းဖြင့် ကျုံးတည်ဆောက်ခိုင်းလေသည်။ ယင်းအလုပ်ကို မလုပ်လို၍ အချို့မှာ ချင်းတောင်တန်းဒေသသို့ အေးချမ်းလွတ်လပ်စွာ နေထိုင်ရန် ရွှေ့ပြောင်းခဲ့ကြခြင်းဖြစ်သည်။ တဖန် ရေကြည်ရာ မြက်နုရာ အရပ်ကို ရှာဖွေရင်း မုဆိုးသမား တောလိုက်ဝါသနာထုံခဲ့သူများသည် တောလိုက်ရင်း လမ်းပျောက်၍ သော်လည်းကောင်း၊ တောင်ပေါ်ဒေသတွင် အေးချမ်းစွာ နေထိုင်နိုင်သည့်နေရာကို သဘောကျ၍အတည်တကျနေထိုင်ရန် ရွေးချယ်ခြင်းလည်းဖြစ်ပေသည်။ ဤသည်သာမကသေး မြေပြန့်ဒေသတွင် ပူအိုက်ထိုင်းမှိုင်းသော ရာသီဉတုဒဏ်ကို မကြိုက် မနှစ်သက်ကြ၍ ကျန်းမာရေးကောင်းမွန် ညီညွတ်ရာ လေကောင်းလေသန့် ရရှိနိုင်သည့်တောင်တန်းဒေသသို့နေရာအသစ်လိုက်လံရှာဖွေရင်း သဘောကျတပ်မက်၍ ဆက်လက် နေထိုင်ကြခြင်းလည်း ဖြစ်ပါသည်။

ချင်းတောင်တန်းဒေသသို့ ချင်းလူမျိုးများ စတင်ဝင်ရောက်ခြင်းသည် အေဒီ ၁၃၀၀-၁၄၀၀ အကြားကာလတွင် ဖြစ်မည်ဟု ခန့်မှန်းရသည်။ ကလေးမြို့မှတဆင့် အချို့သည် တောင်ဖက်သို့ ဆင်းသက်လာကြရာ မွန္တလေး၊ ပဲခူး၊ မကွေးတိုင်းတို့တွင် အရှိ ချင်း၊ မြေပြန့်ချင်း အမည်ခံကာ ပြန့်ကျဲနေထိုင်ကြသည်။ အချို့သည် ထီးလင်းဖက်မှ ဝင်ရောက်လာကာ မတူပီမြို့နယ် ဖုံတုန်နှင့် မတူနယ်တွင် ကစဲ၊ တီဘော၊ လေိုင်၊ ဖနိုင်၊ ဝေသူး၊ နော်တဲ၊ ထန်ပင်း၊လွှီဇန်းစသည့်ကျေးရွာများအဖြစ်လည်းကောင်း၊အချို့သည်ကား ဂန့်ဂေါဖက်မှလာပြီး မောပီးတောင်တန်းတလျှောက်မှ ဆင်းသက်လာကြကာ ကျုပ်၊ ချန်းပြန်း၊ ဟာလ်သူး၊ အမ်ဆွေး၊ တွီဆစ်၊ ဝလန်ပီး၊ လာလွှီး၊ စံတပ်၊ ဗန်ကိုင်း၊ ပန်တွီး၊ လိန်တွီး စသည့် ကျေးရွာများအဖြစ် နေထိုင်ကြပါသည်။ အချို့သည် ပလက်ဝနယ်အထိ ပြန့်နှံ့နေထိုင်ကြကာ ပင်လယ်ပြင်ကို မဖြတ်ကျော်နိုင်၍ ပြန်လှည့်လာကာ ဆီလေ့၊ မာလာ၊ ထီဘွေး၊ ဒိုင်နမ်း၊

လေဆင်း စသည့် ကျေးရွာများတွင် အခြေချနေထိုင်ကြပြီး နောက် အဆင့်ဆင့် ပြန်လည် ရွှေ့ပြောင်းနေထိုင်ကြပါသည်။

အများအားဖြင့် ချင်းလူမျိုးတို့ အခြေချရာအရပ်တို့တွင် ညောင်ပင်၊ ဇောဓိပင်၊ ညောင်ကိုင်းပင်၊ ညောင်ချဉ်ပင်၊ လက်ပံပင်တို့ကို စိုက်ပျိုးထားလေသည်။ မတူပီနယ်တွင် စတင်အခြေချနေထိုင်ရာအရပ်တို့တွင် တန်ကူရွာအနားရှိ လုံဟန်အိမ်မြေနေရာ၊ ဖနိုင်ရွာနားရှိ လောင်စန်ရေးလ်၊ ဗလန်ပီးရွာနားရှိ လောင်ကောလ်၊ ဟွန်ဒီလ်နှင့် လေဆင်းရွာနားရှိ ပန်ဒွမ်း၊ အောခ်လားအုပ်စုရှိ တင်လောင် အိမ်မြေနေရာတို့သည် နှစ်ပေါင်းကြာရှည်လေပြီးသော အိမ်မြေနေရာများ ဖြစ်ကြပါသည်။

ချင်းအမျိုးသားတို့သည် ယခုချင်းတောင်အပြင်မြန်မာပြည်အနှံ့အပြားတွင်လည်း နေထိုင်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ချင်းမျိုးနွယ်စု အများအပြား နေထိုင်ကြသည်။ ချင်းတောင်တွင် ၉၈% နေထိုင်၍ ရခိုင်ရိုးမဖက်တွင် ၇၅% နေထိုင်လေသည်။ ပုဂံခေတ်ရှေးဟောင်းကျောက်စာများတွင် အနောက်ဖက်ဒေသ တောင်ပေါ်များ၌ နေထိုင်ကြသူတို့ကို "ချင်း" ဟု ရေးထိုးကြသည်ဟု မြန်မာ့စွယ်စုံကျမ်း အတွဲ (၂) တွင် ရေးသားဖော်ပြထားလေသည်။

၁၉၆၆ ခုနှစ် ဟားခါးမြို့တွင် ကျင်းပပြုသော ပြည်ထောင်စုနေ့တွင် "မြန်မာဘာသာဖြင့် ချင်း ဟုခေါ်ဝေါ်သော လိုင်လူမျိုးတို့သည်ကား ချင်းတွင်းမြစ်ဝှမ်းမှ စတင်ကာ မြစ်သာနှင့် မဏိပူရမြစ် ဖြတ်ကျော်လာပြီးနောက် ယခု ဖလမ်းမြို့နယ်ရှိ လိုင်လွှန်ဂူတွင် နေထိုင်ကြလေသည်။ ထိုမှတဖန် ဖိုတလန်၌ နေကြလေသည်။ ထိုမှတဖန် လှန်ရောန် (Thlan Rawn)၊ ၎င်းမှ ဖိုင်လဲန်ယောလ်သို့ ပြောင်းရွှေ့ခဲ့ကြပြီးနောက် ယခု ဟားခါးမြို့နယ်အတွင်း ပျံ့နှံ့ပေသည်" ဟု ရေးသားမှတ်တမ်းတင်ခဲ့လေသည်။

လိုင်လွှန်ဂူသည် ဖလမ်းမြို့မှ အရှေ့ဖက် (၅) မိုင်ခန့်အကွာ ဆွန်တလားရွာ၏ အရှေ့တောင်ဖက် တစ်ဖာလုံခန့်တွင် တည်ရှိသည်။ ၎င်းတွင် ကျောက်ဂူကြီးများ တွေ့ရှိရသည်။ ရှေးဦးစွာရောက်ရှိသူမှာ ထွမ်းခိုင်နှင့် ညီအစ်ကိုများ ဖြစ်ကြပါသည်။ ကလေးမြို့နယ်မှ တောင်ပေါ်သို့ တက်လာရာတွင် မွန်ဦးရွာဟောင်းအထက်နားလုံဆစ်တောင်ကုန်ပေါ်မှလိုင်လွှန်တွင်နတ်များကပြသောမီးလင်းနေသည်ကို တွေ့ရှိရ၍ ထိုမီးရှိရာသို့လိုက်သွားကြသည်။ သူတို့သည် ထိုတောင်ကုန်းပေါ်မှဆင်း၍ မဏိပူရမြစ်ကို ကျော်ဖြတ်ကာ လိုင်လွှန်သို့ ရောက်သွားကြသည်။ ထိုအချိန်တွင် ရှန်ဗာပတ်ဝန်းကျင်၌ လူရှိုင်းနှင့် မှာရ် (Hmar) လူမျိုးများ နေထိုင်ကြသည်။

တီဗန်းအရပ်တွင် ဖိုးလုံးဆိုသူသည် လိုစွမ်ရွာကို တည်ထောင်ခဲ့သည်။ အချို့က လိုင်လွှန်ရောက်ပြီးမှ ပြန်လည်၍ ထိုရွာကိုတည်ထောင်သည်ဟု ဆိုခဲ့ကြသည်။ လိုင်လွှန်မှ ပေါက်ဖွားလာသည်ဟု ယူဆရသော လူမျိုးနွယ်စုများမှာ ဆိမ်၊ ဇာဟောင်၊ ဇာနိယက်၊ လိုင်ဇိုး၊ ဟားခါး၊ ကျင်ဇ၊ ဇာထန်၊ ခဲန်လောသ်၊ လျောန်ချင်း၊ ထန်လုန်း၊ ဆဲန်ထန်၊ လောင်တူ၊ ဇိုဖေ၊ မရာ၊ ခမီး၊ ဆော၊ အနူး၊ ခေါင်စို၊ အာသံနယ်မှ ပွေ၊ ဘင်္ဂလားဒေ့ရှ်မှ စတ်မာ၊ တလန်းလောင် (Tlang Lau)၊ လေတတ် အနွယ်ဝင်များ ဖြစ်ကြသည်။

မည်သို့ပင်ဆိုစေ ချင်းရိုးမသည် ချင်းလူမျိုးများ နေထိုင်ကျက်စားရာ ဘူမိနက်သန်မြေပင် ဖြစ်ပါသည်။ လွတ်လပ်စွာနေထိုင်လို၍ ရွေးချယ်နေခဲ့သော ဘိုးဘွားပိုင်နယ်မြေပင် ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် ကိုယ့်မင်းကိုယ့်ချင်းနှင့် အုပ်ချုပ်နေသော ဒေသလည်း ဖြစ်သည်။ မြေပြန့်ဒေသ အပူဒဏ်ကို မခံနိုင်၊ အမဲလိုက်တောထွက်ရင်း ရေကြည်ရာမြက်နုရာ အေးချမ်းသာယာသည့် သားရဲတိရိစ္ဆာန် ကျေးငှက်မျိုးစုံ ပေါ်များကျက်စားသည့်ဒေသကို တွေ့ရှိရ၍ နေထိုင်အခြေချရခြင်းလည်း ဖြစ်ပါသည်။

သို့သော် နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၈၅ ခုနှစ်မှ ကိုလိုနီကျွန်သပေါက်ဘဝတွင် ချင်းလူမျိုးတို့အား သွတ်သွင်းလို၍ ကျူးကျော်ဝင်ရောက်လာကြသည်။ သူ့ကျွန်မခံလိုသော ချင်းမျိုးချစ်ပုဂ္ဂိုလ်တို့သည် ရရာလေး၊ မြား လက်နက်များစွဲကိုင်ကာ နယ်ချဲ့တိုင်းတပါးသားတို့ကို တော်လှန်ခဲ့လေသည်။ ၁၈၈၇ ခုနှစ် မတ်လတွင် အထက်ချင်းတွင်းခရိုင် အရေးပိုင် ရိုက်စ် (Raikes) သည် ချင်းတောင်တန်းဒေသ တိုးချဲ့အုပ်ချုပ်ရန် ရောက်ရှိလာပြီး ကလေးမြို့ ဘုန်းကြီးကျောင်းတွင် ချင်းအမျိုးသားတို့နှင့် တွေ့ဆုံဆွေးနွေးရာ "မြန်မာနိုင်ငံကို ဗြိတိသျှတို့က သိမ်းပိုက်ပြီးဖြစ်၍ ကလေးဒေသနှင့် ချင်းတောင်တစ်ခုလုံးသည် ဗြိတိသျှလက်



တာရွှန်းမျိုးချစ်ရဲဘော်များ

အောက်သို့ရောက်ရှိပြီးဖြစ်ကြောင်း၊ ယခုငင်းတို့အသစ်ခန့်ထားသော ကလေးစော်ဘွား ဦးပါကြီးကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ဆန့်ကျင်မှု တစုံတရာပြုလုပ်လျှင် ချင်းတောင်ကို ဗြိတိသျှတပ်များ စေလွှတ်၍ နှိမ်နင်းမည်ဖြစ်ကြောင်း အထက်ချင်းတွင်းခရိုင်နှင့် အိန္ဒိယ-စစ်တကောင်းဒေသသို့ ချင်းတောင်ကိုဖြတ်၍ တိုက်ရိုက် လမ်းဖွင့်မည်ဖြစ်ကြောင်း၊ ချင်းအမျိုးသားများကလိုအပ်သောအလုပ်သမားနှင့်ရိက္ခာများကိုပေးကြရမည်ဖြစ်ကြောင်း” ဟု ပြောကြားပေရာ ထွန်းစံက ချက်ချင်းထရပ်ပြီး “မည်သို့ပင်ဖြစ်စေ ဗြိတိသျှတပ်များ ချင်းတို့၏ လေသာတောင်ကို ဖြတ်ကျော်ခြင်းမခံနိုင်” ဟု ရဲရဲတောက်တောက် ချေပငြင်းဆန်လိုက်လေသည်။

ထို့နောက်တာရွှန်းချင်းခေါင်းဆောင်ဗိုလ်ကြီးကြွန်ဘိခ်နှင့် တွေ့ရန် အင်းဒင်ရွာသို့ ရောက်ရှိလာကာ ဆက်သားစေလွှတ်လေသည်။ “ငါသည် အင်းဒင်ရွာသို့ မလာနိုင်။ ငါ့ကို တွေ့လိုပါက ချင်းတောင်ခြေရှိ စီဟောင်ရွာသို့ လာပါ” ဟု အကြောင်းပြန်ကြားလိုက်သည်။ ထို့ကြောင်း ကပ္ပတိန်ရိုက် သည် စစ်သား (၃၀၀) နှင့် အမြောက်လက်နက်များပါ ယူဆောင်၍ စီဟောင်ရွာသို့သွားပြီး အကျိုးအကြောင်းမေးလိုက်ရာ ဗိုလ်ကြွန်ဘိခ်က “ဗြိတိသျှများသည် မိမိတို့ တာရွှန်းအမျိုးသားတို့နယ်သို့ ရောက်လာလျှင် အလွန်မိုက်မဲရာကျမည်ဖြစ်ပြီး မိမိအနေဖြင့်လည်း ဗြိတိသျှတို့၏ လုံခြုံမှုကို အာမမခံနိုင်ကြောင်း” ရဲဝံ့စွာ ဖြေကြားလေသည်။ ဗိုလ်ကြွန်ဘိခ်သည် ဗိုလ်တုတ်၊ ဗိုလ်သာဒွန်းနှင့်တွဲပြီး နယ်ချဲ့သမားတို့ကို တိုက်ထုတ်လေသည်။ ၁၈၈၈ ဒီဇင်ဘာလတွင် ဂျင်နရယ်ဂျော့ဝှိုက် ဦးဆောင်သော စစ်သားများသည် ကံပုလဲ၌ တပ်စွဲလေသည်။ ချင်းတောင်အုပ်ချုပ်ရေးအတွက် ကလေးမြို့မှ ချင်းတောင်ကို လမ်းဖောက်စေသည်။ သူတို့၏ အကြံအစည်ကို သိရှိသော ဗိုလ်ခုတ်ပေါင်း၊ ဗိုလ်ခေါ်ကျင်တို့က ဦးဆောင်၍ နယ်ချဲ့အင်္ဂလိပ်တို့ကို ဘုံရန်သူအဖြစ် ထားရှိရန် နွားနောက်နစ်ကောင်သတ်ကာ သစ္စာဆိုကြလေသည်။ ဆီယင်းနယ်သားများကို ဗိုလ်ခိုင်ကမ်း၊ ကမ်ဟောင် နယ်သားများကို ဗိုလ်ခေါ်ကျင်းမှ ဦးဆောင်၍ ကျန်တပ်သားများကိုကား ဗိုလ်တွန်ဇန်မှ ဦးဆောင်ပြီး ဖက်ယမ်းရွာအနီးရှိ လေဆဲန်ရွာအနီးတွင် တိုက်ပွဲဖြစ်ပွားရာ လက်နက်လူသူအင်အား မမျှတ၍ ချင်းအမျိုးသားတို့ တိုက်ပွဲရှုံးခဲ့လေသည်။

ထို့နောက်တွင်ကား ဆီယန်း၊ မွှာလ်ဘဲမ်၊ တီးတိန်ရွာတို့ကို မီးရှို့ပေးလေသည်။ ကမ်ဟောက်နယ်ကို သိမ်းယူပြီးနောက်တွင် ထုတ်လိုင်ရွာ၌ ဌာနချုပ် ဖွင့်လှစ်ထားလေသည်။ နယ်ချဲ့သမားတို့ကို တိုက်ထုတ်ရန် ပြန်စီစဉ်ရာ ရှာလုမ်းခံတပ်ကို တည်ဆောက်ထားပြီး တိုက်ပွဲဖြစ်ပွားရာ ချင်းမျိုးချစ်ပုဂ္ဂိုလ်ထူး (၂၇) ဦး ကျဆုံးလေသည်။

တဖန် ဗိုလ်ဆိုင်မွန် ဦးဆောင်သော စစ်ကြောင်းနှစ်ကြောင်းသည် ချင်းတောင်သို့ ချီတက်လာပြီး ချင်းအမျိုးသားတို့နှင့် တိုက်ပွဲဖြစ်ပွားရာ နယ်ချဲ့ဖက်မှ အရာရှိ (၃) ဦး၊ တပ်သား (၂၀၇) ဦး ကျဆုံးခဲ့လေသည်။ ဖို့ဝိုက်တဝိုက်တွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသေးသည်။ သို့သော် လူသူအင်အားနည်းပါး၊ လူအင်အား မမျှတ၊ တစ်နေရာတည်းမှ တော်လှန်တိုက်ခိုက်ခြင်း မပာတ်၍ ချင်းအမျိုးသားများကား စစ်ရှုံးခဲ့လေသည်။



ရှာလုပ်ခံတပ်

ရှာလုပ်ခံတပ် ကျဆုံးပြီးနောက်တွင်ကား တာရွှန်၊ ဖလမ်း၊ ဟားခါးနယ်တို့ကို သူတို့လက်အောက်တွင် ထားရှိခဲ့လေသည်။ ဗိုလ်ခိုင်ကမ်းသည် (၆) နှစ် တောခိုရာမှ ဆွေမျိုးသားချင်းများကို ငဲ့ညှာ၍ လက်နက်ချ အလင်းဝင်လာလေပြီ။ ဦးမန်လုန် သည်လည်း အကြောင်းထူးမည်မဟုတ်ဟုဆိုပြီး နွားနောက် တစ်ကောင်သတ်၍ နယ်ချဲ့တို့နှင့် ချစ်ကြည်ရေးပြုလုပ်ကာ အင်္ဂလိပ်တို့သည် အထူး ဝမ်းသာကြည်နူးစွာဖြင့် ငွေဓါး တစ်လက်၊ နာမည်ကောင်းလက်မှတ်တစ်စောင်ကိုပါ ချီးမြှင့်ဂုဏ်ပြုခဲ့သည်။ ဦးပေါင်ခိုင်(ဘွေမန်)၊ ကမ်လန်(ထုတ်လိုင်)၊ ခုပ်ပေါင်(ခွာဆတ်) တို့ကလည်း နွားနောက် တစ်ကောင်သတ်ကာ နယ်ချဲ့တို့နှင့် ချစ်ကြည်ရေး ပြုလုပ်ခဲ့လေသည်။ ထန်တလန်နယ်စားကြီး ဗိုလ်လာလ်လွေးကလည်း နယ်ချဲ့အစိုးရကို တိုက်ထုတ်ရန် လူသူ၊ လက်နက်စုရုံးပြီး ဘွေနူးမြစ်တဖက်ကမ်း မတူပီနယ်တွင် သွားရောက် နေထိုင်လေသည်။ သူလာရောက် လက်နက်ချခြင်း မပြုပါက တစ်ရွာလုံးအပြင် မိမိလက်အောက်ခံ ကျေးရွာများ အားလုံးကိုပါ ဖျက်ဆီးပစ်မည်၊ ဗိုလ်လာလ်လွေးနှင့် ဦးအာဆိုင်ပိုင်ဆိုင်သော ဥစ္စာအားလုံးကိုလည်း သိမ်းပိုက်မည့်အပြင် သားမယားဆွေမျိုးအားလုံးကို တစ်ယောက်မကျန် သတ်ပစ်မည်ဟု အမိန့်ထုတ်ထားသဖြင့် ရွာသားများသည် သွားရောက်ရှာဖွေကာ ချောမောတောင်းပန်ရာမှ ညီအစ်ကိုများ တွေ့ကြုံခံစားမည့်အရေးကိုတွေး၍ ဗိုလ်လာလ်လွေးသည် လက်နက်အလက်ပေါင်း ၁၀၀ ကျော်နှင့် မိမိတပ်သားများနှင့်အတူ ဟားခါးသို့ လာကြလေသည်။ သူ့အား နှစ်လုံးပြူးသေနတ် တစ်လက်၊ ငွေဓါးတစ်လက်နှင့် နာမည်ကောင်းလက်မှတ် တစ်စောင်တို့ကို လက်ဆောင်အဖြစ် ပေးအပ် ချီးမြှင့်ပြီးနောက် ထန်တလန်နယ်စားအဖြစ် ခန့်ထားလေသည်။ ထိုဂုဏ်ပြုမှတ်တမ်းလွှာတွင် -

Present to Lal Lwe,
Chief of Thantlang,
Chin Hills

Lallwe, the most influential of the Thantlang Chin chief, surrender in 1893, rendered good service to the administration. It was he to his influence that the Thantlang peacefully surrendered their guns in 1894. In recongnition of the service the Chief Commissioners pleased to present Lallwe with a silver mounted 'do' and this certificate.

Chief Commissioner,
Burma, Hakha
The 4th March, 1896

တိုက်ရည်ခိုက်ရည် ပြောင်မြောက်သော ဤနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲသည် နယ်ချဲ့တို့အား အထိနာစေခဲ့သည်။ ဆာဂျော့ဝိုက်ကကော်မရှင်နာထံအစီရင်ခံရာတွင် "ကျွန်ုပ်တိုက်ရသော တိုက်ပွဲများအနက် လေသာတောင်တိုက်ပွဲသည် ရန်သူကိုပစ်ရန် မဆိုထားဘိ၊ မြင်ရန်ပင် ခက်ခဲလှသော တိုက်ပွဲဖြစ်သည်"ဟူ၍ရေးသားဖော်ပြခဲ့သည်။ အခဲမကျေနိုင်သောနယ်ချဲ့တို့သည် ချင်းလူမျိုးတို့အား အမျိုးမျိုး နှိပ်ကွပ်ခဲ့သည်။ လက်နက်များ သိမ်းဆည်းခဲ့ကြသည်။ မြို့၊ ရွာ၊ စပါးကျီများကို မီးရှို့ပေးသည်။ ၁၉၂၇ ခုနှစ်တွင် မတူပီရွာမကြီးကို မီးရှို့ဖျက်ဆီးခဲ့သည်။

ချင်းအမျိုးသားများ စစ်ရှုံးခဲ့ရသော်လည်း ၎င်းတို့၏ စစ်စွမ်းရည် ထက်မြက်မှုကိုကား နယ်ချဲ့တို့ကပင် အလွန်ချီးကျူးခဲ့လေသည်။ လူကို နိုင်သော်လည်း စိတ်ဓါတ်ကိုကား မဖြိုခွဲနိုင်ခဲ့ပေ။ ၁၈၉၂ တွင် ဟားခါး၊ ဖလမ်း၊ တီးတိန် သုံးနယ်ပေါင်း၍ ချင်းတောင်တန်းဟု ခေါ်တွင်ပြီး နိုင်ငံရေးအရာရှိ မေဂျာဘရောနီ (Broune) ကို ဖလမ်းမြို့၌ ထားရှိကာ အုပ်ချုပ်စေခဲ့သော်လည်း ထင်သလို အကြံမအောင်မြင်ချေ။ ၁၈၉၄-၉၅ ခုနစ်ရောက်မှသာ ထကြွပုန်ကန်သူများ အနည်းငယ် ငြိမ်သက်လာပြီး ၁၈၉၆ ခုနစ် တွင် ချင်းတောင်တန်းအက်ဥပဒေ ရေးဆွဲပြီး မြန်မာနိုင်ငံအပါ အဝင် ခရိုင်တစ်ခုအဖြစ် ကြေညာကာ အုပ်ချုပ်ခဲ့သည်။

သို့သော်လည်း မြန်မာပြည်ပကြီးကို အုပ်ချုပ်သော ဥပဒေ စည်းမျဉ်းများအရ မအုပ်ချုပ်ဘဲ ဥပဒေစည်းမျဉ်းများဖြင့်သာ ချင်းတောင်ကို အုပ်ချုပ်ခဲ့လေသည်။ ဤသည်မှာ ချင်းလူမျိုးတို့၏ လွတ်လပ်စွာ သီးခြားရပ်တည်ခဲ့မှုကို အသိအမှတ်ပြုခြင်းသာ ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ ပြင်သစ်ပြည်သို့ ဝန်ထမ်းတပ်အဖြစ် လူအင်အား ၁၆၀၀ ကျော် ခေါ်ဆောင်မည့် အရေးကို ချင်းအမျိုးသားတို့က ငြင်းဆန် ပုန်ကန်ခဲ့ကြသည်။ ယင်းကို ဗြိတိသျှတို့၏ မှတ်တမ်းများတွင် "ဟားခါးတပ်တွင်း ပုန်ကန်မှု"ဟုခေါ်သည်။ သူတို့အား ပုန်ကန်သော ချင်းမျိုးချစ်ပုဂ္ဂိုလ်တို့အား ပြည်တွင်းပြည်ပသို့ပင် ပို့၍ တသက်တကျွန်း ဒဏ်ပေးခဲ့သည်။ ဟားခါးမြို့တော်ရှိတော်လှန်ရေးရေကန်နှင့် ဝမ္မသူးမောင်အားကစားကွင်း၊ ဟောက်ဖုံချောင်းတို့ကို မြေဖုတ်တူးဖော်စေခဲ့သည်။ အခမဲ့ လမ်းဖောက် ကူလီထမ်းစေခဲ့သည်။

၁၉၃၃ မတ်လတွင် သခင်ဝမ္မသူးမောင် ခေါင်းဆောင်သော ချင်းအမျိုးသားတို့သည် ဗြိတိသျှတို့အား နိုင်ငံရေးအားဖြင့် စည်းလုံးညီညွတ်စွာ ပြန်လည်တိုက်ခိုက်နိုင်ရန်အတွက် ကန်ပလက်နယ်၊ မသုံနူးရွာတွင် "ချင်းအမျိုးသားများ စည်းလုံးညီညွတ်ရေးအဖွဲ့" ကို ဖွဲ့စည်းခဲ့သည်။ ၁၉၃၄ စက်တင်ဘာလတွင် ယောချောင်းနယ် ဝရဲရွာတွင် ထိုအဖွဲ့၏ ပထမဆုံးညီလာခံ ခေါ်ကာ လုပ်ငန်း ပိုမို ထိရောက်အောင်မြင်ရေးအတွက် ရေနံချောင်းမှ ဦးဘသီ၊ ပခုက္ကူမြို့မှ ဦးဘသိန်း၊ ဦးမျိုးညွန့်၊ သခင်အံကြီး စသည်တို့နှင့် ဆက်သွယ်ခဲ့လေသည်။ ထို့နောက် ဦးအွမ်နိမ်၊ ဦးထန်းတမ်တို့ကို ရန်ကုန်သို့ ကိုယ်စားလှယ်အဖြစ် စေလွှတ်ပြီး ဦးကီးမန်းနှင့် ဦးဝမ္မသူးမောင်တို့ပါ ကိုယ်စားလှယ်အဖြစ် လိုက်ပါခဲ့ကြသည်။ ချင်းတောင်ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်အရေးနှင့် ပတ်သက်၍ ဗဟိုအစိုးရထံ အရေးဆိုကြစဉ် ဦးကီးမန်းနှင့် သခင်အောင်ညွန့်တို့ အဖမ်းခံရပြန်ရာ လူထုအားဖြင့် အရေးဆိုခဲ့ကြရာမှ ပြန်လွှတ်မြောက်ခဲ့ကြသည်။

၁၉၃၈ ဖေဖော်ဝါရီ (၂၀) ရက်နေ့တွင် ကန်ပက်လက်မြို့၌ ချင်းအမျိုးသားများ၏ တောင်းဆိုချက် (၉) ချက်ကို ဆွေးနွေးရာ မကွေးတိုင်းမင်းကြီး မက်ဘာရီတင်က အဓိကအချက်ကြီး (၇) ချက်ကို လုံးဝ မဖြစ်နိုင်ကြောင်း ခါးသီးစွာ ငြင်းပယ်ခြင်းကြောင့် ချင်းအမျိုးသားထုက လက်သီးလက်မောင်းဆန့်တန်း၍ မခံဘူး၊ မခံဘူး၊ နယ်ချဲ့အစိုးရအလိုမရှိ၊ ထွက်သွားဟု ရုတ်တရက် ကြွေးကြော်ဆန္ဒပြကာ ရွာသူကြီး ၂၆ ဦးတို့ကလည်း နယ်ချဲ့အစိုးရက ပေးအပ်ထားသော ခန့်စာများကို ပြန်လည်ပေးအပ်လိုက်ရာ နယ်ချဲ့အစိုးရတို့မှာ မနေရဲကြတော့ဘဲ ညတွင်းချင်း ဆောမြို့သို့ ထွက်ပြေးခဲ့ကြသည်။

၁၉၃၉ တွင် ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာခံရပြီး ခေါင်းဆောင် ၁၁၆ ဦးအား ပုဒ်မ (၁၁၄) ဖြင့် လိုက်လံ ဖမ်းဆီးပေတော့သည်။ အချို့ကို နယ်နှင်ဒဏ်ပေးပြီး ပုန်ကန်သည့် တော်လှန်ရေးသမားများအား ဖမ်းဆီးကာ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မြင်းခြံထောင် စသည်များတွင် ချုပ်နှောင်ထားခဲ့သည်။ ဦးဝမ္မသူးမောင်နှင့်အဖွဲ့သည် မကြာခဏ အစာငတ်ခံ ဆန္ဒပြခြင်းကြောင့် ကသာထောင်တွင် ချုပ်နှောင်ထားခိုက်တွင် ဖက်တစ်ဂျပန်က ကသာမြို့ကို ဗုံးကြဲတိုက်ခိုက်ရာမှ ထောင်ပေါက်၍ ပြန်လွတ်မြောက်လာခဲ့ကြပါသည်။

ကိုလိုနီခေတ်တွင် အန္တိယနှင့် မြန်မာပြည်ရှိ မရာလူမျိုးများသည် အင်္ဂလိပ်ခရစ်ယာန် သာသနာပြုဆရာကြီး (R.A Lorrain) ၏သာသနာနယ်အတွင်းပါဝင်နေကြသည်။ သူသည်ကား ၁၉၀၆ တွင် မီဇိုရမ်ပြည်နယ် ဆိုင်းဟားခရိုင်၊ ဆဲရ်ကောရ်ရွာတွင် စတင်အခြေချ ရောက်ရှိလာသည်။ သူက ယခု ထန်တလန်နယ်ရှိ ကြောင်ထီးယားရွာအထိ ငါ၏ သာသနာပိုင်နယ်မြေဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ၁၉၃၈ ခုနစ် မေလ (၁၈) တွင် ချင်းတောင်အရေးပိုင် ထွမ်ဆင်၊ ကာနယ်ဘန်းမှ အိန္ဒိယနှင့် မြန်မာပြည်ရှိ

ခရစ်ယာန်သာသနာနယ်မြေ ခွဲဝေသတ်မှတ်ပေးရန် ဖိတ်ခေါ်၍ ချင်းတောင်မှ ဒေါက်တာဟားဘတ်ခုပ်၊ စီယူ စထရိတ် (C.U Straith)၊ အာရ်အေလောရိန်း၊ ဖော့ဆောလ်တို့ တက်ရောက်ကြပြီး ဇဖိုင်ပီးရွာနားရှိ ဘွေနူးမြစ် ပါကုတီလီနေရာ၌ အစည်းအဝေးကြီးပြုလုပ်ပြီး ကြာရှည်စွာဆွေးနွေးပြီးမှ မြန်မာပြည်ရှိ ယခုထန်တလန်မှအပ မတူပီ၊ပလက်ဝနယ်မြေတို့မှအားR.ALorrain ၏ သာသနာနယ်မြေတွင် ပါဝင်ပြီး ၁၉၄၈ ခုနှစ်အထိ ရပ်တည်ခဲ့ပေသည်။ ဤအစည်းအဝေးမှအပြန် ဒေါက်တာဟားဘတ်ဂုတ်သည် ရုတ်တရက် ဖျားနာ၍ ဟားခါးမြို့တွင် ၁၉၃၈ ဖွန်လ (၁၁) ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကာ ကြွင်းကျန်သော ရုပ်ကလပ်အား သူ၏အဆွေတော် သာသနာပြုဆရာကြီး အာသာကာဆင်းသ်ချိုင်းဂူနားတွင် မြေမြှုပ်သဂြိုလ်ခဲ့လေသည်။

တစ်ပူပေါ်နှစ်ပူဆင့် ဆိုရိုးစကားအတိုင်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်ဂျပန်တို့၏ စိုးမိုးအုပ်ချုပ်ခြင်းကို ခံရပြန်သည်။ ချင်းတောင်ရောက်ဖက်ဆစ်ဂျပန်တို့သည် အင်ဖားတိုက်ပွဲတွင် ခံကတုတ်၊ ကျင်းများ တူးစေသည်။ မိန်းကလေးများကို မုဒိန်းကျင့်ခဲ့သည်။ မြို့၊ ရွာစပါးကျီများမီးရှို့ပစ်သည်။ ထို့ကြောင့် ကျားထက်ဆိုးသော ဖက်ဆစ်တို့အား မောင်းထုတ်နိုင်ရန် အတွက် ချင်းလဲဗီးတပ်ကို ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီနယ်များတွင် ဖွဲ့စည်းခဲ့ပါသည်။ နယ်ချဲ့တို့သည် ချင်းလဲဗီးယားတပ်များအား ဂျပန်ခုခံရေးတွင် အသုံးချခဲ့ကြသည်။

ဂျပန်ခေတ်ကာလ မတရားသတ်ဖြတ်၊ နှိပ်စက်ညှင်းပန်းမှု တစတစများလာပြီးအုပ်ချုပ်မှုလည်းလျော့ရဲလာသည်။ အဆိုပါ မတရားမှုများကို တရားနည်းလမ်းမှန်အတိုင်း ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် စစ်ဖက်နယ်ဖက် ကွပ်ကဲအုပ်ချုပ်ရန် တီးတိန်မြို့တွင် ချင်းအမျိုးသားကောင်စီကို ဒေါက်တာဝမ်ကိုဟော၊ ဆရာကြီးဆွမ်မန်း၊ ဆရာကြီးပေါ်ဇကမ်း၊ ဆရာကြီးဝုလ်ဇထန်၊ ဆရာကြီးငင်ခိုထန်၊ ဦးလွန်ပုမ် တို့မှလည်းကောင်း၊ မင်းတပ်မြို့တွင် သခင်ဝမ္မသူးမောင်၊ သခင်အောင်ညွန့်၊ သခင်အောင်မင်း၊ သခင်ဗမော်၊ ဗိုလ်ဝမ္မသူးဟန်ရှိန်တို့မှလည်းကောင်း ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါသည်။ တဖန် ချင်းလွတ်မြောက်ရေး တပ်ဖွဲ့ကို ဗိုလ်ငိုကျင်ပေါ်၊ ဗိုလ်ဇာဂျက်၊ ဗိုလ်ထာလုံး ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့သည်။ ဗိုလ်နိုင်လင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တွဲပြီးတိုင်း(၇)ဗိုလ်မှူးအောင်နှင့်ဆက်သွယ်ကာဘီအိုင်အေတွင် ချင်းရဲဘော် ၄၄၀ ကျော် သွင်းခဲ့သည်။ သခင်ဝမ္မသူးမောင်သည်လည်း ချင်းတောင်ယာယီအုပ်ချုပ်ရေးအဖွဲ့တွင် တာဝန်ယူ၍ အရေးတော်ပုံ တပ်သားသစ်စုဆောင်းခြင်း၊ စစ်သင်တန်းများ ပေးခြင်းများ ဆောင်ရွက်လေသည်။

ဖက်ဆစ်တို့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်ပြီးနောက်တွင် နယ်ချဲ့သမားတို့ ပြန်ဝင်လာပြီး မြေပြန့်ဒေသကို လွတ်လပ်ရေးပေးချင်သော်လည်း တောင်တန်းဒေသကို မတိုးတက်သေးဟုအကြောင်းပြကာ လွတ်လပ်ရေး မပေးချင်ကြချေ။ တောင်တန်းဒေသမပါသော် လွတ်လပ်ရေးသည် ဆားမပါသောဟင်းဖြစ်သည်ဟု မျိုးချစ်အာဇာနည်ပုဂ္ဂိုလ် ဗိုလ်ချုပ်အောင်ဆန်း ကဆိုသည်။ တောင်တန်းပြည်မ အတူတကွ လွတ်လပ်ရေးရယူရေးအတွက် ဝိုင်းဝန်း သဘောတူထောက်ခံကြရန် ဦးဘဆိုင်၊ သခင်ဝမ္မသူးမောင်တို့ကို စည်းရုံးခဲ့ရာ ချင်းအမျိုးသားများကလည်း လိုက်လှဲစွာ ကြိုဆိုထောက်ခံကြပြီး လွတ်လပ်ရေးရယူရေးကို ချင်းလူထုအားလုံးက သဘောတူ ထောက်ခံကြရန်အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စည်းရုံးရေးကော်မတီတွင် ဗိုလ်အွှန်ဝင်းက ခေါင်းဆောင်ပြီး ဦးထန်ငို (တီးတိန်)၊ ဦးခွါမန်း (ဖလမ်း)၊ ဦးရာလ်မှုန် (ဖလမ်း)၊ ဦးလျန်ထုမ် (ဟားခါး)၊ သီရိပျံချီ ဦးဆန်နိမ် (မတူပီ) တို့ပါဝင်ကြပြီး လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းကြရာတွင် ပါဝင်ခဲ့ကြသော စည်းရုံးရေးကော်မတီဝင်များသည် မိမိနယ်မြေအလိုက်၊ ဒေသအလိုက် ကွင်းဆင်းလျက်ပြည်သူလူထုနှင့်တွေ့ဆုံပြီးမြန်မာပြည်ကိုလုံးဝ လွတ်လပ်သော လွတ်လပ်ရေး ရရှိရေးအတွက် အပြည့်အဝ ထောက်ခံကြရန် စည်းရုံးလှုပ်ရှားခဲ့ပါသည်။

လွတ်လပ်ရေး ရရှိရေးအတွက် စည်းရုံးလှုပ်ရှားမှုဖြင့် မပြီးသေးဘဲ လွတ်လပ်ရေးရရှိသောအခါ ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်ဖြစ်သည့် တိုက်သူကြီးများ အုပ်ချုပ်သောစနစ် ဖျက်သိမ်းပြီး သီးစားခကိုပါ ဖျက်သိမ်းရန်နှင့် လူထုကိုယ်စားလှယ် ပါဝင်သော တိုက်နယ်ကောင်စီစနစ်ဖြင့် အုပ်ချုပ်ရန် စည်းရုံးလှုပ်ရှားခဲ့ကြသည်။ ထို့အပြင် ရခိုင်တိုင်းတွင် ပါဝင်သော ပလက်ဝနယ်ကို ချင်းတောင်တန်းဒေသသို့ သိမ်းသွင်းရန်ကိုလည်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် သခင်ဝမ္မသူးမောင်၊ သခင်

အောင်မင်း ဦးဆောင်သည့် ချင်းတောင် ဖဆပလ အဖွဲ့ကို စည်းရုံးဖွဲ့စည်းခဲ့လေသည်။ နယ်ချဲ့ဖက်ဆစ်တို့အား မောင်းထုတ်နိုင်ရန်အတွက် ချင်းလူငယ်များ စစ်သင်တန်းပေးပြီး ရန်ကုန်မြို့ ပြည်သူ့ရဲဘော်ဌာနချုပ်တွင် ရိက္ခာမှူးအဖြစ် သခင်ဝမ္မသူးမောင်မှ ဆောင်ရွက်ခဲ့လေသည်။ ထိုနှစ် ဒီဇင်ဘာလတွင် သခင်ဝမ္မသူးမောင်၊ ဦးလိန်းဇေတို့သည် ဒေါ်သိန်းရီ၊ ဒေါ်သိန်းလှတို့အား ရန်ကုန်သို့ ခေါ်ဆောင်သွား၍ ဖဆပလ ဒုတိယဥက္ကဋ္ဌ သခင်နု၊ ဒေါ်နန်းတို့နှင့် ချစ်ကြည်စွာ ဆွေးနွေးခဲ့ကြသည်။

၁၉၄၇ဖေဖော်ဝါရီလ(၇)တွင်ပြုလုပ်သည့်တောင်ပေါ်သားများ ညီညွတ်သည့် ဦးစီးအဖွဲ့ ဖွဲ့စည်းရာတွင်လည်းကောင်း၊ ဖေဖော်ဝါရီလ (၁၂) ပင်လုံစာချုပ် ချုပ်ဆိုရာတွင်လည်းကောင်း၊ ချင်းအမျိုးသားများကိုယ်စားလှယ် ဦးကီယိုမန်း၊ ဦးလှူရ်မှုန်၊ ဦးထောင်ဇခုပ်တို့သည်လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုညီလာခံ၌ဒေါက်တာဝမ်ကိုဟော၊အခြားချင်းကိုယ်စားလှယ်များက ချင်းတောင်တန်းအတွက် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးတို့အတွက် အကူအညီများ ရရှိရေး၊ ဗြိတိသျှခေတ်ကာလထက် ဘဏ္ဍာရေးအကူအညီများ ပိုမိုရရှိရေး၊ ချင်းသေနတ်ကိုင်တပ်ရင်းများ ဆက်လက် တည်တံ့ရေးတို့ကို အဓိကထား၍ တောင်းဆိုခဲ့သည်။

ထို့ကြောင့် တောင်တန်းပြည်မ တရားဝင် ပူးပေါင်းပြီးကြောင်း အသိအမှတ်ပြုကာ သခင်ဝမ္မသူးမောင်၊ ဦးဇာဟူး၊ ဆရာကြီး လျန်ကာရ်တို့၏ ဦးဆောင်မှုဖြင့် ၁၉၄၇ ခုနှစ်၊ မတ်လ (၃-၅) ရက်နေ့အထိ ထီးလင်းမြို့တွင်း ချင်း-ဗမာ ချစ်ကြည်ရေး ညီလာခံကျင်းပကာ ဝန်ကြီး ဒီးဒုတ်ဦးဘချို တက်ရောက်ပြီး မိန့်ခွန်းမြွက်ကြားခဲ့လေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် ၁၉၄၈ ဇန်နဝါရီ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ်သို့ ရောက်ရှိသောအခါချင်းတောင်တန်းဒေသများသည်ချင်းဝိသေသတိုင်းဟူသော အုပ်ချုပ်ရေး အဆင့်အတန်းအဖြစ်သို့ တိုးမြှင့်လေသည်။ ဤအချိန်မှစ၍ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံကို သမ္မတစနစ်ဖြင့် ဖွဲ့စည်းအုပ်ချုပ်လေသည်။ အုပ်ချုပ်ရေးတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ရှိသည်။ ချင်းဝိသေသတိုင်းမှ ပြည်ထောင်စုပါလီမန် လူမျိုးစုလွှတ်တော်သို့ အမတ် (၈) ဦး၊ ပြည်သူ့လွှတ်တော်သို့ အမတ် (၆) ဦး ရွေးကောက်တင်မြှောက်ရသည်။

ထိုစဉ်ကဟားခါး၊ဖလမ်း၊တီးတိန်၊ကန်ပက်လက်၊ပလက်ဝဟူသည့် မြို့နယ်တို့သာ ရှိနေသေးသည်။ ချင်းဝိသေသတိုင်းကို စီမံအုပ်ချုပ်ရန်အတွက် ပါလီမန်ရှိ ချင်းအမျိုးသားကိုယ်စားလှယ်အမတ်အားလုံးတို့ပါဝင်သော ချင်းရေးရာကောင်စီတစ်ခုကို ဖွဲ့စည်းထားရှိသည်။ ချင်းရေးရာဝန်ကြီးသည် ချင်းရေးရာကောင်စီ၏ အကြံပေးချက်၊ ကူညီချက်များအရ ချင်းဝိသေသတိုင်း၏ ပညာရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို စီမံခန့်ခွဲရသည်။ တဖန် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၈) အပိုဒ် (၁၉၇) အရ ချင်းရေးရာဝန်ကြီးနှင့် ချင်းရေးရာကောင်စီသည် လွတ်လပ်စွာ ချင်းဝိသေသတိုင်းအတွင်းရှိ ကိစ္စအဝဝကို စီမံဆောင်ရွက်ခွင့် ပြုထားသည်။ ချင်းအမျိုးသားအချို့ကိုလည်း နယ်ပိုင်၊ ခရိုင်ဝန်၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ သံအမတ်ကြီးစသော နိုင်ငံတော်ဝန်ထမ်းရာထူးကြီးများကို ပေးအပ် ထမ်းဆောင်စေလေသည်။



၁၉၄၈ခုနှစ်နောက်ပိုင်းတွင် အုပ်ချုပ်ရေးနယ်ပယ်ကိုလည်း ထပ်မံ တိုးချဲ့ခွဲခြားလာသည်ကို တွေ့ရသည်။ ချင်းတောင်ကို မြောက်ပိုင်း၊ တောင်ပိုင်းခရိုင်ဟုခွဲပြီး ခရိုင်ဝန်၏ အုပ်ချုပ်မှုအောက်၌ထားရှိသည်။ မြောက်ပိုင်း ချင်းတောင်ခရိုင်ကို ဖလမ်းခရိုင်ဟုခေါ်၍ ခရိုင်ဝန်ရုံးစိုက်ရာသည် ဖလမ်းမြို့ဖြစ်ပြီး၊ တောင်ပိုင်းချင်းတောင်ခရိုင်ကို ကန်ပက်လက်မြို့တွင် ရုံးစိုက်သည်။ ဖလမ်းခရိုင်လက်အောက်တွင် ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့တို့

ပါဝင်ပြီး ကန်ပက်လက် ခရိုင်ဝန်အောက်တွင် ကန်ပက်လက်၊ မတူပီ၊ ပလက်ဝ ဟူ၍ခွဲပြီး နယ်ပိုင်ဝန်ထောက်က အုပ်ချုပ်သည်။ နယ်ပိုင်များသည် အရေးပိုင်ထံသို့ အစီရင်ခံပြီး အရေးပိုင်က တိုင်းမင်းကြီးကို အစီရင်ခံရသည်။ တိုင်းမင်းကြီးရုံးကို ဖလမ်း၌ ထားရှိသည်။ ယခင်ကမူ ချင်းတောင်တွင် တိုင်းမင်းကြီးမရှိဘဲ မကွေးတိုင်းမင်းကြီးက တိုက်ရိုက်ကြိုးကိုင်ခဲ့သည်။

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ထိုစဉ်က အုပ်ချုပ်ရေးအရာရှိကပင် ပူးတွဲ ထမ်းဆောင်ခဲ့ရသည်။ တိုင်းမင်းကြီးသည် ချင်းဝိသေသတိုင်း၏ ခရိုင်နှင့် စက်ရှင်စာရေးသူကြီး အာဏာများကို အပ်နှင်းပြီး ခရိုင်ဝန်များကို ခရိုင်ရာဇဝတ်တရားသူကြီးအာဏာများကို အပ်နှင်းခဲ့လေသည်။ ထိုနည်းတူ မြို့မဝန်ထောက်များ၊ နယ်ပိုင်ဝန်ထောက်များကို ရာဇဝတ်တရားသူကြီး အာဏာနှင့် တရားမ တရားသူကြီးအာဏာ အသီးသီးတို့ကို အပ်နှင်းခဲ့လေသည်။ ချင်းဝိသေသတိုင်းတွင် ဖြစ်ပွားသော ရာဇဝတ်မှု၊ မှုခင်းများနှင့် တရားမမှု မှုခင်းများကို စီရင်ဆုံးဖြတ်ရာတွင် ချင်းဝိသေသတိုင်း အက်ဥပဒေ ၁၅(က) ကို လိုက်နာရသည်။

ချင်းဝိသေသတိုင်း ကျေးလက်ဒေသ အုပ်ချုပ်ရေးမှာ ကျေးရွာကောင်စီနှင့်တိုက်နယ်ကောင်စီများကစီမံအုပ်ချုပ်လေသည်။ ဤကောင်စီများသည် လေးနှစ်တစ်ကြိမ် ရွေးချယ်သည်။ လူထု ကိုယ်စားလှယ်များဖြစ်ကြပြီး ကျေးရွာကောင်စီများနှင့် တိုက်နယ်ကောင်စီများသည် မိမိတို့နယ်မြေအတွင်း နေထိုင်သူ အချင်းချင်း စွဲဆိုသည့် မည်သည့် တရားမမှုများကိုမဆို အချင်းများသည့် ပစ္စည်းတန်ဖိုး ကျပ်တစ်ထောင်အထိ ကျေးရွာကောင်စီက စီရင်ဆုံးဖြတ်နိုင်ပြီး တိုက်နယ်ကောင်စီသည် ကျပ်နှစ်ထောင်ထက်မပိုသည့် ပစ္စည်းတန်ဖိုးအပေါ် စီရင်ဆုံးဖြတ်နိုင်သည်။

ချင်းဝိသေသတိုင်းဟူ၍ ပေါ်လာသည့်အချိန်မှစ၍ ယခင်က တည်ရှိခဲ့ဘူးသော ချင်းတောင်တန်းစည်းမျဉ်းဥပဒေ (Chin Hills Regulation Act) ကို ဖျက်သိမ်း၍ ချင်းအက်ဥပဒေ (Chin Special Act) ကို ပြဋ္ဌာန်းခဲ့လေသည်။ ချင်းဝိသေသတိုင်း အက်ဥပဒေကို ၁၉၄၈ တွင် အတည်ပြုပြဋ္ဌာန်း၍ ယင်းဥပဒေအရ စီမံခန့်ခွဲ အုပ်ချုပ်ခဲ့ပါသည်။

ဤသို့နိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ချင်းဝိသေသတိုင်းတွင် အတွေးအခေါ်သစ်၊ အမြော်အမြင်သစ်များ တိုးတက်လာပြီး ယခင်က မြေရှင်ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ဆန်ဆန် အုပ်ချုပ်ခြင်းကို ကျေးလက်ဒေသများတွင် မနှစ်မြို့၊ မလိုလားကြ၍ လူထုမှ တိုက်ရိုက်ရွေးချယ်သော ကောင်စီစနစ်ဖြင့် အုပ်ချုပ်ခြင်းကို ဖော်ဆောင်သည့် ညီလာခံကြီးတရပ်ကို ၁၉၄၈ ဖေဖော်ဝါရီ (၁၉-၂၂) ရက်နေ့အတွင်း ဖလမ်းမြို့တွင် ကျင်းပပြုလုပ်ခဲ့လေသည်။ ထိုညီလာခံတွင် သခင်ဝမ္မသူးမောင်က ဥက္ကဋ္ဌ၊ ကပ္ပတိန်မန်းတုံးနုံးက အတွင်းရေးမှူး၊ သဘာပတိအဖြစ် ဦးလျန်ထုမ်တို့က ဆောင်ရွက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် လူထု ၅၀၀၀ ကျော်တက်ရောက်ပြီး နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကိုလည်း ဖတ်ကြားသည်။ ချင်းလူထု၏ ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်လည်း ရရှိခဲ့ကြသည်။

ညီလာခံဒုတိယနေ့ဖြစ်သော ဖေဖော်ဝါရီ (၂၀) ရက်နေ့ကို "နယ်ချဲ့လက်ဝေခံ ပဒေသရာဇ်စနစ်ဟောင်း အုပ်ချုပ်ရေးကို ဖျက်သိမ်း၍ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးပြဋ္ဌာန်းရန်" အဆိုကို တီးတိန်လူထုကိုယ်စားလှယ် ထောင်ဇကမ်းက တင်သွင်း၍ ဖလမ်းလူထုကိုယ်စားလှယ် ဆရာကြီးဆွမ်မန်းနှင့် ကန်ပက်လက် လူထုကိုယ်စားလှယ် ဦးထန်မောင် တို့က ရဲရဲတောက်တောက် ထောက်ခံခဲ့ကြသည်။ ယင်းအဆိုကို လူထုမဲခွဲ၍ အဆုံးအဖြတ်ခံယူခဲ့ရာ ကန့်ကွက်မဲ (၁၇) မဲဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့လေသည်။ ထိုအချိန်မှစ၍ ချင်းဝိသေသတိုင်း အတွင်း ကျေးလက်ဒေသများကို အုပ်ချုပ်ရန် လူထုမှ တိုက်ရိုက် ရွေးချယ်တင်မြှောက်သည့် ကျေးရွာကောင်စီနှင့် တိုက်နယ်ကောင်စီများကို ဖွဲ့စည်းခဲ့လေသည်။ ယခင်တောင်ပိုင်ကြီးများ၊ ကျေးရွာသူကြီးများနှင့် နယ်စားအကြီးအကဲများကို နိုင်ငံတော်မှ လျော်ကြေးပေး၍ ကုန်ခန်းစေသည်။ ထိုအောင်ပွဲသဘင်သို့ နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့လေသည်။ ယင်းနေ့ရက်ကို ချင်းအမျိုးသားများ၏ နိုင်ငံရေးသမိုင်းတွင် မှတ်တိုင်တရပ်အနေဖြင့် ယနေ့ထိ နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ (၂၀) ရက် ကို "ချင်းအမျိုးသားနေ့" အဖြစ် အထိမ်းအမှတ်ပြု ကျင်းပလျက်ရှိသည်။

ချင်းတောင်သည် ရှေးပဝေသဏီမှစ၍ အဖက်ဖက်တွင် အခြေအနေ အောက်ကျနောက်ကျခဲ့သော ဒေသဖြစ်သည်ကို

အားလုံးအသိပင်။ လွတ်လပ်ရေးရပြီးသည်မှစ၍ အဖက်ဖက်တွင် တိုးတက်ဖွံ့ဖြိုးအောင် ပြုလုပ်စီမံနိုင်ခဲ့ပေသည်။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် ချင်းဝိသေသတိုင်း တိုးတက်မှုလုပ်ငန်းစဉ် ရေးဆွဲရေးကော်မတီ တရပ်ကို ဖွဲ့စည်းလုပ်ကိုင်နေလေသည်။ အဓိကမှာ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်း၍ ပညာရေးလည်း နောက်ကျနေရခြင်းဖြစ်ပါသည်။ ၁၈၉၉ မတ်လ (၁၅) တွင် အမေရိကန် နှစ်ခြင်းခရစ်ယာန်ဆရာကြီး အာသာကာဆင်း (Arthur Carson) သည် ဟားခါးမြို့တွင်စတင်အခြေချနေထိုင်ခဲ့ပြီးယခုသာသနာဝင်မြေရာကို မြေပိုင်ရှင် ဦးလျန်မိုထံတွင် ရှူးပီးငွေ ၄၅ ဖြင့် ဝယ်ယူခဲ့ပါသည်။ သူကိုယ်တိုင် ပျဉ်ဆွဲပြီး ချင်းလူထုတို့အတွက် စာသင်ကျောင်းနှင့် ဆေးရုံကို ဆောက်လုပ်ပေးခဲ့ပါသည်။ ၁၉၀၁ တွင် ဟားခါး၊ ၁၉၀၃ တွင် တီးတိန်၊ ၁၉၀၄ တွင် ခွါဆပ်၊ ၁၉၀၅ တွင် တွန်းဇံ၊ ထန်တလန်၊ ၁၉၀၆ တွင် ဖလမ်း၊ လုံဘန်၊ ၁၉၁၁ တွင် ဇိုခွားစသည့်ကျေးရွာများတွင် မူလတန်းကျောင်းဖွင့်လှစ်ထားရှိပေးပြီး သွေးချင်း ကရင်လူမျိုး ဗမ္မဆရာများအား ခေါ်ယူကာ မြန်မာစာကို သင်ပြစေလေသည်။

ချင်းစကားကို သင်ယူ တတ်မြောက်ပြီးနောက်တွင် ရောမ အက္ခရာကို အခြေခံပြီး ချင်းစာပေကို တီထွင်ပြုလုပ်ပေးကာ ဓမ္မသီချင်းစာအုပ်၊ ကျမ်းစာအတိုအထွာ၊ ပုံပြင်စာအုပ်များကို ရေးသားပုံနှိပ်ထုတ်ဝေပြီး စာသင်ကျောင်းများတွင်ပါ ချင်းစာဖြင့် သင်ကြားခိုင်းလေသည်။ အမေရိကန် နှစ်ခြင်းခရစ်ယာန် သာသနာပြုဆရာကြီးများသည် ချင်းတောင်တွင် ပညာရေးကို စတင်ပျိုးထောင် မြေတောင်မြှောက်ပေးသည့် ကျေးဇူးရှင်ကြီးများပင် ဖြစ်သည်။ ချင်းတောင်တွင် ပထမဦးဆုံးသော အသိပညာရှင်၊ အတတ်ပညာရှင်ပုဂ္ဂိုလ်ထူးများမှာ ဆရာကြီးဦးရှုလွဲ (တိုင်းပညာဝန်ဟောင်း)၊ ဦးတွန်မှုန် (အငြိမ်းစားသံအမတ်ကြီး)၊ ဒေါက်တာ ရောဘတ်နီခွဲ (မြို့နယ်ဆရာဝန်ကြီး)၊ စုတဲဟောက်ကို (လက်ထောက် ကထိကဟောင်း)၊ ဆရာကြီး ဆွမ်မန်း (ပြည်နယ်ပညာရေးမှူးဟောင်း) တို့ဖြစ်ကြသည်။

ဤသည် သမိုင်းကြောင်းတို့တွင် ၁၉၄၈ ခုနှစ်မတိုင်မီ ချင်းတောင်တန်းဒေသ အခြေအနေအရပ်ရပ်ကို လေ့လာဖတ်ရှုပြီး ရေးသားစီကုံးနေရခြင်း ဖြစ်ပါသည်။ အဓိကအားဖြင့် နိုင်ငံရေး လှုပ်ရှားမှုကိုသာ အသားပေး ရေးသားထားပါသည်။ အရေးကြီးသည့်အဓိကအချက်များစွာကျန်ရှိနေပေသေးသည်။ ကွက်လပ်ကို ဖြည့်စွက်ရန်၊ အဟောင်းကို ပြုပြင်ဖာထေးရန် ချင်းသမိုင်းဖြစ်ရပ်မှန်ကို ရေးသားဖော်ထုတ်ရန် အမျိုးဘာသာကို ချစ်မြတ်နိုးသည့် ခေတ်လူငယ်များ ပုခုံးပေါ်၌ တာဝန်ရှိပါသည်။

သမိုင်းဆိုသည်မှာ မှတ်တမ်းတင်ခြင်းနှင့် အနက်ကောက်ခြင်းဟု ပညာရှင်တို့က ဆိုသည်။ သမိုင်းကို လေ့လာခြင်းဖြင့် ရှေးဖြစ်ရပ်ကို လေ့လာပြီးနောက် မျက်မြင်လောက၌ နေရာတကျ အသုံးချနိုင်ရန်နှင့် နောင်အနာဂတ်ကာလတွင် ဖြစ်ပျက်မည့်အခင်းကို ကြိုတင်ပြင်ဆင်နိုင်ပေသည်။ သမိုင်းအရေးအသားကင်းမဲ့က ရှေ့တလှမ်းတက်ရာ၌လည်းကောင်း၊ အများအယွင်းများကို ရှောင်ကွင်းရာ၌လည်းကောင်း အခက်ကြုံတွေ့နေရမည်ဖြစ်၍ ချင်းသမိုင်းအစစ်အမှန်များကို ထွက်ပေါ်နိုင်ရန် အတွက် မေတ္တာစေတနာကို ရှေ့တန်းတင်ပြီး စာပေဝါသနာရှင်၊ စာရေးဆရာများကို တိုက်တွန်း နှိုးဆော်အပ်ပါသည်။


**ကျမ်းကိုးစာရင်း**

(၁) မြင့်သူရ၊ ချင်းတို့ဌာန တောင်ဇလပ်မြေ၊ လုပ်သားဂျာနယ်၊ ၁၉၈၈ ဖေဖော်ဝါရီ၊ ရန်ကုန်မြို့။

(၂) ထန်ကီယို၊ ဝိသေသအုပ်ချုပ်ရေးသမိုင်းအကျဉ်း၊ မန္တလေး တက္ကသိုလ်ကျောင်း နှစ်ပတ်လည်စာစောင်၊ ၁၉၆၈-၆၉။

(၃) မဒေါ့စွန်၊ ချင်းအမျိုးသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း။

(၄) ဆလိုင်းအွှစ်လားဘိခ်၊ တောင်ဇလပ်ဖူးပွင့်ရာတို့ချင်းမြေ၊ ဘုံတလာ ရောင်ခြည်အမှတ် (၅)၊ မတူပီမြို့နယ်ကျောင်းသားကျောင်းသူများ အသင်း၊ တက္ကသိုလ်များ မန္တလေး။

(၅) မင်းတပ် ဘူနိန်း၊ ချင်းတောင်သမိုင်း။





VADUAL 20




NO...NO...
NO....



# ချင်းအမျိုးသားနေ့ အနှစ်သာရ နှင့် အမျိုးသား သင်္ကေတ



Dr. Lian H.Sakhong

## နိဒါန်း

နှစ်စဉ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် ချင်းအမျိုးသားနေ့ကိုအမိချင်းပြည်(Chinland)အတွင်းနေထိုင်ကြသော ချင်းအမျိုးသားတရပ်လုံးသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေကြသော ချင်းလူမျိုးအားလုံးကပါ မိမိတို့ရောက်ရှိရာအရပ်၊ နေထိုင်ရာဒေသများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိကြပါသည်။

ထိုကဲ့သို့ ချင်းလူမျိုးများအတွက် ထူးကဲ၍ လေးနက်သော နေ့ထူးနေ့မြတ်ကို ဆင်ယင်ကျင်းပသော အခါသမယ၌ ချင်းအမျိုးသားနေ့မည်သို့မည်ပုံပေါ်ပေါက်ခဲ့သနည်းဟူသောသမိုင်းကြောင်းနှင့်တကွ ချင်းအမျိုးသားနေ့သည် ၎င်း၏ အနှစ် ၇၀ ကျော်ခရီးတွင်ချင်းလူမျိုးများအတွက်မည်ကဲ့သို့သောအဓိပ္ပါယ်နှင့်အနှစ်သာရများ ရှိခဲ့သနည်း၊ ထိုနည်းတူ ချင်းအမျိုးသားနေ့၏ အနှစ် ၇၀ ကျော်ခရီးတွင် မည်ကဲ့သို့သော အခက်အခဲများ၊ စုံစမ်းနှောင့်ယှက်မှုများ၊စိန်ခေါ်အန်တုမှုများကိုရင်ဆိုင်ကြုံတွေ့ခဲ့ရသနည်း။ အဘယ်ကြောင့် ထိုကဲ့သို့သော စုံစမ်းနှောင့်ယှက်မှုနှင့် စိန်ခေါ်အန်တုမှုများကို ရင်ဆိုင်နေရသနည်း၊ စသည့်... စသည့် မေးခွန်းများစွာကို ချင်းအမျိုးသားတိုင်းက စဉ်းစားဆင်ခြင်သင့်ကြောင်း ဤစာတမ်းတွင် ဆွေးနွေးတင်ပြထားပါသည်။

ထို့ကြောင့် ဤစာတမ်းငယ်၏အဓိကရည်ရွယ်ချက်မှာ ချင်းအမျိုးသားနေ့ ပေါ်ပေါက်ခဲ့ပုံသမိုင်းကြောင်းကို အသေးစိတ်ရှင်းလင်းတင်ပြခြင်းထက် ချင်းအမျိုးသားနေ့ကိုအဘယ်ကြောင့်ဖျက်သိမ်းရန်ကြိုးပမ်းနေကြသနည်း၊အဘယ်ကြောင့်ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်နေ့အဖြစ် အစားထိုးကျင်းပရန် ကြိုးပမ်းနေကြသနည်း။ ထိုကြိုးပမ်းမှု၏နောက်ကွယ်တွင်မည်ကဲ့သို့သော နိုင်ငံရေး လျို့ဝှက်ချက်များ ရှိနေသနည်း၊ စသည့်... စသည့် မေးခွန်းများကို မေးမြန်းရင်း စာရေးသူအနေဖြင့် သမိုင်းကြောင်း တစေ့တစောင်းကို တင်ပြသွား၍ စာဖတ်သူက ၎င်းမေးခွန်းများကို ပါဝင်ဆွေးနွေး အဖြေရှာကြည့်ပါရန် ရှေးဦးစွာ ပန်ကြားလိုပါသည်။

### လူမျိုးလက္ခဏာနှင့် အမျိုးသားသင်္ကေတ

ချင်းအမျိုးသားနေ့သည် ကမ္ဘာ့မြေမျက်နှာသွင်ပြင်တနေရာတွင် ချင်းဆိုသော လူမျိုးတစ်မျိုး ပကတိ နေထိုင်တည်ရှိလျက် ရှိကြောင်းကို ဖော်ညွှန်းသည့် လူမျိုးလက္ခဏာတရပ်ပင် ဖြစ်ပါသည်။ ထို့အပြင်၎င်းချင်းလူမျိုးများသည်ရိုးရာယဉ်ကျေးမှုကိုလုံ

ကြွယ်ဝ၍ သမိုင်းနောက်ခံလည်း အပြည့်အဝရှိကာ မိမိတို့၏ ဘိုးဘွားပိုင်နယ်မြေတွင် ရှေးပဝေသဏီခေတ်ကတည်းက သက္ကာတရားနှင့်အညီ နေထိုင်ခဲ့သော လူမျိုးဖြစ်ကြောင်းကို ဖော်ပြသည့် အမျိုးသားသင်္ကေတ တရပ်လည်း ဖြစ်ပါသည်။ လူရှိတိုင်း လူမျိုးမရှိ၊ လူဖြစ်တိုင်းလည်း လူမျိုးမဖြစ်နိုင်ပေ။ လူမျိုးတစ်မျိုးအဖြစ် ရပ်တည်နိုင်ရန် လူမျိုးလက္ခဏာနှင့် အမျိုးသားသင်္ကေတများ လိုအပ်နေပါသည်။

အမျိုးသားသင်္ကေတဆိုသည်မှာ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှု၊ လူမှုဆက်ဆံရေးနှင့် အုပ်ချုပ်ရေးစနစ်၊ ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှုများနှင့် အနာဂတ်အတွက် တွေးခေါ်မြော်မြင်မှုတရားစသည်တို့ကို ခြုံငုံထားသော လူမျိုးတစ်မျိုး၏ သမိုင်းဖြစ်စဉ်အားလုံးကို နှုတ်စကားဖြင့် ဟောပြော၍လည်းကောင်း၊ စာပေဖြင့် ရေးသား၍လည်းကောင်း၊ အခြားနည်းလမ်းများနှင့်လည်းကောင်း၊ အစွမ်းကုန်တင်ပြ ဖော်ပြခြင်းမရှိသောကြောင့် ၎င်းတို့အားလုံးကိုလွှမ်းခြုံနိုင်သော သင်္ကေတစကားဖြင့် ဖော်ထုတ်ပြသသည့် အထိမ်းအမှတ်သင်္ကေတပင်ဖြစ်ပါသည်။

ထို့ကြောင့် အမျိုးသားသင်္ကေတတရပ်သည် ၎င်းကိုယ်စားပြုသော လူမျိုးတစ်မျိုးအား သမိုင်းဖြစ်စဉ်တရားများထဲမှသာ လျှင် ပေါက်ဖွားရှင်သန်ရိုး ရှိပါသည်။ သို့မှသာ ထိုလူမျိုးတို့၏ ယုံကြည်မှုဓလေ့ထုံးတမ်းနှင့် ကိုးကွယ်ယုံကြည်မှု စသည်တို့ကို ရောင်ပြန်ဟပ် ထင်ရှားစေနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ထိုလူမျိုးများ မျိုးဆက် တိမ်ကောပပျောက်ခြင်း မရှိရလေအောင် ပကတိ ဘဝတွင် ရုန်းကန် လှုပ်ရှားရာတွင်လည်းကောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် တွေးခေါ် မေးမြန်းရာတွင်လည်းကောင်း၊ လမ်းပြကြယ်ကဲ့သို့ မျှော်လင့်ချက်ရောင်ခြည်များကို လင်းလက် ထိုးပြနိုင်ရမည် ဖြစ်ပါသည်။

အမျိုးသားသင်္ကေတတရပ်သည် လူမျိုးတစ်မျိုး လွတ်လပ်စွာရှင်သန်နိုင်ရေးအတွက် သမိုင်းရေစီးကြောင်းထဲတွင်ရုန်းကန်လှုပ်ရှားရင်း ထွက်ပေါ်လာသော အမျိုးသားရတနာတပါး ဖြစ်ပါ၍ လူတချို့ပုဂ္ဂိုလ်တစ်ဦး၏ စိတ်ကူးဉာဏ်ဖြင့် တီထွင်ဖန်တီး၍ ရနိုင်ရိုးမရှိသော အရာတပါး ဖြစ်ပါသည်။ ဆိုလိုသည်မှာ အမျိုးသားသင်္ကေတသည် ကုန်အမှတ်တံဆိပ်ကဲ့သို့ လွယ်လွယ်ဖန်တီး၍ လွယ်လွယ်ဖျက်ဆီးနိုင်သော အရာမဟုတ်ပေ။ ထို့အပြင် အမျိုးသားသင်္ကေတတရပ်၏ ထူးခြားလေးနက်သော ဂုဏ်သတ္တိမှာ ၎င်းသည် လူမျိုးတစ်မျိုး၏ သမိုင်းဖြစ်စဉ်ထဲမှ ပေါ်ထွန်း၍ ဖန်တီးထားခဲ့သော အရာဖြစ်သော်လည်း ထိုလူမျိုးများ၏ သမိုင်းဖြစ်စဉ်နှင့် အမျိုးသားသင်္ကေတရပ် တသားတည်း ရောစပ်ပေါင်းစည်းသွားသောအခါ အမျိုးသားသင်္ကေတသည် ထိုလူမျိုးများ လွတ်လပ်စွာဖြင့် ဆက်လက်ရှင်သန်နိုင်ရေးအတွက် အရေးကြီးဆုံးသော အသက်ဝိညာဉ်ကဲ့သို့ ရပ်တည်သွားနိုင်သော ဂုဏ်သတ္တိပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ရပ်တည်သွားနိုင်သောကြောင့် တဖက်တွင် ထိုအမျိုးသားသင်္ကေတက ထိုလူမျိုးများ အမှန်တကယ် ပကတိတည်ရှိနေကြောင်း ဖော်ညွှန်းနိုင်သကဲ့သို့ အခြားတဖက်တွင်လည်း ထိုအမျိုးသားသင်္ကေတကို ဖျက်ဆီးခြင်းဖြင့် ထိုလူမျိုးများပါ မျိုးပျောက်၍ တိမ်ကောပပျောက်သွားနိုင်ပါသည်။ အသက်ဝိညာဉ်တစ်ခုကို ဆွဲနုတ်သွားပါက ခန္ဓာကိုယ်ကြီးလည်း ဆက်လက်ရှင်သန်၍ မရဘဲ ဖြစ်တည်ခြင်းတရားမှာ ချုပ်ငြိမ်းသွားသကဲ့သို့ပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုပါက လူမျိုးတစ်မျိုးအဖြစ် ရပ်တည်နိုင်ရန် အမျိုးသားသင်္ကေတက တဖန် ထိုလူမျိုး မတိမ်ကော မပပျောက်သွားရလေအောင် ထိန်းသိမ်းကာကွယ်လျက် စောင့်ရှောက်ပေးနေပါသည်။ ချင်းအမျိုးသားနေ့သည်လည်း ချင်းတမျိုးသားလုံးကို ကိုယ်စားပြုသော အမျိုးသားသင်္ကေတ တရပ်အဖြစ် ရပ်တည်နိုင်ရန် ချင်းဆိုသည့် လူမျိုးတစ်မျိုး ပကတိတည်ရှိနေကြောင်းကို ဖော်ညွှန်းပြသနိုင်ရမည့်အပြင် ချင်းလူမျိုးတို့၏ သမိုင်းစဉ်တစ်ခုလုံးကိုပါ လွှမ်းခြုံ၍ သင်္ကေတစကားဖြင့် ဖော်ညွှန်းပြသနိုင်ရပေမည်။

ထို့အပြင် ချင်းလူမျိုးများ၏ သမိုင်းဖြစ်စဉ်ထဲတွင် ကြုံတွေ့ရင်ဆိုင်ခဲ့သော အခက်အခဲများ၊ စုံစမ်းနှောင့်ယှက်မှုများနှင့် စိန်ခေါ်အန်တုမှုများကိုလည်း ကြံ့ကြံ့ခံနိုင်သော ဂုဏ်သတ္တိထူးများ ရှိရမည်ဖြစ်ပါသည်။ လွယ်လွယ်ဖျက်ဆီးနိုင်သော စိန်ခေါ်အန်တုမှုများကို ခံနိုင်ရည်မရှိသော အန်တုမှုများနှင့် သင်္ကေတများသည် လူမျိုးတစ်မျိုး၏ လက္ခဏာနှင့် အမျိုးသားသင်္ကေတများအဖြစ် ရပ်တည်နိုင်စွမ်း ရှိလိမ့်မည်မဟုတ်ပေ။

ချင်းအမျိုးသားနေ့သည် ၎င်းဖြတ်သန်းခဲ့သော အနှစ် (၅၀) ခရီးတွင် အခက်အခဲမျိုးစုံ၊ စုံစမ်းနှောင့်ယှက်မှု မျိုးစုံနှင့် စိန်ခေါ်

အန်တုမှုမျိုးစုံတို့ကို အကြိမ်ကြိမ် ခံခဲ့ရသော်လည်း ယနေ့တိုင် မားမားမတ်မတ်ဖြင့် ချင်းလူမျိုးတို့၏ အမျိုးသားသင်္ကေတ တရပ် အဖြစ် ရပ်တည်နိုင်စွမ်းရှိပါသည်။

ယခုကဲ့သို့ အနှစ် (၇၀) ကျော် ချင်းအမျိုးသားနေ့ကို ဆင်နွှဲ ကျင်းပနိုင်ခြင်းသည်ပင်လျှင် ချင်း ဟူသော လူမျိုးသည် အမှန် တကယ် ပကတိတည်ရှိနေသော လူမျိုးတစ်မျိုးဖြစ်ကြောင်းကို သာမက ထိုလူမျိုးတို့သည် ကိုယ့်သမိုင်း၊ ကိုယ့်ယဉ်ကျေးမှုနှင့် အခိုင်အမာ ရပ်တည်လျက် ဘိုးဘွားပိုင်နယ်မြေတွင် ဂုဏ်ယူ တင့်တယ်စွာ နေထိုင်လျက်ရှိသော လူမျိုးတစ်မျိုးဖြစ်ကြောင်း ကိုပါ သက်သေထူလျက် ရှိနေပါသည်။

### ကိုလိုနီခေတ်မတိုင်ခင် ချင်းလူမျိုးတို့၏ အခြေအနေ

ချင်းလူမျိုးတို့၏ ခေတ်ဦးသမိုင်းကို ဤစာတမ်းငယ်တွင် ဖော်ပြတင်ပြရန် လိုအပ်မည်မထင်ပါ။ သို့ရာတွင် ချင်းအမျိုးသား တိုင်း မမေ့မလျော့ သိထားရမည့်အချက်မှာ ဗြိတိသျှနယ်ချဲ့ လက်အောက်သို့ မကျရောက်ခင်အထိ အမိချင်းလဲန်နှင့် ချင်း လူမျိုးများကို မည်သည့်လူမျိုး၊ မည်သည့်တိုင်းနိုင်ငံကမှ သိမ်း ပိုက်အုပ်ချုပ်ခြင်း တခါမှ မခံခဲ့ဘူးချေ၊ ဟူသောအချက်ပင် ဖြစ် ပါသည်။ မိမိတို့၏ ဘိုးဘွားပိုင်နယ်မြေတွင် မိမိတို့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှုနှင့် အုပ်ချုပ်ရေးစနစ်များဖြင့် လွတ်လပ်စွာ အုပ်ချုပ်နေထိုင်ခဲ့သော လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်ဆိုင်ခဲ့သော လူမျိုးတစ်မျိုး ဖြစ်ခဲ့ပါသည်။

ထိုစဉ်က ချင်းလူမျိုးများ ကျင့်သုံးခဲ့သော အုပ်ချုပ်ရေးစနစ် ကို သုံးမျိုးသုံးစား ခွဲခြားနိုင်ပါသည်။ ပထမတစ်မျိုးမှာ Khua bawi အုပ်ချုပ်ရေးစနစ်ဖြစ်၍၊ ထိုအုပ်ချုပ်ရေးစနစ်အောက်တွင် ရှိသော ရပ်ရွာများသည် လွတ်လပ်စွာဖြင့် မိမိတို့၏ ရပ်ရွာအရေး ကို စီမံခန့်ခွဲ၍ အုပ်ချုပ်ခဲ့သော စနစ်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်း အုပ်ချုပ်ရေးစနစ်ကို အမေရိကန်လူမျိုးသမိုင်း ပါမောက္ခတစ်ဦး ဖြစ်သည့် Dr. Federick S. Downs က Village-State ဟု တင် စားခေါ်ဝေါ်ထားခဲ့ပါသည်။ ချင်းလူမျိုးများ၏ Khua bawi အုပ် ချုပ်ရေးစနစ် (သို့မဟုတ်) Village-State များသည် ထူးခြား ဆန်းပြားသော အုပ်ချုပ်ရေးစနစ် မဟုတ်ပါ။ ရှေးခေတ် ဂရိ လူမျိုးများနှင့် ရောမလူမျိုးများ ကျင့်သုံးခဲ့သော City-State များ နှင့် သဘောတရားချင်း အတူတူပင် ဖြစ်ပါသည်။

Khua bawi အုပ်ချုပ်ရေးစနစ် (သို့မဟုတ်) Village-State များကို သာမန်အားဖြင့် နှစ်မျိုးနှစ်စား ထပ်မံ၍ ခွဲခြားသုံးသပ်နိုင် ပါသည်။ ပထမတစ်မျိုးမှာ လက်ရှိ ချင်းပြည်နယ်မြောက်ပိုင်းရှိ တီးတိန်နှင့်တွန်းဇံမြို့နယ်များတွင်နေထိုင်ကြသောဇိုမီးမျိုးနွယ် စု (Zomi tribe)၊ ဟားခါး၊ ဖလမ်းနှင့် ထန်တလန်မြို့နယ်များတွင် နေထိုင်ကြသော လိုင်မီးမျိုးနွယ်စု (Lai tribe) နှင့် အိန္ဒိယနိုင်ငံ Mizoram State တွင် နေထိုင်ကြသော လူရှိုင်း ခေါ် မီဇိုမျိုးနွယ်စု (Mizo tribe) တို့က ကျင့်သုံးခဲ့သော Khua-bawi အုပ်ချုပ်ရေး စနစ်ပင် ဖြစ်ပါသည်။ ထိုမျိုးနွယ်စု (Tribe) များက Khua-bawi ရာထူးကို Bawi Phun ခေါ် ဇာတာမြင့်သည့် အမျိုးအနွယ်များက သာလျှင် အုပ်ချုပ်သွားခဲ့ကြပါသည်။ ယင်းကဲ့သို့သော Khua-bawi အုပ်ချုပ်ရေးစနစ်ကို hereditary Khua-bawi System ဟု တချို့ သမိုင်းသုတေသီများက ခေါ်ဝေါ် တင်စားခဲ့ကြပါသည်။

ဒုတိယအမျိုးအစား Khuabawi အုပ်ချုပ်ရေးစနစ် သို့မဟုတ် Village-State မျိုးမှာ လက်ရှိ ချင်းပြည်တောင်ပိုင်းရှိ မတူပီ၊ မင်းတပ်၊ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်များတွင် နေထိုင်ကြသော ချိုးမျိုးနွယ်စု (Cho tribe) နှင့် ခေါ်မီးမျိုးနွယ်စု (Khuami tribe) တို့က ကျင့်သုံးခဲ့သော အုပ်ချုပ်ရေးစနစ်ပင် ဖြစ်သည်။ ထိုစနစ်တွင် Khuabawi ရာထူးကို သားစဉ်မြေးဆက် အမွေခံအုပ်ချုပ်ခြင်းမပြုဘဲ ပြည်သူလူထုက သုံးနှစ်တစ်ကြိမ် သို့မဟုတ် တောင်ယာခုတ်သည့် သက်တမ်းပေါ် မူတည်၍ ရွေး ကောက်တင်မြှောက်သော စနစ်ပင် ဖြစ်သည်။ Khua bawi ရာထူးအတွက် အရွေးခံနိုင်ရန် အဓိကလိုအပ်သော ပုဂ္ဂိုလ် တစ်ဦး၏ အရည်အချင်းမှာ ကောက်ပဲသီးနှံ အများဆုံးစိုက်ပျိုး ထုတ်လုပ်၍ ကောက်သစ်စားပွဲများကို ကျင်းပနိုင်ခြင်း (ချမ်းသာ ကြွယ်ဝခြင်း)၊ သားရဲတိရစ္ဆာန်များကို အများဆုံးပစ်သတ်နိုင် သော မုဆိုးကျော်ဖြစ်ခြင်းနှင့် စစ်ပွဲများကို အောင်မြင်နိုင်သော သူရဲကောင်းဖြစ်ခြင်း စသည်တို့ပင် ဖြစ်ပါသည်။ ယင်းကဲ့သို့ သော Khuabawi အုပ်ချုပ်ရေးစနစ်ကို Democratic Khua-bawi System ဟု ခေါ်ဆိုနိုင်ပါသည်။ Khuabawi ရာထူးကို ဆက်ခံနိုင်ရန် ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ပိုင်အစွမ်းအစနှင့် သတ္တိ ဗျတ္တိများအပြင် ဥစ္စာနေ ကြွယ်ဝချမ်းသာခြင်းစသော အရည် အချင်းများကို အဓိက စံအဖြစ် သတ်မှတ် တန်ဖိုးထားခဲ့သော် လည်း အခြေခံမူအားဖြင့် လူထုက အုပ်ချုပ်သူကို ရွေးကောက် တင်မြှောက်သော ဒီမိုကရေစီစနစ်ပင် ဖြစ်ပါသည်။

ချင်းလူမျိုးများကျင့်သုံးခဲ့သော ဒုတိယအမျိုးအစားအုပ်ချုပ်ရေးစနစ်မှာ Ram-uk အုပ်ချုပ်ရေးစနစ်ပင်ဖြစ်သည်။ ယင်းအုပ်ချုပ်ရေးစနစ်သည် အဆင့်မြင့် Hereditary khua-bawi system မှ ပေါက်ဖွားရှင်သန်ခဲ့သော စနစ်ဖြစ်၍ Laimi tribe/ Mizo tribe နှင့် Zomi tribe များက အထူးကျင့်သုံးခဲ့ပြီး Bawi Phun ခေါ် ဇာတ်မြင့်မျိုးနွယ်စုများ ကြီးစိုးအုပ်ချုပ်သောစနစ်ပင်ဖြစ်သည်။ Ram uk အုပ်ချုပ်ရေးစနစ်၏ ထူးခြားချက်မှာ Ram uk မင်းတပါးက ရွာပေါင်းများစွာ သို့မဟုတ် မျိုးနွယ်စုတစ်ခုလုံးကို စုစည်းအုပ်ချုပ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ဥပမာ- အနည်းငယ်တင်ပြရလျှင် Lian Chin မိသားစုက Lautu နယ်တစ်ခုလုံးကိုလည်းကောင်း၊ Cinzah မိသားစုက Thangtlang နယ်တချို့ကိုလည်းကောင်း၊ Thang Tin Lian က Zahau နယ်တစ်ခုလုံးကိုလည်းကောင်း၊ Hau Chin Khup က Kam Hau နယ်အားလုံးကိုလည်းကောင်း အုပ်ချုပ်ခဲ့သော အုပ်ချုပ်ရေးစနစ်မျိုးပင်ဖြစ်သည်။

Ramk-uk အုပ်ချုပ်ရေးစနစ်သည် ရှမ်းလူမျိုးများ၏ စော်ဘွားအုပ်ချုပ်ရေးစနစ်နှင့်လည်းကောင်း၊ ကချင်လူမျိုးများ၏ဒူဝါအုပ်ချုပ်ရေးစနစ်နှင့်လည်းကောင်း တူညီခဲ့သောကြောင့် တချို့သမိုင်းသုတေသီများက ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ဟု သာမန်အားဖြင့် ရေးသား ခေါ်တွင်ခဲ့ကြသည်။

ချင်းလူမျိုးများ ကျင့်သုံးခဲ့သော တတိယအမျိုးအစား အုပ်ချုပ်ရေးစနစ်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ပင် ဖြစ်ပါသည်။ ယင်းကဲ့သို့သော ရိုးရာအစဉ်အလာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို လက်ရှိ ဖလမ်းမြို့တွင် နေထိုင်ခဲ့ကြသော Laimi မျိုးနွယ်စု (Laimi tribe) များက စတင်ကျင့်သုံးခဲ့ပါသည်။ ယင်းအုပ်ချုပ်ရေးစနစ်ကို ကိုလိုနီခေတ် အုပ်ချုပ်ရေးအရာရှိကြီးဖြစ်သော H.N.C Stevenson က Tlaisun Democratic Council ဟု စတင် ခေါ်ဝေါ်ရေးသားခဲ့ရာမှ နောက်ပိုင်း သမိုင်းသုတေသီအားလုံးက Tlaisun Democratic Council ဟူ၍ပင် ခေါ်ဝေါ်သုံးစွဲသွားကြပါသည်။

Tlaisun Democratic Council ၏ ထူးခြားချက်မှာ Ram-uk အုပ်ချုပ်ရေးစနစ်ကဲ့သို့ Ram-uk မင်းတပါးက နယ်ပယ်တစ်ခုလုံးကို စိုးမိုး အုပ်ချုပ်ခြင်းမျိုးမဟုတ်ဘဲ ယခင် Ram-uk နယ် (၄) နယ်ကို ပူးပေါင်း၍ ပြည်သူလူထုက Ram-uk မင်းအစား ကောင်စီဝင် (၄) ဦးကို ရွေးကောက်တင်မြှောက်သောစနစ်ဖြစ်ပါသည်။

ထို့ကြောင့် ကောင်စီဝင်ရာထူးကို သားစဉ်မြေးဆက်အမွေဆက်ခံခြင်းမပြုဘဲ သုံးနှစ်တစ်ကြိမ် (တောင်ယာခုတ်သည့်နှစ်သက်တမ်းအပေါ်မူတည်) ကောင်စီဝင် ရွေးကောက်ပွဲများကို ကျင်းပခဲ့ကြပါသည်။ ယင်းအုပ်ချုပ်ရေးစနစ်သည် Tlaisun နယ်သားများ၊ ဟားခါးထံ စစ်ရှုံးသောကြောင့် အခြေအနေအရ ဖန်တီးခဲ့သော အုပ်ချုပ်ရေးစနစ် ဖြစ်ခဲ့သော်လည်း အထူးအောင်မြင်ခဲ့သော အုပ်ချုပ်ရေးစနစ် ဖြစ်သောကြောင့် ဗြိတိသျှအစိုးရသာ ချင်းလဲန်ကို သိမ်းပိုက်ခြင်းမပြုခဲ့ပါက Tlaisun Democratic Council အုပ်ချုပ်ရေးစနစ်က ချင်းတမျိုးသားလုံးကို သိမ်းသွင်းစည်းရုံးနိုင်ခဲ့မည်ဟု သမိုင်းပညာရှင်တချို့က သုံးသပ်ခဲ့ကြပါသည်။ ထိုအုပ်ချုပ်ရေးစနစ်က နယ်ပယ်များစွာကို သိမ်းပိုက်နိုင်ခဲ့ခြင်း (ဥပမာ- ချင်းသမိုင်းတွင် အထူးထင်ရှားခဲ့သော ဆွန်ပက် (Con Bik) မှာ ဇာတ်မြင့်သည့် Bawi phun မှ ဆင်းသက်လာသော Ramuk မင်းတပါးမဟုတ်ဘဲ Tlaisun Democratic Council သာမန် ကောင်စီဝင်တစ်ဦးမျှသာ ဖြစ်ခဲ့ပါသည်။

ဗြိတိသျှအစိုးရက ချင်းပြည်ကို သိမ်းပိုက်ပြီး ၁၈၉၆ တွင် Chin Hills Regulation Act ကို ထုတ်ပြန်ကြေညာသောအခါ Khua bawi အုပ်ချုပ်ရေးစနစ်မှ hererditary Khuabawi System နှင့် Ramuk အုပ်ချုပ်ရေးစနစ်များကို စံအဖြစ် လက်ခံအတည်ပြုသွားခဲ့ပြီး Tlaisun Democratic Council ကို ဖျက်သိမ်းသွားခဲ့ပါသည်။ ထိုအချိန်က လက်ရှိတာဝန်ထမ်းဆောင်ခဲ့သော ကောင်စီပုဂ္ဂိုလ် ၄ ဦးကို Ram uk မင်းများကဲ့သို့ ဆက်ဆံအသိအမှတ်ပြုသွားခဲ့ပြီး သားစဉ်မြေးဆက် အုပ်ချုပ်ခွင့်အာဏာများကိုပါ အပ်နှင်းခဲ့သည်။ ၁၉၂၇ ခုနှစ် တောင်ပိုင်းချင်းပြည်ကို သိမ်းပိုက်သောအခါ ရိုးရာအစဉ်အလာအရ ကျင့်သုံးခဲ့သော Democratic Khuabawi System ကို ဖျက်သိမ်းပြီး Hereditry Khua bawi System ဖြင့် အစားထိုး အုပ်ချုပ်သွားခဲ့ပါသည်။

## လွတ်လပ်ရေးအကြိုကာလ နိုင်ငံရေးအခြေအနေ

ဒုတိယကမ္ဘာစစ်ကိုနိုင်အောင်တိုက်၍ နာဇီဂျာမနီနှင့် ဝင်ရိုးတန်းမဟာမိတ်များအပေါ် အောင်ပွဲများ ဆင်နွှဲနိုင်ခဲ့သော်လည်း ဗြိတိသျှအစိုးရသည် ၎င်း၏ နေမဝင်အင်ပါယာကြီးကို ဆက်

လက်ထိန်းသိမ်းရန် ခွန်အား မရှိတော့ပေ။ ထို့ကြောင့် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း သူရဲကောင်းကြီးအဖြစ် ချီးမွမ်းထောပနာ ပြုခြင်းခံခဲ့သော ဝင်စတန်ချာချီ (Winston Churchill) သည် ၎င်း၏ နေမဝင်အင်ပါယာ ဆက်လက်ထိန်းသိမ်းရေးဝါဒကြောင့် ၁၉၄၅ အထွေထွေရွေးကောက်ပွဲတွင် မရှုမလှ ရှုံးနိမ့်သွားခဲ့ပြီး ကိုလိုနီနိုင်ငံများ လွတ်လပ်ရေးပေးရေး ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လေဘာပါတီခေါင်း ဆောင် အက်တလီ အနိုင်ရ၍ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါသည်။

အက်တလီအစိုးရ၏ ကိုလိုနီနိုင်ငံများ လွတ်လပ်ရေးပေး ရေးပေါ်လစီနှင့်အညီ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့၏လွတ်လပ်ရေး မှာ ဧကန်သေချာသော အနေးအမြန်ကိစ္စသာ ဖြစ်သွားခဲ့ပါ သည်။ ထို့ကြောင့် ၁၉၄၆ ဒီဇင်ဘာလမှ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ လအထိ ကျင်းပခဲ့သော အောင်ဆန်း-အက်တလီ လန်ဒန်ဆွေး နွေးပွဲတွင် အဓိကထား၍ ဆွေးနွေးခဲ့သောကိစ္စရပ်များမှာ မြန်မာ နိုင်ငံလွတ်လပ်ရေး (ရရေးမရရေး) ပြဿနာ မဟုတ်တော့ဘဲ မည်သို့မည်ပုံ လွတ်လပ်ရေး ရယူမည်နည်းဟူသော သေချာပြီး သားအချက်များကိုသာ ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် ၎င်းဆွေးနွေးပွဲတွင်ဗြိတိသျှနယ်ချဲ့အစိုးရမသိမ်း ပိုက်ခင်က သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ကြပြီး ဗြိတိသျှ ကိုလိုနီခေတ်တလျှောက်လုံးသီးခြားစီဖြင့်အုပ်ချုပ်ခဲ့သောချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများ၏ အရေးကိုပါ ထည့်သွင်းဆွေးနွေး ခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရန် လိုအပ်ခဲ့သည့်အကြောင်းမှာ ချင်း၊ ကချင်နှင့် ရှမ်း လူမျိုးများသည် ဗြိတိသျှ ကိုလိုနီခေတ် မတိုင်ခင် သီးခြားလွတ်လပ်သော လူမျိုးများ ဖြစ်သောကြောင့် ၎င်းလူမျိုးများအနေဖြင့်

(၁) သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ မိမိတို့၏ အမျိုးသား နိုင်ငံတော်များကို သီးခြားစီထူထောင်ခွင့်ရှိခြင်း
(၂) မိမိတို့ဆန္ဒအလျောက် ဗြိတိသျှကိုလိုနီနယ်ပယ်များအဖြစ် ဆက်လက်နေထိုင်လိုပါက ဆက်လက်နေထိုင်ခွင့်ရှိခြင်း
(၃) မိမိတို့ဆန္ဒအလျောက် မြန်မာ သို့မဟုတ် ဗမာလူမျိုးများနှင့် လွတ်လပ်ရေးအတူတကွရယူပြီး တန်းတူရည်တူပူးပေါင်း သောပြည်ထောင်စုနိုင်ငံတော်တစ်ခုတည်းကို အတူတကွ တည်ထောင်ခွင့်ရှိခြင်း စသည့် အချက်ကြီးများပင် ဖြစ်ပါ သည်။

သို့ရာတွင် လန်ဒန်စည်းဝေးပွဲ၌ မြန်မာခေါင်းဆောင် ဗိုလ် ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရ ခေါင်းဆောင် အက်တလီ တို့က ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများ၏ အနာဂတ်အရေးကို ထိုလူမျိုးများက မပါဝင် မတက်ရောက်ဘဲ ဆွေးနွေးနေကြ ကြောင်း ကြားသိသောအခါ ရှမ်းအမျိုးသားခေါင်းဆောင်များက မိမိတို့အရေးကို မိမိတို့ကိုယ်တိုင်မပါဘဲ မည်သူမျှ ဆွေးနွေးဆုံး ဖြတ်ပိုင်ခွင့်မရှိကြောင်း လန်ဒန်သို့ ကြေးနန်းရိုက်ခဲ့ကြသည်။ ထိုကြေးနန်းတွင်တိုတောက်စွာဖြင့်အောင်ဆန်းသည်ရှမ်းလူမျိုး များ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

မှန်လှပါသည်။ မြန်မာလူမျိုးများက သော်လည်းကောင်း၊ မည်သည့် လူမျိုးကမျှ ချင်း၊ ကချင် နှင့် ရှမ်း လူမျိုးများ၏ အနာဂတ်အရေးနှင့်ပတ်သက်၍ ထိုလူမျိုးများမပါဘဲ တဖက် သတ် ဆွေးနွေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် အလျဉ်းမရှိချေ၊ ထို လူမျိုးများ၏ အရေးကိစ္စကို ထိုလူမျိုးများကသာလျှင် လွတ်လပ် စွာ ဆွေးနွေး ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။

ထိုကြေးနန်းစာသည် ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများ၏ အနာဂတ်ကံကြမ္မာကိုကယ်တင်ခဲ့ရုံမျှမကဗိုလ်ချုပ်အောင်ဆန်း ၏ ခေါင်းဆောင်ပီသမှုနှင့် အမြော်အမြင်ကြီးမားမှုတို့ကို သမိုင်း တကွေ့တွင် တောက်ပြောင်စွာ ဖော်ထုတ်ပြသခွင့် ရရှိသွားစေခဲ့ ပါသည်။

အောင်ဆန်းသည် ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများ၏ ကိုလိုနီခေတ်မတိုင်ခင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုများကို လေးစား အသိအမှတ်ပြုသည့်အပြင် ထိုလူမျိုး များ၏သီးခြားစီဖြင့်အမျိုးသားနိုင်ငံတော်များထူထောင်ခွင့်များ နှင့်ပတ်သက်၍ ထိုလူမျိုးများကသာလျှင် လွတ်လပ်စွာဆွေး နွေးပိုင်ခွင့်ရှိသည်ဟူသော ကိုယ့်ကံကြမ္မာကိုယ် လွတ်လပ်စွာ ဖန်တီးခွင့်ကို အသိအမှတ် ပြုခဲ့သောကြောင့် အောင်ဆန်း- အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် မဟာလူမျိုးကြီးဝါဒီ ဂျွန်ဦးစောနှင့် သခင်ဗစိန် တို့မှာမူ ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများ၏ ကိုလိုနီခေတ်မတိုင်မီ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုတို့ကို အသိ အမှတ်မပြုသည့်အပြင်ထိုလူမျိုးများသီးခြားစီဖြင့်လွတ်လပ်ရေး ရယူခွင့်၊ သီးခြားစီဖြင့် အမျိုးသားနိုင်ငံတော်များ ထူထောင်ခွင့်

တို့ကို မလေးစား၊ တန်ဖိုးမထားသောကြောင့် အောင်ဆန်း-အက်တလီစာချုပ်ကိုလက်မှတ်ရေးထိုးခြင်းမပြုဘဲလန်ဒန်မှပြန်လာခဲ့ကြပါသည်။ ယင်းသည် တိုင်းရင်းသားလူမျိုးများ၏ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာ ရပ်တည် ရှင်သန်ခွင့်တို့ကို အသိအမှတ်မပြုသော မဟာလူမျိုးကြီးဝါဒီတို့၏ လုပ်ရပ်ပင်ဖြစ်ပါသည်။

## ပင်လုံစာချုပ် နောက်ဆက်တွဲ ပြဿနာများ

အောင်ဆန်း-အက်တလီ စာချုပ်နှင့်အညီ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့၏။ ဗြိတိသျှကိုလိုနီခေတ်မတိုင်ခင်က သီးခြား လွတ်လပ်ခဲ့သော တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပူးပေါင်း၍ လွတ်လပ်ရေးကို အတူတကွရယူရန်နှင့် စစ်မှန်သော ပြည်ထောင်စုနိုင်ငံတော်တစ်ခုကို အတူတကွ ထူထောင်သွားကြရန် သဘောတူညီခဲ့ကြသည်။ ထိုသဘောတူညီချက်အတိုင်း သမိုင်းဝင် ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ (၁၂) ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ပင်လုံစာချုပ်နှင့်ပတ်သက်၍ဤစာတမ်းငယ်တွင်အကျယ်ချဲ့ဆွေးနွေးရန် မလိုအပ်သော်လည်း ပင်လုံညီလာခံနှင့်ပတ်သက်၍ ပုဂ္ဂိုလ်တချို့အတွက် မရှင်းမလင်း ဖြစ်နေသောအချက်နှစ်ချက်ကို ဆွေးနွေးတင်ပြလိုပါသည်။

ပထမအချက်မှာ ပင်လုံစာချုပ်သည် အောင်ဆန်းနှင့် ချင်း၊ ကချင်၊ ရှမ်းလူမျိုးများသာ လက်မှတ်ရေးထိုးခဲ့သော စာချုပ် ဖြစ်သောကြောင့် တိုင်းရင်းသားလူမျိုးများ မစုံမလင်တက်ရောက်ခဲ့သော ညီလာခံနှင့် စာချုပ်ဖြစ်သည်ဟု စွပ်စွဲသောအချက် ဖြစ်ပါသည်။

ဒုတိယအချက်မှာပင်လုံစာချုပ်ကိုချင်းလူမျိုးများကိုယ်စားလှယ် လက်မှတ်ရေးထိုးခဲ့ကြသော လုပ်ပိုင်ခွင့်အာဏာ (Mandate) နှင့် ပတ်သက်သောအချက် ဖြစ်ပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ပင်လုံစာချုပ်သည် ဗြိတိသျှကိုလိုနီခေတ်မတိုင်ခင် သီးခြားလွတ်လပ်သော တိုင်းရင်းသားလူမျိုးများ ဗြိတိသျှအစိုးရက သီးခြားစီဖြင့် သိမ်းပိုက်၍ ကိုလိုနီခေတ်တလျှောက်လုံး သီးခြားစီဖြင့် အုပ်ချုပ်ခဲ့သော တိုင်းရင်းသားလူမျိုးများ၏ သဘောတူညီချက် စာချုပ်တရပ်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗြိတိသျှအစိုးရက သီးခြား လွတ်လပ်သော လူမျိုးများအဖြစ်မဟုတ်ဘဲ မြန်မာမင်းများ၏ အုပ်ချုပ်မှုနယ်နိမိတ်အတွင်းရှိလူမျိုးများအဖြစ် မြန်မာမင်းနှင့်အတူသိမ်းပိုက်ခဲ့သော တိုင်းရင်းသားလူမျိုးများကို ပင်လုံညီလာခံသို့ ဖိတ်ခေါ်ခြင်းမပြုဘဲ ချန်လှပ်သွားခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ မွန်လူမျိုးများကို ၁၇၅၅ ခုနှစ်တွင် အလောင်းဘုရား ကလည်းကောင်း၊ ရခိုင်လူမျိုးများကို ၁၇၈၄ ခုနှစ်တွင် ဘိုးတော်ဘုရားကလည်းကောင်း၊ အသီးသီး သိမ်းပိုက်ပြီးဖြစ်သောကြောင့် ထိုလူမျိုးများကို ဗြိတိသျှအစိုးရက သီးခြားလွတ်လပ်သောလူမျိုးများအဖြစ်မဟုတ်ဘဲ မြန်မာမင်းများ၏ အုပ်ချုပ်မှုနယ်နိမိတ်အတွင်းရှိလူမျိုးများအဖြစ် မြန်မာမင်း၊ မြန်မာလူမျိုးများနှင့်အတူသိမ်းပိုက်သွားခဲ့ကြပါသည်။ ထို့ကြောင့် ထိုလူမျိုးများကို ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက ကိုယ်စားပြု၍ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်သည်။ ကရင်နီ (ကယား) လူမျိုးများမှာမူ ကိုလိုနီခေတ်တလျှောက်လုံး လွတ်လပ်သော လူမျိုးများဖြစ်သောကြောင့် ၎င်းတို့၏အရေးကို ပင်လုံညီလာခံ၌ ထည့်သွင်းဆွေးနွေးရန် မလိုအပ်ခဲ့ချေ။ ထို့ကြောင့် ပင်လုံညီလာခံသို့ ဖိတ်ခေါ်ခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ခြင်း ဖြစ်သည်။

ဒုတိယအချက်မှာ ချင်းလူမျိုးများကို ကိုယ်စားပြု၍ ပင်လုံညီလာခံသို့ တက်ရောက်ခဲ့ကြသော ချင်းအမျိုးသားခေါင်းဆောင်ကြီးများ၏လုပ်ပိုင်ခွင့်အာဏာ (Mandate)နှင့်ပတ်သက်၍ တချို့က မေးခွန်းမျိုးစုံ ထုတ်လာကြပါသည်။

အမှန်စင်စစ် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့ကြသော ချင်း၊ကချင်နှင့်ရှမ်းအမျိုးသားခေါင်းဆောင်ကြီးများသည်၎င်းတို့ခေတ်၊ ၎င်းတို့စနစ်အတိုင်း ၎င်းတို့၏ လူမျိုးများကို သင့်တင့်လျှောက်ပတ်စွာ ကိုယ်စားပြုသော ပုဂ္ဂိုလ်ကြီးများသာ ကိုယ်စားပြုခဲ့သောခေတ်နှင့် စနစ်သာ ထိုက်တန်စွာဖြင့် လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ အပ်နှင်းခြင်းခံခဲ့သော ထိုပုဂ္ဂိုလ်ကြီးများ၏ လုပ်ပိုင်ခွင့်အာဏာများကို မတူညီသော အခြားခေတ်စနစ်တစ်ခု (စံချိန်) များဖြင့် တိုင်းတာ၍ တန်ဖိုးဖြတ်ခြင်းသည် မလေးမစား စော်ကားရာပင် ကျပါသည်။

ထို့ကြောင့် ထိုခေတ်၊ ထိုစနစ်၊ ထိုအခြေအနေတွင် ချင်းလူမျိုးများမှာ ဖန်တီးနိုင်စွမ်းသော အမြင့်ဆုံးအုပ်ချုပ်ရေးစနစ်

ဖြစ်သည်။ Ram uk အုပ်ချုပ်ရေးစနစ်ကို ကိုယ်စားပြု၍ Ram uk မင်းကြီးများအဖြစ် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော Pu Hlur Hmung, Pu Kio Mang နှင့် Pu Thawg Za Khup တို့၏ လုပ်ပိုင်ခွင့်အာဏာနှင့်ပတ်သက်၍ အထူးအထွေ စောဒက တက်နေခြင်းထက် သမိုင်းကို အမှန်အတိုင်း ရိုးသားစွာ လက်ခံ ခြင်းက ပို၍ မွန်မြတ်ပေလိမ့်မည်။

သို့ရာတွင် Ram uk မင်းများ၏ လုပ်ပိုင်ခွင့်အာဏာနှင့် ပတ်သက်၍စောဒကတက်ရန် အကြောင်းများကို ဖန်တီးခဲ့သည့် အချက်ကိုမူ ချင်းသမိုင်းကို စိတ်ဝင်စားသူတိုင်း သိရှိထားရန် လိုအပ်နေပါသည်။ ထိုကဲ့သို့သော စောဒကတက်ရန် အကြောင်း ရင်းများကို ဖန်တီးခဲ့သောအချက်မှာ ပင်လုံညီလာခံတွင် ထို Ram uk မင်းများ၏ စကားပြန်အဖြစ် ဆောင်ရွက်ပေးခဲ့သော ဦးဝမ်ကိုဟော (Vum Kho Hau) က မိမိလည်း ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟု ရေးသား ထုတ်ဝေခဲ့သောကြောင့် ဖြစ်ပါသည်။ ဦးဝမ်ကိုဟောသည် Ram uk မင်းမဟုတ်ပါ။ သာမန် စကားပြန်တစ်ဦးမျှသာ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် Ram uk မင်း မဟုတ်သော သာမန်အရပ်သားတစ်ဦးက ထိုကဲ့သို့ အရေးကြီး သော သမိုင်းဝင်စာချုပ်စာတမ်းတွင် ချင်းလူမျိုးတစ်မျိုးလုံးကိုယ် စားပြု၍ လက်မှတ်ရေးထိုးနိုင်ခဲ့ပါက ထိုသာမန်ပုဂ္ဂိုလ်ကို ချင်း လူမျိုး ကိုယ်စားလှယ်အဖြစ် မည်သူက ရွေးချယ်စေလွှတ်ခဲ့ သနည်း။ သူ၏ လုပ်ပိုင်ခွင့်အာဏာ (Mandate) ကို မည်သည့် နည်းဖြင့် မည်သူ့ထံမှရရှိ၍ မည်ကဲ့သို့အားနင်းခဲ့သနည်း..ဟူ သော မေးခွန်းများကို အရေးတကြီးမေးမြန်းရန် အထူး လိုအပ် လာပါသည်။ ဦးဝမ်ကိုဟောက ထိုကဲ့သို့သော မလိုလားအပ် သည့်ပြဿနာနှင့် စောဒကတက်စရာအကြောင်းများပေါ်ပေါက် ခြင်းဖြစ်ပါသည်။ (ကချင်လူမျိုးများနှင့် ရှမ်းလူမျိုးများက ကိုယ် စားလှယ်အရေးနှင့် ပတ်သက်၍ ဤစာတမ်းငယ်တွင် ဆွေးနွေး ရန် လိုအပ်မည်မထင်ပါ။)

## ချင်းအမျိုးသားနေ့ ပေါ်ပေါက်ခဲ့ပုံ

ပင်လုံညီလာခံ ဆွေးနွေးချက်များနှင့် သဘောတူညီချက် များအပေါ်အခြေခံ၍ ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း အားလုံးအသိပင် ဖြစ်ပါသည်။ ထို့ ကြောင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို သေချာ စွာ လေ့လာဆန်းစစ်ပါက ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပင်လုံ ညီလာခံသဘောတူညီချက်များကို အပြည့်အဝ မဟုတ်တောင် မှ အတတ်နိုင်ဆုံး အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း ပင်လုံညီလာခံကြီး၏ အလေးနက်ဆုံး သော အနှစ်သာရမှာ သီးခြားလွတ်လပ်သော တိုင်းရင်းသား လူမျိုးများ တန်းတူရည်တူ ပူးပေါင်း၍ စစ်မှန်သော ပြည်ထောင်စု တစ်ခုကိုအတူတကွ ထူထောင်သွားကြမည်ဟူသော အချက်ပင် ဖြစ်ပါသည်။ ယင်းသည် လူမျိုးရေးအရတန်းတူညီမျှခွင့် ဟူသော ကျင့်စဉ်တရားတွင်အခြေခံ၍ ၎င်းကျင့်စဉ်တရားကို ပြည်ထောင် စုလွှတ်တော်ဖြင့် အကောင်အထည်ဖော်ရန် လူမျိုးစုလွှတ်တော် ကို ဖန်တီးခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် ထိုစဉ်က အားနည်း မှားယွင်းသွားခဲ့သည့်အ ချက်မှာ လူမျိုးစုလွှတ်တော်တွင် တိုင်းရင်းသားလူမျိုးများအသီး သီးကလူဦးရေတူညီသောအမျိုးသားကိုယ်စားလှယ်များကိုရွေး ချယ်စေလွှတ်ခြင်းမပြုဘဲ ယခင် ကိုလိုနီခေတ်မတိုင်ခင် ရိုးရာ အုပ်ချုပ်ရေး စနစ်ဟောင်းအတိုင်း ရှမ်း လူမျိုးများအတွက် စော်ဘွားကြီးများ၊ ကချင်လူမျိုးများအတွက် ဒူဝါကြီး များနှင့် ချင်း လူမျိုးများအတွက် Ram uk မင်းများကို တိုက်ရိုက်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းပင်ဖြစ်သည်။ ယင်းသည် ပြည်ထောင်စုကြီးတစ် ခုလုံးအတွက်သာမက အထူးသဖြင့် ချင်းလူမျိုးများအတွက် အကြီးအကျယ်ပြဿနာများ တက်စေခဲ့ပါသည်။

၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းလူမျိုး များအတွက် လူမျိုးစုလွှတ်တော်တွင် အမတ်နေရာ (၆) နေရာ ကို လျာထား သတ်မှတ်ပေးခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် ထဲမှ လူမျိုးစု (အထက်) လွှတ်တော်သည် တိုင်းရင်းသားလူမျိုး များ ပကတိ တည်ရှိခြင်းနှင့် လွတ်လပ်စွာ ရပ်တည်ခွင့်တည်း ဟူသော လူမျိုးလက္ခဏာနှင့် အမျိုးသားသင်္ကေတများကို ကိုယ် စားပြု ဖော်ညွှန်းသည့် လွှတ်တော်ဖြစ်သောကြောင့် လူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များသည် ချင်း ဆိုသည့် လူမျိုးအမည် နာမနှင့် အမျိုးသားလက္ခဏာများကို ဖော်ညွှန်းကိုယ်စားပြုမည့် သူများပင် လွှတ်တော်တွင် ချင်းလူမျိုးများအတွက် အမတ်နေရာ (၆) နေရာကို လျာထား သတ်မှတ်ခဲ့ခြင်းမှာလည်း သမိုင်း၏ မတော်တဆ ဖြစ်ခဲ့မှုမဟုတ်၊ ချင်းလူမျိုးများ၏ သမိုင်းဖြစ်စဉ်နှင့်

ပကတိ အခြေအနေများမှန် ပေါ်ထွန်းခဲ့သော သမိုင်းအချက်အလက်များပင် ဖြစ်ပါသည်။ ထိုအချက်ကို ပီပြင်စွာ ရှင်းလင်း တင်ပြနိုင်ရန် ကိုလိုနီခေတ် တောင်တန်းဒေသ အုပ်ချုပ်ရေး အရာရှိကြီးဖြစ်ခဲ့သော H.N.C Stevenson ကို ကိုးကား၍ တင်ပြ ဆွေးနွေးလိုပါသည်။

ပင်လုံညီလာခံအထိ အောင်ဆန်းအပါအဝင် မြန်မာ သို့မဟုတ် ဗမာနိုင်ငံရေးသမားအများစုက Stevenson ကို လူမျိုးစုများ ပြည်ထောင်စုထဲ ပါဝင်လာရေးအတွက် အဓိက အဟန့်အတားပေးခဲ့သူဟု ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသော်လည်း ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများ ပြည်ထောင်စုထဲ ပါဝင်လာကြသော အခါတွင်မူ လူမျိုးစုရေးရာနှင့်ပတ်သက်၍ Stevenson ၏ အကြံအဉာဏ်များ ဥပေက္ခာပြု၍မရကြောင်း သဘောပေါက်ခဲ့ကြပါသည်။ ထိုစဉ်က Stevenson သည် ဗြိတိသျှ လေဘာပါတီအစိုးရနှင့်မြန်မာ သို့မဟုတ် ဗမာနိုင်ငံရေးသမားများ၏ ဝေဖန်ထိုးနက်ချက်များကို မခံနိုင်သောကြောင့် ရာထူးမှ နုတ်ထွက်သွားပြီးဖြစ်သော်လည်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (အထူးသဖြင့် ဦးချန်ထွန်း မူ) ကို ရေးဆွဲသောအခါ လူမျိုးစုရေးရာများသည် သူ့အကြံဉာဏ်များအတိုင်းသာ ဖြစ်သွားခဲ့ပါသည်။ အထူးသဖြင့် ချင်းလူမျိုးများ၏ အရေးနှင့် ပတ်သက်၍ Stevenson လောက် နားလည်ကျွမ်းကျင်သူ ပညာရှင်တစ်ဦးမျှ မရှိခဲ့ချေ။ သူသည် ကိုလိုနီခေတ် ချင်းတောင်တန်း အုပ်ချုပ်ရေးအရာရှိအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ခဲ့သည်သာမက မနုသာဗေဒဖြင့် ဘွဲ့ပညာများ ဆွတ်ခူးခဲ့သော ပညာရှင်တစ်ဦးလည်းဖြစ်ပါသည်။ ထို့ကြောင့် ချင်းလူမျိုးအရေးနှင့်ပတ်သက်၍ သူ၏အမြင်မှာ အထူး ကြည်လင် မှန်ကန်ခဲ့ပါသည်။

ချင်းလူမျိုးများအရေးနှင့်ပတ်သက်၍ Stevenson တင်ပြချက်မှာ ချင်းလူမျိုးများသည် အခြေခံအားဖြင့် လူမျိုးနွယ်စု (tribe) ၆ မျိုးနွယ်စုကို အခြေခံသော လူမျိုးဖြစ်ကြောင်း၊ လူမျိုးစုလွှတ်တော်တွင် လူမျိုးနွယ်စုတစ်ခုစီကို ကိုယ်စားပြု၍ အမတ်နေရာ (၆) နေရာပေးသင့်ကြောင်း တင်ပြခဲ့ပါသည်။ ၎င်းချင်းမျိုးနွယ်စု (tribe) ၆ မျိုးနွယ်စုမှာ (၁) အရှိုမျိုးနွယ်စု (Asho tribe)၊ (၂) ချိုးမျိုးနွယ်စု (K'Cho tribe)၊ (၃) ခေါ်မီးမျိုးနွယ်စု (Khuami tribe)၊ (၄) လိုင်မီးမျိုးနွယ်စု (Lai tribe)၊ (၅) လူရှိုင်း ခေါ် မီဇိုမျိုးနွယ်စု (Mizo tribe)၊ (၆) ဇိုမီးမျိုးနွယ်စု (Zomi tribe) တို့ပင် ဖြစ်ပါသည်။

Stevenson ၏ အကြံပေးချက်များသည် အထူးသင့်တော်မှန်ကန်သော်လည်း လက်တွေ့ အကောင်အထည်ဖော်ရန် အခက်အခဲများစွာ ရှိခဲ့ပါသည်။ ထိုအခက်အခဲများအနက် ပထမ အခက်အခဲမှာ ချင်းမျိုးနွယ်စုတစ်ခုနှင့် တစ်ခုအကြားတူညီသော အုပ်ချုပ်ရေးစနစ် မထွန်းကားခဲ့ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် လူမျိုးနွယ်စုတစ်ခုလုံးကို ကိုယ်စားပြုနိုင်သော ခေါင်းဆောင် (tribe chief) များလည်း မပေါ်ထွန်းနိုင်ခဲ့သေးချေ။ Laimi tribe, Mizo tribe, Zomi tribe များက Ram uk အုပ်ချုပ်ရေးစနစ်ကို ဖန်တီး၍ Ram uk မင်းများပေါ်ထွန်းခဲ့ကြသော်လည်း မည်သည့် Ram uk မင်းမျှ Tribe Chief ဟု ခေါ်တွင်နိုင်လောက်အောင် မျိုးနွယ်စုတစ်ခုလုံးကို ကိုယ်စားပြု အုပ်ချုပ်နိုင်သူ မရှိခဲ့ချေ။

ထိုထက်ပို၍ အဓိကကျသော ပြဿနာတရပ်မှာ အမိချင်းပြည် (Chinland) ကို မြန်မာ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် (အရှေ့ပါကိစ္စတန်) နိုင်ငံသုံးနိုင်ငံအတွင်း ပိုင်းခြား ခွဲခြားခြင်းခံခဲ့သောကြောင့် ထိုအရေးကိုဆွေးနွေးရန် လိုအပ်သောအခါ အများစုသော Mizo tribe များမှာ အိန္ဒိယနိုင်ငံအတွင်း ပါရှိသွားခဲ့ပြီးဖြစ်ပါသည်။ Mizo tribe များအနက် Kuki, Paite နှင့် Khuang sai စသော အုပ်စုငယ်များလည်း အိန္ဒိယနိုင်ငံအတွင်း ပါရှိသွားကြပါသည်။ ထို့အပြင် အရှိုမျိုးနွယ်စုများသည် မြေပြန့်တွင် နေထိုင်ကြသောကြောင့် ထိုစဉ်ကအခေါ် ချင်းဝိသေသတိုင်း၏ ခွဲတမ်းတွင် သူတို့ကို နေရာပေးထားခြင်း မရှိခဲ့ပေ။ ထို့အပြင် Laimi tribe များအကြားတွင် Ram uk အုပ်ချုပ်ရေးစနစ်နှင့် Tlaisun Democratic Council ဟု အဆင့်မြင့် အုပ်ချုပ်စနစ် နှစ်မျိုး ထွန်းကားခဲ့ရာ မည်သည့်အုပ်ချုပ်ရေးစနစ်က Laimi tribe ကို ကိုယ်စားပြုသွားမည်နည်း။

ထိုကဲ့သို့သော ပြဿနာကြီးငယ်များစွာ ရှိခဲ့သောကြောင့် ထိုအရေးကို ဝိုင်းဝန်းဖြေရှင်းရန် Ram uk မင်းများကိုယ်တိုင် ကမကထပြုပြီး ချင်းမျိုးနွယ်စုအားလုံး အစုံအလင်တက်ရောက်သောညီလာခံတရပ်ကိုရိုးရာအစဉ်အလာအရချင်းလူမျိုးများက ဒီမိုကရေစီစနစ်ကို စတင် ဖန်တီးကျင့်သုံးခဲ့သော ဒီမိုကရေစီဘူမိနက်သန် ဖလမ်းမြို့တွင် ၁၉၄၈ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့ကြပါသည်။

ထိုညီလာခံ၏ ထူးခြားချက်မှာ ချင်းသမိုင်းတွင် တခါဘူးမျှ ထိုကဲ့သို့ ချင်းမျိုးနွယ်စုအားလုံး စုံညီစွာ တက်ရောက်သော ညီလာခံတရပ်ကို ခေါ်ယူကျင်းပနိုင်ခြင်း မရှိခဲ့ဘူးချေ။ အိန္ဒိယ နိုင်ငံအတွင်းကျရောက်သော Miro tribe များကို ကိုယ်စားပြု နိုင်သော Hualngo ကိုယ်စားလှယ်များပင် တက်ခဲ့ကြပါသည်။ ဒုတိယထူးခြားချက်မှာ ထိုညီလာခံတွင် ချင်းလူမျိုးများက ဒီမိုကရေစီစနစ် အစစ်အမှန်ကို မိမိတို့လူမျိုး အုပ်ချုပ်ရေးစနစ် ၏ စံအဖြစ် ရွေးချယ် သတ်မှတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ညီလာခံ၏ ဒုတိယနေ့ဖြစ်သော ဖေဖော်ဝါရီလ (၂၀) ရက် နေ့တွင် Ram uk အုပ်ချုပ်ရေးစနစ်နှင့် hereditary khua-bawi အုပ်ချုပ်ရေးစနစ်များကိုဖျက်သိမ်း၍လူထုဆန္ဒကိုအခြေခံသော ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးသွားရန် ဆုံးဖြတ်နိုင် ခဲ့ကြသည်။ ထို့အပြင် ချင်းလူမျိုးတို့၏အမည်နာမနှင့် အမျိုးသား ဂုဏ်အင်လက္ခဏာများကို ကိုယ်စားပြု ဖော်ညွှန်းသော ပြည် ထောင်စုလွှတ်တော်၏ လူမျိုးစုလွှတ်တော်အတွက် Ram uk မင်းများကို တိုက်ရိုက်စေလွှတ်ခြင်း မပြုဘဲ ပြည်သူလူထုက လွတ်လပ်စွာဖြင့် ဆန္ဒမဲပေးရွေးချယ်၍ ချင်းကိုယ်စားလှယ်များ ကို စေလွှတ်သွားကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ထိုကဲ့သို့ သမိုင်းတွင် မကြုံစဖူး ထူးကဲ၍ ချင်းလူမျိုးများ အတွက် လေးနက်သော အဓိပ္ပါယ်ပြည့်ဝသည့် အနှစ်သာရနှင့် ခိုင်လုံသော သမိုင်းများဖြင့် တင့်တယ်လျက် ချင်းလူမျိုးများနှင့် ဒီမိုကရေစီစနစ်ကို ခွဲခြားမရအောင် ဂဟေဆက်ပေးခဲ့သော ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် တရားဝင်ကျင်းပလာခဲ့သည်မှာ အနှစ် (၇၀) ပြည့်၍ စိန်ရတု သဘင်ကြီးကိုပင် ဆင်နွှဲကျင်းပခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ချင်းအမျိုးသားနေ့၏ လေးနက်၍ထူးခြားသော အနှစ်သာရမှာ ချင်းမျိုးနွယ်စုအားလုံးသမိုင်းတွင် မကြုံစဖူး စုံလင်စွာ ဆုံဆည်းကြ၍ ဒီမိုကရေစီစနစ်ကို ရွေးချယ်ကျင့်သုံး နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားနေ့သည် ဒီမိုကရေ စီစနစ်ရေးနှင့် ချင်းတမျိုးသားလုံး၏ အမျိုးသားရေးကို အမြဲ ဦးထိပ်ထားပန်ဆင်လျက်ရှိနေပါသည်။ အာဏာရှင်တို့၏အရေး မဟုတ်သလို ကျဉ်းမြောင်းသော မျိုးနွယ်စုစွဲ (tribalism) နှင့် ဒေသစွဲ (Localism) များအတွက်လည်း မဟုတ်ပေ။

တနည်းအားဖြင့်ဆိုပါက ချင်းအမျိုးသားနေ့သည် မျိုးနွယ်စု စွဲ (tribalism) ကို ကိုယ်စားမပြုဘဲ ချင်းတမျိုးသားလုံး၏ အရေး Nationalism ကို ကိုယ်စားပြုသည့် Chin National Day ပင် ဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် Tribal Day မဟုတ်ပါ။ Asho Tribal Day လည်းမဟုတ်၊ Cho Tribal Day လည်းမဟုတ်၊ Khuami Tribal Day လည်းမဟုတ်၊ Laimi Tribal Day လည်း မဟုတ်၊ Mizo Tribal Day လည်းမဟုတ်၊ Zomi Tribal Day လည်းမဟုတ်ချေ။ ၎င်းမျိုးနွယ်စုအားလုံးကို စုပေါင်း၍ ကိုယ်စား ပြုသော National Day, Chin National Day ပင်လျှင် ဖြစ် ပါသည်။

ထို့ကြောင့် ချင်းအမျိုးသားနေ့ကို ချင်းအမျိုးသားနေ့ (Chin National Day) ဟု မူလ အစကတည်းက ခေါ်တွင်သမုတ်၍ သမိုင်းတွင် ကျန်ရစ်စေခဲ့ခြင်း ဖြစ်ပါသည်။

**အဘယ်ကြောင့် ချင်းအမျိုးသားနေ့ကို ဖျက်သိမ်းရန် ကြိုးပမ်း နေကြသနည်း**

ချင်းအမျိုးသားနေ့သည်ထိုကဲ့သို့လေးနက်သောအဓိပ္ပါယ် ပြည့်ဝသော အနှစ်သာရခိုင်လုံသော နောက်ခံသမိုင်းကြောင်း များရှိခဲ့ပါသော်လည်း ၎င်းဖြစ်သန်းလာခဲ့သော အနှစ် (၇၀) ကျော်ခရီးတွင် စုံစမ်းနှောင့်ယှက်မှုမျိုးစုံကို ကြုံတွေ့ရင်ဆိုင်နေခဲ့ ရပါသည်။ ချင်းအမျိုးသားနေ့ကို ဖျက်သိမ်းရန် ကြိုးပမ်းမှုများနှင့် အခြားအထိမ်းအမှတ်နေ့များဖြင့်အစားထိုးကျင်းပရန်ကြိုးပမ်းမှု များ ပေါ်ပေါက်ခဲ့ပါသည်။

ချင်းအမျိုးသားနေ့ကို ဖျက်သိမ်းရန် ကြိုးပမ်းချက်များ သည် ချင်းလူမျိုးတို့၏ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာ ရှင် သန်ရပ်တည်ခွင့်တို့ကို အသိအမှတ်မပြုသော မဟာလူမျိုးကြီး ဝါဒီများ၏ လုပ်ရပ်ပင် ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့ကို အခြား အထိမ်းအမှတ်တစ်ခုခုဖြင့် အစားထိုးရန် ကြိုးပမ်းမှုများသည် လည်း ချင်းလူမျိုးတို့၏အမျိုးသားသင်္ကေတကို ပထမဖျက်ဆီး၍ နောင်တွင် ချင်းဆိုသောလူမျိုး တိမ်ကောပပျောက်သွားအောင် ဝါးမြိုရန်ကြိုးပမ်းသော မဟာလူမျိုးကြီးဝါဒီတို့၏ ပထမခြေလှမ်း ပင်ဖြစ်ပါသည်။

ထို့ကြောင့် ချင်းလူမျိုးတို့၏ ပကတိတည်ရှိခြင်းနှင့် လွတ်



**၁၉၄၈ ဖလမ်းညီလာခံမှ မော်ကွန်းဓါတ်ပုံတစ်ကွက်**

လပ်စွာ ရပ်တည်ရှင်သန်ခွင့်နှင့် စပ်လျဉ်း၍ ယနေ့ရင်ဆိုင်နေရသော အဓိက ပြဿနာများအနက် အန္တရာယ်အကြီးဆုံးသော အချက်တစ်ခုမှာ ချင်းလူမျိုးတို့၏အမျိုးသားသင်္ကေတဖြစ်သော ချင်းအမျိုးသားနေ့ကို ဖျက်သိမ်း၍ ချင်းပြည်နယ်နေ့ဖြင့် အစားထိုးကျင်းပရန် ကြိုးပမ်းမှုပင်ဖြစ်ပါသည်။ ယင်းသည် ဗိုလ်နေဝင်း၏ မဆလ တစ်ပါတီအာဏာရှင်စနစ်နှင့် ၎င်းလက်ကိုင်တုတ်နဝတ အစိုးရတို့က ကျင့်သုံးနေသော မဟာလူမျိုးကြီးဝါဒီ၏ အစွန်းထွက် လုပ်ရပ်တစ်ခုပင်ဖြစ်သည်။ ယင်းမဟာလူမျိုးကြီးဝါဒသည်လည်း ယခုမှ နေ့ချင်းညချင်း ပေါ်ပေါက်လာသော ကိစ္စမဟုတ်၊ သမိုင်းနှင့်ချီ၍ အခြေတည်လာခဲ့သော ဝါဒတရပ်ဖြစ်သောကြောင့် သေချာစွာ လေ့လာဆန်းစစ်ရန် အထူး လိုအပ်နေပါသည်။

မြန်မာ့သမိုင်းတွင်မဟာလူမျိုးကြီးဝါဒအထူးသဖြင့် လက်ျာစွန်းရောက် မဟာလူမျိုးကြီးဝါဒကို စတင် ထူထောင်ခဲ့သူများမှာ ဂဠုန်ဦးစောနှင့် သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ ဂိုဏ်းဝင် ဒို့ဗမာအစည်းအရုံးမှ ဂိုဏ်းတစ်ဂိုဏ်း(ကိုင်း) ပင် ဖြစ်သည်။ ၎င်းတို့၏ တစ်ခုတည်းသော ခြားနားချက်မှာ ဂဠုန်ဦးစော၏ လက်ျာစွန်းမဟာလူမျိုးကြီးဝါဒသည် နာဇီဟစ်တလာနှင့် ပိုမိုနီးစပ်၍ သခင်ဗစိန်နှင့် သခင်ထွန်းအုပ်တို့ ကျင့်သုံးခဲ့သော မဟာလူမျိုးကြီးဝါဒမှာမူ ဖက်ဆစ်ဂျပန်တို့၏ လက်ျာစွန်းဝါဒနှင့် ပို၍ နီးစပ်ခဲ့ခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင် လက်ျာစွန်းရောက် မဟာလူမျိုးကြီးဝါဒအားလုံးသည် အသွင်သဏ္ဍာန်ရော အနှစ်သာရပါ အတူတူပင်ဖြစ်၍ ၎င်းတို့၏ အခြေခံသဘောတရားမှာ လူမျိုးငယ်များ ပကတိတည်ရှိခွင့်နှင့် လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်တို့ကို အသိအမှတ်မပြုသည့်အပြင် ထိုလူမျိုးများ တိမ်ကောပပျောက်သွားအောင် ဝါးမြိုချေမှုန်းရေးဝါဒ ဖြစ်ပါသည်။ နာဇီဟစ်တလာက ဂျူးလူမျိုးများ၏ ပကတိတည်ရှိခွင့်နှင့် လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်တို့ကို အသိအမှတ် မပြုသောကြောင့် သန်းပေါင်းများစွာသော ဂျူးလူမျိုးများကို ဒုတိယကမ္ဘာစစ်ကာလတွင် သတ်ဖြတ်ချေမှုန်းသွားခဲ့လေသည်။

ဦးစောနှင့် သခင်ဗစိန်တို့သည် နာဇီ ဟစ်တလာကဲ့သို့ ရာဇဝင်တွင်လောက်အောင် လူမျိုးငယ်များကို သတ်ဖြတ်ချေမှုန်းခြင်း မပြုခဲ့ကြသော်လည်း သူတို့နည်း သူတို့ဟန်ဖြင့် ရာဇဝင်တွင်လောက်အောင် ကြမ်းကြုတ်သော ရက်စက်မှုများကို ကျူးလွန်သွားခဲ့ကြပါသည်။

## ဂဠုန်ဦးစော၏ လက်ျာစွန်း မဟာလူမျိုးကြီးဝါဒ

ဂဠုန်ဦးစော၏ လက်ျာစွန်း မဟာလူမျိုးကြီးဝါဒကို သေချာစွာ လေ့လာ ဆန်းစစ်လိုပါက အဘယ်ကြောင့် ဦးစောက အောင်ဆန်းကို လုပ်ကြံသတ်ဖြတ်ခဲ့သနည်း..ဟူသော ပထမမေးခွန်းကို မေးမြန်းရန် လိုအပ်နေပါသည်။

ဦးစောနှင့် အောင်ဆန်းတို့အကြားတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲချက် များစွာ ရှိမည်ဖြစ်သော်လည်း လူသိရှင်

ကြားဖြစ်သော သဘောထားကွဲလွဲချက်မှာ ၁၉၄၆ ဒီဇင်ဘာလ မှ ၁၉၄၇ ဇန်နဝါရီအထိ ကျင်းပခဲ့သော အောင်ဆန်း-အက်တလီ စာချုပ် ချုပ်ဆိုခဲ့စဉ်က ချင်း၊ ကချင်နှင့် ရှမ်းစသော တိုင်းရင်းသား လူမျိုးများ၏ ပကတိ တည်ရှိခွင့်နှင့် လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်တို့ကို အသိအမှတ်ပြုရေး မပြုရေးဟူသော အချက်ပေါ်မူတည်၍ ၎င်းတို့နှစ်ဦး ဆက်စပ်၍မရအောင် သဘောထားကွဲလွဲချက်ပင် ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ချင်း၊ ကချင်နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများ၏ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာ အသက်ရှင်ရပ်တည်ခွင့်ကို အသိအမှတ်ပြုသည့်အပြင် ထိုလူမျိုးများ၏ ကိုလိုနီခေတ်မတိုင်ခင် လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ကိုလိုနီခေတ်အပြီးတွင် လွတ်လပ်စွာဖြင့် မိမိတို့၏ အမျိုးသားနိုင်ငံတော် ထူထောင်ခွင့်အပါအဝင် မိမိတို့၏ ဆန္ဒအလျောက် တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်တစ်ခုတည်းကို အတူတကွ ထူထောင်ခွင့်..စသည်တို့ကို လေးစားတန်ဖိုးထားသောကြောင့် အောင်ဆန်း-အက်တလီ စာချုပ်ကို လက်မှတ် ရေးထိုးခဲ့သည် သာမက ပင်လုံညီလာခံကိုပါ တက်ရောက်၍ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုနိုင်ငံတော်တစ်ခုကို အတူတကွ ထူထောင်ရန် ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးတို့နှင့်အတူ သမိုင်းဝင် ပင်လုံစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ပါသည်။

ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ချင်း၊ ကချင် နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများ၏ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာ ရှင်သန် ရပ်တည်ခွင့်ကိုသာမက ထိုလူမျိုးများ၏ အနာဂတ်ကံကြမ္မာကိုထိုလူမျိုးများကလွတ်လပ်စွာဖန်တီးခွင့်စသည်တို့ကို လေးစားတန်ဖိုးထား၍ အသိအမှတ်ပြုခဲ့သောကြောင့် ယနေ့တိုင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးက ဗိုလ်ချုပ်အောင်ဆန်းကို မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် လေးစား အသိအမှတ်ပြုနေခြင်း ဖြစ်သည်။

ဂျွန်ဦးစောမှာမူ ချင်း၊ ကချင်နှင့် ရှမ်းစသော တိုင်းရင်းသား လူမျိုးများ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာ ရပ်တည်ခွင့်တို့ကို အသိအမှတ်မပြုသည့်အပြင် ထိုလူမျိုးတို့၏ ကိုလိုနီခေတ်မတိုင်ခင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုတို့ကို အသိအမှတ်မပြု၊ တန်ဖိုးမထားသောကြောင့် အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ် ရေးထိုးခြင်းမပြုဘဲ လန်ဒန်မှ ပြန်လာခဲ့သည်။

ထိုမျှနှင့်မပြီးသေး၊ ချင်း၊ ကချင် နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများ၏ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာရှင်သန်ရပ်တည်ခွင့်တို့ကို အသိအမှတ်ပြု လေးစားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကိုပါ လုပ်ကြံ သတ်ဖြတ်သွားခဲ့လေသည်။ ယင်းသည် လက်ျာစွန်း မဟာလူမျိုးကြီးဝါဒီတို့၏ လုပ်ရိုးလုပ်စဉ်ဖြစ်၍ နာဇီဟစ်တလာက သန်းပေါင်းများစွာသော ဂျူး လူမျိုးတို့ကို သတ်ဖြတ်ချေမှုန်းခြင်းနှင့် သဘောတရားခြင်း အတူတူပင်ဖြစ်ပါသည်။ ဟစ်တလာနှင့် ဦးစောတို့၏ တစ်ခုတည်းသော ခြားနားချက်မှာ ဟစ်တလာက လူမျိုးငယ်များကို တိုက်ရိုက်ချေမှုန်းဖျက်ဆီး၍ ဦးစောမှာမူ လူမျိုးငယ်များကို အကာအကွယ်ပေးသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဗိုလ်ချုပ်အောင်ဆန်းကို ပထမ ပစ်မှတ်အဖြစ် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ချင်း၊ ကချင် နှင့် ရှမ်း စသော တိုင်းရင်းသား လူငယ်များ ဂျူးလူမျိုးကဲ့သို့ ဖျက်ဆီးချေမှုန်းခြင်း မခံရလေအောင် ဗိုလ်ချုပ်အောင်ဆန်းက မိမိအသက်ကို စတေး၍ အကာအကွယ် ပေးသွားခဲ့ပါသည်။

ထို့ကြောင့် ချင်းလူမျိုးများ၏ ပကတိတည်ရှိခြင်းကို အသိအမှတ်ပြု၍ နောင်အနာဂတ်တွင် လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်နှင့် ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာ ဖန်တီးခွင့်ရရှိရေးတို့အတွက် ချင်းလူမျိုးများကိုယ်စား အသက်စတေး ပေးလှူသွားခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ချင်းအမျိုးသားနေ့တွင် အထူး သတိရအောက်မေ့၍ ချင်းတမျိုးသားလုံးက ဦးညွှတ်အလေးပြုရန် အထူး လိုအပ်နေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသာ ထိုကဲ့သို့ မွန်မြတ်ဖြူစင်သော စိတ်ထားမျိုးမရှိခဲ့ပါက ချင်းအမျိုးသားနေ့ကို ယနေ့တိုင် ကျင်းပနိုင်လိမ့်မည် မဟုတ်ပေ။

**သခင်ဗစိန်၏ မဟာလူမျိုးကြီးဝါဒနှင့် ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်**

သခင်ဗစိန်သည် ဂျွန်ဦးစောကဲ့သို့ ချင်း၊ ကချင်နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများ၏ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်တို့ကို မလေးစားရုံမျှမက ထိုလူမျိုး

များ၏ ကိုလိုနီခေတ်မတိုင်ခင် လွတ်လပ်မှုနှင့် အချုပ်အခြာ အာဏာပိုင်ဆိုင်ခြင်းတို့ကို အသိအမှတ် မပြုခဲ့သောကြောင့် အောင်ဆန်-အက်တလီစာချုပ်ကိုလက်မှတ်ရေးထိုးခြင်းမပြုဘဲ လန်ဒန်မှ ပြန်လာခဲ့သူ ဖြစ်ပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ဦးစော၏ လက်ျာစွန်းဝါဒမှာ နာဇီဟစ်တလာ၊ မိုဆိုလိုနီတို့နှင့် ပိုမိုနီးစပ်၍ သခင်ဗစိန် မှာမူ ဖက်ဆစ်ဂျပန်တို့နှင့် ပို၍ နီးစပ်ခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦး၏ မဟာလူမျိုးဝါဒကို အကောင်အထည်ဖော် ကျင့်သုံးပုံချင်း အနည်းငယ် ကွဲပြားခြားနားခဲ့ပါသည်။ သို့ရာတွင် လက်ျာစွန်း မဟာလူမျိုးကြီးဝါဒ၏ ဆိုးကျိုးတရား သက်ရောက်ပုံချင်းမှာ အတူတူပင် ဖြစ်ပါသည်။

ဦးစောသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ကိုယ်ထိလက်ရောက် လုပ်ကြံသတ်ဖြတ်ခဲ့သူဖြစ်၍ သခင်ဗစိန် မှာမူ အောင်ဆန်းလမ်းစဉ်နှင့် အောင်ဆန်းထူထောင်ခဲ့သော ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒကို တဖြည်းဖြည်း တိုက်ထုတ် ဖျက်ဆီးချေမှုန်းခဲသူဖြစ်သည်။ ထိုကဲ့သို့သော မဟာလူမျိုးကြီးဝါဒကို အကောင်အထည်ဖော်ရာတွင် သခင်ဗစိန်သည် သူ၏ ငယ်သားတပည့် ဗိုလ်နေဝင်းကို အသုံးချ၍ အကောင်အထည် ဖော်သွားခဲ့ပါသည်။ ထို့ကြောင့် သခင်ဗစိန်၏ ဝါဒနှင့် ဗိုလ်နေဝင်း၏ လုပ်ရပ်များကို သီးခြားခွဲခြား၍ မကြည့်ဘဲ အတူတကွပူးတွဲ၍ ရှုမြင်သုံးသပ်ရန် လိုအပ်ပါသည်။

အောင်ဆန်း လမ်းစဉ်ဖြစ်သော ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒကို ဖျက်သိမ်းချေမှုန်းရန် သခင်ဗစိန်၏ တပည့်ကျော် ဗိုလ်နေဝင်း၏ ပထမလုပ်ရပ်မှာ ၁၉၆၂ မတ်လ (၂) ရက်နေ့တွင် အာဏာကို စစ်တပ်အားကိုးဖြင့် သိမ်းပိုက်ခဲ့၍ ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ဖျက်သိမ်းခဲ့ခြင်းပင်ဖြစ်သည်။ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် ပင်လုံညီလာခံမှ ဆင်းသက်၍ ပင်လုံညီလာခံသည်လည်း အောင်ဆန်းလမ်းစဉ်ဖြစ်သော ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒ သန္ဓေတည်ရာနှင့် စစ်မှန်သောပြည်ထောင်စုစနစ်ကို အုတ်မြစ်ချခဲ့ရာ ပြည်ထောင်စု မှတ်ကျောက်ကြီးပင် ဖြစ်ပါသည်။ ထို့ကြောင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ဖျက်သိမ်းခြင်းသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အသက်ပေးကာကွယ်ခဲ့သော ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒကို ဖျက်ဆီးချေမှုန်းခြင်းပင် ဖြစ်ပါသည်။ ဤနည်းအားဖြင့် သခင်ဗစိန်နှင့် ဗိုလ်နေဝင်းတို့က အောင်ဆန်းလမ်းစဉ်ကို စတင် တိုက်ခိုက် ချေမှုန်းသွားခဲ့ကြပါသည်။

သခင်ဗစိန်၏ မဟာလူမျိုးကြီးဝါဒကို လက်တွေ့အကောင်အထည်ဖော်ရာ၌ အဆင့်အမြင့်ဆုံးလည်းဖြစ်၊ အအောင်မြင်ဆုံးလည်းဖြစ်သည့် ဗိုလ်နေဝင်း၏ လုပ်ရပ်မှာ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ပြည်ထောင် (Unitary) စနစ်ဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းပင်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တစ်ခုတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ပြည်ထောင်စနစ်ဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းမှာ ထိုတိုင်းပြည်ရှိ တိုင်းရင်းသားလူမျိုးငယ်တို့၏ ပကတိ တည်ရှိခွင့်နှင့် လွတ်လပ်စွာ ရပ်တည်ရှင်သန်ခွင့်တို့ကို အသိအမှတ် မပြုခြင်းပင် ဖြစ်ပါသည်။ ထိုလုပ်ရပ်မျိုးသည် ပင်လုံညီလာခံ သဘောတူညီချက်များနှင့် အောင်ဆန်း လမ်းစဉ်ဖြစ်သော ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒကို အကြီးကျယ်ဆုံး စိန်ခေါ် ထိုးနှက်တိုက်ခိုက်ခြင်းပင် ဖြစ်ပါသည်။

ဗိုလ်နေဝင်းသည် တဖက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ပြည်ထောင်စနစ်ဖြင့် ရေးဆွဲပြဋ္ဌာန်း၍ ချင်း၊ ကချင်နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးတို့၏ ပကတိတည်ရှိခွင့်နှင့် လွတ်လပ်စွာ ရပ်တည်ရှင်သန်ခွင့်တို့ကို အသိအမှတ်မပြုသည့်အပြင် အခြားတဖက်တွင်လည်း ပြည်တွင်းစစ်ကို ဖန်တီးဆင်နွှဲ၍ ထိုတိုင်းရင်းသားလူမျိုးများကို စစ်လက်နက်ဖြင့် တိုက်ခိုက်ချေမှုန်းကာ ၎င်းလူမျိုးများ၏ မျိုးဆက် တိမ်ကောပပျောက်ရေးကို တိုက်ရိုက် အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းသည်လည်း လက်ျာစွန်း မဟာလူမျိုးကြီးဝါဒီ ဖက်ဆစ်တို့၏ လုပ်ရိုးလုပ်စဉ်တစ်ခုပင် ဖြစ်ပါသည်။ ဖက်ဆစ်ဂျပန်တို့က အာရှသာ တန်းတူညီမျှရေးဟု ကြွေးကြော်လျက် အာရှတိုက်တစ်ခုလုံးကို စစ်မီးတိုက်အောင်သွင်း၍ သိမ်းပိုက်ခဲ့သကဲ့သို့ ဗိုလ်နေဝင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တဖက်မှာ ကြွေးကြော်လျက် ထိုတိုင်းရင်းသား လူမျိုးငယ်များ တိမ်ကောပပျောက်သွားအောင် စစ်မီးတိုက်၍ ပြည်တွင်းစစ်ကို ဆင်နွှဲခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် ဗိုလ်နေဝင်းသည် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ပြည်ထောင်စနစ်ဖြင့် ရေးဆွဲပြဌာန်းခဲ့ပြီး မဆလ တစ်ပါတီအာဏာရှင်စနစ်ကို အခိုင်အမာထူထောင်နိုင်သောအခါ ချင်းလူမျိုးတို့၏ အမျိုးသားသင်္ကေတဖြစ်သော ချင်းအမျိုးသားနေ့ကို ဖျက်သိမ်း၍ ချင်းပြည်နယ်နေ့အဖြစ် အစားထိုးကျင်းပရန် ချင်းပြည်နယ် ဒေသပါတီကော်မတီနှင့် ချင်းပြည်နယ်ပြည်သူ့ကောင်စီများကို ညွှန်ကြားခိုင်းစေခဲ့ပါသည်။ ဗိုလ်နေဝင်း၏ နက်ရှိုင်းကျယ်ပြန့်၍ အန္တရာယ်လည်း ကြီးမားလှသော ယင်းမဟာဗျူဟာကြီး၏ ရည်ရွယ်ချက်မှာ ချင်းအမျိုးသားနေ့ကို ဖျက်သိမ်းခြင်းဖြင့် ချင်းလူမျိုးတို့၏အမျိုးသားသင်္ကေတကိုတိုက်ရိုက်ဖျက်ဆီးနိုင်သကဲ့သို့ အခြားတဖက်တွင်လည်း ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်နေ့အဖြစ် အစားထိုး ကျင်းပခြင်းအားဖြင့် တစ်ပြည်ထောင်စနစ်ဖြင့် ရေးဆွဲပြဌာန်းခဲ့သော ၁၉၇၄ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ချင်းလူထုအား အတင်းအဓမ္မလက်ခံခိုင်းရာ ရောက်ပါသည်။

ယင်းလုပ်ရပ်သည် ခန္ဓာကိုယ်ကိုသတ်ဖြတ်ရုံမျှမက ၎င်း၏ ဝိဉာဉ်ကိုပါ ဖျက်ဆီးပစ်သော လုပ်ရပ်နှင့် တူညီနေပါသည်။ အကြောင်းမှာ တစ်ပြည်ထောင်စနစ်ဟူသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံမူအားဖြင့် ချင်းလူမျိုးများ အပါအဝင် အခြားတိုင်းရင်းသားလူမျိုးများ၏ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာရပ်တည်ရှင်သန်ခြင်းတို့ကိုအသိအမှတ်မပြုသောကြောင့် ခန္ဓာကိုယ်နှင့်တူညီသော ချင်းလူမျိုးများ၏ပကတိတည်ရှိခြင်းကိုအသိအမှတ်မပြုရုံသာမက၎င်း၏ဝိဉာဉ်နှင့်တူညီသော အမျိုးသားသင်္ကေတ ချင်းအမျိုးသားနေ့ကို ဖျက်သိမ်းရန် ကြိုးပမ်းနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ချင်းအမျိုးသားနေ့ကိုဖျက်သိမ်းရန်ကြိုးပမ်းခြင်းနှင့် အခြားအထိမ်းအမှတ်နေ့အဖြစ် အစားထိုးကျင်းပရန် ကြိုးပမ်းခြင်းများသည် ချင်းလူမျိုးတို့၏ ပကတိတည်ရှိခြင်းနှင့် လွတ်လပ်စွာရပ်တည်ရှင်သန်ခွင့်တို့ကိုအသိအမှတ်မပြုရုံမျှမက ချင်းလူမျိုးများ၏ အနာဂတ် မျိုးဆက်သစ်များ တိမ်ကောပပျောက်သွားရေးအတွက် ဖျက်ဆီးချေမှုန်းနေသော မဟာလူမျိုးကြီးဝါဒီတို့၏ လုပ်ရပ်ဖြစ်ကြောင်း ချင်းတမျိုးသားလုံး အထူးသတိထားရန် လိုအပ်နေပါသည်။

## နိဂုံး

ချင်းအမျိုးသားနေ့သည် ကမ္ဘာ့မြေမျက်နှာသွင်ပြင်တစ်နေရာတွင် ချင်းဆိုသော လူမျိုးတစ်မျိုး ပကတိ တည်ရှိနေကြောင်း ဖော်ညွှန်းပြသသည့် အထိမ်းအမှတ်သင်္ကေတတစ်ခု ဖြစ်ရုံမျှမက ထိုချင်းဆိုသော လူမျိုးများသည် ကုံလုံကြွယ်ဝသော ယဉ်ကျေးမှု၊ လေးနက်ခိုင်လုံသော သမိုင်းနောက်ခံများ အပြည့်အဝရှိ၍ မိမိတို့၏ အမျိုးသားရေးကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ပြဌာန်းခွင့်ရှိသော တိုင်းရင်းသား လူမျိုးတစ်မျိုးဖြစ်ကြောင်းကို ဖော်ပြသည့် အမျိုးသားသင်္ကေတတစ်ခုပင် ဖြစ်ပါသည်။

မည်သူမျှ ချင်းသမိုင်းတစ်ခုလုံးကို အာရုံဆောင်ဟောပြော၍လည်းကောင်း၊ စာပေဖြင့် ရေးသား၍လည်းကောင်း၊ အကုန်အစင်မှတ်တမ်းတင်နိုင်လိမ့်မည်မဟုတ်ပေ။ မည်သူမျှ ချင်းယဉ်ကျေးမှုအနှစ်သာရကို ဖော်ထုတ်တင်ပြနိုင်လိမ့်မည်မဟုတ်ပေ။ သို့ရာတွင် ချင်းလူမျိုးတို့အနေဖြင့် အမျိုးသားသင်္ကေတ တရပ်ဖြစ်သော ချင်းအမျိုးသားနေ့ကို ပါဝင်ဆင်နွဲခြင်း၊ သတိရကျင်းပခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် ချင်းသမိုင်းစဉ်တစ်ခုလုံး၊ ချင်းယဉ်ကျေးမှု အနှစ်သာရအားလုံးနှင့်တကွ ချင်းလူမျိုးတို့၏ အနာဂတ်မျိုးဆက်သစ်များ မတိမ်ကော မပျောက်သွားရလေအောင် ထိန်းသိမ်းကာကွယ်ရာရောက်ကြောင်း ဤအနှစ် (၅၀) ပြည့် ချင်းအမျိုးသားနေ့ အခါသမယတွင် ချင်းတမျိုးသားလုံးက ဆင်ခြင် အောက်မေ့သတိရရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

**ချင်းအမျိုးသားရေးစိတ်ဓါတ်**
**ပိုမိုနိုးကြားလာစေရေးအတွက် ရည်ရွယ်၍**
**စာရေးသူ၏**
**ချင်းအမျိုးသားတစ်ဦး ချင်းအမျိုးသားနေ့**
**ရွှေရတုသဘင်ဂျာနယ်ပါ ဤဆောင်းပါးအား**
**ပြန်လည် တင်ပြအပ်ပါသည်။**

ချင်းအမျိုးသားနေ့ ထာဝရတည်တံ့နိုင်ပါစေ..။

# တော်လှန်ရေး၏
# အက္ခရာ (၄) ချက်

❑ Salai Deirel

သက်ရှိသက်မဲ့အရာအားလုံး စက္ကန့်မှ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်စသည်ဖြင့် ဖြစ်ပျက် ပြောင်းလဲနေသည်မှာ လောကဓမ္မတာ၊ လောက၏ နိယာမများပင်ဖြစ်သည်။ ဥပမာ- သမိုင်းမတည်မီခေတ်၏ လူနေမှုအဆင့်အတန်းအထိ တိုးတက်ပြောင်းလဲလာခြင်း၊ လူတို့၏ အသက်အရွယ်အလိုက် အတွေးအခေါ်များ ပြောင်းလဲလာပုံများ၊ တဖက်တွင် ဖြစ်ပျက်ပြောင်းလဲခြင်းမရှိဘဲ တည်မြဲခြင်းများသည်လည်း လောကဓမ္မတာ၊ လောကနိယာမပင်ဖြစ်သည်။ ဥပမာ- ထာဝရဘုရားသခင်သည် ပြောင်းလဲခြင်းမရှိဘဲ တည်မြဲခြင်း၊ သက်ရောက်မှုတိုင်း၌ ၎င်းအားနှင့် တူညီသော တန်ပြန်သက်ရောက်မှုများ ရှိခြင်းသည် တည်မြဲခြင်း၏ နိယာမများပင် ဖြစ်သည်။

ထိုနည်းတူ တော်လှန်ရေးသည်လည်း ဖြစ်ပျက်ပြောင်းလဲခြင်းနှင့် ဖြစ်ပျက်ပြောင်းလဲခြင်းမရှိသော တည်မြဲခြင်းနိယာမများဖြင့် စုဖွဲ့ထားသောအရာဖြစ်သည်။ ဥပမာ-ကွန်ပြူတာခေတ် တော်လှန်ရေးများတွင် အသုံးပြုသော လူတို့၏အသုံးအဆောင်များဖြစ်သည့် လက်နက် ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေး ကိရိယာများ၊ နည်းပညာများနှင့် နည်းပရိယာယ်များ၊ တော်လှန်ရေးအဖွဲ့အစည်းများအားကိုင်တွယ်ပုံကိုင်တွယ်နည်း၊ ဦးဆောင်ပုံဦးဆောင်နည်းများသည် ဒေသတစ်ခုနှင့် တစ်ခု (သို့မဟုတ်) တစ်ဖွဲ့နှင့် တစ်ဖွဲ့ အားလုံးတူညီနိုင်ကြမည် မဟုတ်သော်လည်း ကြေးပိုင်ကျွန်ပိုင်ခေတ်၏ တော်လှန်ရေးများထက်စာလျှင် လက်နက်ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေး ကိရိယာများ၊ နည်းပညာများနှင့် နည်းပရိယာယ်များ၊ တော်လှန်ရေးအဖွဲ့အစည်းများအား ကိုင်တွယ်ပုံကိုင်တွယ်နည်း၊ ဦးဆောင်ပုံဦးဆောင်နည်းများတွင် များစွာ သာလွန်တိုးတက်နေပြီဖြစ်သည်။ ဤသည်မှာ ဖြစ်ပျက်ပြောင်းလဲခြင်း နိယာမများ၏ သာဓကတစ်ခုဟု ဆိုရမည်ဖြစ်သည်။

တော်လှန်ရေး၏သဘောသဘာဝသည်ဆန့်ကျင်ဖက်များ၏အားပြိုင်လွန်ဆွဲမှုပင်ဖြစ်သည်။ တနည်းအားဖြင့်အမှန်တရားနှင့်မှားယွင်းဖောက်ပြန်သောမတရားမှုများ၏အားပြိုင်လွန်ဆွဲမှုဖြစ်သည်နှင့်အညီ တော်လှန်ရေးခရီးစဉ်သည် ပန်းခင်းသောလမ်းပမာ မွှေးရနံ့ဖြာ၍ သာယာညက်ညောနေသည် မဟုတ်ပါ။ အဖုအထစ်၊ အကွေ့အကောက်၊ အတက်အဆင်း၊ အသေအပျောက် များပြားသလောက် အနှောင့်အယှက်၊ အတားအဆီး၊ အပျက်အစီးများဖြင့် ပြည့်နှက်နေပြီး သဘောတရားနှင့်လက်တွေ့ ပေါင်းစပ်ရာတွင် မဟပ်စပ်နိုင်သော ပြဿနာများလည်း ဒုနဲ့ဒေး ရှိပေသည်။ ဤသည်တို့မှာ အနနည်းတော်လှန်ရေး၌ဖြစ်စေ၊ အကြမ်းဖက် တော်လှန်ရေး၌ဖြစ်စေ မလွဲရှောင်သာဘဲ တွေ့ကြုံနေရသည့်ပြောင်းလဲခြင်းမရှိသည့်တည်မြဲသောနိယာမ၏ သာဓကပင် ဖြစ်သည်။

တော်လှန်ရေးအလုပ်သည် ခက်ခဲ ကြမ်းတမ်းသလောက် အလွန်နူးညံ့သိမ်မွေ့သော အလုပ်လည်းဖြစ်သည်။ တခါတရံ ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်လုပ်ဆောင်ရန်လိုအပ်သကဲ့သို့ တခါတရံ သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဖြေရှင်းရမည့် အလုပ်မျိုးလည်းဖြစ်သည်။ နေရာတိုင်း၊ အချိန်တိုင်း၌ ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ဖြေရှင်းရန် မဖြစ်နိုင်သကဲ့သို့ နူးညံ့သိမ်မွေ့စွာ အမြဲကိုင်တွယ်ဖြေရှင်းရန် မဖြစ်နိုင်ပေ။ အချိန်အခါ၊ နေရာဒေသ၏ လိုအပ်ချက်နှင့် တောင်းဆိုချက်များအရ ကိုင်တွယ်တတ်ရန်လည်းလိုအပ်ပေသည်။ လေ့နံ့ခါးထစ်ဝါဒမျိုးဖြင့်တရား

သေကျင့်သုံး၍ မဖြစ်နိုင်ချေ။

သို့သော် မျိုးချစ်စိတ်၊ ပေးဆပ်လိုသောစိတ်၊ တိုက်ရဲသော စိတ်နှင့် ခံယူရဲသော စိတ်ဓါတ်များသည် တော်လှန် ရေးလုပ်ကိုင်ရာ၌ တော်လှန်ရေးသမားအယောက်တိုင်း မပြောင်းမလဲ တရားသေခံယူထားရှိရမည့် တည်မြဲသော စိတ်ဓါတ်များ ဖြစ်သည်။ တော်လှန်ရေးတွင် စိတ်ပိုင်းဆိုင်ရာအရည်အချင်းပြည့်စုံကြံ့ခိုင်မှု (ပြည့်ဝမှု) နှင့် ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းပြည့်စုံမှုတွင် မည်သည်က ပိုမိုလိုအပ်သည်ဟူ၍ တရားသေ ပိုင်းခြားသတ်မှတ်၍ ရနိုင်မည် မဟုတ်ပေ။ သို့သော် ရုပ်ပိုင်းဆိုင်ရာအရည်အချင်း ပြည့်ဝမှုကို အဖွဲ့အစည်းအတွက် အကျိုးရှိရှိ ထိထိမိမိ သုံးတတ်ရန်မှာမူ စိတ်ပိုင်းဆိုင်ရာပြည့်ဝမှု လိုအပ်ပေသည်။ စိတ်ပိုင်းဆိုင်ရာပြည့်ဝမှသာ တော်လှန်ရေး၏ မူနှင့် ပေါ်လစီများ မှန်ကန်စွာ ချမှတ်နိုင်မည်ဖြစ်သလို ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများကိုလည်း မိမိအဖွဲ့အစည်းနှင့် မိမိလူမျိုးအတွက် တန်ဖိုးရှိရှိအသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးတွင် စိတ်ပိုင်းဆိုင်ရာ ကြွယ်ဝမှု (ပြည့်ဝမှု) သည် ရုပ်ပိုင်းဆိုင်ရာကြွယ်ဝမှုထက် ပို၍ အကျရာချသည်ဟု ဆိုရမည်ဖြစ်သည်။

## မျိုးချစ်စိတ်ဓါတ်

နိုင်ငံတစ်နိုင်ငံ၏ အစဉ်တိုးတက်ဖွံ့ဖြိုးမှုနှင့် ဆုတ်ယုတ်မှုများသည် ထိုနိုင်ငံရှိလူမျိုးများ၏ မျိုးချစ်စိတ်ဓါတ်အပေါ်မူတည်ကာ ဖြစ်ပျက်ပြောင်းလဲလျက် ရှိပေသည်။ မျိုးချစ်စိတ်ဓါတ် အစဉ်ရှင်သန်နေသော လူမျိုးများသည် အစဉ် တိုးတက်ဖွံ့ဖြိုးနေမည်ဖြစ်ပြီး မျိုးချစ်စိတ်ဓါတ်နည်းပါးသော သို့မဟုတ် မျိုးချစ်စိတ်ဓါတ်ကင်းမဲ့သော လူမျိုးများသည် တိုးတက်မှုမရှိဘဲ နောက်ဆုံးလူမျိုးပါ ပျောက်ကွယ်သွားမည်မှာ ဧကန်ပင်ဖြစ်သည်။ မျိုးချစ်စိတ်ဆိုင်ရာတွင် နာဇီမျိုးချစ်စိတ်ကဲ့သို့သော မျက်ကန်းမျိုးချစ်စိတ်ဓါတ်နှင့် အစွန်းရောက် မျိုးချစ်စိတ်ဓါတ်မျိုးကို မဆိုလိုပေ။

ထိုနည်းတူ စစ်မှန်သော အမျိုးသားတော်လှန်ရေးတရပ်သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်နေခြင်း သို့မဟုတ် နောင့်နှေးနေခြင်း သို့မဟုတ် ဆုတ်ယုတ်နေခြင်းများနှင့် ဖိနှိပ်ချုပ်ချယ်မှုများမှ မိမိလူမျိုးများအား လွတ်မြောက်စေလိုသော မျိုးချစ်စိတ်ဓါတ်အပေါ် အခြေခံကာ ပေါ်ထွက်လာသင့်သည်။ ထိုမျိုးချစ်စိတ်ဓါတ်အပေါ် အခြေမခံဘဲ ပေါ်ထွက်လာသောအမျိုးသားတော်လှန်ရေးသည်ပေါ်လစီမှအစလုပ်ပုံကိုင်ပုံအထိ မှားယွင်းတတ်သည်။

ထို့ကြောင့် စစ်မှန်သော တော်လှန်ရေးသည် မျိုးချစ်စိတ်ဓါတ်အပေါ် အခြေခံရမည်။ ထိုသို့အခြေခံမှသာ တော်လှန်ရေးကာလအတွင်း ကြုံတွေ့ခံစားနေရသော အခက်အခဲဒုက္ခပေါင်းမျိုးစုံတို့ကိုရင်ဆိုင်ကျော်လွှားအနိုင်ယူနိုင်မည်ဖြစ်သည်။ မျိုးချစ်စိတ်ဓါတ် သို့မဟုတ် အမျိုးသားရေးစိတ်ဓါတ် ဆိုသည်မှာ

(၁) မိမိလူမျိုး၏ အခြေခံရပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓါတ်

(၂) သူတပါးလူမျိုးခြားတို့၏ ကျူးကျော်ကျွန်ပြုမှုကို မလိုလားဘဲ တွန်းလှန်လိုသော စိတ်ဓါတ်

(၃) မိမိလူမျိုး၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းစဉ်လာများကို ကာကွယ်စောင့်ထိန်းလိုသော စိတ်ဓါတ်

(၄) မိမိလူမျိုးမိမိအမျိုးသားများ၏အကျိုးစီးပွားကိုဦးထိပ်ထားလိုသော စိတ်ဓါတ်၊ အကျိုးပြုလိုသော စိတ်ဓါတ်

(၅) ပူးပေါင်းဆောင်ရွက်၍ အကျိုးတူခံစားလိုသော စိတ်ဓါတ်

(၆) မိမိလူမျိုး၊ အမျိုးသားများကို မြှောက်စားလိုသော စိတ်ဓါတ်

(၇) မိမိအမျိုးကို ချစ်မြတ်နိုးသော စိတ်ဓါတ်တို့ဖြစ်သည်။

တော်လှန်ရေးသမား အယောက်စီတိုင်းသည် အထက်ပါ မျိုးချစ်စိတ်ဓါတ်များကို အခြေခံကာ တော်လှန်ရေးတွင် ရာနှုန်းပြည့် ပေးဆပ်သင့်သည်။

## ပေးဆပ်လိုသောစိတ်

မည်သည့်လုပ်ငန်းတွင်မဆို ၎င်းလုပ်ငန်း အောင်မြင်ရေးအတွက် တစ်ခုသော အတိုင်းအတာအထိ ပစ္စည်းအင်အား၊ ငွေအင်အား၊ လူအင်အား၊ အချိန်စသည်ဖြင့် လိုအပ်သည်များ လိုအပ်သလို အဆုံးရှုံးခံကာ ပေးဆပ်နိုင်ရမည် ဖြစ်သည်။ မည်သည့်အလုပ်တွင်မဆို ပေးဆပ်မှုမရှိဘဲ ရယူမှု မရှိနိုင်ပေ။ ပေးဆပ်မှု အနည်းအများ၊ ကြီးသည်ငယ်သည်သာ ကွာခြားမည်ဖြစ်သည်။

ထိုနည်းတူ တော်လှန်ရေးတွင်လည်း မိမိ၏ အသက်အိုး

အိမ်၊ စည်းစိမ်ဥစ္စာ၊ အချိန်စသည်များကို ရာနှုန်းပြည့် အကြွင်းမဲ့ ပေးဆပ်နိုင်ရမည်။ ပေးဆပ်ရဲရမည်။ ထိုသို့ ပေးဆပ်နိုင်မှ ပေးဆပ်ရဲမှုသာ တော်လှန်ရေးတွင် ရယူမှု (အောင်မြင်မှု) လည်းရှိမည်ဖြစ်သည်။ ပေးဆပ်ခြင်းမရှိဘဲ ရယူမှုမရှိနိုင်သလို လွတ်လပ်မှုလည်း မရနိုင်ပေ။

တော်လှန်ရေးသည် မိမိအတွက် ရယူပိုင်ဆိုင်ခြင်းမဟုတ်ဘဲ အမျိုးသားပြည်သူများအတွက် ပေးဆပ်ခြင်းဖြစ်သလို တော်လှန်ရေးတရပ် ဆင်နွှဲရာ၌ တော်လှန်ရေးသမား အယောက်တိုင်းသည် မိမိအဖွဲ့အစည်းနှင့် အများပြည်သူအတွက် ရာနှုန်းပြည့် အကြွင်းမဲ့ပေးဆပ်နိုင်သော၊ ပေးဆပ်ရဲသောသူများ ဖြစ်သင့်သည်။ ပေးဆပ်ခြင်းမရှိသော၊ တနည်းအားဖြင့် ပေးဆပ်ခြင်းကိုမလိုလားဘဲ ရယူခြင်းသာလိုလားသော တော်လှန်ရေးသမားသည်တော်လှန်ရေးသမားကောင်းမပီသနိုင်သလိုတစ်ယောက်ချင်းစီကို အခြေခံကာ ပေါင်းဖွဲ့ထားသော ၎င်းတော်လှန်ရေးအဖွဲ့အစည်းကြီးသည်လည်း တိုးတက်မှုမရှိဘဲ ရပ်တန့်နေမည်သာဖြစ်သည်။ သမ္မာကျမ်းစာ လာသည့်အတိုင်း ပေးဆပ်ခြင်းသည် ရယူခြင်းထက် မြတ်သည်ဆိုသကဲ့သို့ ပေးဆပ်ခြင်းသည် တော်လှန်ရေး၏ အနှစ်သာရပင် ဖြစ်သည်။

**တိုက်ရဲသောစိတ်**

တော်လှန်ရေးသည် မျိုးချစ်စိတ်ဓါတ်ကို အခြေခံမည်ဖြစ်သော်လည်း အောင်မြင်မှုရရှိနိုင်ရန်မှာ တိုက်ရဲသော စိတ်ဓါတ်ရှိရန်လိုသည်။ အောင်မြင်မှုဆိုသည်မှာ တိုက်ရဲသောသူများအတွက်ဖြစ်သလို တိုက်ရဲသောသူများကို အောင်မြင်မှုက အမြဲစောင့်ကြိုနေပေသည်။ တိုက်ရဲသောစိတ်ဓါတ်ဟု ဆိုရာတွင် ရန်၊ ငါ၊ မိတ်ဆွေ ပြတ်ပြတ်သားသား ခွဲခြားပြီး တိုက်ရဲရမည်။ ပြတ်သားမှုမရှိဘဲ ဇဝေဇဝါ၊ မတည်မကျဖြစ်နေပါက တိုက်ပွဲတွင် မိမိအနေဖြင့် တပန်းရှုံးပြီး ဖြစ်သည်။

ရန်သူကို တိုက်ခိုက်ရာတွင် နေလိုမီးလို လောင်ကာ မညာမတာ ရဲရဲတောက် တိုက်ရဲရမည်။ ပြတ်ပြတ်သားသား တိုက်ခိုက်ရမည်။ စစ်ပါရဂူကြီးများ၏ အဆိုအမိန့်တွင် မိမိရန်သူကို တိုက်ခိုက်ရာတွင် အမုန်းတရားကို အခြေခံကာ မညာမတာ၊ ပြတ်ပြတ်သားသား တိုက်ခိုက်ရမည်ဟု ဆိုကြသည်။

ရန်သူကို မတိုက်ခိုက်မီ တနည်းအားဖြင့် ရန်သူနှင့်တိုက်ပွဲမဝင်မီ လောဘ၊ ဒေါသ၊ မောဟစသော မိမိ၏ အတ္တစိတ်များကို ပြတ်ပြတ်သားသား၊ မညာမတာ အရင်တိုက်ဖျက်ရန် အထူးလိုအပ်သည်။ ရန်သူကို အောင်မြင်ရန်မှာ လောဘ၊ ဒေါသ၊ မောဟစသော မိမိအတ္တစိတ်ကို အရင်အောင်နိုင်ရန် လိုသည်။ ထိုသို့ အောင်နိုင်ရန်မှာ မိမိကိုယ်ကိုမိမိ မညာမတာ၊ ပြတ်ပြတ်သားသား အရင်တိုက်ဖျက်ရမည်၊ တိုက်ရဲရမည်။ ထိုသို့ တိုက်ဖျက်အနိုင်ယူနိုင်မှသာ တော်လှန်ရေးတွင် ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေး ရွေးချယ်လက်ခံနိုင်မည် ဖြစ်သည်။

တော်လှန်ရေးသည် ရန်သူကို ပြတ်ပြတ်သားသား၊ မညာမတာ တိုက်ရဲရန်လိုသလို တော်လှန်ရေးလုပ်ငန်း မပြတ်သားသောသူ၊ မရိုးသားသောသူ၊ အချောင်ခိုတော်လှန်ရေးလုပ်စားသူ၊ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကို အပြုသဘောဖြင့် ပြတ်ပြတ်သားသားတိုက်ရဲရန် လိုအပ်ပေသည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေတတ်သော နားလည်မှု၊ အားနာမှု၊ လူမှုရေးဆန်လွန်းသော လူမှုဆက်ဆံရေးများကို အပြုသဘောဖြင့် ပြတ်ပြတ်သားသား တိုက်ရဲရမည်။ လူမှုရေးဆန်လွန်းသော ဆက်ဆံရေးများကို တိုက်ဖျက်ရမည်ဟုဆိုရာတွင် လူမှုရေးကို ဂရုမစိုက် လျစ်လျူရှုခြင်းမဟုတ်ဘဲ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများတွင် လူမှုရေးဆန်ဆန် ဆက်ဆံဆောင်ရွက်ခြင်းဖြင့် အချင်းချင်းအကြားတွင် အားနာမှုများ မျက်နှာပျက်စရာများစသော မလိုလားမှုများကို ဖြစ်ပေါ်စေတတ်ပြီး အလုပ်သဘော ဆက်ဆံခြင်းဖြင့် တစ်ယောက်နှင့် တစ်ယောက်ကြားတွင် အားနာစရာနှင့် မျက်နှာပျက်စရာများ ရှိလာတော့မည် မဟုတ်ပေ။ အမှိုက်ကအစပြုသာဒ်မီးလောင်တတ်သလိုအသေးအမွှားဟု ထင်မြင်ရသောအရာများသည် အဖွဲ့အစည်းလုပ်ငန်းဆောင်တာများ လုပ်ကိုင်ဆောင်ရွက်ရာတွင် မီးခဲပြာဖုံး ဖြစ်တတ်သည်ကို မမေ့အပ်ပေ။

**ခံရဲသောစိတ်**

တော်လှန်ရေးတွင် အောင်မြင်မှုများ ရယူနိုင်ရန်အတွက် တိုက်ရဲသောစိတ်ဓါတ်ရှိရန် လိုအပ်သလို ရေရှည် အောင်ပွဲရရှိရန်အတွက်မူ တော်လှန်ရေး၏ တုံ့ပြန်မှုရလဒ် (ဆိုး/ကောင်း) များကို ခံယူရဲရသည်။ ခံရဲသော စိတ်ဓါတ်ရှိရန်မှာ တော်လှန်ရေးတွင် ပို၍အရေးကြီးသည်။ ခံရဲသော စိတ်ဓါတ်ဆိုရာတွင် တော်

လုပ်ရေး၏ အသေအပျောက်၊ အပျက်အစီး၊ အနှောင့်အယှက်၊ ဆုံးရှုံးမှုစသော အခက်အခဲ၊ အကြပ်အတည်းများကို ရဲရဲရင်ဆိုင်ရမည်ဖြစ်သလို တော်လှန်ရေး၏အပျော်အပါးဒဏ်များကိုလည်း အပြုံးမပျက် ရဲရဲခံယူရဲရမည်။ ခံနိုင်ရမည့်အချို့သော တော်လှန်ရေးသမားများသည် တော်လှန်ရေး၏ အခက်အခဲ၊ အကြပ်အတည်းဒဏ်များကို ခံနိုင်ရည်ရှိသော်လည်း၊ မခံနိုင်သော်လည်း တော်လှန်ရေး၏ အပျော်အပါးဒဏ်နှင့် အောင်မြင်မှုဒဏ်၊ ကျော်ကြားမှုဒဏ်များကိုမူ ခံနိုင်ရည်နည်းပါးကြပြီး မခံနိုင်ကြသည်ကို တွေ့ရသည်။

ထို့အပြင် တော်လှန်ရေးကာလ၏ ကာလရှည်ကြာမှုကိုလည်း ခံနိုင်ရည်မရှိကြပါ။ လူ့သဘာဝအရ အချိန်တိုတိုအတွင်း ကြီးမားသော အောင်မြင်မှုများ ရယူလိုကြသည်။ ရယူချင်ကြသည်။ အခု ရေတွင်းတူး ခုရေကြည်သောက်ချင်ကြသည်။ တော်လှန်ရေးကာလအတွင်း ဖြစ်ပေါ်လာသော အခြေအနေအတိုင်း (ရလဒ်တိုင်း) တွင် အရှုံးနှင့်အနိုင်၊ အဆိုးနှင့်အကောင်း ဒွန်တွဲဖြစ်ပေါ်တတ်သည်ချည်း ဖြစ်သည်။ အနိုင်ရနိုင်သလို ရှုံးနိုင်သည်။ ဆုံးရှုံးနိုင်သလို ရေရှည်လည်း ဖြစ်နိုင်သည်။ တော်လှန်ရေးကာလသည်ရေတိုဖြစ်နိုင်သလိုရေရှည်လည်းဖြစ်နိုင်သည်။ ထိုနည်းတူ ရေရှည်ဖြစ်နိုင်သောအချိန်မှာပင် ရေတိုလည်းဖြစ်နိုင်သည်။ အကောင်းဖြစ်နိုင်သည့် အချိန်တည်းမှာပင် အဆိုးလည်းဖြစ်နိုင်သလို အဆိုးဖြစ်နိုင်သည့်အချိန်မှာပင် အကောင်းလည်း ဖြစ်နိုင်သည်။

ထို့ကြောင့် တော်လှန်ရေးများသည် အကောင်း (အောင်မြင်မှု) အတွက် ယုံကြည်မှုအပြည့်ဖြင့် ရှေ့သို့ချီတက်တော်လှန်နေချိန်တွင် အဆိုး (ဆုံးရှုံးမှု) အတွက်ပါ ကြိုတင်ပြင်ဆင်မှု ရှိရမည်ဖြစ်သည်။

တော်လှန်ရေးတရပ် ဆင်နွှဲရာတွင် တော်လှန်ရေးသမားအယောက်စီတိုင်း၌ တော်လှန်ရေး၏ ဤအကွရာ ၄ ချက်ကို ရင်ဝယ်ပိုက်လျက် ဟန်ချက်ညီညီဖြင့် ပေါင်းစပ်နိုင်ခြင်းမရှိဘဲ တစ်ခုခု ချို့ယွင်းနေပါက ၎င်းတော်လှန်ရေး အဖွဲ့အစည်းကြီးသည်လည်း တော်လှန်ရေးအဖွဲ့အစည်းကောင်း ဖြစ်နိုင်မည် မဟုတ်တော့ပေ။

၀၀၀၀၀

↳ စာမျက်နှာ (၁၀၂) မှ

လျှင် သတ္တိမရှိသော လူမျိုး၊ အားမကိုးထိုက်သော လူမျိုးဟု ဒိုင်မျိုးနွယ်စုသမိုင်းတွင် အထင်သေး အမြင်သေး ခံရမည်ဖြစ်သည်။ သို့ဖြစ်၍ ခိုလှုံလာသူသည် မိမိတို့ လူမျိုး၊ မိမိတို့ ရပ်ရွာကို အားကိုးယုံကြည်၍ ခိုလှုံလာခြင်းဖြစ်သဖြင့် ဆင်းရဲချမ်းသာမရွေး ခိုလှုံခွင့်ပေးကြပြီး သူ၏ ပြဿနာများနှင့် အမှုကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးရသည်။ ဤသို့သော အမှုမျိုးများ ဖြေရှင်းပေးနိုင်စွမ်းရှိမှသာ လူမျိုး၏ သစ္စာရှိမှု၊ အားကိုးယုံကြည်ထိုက်မှုနှင့် သတ္တိရှိသော လူမျိုးအဖြစ် သတ်မှတ်ကြပြီး မိမိတို့၏ သမိုင်း၌ သားစဉ်မြေးဆက် ချီးမွမ်းဂုဏ်တင်ခံခဲ့ရသည်။

အချုပ်အားဖြင့် ဒိုင်မျိုးနွယ်စု၏ ဓလေ့ထုံးစံများသည် တမူထူးခြားမှု များစွာရှိသည်။ မိမိတင်ဆက် ရေးသားသော အချက် (၂) ချက်သည်လည်း ပြီးပြည့်စုံခြင်း မရှိသေးပေ။ မည်ကဲ့သို့ ဖြစ်စေကာမူ လူမျိုးတိုင်းတွင် မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ ကျင့်သုံးထိန်းသိမ်းခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ ရှိသူတိုင်းသည် လူမျိုးတစ်မျိုးဖြစ်သည်။ ထိုရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကျင့်သုံးခြင်းသည် လူမျိုးတစ်မျိုး၏ မြင့်မြတ်ခြင်းနှင့် ထိုလူမျိုးတို့၏ ရပ်တည်လာမှုကို သရုပ်ဖော်သည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း ချင်းမျိုးနွယ်စုအားလုံး၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကိုလည်း အခြေခံလေ့လာသင့်ကြောင်း မီးမောင်းထိုး တင်ပြအပ်ပါသည်။

---

c\i; t r\K;o m;*\me , t w u
u mwe;? uA\m? aqm i;yg;r\m; u
t * v yp m? jre r mp m Ep b m o mjz i
t c\e r a&; v u c v u &N y; pm r r\m; u
a t m u y g t ;ar; v yp m o ay;yE i y g o n/

✉ cnfinfo88@gmail.com

o w i ;E i jye\ u m;a&;X me
c\i; t r\K;o m;wy0;

# ဒိုင်မျိုးနွယ်စု ဓလေ့ထုံးစံမှ

## t r;pyjci; (Tai) Ei tr or [w &m (Khaw or Im lut) wi
## cvci taumi; wapwapmi;



qvi; iye; ('iaco)

ချင်းပြည်နယ်တွင် ဒိုင်မျိုးနွယ်စုများသည် လူသိနည်းလှသည်။ ဒိုင်မျိုးနွယ်စုများသည် ချင်းပြည်နယ်၏ မြို့နယ် (၄) မြို့နယ်တွင် ပြန့်ကျဲ နေထိုင်ကြသည်။ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝ မြို့နယ်များတွင် နေထိုင်ကြသည်။ ထို့အပြင် ရခိုင်ပြည်နယ်များတွင်လည်း ရှိကြသည်။ မင်းတပ်မြို့နယ်တွင် ကျေးရွာပေါင်း (၂၂) ရွာခန့်၊ ကန်ပက်လက်မြို့နယ်တွင် မကွီးအီနူးမြို့အပါအဝင် ကျေးရွာပေါင်း (၂၃)၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တွင် (၃၅) ရွာခန့်နှင့် ရခိုင်ပြည်နယ်တွင် (၄၀) ရွာခန့်ရှိသည်။ စုစုပေါင်း လူဦးရေ ၈၀၀၀၀ မှ ၁၀၀၀၀၀ (ရှစ်သောင်း မှ တစ်သိန်း) ကျော်ခန့်ရှိမည်ဟုခန့်မှန်းရသည်။ ထို့ကြောင့် မသိကြသေးသော ချင်းလူမျိုးများအတွက် ဒိုင်မျိုးနွယ်စု၏ ဓလေ့ အနည်းငယ်ကို တင်ဆက်လိုက်ပါသည်။

**အမျိုးဖွဲ့စည်းခြင်း သို့မဟုတ် အမျိုးစပ်ခြင်း (Tai)**

Tai သည် ဟားခါး စကားဖြင့် "Kawi" ဟု အဓိပ္ပါယ်ရသည်။ "Tai" ဆိုသည်မှာ သွေးသောက် သစ္စာဆိုခြင်းဖြင့် အမျိုးတော်စပ်ရန် သူ့အမျိုး၊ ကိုယ့်အမျိုး ပေါင်းစပ်ခြင်းဖြစ်သည်။ တနည်းအားဖြင့် အခြားလူမျိုးများကို သွေးသောက် ဆွေမျိုးဖွဲ့စည်းပြီး သွေးရင်းသားရင်း ညီအစ်ကို မိသားစုတစ်ခု ဖွဲ့စည်းထားခြင်းဖြစ်သည်။ "Tai" ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်မှာ လူမျိုးခြားကို လူမျိုးတစ်မျိုးကဲ့သို့ ပေါင်းစည်းပြီး အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

"Tai" ပြုလုပ်ရန်တွင် လူမျိုး၊ နယ်မြေမရွေး၊ အရေအတွက် အကန့်အသတ်မရှိ၊ ချစ်ခင်ညီညွတ်မှု ရှိသူတိုင်းနှင့် ရန်သူဖြစ်၍ တစ်ဦးနှင့်တစ်ဦး ရန်ပြုတိုက်ခိုက်မှုဖြစ်ပြီး စစ်ပြေငြိမ်းပြုလုပ်သည့်အခါ ထာဝရငြိမ်းချမ်းမှု တည်ဆောက်နိုင်ရန် စသည့် အချက်နှစ်ကို အခြေခံပြီး ပြုလုပ်ကြသည်။ ဤသို့ Tai ဖွဲ့ပြုရာတွင် (၁) ဝက်တစ်ကောင် သို့မဟုတ် ခွေးတစ်ကောင်၊ (၂) သက်သေခံပစ္စည်း (မောင်း) တစ်ခုခု၊ (၃) ခေါင် (Zu) အိုးတစ်လုံး၊ (၄) ကြက်တစ်ကောင် မရှိမဖြစ် လိုအပ်သည်။ သို့ရာတွင် "Tai" ခေါ် သွေးသောက်ဆွေမျိုး ဖွဲ့ရာတွင် ပြုလုပ်သောပွဲကို "Tai Moi" or "Moi boh" ဟုခေါ်ကြသည်။

သစ္စာပြုရာတွင် မြားတစ်ချောင်းကို အတူတူကိုင်ဆုပ်ကာ ကြက်(အရှင်လတ်လတ်)၏ မျက်စိကို မြားဖြင့် ထိုးဖောက်ကာ သစ္စာဆိုကြပြီး၊ ခေါင် (Zu) ရည်ကို တစ်ခွက်စီ သောက်ကြရသည်။ "Tai Moi" လုပ်သူကသတ်သော တိရိစ္ဆာန်၏ အသည်း အမြစ်၊ ဂလီစာများကို ထမင်းနှင့်အတူ ခူးကျွေးသည်။ ထို့အပြင် "Tai" လုပ်ရသည့် သက်သေခံအဖြစ် မောင်း (သို့မဟုတ်) ပစ္စည်း




တစ်ခုခုကို ပေးအပ်ခဲ့သည်။ နောက် ၃-၄ နှစ်အကြာတွင် "Tai" ဖြစ်သူက ပြန်လည်ပေးဆပ်သည့် "Tai Moi" ကို ပြန်လည် ပြုလုပ်ရသည်။ ထိုနည်းဖြင့် ၅ နှစ်တစ်ကြိမ် ပြန်လည် ပြုလုပ်လေ့ရှိကြသည်။ "Tai" ဖြစ်ပြီးပါက တစ်ဦးနှင့် တစ်ဦး၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုးအပေါ်တွင် ကြီးလေးသော တာဝန်ဝတ္တရားများ ရှိလာကြသည်။ လူမျိုးနှစ်ခုကို ပေါင်းစပ်ပြီးဖြစ်ပါသဖြင့် မိသားစု သွေးရင်းသားရင်း ညီအစ်ကိုကဲ့သို့ အမွေဆက်ခံခွင့်အထိ ရှိလာသည်။ Tai ပြုလုပ်ပြီးလျှင် နှစ်ဖက်အမျိုးများ အားလုံးတွင် အောက်ပါတာဝန်နှင့် ဝတ္တရားများကို လိုက်နာကျင့်သုံးရပါသည်။ ၎င်းတို့မှာ-

- သေရေးရှင်ရေးကိစ္စ၊ ဘာသာရေး၊ လူမှုရေးကိစ္စ၊ သာရေးနာရေးကိစ္စနှင့် ပြဿနာကြီးငယ်စသည့် ကိစ္စအရပ်ရပ်များကို ပူးပေါင်း တာဝန်ယူရသည်။
- ဂလက်စားချေပေးခြင်း အပါအဝင် ရန်သူ၏လက်မှ အကာအကွယ်ပေးကြရသည်။
- အပြန်အလှန် ကူညီပံ့ပိုးမှု၊ အကျိုးတူလုပ်ငန်းလုပ်ဆောင်မှုအပြင် အမွေဆက်ခံပိုင်ခွင့်တာဝန်အထိ အခွင့်အရေးရှိသည်။

**ခိုလှုံခွင့်**

ယနေ့ကမ္ဘာတွင်နိုင်ငံရေးခိုလှုံမှု၊စစ်ပြေးခိုလှုံခွင့်၊စီးပွါးရေးခိုလှုံခွင့် စသည့် (ဒုက္ခသည်) အမျိုးမျိုး ပေးကြသည်ကို တွေ့ရပါသည်။ ထိုနည်းတူ ဒိုင်မျိုးနွယ်စုတွင်လည်း ရှေးမစွကပင် အကြောင်းအမျိုးမျိုးကြောင့် ထွက်ပြေးလာပြီး ခိုလှုံခွင့်တောင်းလာသူများကို အိမ်ပေါ်ခိုလှုံခွင့် (သို့မဟုတ်) ရပ်ရွာတွင် ခိုလှုံခွင့်ပေးကြသည်ကို တွေ့ရသည်။ ခိုလှုံလာသော သူကို အိမ်ရှင်နှင့်အမျိုးများကသော်လည်းကောင်း၊ ရွာလုံးကျွတ်ကသော်လည်းကောင်း အစစအရာရာ တာဝန်ယူ ဖြေရှင်းပေးရသည်။ မိမိတို့ဒိုင်နယ်တွင် အိမ်ပေါ်ခိုလှုံခွင့် (သို့မဟုတ်) ရပ်ရွာတွင် ခိုလှုံခွင့်သည် အကြမ်းအားဖြင့် (၄) မျိုး ရှိသည်ကို တွေ့ရသည်။

(၁) လူသတ်မှု (သို့မဟုတ်) ပြစ်မှုကြီး ကျူးလွန်မှုကြောင့်
(၂) သူများမယား ပြစ်မှားမှု (သို့မဟုတ်) မယားခိုးယူမှု
(၃) အစာရေစာ ခေါင်းပါးမှု
(၄) အမျိုးမျိုးသောရန်မှ ကင်းလွတ်ရန်စသည့် အမှု သို့မဟုတ် အကြောင်းများကြောင့် ခိုလှုံလာကြသည်။

ဤသို့ဖြင့် အထက်ဖော်ပြပါ အချက်များကြောင့် ခိုလှုံလာသူများကိုမလက်ခံရိုးမရှိပေ။ အကျိုးအကြောင်းစုံကို မေးမြန်းပြီး ခိုလှုံခွင့် ပေးကြသည်။

မိမိတို့ ဒိုင်မျိုးနွယ်စုများတွင် ဤကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် မိမိတို့ ရပ်ရွာ၊ မိမိတို့နေအိမ်တွင် ခိုလှုံခွင့်တောင်းခံလာသော တစ်ဦးတစ်ယောက်အား လက်မခံခြင်း၊ ခိုလှုံခွင့်မပေး

↺ စာမျက်နှာ (၁၀၀) သို့

# ygvDrefpepftpdk;&ESifhorwpepftpdk;&wdkY EdIif;,SOfavhvmjcif;

## A comparative Study of Parliamentary and Presidential Government

✍ *Lalramlauma*



### ၁။ ပါလီမန်စနစ် အစိုးရ

ပါလီမန်စနစ်အစိုးရကို ကဲဘိနက်စနစ်အစိုးရ သို့မဟုတ် ကိုယ်စားပြုအစိုးရဟုလည်း ခေါ်ဆိုကြပါသည်။ ဤစနစ်၌ စီမံခန့်ခွဲမှုအာဏာ Executive Power အားလုံးသည် အမည်ခံ နိုင်ငံတော်ဦးသျှောင်နှင့် ရွေးချယ်ခံ ကဲဘိနက်ဝန်ကြီးများ လက်ထဲ၌ တည်ရှိပါသည်။ ယေဘုယျအားဖြင့် ဝန်ကြီးများသည် ပုဂ္ဂလိကအရ သော်လည်းကောင်း၊ အုပ်စုလိုက်သော် လည်းကောင်း၊ ဥပဒေပြုရေးအဖွဲ့ဝင် Member of Legislature များ ဖြစ်ကြပြီး မိမိတို့ လုပ်ငန်းဆိုင်ရာနှင့် ပေါ်လစီပိုင်းဆိုင်ရာများ၌ တာဝန်ယူလေ့ရှိကြပါသည်။ ဥပဒေပြုရေးဆိုင်ရာအစည်းအဝေး Meeting of Legislature များ၌ အဖွဲ့ဝင်များအဖြစ် ပါဝင်တက်ရောက်ခွင့်ရှိပြီး၊ အမေးအဖြေများ ပြုလေ့ရှိပါသည်။ ဥပဒေပြုရေးဆိုင်ရာအမေးအဖြေများ၊မဲခွဲဆုံးဖြတ်ခြင်းမျိုး၊အယုံအကြည်မရှိအဆိုများအား ရင်ဆိုင်ဖြေရှင်းရပြီး လိုအပ်ပါက မိမိတို့ ဝန်ဆောင်သော ဌာနဆိုင်ရာများမှ လိုအပ်သလို နှုတ်ထွက်ခြင်းများလည်း ပြုလုပ်ရလေ့ရှိပါသည်။ ယေဘုယျအားဖြင့် ဝန်ကြီးများသည် အနိုင်ရပါတီအတွင်းမှ ယုံကြည်စိတ်ချရသူများနှင့် ဥပဒေပြုရေးဆိုင်ရာ အဖွဲ့ဝင်များမှလည်း ရွေးချယ်တင်မြှောက်လေ့ရှိပါသည်။ ဝန်ကြီး တစ်ဦးသည် ဌာနတစ်ခုနှင့် တစ်ခုထက်ပိုသော ဌာနများအား ကြည့်ရှု စောင့်ရှောက်လေ့ရှိပါသည်။

Garner "ကဲဘိနက်ဝန်ကြီးများသည် ချက်ချင်းလက်ငင်း သော်လည်းကောင်း၊ ဥပဒေ ဝန်ဆောင်မှုအရ သော်လည်းကောင်း၊ ဥပဒေပြုရေးအဖွဲ့၏ အဖွဲ့ခွဲတစ်ခုဖြစ်၍ ယေဘုယျအားဖြင့် လူထုလွှတ်တော်၊ အောက်လွှတ်တော်မှ ပိုမိုဖြစ်လေ့ရှိပြီး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် ပေါ်လစီများ၌ ဝန်ဆောင်လေ့ရှိကာ မိမိရွေးချယ်ခံရသော မဲဆန္ဒနယ်မြေအား တာဝန်ခံကြပြီး နိုင်ငံတော်အတွက် တာဝန်ယူ အမှုထမ်းဆောင်သူများလည်း ဖြစ်ကြသည်။"

ပါလီမန်စနစ်အစိုးရသည် ဗြိတိသျှမှအစပြုကာ နိုင်ငံများစွာ၌ လက်တွေ့ ကျင့်သုံးနေကြပါသည်။ ဥပမာ- အိန္ဒိယ၊ အင်္ဂလန်၊ ကနေဒါ၊ ဒိန်းမတ်၊ သြစတေးလျ၊ ဘဲလ်ဂျီယမ်၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများတွင် ကျင့်သုံးနေကြပါသည်။

### ပါလီမန်စနစ်အစိုးရ၏ ကြန်အင်လက္ခဏာများ

### ၁။ နိုင်ငံတော်ဦးသျှောင်သည် အမည်ခံ/တာဝန်ခံ ဦးသျှောင်ဖြစ်ခြင်း။

နိုင်ငံတော်ဦးသျှောင်သည် နိုင်ငံတော်၏ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဖြစ်ပြီး ရွေးချယ်ခံသော်လည်းကောင်း၊ အမွေဆက်ခံခြင်းမှသော်လည်းကောင်း၊ တက်လာသောသူများ ဖြစ်ကြသည်။ အစိုးရ၏ စီမံခန့်ခွဲမှုဆိုင်ရာ အာဏာအားလုံးနီးပါးအား နိုင်ငံတော်ဦးသျှောင်ထံ၌ သဘောတရားအားဖြင့် ဆက်ကပ်အပ်နှံလေ့ရှိသော်လည်း စင်စစ်၌ လက်တွေ့ ကျင့်သုံးသောသူသည် စီမံခန့်ခွဲမှုအဖွဲ့၌ တည်ရှိပါသည်။ ဂုဏ်ထူးဆောင် နိုင်ငံတော်ဦးသျှောင်သည် အမြဲတမ်းဝန်ကြီးများကောင်စီအား အကြံပေးလေ့ရှိပြီး မိမိကိုယ်ပိုင်သဘောဖြင့် မည်သည့်အာဏာမျှကျင့်သုံး

လေ့မရှိ။ လက်တွေ့တွင် ဝန်ကြီးများကောင်စီသည် နိုင်ငံတော် ဦးသျှောင်၏ အာဏာအား ကျင့်သုံးနေသောသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဝန်ကြီးများကောင်စီ၏ အတည်ပြုခြင်းမရှိဘဲ နိုင်ငံတော်ဦးသျှောင်သည် မည်သည့်အရာမျှ ပြုလုပ်လေ့မရှိပါ။

### ၂။ ဥပဒေပြုရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့ ထိစပ်ဆက်ဆံနေခြင်း

စီမံခန့်ခွဲရေးအဖွဲ့ (ကဲဘိနက်ဝန်ကြီးများအဖွဲ့) အားလုံးသည် ဥပဒေပြုရေးအဖွဲ့ဝင် Legislature များ ဖြစ်ကြပြီး ပါလီမန် အစည်းအဝေးများ၌ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြကာ အမေးအဖြေများ ပြုခွင့်၊ မဲပေးပိုင်ခွင့်နှင့် မိမိတို့၏ အဆိုပြုတင်ပြချက်မူကြမ်းများ Draft & Bill တင်သွင်းခွင့် ရှိကြပါသည်။ ထို့ကြောင့် ကဲဘိနက်ဝန်ကြီးများသည် စီမံခန့်ခွဲရေးအဖွဲ့ဝင် Executive များ ဖြစ်သည့်အပြင် ဥပဒေပြုရေးအဖွဲ့ဝင်များလည်း ဖြစ်ကြပါသည်။

### ၃။ ကဲဘိနက်ဝန်ကြီးများ၏ တာဝန်ခံဆောင်မှု

ကဲဘိနက်ဝန်ကြီးများသည် ဥပဒေပြုရေးအဖွဲ့တရပ်လုံး (ပါလီမန်တရပ်လုံး) ၏ ယုံကြည်စိတ်ချမှု ရှိနေသရွေ့ စီမံခန့်ခွဲပိုင်ခွင့်အာဏာ လက်ဝယ် ရှိနေကြရမည် ဖြစ်သည်။ သို့သော် ပါလီမန်အတွင်း မိမိပါတီသည် အများစုပါတီမှ အနည်းစုပါတီ ဖြစ်သွားခြင်း၊ အယုံအကြည်မရှိ အဆိုတင်သွင်းခံရခြင်းများနှင့် အခြား အကြောင်းကြောင်းများကြောင့် ရင်ဆိုင်နေရသော ပြဿနာကြောင့် အရေးနိမ့်ခြင်းများခံရပါက ၎င်းတို့ကိုင်ဆောင်သော အာဏာများ၊ အစိုးရဌာနများအား မိမိပါတီထံ ပြန်လည်ပေးအပ်ခြင်း၊ နုတ်ထွက်ပေးရခြင်းမျိုးအထိ တာဝန်ခံဆောင်ရွက်ရမည် ဖြစ်သည်။

### ၄။ ကဲဘိနက်ဝန်ကြီးများ၏ သက်တမ်း ကန့်သတ်မှုမရှိခြင်း

ကဲဘိနက်ဝန်ကြီးများ၏ဝန်ကြီးသက်တမ်းသည်တိုက်ရိုက်ကန့်သတ်မှုမရှိဘဲ၊ ဥပဒေပြုရေးအဖွဲ့မှ ဆန္ဒရှိသရွေ့သာ ဝန်ကြီးသက်တမ်းတည်မြဲသည်။ ဥပဒေပြုအဖွဲ့သည် ဝန်ကြီးများအား ၎င်းတို့ရာထူးမှ ဖယ်ရှားခြင်း၊ အနားယူစေခြင်း၊ အစားထိုးခြင်းများ ပြုလုပ်နိုင်သည်။ ဥပဒေပြုရေးအဖွဲ့ဝင်အများစုမှ အယုံအကြည်မရှိသော ဝန်ကြီး၊ ဝန်ကြီးများအားလုံးအား ဖယ်ရှားပိုင်ခွင့် ရှိသည်။

### ၅။ ဝန်ကြီးချုပ်ဦးဆောင်မှု

ပါလီမန်စနစ်၌ ဝန်ကြီးများနှင့် ၎င်းတို့၏ လုပ်ငန်းအားလုံးသည် ဝန်ကြီးချုပ် ဦးဆောင်မှုအောက်၌ တည်ရှိပြီး၊ ဝန်ကြီးချုပ်မှ တာဝန်ယူရပါသည်။ အောက်လွှတ်တော်မှ အနိုင်ရ အများစုပါတီဝင် အမတ်တစ်ဦးအား ဝန်ကြီးချုပ်အဖြစ် အဆိုပြုပြီး၊ ၎င်းဝန်ကြီးချုပ်မှ အခြားသောဝန်ကြီးများကို ပြန်လည်အဆိုပြု တင်သွင်းလေ့ရှိသည်။ ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများအား သမ္မတမှ အတည်ပြုမှု ပြုသည်။ ဝန်ကြီးချုပ်သည် ဝန်ကြီးများအဖွဲ့၏ ခေါင်းဆောင်ဖြစ်ပြီး ဝန်ကြီးများ၏ လုပ်ငန်းဆောင်တာများကို ကြည့်ကြပ်ကွပ်ကဲသည်။ ဝန်ကြီးတစ်ဦးဦးအားရာထူးမှဖယ်ရှား၊ ပြောင်းလဲ၊ အစားထိုးခြင်းများပြုလုပ်နိုင်သည်။ ကဲဘိနက်ဝန်ကြီးများကောင်စီအစည်းအဝေးကို ခေါ်ယူနိုင်သည်။ အယုံအကြည်မရှိအဆို တင်သွင်းခံရ၍ ရှုံးနိမ့်ခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင်းကြောင့် ဝန်ကြီးချုပ်ကိုယ်တိုင် ရာထူးမှ ဖယ်ရှားခံရပါက ဝန်ကြီးအဖွဲ့တစ်ဖွဲ့လုံး နုတ်ထွက်ပေးရပါသည်။

### ၆။ နိုင်ငံရေးအရ တလုံးတဝဖြစ်စေခြင်း (Political Homogeneity)

ဝန်ကြီးများအဖွဲ့ ဖွဲ့စည်းရာတွင် ဝန်ကြီးချုပ်မှ မိမိပါတီ တစ်ခုတည်းအတွင်းမှသာ ရွေးချယ်လေ့ရှိသဖြင့် ယူနစ်တစ်ခု အဖြစ် ထင်သာမြင်သာ ရှိသည်။ ဝန်ကြီးချုပ်နနှင့် အဖွဲ့ဝင်ဝန်ကြီးများသည် မိမိတို့ ပါတီပေါ်လစီ အကောင်အထည်ဖော်ရာ၌ တလုံးတဝတည်း ရှိနေကြပြီး ၎င်းပါတီ၏ အရေးပါအရာရောက်သော လက်နက်ကြီးသဖွယ် ရပ်တည်လေ့ရှိနေပါသည်။

### ၇။ လျှို့ဝှက်မှု ထိန်းသိမ်းခြင်း (Secrecy)

ကဲဘိနက် ဝန်ကြီးများ၏ လုပ်ငန်းဆောင်တာများသည် လျှို့ဝှက်မှု ရှိရမည်။ မည်သည့်ဝန်ကြီးမှ မိမိဆန္ဒသဘောဖြင့် ပြည်သူလူထုထံဖွင့်ချခွင့်မရှိ။ ၎င်းအတွက် ဝန်ကြီးအဖြစ် ခန့်အပ်

စဉ် ကျမ်းသစ္စာ ကျိန်ဆိုထားပြီး ဖြစ်သည်။ ဝန်ကြီးချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအား ခန့်အပ်ပြီး ၎င်းမှတဆင့် လူထုထံ ဖွင့်ချရမည်သာ ဖြစ်သည်။

### ပါလီမန်အစိုးရစံနစ်၏ အားသာချက်များ

### ၁။ ပိုမို၍ ဒီမိုကရေစီဆန်ခြင်း

ပြည်သူလူထုများမှ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်စစ်စစ်များဖြင့် ဖွဲ့စည်းထားသော ပြည်သူ့ကိုယ်စားပြုအစိုးရ ဖြစ်သောကြောင့် ဒီမိုကရေစီအကျဆုံးစနစ် ဖြစ်သဖြင့် ဒီမိုကရေစီအစိုးရဟု ခေါ်ဆိုနိုင်ပါသည်။ ကဲဘိနက်ဝန်ကြီးများသည်လည်း အရွေးချယ်ခံ ဥပဒေပြုရေးအဖွဲ့ဝင်များမှ ဖြစ်ကြသဖြင့် အစိုးရ၏ လုပ်ငန်းဆောင်တာများ၊ ပေါ်လစီများသည်လည်း ပြည်သူ့ဆန္ဒလုပ်ငန်းများ၊ ပေါ်လီစီများအဖြစ် မြင်သာနိုင်ပါသည်။

### ၂။ ဥပဒေပြုရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့အကြား လိုက်လျောညီထွေမှု ရှိခြင်း

ပါလီမန်မှ အတည်ပြုသော ဥပဒေအားလုံးသည် ဥပဒေပြုရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ (ကဲဘိနက်ဝန်ကြီးများအဖွဲ့) တို့ပေါင်း၍ အတည်ပြုခြင်းဖြစ်သဖြင့် ၎င်းအဖွဲ့ နှစ်ရပ်အတွင်း လိုက်လျောညီထွေမှု ပေးပါသည်။ ကဲဘိနက်ဝန်ကြီးများ၏ လုပ်ငန်းဆောင်တာများသည် ဥပဒေပြုရေးအဖွဲ့၏ ဆန္ဒသဘောထားများဖြစ်ပြီး ဝန်ကြီးများနှင့် ၎င်းတို့ လုပ်ငန်းအပေါ် အယုံအကြည်မရှိ အဆိုသွင်းခွင့်ရပြီး ဝန်ကြီးအနေဖြင့် အရေးမသာပါကရာထူးမှနုတ်ထွက်ပေးရမည်ဖြစ်သည်။ ဤစနစ်တွင် ဥပဒေပြုအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့များအကြား ခွဲခြမ်းမှုမရှိဘဲ အဖွဲ့အစည်းတဖွဲ့အတွင်းမှ ဖြစ်ကြပြီး၊ အပြန်အလှန် အမှီသဟဲ ပြုမှုရှိပြီး လုပ်ငန်းဆောင်တာများတွင် လိုက်လျောညီထွေ ရှိနိုင်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

### ၃။ တာဝန်ခံအစိုးရ ဖြစ်ခြင်း

ကဲဘိနက်ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသော ကဲဘိနက်အစိုးရသည် တဆင့်တာဝန်ခံ အစိုးရတရပ်သာ ဖြစ်သဖြင့် အာဏာရှင်ဖြစ်ရန် အခွင့်အလမ်း မရှိပေ။ ဥပဒေပြုအဖွဲ့မှ လွှတ်တော်အတွင်း ဝန်ကြီးများအား မေးခွန်းများ ဆင့်ပွားမေးခွန်းများ တိုက်ရိုက်မေးခွင့်ရှိပြီး ၎င်းတို့ကြည့်ရှုစောင့်ရှောက်သော အစိုးရဌာနအသီးသီးများအားလည်းဝေဖန်ဆွေးနွေးခွင့်ရှိသည်။ ဤသို့ဆွေးနွေးရာ၌ ဥပဒေပြုအဖွဲ့မှ အယုံအကြည်မရှိတော့ပါက ဝန်ကြီးတစ်ဦးချင်းစီသော်လည်းကောင်း၊ ဝန်ကြီးချုပ်အပါအဝင် အစိုးရတရပ်လုံး သော်လည်းကောင်း၊ ရာထူးမှ နုတ်ထွက်ပေးရမည်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်း အကြောင်းရင်းသည် အစိုးရသည် ပြည်သူ့သဘောထား၊ ပြည်သူ့ဆန္ဒအရသာ ပေါ်ပေါက်လာရန်ဖြစ်ပြီး ပြည်သူ့ဆန္ဒအား ဗီလာဆန့်ကျင်ခွင့်မရှိကြောင်း ပြသနေပါသည်။ ဤစနစ်သည် ပြည်သူ့ရွေးချယ်ခံ ကိုယ်စားလှယ်များမှတဆင့် တာဝန်ခံအစိုးရ စနစ်ဖြစ်ပြီး အမြဲတမ်း ပြည်သူ့အစိုးရအဖြစ် ရပ်တည်ရန်သာဖြစ်ကြောင်း ပြသနေပါသည်။

### ၄။ စွမ်းအားရှိသော အစိုးရ

ဤစနစ်တွင် အစိုးရဦးဆောင်ဖြစ်သော ဝန်ကြီးချုပ်နှင့် ကဲဘိနက်ဝန်ကြီးများသည် ပြိုင်ဖက်ပါတီများအား အနိုင်ရပြီး လူများစုပါဝင်သော ပါတီမှ တက်လာသောသူများ ဖြစ်ကြသဖြင့် စွမ်းအားရှိသောအစိုးရကို ဖွဲ့နိုင်ကြလေ့ရှိပါသည်။ ဥပဒေပြုရေးအဖွဲ့ဝင်များတွင်လည်း အနိုင်ရပါတီအတွင်းမှလူများ အများစုဖြစ်သဖြင့် ကဲဘိနက်အစိုးရအတွက် မိမိကိုယ်မိမိ ယုံကြည်စိတ်ချစွာဖြင့် အစိုးရတာဝန် ထမ်းဆောင်နိုင်ကြပါသည်။

### ၅။ အချိန်မှန် ပြောင်းလဲပေးသော အစိုးရစနစ်

ပုံမှန်နှင့် အချိန်မှန် အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းအားဖြင့် ပြည်သူလူထုမှ စိတ်ကြိုက်အစိုးရ ရွေးချယ်ခွင့်ရှိသည်။ လက်ရှိအစိုးရအား ပြည်သူမှ ရွေးကောက်ပွဲဖြစ် အစိုးရသစ်ပြောင်းလဲပိုင်ခွင့် ရှိသည်။ ၎င်းအပြင် လက်ရှိအစိုးရအား ပါလီမန်အတွင်း အယုံအကြည်မရှိအဆို တင်သွင်းကာ မဲခွဲဆုံးဖြတ်ပြီး အစိုးရအသစ်ဖွဲ့စည်းခွင့်လည်း ရှိပေသည်။ ထို့ကြောင့် ပြည်သူလူထုမှ အစိုးရအား မိမိနှစ်သက်သောပုံ သွင်းနိုင်ပါသည်။ သို့သော် အရေးပေါ်အခြေအနေနှင့် စစ်မက်ဖြစ်ပွားသော အချိန်များ၌နိုင်ငံတော်အကျိုးကိုရှေးရှုပြီးရွေးကောက်ပွဲအားရွှေ့ဆိုင်းနိုင်ခွင့်လည်း ရှိပါသည်။

### ၆။ လူထုဆန္ဒအား ပိုမိုတာဝန်ခံသော အစိုးရစနစ်

ဤစနစ်တွင် အနိုင်ရပါတီမှ အစိုးရဖွဲ့သော်လည်း အနိုင်မရသောပါတီများမှ အမတ်များလည်း ပါလီမန်အဖွဲ့ဝင် (ဥပဒေပြုအဖွဲ့ဝင်) များ ဖြစ်နေကြပါသည်။ ၎င်းအမတ်များသည် ပါလီမန်အတွင်း ပြိုင်ဖက်အုပ်စုအဖြစ် ရပ်တည်နေကြပြီး အစိုးရအဖွဲ့၏ အားနည်းချက်များ၊ ဟာကွက်များအား စောင့်ကြည့်နေပြီး ထိုးနက်နေကြပါသည်။ပြိုင်ဖက်ပါတီများသည်အစိုးရအားနည်းစေပြီး မိမိပါတီ အားသာစေရန် ပြည်သူလူထုနှင့် အမြဲတမ်းပူးပေါင်းနေရန် ကြံရွယ်လေ့ရှိနေပါသဖြင့် အစိုးရအဖွဲ့မှလည်း ပြည်သူလူထုမှ ဖိအားပေး ထိုးနက်ခြင်းများ မရှိရန် သတိထားနေရသဖြင့် ပိုမို၍ လူထုဆန္ဒအား တာဝန်ယူဆောင်ရွက်ရန် ကြိုးစားနေရပါသည်။

### ၇။ ပိုမို၍ နိုင်ငံရေးပညာပေးခြင်း

ပါတီဝင်ပုဂ္ဂိုလ်များမှ မိမိပါတီအင်အား ကြီးမားလာရန်နှင့် ရွေးကောက်ပွဲတွင် အနိုင်ရရန် ပြည်သူလူထုထံ၌ ပါတီပေါ်လစီ၊ နိုင်ငံရေးရာများကို ပြောဆိုဆွေးနွေးလေ့ရှိသဖြင့် ပြည်သူများမှ နိုင်ငံရေးအသိတရားများ စဉ်ဆက်မပြတ် ပြုလုပ်နေရမည် ဖြစ်ပါသည်။ မိမိပါတီ အနိုင်ရသော် တိုင်းရေးပြည်ရေးများ၊ ပေါ်လစီများအပေါ် အနိုင်ရပါတီ၏ လုပ်ငန်းဆောင်တာများအကြောင်း၊ ပါတီပေါ်လစီများတွင် ပြည်သူထောက်ခံမှု ရရှိနေနိုင်ရန် ဟောပြော ဆွေးနွေးနေမည်ဖြစ်ပြီး၊ ပြိုင်ဖက် ပါတီဝင်များမှလည်း လက်ရှိ အာဏာရပါတီ၏ အားနည်းချက်များ၊ ပျက်ကွက်မှုများအား ဟောပြောနေမည်ဖြစ်သဖြင့် ပြည်သူလူထုမှ အမြဲတမ်း စဉ်ဆက်မပြတ် နိုင်ငံရေးအသိပညာ ပွားများနေနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထုမှလည်း နိုင်ငံရေးရာများ၌ ကိုယ်တိုင်ပါဝင်ခွင့် အမြဲရှိနေပါသည်။

### ၈။ အစိုးရသည် နိုင်ငံတော်၏ မျက်နှာဖုံးဖြစ်နေခြင်း

ပါလီမန်စနစ်အစိုးရအား ခေတ်သစ် အရစ္စတိုကရေတစ်အစိုးရ (Aristocratic Government) ဟုလည်း သမုတ်ကြပါသည်။ ဤစနစ်တွင် ဝန်ကြီးချုပ်သည် အစိုးရတရပ်လုံးအား၌ အုပ်ချုပ်နိုင်စွမ်းရှိသူ၊ ထင်ပေါ်ကျော်ကြား၍ အများယုံကြည်စိတ်ချခံရသူ၊ လူထုရွေးချယ်ခံရသူစသော အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်သည့်အပြင် ကဲဘိနက် ဝန်ကြီးများသည်လည်း အရွေးချယ်ခံပုဂ္ဂိုလ် ဖြစ်သည့်အပြင် စွမ်းစရှိပြီး အရည်အချင်းများနှင့် ပြည့်စုံပြီး ဝန်ကြီးချုပ်မှ စိတ်ချခံရသူများ ဖြစ်ကြသဖြင့် အစိုးရအဖွဲ့တရပ်လုံး သော်လည်းကောင်း၊ ဝန်ကြီးများ တစ်ဦးချင်းစီသော်လည်းကောင်း၊ ထင်ပေါ်ကျော်ကြားသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ဤစနစ်အစိုးရသည် နိုင်ငံတော်မျက်နှာဖုံးအစိုးရအဖြစ် ရပ်တည်နိုင်ပါသည်။

## ပါလီမန်အစိုးရစနစ်၏ အားနည်းချက်များ

### ၁။ အာဏာခွဲခြမ်းခြင်း သီအိုရီအား ဆန့်ကျင်နေခြင်း

ပါလီမန်တစ်ခုအတွင်း၌ ဥပဒေပြုအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့များ အတူရှိနေခြင်းသည် အာဏာကြီး (၃) ခုအား ခွဲခြမ်းထားရမည်ဟူသော သီအိုရီအားဆန့်ကျင်နေပါသည်။စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေပြုရေးအဖွဲ့၌ ပါဝင်နေခြင်းသည် မိမိတို့ စိတ်ကြိုက်ဥပဒေပြုနေနိုင်သဖြင့် ပြည်သူလူထုအကြိုက်ထက် မိမိတို့အကြိုက်ကို ပို၍အရေးပေးနိုင်သော အခွင့်အရေး ရရှိနေပါသည်။ စီမံခန့်ခွဲရေးအဖွဲ့သည် အနိုင်ရပါတီဝင်များ ဖြစ်သည့်အပြင် ပါလီမန်အတွင်း အများစု နေရာရထားသူများ ဖြစ်ကြသဖြင့် မဲခွဲဆုံးဖြတ်သောအခါ အမြဲတမ်း အနိုင်ရနေနိုင်ကြပြီး အုပ်ချုပ်ရေးရာများ၌ အာဏာရှင်သို့ သွားနိုင်ပါသည်။

### ၂။ ကဲဘိနက် အာဏာရှင်စနစ် ဖြစ်ခြင်း

ပါလီမန်အစိုးရစနစ်သည် ပါတီအာဏာရှင်စနစ်ဖက်သို့ အမြဲတမ်း ယိမ်းယိုင်နေတတ်ပါသည်။ ပါလီမန်အတွင်း အနိုင်ရပါတီသည် အများစုဖြစ်ပြီး ပြိုင်ဖက်ပါတီများသည် အဖွဲ့တစ်ဖွဲ့တည်းမဟုတ်ကြသဖြင့် ခွဲခြားဆက်ဆံခံရခြင်း၊ အနိုင်ရပါတီများမှ အချို့သောအမတ်များအား သိမ်းသွင်းခြင်းများ ပြုနေနိုင်သဖြင့် ပြိုင်ဖက်ပါတီသည် အမြဲတမ်း အားပျော့နေနိုင်ပါသည်။ ထို့အပြင် အနိုင်ရပါတီမှ တဖက်သတ် မိမိစိတ်ကြိုက် ဥပဒေပြုနိုင်သောအခွင့်အရေး ရရှိနေပြီး ၎င်းဥပဒေအား မိမိ ကဲဘိနက် ဝန်ကြီးများမှ ကျင့်သုံးနေနိုင်သဖြင့် ကဲဘိနက်အာဏာရှင်စနစ် ဖြစ်နေတတ်ပါသည်။ ထို့အပြင် ဥပဒေပြုအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့

သည် ပူးပေါင်းပြီး အားသန်နေတတ်သဖြင့် တရားစီရင်ရေး (Judiciary) အဖွဲ့သည် အမြဲတမ်း မှေးမှိန်နေပြီး ပါလီမန်လက်အောက်၌ ကျရောက်လေ့ရှိနေပါသည်။

### ၃။ မတည်ငြိမ်သော အစိုးရစနစ်

ပုံမှန်ရွေးကောက်ပွဲအပြင် ပါလီမန်အတွင်း အယုံအကြည်မရှိအဆိုများအား ကဲဘိနက်အစိုးရမှ ရင်ဆိုင်နေရသဖြင့် တည်ငြိမ်သောအစိုးရ၊ နှစ်ရှည်ခံအစိုးရ ဖော်ဆောင်ရန် ခက်ခဲနေပါသည်။ ပါလီမန်အတွင်း နိုင်ငံရေးအဖွဲ့ဝင်များသည်လည်း နိုင်ငံရေးအဖွဲ့မဟုတ်သော ပြည်သူများမှ လွှမ်းမိုးနေလေ့ရှိပါသည်။ ထို့ကြောင့် အနိုင်ရပါတီအတွင်း၌လည်း ပြောင်းလဲမှု ရှိနေနိုင်ပါသည်။ ထို့ကြောင့် တည်ငြိမ်သောအစိုးရ ဖွဲ့စည်းနိုင်ရန် ခက်ခဲနေပါသည်။ ဥပမာ-ပြင်သစ်နိုင်ငံ၌ ပျမ်းမျှအားဖြင့် ကဲဘိနက်အစိုးရသက်တမ်းသည် ရှစ်လခန့်သာဖြစ်ပြီး ဗြိတိသျှ၌ သုံးနှစ်နီးပါးခန့်ဖြစ်သည်။

### ၄။ ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်မှု မရှိခြင်း

ကဲဘိနက်ဝန်ကြီးများသည် တာဝန်များလွန်းကြသဖြင့် ထိရောက်စွာ ထမ်းဆောင်နိုင်မှု မရှိချေ။ ပါလီမန်အတွင်း ၎င်းတို့ထမ်းဆောင်သောလုပ်ငန်းအပေါ် ဝေဖန်ခြင်း၊ မေးခွန်းထုတ်ခြင်းများ ရင်ဆိုင်နေရပါသည်။ အစိုးရဌာနများစွာ ကြည့်ရှုရသဖြင့် ဌာနဆိုင်ရာ ငွေကြေးများ၊ အသုံးစရိတ်များ စီမံခန့်ခွဲနေရပါသည်။ ထို့အပြင် မိမိတို့ ရွေးချယ်ခံရသော မဲဆန္ဒနယ်မြေများကြည့်ရှုစောင့်ရှောက်ခြင်း၊ ပြည်သူများနှင့် အမြဲတမ်း ထိတွေ့ဆက်ဆံနေရခြင်း၊ ရွေးကောက်ပွဲအတွက် အမြဲတမ်းပြင်ဆင်နေရခြင်းများကြောင့် တာဝန်ပိနေကြပြီး ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိကြပေ။

### ၅။ အရေးပေါ် အခြေအနေကာလများ၌ အားပျော့နေခြင်း

သဘာဝဘေးအန္တရာယ်၊ နိုင်ငံရေး မငြိမ်သက်မှု၊ စစ်မက်ဖြစ်ပွားချိန်စသော အရေးပေါ်အခြေအနေ ကာလများတွင် ဝန်ကြီးများသည် ပါလီမန်အတည်ပြုမှုရမှသာ လိုအပ်သောလုပ်ဆောင်မှုများပြုလုပ်နိုင်မှာဖြစ်ပါသည်။ ပါလီမန်အတွင်းသဘောထားကွဲလွဲပြီး အချိန်ကြာမြင့်စွာ အတည်ပြုမှုမရဘဲ နှောင့်နှေးကြန့်ကြာနေပါက တိုင်းပြည် ပျက်စီးနစ်နာနိုင်ပါသည်။ ဝန်ကြီးများသည် အချိန်မီ တာဝန်မထမ်းဆောင်နိုင်သဖြင့် အရေးပေါ်အခြေအနေကာလအားနိုင်နင်းစွာကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိဘဲ ဖြစ်တတ်ပါသည်။

### ၆။ ပါတီအစိုးရဖြစ်ခြင်း

အနိုင်ရ အများစုပါတီမှသာ အစိုးရဖွဲ့ရန်ဖြစ်သဖြင့် ပါတီအစိုးရဟုခေါ်နိုင်ပါသည်။ နိုင်ငံရေးသမားများသည် ပါတီဝင်များဖြစ်ကြပြီး ပါတီစည်းကမ်းလိုက်နာနေရန် လိုအပ်ပါသည်။ ပါတီမူဝါဒစည်းကမ်းများ ချိုးဖောက်မိပါက ပါတီမှ ပြစ်ဒဏ်ခတ်ရန်ဖြစ်ပါသည်။ ထို့ကြောင့် မိမိကိုယ်ပိုင်သဘောထားများအားလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိတ်ပင်ခံနေရတတ်ပါသည်။ လူများစွာပါဝင်သော ပါတီတစ်ခုအတွင်း သဘောထားကွဲလွဲခြင်း၊ အုပ်စုဖွဲ့၍နေခြင်းများ ရှိတတ်ပြီး အုပ်စုအားပြိုင်မှုများ ပေါ်ပေါက်လေ့ရှိပါသည်။

## သမ္မတစနစ်အစိုးရ

သမ္မတစနစ်အစိုးရသည် အာဏာကြီး (၃) ရပ်အား ခွဲခြမ်းထားရမည်ဟူသော သီအိုရီအား အကြွင်းမဲ့ လက်ခံကျင့်သုံးသောစနစ်ဖြစ်သည်။ ပါလီမန်စနစ်အစိုးရနှင့် အဓိက ကွဲပြားခြားနားချက်သည်လည်း ဥပဒေပြုအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့အားလုံးဝ ခွဲခြားထားသောအချက် ဖြစ်သည်။ ထို့အပြင် သမ္မတသည် အမည်ခံသမ္မတ မျှသာမဟုတ်ဘဲ လုံးဝအာဏာရှိသော သမ္မတ၊ နိုင်ငံတော်နှင့် အစိုးရဦးသျှောင်သမ္မတ ဖြစ်သည်။ သမ္မတမှ မိမိစိတ်ကြိုက် အတွင်းရေးမှူးများ ခန့်အပ်ပြီး၊ အစိုးရဖွဲ့စည်းရမည်ဖြစ်သည်။ သမ္မတနှင့် ၎င်း၏အစိုးရအဖွဲ့ဝင် (အတွင်းရေးမှူး) များသည် ဥပဒေပြုအဖွဲ့ဝင်များ မဟုတ်ကြသကဲ့သို့ ပါလီမန်အစည်းအဝေးတွင် မတက်ရောက်ဘဲ နေနိုင်ပြီး ပါလီမန်အားတာဝန်ခံခြင်း၊ ပါလီမန်ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တာဝန် မရှိကြချေ။

☞

## သမ္မတစနစ်အစိုးရ၏ ကြန်အင်လက္ခဏာများ

### ၁။ စစ်မှန်သော စီမံခန့်ခွဲရေး

နိုင်ငံတော်သမ္မတသည် အမည်ခံ၊ တာဝန်ခံ သမ္မတ မဟုတ်ဘဲ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ အပ်နှင်းထားသော သမ္မတ၊ နိုင်ငံတော်နှင့် အစိုးရအဖွဲ့၏ ဦးသျှောင်သမ္မတ ဖြစ်နေသောကြောင့်စစ်မှန်၍ထိရောက်သောစီမံခန့်ခွဲရေး၊အုပ်ချုပ်ရေးများကို ၎င်း၏ အစိုးရအနေဖြင့် ထမ်းဆောင်နိုင်ပါသည်။

### ၂။ ကဲဘိနက်အဖွဲ့ဝင်များသည် အကြံပေးမျှသာ ဖြစ်ခြင်း

ကဲဘိနက်အဖွဲ့ဝင်များ၏ အကြံပြုချက်၊ အဆိုပြုတင်သွင်းချက်များအား သမ္မတမှ လက်ခံရန် မည်သည့်ကန့်သတ်ချက်မျှ မရှိပါ။ သမ္မတသည် မိမိဆန္ဒအရ လက်ခံ သို့မဟုတ် ငြင်းပယ်ပိုင်ခွင့်ရှိသည်။

### ၃။ စီမံခန့်ခွဲရေးနှင့် ဥပဒေပြုရေးအား သီးခြား ခွဲခြားထားခြင်း

စီမံခန့်ခွဲရေး (Executive) အဖွဲ့သည် ဥပဒေပြုရေး (Legislature) အဖွဲ့အား မှီခိုအားထားခြင်း၊ တာဝန်ခံရခြင်းများမရှိဘဲ သီးခြားနှင့်သီးသန့်ထားရှိကာလုံးဝခွဲခြားထားပါသည်။ဥပဒေပြုရေးအဖွဲ့မှ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းဆောင်တာများအား အတည်ပြုပေးခြင်းမရှိ။ သမ္မတအားဥပဒေပြုရေးအဖွဲ့မှအယုံအကြည်မရှိအဆို လွှတ်တော်၌ တင်သွင်း၍ ဖြုတ်ချနိုင်ခြင်းများ မရှိပါ။ အမေရိကန်နိုင်ငံ၌ သမ္မတနှင့် ၎င်း၏ အတွင်းရေးမှူးများသည် ကွန်ဂရက်အဖွဲ့ဝင်များ မဟုတ်ကြပါ။ ထို့ကြောင့် လွှတ်တော်မတက်ဘဲ နေနိုင်ကြပါသည်။ သို့သော် လွှတ်တော် နှစ်ရပ်ပေါင်း (ကွန်ကရက်) အဖွဲ့ဝင် သုံးပုံနှစ်ပုံ၏အဆိုပြုချက်ဖြင့် (Impeachment) တရားစီရင်ရေးထံ တင်သွင်းကာ တရားစီရင်ရေး၏ အတည်ပြုချက်ဖြင့် သမ္မတအပါအဝင် အစိုးရအဖွဲ့အား ဖြုတ်ချ၊ ဖျက်သိမ်းပိုင်ခွင့် ရှိသည်။

### ၄။ စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေပြုရေးအဖွဲ့အား တာဝန်ခံခြင်း မရှိ

စီမံခန့်ခွဲရေးမှ ဥပဒေပြုအဖွဲ့အပေါ် တာဝန်ခံခြင်းမရှိသလို ဥပဒေပြုအဖွဲ့မှ ချုပ်ကိုင်မှုလည်း မရှိပါ။ ဥပဒေပြုအဖွဲ့မှ စာဖြင့်ရေးသားပြောဆိုခြင်း၊ မေးခွန်းထုတ်ခြင်းများ ပြုလုပ်နိုင်သော်လည်း စီမံခန့်ခွဲရေးအဖွဲ့မှ ဖြေဆိုရန် တာဝန်မရှိပါ။ ၎င်းတို့၏ ဆန္ဒအရသာ ဖြေဆိုနိုင်ပါသည်။

### ၅။ စီမံခန့်ခွဲရေးအဖွဲ့၏ သက်တမ်း တည်ငြိမ်မှုရှိခြင်း

သမ္မတဦးဆောင်သော စီမံခန့်ခွဲရေးအဖွဲ့၏ သက်တမ်းသည် တည်ငြိမ်မှုရှိပြီး ဥပဒေပြုအဖွဲ့ သို့မဟုတ် ပါလီမန်မှ အယုံအကြည်မရှိအဆိုဖြင့် ဖျက်သိမ်းခွင့် မရှိပေ။ သမ္မတသည် မိမိစိတ်ကြိုက် အတွင်းရေးမှူးများ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ ခန့်အပ်ပြီး မိမိဆန္ဒအရပြုပြင်၊ ပြောင်းလဲဖွဲ့စည်းခွင့်ရှိသည်။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် သမ္မတအား တာဝန်ခံပြီး အမှုထမ်းဆောင်ရသူများ ဖြစ်ကြသည်။

### ၆။ သမ္မတမှ ပါလီမန်အား ဖျက်သိမ်းခွင့်မရှိ

အာဏာကြီးသုံးရပ်အား ခွဲခြားထားရမည်ဟူသော သီအိုရီကိုအခြေခံပြီးဖွဲ့စည်းထားသောကြောင့်သမ္မတမှပါလီမန်အပေါ် ဩဇာလွှမ်းမိုးမှုမရှိ၊ ဖျက်သိမ်းခွင့်လည်း မရှိပါ။ ပါလီမန်အရပ်ရပ်သည် မိမိသက်တမ်းအတွင်း တည်ရှိနေမည် ဖြစ်သည်။

### ၇။ နိုင်ငံရေးပါတီအရ တသွေးတသံတည်းဖြစ်ရန် မလိုအပ်ပါ

ကဲဘိနက်အဖွဲ့ဝင်များသည် တစ်ပါတီအတွင်းမှပုဂ္ဂိုလ်များဖြစ်ရန် မလိုအပ်ပါ။ နိုင်ငံရေးတစ်ပါတီ သို့မဟုတ် အုပ်စုတစ်စုမှ အစိုးရဖွဲ့ရခြင်းမဟုတ်ဘဲ သမ္မတမှ တာဝန်ယူ ဖွဲ့စည်းခြင်း ဖြစ်သောကြောင့် မည်သည့်ပါတီဝင် ဖြစ်စေကာမူ သမ္မတမှ မိမိစိတ်ကြိုက်ရွေးချယ်ပြီး ကဲဘိနက်ဖွဲ့ကာ သမ္မတအား တာဝန်ခံအမှုထမ်းဆောင်သူများသာ ဖြစ်ကြပါသည်။

## သမ္မတစနစ်အစိုးရ၏ အားသာချက်များ

၁။ တည်ငြိမ်မှုရှိသော အစိုးရဖြစ်ခြင်း

သမ္မတစနစ်အစိုးရများ၌ တည်ငြိမ်မှုရှိကြပြီး အစိုးရအပြောင်းအလဲမရှိဘဲ အစိုးရသက်တမ်းပြည့် တာဝန်ထမ်းဆောင်

နိုင်ကြပါသည်။ အစိုးရသက်တမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရေးဆွဲပြဋ္ဌာန်းထားပြီး အာမခံထားပါသည်။ အမေရိကန်နိုင်ငံ၌ သမ္မတအစိုးရသက်တမ်း (၄) နှစ် ပြဋ္ဌာန်းထားပြီး ၎င်းသက်တမ်း အတွင်း အစိုးရမှ မူဝါဒများ၊ ပေါ်လစီများအား လွတ်လပ်စွာ ထမ်းဆောင်နိုင်ကြသဖြင့် အစိုးရဂုဏ်သိက္ခာရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးရေး အတွက် များစွာ အထောက်အကူပြုပါသည်။

## ၂။ ထိရောက်သော အုပ်ချုပ်ရေးစနစ်

အတွင်းရေးမှူးများ (ကဲဘိနက်အဖွဲ့ဝင်များ) သည် ရွေးချယ်တင်မြှောက်ခြင်းဖြင့် တက်လာသောသူများမဟုတ်ဘဲ သမ္မတမှ စိတ်ကြိုက်ရွေးချယ်သောသူများဖြစ်ကြပြီး၊ နိုင်ငံတော်စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်မည့်သူများ ဖြစ်ကြပါသည်။ မိမိတို့တာဝန် ကိုယ်စီထမ်းဆောင်ရာ၌ ဥပဒေပြုအဖွဲ့ သို့မဟုတ် ပါလီမန်အရပ်ရပ်၏ ပုတ်ခတ်ဖိနှိပ်ခြင်း၊ ပြည်သူလူထုမှ ဖိနှိပ်ပုတ်ခတ်ခြင်းမှ ကင်းလွတ်နိုင်ပြီး လွတ်လပ်စွာ တာဝန်ထမ်းဆောင်နိုင်ကြကာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးရာ၌ ပိုမိုထိရောက်အောင်မြင်ပါသည်။

အတွင်းရေးမှူးများသည် ဖယ်ဒရယ် အုပ်ချုပ်ရေးစနစ်မှ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သော၊ ထူးချွန်သောပုဂ္ဂိုလ်များမှ သမ္မတစိတ်ကြိုက် ရွေးချယ်လေ့ရှိသောကြောင့် အုပ်ချုပ်ရေးမှူးကောင်းများအဖြစ် မှတ်ယူနိုင်သည်။ ပါတီနိုင်ငံရေးပုဂ္ဂိုလ်များမှ ကင်းလွတ်ပြီး လွတ်လပ်စွာ မိမိသက်တမ်းအတွင်း တာဝန်ထမ်းဆောင်နိုင်ကြပါသည်။

## ၃။ အရေးပေါ်အခြေအနေအတွက် သင့်လျော်ခြင်း

အရေးပေါ် အခြေအနေကာလတွင် လုပ်ပိုင်ခွင့်အာဏာအားလုံးသည် သမ္မတလက်ထဲ အပ်နှင်းပြီးဖြစ်သဖြင့် ချက်ချင်းလက်ငြင်း အရေးယူ ဆောင်ရွက်နိုင်ပါသည်။ ပါလီမန်၏ အတည်ပြုချက်ရယူရန်ငြင်းခုန်ဆွေးနွေး၍အချိန်ကြန့်ကြာစရာအကြောင်း မရှိသဖြင့် အရေးပေါ်အခြေအနေအတွက် အကောင်းဆုံးစနစ် ဖြစ်သည်။

## ၄။ ပါတီနိုင်ငံရေးပြဿနာများ နည်းပါးခြင်း

ပါလီမန်စနစ်အုပ်ချုပ်ရေး၌ ဖြစ်လေ့ဖြစ်ထရှိသော ပါတီကွဲသောကြောင့် လူများစုအစိုးရ မဖွဲ့နိုင်တော့၍ အစိုးရဖျက်သိမ်းခြင်း၊ အယုံအကြည်မရှိအဆို၌ ရှုံးနိမ့်သောကြောင့် အစိုးရဖျက်သိမ်းရခြင်းမျိုးများမှ ကင်းလွတ်ပြီးသား ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့အကျိုး သယ်ပိုးရန် ဖွဲ့စည်းထားသောအစိုးရသည် ကောင်းမွန်စွာ တာဝန်ထမ်းဆောင်နိုင်ကြသဖြင့် အကျိုးကျေးဇူး ပိုပါသည်။

## ၅။ အာဏာကြီး (၃) ရပ်အား ခွဲခြမ်းထားရှိခြင်း သီအိုရီအား အခြေခံခြင်း

အာဏာကြီး (၃) ရပ်အား လုံးဝခွဲခြမ်းထားရှိသောကြောင့် စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေပြုရေးအဖွဲ့၏ လွှမ်းမိုးခြယ်လှယ်ခြင်းမှ ကင်းလွတ်သဖြင့် အစိုးရအဖွဲ့သည် ထိရောက်စွာ အုပ်ချုပ်နိုင်သည်။

## ၆။ ပါတီစုံစနစ်အတွက် သင့်လျော်ခြင်း

ပါလီမန်စနစ်တွင် လွှတ်တော်နှင့် အစိုးရအတွင်း ပါတီအင်အားပြိုင်မှုများကြောင့် အစိုးရသက်တမ်းမကုန်မီ အစိုးရ အပြောင်းအလဲ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ ပါတီစုံစနစ် အတွင်း၌ ပါတီအားပြိုင်မှုသည် အမြဲတမ်းဖြစ်ပေါ်နေမည့်အရာ ဖြစ်သည်။ ထို့ကြောင့် သမ္မတစနစ်အစိုးရသည် တည်ငြိမ်သော အစိုးရကို ဖော်ဆောင်နိုင်သော အကောင်းဆုံးစနစ်တစ်ခု ဖြစ်ပါသည်။

### သမ္မတစနစ်အစိုးရ၏ အားနည်းချက်များ

## ၁။ အာဏာနှင့်စံသော အစိုးရဖြစ်ပေါ်နိုင်ခြင်း

သမ္မတနှင့် အတွင်းရေးမှူးများသည် ဥပဒေပြုအဖွဲ့ဝင်များ မဟုတ်သကဲ့သို့ ဥပဒေပြုအဖွဲ့အား ဥပက္ခာပြုနေနိုင်ပြီး မိမိတို့ အာဏာအား လွန်ကဲစွာကျင့်သုံး၍ အာဏာရှင်အစိုးရဖြစ်ရန် အခြေအနေ ပေးနေပါသည်။

## ၂။ အချိန်နှင့် လိုက်လျောညီထွေပြုပြင်ပြောင်းလဲရန် ခက်ခဲခြင်း

နိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ သမ္မတစနစ် ကျင့်သုံးကြသည်ဖြစ်ရာ အစိုးရသက်တမ်းတစ်ခုအတွင်း ပြုပြင်ပြောင်းလဲမှု အခက်အခဲ ရှိနေတတ်ပါသည်။ ဥပမာ- အမေရိကန်နိုင်ငံ၌ ရွေးကောက်ပွဲဖြင့်သာ သမ္မတရွေးချယ်ရသဖြင့် ဒုတိယ ကမ္ဘာစစ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်း မပြုနိုင်သောကြောင့် သမ္မတရုစ်ဘဲလ်သည် သက်တမ်းကျော်လွန်၍ သမ္မတ ဖြစ်နေပါသည်။

ပါလီမန်စနစ်အစိုးရတွင် ရွေးကောက်ပွဲ မကျင်းပနိုင်လျှင်လည်း ပါလီမန်အတွင်း အစိုးရအပြောင်းအလဲ ပြုလုပ်နိုင်ပါသည်။ သင့်တော်သောသူအား အချိန်မီ အစားထိုးပြောင်းလဲနိုင်ခွင့်ရှိသဖြင့် နစ်နာမှု သက်သာစေနိုင်ပါသည်။

## ၃။ နိုင်ငံရေးအရ ပြဿနာ ဖြစ်ပေါ်နိုင်ခြင်း

ဥပဒေပြုနှင့်စီမံခန့်ခွဲမှုလုံးဝခွဲခြားထားသောစနစ်ဖြစ်သောကြောင့် သီးခြားစီ ရပ်တည်ကြကာ သမ္မတဦးဆောင်သော စီမံခန့်ခွဲရေးအဖွဲ့နှင့် လွှတ်တော်နာယကဦးဆောင်သော ဥပဒေပြုအဖွဲ့ဟူ၍ အဖွဲ့ (၂) ဖွဲ့အကြား အမြင်မတူမှု၊ နားလည်မှု ကွဲပြားမှု၊ ပေါ်လစီ ကွဲပြားစီထားရှိမှုများ ရှိလာနိုင်ပြီး အုပ်စု (၂) စုအကြား အားပြိုင်မှုများ ပြင်းထန်လာကာ နိုင်ငံရေးအရ ရှေ့မဆက်နိုင်တော့သော အခြေအနေအထိ (Political Deadlock) ဖြစ်ပေါ်ရန် အကြောင်းရှိနိုင်ပါသည်။

## ၄။ ဥပဒေကောင်းများ အချိန်မီကျင့်သုံးရန် ခက်ခဲမှုရှိနိုင်ခြင်း

ဥပဒေပြုအဖွဲ့မှ အချိန်မီကျင့်သုံးရန် ဥပဒေကောင်းများ ချမှတ်သော်လည်း စီမံခန့်ခွဲရေးအဖွဲ့မှ လက်ခံမှု မပြု၊ မကျင့်သုံးဘဲ နေနိုင်သော အနေအထားရှိနေနိုင်သဖြင့် အချည်းနှီးဖြစ်နိုင်ပါသည်။ ဥပဒေနှင့် အကောင်အထည်ဖော်ဆောင်သူများသည် စိတ်ဓါတ်တူညီစွာ လက်တွဲ၍ အချိန်မီ ကျင့်သုံးနိုင်လျှင် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ၎င်းအနေအထား မရရှိနိုင်ဘဲ သီးခြားလုပ်ဆောင်နေသော အနေအထားသို့ ရောက်ရှိနိုင်ပါသည်။

## ၅။ နိုင်ငံတကာဆက်ဆံရေး၌ အားနည်းနေနိုင်ခြင်း

နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတကာစာချုပ်များ၊ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းများကို ကွန်ဂရက် (ဥပဒေပြုအဖွဲ့၊ အထူးသဖြင့် ဆီးနိတ်) ၌ ထားရှိပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သူသည် သမ္မတ ဦးဆောင်သော စီမံခန့်ခွဲရေးအဖွဲ့ ဖြစ်နေပါသည်။ သမ္မတဦးဆောင်သော စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေပြုအဖွဲ့ဝင်များ မဟုတ်ကြသဖြင့် ဟာကွက်၊ အားနည်းချက်များ ရှိနေနိုင်ပါသည်။

## ၆။ လူထုဆန္ဒအား ဥပက္ခာပြုရန် လွယ်ကူခြင်း

ပြည်သူလူထုမှ တိုက်ရိုက်ရွေးချယ်သော ဥပဒေပြုအဖွဲ့သည် ပြည်သူ့ဆန္ဒအား အမြဲတမ်း မျက်ခြေမပြတ် သိရှိနေသော်လည်း၊ စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေပြုအဖွဲ့ဝင်များ မဟုတ်သည့်အပြင်ဥပဒေပြုအဖွဲ့အားတာဝန်ခံရန်အကြောင်းမရှိသဖြင့် လူထုဆန္ဒအား ဥပက္ခာပြုရန် လွယ်ကူနေပါသည်။



**ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်**

(၁) ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့် ပြန်လည်ရရှိရန်။

(၂) ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေးများ အပြည့်အဝရှိပြီး နိုင်ငံရေးအရ တန်းတူမှုရှိသော အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံပြည်နယ်များဖြင့် စုဖွဲ့ထားသော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်။

(၃) ဒီမိုကရေစီစနစ် တည်ထောင်ရန်။



# Nir;csr;a&; Eih zhNzK;a&;

Salai Simon (NCCD)

ငြိမ်းချမ်းရေး အောင်မြင်မှုအတွက် အရေးကြီးဆုံးက ဖွံ့ဖြိုးရေးလော။

ကမ္ဘာ့လူသားများအတွက် ဖွံ့ဖြိုးရေးဟူသည့် စကားလုံးသည် နားဝင်ချိုကြမည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားအားလုံးသည် ကျန်းမာချင်ကြ၊ ချမ်းသာချင်ကြ၊ အကောင်းစား၊ အကောင်းဝတ်၊ သက်တောင့်သက်သာ နေလိုကြသည့် သတ္တဝါများဖြစ်သောကြောင့် ဖြစ်ပါသည်။

ထိုသို့ ဆန္ဒရှိခြင်းကို အပြစ်ဟု ဆိုလိုခြင်း မဟုတ်ပေ။ လူ့သဘာဝပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများသည် ဆင်းရဲသည့်နိုင်ငံ ရှိသကဲ့သို့ ချမ်းသာသည့် နိုင်ငံများလည်း ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းကို မိသားစုတစ်စုနှင့် နှိုင်းယှဉ်မည်ဆိုလျှင် မိသားစုတစ်စု စတင် တည်ဆောက်သည့်အခါတွင် အစစအရာရာ မိဘနှစ်ပါးမှ ကြိုးစားပမ်းစား အလုပ်လုပ်ရသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်စတင်တည်ဆောက်ချိန်တွင် မည့်သည့်အရာမျှ မရှိ/မပြည့်စုံသောကြောင့်ဖြစ်သည်။

ဤသို့ဖြင့် သားသမီးများ ရလာပြီး သားသမီးများအတွက် ကျန်းမာရေး၊ ပညာရေးစသည့်တို့ကို အကောင်းဆုံးဖြစ်အောင် ကြိုးစား အားထုတ်နေရပြန်သည်။ သားသမီးများ ကြီးပြင်းလာပြီး ၎င်းတို့နှင့် ထိုက်တန်သည့် အလုပ်ရရှိသည့်အခါတွင်မှ မိဘနှစ်ပါးသည် အပူအပင်လျော့နည်းပြီး သားသမီးများက အလုပ်အကျွေးပြန်ပြုရသည်။

ဤသည်ကို သဘာဝတရား၊ သားသမီးဝတ္တရားဟု တွေးတောကြမည် ဖြစ်ပါသည်။ အကယ်၍ သားသမီးများက မိဘစကားနားမထောင်ဘဲ မိဘများကို ပြန်၍ အလုပ်အကျွေးမပြုလျှင် မိဘများသည် သားသမီးများမရမီ အချိန်ကထက် ဒုက္ခရောက်ကြမည်မှာ အသေအချာပင် ဖြစ်သည်။ မိဘများသည် အသက်ကြီးလာသည်နှင့်အမျှ ကိုယ်စွမ်းအားနှင့် ဉာဏ်စွမ်းအား တဖြည်းဖြည်း ကျဆင်းလာပြီး အလုပ်မလုပ်နိုင်တော့သည့်အပြင် သားသမီးများက ဒုက္ခပေးနေမည်ဆိုလျှင် ပိုဆိုးသွားမည်ဖြစ်ပါသည်။ ထိုသို့ဖြစ်နေလျှင် ပြဿနာအရင်းအမြစ်ကို ရှာရပါမည်။ မိဘနှစ်ပါးအနေဖြင့် သားသမီးများ၏ လိုအင်ဆန္ဒကို မဖြည့်ဆည်းပေးနိုင်လို့လား၊ သားသမီးများက မိဘစကား နားမထောင်၍လား၊ မိဘက သားသမီးများကို မဦးဆောင်နိုင်လို့လား တစ်ခုခုကြောင့်တော့ ဖြစ်သည်မှာ သေချာပါသည်။

ထိုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံ၏ ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် မိဘဖြစ်သော နိုင်ငံကိုဦးဆောင်မှု ပြုလုပ်နေသည့် အစိုးရတွင် အဓိက တာဝန်ရှိပါသည်။ ချမ်းသာသည့် နိုင်ငံတစ်နိုင်ငံကို ကြည့်မည်ဆိုလျှင် မိဘလုပ်သူဖြစ်သည့် အစိုးရနှင့် သားသမီးများဖြစ်သည့် ပြည်သူများသည် စည်းလုံးမှုရှိပြီး မိဘများက သားသမီးများကို ဦးဆောင်မှုပိုင်းတွင် တာဝန်ကျေသကဲ့သို့ အစိုးရအနေဖြင့်ပြည်သူများကိုဦးဆောင်မှုပိုင်းတွင်တာဝန်ကျေရမည်။ သားသမီးများကမိဘကိုပြန်၍လုပ်ကျွေးရသလိုပြည်သူများကလည်း အခွန်အခ အမျိုးမျိုးဖြင့် အစိုးရကို ပြန်ပြီးအလုပ်အကျွေးပြုရသည်။ ထိုကြောင့် နိုင်ငံသည် ချမ်းသာပြီး ငြိမ်းချမ်းမှုလည်း ရရှိကြသည်။ မိဘက သားသမီးများကို မဦးဆောင်နိုင်၊

မိဘများက သားသမီးများ၏ လိုအင်ဆန္ဒများကို လျစ်လျူရှုထားသကဲ့သို့ အစိုးရကလည်း ပြည်သူ၏ လိုအင်ဆန္ဒကို လျစ်လျူရှုသောနိုင်ငံသည် ဆင်းရဲသထက် ဆင်းရဲနေကြရပါသည်။ မိဘက ၎င်းတို့ ကောင်းစားရေးကိုသာ ကြည့်ပြီး သားသမီးများကို လျစ်လျူရှုထားသော နိုင်ငံသည် ငြိမ်းချမ်းမှု မရှိသည့်အပြင် ဆင်းရဲသောနိုင်ငံအဖြစ် ရပ်တည်ကြရသည်။

ကျွန်တော်တို့ အမိနိုင်ငံ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေသည်မှာ စာဖတ်သူများ သိပြီးသား ဖြစ်ကြပါသည်။

အဘယ်ကြောင့်ဤကဲ့သို့ဆင်းရဲနေရသနည်း။နိုင်ငံရေးကို ဦးဆောင်နေသောအစိုးရသည် မတော်သောကြောင့်၊ မတတ်သောကြောင့်၊ ပညာမရှိသောကြောင့် မဟုတ်ပေ။ အထက်တွင် ဖော်ပြပြီးသည့်အတိုင်း နိုင်ငံတော်ကို ဦးဆောင်နေသည့် အစိုးရအဆက်ဆက်က ၎င်းတို့၏ ကောင်းကျိုးကိုသာရှာပြီး ပြည်သူများ၏ လိုအင်ဆန္ဒများကို မဖြည့်ဆည်းပေးသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သော နိုင်ငံဖြစ်ပြီး အစိုးရအနေဖြင့် တိုင်းရင်းသားပေါင်းစုံ၏ လိုအင်ဆန္ဒကို မဖြည့်ဆည်းပေးနိုင်သရွေ့ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံများ စာရင်းတွင် ဆက်လက် ပါဝင်နေဦးမည်ဖြစ်သည်။

အစိုးရက တိုင်းရင်းသားများ၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုင်းရင်းသားများ၏ ဆန္ဒကို သိရှိရန် အရေးကြီးမည်ဖြစ်ပါသည်။ တိုင်းရင်းသားများ၏ လိုအင်ဆန္ဒက ဖွံ့ဖြိုးရေးလား၊ မဖွံ့ဖြိုးလို့ နိုင်ငံရေးပြဿနာဖြစ်မည်ဆိုလျှင် ဖွံ့ဖြိုးရေးကို သိရန်လိုအပ်သည်။

ဝမ်းစာဖူလုံရုံနှင့် ဖွံ့ဖြိုးပြီဟု ဆိုနိုင်ပါသလား၊ အိမ်၊ တိုက်၊ ကား ပိုင်ဆိုင်နိုင်၍ ဖွံ့ဖြိုးပြီဟု ခေါ်ရမလား၊ ဤအရာများ ပိုင်ဆိုင်ရုံနှင့် ငြိမ်းချမ်းရေးရမယ်ဟု ယူဆ၍ ရမည်မဟုတ်ပေ။ မည်သို့ပင်ဆိုစေကာမူ ဖွံ့ဖြိုးရေးဟူသည့် အနက်အဓိပ္ပါယ်ကို သိမှသာ ရှေ့ဆက်၍ ရမည်ဖြစ်သည်။

ဖွံ့ဖြိုးရေးဆိုသည်မှာ အရာဝတ္ထုတစ်ခုခုကို ပိုင်ဆိုင်နိုင်ခြင်း၊ မရှိခြင်းမှ ရှိခြင်းသည် တိုးတက်သော ဖွံ့ဖြိုးရေးတစ်ခု ဖြစ်သကဲ့သို့ ရှိခြင်းမှ မရှိခြင်းသည်လည်း မကောင်းသော ဖွံ့ဖြိုးရေးဟုဆိုကြသည်။ ဆိုလိုသည်မှာ ရှိခြင်းမှ မရှိခြင်း၊ မရှိခြင်းမှ ရှိခြင်း တို့ပြောင်းလဲခြင်းသည်ဖွံ့ဖြိုးရေးဖြစ်သည်။ အတိုချုပ်ပြောရလျှင် ဖွံ့ဖြိုးရေး၏ အဓိပ္ပါယ်မှာ ပြောင်းလဲခြင်းဖြစ်သည်။

မိမိဒေသတွင် ကားလမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ လေယာဉ်ကွင်းရှိခြင်း စသည့်တို့သည် ပြည့်စုံသော ပြောင်းလဲမှုမဟုတ်ပေ။ တိုင်းရင်းသားများ၏ လိုလားတောင့်တသော လိုအင်ဆန္ဒမှာ တန်းတူအခွင့်အရေး ရရှိရန် ဖြစ်သည်။ ထပ်ပြောရလျှင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်များ ဖြစ်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသောနေရာတွင် မိမိဒေသနှင့်ကိုက်ညီသောဥပဒေများ ပြဋ္ဌာန်းရမည်၊ ကိုယ်ကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့် ရှိရမည်။ ယခုခေတ်စကားနှင့် ပြောရလျှင် ဖက်ဒရယ်ဟူသော အာဏာခွဲဝေရေး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ပြည်နယ်များဖြင့် စုပေါင်းသော ပြည်ထောင်စုနိုင်ငံဖြစ်သည့် အားလျော်စွာ ပြည်နယ်အားလုံး တန်းတူအခွင့်အရေး ရရှိရေးသည်တိုင်းရင်းသားပြည်သူများအားလုံး၏ဆန္ဒဖြစ်သည်။ ထိုသို့သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ရှိမှသာလျှင် ပြည့်စုံသော ဖွံ့ဖြိုးရေးဟု ဆိုနိုင်မည်ဖြစ်သည်။

တိုးတက်ချမ်းသာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန်နှင့် နိုင်ငံရေးအရ ငြိမ်းချမ်းသော နိုင်ငံဖြစ်ရန်အတွက် ပြည့်စုံလုံလောက်သော ပြောင်းလဲမှုရှိရန် လိုအပ်ပါသည်။ ပြည့်စုံသော ပြောင်းလဲမှုရှိရန်အတွက် (၁) နိုင်ငံရေး၊ (၂) လူမှုရေး၊ (၃) စီးပွားရေး စသည့် ကဏ္ဍ (၃) ခုတွင် တူညီသော အမှန်တကယ် ပြောင်းလဲမှုရှိရန် လိုအပ်ပါသည်။

နိုင်ငံရေးတစ်ခုသာ ပြောင်းလဲပြီး လူမှုရေးမပြောင်းလဲလျှင် မဖြစ်သကဲ့သို့ စီးပွားရေးပြောင်းလဲပြီး နိုင်ငံရေး မပြောင်းလဲလျှင်မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးသာပြောင်းလဲပြီး လူမှုရေး မပြောင်းလဲလျှင် လူမျိုးရေး မုန်းတီးမှုနှင့် ခွဲခြားဆက်ဆံမှုများ ရှိနေဦးမည်ဖြစ်သည်။ ထိုလည်းငြင်း စီးပွားရေးသာပြောင်းလဲပြီး နိုင်ငံရေး ပြောင်းလဲမှုမရှိလျှင် စီးပွားရေးနှင့်

လူမှုရေးအရ တည်ငြိမ်မှုရှိမည် မဟုတ်ပေ။ ဥပမာဆိုရလျှင် Iraq နိုင်ငံသည် စီးပွားရေးတိုးတက်မှု ရှိသော်လည်း နိုင်ငံရေး ပြောင်းလဲမှု မရှိသောကြောင့် စီးပွားရေးနှင့် လူမှုရေး တည်ငြိမ်မှု မရှိဘဲ ကျဆင်းသွားခဲ့သည်။

ထို့ကြောင့် မျှတမှန်ကန်သော ပြောင်းလဲမှုရှိမှသာလျှင် ချမ်းသာကြွယ်ဝသောနိုင်ငံ၊ သာယာငြိမ်းချမ်း သောနိုင်ငံဖြစ်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သော ပြည်နယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ဖက်ဒရယ်စနစ်ဖြင့် မဟုတ်ဘဲ လူမျိုးတစ်မျိုးက လွှမ်းမိုးသည့် လူမျိုးကြီးဝါဒစနစ်ဖြင့် အုပ်ချုပ်နေသရွေ့ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းပြည် ငြိမ်းချမ်းမှုလည်း ရှိနိုင်မည် မဟုတ်ပေ။

တိုင်းရင်းသားပြည်သူများ၏ လိုအင်ဆန္ဒဖြစ်သည့် နိုင်ငံရေးအရ တန်းတူမှုရှိပြီး၊ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်စနစ်ကို မိဘသဘွယ် ရပ်တည်နေသော အစိုးရအနေဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ပေးလျှင် ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အမြန်ဆုံးဖြစ်ပေါ်လာမည် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ ဖွံ့ဖြိုးရေးသည် ကားလမ်း၊ တံတား၊ မီး၊ ရေ၊ အဆောက်အအုံ၊ ငွေများ ရှိခြင်းသာ အရေးကြီးသည်မဟုတ်ဘဲ အခြေခံ အုတ်မြစ်တစ်ခုဖြစ်သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုရှိရန် လိုအပ်ပါသည်။

ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍ (၃) ခုလုံး အပြန်အလှန် အကျိုးပြုပြီး တည်ငြိမ်သော ပြုပြင်ပြောင်းလဲမှုကို ဖန်တီးလုပ်ဆောင်နိုင်မည်ဆိုလျှင် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟု ယုံကြည်မိပါသည်။

---

tckvkdcift rsdom;*sme,f
xkwfa0Ekdifa&;twGufrddvkyfefeJ
wm0efrsm;tMum;rSukdpm;ay;Muwbl
pmr&Sifrsm;ukdtxlyJaus;Zl;wif&SdvSuk
'*sme,fav;ukdzwf&Itm;ay;Muwbl
te,fe,ft&yf&yfu pmzwf
y&dowfrsm;ukdvnf aus;Zl;wif&Sdw,f

'*sme,ftm;jzifhpmzwfy&dowfrsm;ukd
wawmifhwae&muae tusdK;jyKvdkh,fvkd
arQmfvifhw,f

qufyf;vnf tm;ay;Muyg/ pmrlrsm;ukdvnf
tcsdefra&Gay;ykdhEdkifw,fyg vkdzwfac:yw,f

---

*sme,fyg umwGef uAsm? aqmif;yg;rsm; [m
pma&;olwpf0;csif;p\ oabmxm;tjrifrsm;om
jzpfy; cift rsdom;wyf0;\ oabmxm;tjrif
rsm; r[kwfyg/

a0zef tBujyKvkdonfrsm; wpkdk&&Sdu
atmufygvdypmtwkdif tcsdefra&GqufoG,f
Edkifygaumif toay;taMumifMum;tyfygonf

✉ bhmaunglay@gmail.com
cnfinfo88@gmail.com
✆ +91 6909 494 194

cifarmifav;
t,fwm
cift rsdom;*sme,f
www.cnfhqr.org

# တောင်ကိုးကီးယားနိုင်ငံရေးနှင့် လူငယ်ပါဝင်မှုကို လေ့လာခြင်း



ကျွန်တော့်အနေဖြင့် တောင်ကိုရီယားနိုင်ငံရေးနဲ့ လူငယ်အပိုင်းကို လေ့လာတင်ပြတဲ့အခါမှာ ၁၉၁၀ ကနေ ယခုလက်ရှိအချိန်ထိ ဖြစ်ပွားခဲ့တဲ့ ဒေတာတွေကို အခြေခံပြီး နိဒါန်း၊ တောင်ကိုးရီးယားနိုင်ငံရဲ့ဒီမိုကရေစီ တည်ဆောက်ရေးနဲ့ လူငယ်အခန်းကဏ္ဍ၊ ယခုလက်ရှိနိုင်ငံရေးနဲ့ လူငယ်အခန်းကဏ္ဍ ဆိုပြီး အပိုင်းသုံးပိုင်းနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ဖော်ပြပါ အချက်အလက်များဟာ စိတ်ချရတဲ့ သတင်းဌာနများ၊ သုတေသနစာတမ်းများ၊ တောင်ကိုးရီးယားသမိုင်း စာအုပ်များမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

ဒီဆောင်ပါးရဲ့ ရည်ရွယ်ချက်ကတော့ လူငယ်တွေကြောင့် တောင်ကိုးရီးယားနိုင်ငံရေး ဘယ်လောက်အထိ ပြောင်းလဲခဲ့သလဲဆိုတာနဲ့ ယခုလက်ရှိတောင်ကိုးရီးယားနိုင်ငံရေးနဲ့ လူငယ်ပါဝင်မှုကို ရှင်းလင်း ဖော်ညွှန်းလိုတာ ဖြစ်ပါတယ်။

**၁။ နိဒါန်း**

နိုင်ငံရေးမှာ လူငယ်ပါဝင်မှုအပိုင်းကို လေ့လာရာမှာ ပထမဆုံး လူငယ်ဟုခေါ်တဲ့ အရွယ်ရဲ့ စံနှုန်းသတ်မှတ်ချက်ကသိတင်ပြလိုပါတယ်။ လူတစ်ယောက်ရဲ့ လူငယ်ချိန်ဆိုတဲ့ အသက်အရွယ်ဟာ ဘယ်အရွယ်ကို ဆိုလိုတာလဲ စသဖြင့်ပေါ့လေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သတ်မှတ်ချက်အရ ၁၄ နှစ်ကနေ ၂၄ နှစ်အရွယ်ကို လူငယ်လို့ သတ်မှတ်ပါတယ်။ သို့သော်လည်းပဲ ဒီသတ်မှတ်ချက်နဲ့ ပက်သက်ပြီး အငြင်းအခုံ ရှိခဲ့ကြတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အသက် ၃၂ နှစ်၊ ၃၃ နှစ်အထိကို လူငယ်လို့ သတ်မှတ်ကြပါတယ်။ ဆိုလိုတာကတော့ လူငယ်ဆိုတဲ့ အသက်အရွယ် သတ်မှတ်မှု စံနှုန်းဟာ ကမ္ဘာ့လူသားတွေအားလုံးက ဘုံသဘောတူထားခြင်း မရှိပါဘူး။ ဒီဆောင်းပါးမှာ လူငယ်ကို စာရေးသူအနေနဲ့ အသက် ၁၄ နှစ်ကနေ အသက် ၃၅ နှစ်အထိကို ရည်ရွယ် သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ ဒါဟာ ယခုလက်ရှိ တောင်ကိုးရီးယားနိုင်ငံရဲ့ တရားဝင် သတ်မှတ်ချက်ဖြစ်သလို၊ တောင်ကိုးရီးယားနိုင်ငံရေးနဲ့ လူငယ်ပါဝင်မှုအပိုင်းကို လေ့လာတဲ့အခါမှာလည်း အခြေခံသတ်မှတ်လေ့ရှိတဲ့ စံတစ်ခု ဖြစ်ပါတယ်။

တောင်ကိုးရီးယားသမိုင်းကို အပိုင်းသုံးပိုင်း ခွဲပြီး လေ့လာကြည့်မယ်ဆိုရင် ၁၉၁၀ မတိုင်ခင်ကို ရှင်ဘုရင်ခေတ်လို့ ခေါ်ဆိုကြပြီး၊ တောင်ကိုးရီးယားနဲ့ မြောက်ကိုရီယားကို နိုင်ငံတစ်နိုင်ငံ "ချူစောလ် (Joseon) နိုင်ငံ" အဖြစ် တည်ရှိခဲ့တဲ့အချိန် ဖြစ်ပါတယ်။ ဒုတိယအပိုင်းကတော့ ဂျပန်ကိုလိုနီခေတ် (၁၉၁၉-၁၉၄၅) ဖြစ်ပြီး၊ တတိယအပိုင်းကတော့ တောင်နဲ့ မြောက်ကိုးရီးယား ကွဲသွားတဲ့နောက်ပိုင်း ၁၉၄၅ ကနေ ယနေ့အချိန်ကာလအထိ ဖြစ်ပါတယ်။

## ၂။ တောင်ကိုရီးယားနိုင်ငံ ဒီမိုကရေစီ တည်ဆောက်ရေးနှင့် လူငယ်အခန်းကဏ္ဍ

ဂျပန်တွေ သိမ်းပိုက်ပြီး ၉ နှစ်အကြာ ၁၉၁၉ ခုနှစ် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှာ “Korean Provisional Government” ကို နိုင်ငံခြားရောက် ကိုရီးယားနိုင်ငံသူနိုင်ငံသားတွေက တည်ထောင်ပြီး လီဆုန်မန်ကို ခေါင်းဆောင်အဖြစ် ရွေးခဲ့ကြပါတယ်။ နယ်မြေမရှိသော်ငြားလည်း ဂျပန်ကို ပြန်လည်အနိုင်ယူဖို့ နိုင်ငံခြားကနေ အားထုတ် ကြိုးပမ်းခဲ့ကြပါတယ်။ ဒီ KPG အဖွဲ့ကို လေ့လာမယ်ဆိုရင် လူငယ်အများအပြား ပါဝင်တာကို တွေ့ရပါတယ်။ ဥပမာ- ၁၉၃၂ ဧပြီလ ၂၉ ရက်မှာ မျိုးချစ်လူငယ် ယူပေါင်ကီ (Yun Bong-gil) က ဂျပန်အင်ပါယာ ဟီရိုဟီတို (Hirohito) မွေးနေ့ပွဲမှာ ဗုံးကို ရေဗူးအသွင်လုပ်ထားပြီ ထမင်းဝိုင်းထဲကိုထည့်လိုက်လို့ ဂျပန်စစ်သားအမြောက်အများသေဆုံးခဲ့တဲ့ဖြစ်ရပ်ကို ဖြစ်ပါတယ်။[1] ဒါ့အပြင် ၁၉၆၀ ခုနှစ် ဧပြီလမှာ တောင်ကိုရီးယား အထက်တန်း ကျောင်းသူ ကျောင်းသား၊ တက္ကသိုလ် ကျောင်းသူကျောင်းသားများ၊ တောင်ကိုရီးယား လူငယ်တော်တော်များက သမ္မတကို ရာထူးကနေ ဆင်းပေးဖို့ ဆန္ဒပြခဲ့ကြပါတယ်။ ဒီဆန္ဒပြပွဲဟာ "April Revolution" လို့ နောက်ပိုင်းမှာ လူသိများလာတဲ့ သမိုင်းဝင် တော်လှန်ရေးလှုပ်ရှားမှုအဖြစ် ယနေ့ထိတိုင်အောင် ထင်ရှားနေပါတယ်။ လူငယ် ၁၁၆ ဦး အသက်ဆုံးရှုံးခဲ့ကြပါတယ်။[2] ဒါတင်မက ၁၉၇၀ မှာဖြစ်ပွားတဲ့ ဒုတိယအချိန် အာဏာသိမ်းမှုကြောင့် ၁၉၈၀ ဂွတ်ဂျူးမြို့ ဆန္ဒပြပွဲ (Gwangju Uprising) မှာ လူငယ် ၂,၀၀၀ ဦးကျော် အသက် ဆုံးရှုံးခဲ့ကြပါသေးတယ်။ ၁၉၈၇ ခုနှစ် အာဏာရှင် ဆန့်ကျင့်ဖြုတ်ချရေး ဆန္ဒပြပွဲမှာလည်း လူငယ်တော်တော်များ လှုပ်ရှားပါဝင်လာတာကို တွေ့ရပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ ဖြစ်ပွားတဲ့ နိုင်ငံရေးဆန္ဒပြပွဲ သုံးကြိမ်စလုံးမှာ လူငယ်၊ ကျောင်းသူကျောင်းသားတွေရဲ့ အသက်၊ အိုးအိမ်တွေကို နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးအတွက် ပေးဆပ်ခဲ့ကြပါတယ်။

သူတို့တတွေရဲ့ ဦးဆောင်မှုကြောင့် တောင်ကိုရီးယားနိုင်ငံဟာ ၁၉၈၇ ကနေ ဒီမိုကရေစီနိုင်ငံ ဖြစ်လာခဲ့ပါတယ်။[3] တချို့ သူများရဲ့ အဆိုအရဆိုရင် “Student Movement” က ၁၉၁၉ ကနေ စပြီး ယနေ့ထိတိုင်အောင် နိုင်ငံရေးအခန်းကဏ္ဍမှာ ပါဝင်နေသေးတယ်လို့ ဆိုကြပါတယ်။

## ၃။ ၁၉၈၇ ခုနှစ်ကနေ လက်ရှိ အခြေအနေ

ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း တတိယလှိုင်းကြောင့် တောင်ကိုရီယားနိုင်ငံဟာ ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံဖြစ်လာတာ အခုဆိုရင် အနှစ် ၃၃ နှစ် ရှိပါပြီ။ ဒီမိုကရေစီစနစ်ကျင့်သုံးလာခဲ့တဲ့ အနှစ် ၃၃ နှစ်အတွင်း နိုင်ငံရေး နယ်ပယ်ထဲက လူငယ်တွေရဲ့ လှုပ်ရှားမှုကို ဒီအပိုင်းမှာ ဖော်ပြသွားပါမယ်။

၂၀၀၈ ခုနှစ် အမေရိကနိုင်ငံမှာ ဖြစ်ပွားတဲ့ "Mad Cow Disease" ကြောင့် အမေရိကန်ကနေ တောင်ကိုရီးယားကို အမဲသားပို့ကုန် ပိတ်ပင်ဖို့ တောင်းဆိုမှုကြီး ဖြစ်ပေါ်ခဲ့တယ်။ ဒီတောင်းဆိုမှု နောက်ပိုင်းမှာ ဖယောင်းတိုင်ထွန်းပြီး ညလုံးပေါက် ဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။ ဒီလှုပ်ရှားမှုမှာ လူငယ်အမျိုးသမီးတွေ ပါဝင်မှုဟာ ၆၅ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။ ဒီလှုပ်ရှားမှုကြီးကို ကြည့်မယ်ဆိုရင် အမျိုးသမီးလူငယ်များနဲ့ အမျိုးသားလူငယ်များက အများအားဖြင့် နိုင်ငံတော်ကြီး ကျန်းမာဖို့အတွက် လှုပ်ရှားကြတာ ဖြစ်ပါတယ်။ အစိုးရက ထောင်ပေါင်းများစွာသော လှုပ်ရှားဆန္ဒပြသူတွေကို ဖမ်းဆီးပြီး အကျဉ်းထောင် ပို့ပစ်ခဲ့တယ်။

ကျောင်းလခနဲ့ ပက်သက်တဲ့ လှုပ်ရှားမှုလည်း ၂၀၁၁ မှာ ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့ဖူးသေးတယ်။ အစိုးရက ဂတိအတိုင်း ကျောင်းလခ လျှော့မပေးမှုကြောင့် ပေါ်ပေါက်လာတဲ့ လှုပ်ရှားမှုကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ မြောက်များစွာသော ကျောင်းသူကျောင်းသားများက အစိုးရကို သူတို့ရဲ့ ပညာသင်ကြားနိုင်ရေးအတွက် အကူအညီ တောင်းဆိုမှုကြီးလို့လည်း နောက်ပိုင်းမှာ လူသိများလာတဲ့ လှုပ်ရှားမှုကြီး ဖြစ်ပါတယ်။

ဤလှုပ်ရှားမှုကြီးရဲ့ ရလဒ်ကြောင့် အစိုးရက ဆင်းရဲခက်ခဲတဲ့ ကျောင်းသူသားတွေအတွက် အစိုးရပညာသင်ထောက်ပံ့ရေး စီမံကိန်းတွေ လုပ်ပေးခဲ့တယ်။ ဒီလှုပ်ရှားမှုကို ကြည့်မယ်ဆိုရင် လူငယ်တွေက သူတို့ရဲ့ ရည်မှန်းချက် အောင်မြင်ဖို့ရန်အတွက် တောင်းဆိုခြင်း ဖြစ်သလို၊ နိုင်ငံတော်ကို လမ်းပြ ပို့ဆောင်ပေးခဲ့တဲ့ လှုပ်ရှားမှုကြီးလည်း ဖြစ်ပါတယ်။

➡

### - Park Quen Hye ဖြုတ်ချမှုနဲ့ လူငယ်ပါဝင်မှု

၂၀၁၄ ဧပြီလမှာ စီဝိုလ်သင်္ဘော နစ်မြုပ်မှုကြောင့် တောင်ကိုးရီးယားနိုင်ငံသူ၊ နိုင်ငံသားတွေဟာ သမ္မတအပေါ် စိတ်ဆိုးဒေါသထွက်ခဲ့ကြပါတယ်။ ဂျေကြိုကျွန်းကို လေ့လာရေးခရီးသွားတဲ့ အထက်တန်းကျောင်းသူကျောင်းသား ၃၂၃ အပါဝင် စုစုပေါင်းခရီးသည် ၄၄၃ စီးလာတဲ့ သင်္ဘောကြီး ရုတ်တရက်တိမ်းမှောက်မှု ဖြစ်ခဲ့ပါတယ်။ ဒီအဖြစ်မှာ အစိုးရရဲ့ လှုပ်ရှားမှုက နှောင့်နှေး ကြန့်ကြာတဲ့အတွက်ကြောင့် မြောက်မြားစွာသော အထက်တန်း ကျောင်းသူကျောင်းသားတွေ အသက် ဆုံးရှုံးခဲ့ကြတယ်။ ဒီ ရေယာဉ်တိမ်းမှောက်မှုကြောင့် သမ္မတကို အပြစ်တင်လာကြတယ်။ နောက်တစ်ခုက သမ္မတဟာ လာဒ်ပေးလာဒ်ယူမှု၊ အာဏာ အလွဲသုံးစားမှုတွေကြောင့် ၂.၃ မီလီယံသော ပြည်သူလူထုက ရာထူးကနေ ဆင်းပေးဖို့နဲ့ တရားစွဲဖို့ တောင်းဆိုမှုကြီး ဖြစ်ပေါ်လာခဲ့တယ်။ နောက်ဆုံးမှာ သမ္မတကို လွှတ်တော်မှ ဖြုတ်ချရုံတင်မကပဲ ၂၇ နှစ်အထိ ထောင်ဒဏ် ကျခံခဲ့ပါတယ်။

ဤလှုပ်ရှားမှုဟာ ၂၀ နှစ်အတွင်း ကိုးရီးယားလူငယ်အများအဆုံးပါဝင်တဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုကြီးကို တနည်းပြောရရင် ဒီမိုကရေစီပါဝါဟု ဆိုလို့ရမှာ ဖြစ်ပြီး၊ လူထုသည်သာ နိုင်ငံတော်အတွက် ပါဝါအရှိဆုံးသူ ဖြစ်တယ်ဆိုတဲ့ သဘောထားကို ပြသတဲ့ လှုပ်ရှားမှုကြီးလည်း ဖြစ်ခဲ့ပါတယ်။ အတိုချုံးပြောရရင် လူငယ်တွေကြောင့် လာဒ်စားတဲ့ နိုင်ငံခေါင်းဆောင်၊ အာဏာအလွဲ သုံးစားမှုလုပ်တဲ့ နိုင်ငံ့ဦးသျှောင်ကို လူငယ်တွေအားနဲ့ တိုက်ထုတ်ခဲ့တဲ့ လုပ်ရှားမှုကြီး ဖြစ်ပါတယ်။[၄]

### နိဂုံး

အာရှတိုက်နိုင်ငံများရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများဟာ လူငယ်တွေနဲ့ ပတ်သက်မှု ရှိခဲ့ပါတယ်။ တောင်ကိုရီးယားတင်မဟုတ်၊ မြန်မာနိုင်ငံနဲ့ ထိုင်ဝမ် မှာသော်လည်းကောင်း၊ တရုတ်နိုင်ငံမှာသော်လည်းကောင်း ဖြစ်ခဲ့တယ်။ ဆိုလိုတာက အာရှတိုက်ကြီးမှာ လူငယ်တော်တော်များများရဲ့ ပေးဆပ်မှုများကြောင့် ဒီမိုကရေစီစနစ် ထွန်းကားတဲ့ နိုင်ငံတွေ အများကြီး ပေါ်ပေါက်လာခဲ့တယ်။

တောင်ကိုးရီးယားနိုင်ငံ နိုင်ငံရေးမှာ လူငယ်များပါဝင်မှုကို အထက်မှာဖော်ပြခဲ့သလို အသေးစိတ် လေ့လာတဲ့အခါ အချက်နှစ်ချက်ကို တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ပထမအချက်ကတော့ အသက်စွန့်ပေးဆပ်မှုဖြစ်ပြီး ပေးဆပ်ခြင်းရှိရင် ရယူပိုင်ဆိုင်ခြင်းလည်းရှိတယ်ဆိုတဲ့ အယူအဆကို ဆုပ်ကိုင်ထားပြီး အစိုးရဆန့်ကျင်ဆန္ဒပြ လှုပ်ရှားမှုတွေကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြသလို ဒီမိုကရေစီအခွင့်အရေးတွေကိုလည်း ရယူနိုင်ခဲ့ကြတယ်။ ဒီလိုအောင်မြင်မှု ရရှိခြင်းဟာ လူငယ်တွေရဲ့ အသက်ပေးစွန့်စားမှုများကြောင့် ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ နိုင်ငံတော်ကြီးရဲ့ ရှေ့ရေးအတွက် ဦးစားပေး လှုပ်ရှားမှုမှာ လူငယ်တွေပါဝင်မှုပဲ ဖြစ်ပါတယ်။ ကျောင်းလခ မြင့်မားမှုကို ထောင်ပေါင်းများစွာသော လူငယ်များက ကန့်ကွက်ခဲ့ကြတယ်။ လာဒ်ပေးလာဒ်ယူ၊ အာဏာအလွဲသုံးစားလုပ်တဲ့ Park Quen Hye ကို ရာထူးက ဖြုတ်ချရုံတင်မကဘဲ ထောင်ရောက်အောင် ပို့ဆောင်ခဲ့ကြတယ်။ ဒါဟာ သူတို့နိုင်ငံအတွက် အကတိ လိုက်စားမှုကို တိုက်ထုတ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

ဆိုလိုတာက တောင်ကိုးရီးယားနိုင်ငံရေးမှာ လူငယ်ပါဝင်မှုဟာ လေးစားထိုက်လောက်တဲ့အဆင့် ရှိပါတယ်။ လူငယ်တွေကြောင့် နိုင်ငံတော်ကြီးလည်း ယခုအချိန်မှာ ကမ္ဘာ့ အတိုးတက်ဆုံးနိုင်ငံစာရင်းဝင် ဖြစ်လာပါကြောင်း မျှဝေလိုက်ပါတယ်။

---

1. Korea JoongAng Daily. April 14, 2019. "Struggles of provisional government were many"
2. VOA. May 27. 2020. " As South Koreans Reexamine a 1980 Masscre, Some Ask US to Do the Same".
3. South China Morning Post. May 17, 2020. "Gwangju Massacre: Scars still raw 40 years after dictator crushed South Korea pro- democracy uprising"၄။
4. Nan Kim. Candlelight and the Yellow Ribbon: Catalyzing Re-Democratization in South Korea .

■ ***Salai Chan Bik Ceu***

# ဒေသဆိုင်ရာ နိုင်ငံရေးပါတီများ ရှိရန်နှင့် အားကောင်းရန် လိုအပ်ချက်

Pu Thomas Thang Nou

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်ပြီးနောက် ၂၀၁၀ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် အထွေထွေရွေးကောက်ပွဲ သုံးကြိမ်တိုင်တိုင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက အနိုင်ရရှိပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဆက်တိုက် အနိုင်ရခဲ့ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နှင့်အညီ တပြည်လုံးအတိုင်းအတာဖြင့် တည်ဆောက်သော နိုင်ငံရေးပါတီများနှင့် နယ်ပယ်ဒေသဆိုင်ရာနှင့် တိုင်းရင်းသားလူမျိုးစု တစ်ခုဆိုင်ရာ ဖွဲ့စည်းတည်ထောင်သော နိုင်ငံရေးပါတီများ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြသည်။ USDP၊ NLDတို့သည်တပြည်လုံးအတိုင်းအတာဖြင့်ဖွဲ့စည်းတည်ထောင်သော နိုင်ငံရေးပါတီများဖြစ်ကြပြီး၊ SNLD, ANP, CNLD ..စသည်တို့သည် ဒေသဆိုင်ရာ နိုင်ငံရေးပါတီများဖြစ်ကြသည်။ ဒေသဆိုင်ရာ နိုင်ငံရေးပါတီများတွင် လူမျိုးအခြေခံသော နိုင်ငံရေးပါတီများ၊ ပြည်နယ်/တိုင်းကို အခြေခံသော နိုင်ငံရေးပါတီများ၊ ပြည်နယ်/တိုင်းတစ်ခုအတွင်းရှိ မျိုးနွယ်တစ်ခုကို အခြေခံသောပါတီများ.. ပါဝင်သည်။ ယေဘုယျအားဖြင့် ဒေသဆိုင်ရာပါတီများသည် ပါတီတစ်ခုတည်းက ဗဟိုအစိုးရဖွဲ့စည်းနိုင်ရန် အခွင့်အလမ်းနည်းသည်။ မိမိတို့ဒေသ၊ ပြည်နယ်၊ တိုင်းအစိုးရဖွဲ့နိုင်ရန် အခွင့်အလမ်းသာရှိကြသည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်ကြောင့်လည်းကောင်း၊ ဗဟိုအစိုးရ ဖွဲ့စည်းနိုင်လောက်အောင် ရွေးကောက်ပွဲနိုင်ထားသော တပြည်လုံးအတိုင်းအတာ နိုင်ငံရေးပါတီ၏ "အပြတ်သတ်နိုင်သဖြင့်အာဏာအကုန်ယူမည်"ဟူသောဝါဒကြောင့်သော်လည်းကောင်း ဒေသဆိုင်ရာ ပါတီတစ်ခုမျှ အစိုးရမဖွဲ့နိုင်ကြသည်ကို ဝမ်းနည်းစွာ တွေ့ရှိရသည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် ဒေသဆိုင်ရာပါတီများ ရှိရန်နှင့် အားကောင်းရန် လိုအပ်သည့် အရေးကြီးသောအချက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

## ၁။ ဒီမိုကရေစီစနစ် အောင်မြင်ရန်အတွက် ဒေသဆိုင်ရာ နိုင်ငံရေးရည်မှန်းချက် ထားရှိရန် လိုအပ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ကြိုးပမ်းနေသော တိုင်းပြည်တစ်ခုဖြစ်သည်။ ဒီမိုကရေစီစနစ် အောင်မြင်စွာတည်ဆောက်နိုင်ရန် ဒေသဆိုင်ရာမှပြည်သူလူထုများ၊ တိုင်းရင်းသားများအားလုံး မိမိတို့ နယ်ပယ်ဒေသနှင့် သက်ဆိုင်ရာနိုင်ငံရေးဆန္ဒပြင်းပြမှု၊ မျှော်မှန်းချက်များထားရှိပြီး စနစ်တကျ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်ရန်မှာ လိုအပ်သော အခြေခံအချက်တစ်ခုဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် အမျိုးသားအခြေခံသော နိုင်ငံရေးပါတီများ၊ ဝါဒကိုအခြေခံသော နိုင်ငံရေးပါတီများအားလုံး ပါဝင်ကြသည်။ ဒီမိုကရေစီနိုင်ငံရေး အခွင့်အရေးတစ်ခုပင်ဖြစ်သည်။ ဒေသဆိုင်ရာ တိုင်းရင်းသားပြည်သူလူထုက မိမိတို့နှင့်သက်ဆိုင်သောနိုင်ငံရေးတက်ကြွလှုပ်ရှားမှုမှတပြည်လုံးအတိုင်းအတာနိုင်ငံရေးတက်ကြွလှုပ်ရှားလာနိုင်မည်ဖြစ်သည်။

## ၂။ ဒီမိုကရေစီအောင်မြင်ရန်အတွက် ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းသည် အကောင်းဆုံးဖြစ်သည်

ဒေသဆိုင်ရာ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးရည်မှန်းချက်များ၊ ပေါ်လစီ မူဝါဒများတို့သည် သက်ဆိုင်ရာလူမျိုး၊ ပြည်သူလူထု၏ နိုင်ငံရေးလိုအင်ဆန္ဒများကို အခြေခံထားသည်။ လုပ်ငန်းစဉ်၊ စီမံချက်များရေးဆွဲ၍ မိမိတို့ လူမျိုးဒေသခံများက အကောင်အထည် ဖော်လိုကြသည်။ ပြည်သူလူထုကလည်း မိမိတို့ ရွေးချယ်ထားသော ကိုယ်စားလှယ်များကိုယ်တိုင် အစိုးရဖွဲ့၍ အကောင်အထည်ဖော် အုပ်ချုပ်စေချင်ကြသည်။ ဗဟိုအစိုးရဖွဲ့စည်းနိုင်အောင် အနိုင်ရထားသော နိုင်ငံရေးပါတီကဖြစ်စေ၊ ဗဟိုအစိုးရဖြစ်စေ ဒေသဆိုင်ရာ နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆွေးနွေးပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သင့်သည်။ ဒေသ

ဆိုင်ရာနိုင်ငံရေး နီးကြားမှုများသည်လည်းကောင်း၊ ဒေသဆိုင်ရာနိုင်ငံရေးပါတီများ ထွက်ပေါ်လာခြင်းသည်လည်းကောင်း၊ မလိုအပ်ကြောင်း၊ မကောင်းကြောင်း သဘောထားပြီး ဥပေက္ခာပြုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ အနာဂတ်အတွက် တိုင်းပြည်စည်းလုံးညီညွတ်ရေး ရရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဗဟိုအစိုးရဖွဲ့နိုင်သော နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ဗဟိုအစိုးရထိပ်ပိုင်းခေါင်းဆောင်များသည် ဤအချက်ကို အထူးလုပ်ဆောင်ရန် လိုအပ်သည်။

### ၃။ ဗဟိုအစိုးရနှင့် ပြည်နယ်/တိုင်းအစိုးရအကြား အပေးအယူလုပ်ရန် လိုအပ်ခြင်း

ပြည်နယ်/တိုင်းအစိုးရများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများတိုးတက်မှုနှင့်ပတ်သက်၍သော်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်ကိစ္စ၊ ရေ၊ မီး၊ လမ်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်း ကိစ္စများ၊ ကုန်သွယ်ရေးကိစ္စများ၊ အခြားပြဿနာများနှင့် ပတ်သက်၍ ဒေသဆိုင်ရာဝါဒကို အခြေခံပြီး ဗဟိုအစိုးရနှင့် အပေးအယူလုပ်ရန် လိုအပ်သည်။ ဒေသဆိုင်ရာ နိုင်ငံရေးပါတီများက အနိုင်ရရှိပြီး အစိုးရဖွဲ့စည်းနိုင်မှသာ ဤကဲ့သို့ အပေးအယူညှိနှိုင်းမှုဖြစ်နိုင်ပြီး ဒေသဆိုင်ရာ အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်သည်။ တပြည်လုံး အနိုင်ရရှိသော နိုင်ငံရေးပါတီက ဗဟိုအစိုးရလည်းဖွဲ့ပြီး ပြည်နယ်/တိုင်းအစိုးရလည်း ဖွဲ့စည်းဦးဆောင်မှုပြုလျှင် ပေါ်လစီတူညီနေသည့်အတွက် အပေးအယူ ပြုလုပ်ညှိနှိုင်းရန် အကြောင်းမရှိနိုင်ပေ။

### ၄။ ဒေသဆိုင်ရာ စီးပွားရေးတိုးတက်မှု ချိန်ခွင်လျှာညီမျှစေခြင်း

အထက်ပါ နံပါတ်(၃) နှင့် ဆက်စပ်မှုရှိနိုင်သည်။ ပြည်နယ်နှင့် တိုင်းတို့တွင် စီးပွားရေးတိုးတက်မှု ကွာခြားလွန်းသည့်အခါ တိုင်းပြည်တွင် ပြဿနာများစွာ ပေါ်ထွက်လာသည်။ ကျွန်ုပ်တို့နိုင်ငံတွင်ပြည်နယ်များသည်စီးပွားရေးတိုးတက်မှု အထူးနောက်ကျကျန်နေသည်။ စီးပွားရေးတိုးတက်မှု၊ ဖွံ့ဖြိုးမှုအတွက် လိုအပ်သော အခြေခံအဆောက်အအုံများလည်း မရှိပေ။ အစိုးရ၏ စီမံခန့်ခွဲမှု အားနည်းချက်ကြောင့်လည်းကောင်း၊ ဘတ်ဂျက်ခွဲဝေမှု၊ သုံးစွဲမှု မညီမျှ၍လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်းစီးပွားရေးတိုးတက်မှုချိန်ခွင်လျှာအလွန်ကွာခြားတတ်သည်။ ဤတွင် ဒေသဆိုင်ရာခွဲခြားမှု ကွာဟမှုကြီး ဖြစ်လာသည်။ခေတ်နောက်ကျပြီး ဆင်းရဲဒုက္ခပေါင်းများစွာရင်ဆိုင်ကြရသည်။ အစိုးအပေါ်တွင် သော်လည်းကောင်း၊ ဒီမိုကရေစီအပေါ်တွင် သော်လည်းကောင်း၊ ပြည်ထောင်စုအပေါ်အထိ အယုံအကြည် မရှိကြတော့ဘဲ ဆန့်ကျင်မှု၊ ခွဲထွက်လိုမှုများ ဖြစ်ပေါ်စေသည်။ စီးပွားရေးအကြပ်အတည်းကြောင့် အခြားပြည်နယ်/တိုင်းများသို့ ရွှေ့ပြောင်းကြရသည်။ နိုင်ငံခြားသို့ထွက်ပြီး အလုပ်ရှာ၊ စီးပွားရှာ ရွှေ့ပြောင်းကြရသည်။ ဤအခြေအနေများဖြေရှင်းနိုင်ရန် ဒေသဆိုင်ရာနိုင်ငံရေးပါတီများအားကောင်းပြီးစီးပွားရေးတိုးတက်မှု ချိန်ခွင်လျှာ ညီမျှစေရန် အစိုးရ၊ လွှတ်တော်၊ တရားရေးကဏ္ဍများတွင် တောင်းဆို လှုပ်ရှားဆောင်ရွက်ရန် လိုအပ်လာသည်။

### ၅။ အာဏာ မျှဝေခြင်း

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် အစိုးရ၊ တပ်မတော်၊ လက်နက်ကိုင် တိုင်းရင်းသားအုပ်စုများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူလူထုများတို့က နိုင်ငံရေးနှင့် အမျိုးသားရေးတန်းတူမှုရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက် ပေးနိုင်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ကြရန် သဘောတူလက်ခံကြပြီးဖြစ်သည်။ တိုင်းရင်းသားပြည်သူလူထုများအကြား တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံကြီးအဖြစ်သို့ ရောက်ရန် အတူယှဉ်တွဲ ဖော်ဆောင်ကြရည် ရည်ရွယ်ကြသည်။ ဤနိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်သို့ ခရီးဆုံးရောက်နိုင်ရန်နှင့် အောင်မြင်မှု ရရှိနိုင်ရန်အတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သော အရေးကြီးအခန်းကဏ္ဍတွင် သက်ဆိုင်ရာ ဒေသဆိုင်ရာလွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပ နိုင်ငံရေးပါတီများ၊ ခေါင်းဆောင်များ၊ အဖွဲ့အစည်းအုပ်စုများတို့သည် မရှိမဖြစ် ပါဝင်ကြရမည်။ အင်အားတောင့်တင်းသော ဒေသဆိုင်ရာ နိုင်ငံရေးပါတီများကသာ အာဏာမျှဝေရာတွင် အဓိက အခန်းတွင် ပါဝင်လာကြမည်။

ကျွန်ုပ်တို့နိုင်ငံသည် ပါလီမန်ဒီမိုကရေစီခေတ်နှင့် ယခု ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျင်းပသော ရွေးကောက်ပွဲတွင်း တပြည်လုံးဆောင် နိုင်ငံရေးပါတီများ၏ လွှမ်းမိုးချုပ်ကိုင်မှု ခံနေရသည်။ အတိုက်အခံပါတီရှိခြင်းကို ခွင့်မပြု

သော တပါတီအာဏာရှင် စစ်အစိုးရခေတ်များတွင် ပို၍ပင် လွှမ်းမိုးချုပ်ကိုင်မှု၊ ဖိနှိပ်ချယ်လှယ်မှု ခံခဲ့ကြရသည်။ ဤကဲ့သို့ တပြည်လုံးဆောင် လွှမ်းမိုး ချုပ်ကိုင်မှုနှင့်အတူ အုပ်စိုးသူများသည် အာဏာကို ဗဟိုကသာ ချုပ်ကိုင်သုံးစွဲသော တပြည်ထောင်စနစ်ပုံစံသာ အတွေ့အကြုံရှိခဲ့ကြသည်။ ယခုတွင် ဖက်ဒရယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်/တိုင်း ဖွဲ့စည်းပုံ အုပ်ချုပ်ပုံအခြေခံဥပဒေ စသဖြင့် လိုအပ်ကြောင်း ဖော်ပြကြသည်မှာ အာဏာခွဲဝေခြင်းကို လိုလားကြောင်း ဖော်ပြခြင်းပင် ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားပြည်သူများက နိုင်ငံရေးဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာ၊ ငွေးရေးကြေးရေး၊ စာတိုက်၊ တံဆိပ်ခေါင်းစသည်တို့ကို ပြည်ထောင်စု၏လုပ်ပိုင်ခွင့်အာဏာအဖြစ်ထားပြီးကျန်အာဏာများကို ပြည်နယ်/တိုင်း လုပ်ပိုင်ခွင့်အာဏာအဖြစ် ထားရှိလိုကြသည်။ တစ်နိုင်ငံလုံး လွှမ်းမိုး ချုပ်ကိုင်ထားသော ပါတီတစ်ခုအနေဖြင့် လက်တွေ့တွင် အာဏာခွဲဝေခြင်းဆိုင်ရာ အခက်အခဲများစွာ ရှိနိုင်သည်။

ဤတွင် ဒေသဆိုင်ရာ နိုင်ငံရေးပါတီများ အားကောင်းမှသာ လွှမ်းမိုးချုပ်ကိုင်သော ပါတီအပေါ် ဖိအားပေးနိုင်မည်။ သို့မဟုတ် လွှမ်းမိုးချုပ်ကိုင်သောပါတီနှင့် ပူးပေါင်းဆောင်ရွက်ပြီး အတားအဆီးများကို ကျော်ဖြတ်နိုင်မည်။ သို့မှသာ ဗဟို ချုပ်ကိုင်မှုလျော့ပြီး အာဏာကို ဒေသဆိုင်ရာသို့ ခွဲဝေပေးနိုင်မည်။

## ၆။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အခြားဥပဒေများ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း

ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရာ၌လည်းကောင်း၊ ပြင်ဆင်ရာတွင် သော်လည်းကောင်း၊ အခြားဥပဒေများ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ရာတွင်သော်လည်းကောင်း "မတူကွဲပြားပြီး ခြားနားခြင်းမှ စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်း" ကို လက်ခံပြီး ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်မှသာ မှန်ကန်၍ တရားမျှတသောဥပဒေဖြစ်လာနိုင်မည်။ ဒေသဆိုင်ရာ နိုင်ငံရေးပါတီများတို့သည် အဓိကအားဖြင့် -

(၁) သမိုင်းဆိုင်ရာကွဲပြားမှု

(၂) လူမျိုးအရ ကွဲပြားခြားနားမှု

(၃) ပထဝီအနေအထားအရ ကွဲပြားခြားနားမှု

(၄) စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှု

(၅) ယုံကြည်ကိုးကွယ်မှုနှင့် ဘာသာစကားအရ ကွဲပြားမှု

(၆) နိုင်ငံရေးနှင့် စီးပွားရေးအရ ကွဲပြားခြားနားမှု

(၇) ရိုးရာဓလေ့ထုံးစံများအရ ကွဲပြားခြားနားမှု

(၈) လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးအရ ကွဲပြားခြားနားမှု

(၉) ဖွံ့ဖြိုးတိုးတက်မှုအရ ကွဲပြားမှု

စသည်တို့အရ ပေါ်ပေါက်လာကြခြင်းဖြစ်သည်။ သက်ဆိုင်သူများက အထက်ပါ မတူကွဲပြားမှုများကို အပြန်အလှန် လက်ခံအသိအမှတ်ပြုကြပြီး၊ သက်ဆိုင်ရာ အစုအဖွဲ့များ လက်ခံနိုင်သော ဒီမိုကရေစီ ဖက်ဒရယ်အခြေခံမူများနှင့်အညီ ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲနိုင်မှသာ အမျိုးသားရင်ကြားစေ့ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်မည်။

ယခုအခါ လွှတ်တော်ပြင်ပဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်ကြောင်းမှ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရန် ကြိုးပမ်းရာတွင် အဓိကအခန်းတွင် ပါဝင်သော ဒေသဆိုင်ရာနိုင်ငံရေးပါတီများဖြစ်ကြသော လက်နက်ကိုင် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအောက်တွင် မှတ်ပုံတင်ထားသော အမျိုးသားနိုင်ငံရေးပါတီများ အင်အားစုအားကောင်းမှသာ ဒီမိုကရေစီ ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အစစ်အမှန် ပေါ်ပေါက်လာနိုင်မည်။

တိုင်းရင်းသား ပြည်သူလူထုများတို့၏ အခွင့်အရေးများနစ်နာဆုံးရှုံးစေသော မတရားဥပဒေများ ပယ်ဖျက်ပြင်ဆင်ခြင်း၊ တိုင်းရင်းသားပြည်သူများ ထိခိုက်နစ်နာစေသော စီမံကိန်းများ၊ အစီအစဉ်၊ လုပ်ငန်းများတို့ ပြင်ဆင် ပယ်ဖျက်ခြင်းနှင့် ပတ်သက်၍ ဒေသဆိုင်ရာ နိုင်ငံရေးပါတီများ အားကောင်းမှသာ ဆောင်ရွက်နိုင်မည်။

ကျွန်ုပ်တို့ တိုင်းရင်းသားနိုင်ငံရေးပါတီများသည် မိမိတို့လူမျိုးလုံခြုံရေး မထိခိုက်စေဘဲ မိမိတို့ စကား၊ စာပေ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု မပျောက်မပျက် ထိန်းသိမ်းနိုင်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာရရှိပြီးအပြန်အလှန်အသိအမှတ်ပြုသော နိုင်ငံရေး၊ လူမျိုးရေး တန်းတူညီမျှမှုရှိသော ဒီမိုကရေစီအခြေခံ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ကြရန် နိုင်ငံရေးဆန္ဒရှိကြသည်။ ■■

# ငြိမ်းချမ်းရေး



■ Salai Ram Kulh Cung

### ဂယေ်ကော့ပောင်းများ

ငြိမ်းချမ်းရေးခရီးသည် တောင်ပေါ်ခရီးကြမ်းနှင့် တူသည်။ လမ်းခရီးချောမွေ့ဖို့ ဆုတောင်းပြီး တက်ရသည်။ လမ်းတလျှောက် ချောက်ကမ်းပါးတွေ ရှိသည်။ လမ်းချော်ပြီး ချောက်ထဲများကျခဲ့လျှင် မတွေးဝံ့စရာပင်။ လမ်းတွင် ခရီးကြမ်းလို့ ကားခုန်တာ၊ အင်ဂျင်ပူလို့ ကားရပ်တာ၊ လမ်းပျက်လို့ ကားရပ်တာတွေ ရှိသည်။ လမ်းပြင်နေလျှင် ကားရပ်တာ ပိုကြာသည်။ ကားပျက်လျှင်တော့ အတော်ဒုက္ခရောက်ရသည်။ ထို့ကြောင့် စားစရာ၊ သောက်စရာများ လိုလိုမယ်မယ် ဆောင်ထားဖို့ လိုသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြသည်။ ဖဆပလ အစိုးရ၊ တော်လှန်ရေးကောင်စီ၊ မဆလ အစိုးရ၊ နဝတ/နအဖ စစ်အစိုးရ... အားလုံးသော အစိုးရအဆက်ဆက်တို့သည် မတူညီသော နည်းလမ်းများဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းခဲ့ကြသည်။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ လဲလှယ်ခြင်း၊ ငြိမ်းချမ်းရေးနှင့် လက်နက်လဲလှယ်ခြင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးစသည့် နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ခဲ့ကြသည်။ ကနဦးတွင် ကွန်မြူနစ်အဖွဲ့အစည်းများနှင့် အမျိုးသားရေးအဖွဲ့အစည်းများ နှစ်မျိုးလုံးကို တွေ့ခဲ့ရသော်လည်း ၁၉၈၀ နှောင်းပိုင်းတွင် ကွန်မြူနစ်အဖွဲ့အစည်းများပျောက်ကွယ်သွားပြီးနောက် တိုင်းရင်းသားအရေးသည်သာ အဓိကဖြစ်လာပါသည်။

ယခင်က လက်နက်ကိုင်အဖွဲ့အစည်းများ ရာချီ၍ ရှိခဲ့သည်။ အချို့အဖွဲ့အစည်းများ ပျောက်ကွယ်သွားသည်။ အဖွဲ့အစည်းအချို့က နယ်ခြားစောင့်တပ်များ ဖြစ်လာသည်။ အခြားအဖွဲ့အစည်းများက ပြည်သူ့စစ် ဖြစ်သွားသည်။ ယနေ့တွင်တော့ EAO အဖွဲ့အစည်းများက (၂၁) ဖွဲ့ ရှိသည်ဟု ဆိုသည်။ WNO အဖွဲ့ ဖျက်သိမ်းပြီး ဖြစ်၍ (၂၀) ဖွဲ့ဟု ဆိုရမည်။ အစိုးရကတော့ (၁၆) ဖွဲ့ကိုသာ အသိအမှတ်ပြုသည်။ သို့သော်လည်း အဖွဲ့အစည်းအားလုံးနှင့် ဆွေးနွေးနေရာ အပြောင်းအလဲများ ဖြစ်လာမည်ဟု မျှော်လင့်ရပါသည်။

လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံစေခြင်း နည်းလမ်းဖြင့် ချဉ်းကပ်နေသည်ကို တွေ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများသည် ယင်းချဉ်းကပ်မှုကို မသိနားမလည်၍ ဝင်ရောက် ဆွေးနွေးခြင်းတော့မဟုတ်။ စင်စစ် တွေ့ဆုံဆွေးနွေးအဖြေရှာရေး မဟာဗျူဟာကို ကျင့်သုံးကာ အပြောင်းအလဲတရပ်ကို ရှာဖွေနေခြင်း ဖြစ်သည်။

### ၁။ USDP အစိုးရ၏ အပစ်ရပ်လမ်းညွှန်ချက်နှင့် နှစ်ဖက်သဘောတူအပစ်အခတ်ရပ်စဲရေးများ

USDP အစိုးရသည် ကြေညာချက်အမှတ် ၁/၂၀၁၁ ဖြင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအား ဖိတ်ခေါ်ခဲ့သည်။ ကနဦးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့် ဦးသိန်းဇော်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ (၁) နှင့် ပြည်ထောင်စုဝန်ကြီး

ဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ (၂) ဟူ၍ ဖွဲ့စည်းကာ စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် အမိန့်အမှတ် ၁၁/၂၀၁၂ ဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC) ကိုလည်းကောင်း၊ အမိန့်အမှတ် ၁၂/၂၀၁၂ ဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ကိုလည်းကောင်း ဖွဲ့စည်းခဲ့ပြီး အမိန့်အမှတ် ၁၄/၂၀၁၃ ဖြင့် UPCC ကိုလည်းကောင်း၊ အမိန့်အမှတ် ၁၅/၂၀၁၃ ဖြင့် UPWC ကိုလည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေးအတွက် UPWC အား ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးခြင်း (၅) ချက်နှင့် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးခြင်း (၈) ချက် တို့ပါဝင်သည့် တာဝန်များကို ပေးအပ်ခဲ့သည်။ UPWC ၏ ရုံးအဖွဲ့အဖြစ် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ကြီးမှူး၍ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက် နေ့တွင် ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်သည့်အချိန်တွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (၁၂) ဖွဲ့သည် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) တွင် တပ်ပေါင်းစုအဖြစ် စုစည်းတည်ရှိကြသည်။ ထို့ကြောင့် တပ်ပေါင်းစုတွင် ပါဝင်သည့် အဖွဲ့အစည်းများအတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုကို စုပေါင်း၍ ပြုလုပ်မည်လော၊ တစ်ဖွဲ့ချင်း ပြုလုပ်မည်လောဟူသည့်ကိစ္စ ဖြစ်ပေါ်လာပါသည်။ တပ်ပေါင်းစုဖြင့် စုစုစည်းစည်း လုပ်ဆောင်လိုသူများရှိသလို၊ တူတာတွဲလုပ်၊ မတူတာခွဲလုပ် ဟူသည့် 'မူ' ဖြင့် လုပ်ဆောင်လိုသူများလည်း ရှိသည်။

### (၁.၁) တစ်ဖွဲ့ချင်း အပစ်အခတ်ရပ်စဲခြင်း

UNFC အဖွဲ့ဝင်မဟုတ်သည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရေစီမဟာ မိတ်တပ်မတော် (NDAA)၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့များသည် ၂၀၁၁ ခုနှစ်အတွင်း အသီးသီး အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့ကြသည်။

UNFC အဖွဲ့ဝင် ချင်းအမျိုးသားတပ်ဦး (CNF) သည် အချက် (၉) ချက် ပါဝင်သည့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ဟားခါးမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသို့ သီးခြားအပစ်အခတ်ရပ်စဲရေးပြုလုပ်သောကြောင့် UNFC က CNF ကို အရေးယူပြီး ထုတ်ပယ်လိုသည်။ သို့သော် ကရင်အမျိုးသားအစည်းအရုံး (KNU) မှလည်း အပစ်အခတ်ရပ်စဲရေးပြုလုပ်မည်ဟု ကြားသိရသောအခါ အရေးယူမှု မပြုလုပ်တော့ပေ။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးပါတီ (PNLO) စသည်ဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့ကြသည်။ ထိုသို့ဖြင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များကို အသီးသီး ချုပ်ဆိုခဲ့ကြသည်။

ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) သည် အချက် (၇) ချက်ပါ ပစ်ခတ်တိုက်ခိုက်မှုလျှော့ချရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) အဖွဲ့သည် အပစ်အခတ်ရပ်စဲရေးအတွက် ညှိနှိုင်းခဲ့သော်လည်း ချုပ်ဆိုနိုင်ခဲ့ခြင်း မရှိပါ။ ရခိုင်အမျိုးသားကောင်စီ (ANC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)၊ ဝအမျိုးသားအဖွဲ့ချုပ် (WNO) အဖွဲ့များကိုမူ အပစ်အခတ်ရပ်စဲရေး မပြုလုပ်ဘဲ နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်နိုင်သည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်မဟာ မိတ်တပ်မတော် (MNDAA) ကိုတော့ မူဝါဒမကျဟု ဆိုသည်။

UNFCအဖွဲ့ဝင်မဟုတ်သည့်မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN) အဖွဲ့များလည်း ၂၀၁၂ ခုနှစ်အတွင်း အသီးသီး အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့ကြသည်။ ရက္ခိုင့်တပ်မတော် (AA) အဖွဲ့ကိုတော့ မူဝါဒမကျဟု ဆိုသည်။

တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း (၁၄) ဖွဲ့က ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ် Bilateral Ceasefire Agreement (BCA) များကိုလည်း ကောင်း၊ ၎င်းတို့အနက် (၁၁) ဖွဲ့က ပြည်ထောင်စုအဆင့် အပစ် အခတ်ရပ်စဲရေးသဘောတူစာချုပ် (BCA) များကိုလည်းကောင်း ချုပ်ဆိုခဲ့ကြသည်။

## (၁.၂) အစုအဖွဲ့အလိုက် အပစ်အခတ်ရပ်စဲခြင်း

### (၁.၂.၁) Working Group for Ethnic Coordination (WGEC)

တစ်ဖွဲ့ချင်း အပစ်အခဲရပ်စဲရေး လုပ်ငန်းများကို တစ်ဘက် တွင် ဆောင်ရွက်နေကြသလို တစ်နိုင်ငံလုံး အတိုင်းအတာ ဆောင်သည့် အစုအဖွဲ့အလိုက် အပစ်အခတ်ရပ်စဲရေးကိုလည်း ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ထို့ကြောင့်အစုအဖွဲ့အလိုက် ကိစ္စကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆-၂၈) ရက်များတွင် ကျင်းပပြုလုပ်ခဲ့သည့် တိုင်းရင်းသားညီလာခံကြီး၌ စတင်ဆွေး နွေးပြီး ဇွန်လတွင် တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC) ကို ပြည်နယ်အခြေခံဖြင့် ဖွဲ့စည်းလိုက် သည်။ အရပ်ဘက်လူ့အဖွဲ့စည်း ကိုယ်စားလှယ်များကိုလည်း ပါဝင်စေခဲ့သည်။ WGEC က အလုံးစုံသော ပြည်ထောင်စုငြိမ်း ချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်း (Comprehensive Union Peace & Ceasefire Agreement - Draft) ကို ပြုစုခဲ့သည်။

သို့သော် ယင်းမူကြမ်းကို မည်သူက သယ်ဆောင်၍ ဆွေး နွေးမည်ဆိုသည်ကိစ္စနှင့်ပတ်သက်၍ UNFC က ၎င်း၏ဆွေးနွေး ရေးအဖွဲ့တွင် UNFC အဖွဲ့ဝင်မဟုတ်သည့် အဖွဲ့အစည်းများကို တိုးချဲ့ပါဝင်စေလိုသည်၊ UNFC အဖွဲ့ဝင်မဟုတ်သည့် အဖွဲ့အ စည်းများက သီးခြား ဆွေးနွေးရေးအဖွဲ့ ဖွဲ့စည်းလိုသည်။ ယင်းသို့ သဘောထား ကွဲလွဲမှုများရှိနေချိန်တွင် အဖွဲ့အစည်းအချို့က ယင်းမူကြမ်းကို အစိုးရထံသို့ ပေးအပ်ခဲ့သည်။ ထို့ကြောင့် UNFC သည် WGEC မှ နုတ်ထွက်လိုက်သည်။

☞

### (၁.၂.၂) Nationwide Ceasefire Coordination Team (NCCT)

ယင်းသို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းများအကြား သဘောထားကွဲလွဲမှုကို ညှိနှိုင်းအဖြေရှာ ရန် လိုင်ဇာညီလာခံကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်မှ နိုဝင်ဘာလ (၂) ရက်အထိ ကျင်းပခဲ့သည်။ လိုင်ဇာ ညီလာခံကြီးတွင် အချက် (၁၁) ချက်ပါ လိုင်ဇာသဘောတူညီ ချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) ကိုဖွဲ့စည်းလိုက်သည်။ NCCT တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်း (၁၆) ဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်သည်။ ထိုသို့ဖြင့် NCCT နှင့် UPWC တို့ ချိတ်ဆက်ဆောင်ရွက်ခဲ့ကြရာ ၂၀၁၄ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ပထမအကြိမ် တရားဝင် NCA ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးကို စတင်ပြုလုပ်နိုင်ခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲများတွင် အကြပ်အတည်းများ ကြုံတွေ့ နေသည့်ကာလ၌ အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ် စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များနှင့် တိုင်း ရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ DKBA၊ KNU၊ KNU/KNLA-PC နှင့် RCSS တို့က ငြိမ်းချမ်းရေးနှင့် အမျိုး သားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment for Peace and National Reconciliation) ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့၌ လက်မှတ်ရေးထိုး ခဲ့ကြသည်။

NCCT နှင့် UPWC တို့သည် NCA ညှိနှိုင်းဆွေးနွေးမှုကို တရားဝင် (၇) ကြိမ် ပြုလုပ်ပြီးနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အတည်ပြု မူကြမ်းကို ၂၀၁၅ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

### (၁.၂.၃) Senior Delegation

NCCT နှင့် UPWC တို့၏ NCA ညှိနှိုင်းဆွေးနွေးမှုတွင် မပြီးပြတ်သေးသည့် အချက်အလက်အချို့ ကျန်ရှိနေသေးရာ

ယင်းအချက်အလက်များကို ဆက်လက်ဆွေးနွေးရန် ဒုတိယ အကြိမ် လော်ခီးလာညီလာခံကြီးက အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) ကို ဖွဲ့စည်းခဲ့သည်။ SD ကို ပြည်နယ် အခြေခံ (၇) ဦးဖြင့် ဖွဲ့စည်းခြင်းဖြစ်သော်လည်း ရှမ်းပြည်အတွက် (၂) ဦး ထပ်ဖြည့်သည်။ NCCT လူဟောင်း (၆) ဦးကိုလည်း အား ဖြည့်ခဲ့သည်။

SD နှင့် UPWC တို့သည် NCA ညှိနှိုင်းဆွေးနွေးမှုအစည်း အဝေးကို (၂) ကြိမ် ပြုလုပ်ခဲ့သည်။ NCCT နှင့် UPWC တို့၏ NCA ညှိနှိုင်းဆွေးနွေးမှုတွင် မပြီးပြတ်သေးသည့် အချက်အ လက်များကို ဆက်လက်ဆွေးနွေးခြင်း ဖြစ်သည်။

NCA ညှိနှိုင်းဆွေးနွေးပွဲများကို စုစုပေါင်း (၉) ကြိမ်နှင့် အလွတ်သဘောတွေ့ဆုံပွဲများ အကြိမ် (၂၀) ကျော် ပြုလုပ်ခဲ့ သည်။ တရားဝင် NCA ညှိနှိုင်းဆွေးနွေးပွဲများတွင် UWSP၊ NDAA၊ RCSS၊ ABSDF နှင့် NSCN တို့က လေ့လာသူများ စေလွှတ်ခဲ့ကြသည်။

## (၁.၂.၄) နိုင်ငံတော်သမ္မတ နှင့် EAO ထိပ်သီးခေါင်းဆောင် (၉) ဦး တွေ့ဆုံပွဲ

NCA တွင် ပါဝင်လက်မှတ်ရေးထိုးမည့် အဖွဲ့အစည်းများ ကိစ္စနှင့်ပတ်သက်၍တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများက အဖွဲ့အစည်းအားလုံး ပါဝင်လက်မှတ်ရေးကို တောင်းဆိုသော်လည်း နိုင်ငံတော်အစိုးရက ANC၊ LDU၊ WNO တို့သည် အပစ်အခတ်ရပ်စဲရေး မလိုအပ်ဘဲ နိုင်ငံရေးဆွေးနွေးပွဲ များတွင် ပါဝင်နိုင်သည်ဟူ၍လည်းကောင်း၊ AA၊ MNDAA တို့ အတွက် မူဝါဒ မကျသေးဟူ၍လည်းကောင်း ဆိုပါသည်။

ထို့ကြောင့် အားလုံးပါဝင်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေး ရန် KNU၊ KIO၊ SSPP၊ NMSP နှင့် KNPP တို့မှ ထိပ်သီး ခေါင်းဆောင် (၅) ဦး၊ SD ခေါင်းဆောင် (၃) ဦး နှင့် NCCT ခေါင်း ဆောင် (၁) ဦးတို့သည် နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံညှိနှိုင်းခဲ့ ကြပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် EAO ထိပ်သီး ခေါင်းဆောင် (၉) ဦး တွေ့ဆုံပွဲကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ သို့သော် တွေ့ဆုံပွဲသည် ဆုံး ဖြတ်ချက် တစုံတရာ မကျဘဲ ပြီးဆုံးသွားခဲ့သည်။

## (၁.၂.၅) NCA လက်မှတ်ရေးထိုးခြင်း

ချင်းမိုင်မြို့တွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်မှ (၃၀) ရက်အထိ ကျင်းပခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (၂၁) ဖွဲ့အနက် (၁၉) ဖွဲ့တက်ရောက် သော EAO ထိပ်သီးအစည်းအဝေးတွင် EAO (၈) ဖွဲ့က NCA ကို လက်မှတ်ရေးထိုးရန် ဆုံးဖြတ်လိုက်သည်။ ထိုသို့ဖြင့် နိုင်ငံ တော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းများ (ABSDF, ALP, CNF, DKBA, KNU, KNU/KNLA-PC, PLNO နှင့် RCSS) တို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ လ (၁၅) ရက်နေ့တွင် ပြည်တွင်းပြည်ပ အသိသက်သေများ ရှေ့မှောက်၌ သမိုင်းဝင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်က NCA စာချုပ်ကို ကန့်ကွက်သူမရှိ အတည်ပြုခဲ့ သည်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် LDU နှင့် NMSP တို့လည်း NCA ကို လက်မှတ်ရေးထိုးခဲ့ရာ NCA လက် မှတ်ရေးထိုးသည့်အဖွဲ့ (၁၀) ဖွဲ့ ရှိသွားပြီ ဖြစ်သည်။

## အပစ်အခတ်ရပ်စဲရေးကို စိတ်ဖြာသုံးသပ်ခြင်း

နိုင်ငံတော်အစိုးရသည် ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေး နွေးခြင်း (၅) ချက် နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေး နွေးခြင်း (၈) ချက်တို့ ပါဝင်သည့် အပစ်ရပ်လမ်းညွှန်ကို ချမှတ် ထားသော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သဖြင့် ပြည်နယ်အဆင့် Bilateral Ceasefire Agreement (BCA) ကို EAO (၁၄) ဖွဲ့ ကလည်းကောင်း၊ ပြည်ထောင်စုအဆင့် Bilateral Ceasefire Agreement (BCA) ကို EAO (၁၁) ဖွဲ့ကလည်း ကောင်း၊ Nationwide Ceasefire Agreement (NCA) ကို EAO (၁၀)ဖွဲ့ကလည်းကောင်း၊ စုစုပေါင်း (၁၅) ဖွဲ့က အပစ်အခတ်ရပ်စဲ ရေး ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ Bilateral Ceasefire Agreement(BCA)လက်မှတ်ရေးထိုးသည့် EAO (၁၄) ဖွဲ့အနက် (၉) ဖွဲ့က NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အပစ်အခတ်

ရပ်စဲရေးလုပ်ရန်မလိုဟု ယခင်က သတ်မှတ်ထားသည့် LDU ကို NCA တွင် ပါဝင်ရေးထိုးစေခဲ့သည်။ WNO သည် ဖျက်သိမ်းပြီး ဖြစ်၍ EAO ငါးဖွဲ့ (KIO, PSLF, MNDAA, AA, ANC) ကျန်ရှိသည်ဟု ဆိုရမည်။

အပစ်အခတ်ရပ်စဲရေးစာချုပ်များကို ကြည့်ပါက နယ်မြေပိုင်းခြား သတ်မှတ်ရေး၊ စောင့်ကြည့်ရေး၊ စိစစ် အတည်ပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် အားနည်းချက်များ ရှိနေပါသည်။ Bilateral Ceasefire Agreement (BCA) များတွင် အဖွဲ့အစည်းများ၏ ဆွေးနွေးနိုင်မှုအခြေအနေအရ အချက်အလက်များ ကွာခြားနေသည်ကို တွေ့ရသည်။ NCA ကို ညှိနှိုင်းရာ၌ စုပေါင်းဆွေးနွေးခြင်းဖြစ်၍ ပိုမိုအားကောင်းလာသော်လည်း နိုင်ငံရေးအခက်အခဲကြောင့် ပြင်ရခက်၊ ပြောင်းရခက်ခဲ့ပြီး နည်းပညာပိုင်းအရ စာချုပ်တွင် လိုအပ်ချက်များ ရှိခဲ့သည်။

အပစ်အခတ်ရပ်စဲရေးစာချုပ်များ အကောင်အထည်ဖော်မှုကို ကြည့်ပါက NCA အကောင်အထည်ဖော်မှုကိုသာ ဦးစားပေး ဆောင်ရွက်နေခြင်းကို တွေ့ရပြီး Bilateral Ceasefire Agreement(BCA)များကိုလျစ်လျူရှုထားသဖွယ်ဖြစ်နေသည်။ စင်စစ် NCA တွင် BCA များကို ထပ်လောင်းအတည်ပြုထားပါသည်။ ထို့ပြင် NCA အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ကြားကာလအစီအစဉ်များကို ဆောင်ရွက်နိုင်သေးခြင်းမရှိသည်ကို တွေ့ရသည်။ စာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်စုံမျှတအောင် ဆောင်ရွက်နိုင်မှသာလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ တိုးတက်ဖြစ်ထွန်းမှုကို ပြည်သူများခံစား သိရှိနိုင်မည် ဖြစ်သည်။

မြန်မာ့/ဗမာ့တပ်မတော်သည် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုကာလအတွင်း အပစ်မရပ်သေးသည့် အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အပစ်ရပ်ပြီးသည့်အဖွဲ့အစည်းများနှင့်ဖြစ်စေ အပြင်းထန်ဆုံး တိုက်ပွဲများဖြစ်ပွားခဲ့ပြီး စစ်ပွဲကြောင့် သေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုများစွာ တွေ့ရသည်။ လူပေါင်း သိန်းချီ၍ Refugee နှင့် IDP အဖြစ် ရောက်ရှိခဲ့ရသည်။ မြန်မာ့/ဗမာ့တပ်မတော်သည် စစ်ရေးကို နိုင်ငံရေးနှင့် အပြိုင်လုပ်၍ စစ်ရေးနှင့် နိုင်ငံရေးကို ပေါင်းစပ်ချဉ်းကပ်သည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် အင်အား ချိနဲ့မသွားသည့်အပြင် PSLF ၊ AA စသည့် အဖွဲ့အစည်းများသည် တစ်ဟုန်ထိုး အင်အားကြီးမားလာပါသည်။ ယင်းက "စစ်ရေးဖြင့် နိုင်ငံရေးအဖြေရှာ၍ မရနိုင်ခြင်း" ကို ထပ်လောင်း အတည်ပြုလိုက်သည်ဟု ဆိုနိုင်ပါသည်။

စစ်ရေးအကြပ်အတည်းနှင့်အခြားလိုအပ်ချက်များကြောင့် FPNCC ပေါ်ပေါက်လာသည်။ မြောက်ပိုင်းသည် EAO ၏ ခံတပ်ကြီးသဖွယ် ဖြစ်လာသည်။ FPNCC တွင် UWSP ပါဝင်လာခြင်းကလည်း နိုင်ငံရေးရေချိန် မြင့်တက်လာမှုကို ညွှန်းနေပါသည်။ ဤအခြေအနေအားလုံးက သက်ဆိုင်ရာ အစုအဖွဲ့အားလုံးကို နိုင်ငံရေး အဖြေရှာရန် တွန်းပို့နေသည်။

အချုပ်ဆိုရလျှင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ညှိနှိုင်းရေး ဆွဲနိုင်ခြင်းနှင့် လက်မှတ် ရေးထိုးနိုင်ခဲ့ခြင်းသည် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုတွင် အဓိက အောင်မြင်မှုဟု ဆိုနိုင်ပါသည်။ ညှိနှိုင်းဆွေးနွေးမှုဆိုသည်မှာ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို ဖော်ဆောင်ခြင်းပင်ဖြစ်သည်။ NCA သည်ပြီးပြည့်စုံသောစာချုပ်မဟုတ်သော်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် လမ်းဖွင့်ပေးသည်ကိုတော့ အငြင်းပွားဖွယ် မရှိပေ။

## ၂။ NCA လမ်းကြောင်း

အစိုးရတစ်ရပ်ပြောင်းသည့်အခါ ပေါ်လစီများ ပြောင်းလဲပြီး ယခင်အစိုးရနှင့် မတူကွဲပြားစွာ လုပ်ဆောင်လေ့ရှိသည်။ NLD အစိုးရကလည်း အပြောင်းအလဲတွေ လုပ်သည်ကို တွေ့ရသည်။ NLD သည် အစိုးရမဖြစ်မီက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအား NCA ကို အလျင်စလို လက်မှတ်မရေးထိုးရန်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို flexible ဖြစ်စေရန် ပြောဆိုခဲ့မှုများရှိသော်လည်း အစိုးရတရပ်အနေဖြင့် NCA ကို ကောင်းမွန်စွာ ဆက်ခံဆောင်ရွက်သည်ကို တွေ့ရသည်။

### (၂.၁) UPCC/UPWC/MPC မှ NRPC/PC သို့

NLD အစိုးရက UPCC/UPWC/MPC ယန္တရားများကို အမျိုး

သားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနနှင့် ငြိမ်းချမ်းရေးကော်မရှင် (NRPC/PC) အဖြစ် ပြောင်းလဲလိုက်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီ လာခံကို ၂၁ ရာစု ပင်လုံ ဟူသည့် စကားရပ်ဖြည့်စွက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစု ပင်လုံ ဟုခေါ်ဝေါ်လိုက်သည်။ ယခင်အစိုးရ လက်ထက်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုငြိမ်း ချမ်းရေးညီလာခံကို ဆက်လက် ကျင်းပခြင်းဖြစ်သော်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ ပထမ အစည်းအဝေးဟု သတ်မှတ်ပြီး ကျင်းပသည်။ "တရားဝင်နိုင်ငံ ရေးပါတီများ" ကို "အနိုင်ရ နိုင်ငံရေးပါတီများ" ဖြင့် အစားထိုး လိုက်သည်။ ၂၁ ရာစုပင်လုံ အကြိုပြင်ဆင်ရေးအတွက် NCA လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေး နွေးမည့် ဆပ်ကော်မတီနှင့် NCA လက်မှတ်မရေးထိုးသည့် အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမည့် ဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီ (၁) နှင့် ဆပ်ကော်မတီ (၂) တို့ကို ဖွဲ့စည်း ဆောင်ရွက်စေသည်။

USDP အစိုးရလက်ထက်တွင် အပစ်အခတ်ရပ်စဲရေးကို သာအဓိကလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပြီးနိုင်ငံရေးဆွေးနွေးပွဲများ ကို ကျင်းပနိုင်ခဲ့ခြင်း မရှိပေ။ ပထမအကြိမ် ပြည်ထောင်စုငြိမ်း ချမ်းရေးညီလာခံဖြင့် တံခါးဖွင့်ပေးသည့်အဆင့်ကိုသာ ဆောင် ရွက်ပေးနိုင်ခဲ့သည်။ NLD အစိုးရလက်ထက်တွင် အမျိုးသား အဆင့်နိုင်ငံရေး ဆွေးနွေးပွဲများနှင့် ၂၁ ရာစု ပင်လုံညီလာခံ အပါအဝင် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို လက်တွေ့ ဆောင်ရွက်နေခြင်းဖြစ်သည်။ NCAသည်ကော်မတီများ၊ အလုပ် အဖွဲ့များ၊ ရုံးအဖွဲ့များ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ ToR များ၊ SOP များ၊ ပြည်တွင်းရန်ပုံငွေများ၊ နိုင်ငံတကာရန်ပုံငွေများ၊ တရားဝင် ဆွေးနွေးပွဲများ၊ အလွတ်သဘောတွေ့ဆုံပွဲများဖြင့် ပုံမှန် လည်ပတ်နေပြီ ဖြစ်သည်။

## (၂.၂) EAO စုဖွဲ့မှု အပြောင်းအလဲ

EAO (၈) ဖွဲ့က NCA လက်မှတ်ရေးထိုးလိုက်သည့်အခါ EAO စုဖွဲ့မှုသည် PPST/EAO CT ၊ UNFC/DPN နှင့် မြောက်ပိုင်း အဖွဲ့ဟူ၍ (၃) အုပ်စုသဖွယ် ဖြစ်သွားသည်။ EAO CT နှင့် DPN တို့သည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည် သုံးသပ်ခြင်းအပါအဝင် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး NCA လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့အစည်းများနှင့် လက်မှတ် မရေးထိုးရသေးသည့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးကို ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ကြသည်။ ပင်လုံစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကြသည့် ရှမ်း၊ ကချင်၊ ချင်း လူမျိုးများကို အခြေပြု၍ RCSS ၊ KIO နှင့် CNF တို့၏ ကမကထပြုမှုမှ စတင်ကာ EAO CT နှင့် DPN တို့၏ ကြိုးပမ်းမှုဖြင့် မိုင်ဂျာယာန် မျက်နှာစုံညီ အစည်းအဝေးကြီးကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ကျင်းပနိုင်ခဲ့ကြ သည်။

KNU သည် NCA လက်မှတ်မရေးထိုးမီကပင် UNFC မှ ပါဝင်မှု ရပ်ဆိုင်းခဲ့သည်။ NCA လက်မှတ်ရေးထိုးသည့် CNF နှင့် PNLO တို့က UNFC က ယာယီရပ်ဆိုင်းလိုက်သည်။ PNLO က UNFC မှ အပြီးအပိုင် နုတ်ထွက်သွားသည်။ MNDAA နှင့် PSLF ကလည်း နုတ်ထွက်စာတင်သည်။ KIO ကလည်း နုတ် ထွက်ပြီး ဆက်စပ်အဖွဲ့အစည်းအနေဖြင့် ရပ်တည်သည်။ SSPP ကလည်း နုတ်ထွက်စာတင်သည်။ WNO လည်း နုတ်ထွက်စာ တင်သည်။ ယင်းနောက် အဖွဲ့အစည်းကို ဖျက်သိမ်း၍ UWSP နှင့် ပူးပေါင်းလိုက်သည်ဟု ဆိုသည်။ LDU နှင့် NMSP တို့က NCA ကို လက်မှတ်ရေးထိုးလိုက်သည်။ KNPP က အစိုးရနှင့် bilateral လမ်းကြောင်းဖြင့် ဆွေးနွေးသည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုကာလ အစောပိုင်းတွင် အင်အား ကောင်းကောင်းဖြင့် စုဖွဲ့လုပ်ဆောင်နိုင်ခဲ့သော UNFC သည် တဖြည်းဖြည်း အားနည်းလာသည့်အချိန်တွင် စုဖွဲ့မှုအသစ် ပေါ် ပေါက်လာပါသည်။ ယင်းသည် EAO အဖွဲ့အစည်းများအတွက် အထူးအဆန်းတော့ မဟုတ်ပေ။ မြောက်ပိုင်းမဟာမိတ် (Northern Aliiance) မှ အစပြု၍ ပြည်ထောင်စုနိုင်ငံရေးညှိနှိုင်း ဆွေးနွေးမှုကော်မတီ (FPNCC) ပေါ်ထွက်လာပါသည်။ သို့သော် ထူးခြားချက်မှာ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများတွင် အင်အားအကြီးဆုံးဖြစ်သည့် UWSP က ဦးဆောင် ပါဝင်လာခြင်း ဖြစ်သည်။

## (၂.၃) ပြည်တွင်းငြိမ်းချမ်းရေး နှင့် အိမ်နီးချင်း

UWSP ၏ စာတမ်းကို အခြေခံကာ FPNCC က NCA ပြင်ဆင်ရေးလမ်းကြောင်း သို့မဟုတ် အခြား လမ်းကြောင်းသစ် ကို တောင်းဆိုလာပါသည်။ UWSP ၏ စာတမ်းသည် အခြေခံ

အားဖြင့်တော့ NCA နှင့် ဆင်တူဖြစ်သည်ကို တွေ့ရသည်။ သို့သော် မြန်မာ့/ဗမာ့တပ်မတော်သည် NCA ကိုသာ ခိုင်မာစွာ ဆုပ်ကိုင်ထားပြီး အခြားလမ်းကြောင်းသစ် ရှာဖွေခြင်းကို လုံးဝ လက်မခံကြောင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။ထိုသို့အယူအဆ ကွဲလွဲမှုကြောင့် ဆွေးနွေးမှုလမ်းကြောင်း ရှာမရဘဲ ဖြစ်သွားပါသည်။

၂၁ ရာစု ပင်လုံညီလာခံ ဒုတိယအစည်းအဝေးတွင် မြန်မာ့/ဗမာ့တပ်မတော်က FPNCC ကို ဖိတ်ကြား ရန် မလိုလားသကဲ့သို့ FPNCC ကလည်း တက်ရောက်ရန် ဆန္ဒမရှိသော်လည်း အိမ်နီးချင်းတရုတ်၏စေ့စပ်တွန်းတိုက်ပေးမှုကြောင့်တက်ရောက်ခဲ့ကြသည်။ ၂၁ ရာစု ပင်လုံညီလာခံ တတိယအစည်းအဝေးတွင်လည်း အိမ်နီးချင်း တရုတ်၏ စေ့စပ်ပံ့ပိုးပေးမှုဖြင့် တက်ရောက်ခဲ့ကြပြန်သည်။

ထို့ကြောင့် FPNCC အဖွဲ့ဝင်များ NCA လမ်းကြောင်းပေါ် ပါဝင်လာရေးကိစ္စသည် ပြည်တွင်းအရေးသက်သက် မဟုတ်တော့ဘဲ ဒေသတွင်းနိုင်ငံရေးနှင့်လည်း ဆက်စပ်သုံးသပ်ရမည့် သဘောဖြစ်လာပါသည်။ တရုတ် သည် FPNCC အဖွဲ့ဝင်များကို NCA လက်မှတ်ရေးထိုးရန် တိုက်တွန်းသော်လည်း ယခုထိတော့ အဖြေတစုံတရာ ပေါ်ထွက်မလာသေးပါ။ FPNCC က One Belt One Road ကို ထောက်ခံသည်ဟု ဆိုသလို တရုတ် ခေါင်းဆောင်သစ်များကိုလည်း ဂုဏ်ပြု ကြိုဆိုသည်ကို တွေ့ရသည်။ ယင်းက ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွင် တတိယ အုပ်စုပါဝင်မှုလိုအပ်နေကြောင်းကိုညွှန်းနေသဖွယ်ဖြစ်ပါသည်။

## (၂.၄) အစိုးရနှစ်ရပ်

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရရှိချိန်ကစ၍ မြန်မာ့/ဗမာ့တပ်မတော်သည် သီးခြားရပ်တည်မှုကို တဖြည်းဖြည်း ဖော်ပြလာခဲ့သည်။ NLD အစိုးရသည် မြန်မာ့/ဗမာ့တပ်မတော်နှင့် အဆင်ပြေရေးအတွက် ကြိုးပမ်းခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ညှိမရဘဲ အစိုးရနှစ်ရပ် ပုံစံထွက်ပေါ်လာသည်။ထို့ကြောင့် NCAအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရနှစ်ရပ်နှင့် ဆောင်ရွက်နေရသဖွယ် ဖြစ်လာသည်။

## NCA လမ်းကြောင်းအပေါ် စိတ်ဖြာသုံးသပ်ခြင်း

NLD အစိုးရသည် ချွေတာရေးကို ဦးစားပေးပြီး NRPC ကို ဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းကာ အစိုးရဝန်ထမ်းများကိုသာ ခန့်အပ် လုပ်ဆောင်စေခဲ့သည်။ ယခင်က MPC တွင် Ph.D. ရရှိသည့် ပုဂ္ဂိုလ်များအပါအဝင် ကျွမ်းကျင်ဝန်ထမ်းများ (၁၀၀) ကျော်ကို ခန့်အပ်ဆောင်ရွက်ခဲ့သဖြင့် လုပ်ငန်းအားလုံးကို Professional ကျကျ လည်ပတ်ဆောင်ရွက်နိုင်ခဲ့သည်။ အထူးသဖြင့် EAO များအတွက် ဆက်သွယ်ရေးလမ်းကြောင်း ကောင်းခဲ့ပြီး ကောင်းမွန်စွာ ဆက်သွယ် ဆောင်ရွက်နိုင်ခဲ့ကြသည်။ NRPC/PC ပေါ်လာတော့ ဆက်သွယ်ရေးလမ်းကြောင်း ပင် ပျောက်သွားသည်။ NLD အစိုးရသည် ငြိမ်းချမ်းရေးအတွက် ငွေကြေးအသုံးပြုမှုကို လျှော့ချနိုင်ခဲ့သော်လည်း မြန်မာ့/ဗမာ့ တပ်မတော်၏ စစ်ဆင်ရေး ဘတ်ဂျက်ကိုတော့ လျှော့ချနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ငွေအင်အား၊ လူအင်အား လျှော့ချလိုက်ခြင်းက ငြိမ်းချမ်းရေးဖြစ်စဉ်၏ အရှိန်ကို လျှော့ချလိုက်သကဲ့သို့လည်း ဖြစ်သည်။ အထူးသဖြင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကဲ့သို့ ငြိမ်းချမ်းရေးအတွက် အချိန်ပြည့် လုပ်ဆောင်သည့်ပုဂ္ဂိုလ် မရှိတော့ခြင်း ဖြစ်သည်။

နိုင်ငံရေးအရဆိုလျှင် NLD အစိုးရသည် မြန်မာ့/ဗမာ့တပ်မတော်နှင့် ဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းရာမှာ ဆွေးနွေးသူ (Negotiator) နှင့်မတူဘဲ ပံ့ပိုးသူ (Facilitator) နှင့် တူလာပါသည်။ ယခုအချိန်ထိ NLD အစိုးရ၏ ဒီမိုကရေစီမူနှင့် ဖက်ဒရယ်မူများကို မတွေ့ရဘဲ မြန်မာ့/ဗမာ့တပ်မတော်နှင့် အဆင်ပြေရေးကိုသာ ဆောင်ရွက်နေရသည်ကို တွေ့ရသည်။ သို့ဆိုလျှင် NLD ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် မည်သို့ ဖြစ်လာမည်နည်း?။

မြန်မာ့/ဗမာ့တပ်မတော်ကတော့ ယုံကြည်စိတ်ချမှု မြင့်တက်လာသည်ကို တွေ့ရသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပေါ် ခိုင်မာစွာရပ်တည်သည်။ယင်းသို့ဆိုလျှင်အပြောင်းအလဲကို မျှော်လင့်ရန် ခက်ခဲနေဦးပေမည်။ မြန်မာ့/ဗမာ့တပ်မတော် အနေဖြင့် ဒိုင်ယာလော့ခ် ပြုလုပ်လိုမှသာလျှင် NCA လမ်းကြောင်းသည် အပြောင်းအလဲကို ရှာဖွေနိုင်မည် ဖြစ်သည်။

EAO အဖွဲ့အစည်းများသည် NCA လမ်းကြောင်းတွင် UNFC/DPN, WGEC, NCCT, SD, PPST/PPWT, FPNCC… စသည်ဖြင့် ပုံစံအမျိုးမျိုး ပြောင်းလဲခဲ့သည်။ EAO ညီလာခံများ၊ ထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ခဲ့ခြင်းသည် သမိုင်းဝင် မှတ်တိုင်များ စိုက်ထူနိုင်ခဲ့ခြင်းဟု ဆိုရမည်။ EAO အစည်းအဝေးများသည် ဖက်ဒရယ်ဓလေ့ကို လေ့ကျင့်နေသဖွယ် ဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံရေးဆွေးနွေးပွဲများသည် ဖက်ဒရယ်ဓလေ့ကို ပျိုးထောင်နေခြင်းပင် ဖြစ်သည်။ EAO အဖွဲ့အစည်းများသည် အစုအဖွဲ့တစ်ခုဟုဆိုသော်လည်း ပြည်နယ်ပေါင်းစုံစုပေါင်းဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။

EAO အဖွဲ့အစည်းများတွင် အစာမကြေမှုများရှိပါက အဆင့်ဆင့် အစာပြန်ချေရသည်။ ယင်းမှ ထွက်ရှိလာသည့် မူဝါဒနှင့် နည်းလမ်းများကို ပြန်လည်ဆောင်ရွက်ရသည်။ ထို့ကြောင့် အပြောင်းအလဲများကို လက်ခံနိုင်ဖို့ရန် လုံလောက်သည့် အချိန်နှင့် အခင်းအကျင်းများ လိုအပ်ပါသည်။

ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အိမ်နီးချင်း တရုတ်ကို လိုအပ်သည်ဟုဆိုလျှင် လွန်မည်မထင်။ ထို့ကြောင့် နိုင်ငံတကာပါဝင်မှု၊ အထူးအနေဖြင့် ဒေသတွင်း အင်အားကြီးနိုင်ငံ၏ လွှမ်းမိုးမှုကို မည်သို့စီမံဆောင်ရွက်ကြမည်နည်း?၊ မိမိတို့အနေဖြင့် ရှောင်လွှဲ၍ မရနိုင်မည့်ကိစ္စကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဆောင်ရွက်ဖို့ လိုအပ်ပါသည်။

## ၃။ ဂယ်တွေ့သစ်

### (၃.၁) တွေ့ဆုံဆွေးနွေးမှုဖြင့် အဖြေရှာခြင်း

လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဓိကအားသာချက်ကို ပြပါဆိုလျှင် နိုင်ငံရေးဆွေးနွေးပွဲများပင် ဖြစ်သည်။ စစ်ရေးဖြင့် နိုင်ငံရေးအဖြေရှာ၍ မရနိုင်သည်မှာ နှစ် (၇၀) ကျော် ပြည်တွင်းစစ်က သက်သေဖြစ်သည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး မဟာဗျူဟာကို လက်တွေ့ကျကျ ကျင့်သုံးဆောင်ရွက်ရန် လိုအပ်သည်။

ဒိုင်ယာလော့ခ်ကို တန်းတူရည်တူ အခြေခံဖြင့်သာ ပြုလုပ်နိုင်ပါသည်။ ကြိုတင်သတ်မှတ်ချက်များ ထားရှိလျှင် Dialogue လုပ်လို့မရတော့ပေ။ ဒိုင်ယာလော့ခ်တွင် နှစ်ဖက်လိုလားချက်များ၊ စိုးရိမ်ချက်များကို အပြန်အလှန်နားထောင်ပြီး အပြောင်းအလဲကို ဖန်တီးဖို့ လိုပါသည်။ ရိုးသားဖြောင့်မတ်ဖို့လည်း လိုသည်။ ဒိုင်ယာလော့ခ်သည် အပြန်အလှန် ယုံကြည်မှုရှိမှသာ ဖြစ်နိုင်သည်။ ဒိုင်ယာလော့ခ်သည် အပြောင်းအလဲကို ရှာဖွေခြင်း ဖြစ်သည်။ ထို့ကြောင့် မိမိရပ်တည်ချက်ကို အသေဆုပ်ကိုင်ထားခြင်းမျိုးမဟုတ်ဘဲ ဆွေးနွေးဘက်၏ရှုထောင့်မှလည်း ခံစားရှုမြင်တတ်အောင် ကြိုးစားကြည့်သင့်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် EAO ခေါင်းဆောင်များ၏ ရင်ဖွင့်သံများ၊ ဇာတ်လမ်းပေါင်းများကို နားနှင့်မဆံ့အောင် နားထောင်ခဲ့သည်။ ထို့နောက် သူ တတ်နိုင်သမျှ အပြောင်းအလဲတစုံတရာကို ရှာဖွေဖန်တီးခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထဲထဲဝင်ဝင် ပါဝင်လုပ်ဆောင်သည့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး (ငြိမ်း) စသည့် ပုဂ္ဂိုလ်များသည်လည်း EAO ၏ ရင်ခုန်သံကို နားလည်နိုင်သူများ ဖြစ်ကြသည်။ ယင်းသို့ နှစ်ဖက် ထိပ်သီးခေါင်းဆောင်များသည်လည်း အပြန်အလှန် နားလည်မှုရှိရန် လိုအပ်ပါသည်။

ဆုံးဖြတ်ချက်ချမှတ်သည့် နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ အပြန်အလှန် ယုံကြည်နားလည်မှု တည်ဆောက်နိုင်ရန် မည်သို့ ဆောင်ရွက်ကြမည်နည်း?။

### (၃.၂) နိုင်ငံရေးအဆုံးအဖြတ်

ပြည်ထောင်စုပြဿနာသည် နိုင်ငံရေးပြဿနာဖြစ်သောကြောင့် စစ်ရေးဖြင့် ဖြေရှင်း၍ မရနိုင်သကဲ့သို့ နည်းပညာ (technical) ဖြင့် ဖြေရှင်း၍လည်း မရနိုင်ပါ။ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ဆွေးနွေးနေသူများသည် နည်းပညာအရဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုးပမ်းလုပ်ဆောင်ကြပါသည်။ သို့သော် နိုင်ငံရေးအခက်အခဲများကို နည်းပညာဖြင့် ကျော်လွှား၍ မရပါ။ စင်စစ် အမှန်တကယ် လိုအပ်နေသည်မှာ နှစ်ဖက် ထိပ်သီးခေါင်းဆောင်များ၏ နိုင်ငံရေးဆန္ဒနှင့် နိုင်ငံရေးအဆုံးအဖြတ် ဖြစ်သည်။

## (၃.၃) ဂယ်ကွေ့သစ်

ယခုအခါ သက်ဆိုင်ရာ အစုအဖွဲ့အားလုံးက နိုင်ငံရေးဆွေးနွေးပွဲများကို လက်ရှိပုံစံအတိုင်းသွား၍ မဖြစ်နိုင်ဟု ရှုမြင်နေကြသည်။ NLD အစိုးရက သီးသန့်ဆွေးနွေးရေးအဖွဲ့ ဖွဲ့စည်းပြီး သီးသန့်နေရာတွင် အချိန်ယူ၍ ညှိနှိုင်းရန် အဆိုပြုလာသည်။ EAO အဖွဲ့အစည်းများကလည်း ထိပ်သီးအစည်းအဝေးကျင်းပ၍ နည်းလမ်းရှာဖွေရန် ပြင်ဆင်နေကြသည်။ ထို့ကြောင့် မပြီးဆုံးသေးသည့် ငြိမ်းချမ်းရေးခရီးတွင် ဂယ်ကွေ့သစ် ထပ်တွေ့ရဦးမည်။ ဂယ်ကွေ့သစ်ကနိုင်ငံရေးအဖြေကိုယူဆောင်လာမည်လားဆိုတာကိုတော့ စောင့်ကြည့်ရဦးမည်။



UPWC and NCCT meeting

### ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)

| | |
|---|---|
| (၁) ဦးသိန်းစိန် | - ဥက္ကဋ္ဌ (နိုင်ငံတော်သမ္မတ) |
| (၂) သီဟသူရ ဦးတင်အောင်မြင့်ဦး | - အဖွဲ့ဝင် |
| ဦးညွန့်ထွန်း | - အဖွဲ့ဝင် (ဒုတိယ သမ္မတ) |
| (၃) ဒေါက်တာ စိုင်းမောက်ခမ်း | - အဖွဲ့ဝင် (ဒုတိယသမ္မတ) |
| (၄) သူရ ဦးရွှေမန်း | - အဖွဲ့ဝင် (ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်) |
| (၅) ဦးခင်အောင်မြင့် | - အဖွဲ့ဝင် (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်) |
| (၆) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | - အဖွဲ့ဝင် (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) |
| (၇) ဒုတိယဗိုလ်ချုပ်ကြီး ကိုကို | - အဖွဲ့ဝင် (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန) |
| (၈) ဒုတိယဗိုလ်ချုပ်ကြီးလှမင်း | - အဖွဲ့ဝင် |
| ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင် | - အဖွဲ့ဝင် (ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန) |
| (၉) ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး | - အဖွဲ့ဝင် |
| ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း | - အဖွဲ့ဝင် (ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန) |
| (၁၀) ဒေါက်တာထွန်းရှင် | - အဖွဲ့ဝင် (ပြည်ထောင်စုရှေ့နေချုပ်) |
| (၁၁) ဦးမင်းဇော် | - အတွင်းရေးမှူး |
| ဦးလှထွန်း | - အဖွဲ့ဝင် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး) |

### ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်မှုကော်မတီ (UPWC)

| | |
|---|---|
| (၁) ဒေါက်တာ စိုင်းမောက်ခမ်း | - ဥက္ကဋ္ဌ (ဒုတိယသမ္မတ) |
| (၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း | - ဒုတိယဥက္ကဋ္ဌ (ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်) |
| (၃) ဦးအောင်မင်း | - ဒုတိယဥက္ကဋ္ဌ (ပြည်ထောင်စုဝန်ကြီး) |
| (၄) ဦးသိန်းဇော် | - ဒုတိယဥက္ကဋ္ဌ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၃) ပြည်ထောင်စုဝန်ကြီး (၆/၇) ဦး | - အဖွဲ့ဝင် |

(၄) ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ် (၁၀) ဦး - အဖွဲ့ဝင်
(၅) တိုင်းမှူးများ (၁၀) ဦး - အဖွဲ့ဝင်
(၆) ဒုတိယဝန်ကြီး (၁/၂) ဦး - အဖွဲ့ဝင်
(၇) ဒုတိယရှေ့နေချုပ် (၁) ဦး - အဖွဲ့ဝင်
(၈) ပြည်သူ့လွှတ်တော် - တိုင်းရင်းသားများ (၉) ဦး - အဖွဲ့ဝင်
(၉) အမျိုးသားလွှတ်တော် - တိုင်းရင်းသားများ (၉) ဦး - အဖွဲ့ဝင်
(၁၀) ဦးတင်မျိုးကြည် - အတွင်းရေးမှူး
ဦးဇော်သန်းသင်း - ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

## အစိုးရ၏ အပစ်ရပ် လမ်းညွှန်ချက်များ

### ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှု (၅) ချက်

(၁) နှစ်ဘက်လုံးမှ အပစ်အခတ်ရပ်စဲရေးကို သဘောတူသည်။
(၂) သဘောတူထားသော ဒေသများတွင်သာ တပ်များ နေရာချထားရမည်။
(၃) သတ်မှတ်ထားသော နေရာဒေသများမှလွဲ၍ လက်နက်ကိုင်ဆောင်သွားလာခြင်းကို တားမြစ်သည်။
(၄) နှစ်ဘက်လုံးမှ သဘောတူထားသည့် နေရာဒေသများတွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိရန် သဘော တူသည်။
(၅) တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲသို့ ဦးတည်နိုင်ရန်အတွက် အဖွဲ့တိုင်းသည် တရားဝင် ကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းပြီး ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲကျင်းပရန်အတွက် နေရာ အချိန်တို့ကို ညှိနှိုင်းရမည်။

### ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှု (၈) ချက်

(၁) ပြည်ထောင်စုအတွင်း ထာဝရနေထိုင်ရေး။ (ပြည်ထောင်စုမှ မခွဲထွက်ရ။)
(၂) အမျိုးသားရေးဦးတည်ချက် (၃) ရပ်ကို လက်ခံရမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။
(၃) စီးပွားရေးနှင့် ဖွံ့ဖြိုးရေးတာဝန်များတွင် ပူးပေါင်းပါဝင်ရမည်။
(၄) မူးယစ်ဆေးဝါး ပပျောက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရမည်။
(၅) နိုင်ငံရေးပါတီများ ထူထောင်ပြီး ရွေးကောက်ပွဲဝင်ရမည်။
(၆) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံပြီး ပြင်ဆင်ရန်လိုအပ်ပါက လွှတ်တော်မှ အများစု သဘောဆန္ဒဖြင့် ပြင်ဆင်ရမည်။
(၇) တရားဥပဒေဘောင်ထဲ ဝင်ရောက်ပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နေထိုင်၊ သွားလာ လုပ်ဆောင်ရမည်။
(၈) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်ခုတည်းသော တပ်မတော်အဖြစ် တည်ရှိမှုကို ဝိုင်းဝန်းဆောင်ရွက်ရမည်။

၀၀၀၀၀

# ဂုဏ်ရှားမဲ့ဖြစ်သော
# အောက်ချင်း ဆောင်ပံများ



ခင်မောင်မြလေး

လူလေးရယ်.. ဘိုးဘိုးတို့တတွေ မုန်တိုင်းတွေကို ကြုံခဲ့ပြီး ပါပြီ။ နောက်ထပ် ပြန်ကြုံဖို့ကတော့ မတွေးရက်စရာပဲကွယ်။

ဟုတ်ပါတယ်။ ပြောရမယ်ဆိုရင် ၂၀၁၁ ခုနှစ် မတိုင်ခင်က ပြည်သူတွေရဲ့ အဖြစ်ပေါ့ကွယ်။ ဝမ်းစာအတွက် တောင်ယာ အလုပ်ကိုလည်း မှန်မှန် မလုပ်နိုင်၊ တောလည်း လည်မရ၊ ကူလီ ပေါ်တာ၊ စောက်မြင်ကပ်ပုဒ်မ... အမျိုးမျိုးပေါ့၊ စိတ်အေး လက် အေးနဲ့ နေထိုင် စားသောက်တယ်ဆိုတာကိုး မရှိဘူး လူလေး ရယ်။

လက်ရှိအခြေအနေနဲ့စာရင် အများကြီးကွာသွားပြီ။ အဘိုး မကလို့ချင်းပြည်သူအားလုံးလည်းအဘိုးလိုပဲလွန်ခဲ့တဲ့ဆယ်နှစ် တာ အရင်အခြေအနေမျိုးကို ပြန်သွားဖို့ဆိုတာ တွေးတံ့ကြမယ် မထင်ပါဘူး။

ဟုတ်တယ် ဘိုးဘိုး...

လက်ရှိ ငါတို့တိုင်းပြည်မှာ ဒီမိုကရေစီအခွင့်အရေးတွေ လည်း အနည်းအကျဉ်းရှိလာပြီ၊ အရပ်သားအစိုးရလည်းရှိသလို ဒို့ချင်းပြည်နဲ့ ပြည်သူတွေဘဝမှာ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုတွေ လည်း ရှိလာတယ်။ ဒါပေမဲ့ အဘိုးရယ်.. ကျွန်တော်တို့ လိုလား တာ ဒီအတိုင်းအတာလောက်နဲ့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဆင်နွဲနေတာ တန်းတူအခွင့်အရေးရရှိဖို့၊ မိမိတို့ လူမျိုးကို မိမိတို့ ဘာသာ အုပ်ချုပ်ခွင့်ရှိတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေး ပြန် လည်ရရှိဖို့၊ ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို အခြေခံတဲ့ ပြည် ထောင်စု တည်ဆောက်ဖို့ပါ။ အေ.. အဲဒါတွေ မရနေသေးသရွေ့ ကျွန်တော်တို့က အမျိုးသားတော်လှန်ရေးတိုက်ပွဲကို ဆက်ပြီး ဆင်နွဲနေဦးမှာပါ။

မြေးရေ.. ဘိုးဘိုးက အခု ငြိမ်းချမ်းရေးရနေပြီလို့ ထင်နေ တာ။ အခု လူလေး ပြောပုံအရဆိုရင် တိုက်ပွဲတွေ ဆက်ဖြစ်နေ အုံးမယ်ပေါ့ ဟုတ်လား။

အဲ့လိုလည်း မဟုတ်သေးဘူးလေ ဘိုးဘိုးရယ်.. တိုက်ပွဲ ဆိုတာ လက်နက်နဲ့ တိုက်ခိုက်တာတင်မဟုတ်ဘူး ဘိုးဘိုးရယ်၊ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဆိုတာ ပင်လုံစာချုပ် က စလာခဲ့တာလေ။ ဗြိတိသျှကိုလိုနီ လက်အောက်ကတည်း က ချင်း၊ ကချင်၊ ရှမ်းတို့ဆိုတာ ဗြိတိသျှက ဗမာမဟုတ်တဲ့ သီးခြားလူမျိုးတွေဖြစ်မှန်းသိလို့ သီးခြားဥပဒေနဲ့ သီးခြားစီပဲ အုပ်ချုပ်လာခဲ့တာလေ၊ နောက် ပင်လုံစာချုပ်အရ နိုင်ငံရေးအရ တန်းတူရည်တူရှိပြီး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိကာ ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိတဲ့ တိုင်းရင်းသားလူမျိုးများနဲ့ စုပေါင်းပြီး ပြည်ထောင်စုတည်ဆောက်ဖို့အတွက် သဘောတူ ခဲ့ကြတာ။ လွတ်လပ်ရေးလည်းရရော အဲဒီစာချုပ်ကို အခြေခံပြီး

ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံကြီးဟာ စာချုပ်အတိုင်း ဟုတ်မလာခဲ့တော့ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းစစ်မီးလည်း စတင်လာခဲ့တာ အဘိုးလည်း အသိပေါ့။

ဟုတ်တယ် လူလေးရယ်..

လွတ်လပ်ရေးရပြီး ဖဆပလ အစိုးရလက်ထဲမှာ ဒီမိုကရေစီရဲ့ အရိပ်အရောင်လေး သန်းလာခဲ့တယ်။ ဒါပေမဲ့ ကွန်မြူနစ်သူပုန်၊ ပြည်သူ့ရဲဘော်၊ ရဲဘော်ဖြူသူပုန်နဲ့ လူမျိုးရေးသူပုန်တွေ ထလာခဲ့တာ။ ကရင်သူပုန်ဆိုရင် အင်းစိန်ကိုတောင် သိမ်းပိုက်နိုင်ခဲ့တာလေ။ အဲတော့ ကရင်-ဗမာ အဓိကရုဏ်းလည်း ပေါ်ပေါက်လာခဲ့တယ်။ ဘိုးဘိုး သိထား မှတ်ထားသလောက် ပြောရရင် ဖဆပလ အစိုးရက ကရင်အင်အားကို ဖြိုနိုင်ဖို့အတွက် ကရင်သူပုန်က အင်္ဂလိပ်ဆီက လက်နက်အထောက်အပံ့တွေ ရယူပြီး အင်္ဂလိပ်ဖက်ကနေ တိုက်ပေးတဲ့ အင်္ဂလိပ်ဖက်တော်သား၊ နယ်ချဲ့လက်ပါးစေတွေ စသဖြင့် အမျိုးမျိုးစွပ်စွဲ၊ လူမျိုးရေး၊ နယ်ချဲ့စိတ်ဓါတ်ပြင်းထန်လာအောင် ဖန်တီးထားတာ။ ဒီလိုနဲ့ပဲ ဖဆပလကို တိုက်နေတဲ့ ပြည်သူ့ရဲဘော်ဟာ ကရင်ဖက်ကို သေနတ်ပြောင်း လှည့်လိုက်တာပေါ့။ ပြောရရင်တော့ လူမျိုးရေးကို နိုင်ငံရေးလှည့်ကွက်ထဲ ထည့်လိုက်တာလို့ ဆိုရမှာပေါ့ကွာ။

ဗိုလ်နေဝင်း အာဏာသိမ်းတာလည်း တိုင်းပြည်ကုန်ဈေးနှုန်း အဆမတန် မြင့်တက်မှု၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားမှုတို့ကြောင့် ဖြစ်တယ်လို့ဆိုပေမဲ့ အမှန်ကတော့ ရှမ်း မူကြောင့်ဖြစ်တယ်ဆိုတာ နောက်မှ သိလိုက်ရတာ။ အမှန်ဆိုရင် နေဝင်းက ဖက်ဒရယ်ဆိုတာ ခွဲထွက်ခွင့်လို့ အကြောင်းပြပြီး လူမျိုးကြီးအစွဲအလန်းရှိတဲ့ ဗမာလူမျိုးကို စည်းရုံး၊ ဆိုရှယ်လစ်နိုင်ငံထူထောင်မယ်လို့ ကြွေးကြော်တဲ့အတွက် တိုက်ပွဲဝင်နေတဲ့ လက်ဝဲစွဲအဖွဲ့အစည်းတွေကို စည်းရုံးနိုင်ခဲ့ပြီး တိုင်းပြည်ကို အေးအေးဆေးဆေး အုပ်ချုပ်နိုင်ခဲ့တာပေါ့။

အဲဒီနောက်ပိုင်းဖြစ်စဉ်တွေကို ဘိုးဘိုးကတော့ မသိနိုင်တော့ပါဘူး။ ကဲ.. ဆိုစမ်းပါအုံး၊ ခုနပြောတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ဖက်ဒရယ်တို့ ဆိုတာလေ။

ဒီလိုပါ ဘိုးဘိုးရယ်..

ခုန ဘိုးဘိုးပြောတဲ့ ရှမ်းမူတို့၊ ပင်လုံစာချုပ်တို့ဆိုတာဘာကြောင့် တိုင်းရင်းသားတွေအတွက် သိပ်အရေးကြီးသလဲဆိုရင် အဲဒီမှာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ၊ဖက်ဒရယ်မူတွေပါနေလို့ သူတို့ လက်မခံနိုင်တာပေါ့။ အဲဒီ အခွင့်အရေးတွေဟာလည်း ဘိုးဘွားဘေဘီခေတ်ကတည်းက ကျွန်တော်တို့ ပိုင်ဆိုင်ခဲ့ပြီးသားအခွင့်အရေးတွေလေ။ ဒါကြောင့်ပြည်ထောင်စုတစ်ခုတည်ထောင်မယ်ဆိုမှ ဆုံးရှုံးသွားတဲ့ အဲဒီအခွင့်အရေးတွေ ပြန်ရဖို့အတွက် ကျွန်တော်တို့ တိုင်းရင်းသားတွေအနေနဲ့ လက်နက်စွဲကိုင်ပြီး တိုက်ပွဲဝင်နေတာ။

လက်နက်စွဲကိုင်တယ်ဆိုတာဟာလည်းနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းမရတဲ့အဆုံး ခါးခါးချင်း၊ လုံလုံချင်းဆင်နွှဲတဲ့သဘောပါ။ တကယ်ဆိုရင် လက်နက်ကျည်ဆံတွေနဲ့ ဖြေရှင်းလို့မရတဲ့ နိုင်ငံရေးပဋိပက္ခပဲပေါ့။ စစ်ဖြစ်တော့ တိုင်းပြည်နစ်နာတယ်။ ပြည်သူလူထုလည်း ဆင်းရဲဒုက္ခရောက်တယ်လေ။

ဒါကြောင့် ခေတ်အဆက်ဆက် ကြိုးစားလာခဲ့ပေမဲ့ လုပ်လို့မရခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပေါ်လာဖို့အတွက် NCA ဆိုတာပေါ်ပေါက်လာခဲ့တာပေါ့ အဘိုးရယ်။

ဒါနဲ့ အဘိုးမေးတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ အဘိုးသိတဲ့အတိုင်းပါပဲ၊ ကျွန်တော်တို့ မိသားစု၊ အိမ်ထောင်စုတစ်ခုက မိမိတို့ မိသားစုအဆင့်အတန်း၊ အနေအထားနဲ့အညီ ကျွန်တော်တို့ရဲ့ မိသားစုအရေးကို ကိုယ်တိုင် စီမံပိုင်ခွင့်မျိုးပေါ့။ ကျွန်တော်တို့ချင်းလူမျိုးတွေရဲ့ အုပ်ချုပ်ရေးဥပဒေပြုရေးနဲ့တရားစီရင်ရေးဆိုတာ မိမိတို့လူမျိုးနဲ့ သဟဇာတဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အုပ်ချုပ်ခြင်းပါပဲ။ ဒါဟာ ကျွန်တော်တို့ဟိုးရှေးရှေးကတည်းက ပိုင်ဆိုင်ခဲ့တဲ့ မူလအခွင့်အရေးပါ။

ဖက်ဒရယ်ဆိုတာလည်း သူတို့ပြောတဲ့ ခွဲထွက်ခွင့်နဲ့ မဆိုင်ပါဘူး။ ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်တွေက တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခုအဖြစ်နဲ့ ထူထောင်ဘို့ သဘောတူခဲ့ကြသလို အဲဒီ ပြည်ထောင်စုနိုင်ငံထဲမှာ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့ဆိုတာ ရှိတယ်လေ။ အဲဒီအစိုးရနှစ်ခုအကြားမှာ လုပ်ပိုင်ခွင့်အာဏာတွေကို စနစ်တကျ ခွဲဝေပေးခြင်းပါပဲ။ ပြည်နယ်အစိုးရက ဒါတွေလုပ်ရမယ်၊ ပြည်ထောင်စုအစိုးရက ဒီဟာတွေလုပ်ရမယ်။ ဘဏ္ဍာငွေ

ကို ဘယ်လိုခွဲဝေရမယ် စတာတွေပေါ့။ တနည်းပြောရရင် နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါပဲ။အခု ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်မယ်ဆိုရင် အာဏာ (၁၆၀) ကျော်ထဲမှာမှ ပြည်နယ်ကိုပေးထားတဲ့ အာဏာက (၄၀) ပဲရှိတာ။ ဒီတော့ အာဏာအားလုံးနီးပါးကိုဗဟိုက ချုပ်ကိုင်ထားတယ်။ဖက်ဒရယ်စနစ်မှာဆိုရင် ပြည်နယ်က မလုပ်နိုင်တဲ့ ပြည်ထောင်စုတစ်ခုလုံးနဲ့ဆိုင်တဲ့ အာဏာတွေကိုပဲ ဗဟိုအစိုးရကို အပ်နှင်းထားတာ။ တချို့ ပြည်ထောင်စုတစ်ခုတည်း၊ ပြည်နယ်တစ်ခုတည်းနဲ့ ကျင့်သုံးလို့မရတဲ့ အာဏာတွေကို ပူးတွဲကျင့်သုံးရတာတွေ ရှိတယ်။ ဥပမာပြောရရင် နိုင်ငံတော်ဘဏ်တို့၊ ကုန်သွယ်ရေးကိစ္စတို့လိုကိစ္စမျိုးပေါ့ကွယ်။

ဟုတ်ပါပြီ၊ ဒါနဲ့ ဒီ NCA ကနေ ဒါတွေ ရနိုင်မယ်ဆိုတဲ့ သဘောလား မေးရယ်..

မျှော်လင့်ထားတာပေါ့ အဘိုးရယ်၊ NCA ကို လက်မှတ်ထိုးရတဲ့ အဓိက ရည်ရွယ်ချက်က နိုင်ငံရေးဆွေးနွေးပွဲအတွက်ပါ။ နိုင်ငံရေးဆွေးနွေးမယ်ဆိုရင် အပစ်အခတ်ရပ်စဲထားမှ ဖြစ်မယ်လေ။ အပစ်အခတ်ရပ်စဲတယ်ဆိုတာကလည်း ပြည်ထောင်စုအရေးဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရပ်စဲထားမှဖြစ်မှာကိုး။ဒီကိစ္စကိုNCAအခန်း(၁)အခြေခံမူမှာအတိအလင်းဖော်ပြထားပါတယ် ဘိုးရယ်၊ ဒါကို အကောင်အထည်ဖော်တဲ့အနေနဲ့ အခုဆိုရင် နိုင်ငံရေးဆွေးနွေးပွဲလည်း (၄) ကြိမ်တိုင်ပြုလုပ်ခဲ့ပြီး သဘောတူညီချက် (၅၀) ကျော်ကိုလည်း ရရှိထားပါတယ်။

အခု ကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးဆိုတာ အောက်မှာဖော်ပြထားတဲ့ NCA လမ်းပြမြေပုံအရ ဆောင်ရွက်နေတာဖြစ်ပါတယ်။

(က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် လက်မှတ်ရေးထိုးခြင်း။

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်" (The Framework for Political Dialogue) ကို ရေးဆွဲသဘောတူညီမှု ရယူခြင်း။

(ဂ) ထိုမူဘောင်ကိုအခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက် သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း။

(ဃ) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံ အစည်းအဝေး ကျင်းပခြင်း။

(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူခြင်း။

(ဆ) "ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စတွေပါပဲ။

ဒါဆို ဒီငြိမ်းချမ်းရေးညီလာခံကို ဘယ်လို ကျင်းပကြတာလဲ.. ဘိုးဘိုးကတော့ မစဉ်းစားတတ်တော့ဘူးကွယ်။

ဒီလိုပါအဘိုး...

NCA စာချုပ်ကို လက်မှတ်ထိုးပြီးတာနဲ့ JICM ပူးတွဲအကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေးကို ဖွဲ့ပြီးတော့၊ JICM က UPDJC လို့ခေါ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲပူးတွဲကော်မတီကို (အစိုးရ၊ တပ်မတော်၊ လွှတ်တော်) အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများ ကိုယ်စားလှယ်များအစုအဖွဲ့စတဲ့ အစုအဖွဲ့ (၃) ခု ကနေ ကိုယ်စားလှယ် (၁၆) ဦးစီနဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီ UPDJC ကပဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲ မူဘောင်တွေကိုရေးဆွဲပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို လမ်းညွှန်ကြီးကြပ်ရပါတယ်။

နောက်ပြီး JICM ကနေ JMC လို့ခေါ်တဲ့ ပူးတွဲစောင့်ကြည့်ရေးကော်မတီကိုလည်း ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီ ကော်မတီက NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့ တပ်မတော်အကြား တိုက်ပွဲမဖြစ်အောင်၊ တစုံတခု ပြဿနာဖြစ်ခဲ့သော် ဖြေရှင်းဖို့အတွက် ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသသတ္တာရအဆင့်ဆိုပြီး ဖွဲ့စည်းထားပါသေးတယ်။

ဒါနဲ့ လူလေးရေ.. ခုတလော ရေပန်းစားနေတဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေးကိစ္စကိုကော့ NLD အစိုးရအနေနဲ့ လုပ်နိုင်ပဲ့မလား။

မလွယ်ပါဘူး ဘိုးဘိုးရေ.. ခုလည်းကြည့်ပါအုံး၊ ငါးနှစ်အတွင်း ပုဒ်မတစ်ခုကိုပဲ ပြင်နိုင်တာလေ။ ဒါတောင် စကားလုံးပဲ အစားထိုးတာ။ "အိုမင်းမစွမ်း နဲ့ မသန်မစွမ်း" ဆိုတာ မမှန်ဘူးဆိုပြီး "သက်ကြီးရွယ်အို၊ မသန်စွမ်း" လို့ ပြင်လိုက်တာ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ အရ (၇၅) ရာခိုင်နှုန်းကျော်မှပဲ ပြင်လို့ရမယ်ဆိုတော့ လွယ်လွယ်ပြောရရင် တပ်မတော်က မလိုလားတဲ့ ပုဒ်မတွေ ပြင်ဖို့ဆိုတာ လွယ်မယ်မထင်ပါဘူး။ အဲဒီကြားထဲ NLD ပါတီက ပြင်ဖို့အတွက် အဆိုပြုထားတဲ့ ပုဒ်မတွေဆိုတော့လည်း တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ဆိုင်တဲ့ ပုဒ်မတွေ မပါတဲ့အတွက် တိုင်းရင်းသား နိုင်ငံရေးပါတီတွေအတွက် စိတ်ဝင်စားဖွယ် ဘယ်ကောင်းမလဲလေ။

အင်.. ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်နယ်အစိုးရ အာဏာကိုလည်းကန့်သတ်ထားတယ်၊ပြင်လို့လည်းမရပြန်ဘူးဆိုတော့ ဘယ်လိုလို့ ကိုယ်ပိုင်ပြဌာန်းခွင့်တို့၊ ဖက်ဒရယ်တို့ဆိုတာ ရနိုင်တော့မှာလဲ လူလေးရယ်။

ဟုတ်တယ် ဘိုးဘိုး..

ကျွန်တော်တို့တိုင်းရင်းသားတွေလိုလားတဲ့ တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် ပြန်လည်ရရှိပြီး ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးအတွက်ဆိုရင်ဒီ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်မလား၊ အသစ်ရေးဆွဲမလား ဆိုတဲ့အချက်က အင်မတန်မှ အရေးကြီးပါတယ်။ အဓိကအားဖြင့် အင်္ဂလိပ်လို Civilian Supremacy ပေါ့၊ "ဒီမိုကရေစီအနစ်သာရတစ်ခုဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတပ်ဖွဲ့အားလုံးကို အရပ်သားလက်အောက်မှာ ရှိရမယ်" ဆိုတဲ့အချက်နဲ့ ၂၀၀၈ ဖွဲ့စည်းပုံနဲ့က ကန့်လန့်ကြီးပဲ ဘိုးဘိုး ရဲ့။

အဲဒါကြောင့် အစမှာ ဘိုးဘိုးကိုပြောထားတဲ့ NCA လမ်းပြမြေပုံ အဆင့် (၇) မှာ ထည့်ထားတယ်။ ဒီထက်ခိုင်လုံတဲ့အချက်တစ်ခုကတော့ NCA စာချုပ် အပိုဒ် ၂၂(ဃ) မှာ ဘယ်လိုပြဌာန်းထားသလဲဆိုရင် "ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူသည်" ဆိုပြီး ဖော်ပြထားတာ။ အဓိက ကတော့ ၂၀၀၈ ခြေ/ဥက ပေါက်ဖွားလာတဲ့ လွှတ်တော်အတွင်းကနေ ၂၀၀၈ ခြေ/ဥကို ပြင်ဖို့ဆိုတာ ကျွန်တော်ကတော့ မဖြစ်နိုင်ဘူးလို့ မြင်ပါတယ် ဘိုးဘိုးရယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ပြင်ပ NCA လမ်းကြောင်းကလွဲရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ဆိုတာ လက်တွေ့မကျဘူးလို့ ကျွန်တော်တို့က ယူဆတယ်။

ဒါနဲ့ ဘိုးဘိုးကို လူလေး တစ်ခုလောက် မေးပါရစေ..

ကျွန်တော်တို့ ချင်းပြည်မှာလည်း ချင်းနိုင်ငံရေးပါတီတွေ အများကြီးရှိတယ်မလား၊ သူတို့က ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဘိုးဘိုးတို့ကို ဘာများပြောသေးတာ ရှိသလား။

မကြားဖူးပါဘူး လူလေးရာ၊ ကြုံတုန်းကြုံခိုက် မေးပြန်တော့လည်း စိတ်ဝင်စားကြပုံ မပေါ်ကြဘူးကွ။

အေ... တချို့က မပေါက်ကြသေးဘူး ဘိုးဘိုးရဲ့.. ချင်းနိုင်ငံရေးပါတီဆိုတာ အရေးကြီးတယ်၊ ပြည်နယ်အစိုးရဖွဲ့နိုင်ဖို့လည်း လိုအပ်တယ်။ ဒါပေမဲ့ ဒီမိုကရေစီတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး၊ ကျွန်တော်တို့မှာ နိုင်ငံရေးအခွင့်အရေးတွေ အပြည့်အဝရှိဘို့ လိုအပ်တယ်၊ တန်းတူမှုရှိဖို့ လိုအပ်တယ်၊ ကိုယ့်ပြည်ကိုယ့်လူမျိုးအရေးကို မိမိတို့ကိုယ်ကို စီမံဆောင်ရွက် ဆုံးဖြတ်ပိုင်ခွင့်ရှိရမှာ၊ဒီအခွင့်အရေးတွေကိုရရှိနိုင်အောင်အတွင်းအပြင်ကနေ လက်တွဲပြီး ကြိုးပမ်းသွားဖို့ လိုအပ်တယ်၊ ဒါကြောင့် နိုင်ငံရေးပါတီတွေက ငြိမ်းချမ်းရေးဖြစ်စဉ်ကို နားလည်ဖို့ လိုအပ်သလို၊ ပြည်သူကိုလည်း ချပြနိုင်ဖို့ လိုအပ်တယ် ဘိုးဘိုးရယ်။

ပြည်နယ်အစိုးရတစ်ခုလုံးရှိထားပြီးမှ ဗဟိုက ဆွဲခန့်၊ ပေးတာယူ၊ ခိုင်းတာလုပ် အစိုးရကို ဒီမိုကရေစီအစိုးရလို့ သတ်မှတ်နိုင်ပဲ့မလား အဘိုးရယ်။ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုတာ ကိုယ့်လူမျိုးကျင့်သုံးမယ့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ့်လူမျိုးကရေးဆွဲပြဌာန်းပြီးကျင့်သုံးရတာ။အခုလိုကိုယ့်လူမျိုးကပိုင်တဲ့ မြေကွက်လေးတစ်ကွက် ဝယ်ဖို့တောင် နေပြည်တော်ကို တင်ရ

သတဲ့လားကွာ၊ ကိုယ့်မြေကို စိုးစိမ့်မှု မပိုင်တဲ့အဖြစ်က ရင်နစ်စရာ ကောင်းလွန်းလှပါတယ် ဘိုးဘိုးရယ်။

အေးကွယ်..

ပြောရင်းဆိုရင်း ညဥ့်လည်း နက်လာပြီ.. လူလေးကို တစ်ခု လေးပဲ ထပ်မေးပါရစေ၊ စောစောက လူလေးပြောတဲ့ ငြိမ်းချမ်း ရေးဖြစ်စဉ်မှာ တစ်ဆို့နေတယ်ဆိုတာ ဘာလဲ။ အခင်းအကျင်း လေး အကျဉ်းချုံးပြီး ပြောပြပါအုံး။

ဒီလို ဘိုးဘိုးရဲ့…

ဘိုးဘိုးပြောခဲ့သလို ရှမ်းမှုကြောင့် စစ်တပ်က အာဏာသိမ်း သွားတယ်မလား။ ခုလည်း ကျွန်တော်တို့ တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့တွေက ကိုယ်ပိုင်ပြဌာန်းခွင့်ပြောတော့၊ သူတို့ဖက် ကပြည်ထောင်စုက ခွဲမထွက်ရဆိုတဲ့စကားလုံးနဲ့လိုက်ပိတ်တာ ပေါ့၊ ခွဲမထွက်ရဘူးဆိုတဲ့ အာမခံချက် ပေးရမယ်ပေါ့၊ ကျွန်တော် တို့လိုချင်တာ ဖက်ဒရယ်ပြည်ထောင်စုလေ၊ ပြည်ထောင်စုကို ဘယ်လိုတည်ဆောက်မယ်ဆိုတာ ဆွေးနွေးနေပါတယ်ဆိုမှ ခွဲ မထွက်ရဘူးဆိုတော့ စဉ်းစားကြည့်ပေါ့ ဘိုးဘိုးရယ်။ ဘယ် လောက်အယုံအကြည်နည်းလဲ ဆိုတာ။

နောက်တချက်ကတော့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်း စည်းခြင်းပါ။ အဲဒါကလည်း လေးနက်တယ်၊ ခက်ခဲတယ်။ မြန်မာ တပ်မတော်က ငါသာအမိ၊ ငါသာအဖလို့ ခံယူထားတာကိုး။ ဖွဲ့ စည်းပုံကလည်း အကာအကွယ်ပေးထားတာတင်မကလို့ ဖွဲ့ စည်းပုံကို စောင့်ရှောက်ဖို့ တာဝန်ကိုပါ အပ်နှင်းထားတာလေ။ ကျွန်တော်တို့ လိုလားတဲ့ ပြည်ထောင်စုတပ်မတော်ဆိုတာ လက်ရှိ တပ်မတော်လိုမျိုး မဟုတ်ဘူး၊ တိုင်းရင်းသားလူမျိုးများ အားလုံး အချိုးအစား ဦးရေသတ်မှတ်ချက်နဲ့ ပါဝင်ရမယ်၊ ကြည်း၊ ရေ၊ လေ ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ကို အလှည့် ကျ ခန့်အပ် တာဝန်ပေးထားရမယ်၊ ပြည်ထောင်စုတပ်မတော် ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုပဲ ယူရမယ်.. စသဖြင့် ပေါ့။ ဒါကို တပ်မတော်ဖက်က လက်မခံနိုင်ဘူး။ အဓိကကတော့ လက်ရှိတပ်မတော်ကို အထိမခံဘူး၊ ဒီတပ်မတော်အောက်မှာ ပဲ တိုင်းရင်းသားလက်နက်ကိုင်တွေ အားလုံး ဝင်ရောက်ပူးပေါင်း ရမယ့်သဘောပေါ့။ သူတို့ စီမံချက်က လက်နက်ဖြုတ်သိမ်းရေး ပါပဲ၊ ကျွန်တော်တို့တိုင်းရင်းသားတွေ လိုလားတာ ပြည်ထောင်စု တပ်မတော်ကို ဘယ်ပုံ ပြန်ဖွဲ့စည်းမလဲ၊ ပြည်နယ်လုံခြုံရေး တပ်ဖွဲ့တွေကို ဘယ်လို ဖွဲ့စည်းမယ် ဆိုတာမျိုးပေါ့ကွယ်။

အခုချိန်အထိတော့ ဒီကိစ္စဟာ တိုးတက်မှု မရှိသေးပါဘူး ဘိုးဘိုးရယ်။

ဒါဆို ဘယ်လို ဆက်လုပ်ကြမလဲ.. ဒီအတိုင်းပဲ ရှေ့မတိုး နောက်မဆုတ် ဖြစ်တော့မှာလား၊ ဒါမှမဟုတ်ရင် နဂိုအတိုင်းပဲ သေနတ်သံတွေ ပြန်ကြားရမှာလား၊ အခုလည်း တချို့နေရာမှာ တိုက်ပွဲတွေ ဖြစ်နေရတယ်လို့ ကြားရတယ်။ NCA ကကော့ ဘယ်လောက်အထိ ခိုင်မာသလဲ လူလေးရယ်။

ဒီအတိုင်းထားလို့တော့ ဘယ်ဖြစ်မလဲ ဘိုးဘိုးရာ..

NCA ဆိုတာ လွတ်လပ်ရေးရပြီးနောက်ပိုင်း စာနဲ့ပေနဲ့ချုပ် ဆိုထားတဲ့ အခိုင်မာဆုံးသော စာချုပ်တစ်ခုလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ စာချုပ်တွေ၊ သဘောတူညီချက်တွေဆိုတာ ဘယ် လောက် ခိုင်မာတယ်လို့ ပြောလို့မှ မရတဲ့ပဲ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ EAO တွေအနေနဲ့ အာမခံချက်ရရှိအောင် တတ်နိုင် သလောက် ကြိုးစားနေတာ ဖြစ်ပါတယ်။

လက်ရှိတပ်မတော်ဟာ နိုင်ငံတော်ကို ကာကွယ်နေတာ မဟုတ်ပါဘူး။ သူတို့ အကျိုးစီးပွားအတွက် လုပ်နေတာပါပဲ။ သူတို့အာဏာ ရှင်သန်ခိုင်မြဲနေဖို့အတွက် ပြည်တွင်းစစ်၊ တိုက်ပွဲ ဆိုတာ ရှိနေမှဖြစ်မယ်ဆိုတာ သူတို့ ကောင်းကောင်း သိတယ်။

ဒါကြောင့် ရန်သူရဲ့ အားနည်းချက်၊ အားသန်ချက်တွေကို သိထားဖို့ လိုအပ်ပါတယ်။ တပ်မတော်ဆိုတာ စစ်မြေပြင်မှာ အားသာတယ်၊ ဒါကြောင့် စောစောက တိုက်ပွဲဆိုတာ သေနတ်နဲ့ တိုက်နည်းတစ်ခုတည်းသာ မရှိဘူးလို့ လူလေး ပြောခဲ့တာပေါ့။

အဲဒီအတွက် ချင်းအမျိုးသားတပ်ဦးက မဟာဗျူဟာ၊ နည်း ဗျူဟာတွေ ချမှတ်ပြီးသားပါ ဘိုးဘိုးရယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို လက်ရှိ အခြေအနေထက် တိုးတက်အောင် ကြိုးစားဆောင်ရွက် ဖို့ လိုအပ်သလို၊ တဖက်မှာလည်း စစ်ရေးအတွက် ပြင်ဆင် ထားဖို့၊ စစ်ရေးနဲ့ နိုင်ငံရေးကို ဟန်ချက်ညီညီ လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။

ဒီ့အတွက် ချင်းအမျိုးသားတပ်ဦးအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးပါတီတွေ၊ အရပ်ဖက်လူ့အဖွဲ့အစည်းတွေ ထဲထဲဝင်ဝင် ပါဝင်လာနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေသလို၊ ချင်းပြည်တွင်းမှာရှိတဲ့ ချင်းလူမျိုးများသာမက ချင်းအမျိုးသားတရပ်လုံး စည်းစည်းလုံးလုံးနဲ့ အမျိုးသားရေးအတွက် အုတ်တချပ် သဲတပွင့် ပါဝင်ကြဖို့ လိုအပ်ပါတယ်။

ဘိုးဘိုးရယ်ဒီနေ့ဒီအချိန်ဟာအကျိုးအမြတ်တွေမျှော်လင့်ရမယ့်အချိန် မဟုတ်သေးပါဘူး၊ ဆုံးရှုံးသွားခဲ့တဲ့ မိမိတို့ရဲ့ မူလအခွင့်အရေးတွေ ပြန်လည်ရရှိဖို့အတွက် ဥမပျက် သိုက်မကွဲ တိုက်ပွဲဝင်ရမယ့်အချိန်ပါ၊ ဒါပေမဲ့ မုန်တိုင်းတွေ ထပ်မကြုံကြပါစေနဲ့တော့လို့ လူလေး တောင်းဆုပြုပါတယ် ဘိုးဘိုး။

အေးပါ လူလေးရယ်.....

ဘိုးဘိုးလည်းဒီစကားတွေကြားရတော့မင်းကိုလိုက်ရမလိုဖြစ်နေပြီ။ လူလေးတို့ကို ဘိုးဘိုးတို့ အားကိုးပါတယ်။

ကဲ.. အိပ်တော့ လူလေး

ဘိုးဘိုးလည်း နားလိုက်တော့မယ်...

"အောက်ချင်းငှက်တောင်ပံသာမရပ်မနားဆက်ခတ်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ် လူလေးရယ်။"

**ပြောပြီးစကား မပြီးခင်ရှိ၊ ကြားပြီးစကားလည်း နားမဝခင်ရှိ**
**ရည်ရွယ်ချက် ခေါင်းဆောင်များ၏**
**ပြောကြားချက်များမှ ကူညီဆောင်ဆက်အပ်ပါသည်။**

2020 September

######

# t rw&aeqy



ရဲရင့်တဲ့ သမိုင်း
ဖျက်မရတဲ့ သက္ကရာဇ်တွေ
မေ့မရတဲ့ အချိန်ခါလေးတွေ
ဒီနေရာမှာ ဒို့တတွေ ဆုံဆည်းကြ။

ဖြူစင်တဲ့ နှလုံးသားတွေ ပေါင်းစု
မတူညီခြင်းတို့ ကင်းရာမြေ။

အမျိုးသားရေး ဦးထိပ်ပန်လို့
အမျိုးသားအလံ စွဲမြဲကိုင်ရင်း
ပေးဆပ်မှုတွေနဲ့ တည်ဆောက်ခဲ့တဲ့
ဒီနယ်မြေလေးမှာ
ဒို့တတွေ ဆုံခဲ့ကြတယ်။

ပခုံးကျတာဝန် မလစ်ဟင်းစေဖို့
အမျိုးသားအလံ မလဲကျစေဖို့
သစ္စာမပျက် တိုက်ပွဲဝင်ရင်း
ဒို့တတွေ ခွဲခဲ့ကြ
အသက်တွေ စတေးခဲ့ကြတယ်။

ရာသီတွေ အလီလီလည်လည်း
ရင်ထဲမှာ ခံစားနေဆဲ
နှလုံးသားတွေ နာကြင်နေမြဲ
ဆုံးခဲ့တာတွေ
အသစ်ပြန်မဖြစ်နိုင်တော့ဘူးလို့
ဖြေသိမ့်ပေမဲ့လည်း

သတိရနေဆဲ
အမှတ်ရနေဆဲပါ။

**အမျိုးသားရေးတာဝန်ထမ်းဆောင်ရင်း အသက်**
**ပေးလှူသွားခဲ့ကြသော ရဲဘော်ရဲဘက်များကို ရည်စူးလျက်**

📖 အမြင်လှ


Publish by Information and Publicity Department. Chin National Front



# om;3dt&m*ESh tqcoo8Dyjsfrna&;

■ Salai Maipa, GHQ

(၉) လလွယ် (၁၀) လတွင် မွေးကာ လူလားမြောက်အောင် ပြုစုယုယခဲ့ကြတဲ့ မိခင်တို့ရဲ့ မေတ္တာဟာ ဘာနဲ့မှ တုနှိုင်းလို့ မရပါ။ မိခင်များစွာတို့ရဲ့ သားသမီးများဟာ အမိတိုင်းပြည်ရဲ့ တာဝန်ကို တတတ်တအား ပါဝင် ထမ်းဆောင်သင့်ပါတယ်။ အနာဂတ်ရဲ့ သားကောင်းရတနာများ မွေးထုတ်ပေးနေတဲ့ မိခင် (သို့မဟုတ်) မိခင်လောင်းများဟာ သားအိမ်နဲ့ပတ်သက်တဲ့ ရောဂါ ကင်းဝေးဖို့ အထူးလိုအပ်ပါတယ်။

အဲဒီရောဂါအကြောင်းနဲ့ ပတ်သက်ပြီး ချင်းအမျိုးသား တပ်မတော်၊ ဗဟိုစစ်ဌာနချုပ် ဆေးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆေးဆရာများရဲ့ ဆေးစစ်တွေ့ရှိမှု၊ တွေ့ဆုံမေးမြန်းမှုနဲ့ လေ့လာတွေ့ရှိချက်များအရ သားအိမ်ရောဂါ စတင်ဖြစ်ပွားလာရခြင်းနဲ့ ရောဂါလက္ခဏာကို စာဖတ်ပရိတ်သတ်များနဲ့ အများပြည်သူအတွက် အကျိုးပြုလိုပြုငြား မျှဝေတင်ပြခြင်း ဖြစ်ပါတယ်။

လူ့ခန္ဓာကိုယ် ကလပ်စည်းများ လောင်ကျွမ်းတဲ့အခါ ဖါတ်လေး (သို့မဟုတ်) တြိဒေါသတို့ ပေါင်းဆုံပြီး သဒ္ဒိပတ် အနာမျိုးဖြစ်တာကြောင့် အကြောင်းနဲ့အကျိုး နှစ်မျိုးပေါင်းစပ်ကာ အပူလွန် သဒ္ဒိပါတ်နာလို့ ခေါ်ကြပါတယ်။ ဒါကို ဆေးသိပ္ပံပညာရှင်များက ကင်ဆာရောဂါလို့ အမိပ္ပါယ် ဖွင့်ဆိုကြပါတယ်။

အမျိုးသမီးများ၏ ခန္ဓာကိုယ်အတွင်းရှိ တြိဒေါသ ပျက်စီးတဲ့အတွက် အရည်၊ သွေး၊ သား၊ အကြော၊ အဆီ၊ အရိုး စတဲ့ သရိဓါတ်တို့ ပျက်စီးပြီး အလုံး၊ အဖု၊ အကြိတ်၊ အခဲ၊ အနာ တို့ ဖြစ်ပေါ်ခြင်း ဖြစ်ပါတယ်။ ထိုသို့ ဖြစ်ပွားလာ ပြီးနောက် အမျိုးသမီးများ စတင်ခံစားမှု လက္ခဏာများမှာ-

(၁) အိမ်ထောင်သည်များဖြစ်လျှင် မကြာခဏ သားပျက်တတ်ခြင်း
(၂) သုတ်ပျက်ရောဂါ ဖြစ်ခြင်း
(၃) ရောဂါပိုးရှိသူများနဲ့ ဆက်ဆံခြင်း
(၄) မီးယပ်ဖြူဆင်း အလွန်အကျွံဖြစ်ခြင်း
(၅) ကာမဂုဏ် လွန်ကျူးခြင်း
(၆) သားကြောဖြတ်ထားသူများ ဖြစ်ခြင်း
(၇) ဓမ္မတာ မမှန်ခြင်း
(၈) သားအိမ် ထိခိုက်ဒဏ်ရာရသူများ ဖြစ်ခြင်း

စတဲ့ အချက်များကြောင့် ကာလကြာမြင့်တဲ့အခါ သားအိမ်ရောဂါ (သို့မဟုတ်) သားအိမ်ကင်ဆာရောဂါအဖြစ် ပြောင်းလဲဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။ သားအိမ်နာရောဂါ (သို့မဟုတ်) သားအိမ်ကင်ဆာရောဂါ လက္ခဏာများမှာ အောက်ပါအချက်အလက်နဲ့ လက္ခဏာတွေ တွေ့ရှိရပါတယ်။

(၁) သားအိမ်၊ ခါး နဲ့ ဆီးအိမ်တို့ အလွန်နာခြင်း၊ ကိုက်ခဲခြင်း
(၂) အားအင် ကုန်ခန်းလာခြင်း
(၃) ပင်ပန်းမောဟိုက်ခြင်း
(၄) အအိပ်၊ အစား ပျက်ခြင်း
(၅) ယောနိမှ သုတ်ပျက်များ ကျဆင်းခြင်း
(၆) အနာဖြစ်ပြီး သွေးပြည်များ ကျဆင်းခြင်း
(၇) သွေးအားနည်းပြီး အသားအရေ ဖော့ရောင်ခြင်း
(၈) ယောနိပူခြင်း၊ ယားခြင်း၊ အဖုအကြိတ်များ ထွက်ခြင်း

စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။ အထက်ပါ လက္ခဏာများရင့်ကျက်လာရင် သားအိမ်လမ်းကြောင်းနဲ့ယောနီမှာ အဖုအကြိတ်တွေ ဖြစ်လာပြီး သားအိမ်နာရောဂါကနေ သားအိမ်ကင်ဆာအဖြစ် တဖြည်းဖြည်း ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။

သားအိမ်ရောဂါ(ကင်ဆာ)နဲ့တွဲဖက်ပြီးဦးနှောက်ကင်ဆာ၊ အာရုံကြောကင်ဆာ၊ နာခေါင်းကင်ဆာ၊ လျှာကင်ဆာ၊ သားမြတ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ နလုံးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သားအိမ်ကင်ဆာ၊ အူကင်ဆာ၊ လိင်ကင်ဆာ စတဲ့ ကင်ဆာ (၁၄) မျိုး တွဲဖက်ဖြစ်ပေါ်တတ်ပါတယ်။

အထက်ဖော်ပြထားတဲ့ သားအိမ်ရောဂါ၊ သားအိမ်ကင်ဆာနဲ့ တွဲဖက်ရောဂါများမှ ကင်းဝေးပြီး ကျန်းမာရွှင်လန်းတဲ့ ကျန်းမာရေးကောင်းမွန်သော မိခင်နဲ့ အမျိုးသမီးများ ဖြစ်ဖို့အတွက် အထူးပဲ လိုအပ်ပါတယ်။

## ရှောင်ကြဉ်နည်းများ

### ၁။ တကိုယ်ရေ သန့်ရှင်းမှု

အမျိုးသမီးတစ်ဦးအတွက် တကိုယ်ရေ သန့်ရှင်းမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ အထူးသဖြင့် မိန်းမကိုယ်နံရံနဲ့ ပတ်ဝန်းကျင်တွေကို အမြဲသန့်ရှင်းဖို့ လိုအပ်ပါတယ်။ အဆိုပါ ခန္ဓာကိုယ်အစိတ်အပိုင်းတွေမှာ ဖြစ်တတ်တဲ့ ရောဂါပိုးများဟာ အဓိကအားဖြင့် ကလေးမရနိုင်တဲ့ ရောဂါ ဖြစ်စေတတ်တဲ့ ကူးဆက်ရောဂါပိုးတွေဟာ မွေးလမ်းကြောင်းကနေတဆင့် သားအိမ်ထဲကို ဝင်ရောက်သွားနိုင်ပါတယ်။ ကူးဆက်ရောဂါပိုးများ သားအိမ်သို့ ဝင်ရောက်တာနဲ့ တပြိုင်နက် သားအိမ်ရောဂါ အမျိုးမျိုး ဖြစ်စေတတ်ပါတယ်။

အဲဒါကြောင့် အမျိုးသမီးများအနေနဲ့ တကိုယ်ရေသန့်ရှင်းမှုအားဖြင့် သားအိမ်ရောဂါများကို ကာကွယ်နိုင်တယ်ဆိုတာကို မဖြစ်မနေ သိထားသင့်ပါတယ်။

အရွယ်ရောက်ပြီးဖြစ်တဲ့ အမျိုးသမီးများ လစဉ် ဓမ္မတာပေါ်တဲ့အခါမှာ အသုံးပြုတဲ့ အဝတ်စ၊ အခုအခံတွေကို သန့်ရှင်းစွာ အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒီ့အပြင် အမျိုးသမီးများ သတိထားရမယ့် အချက်တစ်ခုကတော့ အိမ်သာတက်ပြီး ရေဆေးတဲ့အခါ စအိုမှ မိန်းမကိုယ်ဖက်သို့မဟုတ်ဘဲ နောက်ဖက်သို့ လက်ကို ဆွဲဆေးသင့်ပါတယ်။

### ၂။ လိင် ဆက်ဆံခြင်း

အိမ်ထောင်သည် အမျိုးသမီးများအနေနဲ့ မိမိရဲ့ ခင်ပွန်းနဲ့ ကာမဆက်ဆံခြင်းဟာ ရှောင်လွှဲမရတဲ့ သဘာဝတစ်ခု ဖြစ်ပါတယ်။ လိင်ဆက်ဆံခြင်းအားဖြင့် သားအိမ်ရောဂါ ဖြစ်ပေါ်နိုင်မှုများပြားကြောင်း သိထားဖို့ လိုအပ်ပါတယ်။ အဲ့ဒါကြောင့်မလို့ လိင်မဆက်ဆံခင်မှာ ဖြစ်စေ၊ ဆက်ဆံပြီးနောက်မှာ ဖြစ်စေ တကိုယ်ရေသန့်ရှင်းမှု ပြုလုပ်ဖို့ မမေ့သင့်ပေ။

ထို့အပြင် တကိုယ်ရေ သန့်ရှင်းရေးအတွက် အပျော်အပါးလိုက်စားမှု၊ မူးယစ်ဆေးဝါး သုံးစွဲမှုများကို ရှောင်ရှားရန် အထူးလိုအပ်ပါတယ်။ ပြည့်တန်ဆာပြုမှုကိုလည်း လုံးဝရှောင်ရှားသင့်ပါကြောင်း မျှဝေတင်ပြလိုက်ပါတယ်။

■■■

# အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ

## Acute Respiratory Tract Infection




K. Bie Naw

အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများသည် ချင်းပြည်နှင့် အိန္ဒိယနိုင်ငံ နယ်စပ်တလျှောက်တွင် အဖြစ်အများဆုံးနှင့် လူသေဆုံးမှုအများဆုံး ရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လူများသည် အထူးသဖြင့် မွေးကင်းစနှင့် ကလေးငယ်များသည် ရုတ်တရက် ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက် ရောဂါများကြောင့် လစဉ် သေဆုံးလျက်ရှိသည်။ ရုတ်တရက် အပြင်းအထန်ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများသည် ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံ နယ်စပ်တလျှောက်တွင် ဖြစ်ပွားသည့် အဆိုးဝါးဆုံးရောဂါ (၃) ခု (ငှက်ဖျား၊ ဝမ်းရောဂါ၊ ရုတ်တရက် ပြင်းထန်သည့် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ) တွင် ပါဝင်သည်။

### အဓိပ္ပါယ် သတ်မှတ်ချက်

ရုတ်တရက် အပြင်းအထန်ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများ (ARI) သည် ကျွန်ုပ်တို့ အသက်ရှူရာတွင် ထိန်းချုပ်ထားသည့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများဖြစ်သည့် အသက်ရှူလမ်းကြောင်းစနစ်တွင် ကူးစက်ရောဂါများဖြစ်ပွားခြင်း ဖြစ်သည်။ ရုတ်တရက် အပြင်းအထန်ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါအမျိုးမျိုးရှိသည်။ တချို့ရောဂါများသည် တစ်ခုနှင့်တစ်ခု ပုံစံတူကြပြီး အချို့မှာ အလွန်ကွဲပြား ခြားနားကြပါသည်။

A = Acute ရုတ်တရက် အပြင်းအထန်
R = Respiratory အသက်ရှူလမ်းကြောင်း
I = Infection ကူးစက်ရောဂါများ

### ဖြစ်ပွားရသည့် အကြောင်းရင်းများ

- ဗိုင်းရပ်စ်
- ဘက်တီးရီးယား

### ရုတ်တရက် ပြင်းထန်သော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ ဖြစ်ပွားစေနိုင်သည့် အခြားအကြောင်းရင်းများ

- အေးသော ရာသီဥတု
- လူအများ ပြွတ်သိပ်ကြပ်စွာ နေထိုင်ခြင်း
- အဟာရ မပြည့်စုံမှု အခြေအနေ
- အသက်အရွယ်
- ကာကွယ်ဆေးများ မထိုးမိခြင်း

## ကူးစက်ခြင်း

### (၁) လေမှတဆင့် ကူးစက်ခြင်း

ဆိုလိုသည်မှာ ရုတ်တရက် အပြင်းအထန်ဖြစ်သော အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါများကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ် သို့မဟုတ် ဘက်တီးရီးယားများသည် ပါးစပ် သို့မဟုတ် နှာခေါင်းမှတဆင့် နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ တံထွေး ထွေးခြင်း၊ ချက်များ၊ ပန်းကန်များ၊ တဘက်များ အတူပေါင်းသုံးခြင်းတို့ကြောင့် ကူးစက်မှုကို ဖြစ်ပေါ်စေသည်။

### (၂) ထိတွေ့ခြင်းမှ ကူးစက်ခြင်း

နှာခေါင်းသို့မဟုတ်ပါးစပ်ကိုလက်ဖြင့်ကိုင်တွယ်ထိတွေ့ပြီး အခြားသူများအား ထိတွေ့ခြင်း

**အဓိက လက္ခဏာများ**

- ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း (ချောင်းဆိုစေတတ်သော အကြောင်းရင်းများ- အေးမြသောလေ၊ နေထိုင်မှု အနေအထား၊ အစားအသောက်နှင့် စကားပြောခြင်း)
- နှာရည်ယိုခြင်း
- အသက်ရှုကြပ်ခြင်း၊ အသက်ရှုမြန်ခြင်း၊ အသက်ရှုနှေးခြင်း
- အစာမြို့ရခက်ခြင်း
- အသံမကြားခြင်း
- နှာခေါင်းမှ သွေးထွက်ခြင်း
- ရင်ဘတ်နာခြင်း
- အသက်ရှုရာတွင် အသံမြည်ခြင်း

## ရုတ်တရက် ပြင်းထန်သော အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ အမျိုးအစားများ

ရုတ်တရက် ပြင်းထန်သော အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါများသည် အသက်ရှုလမ်းကြောင်း၏ အစိတ်အပိုင်းနှစ်ခုကို သက်ရောက်စေပါသည်။ ယင်းတို့မှာ အပေါ်ပိုင်းနှင့် အောက်ပိုင်းတို့ ဖြစ်ပါသည်။

### (၁) အသက်ရှုလမ်းကြောင်း အထက်ပိုင်း ကူးစက်ရောဂါ (Upper Respiratory Infection- URI)

အသက်ရှုလမ်းကြောင်းအထက်ပိုင်းဆိုသည်မှာအသံအိုး၏အထက်ဖက်တွင်ရှိသောအသက်ရှုအင်္ဂါအဖွဲ့တွင်ပါဝင်သည့် အစိတ်အပိုင်းအားလုံး ပါဝင်သည်။ (လည်ချောင်း၊ နှာခေါင်း၊ နှာခေါင်းဝ နှင့် နား တို့ကဲ့သို့ ဖြစ်ပါသည်)

### (၂) အသက်ရှုလမ်းကြောင်း အောက်ပိုင်း ကူးစက်ရောဂါများ (Lower Respiratory Tract Infection- LRI)

အသက်ရှုလမ်းကြောင်း အောက်ပိုင်းဆိုသည်မှာ အသံအိုး၏ အောက်ပိုင်းတွင်ရှိသော အသက်ရှုအင်္ဂါအဖွဲ့တွင် ပါဝင်သည့် အစိတ်အပိုင်းများ ဖြစ်ပါသည်။ (ဥပမာ- လေပြွန်များ၊ အဆုတ်များ စသဖြင့်…)

## အသက်ရှုလမ်းကြောင်း အထက်ပိုင်း ကူးစက်ရောဂါများ

**၁။ အအေးမိခြင်း (Common Cold)**

- အအေးမိခြင်းသည် ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်ခြင်း ဖြစ်ပါသည်။
- အအေးမိခြင်းသည် အန္တရာယ်မရှိပါ။ သို့ရာတွင် ဂရုမစိုက်ပါက အခြား အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်သည်။ (အဆုပ် အအေးမိခြင်း)
- အအေးမိခြင်းသည် လေမှတဆင့် ကူးစက်ပြန့်ပွားပါသည်။ (နှာခေါင်း၊ ပါးစပ်၊ ချောင်းဆိုးခြင်း၊ တံထွေးထွေးခြင်း၊ စကားပြောခြင်း)အစရှိသဖြင့် ထိတွေ့ခြင်းမှလည်း ကူးစက်ပြန့်ပွားပါသည်။ (လက်များ ထိတွေ့ခြင်း၊ ပန်းကန် တချပ်တွင် အတူစားခြင်း၊ တဘက်များ၊ ခွက်များ ပေါင်းသုံးခြင်း စသဖြင့်)။ အအေးမိခြင်းသည် ကလေးငယ်များတွင် မကြာခဏ တွေ့ရလေ့ရှိပြီး သူမှတဆင့် သူ၏ သူငယ်ချင်းများကိုလည်း အလွယ်တကူ ပြန့်ပွားသွားလေ့ရှိပါသည်။

- အအေးမိခြင်းသည် အေးသောရာသီဥတုတွင် ကူးစက်ပြန့်ပွားသွားလေ့ရှိပါသည်။

**ရောဂါအသွင်အပြင်နှင့် လက္ခဏာများ**

- နှာရည်ယိုခြင်း၊ နှာခေါင်းမှ ရေကဲ့သို့သော အဖြူရောင် အရည်များ ကျဆင်းခြင်း
- အသင့်အတင့် ချောင်းဆိုးခြင်း၊ ချောင်းခြောက် ဖြစ်နိုင်သကဲ့သို့ အဖြစ်ရောင်သလိပ်များ ပါဝင်နိုင်သည်။
- ခေါင်းကိုက်ခြင်း
- တခါတရံတွင် အဖျား အနည်းငယ်ရှိတတ်သည်။
- အနည်းငယ် ချောင်းဆိုးခြင်း
- လည်ချောင်းနာခြင်း
- အဆစ်နာခြင်း

**ကုသခြင်း**

အအေးမိခြင်းအတွက် သီးခြားကုသရန် နည်းလမ်းမရှိပါ။ အအေးမိခြင်းကို ပျောက်ကင်းစေသည့် ဆေးပြားမရှိပါ။ ဝေဒနာများနှင့် ရောဂါလက္ခဏာများအား အိမ်တွင် သက်သာအောင် ကုသပြီး အအေးမိခြင်း ပျောက်ကင်းသည်ကို စောင့်ဆိုင်းနေရန်သာ ဖြစ်ပါသည်။

**ကူညီပံ့ပိုးခြင်းများ**

- ဆားအနည်းငယ် ခတ်ထားသော ရေနွေးဖြင့် နှာခေါင်းနှင့် အာခေါင်ကျင်းပေးခြင်း (ဓါတ်ဆားရေနွေးဖြင့် အာခေါင်ကျင်းပေးခြင်း)
- လေပြွန်များကို ထုပေးခြင်း၊ ညှစ်ပေးခြင်း (အစဉ်အမြဲ အဆုပ်၏ အောက်ခြေမှ အထက်သို့ ပြုလုပ်ပါ)
- ရေနွေးငွေ့ ရှူခြင်း
- အဖျားကျစေရန်အတွက် အက်စ်ပရင်း သို့မဟုတ် ပါရာစီတမောလ် ပေးခြင်း

☞

**သတိပြုရန်**

မည်သည့်ပဋိဇီဝဆေးဝါးသို့မဟုတ်ဆေးပြားနှင့်မျှအအေးမိခြင်း မပျောက်ကင်းနိုင်ပါ။ အအေးမိသော လူနာကို ဆေးခန်းသို့ပို့ရန် မလိုအပ်ပါ။ (အကယ်၍ အဖျားရှိပါက ငှက်ဖျားပိုး သွေးစစ်ဆေးရန် လိုအပ်မည်)

**၂။ လည်ချောင်း နာခြင်း (အာသီးရောင်ခြင်း) Tonsilitis**

အာသီးရောင်ခြင်းသည် ယေဘုယျအားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်လေ့ရှိပါသည်။ (၉၀ ရာခိုင်နှုန်းကျော်) ကို ဗိုင်းရပ်စ် အာသီးရောင်ခြင်းဟု ခေါ်ပါသည်။ တခါတရံတွင် ဘက်တီးရီးယားပိုးကြောင့် (၁၀ ရာခိုင်နှုန်း) ဖြစ်တတ်ပြီး ဘက်တီးရီးယား အာသီးရောင်ခြင်းဟု ခေါ်ပါသည်။

လေမှတဆင့် ကူးစက်တတ်ပါသည်။ (နှာခေါင်း၊ ပါးစပ်၊ ချောင်းဆိုးခြင်း၊ တံထွေးထွေးခြင်း၊ စကားပြောခြင်း) စသဖြင့် ထိတွေ့ခြင်းမှလည်း ကူးစက်ပါသည်။ (လက်များ ထိတွေ့ခြင်း၊ ပန်းကန်တစ်ချပ်တည်းတွင် အတူစားခြင်း၊ တဘက်၊ ခွက်များ အတူအသုံးပြုခြင်း) စသဖြင့် ကူးစက်မှု နှစ်မျိုးလုံးသည် အေးသောရာသီဥတုတွင် ပိုမို ဖြစ်ပွားပါသည်။

**ရောဂါအသွင်အပြင်နှင့် လက္ခဏာများ**

- လည်ချောင်းနာခြင်း သို့မဟုတ် လည်ချောင်း ယားယံ၍ နာခြင်း
- ချောင်းဆိုးခြင်းနှင့် နှာခေါင်းပိတ်ခြင်း
- အာသီးရောင်ခြင်း
- လည်ပင်းတလျှောက် ပြန်ရည်ကျိတ်များ အနည်းငယ်ကြီး၍ နာကျင်ခြင်း
- အစာမစားနိုင်ခြင်း၊ အရည်မသောက်နိုင်ခြင်းတို့ကို မျိုရခက်ခြင်းကြောင့် ခံစားနိုင်သည်။
- တခါတရံတွင် ချမ်းတုန်၍ အဖျားတက်ခြင်းများ ဖြစ်တတ်သည်။
- အာသီးပေါ်တွင် အဖြူရောင်အစက်များ (ပြည်) ဖြစ်ပေါ်ခြင်း၊ ယင်းသည် ဘက်တီးရီးယား ကူးစက်မှုကို ဖော်ပြသည်။

### ကုသခြင်း

လူနာသည် အာသီးပေါ်၌ အဖြူစက်များ (ပြည်) များ တွေ့ရှိရပါက ဆေးခန်းတွင် ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။ ဆေးခန်းသို့ ချက်ချင်းပို့ပါ။ အဖြူစက် (ပြည်)များ မရှိပါက အိမ်တွင်သာ ကုသပါ။

### အဖျားအား ကုသခြင်း

- ရေပတ်တိုက်ပေးခြင်း
- အက်စ်ပရင်း ၅၀ မှ ၁၀၀ မီလီဂရမ် ပေးပါ။ အရောင်ပျောက်စေသော အာနိသင်ကြောင့် ပေးရမည်။ ယင်းသည် ပထမ ရွေးချယ်မှုဖြစ်ပြီး သို့မဟုတ်ပါက ပါရာစီတမောလ် ၅၀၀ မီလီဂရမ် ပေးရမည်။

### အာသီးရောင်ခြင်းအတွက် ပဋိဇီဝ ဆေးဖြင့် ကုသခြင်း

- စတက်ဖလိုကောကပ် နောက်ဆက်တွဲ ရောဂါများမှ ရောင်ကြည်နိုင်ရန်အတွက် ပင်နီစလင်(ဗွီ) ကို ပေးပါ။ ၂၅၀ မီလီဂရမ် ဆေးပြား သို့မဟုတ် ၄ သိန်းအားကို 100 mg/kg/day သို့မဟုတ် 150 mg/kg/day တစ်နေ့ သုံးကြိမ်ဖြင့် အနည်းဆုံး ၇ ရက်မှ ၁၀ ရက်အထိ ပေးပါ။

### ၃။ နား ကူးစက်ရောဂါ (Otitis Media)

- နား ကူးစက်ရောဂါသည် အဖြစ်များသော ရောဂါ ဖြစ်ပါသည်။ ယင်းသည် မကြာခဏပင် နားစည်နောက်ပိုင်းတွင် အရည်များ စုဝေးခြင်းကို ဖြစ်စေပါသည်။
- နား ကူးစက်ရောဂါများသည် လေမှတဆင့် ကူးစက်ပါသည်။ (နှာခေါင်း၊ ပါးစပ်၊ ချောင်းဆိုးခြင်း၊ တံတွေးထွေးခြင်း၊ စကားပြောခြင်း) စသဖြင့် ထိတွေ့ခြင်းမှလည်း ကူးစက်နိုင်သည်။ (လက်များ ထိတွေ့ခြင်း၊ ပန်းကန်တစ်ချပ် တည်းတွင် အတူစားခြင်း၊ တဘက်၊ ခွက် များ အတူအသုံးပြုခြင်း) စသဖြင့်
- နား ကူးစက်ရောဂါသည် ယေဘုယျအားဖြင့် အေးသော ရာသီတွင် ဖြစ်လေ့ရှိသည်။

### ရောဂါအသွင်အပြင်နှင့် လက္ခဏာများ

- နား အလွန် နာကြင်ခြင်းနှင့် အဖျားတက်ခြင်း
- ငိုခြင်း၊ ဒေါသဖြစ်ခြင်း
- အန်ခြင်းနှင့် ဝမ်းသွားခြင်းများ ဖြစ်နိုင်သည်
- နားပေါက် လိုဏ်ခေါင်းတွင် ပြည်များ တွေ့ရှိရတတ်သည် (အမြဲလိုလိုပင် နားစည်ပေါက်ခြင်း၊ ကွဲခြင်းတို့ကြောင့် ဖြစ်တတ်သည်)။

### ကုသခြင်း

ကျန်းမာရေးဌာနသို့ လွှဲပြောင်း ပို့ဆောင်ပါ။

### အသက်ရှုလမ်းကြောင်း အောက်ပိုင်း ကူးစက်ရောဂါများ

- လေပြွန်ရောင်ခြင်းသည် လေပြွန်များတွင် ကူးစက်ရောဂါများ ဖြစ်ပွားခြင်းကြောင့် ဖြစ်သည်။
- အသံ ကျယ်လောင်သော ချောင်းဆိုးခြင်းကို ဖြစ်စေသည်။ တခါတရံ အကျိအချွဲများ၊ ပြည်များ ထွက်တတ်သည်။
- ယေဘုယျအားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်လေ့ရှိပြီး၊ တခါတရံတွင် ဘက်တီးရီးယားပိုးကြောင့် ဖြစ်တတ်သည်။
- လေပြွန်ရောင်ခြင်းသည် လေမှတဆင့် ကူးစက်ပါသည်။ (နှာခေါင်း၊ ပါးစပ်၊ ချောင်းဆိုးခြင်း၊ တံတွေးထွေးခြင်း၊ စကားပြောခြင်း) စသဖြင့် ထိတွေ့ခြင်းမှလည်း ကူးစက်ပါသည်။ (လက်များ ထိတွေ့ခြင်း၊ ပန်းကန်တစ်ချပ်တည်းတွင် အတူစားခြင်း၊ တဘက်နှင့် ခွက်များ အတူအသုံးပြုခြင်း) စသဖြင့်လည်း ကူးစက်နိုင်သည်။
- လေပြွန်ရောင်ခြင်းသည် ဆေးလိပ်သောက်တတ်သော သူများတွင် တွေ့ရလေ့ရှိပါသည်။ အေးသော ရာသီဥတုတွင် ပို၍ အဖြစ်များသည်။

### ရောဂါအသွင်အပြင်နှင့် လက္ခဏာများ

တခါတရံတွင် အသက်ရှုလမ်းကြောင်း အထက်ပိုင်း ကူးစက်ရောဂါများ ဖြစ်ပွားပြီးနောက်တွင် ဖြစ်တတ်ပါသည်။ (အအေးမိခြင်း၏ နောက်ဆက်တွဲရောဂါ) သူ့အလိုလို ရပ်တန့်

သွားတတ်သော်လည်း တခါတရံတွင် အဆုတ် အအေးမိခြင်းသို့ ရောက်ရှိသွားတတ်ပါသည်။

- ချောင်းခြောက်ဆိုးခြင်းဖြင့် စတင်ပြီး ရက်အနည်းငယ် ကြာသောအခါတွင် သလိပ်များ ထွက်လာပါသည်။ (ဗိုင်းရပ်စ်ကြောင့်ဖြစ်ပါက သလိပ်မှာ ကြည်နေပြီး၊ ဘက်တီးရီးယားကြောင့်ဖြစ်ပါက သလိပ်သည် အဝါ သို့မဟုတ် အစိမ်းရောင် ရှိတတ်သည်)။
- အဖျား အနည်းငယ် သို့မဟုတ် လုံးဝမရှိဘဲ ဖြစ်တတ်သည်။
- အသက်ရှူနှုန်း အနည်းငယ်မြန်နေပြီး အသက်ရှူရ အနည်းငယ်ခက်ခဲမှု ရှိကောင်းရှိတတ်သည်။
- အသက်ရှူရာတွင် လှိုင်းသံအနည်းငယ် အဆုပ်မှ ကြားရတတ်သည်။

**ကုသခြင်း**

- အရည် များများသောက်ပေးပါ။ (ကလေးငယ်များအား နို့ဆက်လက်တိုက်ကျွေးပါ)
- ဖြစ်နိုင်ပါက ရေနွေးငွေ့ရှူခြင်း သို့မဟုတ် ရေနွေးငွေ့များသော လေကို ရှူစေခြင်း (ရေနွေးဖြင့်)
- ဆေးလိပ်သောက်ခြင်းကို ရပ်ပါ။
- များသော အားဖြင့် ပဋိဇီဝဆေးများ အသုံးဝင်လေ့မရှိပါ။ အထူးသဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်သော ကူးစက်မှုများတွင် အကျိုးမရှိပါ။

အချို့ အခြေအနေများတွင် လိုအပ်ခြင်း ရှိတတ်သည်။ အထူးသဖြင့်-

- လူနာတွင် အောက်ပါရောဂါလက္ခဏာ တစ်ခုခု တွေ့ရှိပါက (အဟာရချို့တဲ့ခြင်း၊ ဝက်သက်ပေါက်ခြင်း၊ နလုံးရောဂါ၊ ဆီးချုပ်ရောဂါကဲ့သို့ နာတာရှည် ရောဂါများရှိခြင်း၊ တစ်နှစ်အောက်ကလေးများ၊ အသက် ၆၀ ကျော် သက်ကြီးရွယ်အိုများ)
- သုံးရက်ကြာ ကူညီပေးခြင်းဖြင့် တိုးတက်မှုမရှိပါက Cotrimoxazole ကို ၇ ရက်ပေးရမည်။

**၂။ အဆုတ် အအေးမိခြင်း (Pneumonia) (လူကြီး)**

- အဆုတ် အအေးမိခြင်းသည် အဆုတ်တွင် ကူးစက်ရောဂါဖြစ်ပွားခြင်းဖြစ်သည်။
- အဆုတ် အအေးမိခြင်းသည် အလွန်အန္တရာယ်ရှိပြီး ချက်ချင်းကုသရန် လိုအပ်သည်။
- တခါတရံတွင် ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပြီး ဗိုင်းရပ်စ်ပိုးများကြောင့်လည်း ဖြစ်တတ်ပါသည်။
- Pneumonia သည် လေမှတဆင့် ကူးစက်သည်။ (နှာခေါင်း၊ ပါးစပ်၊ ချောင်းဆိုးခြင်း၊ တံတွေးထွေးခြင်း၊ စကားပြောခြင်း) စသဖြင့် ထိတွေ့ခြင်းမှလည်း ကူးစက်ပါသည်။ (လက်များ ထိတွေ့ခြင်း၊ ပန်းကန်တစ်ချပ်တည်းတွင် အတူစားခြင်း၊ တဘက်နှင့် ခွက်များ အတူအသုံးပြုခြင်း) စသဖြင့်
- ဝက်သက်၊ ကြက်ညှာချောင်းဆိုး၊ တုတ်ကွေး၊ လေပြွန်ရောင်ခြင်းနှင့် ပန်းနာရောဂါများပြီးလျှင် နျူမိုးနီးယား သည် ဖြစ်လေ့ရှိသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါဖြစ်သည်။

**ရောဂါ အသွင်အပြင်နှင့် လက္ခဏာများ**

- အဝါရောင် သို့မဟုတ် အစိမ်းရောင် သလိပ်များထွက်၍ ချောင်းဆိုးခြင်း
- ၃၈.၅ ဒီဂရီ စင်တီဂရိတ် ထက်ပို၍ ကိုယ်ပူချိန်တက်ခြင်း
- မြန်ပြီး ခက်ခဲသော အသက်ရှူခြင်းများ၊ အသက် ပြင်းပြင်းရှူခြင်း
- ရင်ဘတ်နာခြင်း၊ ချောင်းဆိုလျှင်နှင့် အသက် ပြင်းပြင်းရှူလျှင် ပိုမိုနာကျင်ခြင်း
- အသက်ပြင်းပြင်းရှူလျှင် ချောင်းဆိုးခြင်း

**ပြင်းထန်ဆိုးဝါးသော လက္ခဏာများ**

**- အသက်ရှူမြန်ခြင်း**

အသက် ၂ လအောက် မွေးကင်းစ ကလေးများတွင် အသက်ရှူနှုန်း တစ်မိနစ် ၆၀ နှင့် အထက်

အသက် ၂ လမှ ၁၁ လအတွင်း မွေးကင်းစကလေးများတွင်

အသက်ရှူနှုန်း တစ်မိနစ် ၅၀ နှင့် အထက်

အသက် ၁ နှစ်မှ ၅ နှစ်အတွင်း ကလေးများတွင် အသက်ရှူနှုန်း တစ်မိနစ် ၅၀ နှင့်အထက်

အသက် ၅ နှစ်မှ အထက် ကလေးများနှင့် လူကြီးများတွင် အသက်ရှူနှုန်း တစ်မိနစ် ၃၀ အထက်

- ဆိုးဝါးသော အသက်ရှူ ခက်ခဲခြင်း၊ ရင်ဘတ် ချိုင့်ဝင်၍ နှာခေါင်းလှုပ်ပြီး အသက်ရှူရခြင်း
- ပြာနှမ်းခြင်း၊ နှုတ်ခမ်းများနှင့် လက်သည်းများတွင် အပြာရောင်သန်းခြင်း
- ကလေးငယ်များတွင် နို့မစို့နိုင်ခြင်း၊ မသောက်နိုင်ခြင်း
- အသက်ရှူ ပုံမမှန်ခြင်း သို့မဟုတ် အသက်ရှူ ရပ်သွားခြင်း
- သတိရှိမှု လျော့နည်းလာခြင်း

အကယ်၍ အထက်ပါလက္ခဏာများမှ တစ်ခု သို့မဟုတ် ယင်းထက်ပိုသော လက္ခဏာများ လူနာတွင် တွေ့ရှိပါက ပြင်းထန်သော အဆုတ်အအေးမိခြင်းအဖြစ် သတ်မှတ်၍ ကုသရမည်။

## မှတ်ချက်

- လူနာ ငြိမ်နေသည့်အခါ အထူးသဖြင့် ကလေးငယ်များကို အသက်ရှူနှုန်း စစ်ဆေးပါ။
- အထူးသဖြင့် ကလေးငယ်များတွင် နားကြပ်ဖြင့် နားထောင်ရန် ခက်ခဲတတ်ပါသည်။ နှာခေါင်းမှ အသံများ ထွက်နေခြင်းထက် အသက်ရှူနှုန်းသည် ပို၍ အရေးကြီးသည်။
- ပန်းနာရင်ကြပ် ရောဂါနှင့် ခွဲခြားပါ။ (အသံများမြည်ခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ နာတာရှည်ရောဂါ)

## Pneumonia (အဆုတ်အအေးမိခြင်း) အား ကုသခြင်း

ဆေးခန်းသို့ ချက်ချင်းသွားပြ၍ ဆေးဆရာများမှ ပေးသော ဆေးဝါးများကို ကုန်သည်အထိ သောက်ပါ။ ဆေးခန်းမှ သက်သာလာလျှင် အိမ်တွင်း ပြုစုနည်းများကို ဆက်လုပ်ပါ။ နို့စို့ကလေးငယ်များအား နို့တိုက်ခြင်းကို ဆက်လက်ပြုလုပ်ပါ။

## ကုသခြင်း

စမ်းသပ်တွေ့ရှိသည့် လက္ခဏာများ၊ အသက်နှင့် အခြားသော အချက်အလက်များအပေါ် မူတည်၍ ကုသမှု ခြားနားပါသည်။

- ပြင်းထန်မှုနှင့် အန္တရာယ်လက္ခဏာများ မတွေ့ရှိပါက အိမ်တွင် ကုသပါ။
- ရောဂါဝေဒနာ သက်သာအောင် အိမ်တွင်း ပြုစုနည်းဖြင့် ကုသပါ။
- ကိုယ်ပူခြင်းကို ကုသပါ။
- ပဋိဇီဝဆေးများ ပေးခြင်း
- ပြင်းထန်သော ရောဂါလက္ခဏာများနှင့် သို့မဟုတ် အန္တရာယ်လက္ခဏာများ တွေ့ရှိပါက ဆေးရုံ/ဆေးခန်းသို့ လွှဲပြောင်းပါ။

## အန္တရာယ်ရှိသော အခြေအနေများ

- အသက် ၆၀ အထက် သက်ကြီးရွယ်အိုများ
- အဟာရ ချို့တဲ့နေခြင်း၊ သွေးအား အလွန်နည်းနေခြင်း သို့မဟုတ် နှလုံးရောဂါရှိခြင်း

## ပြင်းထန်သော ရောဂါလက္ခဏာ ရှိသူများအတွက် ကုသမှု အစီအစဉ်

(၁) လူကြီးများနှင့် အသက် ၅ နှစ်အထက် ကလေးများ

(၂) အသက် ၂ လမှ ၅ နှစ်အထိ ကလေးများအတွက်

(၃) အသက် ၂ လအောက် ကလေးများအတွက် အားလုံးကို လွှဲပြောင်းရမည်။

## ပြင်းထန်သော လက္ခဏာရပ်များ တွေ့ရှိသော လူနာများအတွက် ကုသမှု အစီအစဉ်

- အသက်အရွယ် အပိုင်းအခြားမရွေး ကုသမှုသည် အတူတူပင် ဖြစ်သည်။
- ရုတ်တရက် ပြင်းထန်စွာဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါအား ကာကွယ်ခြင်း

ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများသည် ကာကွယ်တားဆီးရန် ခက်ခဲတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် လေမှတဆင့်နှင့် ထိတွေ့ခြင်းမှတဆင့် ကူးစက်တတ်သောကြောင့် ဖြစ်သည်။ သို့ရာတွင် လူများအနေဖြင့် တကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်းဖြင့် ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ မပြန့်ပွားစေရန်အတွက် ကာကွယ်ရန် သင်ယူနိုင်ပါသည်။

ဥပမာအားဖြင့် ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများအား တကိုယ်ရေသန့်ရှင်းရေးကို ကျင့်သုံးခြင်းဖြင့် ကာကွယ်ခြင်း

(၁) မကြာခဏ လက်ဆေးပေးခြင်း
(၂) ပန်းကန်၊ ခွက်များကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောခြင်း
(၃) ချောင်းဆိုးခြင်း၊ နှာချေခြင်း ပြုလုပ်သည့်အခါများတွင် နှာခေါင်းနှင့် ပါးစပ်များကို ဖုံးအုပ်ကာကွယ်ခြင်း
(၄) ချောင်းဆိုးခြင်း၊ နှာချေခြင်း ပြုလုပ်အပြီးတွင် လက်များကို ဆေးကြောခြင်း
(၅) နေရာအနှံ့ တံထွေးထွေးခြင်းမှ ရှောင်ကြဉ်ခြင်း
(၆) တဘက်၊ ခွက်၊ ပန်းကန်၊ ဇွန်းခက်ရင်း အစရှိသည်များအား အတူတကွ ရောနှောအသုံးအပြုခြင်းမှ ရှောင်ကြဉ်ခြင်း

ဥပမာအားဖြင့် ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများအား ကျန်းမာစွာ နေထိုင်ခြင်းဖြင့် ကာကွယ်ခြင်း

(၁) အဟာရရှိသော အစာများ စားသုံးခြင်း
(၂) ရေ များများသောက်ပေးခြင်း
(၃) အနားယူခြင်း

**မှတ်ရန်**

ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ အများစုသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပါသည်။ ပဋိဇီဝဆေးများဖြင့် ပျောက်ကင်းနိုင်ခြင်း မရှိပါ။

အကောင်းဆုံးကုသမှုမှာ

- အရည်များများ သောက်ပေးခြင်း
- အစာ ကောင်းကောင်းစားခြင်း
- အနား ကောင်းကောင်းယူခြင်း
- အိမ်တွင်းပြုစုမှု ခံယူခြင်း

အကယ်၍ ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ ပျောက်ကင်းမှု မရှိပါက သို့မဟုတ် လူနာသည် ကိုယ်ပူလာပါက သို့မဟုတ် အသက်ရှူရန် ခက်ခဲလာပါက အလျင်အမြန် စီမံကုသပါ။ လူနာသည် ပြင်းထန်သော ရောဂါများဖြစ်သည့် လေပြွန်ရောင်ခြင်း သို့မဟုတ် နျုမိုးနီးယား ကို ရရှိနေနိုင်သည်။

ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများရှိသော ကလေးများကို နို့တိုက်ကျွေးမှု ဆက်လက် ပြုလုပ်ပါ။

တကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူ၊ အနေအထိုင်များဖြင့် ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပွားသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများကို ကာကွယ်ပါ။

CBPHWT
Chinland

၀၀၀၀၀

# စိတ်ကျန်းမာလည်း လူကျန်းမာဖို့လည်း




လောကကြီးမှာ လူတိုင်း ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်လိုကြသည်ချည်းသာ ဖြစ်ပါတယ်။ ဒါပေမဲ့ လောကကြီး ကအမြဲဆန့်ကျင်လေ့ရှိပါတယ်။ သေခြင်းတရားကိုလိုချင်နေသူ တွေက လောကမှာ အချိန်ကြာကြီး အသက်ရှင်နေပြီး သောက၊ ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်နေကြရတယ်။ ထို့အတူ လောကကြီးမှာ တစ်သက်လုံးအသက်ရှင်နေထိုင်လိုကြသူတွေ ကျတော့လည်း အရွယ်မအိုခင်၊ ငယ်ရွယ်နုပျိုစဉ်မှာပင် သေခြင်းတရားကို စော စောစီးစီးရင်ဆိုင်ကာ သူတို့ရဲ့ သာယာပျော်ရွှင်စရာကောင်းတဲ့ ဘဝ၊ မိသားစုကို ကျောခိုင်းပြီး သေခြင်းတရားနဲ့ ရင်ဆိုင်ကြရ တယ်။

ဒါကို ဘာသာတရားဖက်ကနေ ကြည့်မယ်ဆိုရင် (ဥပမာ- ဗုဒ္ဓဘာသာတွေရဲ့ ခံယူချက်၊ ယုံကြည်ချက်မှာတော့ အတိတ် က ဝဋ်ကြွေးတွေကြောင့်လို့ ယုံကြည်ကြသလို ခရစ်ယာန်ဘာ သာဖက်ကနေ စဉ်းစားကြည့်ရင် အပြစ်ရဲ့ အဖိုးအခပဲပေါ့။ "အပြစ်၏ အဖိုးအခဟူသည် သေခြင်းတရားဖြစ်၏" လို့ သမ္မာ ကျမ်းစာမှာ ဖော်ပြထားပါတယ်။ ဒါတွေကို စဉ်းစားကြည့်မယ် ဆိုရင် လောကမှာရှိတဲ့ သတ္တဝါအပေါင်းတို့ဟာ ကျန်းမာခြင်း ဘဝကို ဘယ်သူမှ မပိုင်ဆိုင်နိုင်ဘူးလို့ ပြောရမှာပဲ မဟုတ်လား။ ဒါကြောင့်ကမ္ဘာ့ကျန်းမာရေးပညာရှင်တွေရဲ့ အဆိုအရကျန်းမာ ခြင်းဆိုတဲ့ အဓိပ္ပါယ်ကို နားလည်ရအလွယ်ဆုံး စကားလုံးနဲ့ ပြောရရင် စိတ်ရောကိုယ်ပါ ကျန်းမာခြင်းသာမက မိသားစု၊ အိမ်နီးချင်း၊ ပတ်ဝန်းကျင်၊ မိတ်ဆွေ အပေါင်းအသင်းများပါ ကျန်းမာပြီး စားဝတ်နေရေးကအစ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသဖြင့် ကောင်းမွန်မှသာ ကျန်းမာခြင်းဆိုတဲ့ ဝေါဟာရနဲ့ လိုက်ဖက်ညီထွေတယ်လို့ ဆိုကြပါတယ်။ ဒါတွေကို စဉ်းစား မိရင်း လောကမှာ အသက်ရှင်နေတဲ့ လူသတ္တဝါအပေါင်းတို့ဟာ နာမကျန်းသူတွေချည်းပါပဲလားလို့ မှတ်ချက် ချမိပါတယ်။

ဒါပေမဲ့ ဤလောကမှာ ခဏတာ အသက်ရှင်နေထိုင်တဲ့ အခိုက်အတန့်လေးမှာ ကျန်းမာအောင်နေထိုင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ နာမကျန်းဖြစ်ပေမဲ့ နေကောင်းဖို့လိုပါတယ်။ မကျန်းမာဘူးဆိုတာနဲ့ နေမကောင်းဘူးဆိုတာ မတူပါဘူး။ မြန်မာစာကို အဓိပ္ပါယ် အတိမ်အနက် အကုန်နားမလည်ပေမဲ့ ကျန်းမာခြင်း/မကျန်းမာခြင်းနဲ့ နေကောင်းခြင်းဆိုတာတွေကို ကျွန်တော်နားလည်သလောက် ပြောရရင် မကျန်းမာဘူးဆိုတာ မိမိကအစ မိသားစု ဘေးပတ်ဝန်းကျင်အားလုံးကို လွှမ်းခြုံပါ တယ်။ ကိုယ်က ကျန်းမာနေတယ်ဆိုရင်တောင် ကိုယ့်မိသားစု ထဲမှ ရောဂါဝေဒနာ ခံစားတဲ့သူတစ်ယောက် ရှိပြီဆိုတာနဲ့ ဘယ် သူမှ စိတ်မပျော်ရွှင်နိုင်ကြပါ။ ရောဂါပိုးသာမရှိတာ၊ အဲဒီ ဝေဒနာ ကို အလိုလို ခံစားကြရတယ်။ တဆက်တည်းမှာ ဆေးဖိုးဝါးခ အတွက် ကုန်ကျစရိတ်တွေ လိုလာတယ်။ ဆင်းရဲတဲ့ နေ့လုပ်နေ့ စားမိသားစုများမှာဆိုရင် ပိုဆိုးတာပေါ့။ လိုအပ်တဲ့ဆေးဝါးကုသ မှုတွေ မပြုလုပ်နိုင်လို့ မသေသင့်ဘဲ သေနေရတဲ့ ချင်းပြည်သူ တွေ မနည်းဘူးဆိုတာ ပြည်သူတွေ အသိဆုံးပါ။ ငွေကြေး ချမ်း သာကြွယ်ဝသူတွေမှာလည်း ချမ်းသာပါလျက်နဲ့ မသေသင့်တဲ့

ရောဂါကြောင့် သေနေရတာပါပဲ။ အဲဒါတွေရဲ့ အဓိကအချက်က နိုင်ငံရေးမကောင်းလို့ပါ။ နိုင်ငံရေးမကောင်းတဲ့အတွက် ဖွံ့ဖြိုးမှု နောက်ကျပြီး ပြည်သူတွေပဲ ဒုက္ခရောက်ရတယ်။

တိုင်းပြည် ငြိမ်းချမ်းဖို့ ပြည်သူတွေ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝ ခံစားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံလို စစ်တပ်နဲ့ အစိုးရ ပြဒါးတစ်လမ်း သံတစ်လမ်းစီ ဖြစ်နေသရွေ့၊ တိုက်ပွဲတွေ ဖြစ်နေသရွေ့ ပြည်သူတွေက မသေသင့်ဘဲ၊ မဆုံး သင့်ဘဲ သေရ၊ ဆုံးနေကြရဦးမှာပါ။

လူနာတစ်ယောက်မှာ ဆေးဝါးနဲ့ ကုလို့ရတဲ့ ရောဂါရှိသလို၊ ဆေးဝါးနဲ့ကုလို့မရတဲ့ရောဂါဆိုတာ ရှိပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျ ပြီး စားဝတ်နေရေးခက်ခဲနေတဲ့ ကျွန်တော်တို့ ပြည်သူတွေမှာ ကျန်းမာရေးချို့တဲ့တာ မဆန်းပါဘူး။ လူနာတစ်ယောက်ရဲ့ အသက်ကို အချိန်မီကယ်တင်နိုင်ဖို့ဆိုရင် ဆေးရုံကို အချိန်မီ ပို့ဖို့ လိုအပ်သလို ဆေးရုံကို အချိန်မီရောက်နိုင်ဖို့ အရေးကြီးပါ တယ်။ ကျွန်တော်တို့မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ ကျန်းမာရေး ပညာဖွံ့ဖြိုးတိုးတက်မှုနောက်ကျလို့ ဆေးရုံမရောက်ခင်အသက် ဆုံးသွားတာ၊ ဆေးရုံမပို့နိုင်ဘဲ သေရတာတွေ မကြာခဏ ကြုံ တွေ့နေရတယ်။

ဆေးဆရာတစ်ယောက်အနေနဲ့ လူနာကို ဆေးစစ်ရာမှာ ခန္ဓာကိုယ်နဲ့ စိတ်ကျန်းမာခြင်း နှစ်ခုစလုံးကို နားလည်ဖို့ လိုအပ် ပါတယ်။ လူတစ်ယောက်က မကျန်းမာဘူး၊ နေမကောင်းဘူး ဆိုပေမဲ့ သူ့ခန္ဓာကိုယ်ထဲမှာ (Infection) ရောဂါပိုးမရှိဘဲ အတွင်း စိတ်မှာ စိတ်ဝေဒနာ ရှိနေတတ်တယ်။ ထိုသူတွေရဲ့ ရာဇဝင်မှာ မပြေလည်မှု၊ စိတ်သောကဝေဒနာများစွာကို တွေ့ရတတ်တယ်။ နောက်တမျိုးကတော့ ခန္ဓာကိုယ်ထဲမှာ (Infection) ရောဂါပိုး ရှိသူမှာတော့ အဖြေက ရှင်းပါတယ်။ ဒါပေမဲ့ လူသားတိုင်းမှာ ရောဂါပိုးတစ်ခုခုရှိပြီဆိုရင် ကိုယ့်မှာ ရောဂါပိုးရှိပြီဆိုတဲ့ အသိ စိတ်ဝင်တဲ့ တချိန်တည်းမှာပဲ နောက်ထပ် စိတ်ပိုင်းဆိုင်ရာ ဝေဒနာကို ထပ်တွေ့တတ်ကြစမြဲ ဖြစ်တယ်။ စိတ်ဝေဒနာကို အချိန်ကြာ ခံစားလာတာနဲ့အမျှ ရောဂါပိုးဝင်လာမယ့် အခွင့် အလမ်းလည်း ပိုများလာတတ်တယ်။

ကူးစက်ရောဂါတွေဟာ လူ့ရဲ့ ခုခံအားတွေ ကျဆင်းလာ တာနဲ့အမျှ ခန္ဓာကိုယ်အတွင်း ဝင်ရောက်ကူးစက်မှု ပိုမိုလွယ် ကူပါတယ်။ အဲဒီရောဂါကြောင့် စိတ်ထိခိုက်ပြီး စိတ်ဝေဒနာကို ပြင်းပြင်းထန်ထန်ခံစားရမယ်ဆိုရင် ရောဂါအားကောင်းလာမယ့် အပြင် နောက်ထပ်ရောဂါ (Secondary Infection) တွေလည်း ပြန်ဝင်လာတတ်သလို လူနာဟာ အစက ဆေးနှစ်မျိုးလောက် နဲ့ ကုသရာကနေ ဆေးလည်း ပိုတိုက်ပေးရတယ်။ ဆေးစားတာ များတော့ မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်ပေါ်လာ တတ်တယ်။ ဘေးထွက်ဆိုးကျိုးကို ကာကွယ်ဖို့ရန်အတွက် ဆေးမစားမီ အစာတစ်ခုခုကို စားပေးဖို့ လိုအပ်ပါတယ်။

တချို့ဆေးဝါးတွေက အစာနဲ့ ဝေးလေ စုပ်ယူမှုအာနိသင် ပိုကောင်းလေဖြစ်တဲ့ဆေးဝါးတွေလည်းရှိတတ်ပါတယ်။ ဥပမာ- အစာအိမ်ဆေးတွေ ဖြစ်ပါတယ်။

လူတွေဟာ ရောဂါကို မရမက လိုက်ရှာတတ်ကြသလို လူတော်တော်များများက ဆန့်ကျင်ဖက်ကို သဘောကျ၊ နှစ် သက်လေ့ရှိတယ်။ ဥပမာ- အရက်ဆိုတာ တန်ရင်ဆေး၊ လွန်ရင် ဘေး ဆိုသလို ဆေးအဖြစ် မှီဝဲရင် ကျန်းမာရေးကို အထောက် အကူပြုစေပါတယ်။ လိုအပ်တာထက် ပိုသုံးစွဲလျှင်၊ မကောင်းတဲ့ အရက်တွေသောက်ရင် ဆိုးကျိုးတွေက မရေတွက်နိုင်လောက် အောင်ပါပဲ။

အရက်ဟာ မူးတတ်တယ်။ မူးရင်အစာနဲ့ဝေးပြီး ရက်ကြာ လာတာနဲ့ အရက်နာကျပြီး ကြောင်တတ်တယ်။ အရက်ကြောင် တယ်ဆိုတာ အစာမစားလို့ ဖြစ်ပါတယ်။ အစာမစားတော့ ခန္ဓာကိုယ်အတွင်း သကြားဓါတ် (Glucose) ဓါတ် ကျလို့ဖြစ်လာ တယ်။ Glucose 25% သို့မဟုတ် 50% ဖြစ်ဖြစ်၊ B1 injection ဖြစ်ဖြစ် ထိုးပေးသင့်ပါတယ်။ နောက်ပြီး အရက်ကြောင့် သွေးပေါင်ချိန်တက်ပြီး ခေါင်းမူးတယ်ဟုဆိုကာ ခေါင်းပေါ်ရေ လောင်းတာမျိုးဟာ အခန့်မသင့်ရင် ရုတ်တရက် လေဖြတ်နိုင် တယ်ဆိုတာကို သတိပြုကြပါ။

အဲဒါကြောင့် သွေးတိုးရှိသူများ အရက်သောက်ပြီး ရေချိုး မယ်ဆိုရင် ရေကို ခေါင်းကနေ စမလောင်းဘဲ ခြေထောက်ကနေ စလောင်းပြီး ချိုးကြပါ။ သွေးတိုးသမားတွေအတွက်တင်မဟုတ် ပါဘူး၊ သွေးမတိုးရင်လည်း အရက်သောက်ပြီး ရေချိုးမယ်ဆိုရင်

တခါတည်း ခေါင်းကနေ ရေလောင်းချိုးတာမျိုးကို ရှောင်ကြပါ။ အရက်ဟာ ကျန်းမာရေးတင်မကပါဘူး။ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးနဲ့ ဘဝကိုပါ ဖျက်ဆီးတတ်တဲ့ အရာဖြစ်တယ် ဆိုတာကို သတိပြုကြစေချင်ပါတယ်။

မိမိမှာ သွေးတိုးရှိတယ်ဆိုတာ သိပြီဆိုရင် ဆောင်ရန်၊ ရှောင်ရန်တွေကို သတိထားလိုက်နာဖို့ အထူးပဲ လိုအပ်ပါတယ်။ သွေးတိုးရှိသူဟာ အဆီ၊ အငန်၊ အချိုတွေကို လျှော့စားရမယ်။ ဥပမာ- ဝက်သားနဲ့ အခြားအသားများမှာ ဆား၊ ငန်ပြာရည်တို့နဲ့ အငန်တွေပေါ့ပြီးနောက် ဆိတ်သား၊ အမဲသားတို့ကိုစားပြီးရင် ရေနွေးကြမ်း သို့မဟုတ် ရေနွေးဖြူတို့ကို မဖြစ်မနေ သောက်ပေးပါ။ အထူးသဖြင့် ရေခဲရေကို မသောက်ပါနှင့်။ အကြောင်းကတော့ အမဲသားဆီ၊ ဆိတ်သားဆီတို့ဟာ ရေခဲရေအေးနဲ့ ထိတွေ့တဲ့အခါ ခဲသွားတတ်ပါတယ်။ အဲဒီအဆီတွေ ခဲသွားခြင်းကြောင့် သွေးကြောတွေ ကျဉ်းသွားမယ်/ပိတ်မယ်ပေါ့။ သွေးကြောပိတ်/ကျဉ်းတော့ သွေးလည်ပတ်မှု ပုံမှန်မဟုတ်တော့ဘဲ ဖိအားများလာကာ သွေးတိုးခြင်းကို ဖြစ်စေပါတယ်။ တချို့ သွေးတိုးသူများမှာ အစပိုင်း နှလုံးသွေးကြောကျဉ်းခြင်းကြောင့် ရင်ဘတ်ခဏခဏအောင့်ရာမှ နှလုံးရောဂါအထိ ဖြစ်သွားတတ်ပါတယ်။

တကယ်ဆိုရင် နှလုံးရောဂါဖြစ်ခြင်းဟာ သွေးကြောကျဉ်းခြင်း (Hypertention) နဲ့ (Hypotention) သွေးကျခြင်းတို့ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် သွေးတိုးတာပဲဖြစ်ဖြစ်၊ သွေးအားနည်းတာပဲဖြစ်ဖြစ် အမြန်ဆုံး ကုသပြီး ဆောင်ရန်၊ ရှောင်ရန်များကို တသဝေမတိမ်း လိုက်နာသင့်ပါတယ်။

သွေးတိုးသမားတွေဟာ အချို၊ အငန်၊ အဆီတို့ကို ရှောင်ပြီး မပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေကို နေ့တိုင်း ပြုလုပ်ပေးဖို့နဲ့ အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရှောင်ကာ ရေကျက်အေးကို မနက်စောစော အိပ်ယာထခါစ ဘာမှ မစားခင်၊ သွားတိုက်၊ မျက်နှာမသစ်ခင် အနည်းဆုံး လီတာ 1500CC ခန့် သောက်ပေးရင် အကောင်းဆုံးဖြစ်ပါတယ်။ သွေးတိုးပြင်းရင် ဆေးသောက်ပေးပြီး အသင့်အတင့်သာဆိုရင် ခါးတဲ့အရွက်တွေကို ထမင်းစားတိုင်း တွဲစားပေးသင့်ပါတယ်။

ထိုနည်းငှင်းပဲ သွေးကျသူတွေက အခါးကိုရှောင်ဖို့ လိုပါတယ်။ လက်ဖက်ရည်ချိုတယ်ဆိုတာ လူတိုင်းအသိပါ။ ဒါပေမဲ့ ကော်ဖီပါတဲ့ လက်ဖက်ရည်ကို သွေးကျသူနဲ့ အစာအိမ်ရောဂါ အခံရှိသူတွေ ရှောင်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကော်ဖီဟာ ခါးပြီး အရသာကောင်းသလောက် အိပ်ရေးပျက်စေပြီး သွေးကျစေပါတယ်။ သွေးအားနည်းချိန်မှာ ကော်ဖီသောက်ရင် ရင်တုန်ခြင်း ဖြစ်စေပါတယ်။ များသောအားဖြင့် ဖျားတယ်ဆိုတာ (Infection) ကြောင့်ဖြစ်ပေမဲ့ သွေးအားနည်းခြင်းကြောင့်လည်း ဖျားတတ်တာကို တွေ့ရပါတယ်။

အဖျားရောဂါပိုးမှာ ဘက်တီးရီယား (Bactiria) နဲ့ ဗိုင်းရပ်စ် (Virus) ပိုး နှစ်မျိုးရှိပါတယ်။ ဘက်တီးရီးယားပိုးမှာ ဖျားတယ်ဆိုရင် ဆေးဝါးရှိပေမဲ့၊ ဗိုင်းရပ်စ်ပိုးကြောင့် ဖျားတယ်ဆိုရင် ဆေးမရှိပါဘူး။ ကာကွယ်ဖို့ လိုအပ်တယ်ဆိုတာကို အားလုံး သတိထားဖို့ လိုအပ်ပါတယ်။

ဗိုင်းရပ်စ်ပိုးရော၊ ဘက်တီးရီယားပိုးရော နှစ်မျိုးစလုံးဟာ ကြောက်စရာကောင်းသလို ကပ်ပါးပိုးတို့၊ မှိုပိုးတို့ဆိုတာလည်း ကြောက်စရာကောင်းပါတယ်။ ဒါပေမဲ့ ဆေးဝါးက သူတို့ကို သတ်နိုင်တဲ့အတွက် ကြောက်စရာကောင်းပေမဲ့ သိပ်မကြောက်ရဘူးပေါ့။ Virus ကလွဲလို့ အခြားရောဂါပိုးတွေ ကူးစက်ခံရပြီဆိုတာနဲ့ သိထားဖို့က ဆေးဆရာတွေ ညွှန်ပေးတဲ့အတိုင်း ဆေးသောက်ဖို့ အရေးကြီးပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ဆေးဝါးဆိုတာ သူ့အလုပ်နဲ့သူ အာနိသင်က အချိန်အားဖြင့် သတ်မှတ်ချက် ရှိပြီးသားတွေချည်းပါပဲ။ အဓိကအားဖြင့် ပိုးသတ်ဆေးဆိုတာမျိုးဟာ ရက်ပြည့်တဲ့အထိ စားပေးရပါတယ်။ ရက်မပြည့်ရင် သက်သာပေမဲ့ ရောဂါ ပျောက်ကင်းမသွားပါဘူး။ ရောဂါမပျောက်တဲ့အပြင် ကြောက်စရာကောင်းတဲ့ ဆေးယဉ်ပါးမှုကို ဖြစ်ပေါ်စေပါတယ်။ လူတစ်ယောက်က ရောဂါဖြစ်ပြီး ဆေးကို ပုံမှန်နဲ့ ရက်ပြည့်အောင် မသောက်တဲ့ ကြိမ်ဖန်များလာတဲ့အခါ ဆေးယဉ်ပါးမှုဖြစ်ပြီး ရောဂါ ပျောက်ကင်းမသွားဘဲ ရောဂါပြန်ထလာတတ်ပြီး ၎င်းဆေးနဲ့ ထိုရောဂါပိုးကို မသတ်နိုင်တော့ဘဲ လနဲ့ချီ ပြန်ကုပေးရပါတယ်။ လူနာဟာ ဆေးသောက်များလာရင် သွေးကျပြီး သွေးအားနည်းရောဂါလည်း ဖြစ်သွားနိုင်ပါတယ်။

အဲဒါကြောင့် ဘာဆေးပဲဖြစ်ဖြစ် ဆရာဝန် ဒါမှမဟုတ် ဆေး

ဆရာများရဲ့ ဆေးညွှန်းအတိုင်း ရက်ပြည့်အောင် အချိန်မှန်မှန် သောက်ပေးဖို့ အင်မတန် အရေးကြီးပါတယ်။

အကိုက်အခဲပျောက်ဆေးတွေကသာ အချိန်အကန့်အသတ်မရှိ လူနာရဲ့ နာကျင်မှုအပေါ်မူတည်ပြီး တိုက်/ထိုးပေးရပါတယ်။ အကိုက်အခဲပျောက်ဆေးတွေမှာလည်း အန္တရာယ်များပါတယ်။ လူတိုင်းလိုလို သိပြီး စားနေကျ အကိုက်အခဲပျောက်ဆေးဖြစ်တဲ့ Paracetamol တောင်မှ တစ်နေ့ကို 500mg ကျော်သောက်ရင် အသည်း၊ ကျောက်ကပ်တွေ ထိခိုက်ပျက်စီးစေတတ်ပါတယ်။ Paracetamol ရဲ့ ဆိုးကျိုးကိုဖြစ်စေ၊ ကောင်းကျိုးကိုဖြစ်စေ လူတွေ သိပ်မသိထားတဲ့အချက်ကတော့ Paracetamol ဆေးသောက်တဲ့အခါ တွဲမသောက်သင့်တာက ကဖီးဓါတ်ပါတဲ့ ကော်ဖီ၊ ငါးမန်းတံဆိပ်အချိုရည်တွေ ဖြစ်ပါတယ်။ ၎င်း ကဖီးဓါတ်နဲ့အတူ Paracetamol ကိုသောက်လျှင် ဆေးက ကောင်းကျိုးမပေးတဲ့အပြင် အဆိပ်အဖြစ် ပြောင်းလဲသွားတတ်ပြီး လူကို အန္တရာယ်ဖြစ်စေပါတယ်။ ဒါကြောင့် ငါးမန်းအချိုရည်ဗူးတွေမှာ ကလေးနှင့် ကိုယ်ဝန်ဆောင်များ၊ ကဖီးဓါတ် မတည့်သူများ မသောက်သင့်လို့ ရေးထားခြင်းဖြစ်ပါတယ်။

နောက်တစ်ခု ကျွန်တော်တို့နဲ့ သိပ်ရင်းနှီးတဲ့ ဆေးတစ်မျိုးကတော့ အိန္ဒိယနိုင်ငံထုတ် Ibrufen အကိုက်အခဲပျောက်ဆေးပါ။ အဲဒီဆေးဟာ အသုံးတည့်သလောက် ကျွန်တော်တို့ တပ်မတော်နဲ့ ရင်းနှီးပြီး အသုံးများတဲ့ ဆေး ဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းဆေးရဲ့ ဆိုးကျိုးကို ကြိုမသိထားတော့ အစာအိမ်ဒုက္ခ ခံခဲ့ကြရပါတယ်။ ကျွန်တော်တို့ဟာ အစာခံမရှိဘဲ ဆေးစားတတ်ကြတဲ့အတွက် အစာအိမ်ရောဂါ အဖြစ်များခဲ့တယ်။ ဒါကြောင့် အကိုက်အခဲပျောက်ဆေး သောက်တော့မယ်ဆိုရင် အစာခံ တစ်ခုခု စားပြီးမှ သောက်သင့်ပါတယ်။

အဲဒါကြောင့် နေမကောင်းဖြစ်ရင် ဆေးကို သေချာ၊ မှန်ကန်စွာ သောက်သင့်သလို၊ မသိနားမလည်ရင် သိတဲ့သူ ဆေးဆရာ၊ ကျန်းမာရေးလုပ်သားများကို မေးပြီးမှ စားသင့်ပါတယ်။

မွေးဖွားခြင်းနဲ့ သေခြင်းတရား ဒွန်တွဲနေတဲ့ ဒီလောကကြီးမှာ လူသားတွေရဲ့ အေးချမ်းမှု၊ ကျန်းမာပျော်ရွှင်မှုတွေကို ကမ္ဘာ့ ကူးစက်ရောဂါဆိုးကြီးတွေက အမြဲခြိမ်းခြောက်နေပါတယ်။ အခုလည်း သိပ်ကြောက်စရာကောင်းပြီး လူမှုဘဝကို လုံးဝပြောင်းလဲစေခဲ့တဲ့ Corona virus ကူးစက်ရောဂါကြောင့် လူတိုင်း စိတ်ဒဏ်ရာအမျိုးမျိုးနဲ့ ကြုံတွေ့နေကြတယ်။ ဤရောဂါဆိုးကြီးဟာ ကူးစက်မှုမရပ်တန့်၊ ပျောက်ကင်းခြင်းမရှိဘဲ လူသားတွေကို ဒုက္ခပေးပြီး ငှက်ဖျား၊ ဝက်သက်..စတဲ့ ကူးစက်ရောဂါမျိုးက နောက်မှာ ကျန်ခဲ့တော့မှာ ဖြစ်ပါတယ်။

ထို့အတွက်ကြောင့် ရဲဘော်ရဲမေများ၊ မိတ်ဆွေသူငယ်ချင်းများနဲ့မိဘပြည်သူအပေါင်းတို့ကိုမှာကြားလိုတာကတော့ရောဂါပိုးဆိုတာ လူ့ရဲ့ သာမန်မျက်စိနဲ့ မမြင်နိုင်သလို ဘယ်အချိန်ရောက်လာမယ်၊ ဘယ်နေရာမှာ ရှိတယ်၊ ဘယ်လောက်ကြီးပြီး ဘယ်လောက်သေးတယ်ဆိုတာ မသိတဲ့အတွက် သက်ဆိုင်ရာကထုတ်ပြန်ထားတဲ့စည်းမျဉ်းစည်းကမ်းတွေ၊ဆောင်ရန်၊ရှောင်ရန်တို့ကို လိုက်နာဆောင်ရွက်ကြဖို့ အင်မတန် အရေးကြီးပါတယ်။ အခု ဆောင်းရာသီရောက်နေပြီမို့ COVID-19 ရောဂါ ကူးစက်နိုင်မှု အခွင့်အလမ်း ပိုများနေတဲ့အချိန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်မှာဆို ဆောင်းရာသီကျရင် အလွန်အေးပြီး နှာဆေးချောင်းဆိုး အဖြစ်များတတ်တယ်။ အဲဒီ နှာဆေးချောင်းဆိုးဟာလည်း Virus တစ်မျိုးပါပဲ၊ အဲဒီကနေ တဆင့် ဘက်တီးရီးယားပိုး ဒါမှမဟုတ် အခြားရောဂါပိုးတွေ ထပ်ဆင့်ဝင်လာပြီး အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါတွေ ဖြစ်တတ်ပါတယ်။

ဘက်တီးရီးယားပိုးနဲ့ ဗိုင်းရပ်စ်ပိုးကို ခွဲခြားသိနိုင်ဖို့က သလိပ်ပဲဖြစ်ပါတယ်။ ဘက်တီးရီးယားပိုးကြောင့်ဖြစ်ရင် သလိပ်ထွက်တဲ့အပြင် သလိပ်ဟာ အဝါရောင် ဖြစ်လေ့ရှိပါတယ်။ ဗိုင်းရပ်စ်ကြောင့်ဆိုရင်တချို့ကသလိပ်ထွက်ပေမဲ့၊တချို့မှာသလိပ်မထွက်ပါဘူး။ သလိပ် ထွက်ရင်လည်း ဘက်တီးရီးယားပိုးကြောင့်ထွက်တဲ့ သလိပ်လို မဝါဘဲ အစိမ်းရောင် ဖြစ်လေ့ရှိပါတယ်။

အခု ကမ္ဘာအနှံ့ဖြစ်နေတဲ့ Corona Virus- COVID-19 ဟာလည်း အစပိုင်းမှာ ရိုးရိုး တုပ်ကွေးအဖျားမျိုးနဲ့တူပြီး နောက်ပိုင်းမှာ အဖျားတက်ကြီးမယ်၊ ချောင်းဆိုးမယ်၊ အသက်ရှူရခက်ခဲလာမယ်၊ နောက်ပြီး အနံ့မရတာတွေ၊ အရသာမသိတော့တာ

တွေဖြစ်ပြီး အစာနဲ့ အူလမ်းကြောင်းဆိုင်ရာ ပြဿနာ ဖြစ်ပွားခြင်း၊ ဝမ်းလျော့ခြင်းတို့ဖြစ်မယ်၊ ခန္ဓာကိုယ် ကိုက်ခဲခြင်းတို့လည်း ဖြစ်လာမယ်။

ဒီရောဂါဟာ တရုတ်နိုင်ငံ Wuhan ကနေ စတင်ကူးစက်ပြီး လူလူချင်းကူးစက်တဲ့ ကူးစက်ရောဂါဖြစ်ကြောင်းကို တရုတ်က ကြွယ်ဝှက်ထားပါတယ်။ ရောဂါဖြစ်ပွားမှု အသေးစိတ်ကိုတော့ အားလုံးသိပြီးဖြစ်တဲ့အတွက် ဤမှာ မဖော်ပြတော့ပါ။ ၂၀၁၉ ဒီဇင်ဘာလကတည်းက စဖြစ်ခဲ့တဲ့ ဒီကပ်ဆိုးရောဂါဟာ အခုဆိုရင် ကမ္ဘာ့နိုင်ငံ၊ ပိုင်နက်နယ်မြေ (၂၀၀) ပေါင်း ကျော်ကို ကူးစက်သွားပြီး လူပေါင်း (၁၄) သိန်းကျော် သေဆုံးသွားပြီးဖြစ်ပါတယ်။

ဒီရောဂါကုသဆေးကိုလည်း ယနေ့အထိ မထုတ်လုပ်နိုင်သေးပါဘူး။ ဒါပေမဲ့ ထိန်းချုပ်လို့ရတဲ့ ရောဂါဖြစ်ပါတယ်။ မလိုအပ်ဘဲ အိမ်ပြင်မထွက်ခြင်း၊ Mask တပ်ခြင်း၊ ဆပ်ပြာ သို့မဟုတ် လက်သန့်ဆေးရည်တို့ဖြင့် လက်ကို မကြာခဏ သန့်စင်အောင် ဆေးကြောခြင်း၊ သုံးပြီးသား Mask တွေကို အဖုံးပါတဲ့အမှိုက်ပုံးမှာပစ်ပြီးမီးရှို့ဖျက်ဆီးခြင်းအပြင် သက်ဆိုင်ရာကထုတ်ပြန်ထားတဲ့ စည်းကမ်းချက်၊ ဆောင်ရန်၊ ရှောင်ရန်တွေကို လိုက်နာဖို့ လိုအပ်ပါတယ်။ အထူးသတိထားရမယ့် အချက်တစ်ခုကတော့ ဆင်းရဲချမ်းသာမဆို အားလုံးက သုံးနေတဲ့ ငွေစက္ကူဖြစ်ပါတယ်။ ဒါကြောင့် ငွေစက္ကူကိုင်တိုင်း လက်ကို ရေ၊ ဆပ်ပြာ (သို့မဟုတ်) အရက်ပြန် ၇၀% ပါတဲ့ လက်ဆေးရည်နဲ့ ဆေးကြောပါ။ အစာစားပြီးတိုင်း သွားတိုက်ပါ။

ရောဂါမျိုးစုံရဲ့ ကူးစက်မှုကနေ လွတ်ကင်းနိုင်ဖို့အတွက် အရေးကြီးတာက ခုခံအားကောင်းဖို့ လိုပါတယ်။ ကျွန်တော်တို့လို အမျိုးသားရေးအတွက် အနစ်နာခံပြီးတာဝန်ထမ်းဆောင်နေတဲ့ ရဲဘော်ရဲမေတွေ၊ မိသားစုတွေအနေနဲ့ ရှိတဲ့ဟာလေးနဲ့ ခုခံအားကောင်းအောင် ဖန်တီးတတ်ဖို့ လိုပါတယ်။

ကျွန်တော်တို့ ခုခံအားကောင်းဖို့အတွက် ကိုယ်ထူကိုယ်ထ လုပ်နိုင်တာတွေ အများကြီးရှိပါတယ်။ ဥယျာဉ်ခြံတွေလုပ်ပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးသီးရွက်တွေ၊ ကြက်၊ ဝက်၊ ဆိတ် စတဲ့ အိမ်မွေး တိရစ္ဆာန်တွေကို မိသားစု ဖူလုံရေးသာမကလို့ စီးပွားဖြစ် စိုက်ပျိုးမွေးမြူဖို့ လိုအပ်ပါတယ်။ မိမိတို့ ခန္ဓာကိုယ်အတွက် အသားဓါတ်သာမကလို့ ဟင်းသီးဟင်းရွက်ဟာ အဟာရဖြစ်ပြီး ခုခံအား ကောင်းစေပါတယ်။ ဟင်းသီးသစ်သီးများမှာ ဗီတာမင် B1, B2, Potacium, Vitamin C များစွာ ပါဝင်ပြီး ကျွန်တော်တို့ အလွယ်တကူရနိုင်တဲ့ ဇီးဖြူသီးမှာ Vatamin C နဲ့ Calcium ဓါတ်တွေ များစွာ ပါဝင်တာတွေ့ရပါတယ်။

အဓိကမှာ ခုခံအားကောင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာဖို့အတွက် မိမိကျန်းမာရေးကို ဂရုစိုက်ပါ၊ ရေကျက်အေး များများသောက်ပါ၊ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။ တကိုယ်ရေသန့်ရှင်းရေး၊ အိမ်တွင်းအိမ်ပြင်သန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးကို ဂရုစိုက်ပါ၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားစာကို စားပါ၊ ဆောင်ရန်ရှောင်ရန်တို့ကို လိုက်နာပါ။ ဆရာဝန်နဲ့ ဆေးဆရာများရဲ့ လမ်းညွှန်ချက်တွေကို ယုံကြည်လက်ခံပြီး လိုက်နာကျင့်သုံးမယ်ဆိုရင် ကိုယ်၏ ကျန်းမာခြင်းကို ရရှိပြီး စိတ်၏ချမ်းသာခြင်းကို လည်း ပေးနိုင်လိမ့်မယ်လို့ မျှဝေလိုပါတယ်။

လူတိုင်း ကျန်းမာသော ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။

Salai Thein Shwe

ဗဟိုဆေးဌာန

---

[illegible]




DAVID
VICTOR
COVID-19

# ENGLISH SECTION

## Content


| | | | |
|---|---|---|---|
| 1. | Chin Identity and Chin National Day | Pu Zing Cung | -------- 150 |
| 2. | Ethnic Nationalities or Who we are | Dr. Sui Khar | -------- 153 |
| 3. | Paletwa township undeniably belongs to the Chin State | Pu Lian Uk | -------- 158 |
| 4. | To make progress on the peace process, NLD must take good on - bilateral agreements | Salai Za Uk Ling | -------- 161 |
| 4. | KukiChinMizoNaga People majority habitat territory sketch Map | Pu Lian Uk | -------- 164 |

# CHIN IDENTITY AND CHIN NATIONAL DAY

Pu Zing Cung

*[CG Note: This article was the most popular piece among Chin communities, in Asia, Europe, and North America during the Chin National Day Celebration in 2005 February 20]*

**INTRODUCTION:**

Chin National Day was the result of our forefathers' collaborated effort in order for our Chin people to have freedom, liberty, equality, and management of our own affairs without outside interference. On February 20, 2005, we will be celebrating the 57th anniversary of that united effort of our Chin people. The date February 20 was designated for the Chin National Day at the Chin Special Division General Conference held on February 19-20, 1948. At the first celebration of the Chin National Day held on February 20, 1951, the then Prime Minister of the Union of Burma U Nu himself attended, and the Government of the Union of Burma recognized February 20 as the National Holiday. Chin National Day shows that we the Chins are a distinct people in the Union of Burma.

**THE INDEPENDENCE OF BURMAAND THE BEGINNING OF NATIONALTURMOIL:**

Before the British imperialization of Burma the Chins always managed their own affairs. They were never ruled by any outside power. The Chins themselves were the sole authority in the internal matters of the Chins. Only after the British conquered the Chins, Chin Hills was ruled by the British government. Even then, the British ruled Chin hills under a separate administration called "1896 Chin Hills Regulation Act", different from that of the Burma proper.

At the end of the Second World War when Burma was going to gain independence from Britain, the Chins met with other ethnic groups of contemporary Burma such as Kachin, Shan, and Burman, and agreed that all the ethnic nationalities of Burma must have equal opportunity, equal right, and democratically shared power in the independent Union of Burma. This means that when the Chin agreed to join the Burman, Shan, Kachin, etc. to get independence from the British, they joined only after the Burmans and all other agreed that the Chin will have self-government of their territory and the right of cessation from the Union if they so desire. After that historic Agreement (aka Panglong Agreement) the Union of Burma began to appear in the countries- map of the world.

However, essence of Panglong Agreement as well as the visions and intents of the signatories of Panglong Agreement were not honor by the rulers of Burma. As a result, serious disagreements followed by armed conflicts between the rulers of Burma and other ethnic groups began to appear by 1949, and national turmoil continues until today.

**CHIN NATIONAL DAY WAS ANNULLED:**

Chin National Day is the symbolic confirmation of the Chin national identity. Because of that there had been many attempts to annul the Chin National Day even

when Burma had the governmental system of Parliament Democracy. During the administration of Revolutionary Council of Burma, the rulers of Burma continued to try to change it into Chin Special Division Day. After that the Burma Socialist Program Party attempted again to change it into Chin State Day. Eventually when the State Law and Order Restoration Council (SLORC) (renamed as the State Peace and Development Council (SPDC) in 1997) took over the State power, the Chin National Day was changed into Chin State Day by force.

